www.burmeseclassic.com

အမှတ်၊ ၃၁၄၊ ဇန်နဝါရီ၊ ၂၀၁၆

ရုပ်စုံမဂ္ဂဇင်း



သရုပ်ဆောင် အလင်းရောင်

ဓာတ်ပုံ - ကိုလင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည့်

**ဝင်းငြိမ်း** စိစဥ်တည်းဖြတ်သည့်

အမှတ် ၃၁၄ ဇန်နဝါရီ ၂၀၁၆

တာဝန်ခံစာတည်း

မျိုးမြင့်ညိမ်း

စာတည်း

လင်းနိုင်ဦး

အမှုဆောင် စာတည်း

မသိတာ

ရှေ့ပန်းချီ

ဇော်ဝင်း(ငှက်ပျောသီး)

ဆန်နီညိမ်း

ဖေညွန့်ဝေ၊ မုတ်သုံ

မြင့်မောင်ကျော်

မျိုးမြင့်၊ လှမြင့်ဆွေ

လင်းဝဏ္ဏ

ဝင်းတင့်၊ မောင်မိုး

စိုးအောင်

အောင်ကျော်

ဖေသစ်တည်

ထွန်းအံ့

စိုးသော်တာ

Win Iszudia

မျက်နှာဖုံးဓာတ်ပုံ

ကိုလင်း(Studio-K)

ရှေ့ဓာတ်ပုံ

ကိုလင်း(Studio-K)

လင်းနိုင်ဦး

ထူးခြားသစ်

ရွှေဒိုင်း

ခိုင်ဇင်ထွန်း

ဖြိုးဦးမိုင်

ရွှေစာစီစာပြု

စိမ်းလဲ့စံ၊ မိုးမိုးမြင့်

စာပြင်

ကျော်စိန်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၁၁၄၊ ဇန်နဝါရီ၊ ၂၀၁၆

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်


**သူတို့အရေး**

၄။ အောင်သန်းထွန်း

**ရွှေချစ်သူမှ ရွှေချစ်သူသို့**

၁၀။ ဝင်းငြိမ်း

**ရွှေမင်းသား၊ ရွှေမင်းသမီး**

၁၂။ လင်းနိုင်ဦး
အနုပညာလောကမှာ
ရပ်တည်ခွင့်ရဖို့
တေးစီးရီး အရင်ထွက်မယ့်
အလင်းရောင်

၃၄။ လင်းနိုင်ဦး
ဒေင်ရဲ့နတ်သမီးများ
ရုံတင်ပြီးမှ ကားရိုက်ဖို့
ဆက်စဉ်းစားမယ့်
စိုင်းစိုင်း

၅၂။ လင်းနိုင်ဦး
ကားရိုက်ချင်လို့
ပွဲကမယ့်ရက်
ဖျက်လိုက်တဲ့ စွမ်း

**One Minute Interview**

၂၀။ လင်းနိုင်ဦး
နေတိုး၊ နဝရတ်

**နိုင်ငံတကာစာမျက်နှာ**

၃၈။ ရီတာအောင်၊ NY၊
အမ်မာရောဘတ်စ်

၅၆။ ရာပြည့်
တစ်ကျော့ပြန်
အောင်မြင်မှုတွေနဲ့
ပုံ့ပိုးလာမယ့်
သီချင်းငှက်ကလေး Adele

**ရွှေရုပ်ရှင်**

မိုးကျော်ထွန်း ၂၅။
အကာယ်ဒမီ
မင်းသမီးနှစ်လက်
အားပြိုင်မှု

ခင်လေးမြင့် ၃၈။
ရိုက်ကူးပြီးသမျှ
အားရနေတဲ့ Ananda:
Rise of Notra

မိုးကျော်ထွန်း ၄၄။
ပန်းနဲ့ပေါက်တဲ့ နေတိုး

ခင်လေးမြင့် ၄၈။
ထိတ်လန့်စရာများနဲ့
The Spa

**အခေတ်ဘမျူး**

လင်းနိုင်ဦး ၆၈။
အခွေထွက်ပြီးရင်
ဖျော်ဖြေပွဲကျင်းပမယ့်
ဇော်ပိုင်

လင်းနိုင်ဦး ၇၂။
မြန်မာကားတွေကို
နိုင်ငံတကာကလည်း
ကြည့်စေချင်တယ်ဆိုတဲ့
မနိုး

သင်းနေ ၈၄။
စာပေသဂ်ါယမှာ
တင်ချင်တဲ့
ကဗျာစာဆိုကြီး

**ရွှေနှလုံးသား**

ကျိုးနောင်မိုး ၇၆။
မြေဖျားထောက် စီးတဲ့မြစ်

**ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း**

နေဝင်းမြင့် ၈၈။
နင် အင်မတန်
ပလီတယ်ဆိုရင်ဖြင့်
ခံရမှာပါမလွဲ

**ရွှေဝတ္ထုရှည်စ/ဆုံး**

၂၂။ မောင်ခိုင်လေး
လိုင်းများလှပ်ပါ
လွမ်းနေပြီ

**ရွှေအစဉ်းဆက် ဝတ္ထုရှည်**

၂၉။ ချူချူ
လှကြမ်းဖျားတဲ့
လွတ်လပ်တယ်

**ရွှေဝတ္ထု**

၁၀၀။ မိုးကြေ
ရှင် မသိသေးတဲ့
ကျွန်မတို့ဘဝတွေ

၁၁၆။ မောင်ရေချမ်း
အိမ်လေးတစ်လုံးရဲ့
ခေါင်တစ်ခုအကြောင်း

၁၂၀။ မြို့
ပွဲချောင်တဲ့နေ့

၁၃၆။ ဝေမိုးနိုင်၊ ရွှေ၊
အလင်းသစ်နေ့

၁၄၀။ ဆေးဆေး
ရေလှိုင်းပေါ်က
ကြယ်ကလေး

၁၄၆။ နန္ဒာမိုး၊ ဆေးဖြူ၊
စောင့်လေမျိုးနွယ်

၁၆၈။ နန်းအောင်ရွှင်
အဝီကလူသားများ

၁၇၆။ နေ၊ ပင်လယ်ပြာ၊
ရင်သွေး

၁၈၀။ ကျောင်းကုန်းညီမျှ
ချိုလေတဲ့ ချိုလေ

၁၈၈။ ရွှေရွှေ
အလေးမဒိုး
ရေမထိုးတဲ့
တစ်ယောက်စာလေးတွေ

၁၉၄။ ဆူးသမိုင်
ကျော်နှစ်ကျော်နှင့်
ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com


ဧရွှေအသစ်

____________ ၂၂၀။

____________ ၂၂၆။

____________ ၂၃၄။

ရသစာတမ်း

Pauri ၉၈။

ချစ်မျှော်မှု၏ တည်နေရာ

အက်ဆေးအကြောင်း

အက်ဆေး

မောင်ရင့်မာ ၁၀၄။

ကျောင်းကုန်း

မှန်ဒေါင်ပစ်၊

မမှန်နိုင်လျှင်

ဝေးဝေး

ရောက်အောင်ပစ်

ဇွေ့သုတ

[illegible] ၉၄။

ဂုဏ်ပြုဆင်နွှဲ

ဆုထုပေါ်အမှာ ရာပြည့်ပွဲ

မောင်ဘုန်းသစ် ၁၂၄။

သူတို့ ဘယ်လို

ဖန်တီးခဲ့သလဲ(၁၂)

(ကလေးဖတ်ဖို့

ပုံပြင်၊ ဇာတ်လမ်း၊

ဝတ္ထု ဘယ်လိုရေးမလဲ)

ဆင်းတာ၊ ဓမ္မချောင်း၊ ၁၄၄။

ရပိုင်ခွင့်နဲ့ရသ

ဆတူ ဦးထိပ်ထားလို့

မောင်သန်းဆွေ ၁၆၄။

တာတယ်

စင်းမယ်

ရိုမီယိုနှင့်ဂျူးလီယက်

မြင့်ကြိုင် ၁၈၄။

သိပ္ပံမောင်ဝ၏

သူရိယသတင်းစာ

တပေဆောင်းပါးများ



အယ်ဒီတာအဖွဲ့ - တိုက် (၁၇)၊ အခန်း (၄-၀၁)၊ ၅၂ လမ်း (အောက်ဘလောက်)၊
ဗိုလ်တထောင်မြို့နယ် ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁
Email : nyeinfamily@gmail.com
မျက်နှာဖုံး၊ မေဂ္ဂဇင်းလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ -
ဦးညာဏ်လှိုင်(၀၀၉၇၀)၊ ဇမ္ဗူတလုပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း ၆၃ ရပ်ကွက်၊
စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။
ဖြန့်ချိထုတ်ဝေသူ - ဦးညာဏ်လှိုင်(၀၁၀၉၁)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖြန့်ချိရေး - ဇမ္ဗူတလုစာပေ၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail :
zabutalu@gmail.com
Available at :
iTune Store




www.burmeseclassic.com

www.burmeseclassic.com

# အကယ်ဒမီ ဇနီးမောင်နှံ Fan အဖွဲ့ဝင်များနှင့် တွေ့ဆုံ

အကယ်ဒမီ ပြေတီဦးနှင့် အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့၏ Fan အဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ဒီဇင်ဘာလ ၆ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M 3 စားသောက်ဆိုင်တွင် ကျင်းပခဲ့သည်။ အဖွဲ့ဝင် ၁၃၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး ပြေတီဦးပညာရေး ဖောင်ဒေးရှင်းသို့ အလှူငွေ ကျပ် ၁၆ သိန်းကျော် လှူဒါန်းခဲ့ကြသည်။ ပြေတီဦးတို့ ဇနီးမောင်နှံသည် သူတို့ပရိသတ်များနှင့် ပျော်ပျော်ပါးပါး ဓာတ်ပုံ အရိုက်ခံကြကာ ရွှေတိဂုံဘုရားသို့တက်၍ ဘုရားဖူးကြသည်။ ဘုရားတက်ရာတွင် ပတ်ဝန်းကျင်၌ရှိသော အမှိုက်များကိုလည်း ကောက်ခဲ့ကြကြောင်း သိရှိရသည်။ ■

BURMESE CLASSIC

## သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၁၁၄၈ ဇန်နဝါရီ ၂၀၁၆



www.burmeseclassic.com

www.burmeseclassic.com



## ခါချနေသည့် ဝိုင်းစုခိုင်သိန်း

အဆိုတော် သရုပ်ဆောင် ဝိုင်းစုခိုင်သိန်း၏ ခါချနေရ တယ် DVD အခွေ လက်မှတ်ထိုးရောင်းချသည့်ပွဲကို ဒီဇင်ဘာ လ ၅ ရက်နေ့က ရန်ကုန်မြို့ လှည်းတန်းစင်တာတွင် ညနေ ၃ နာရီမှ စတင်ကျင်းပခဲ့သည်။ ဝိုင်းစုခိုင်သိန်းနှင့်အတူ အနုပညာမောင်နှမများ ပါဝင်အားဖြည့်ခဲ့ရာ ပရိသတ်များ အထူးစည်ကားခဲ့သည်ကို တွေ့ရှိရသည်။ ❑





## စာရေးဆရာမ ယုယနှင့် ပိုက်ကျော်ခြင်း လက်ရွေးစင် ဇော်လတ်တို့ မင်္ဂလာဆွေခံပွဲကျင်းပ

ကွယ်လွန်သူ စာရေးဆရာ မင်းလူ၏ သမီးငယ်ဖြစ်သည့် စာရေးဆရာမ ယုယနှင့် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းသမားတစ်ဦးဖြစ်သည့် ဇော်လတ်တို့၏ မင်္ဂလာဆွေခံပွဲကို ဒီဇင်ဘာလ ၁၃ ရက်နေ့က ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ ပိုက်ကျော်ခြင်းပြိုင်ပွဲရုံတွင် ကျင်းပခဲ့ရာ စာရေးဆရာ အသိုင်းအဝိုင်းနှင့် ပန်းချီဆရာများ စုံစုံညီညီ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။ ❑

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင်နဲ့အတူ ကာလိုနဲ့ Jade (ခ)ခန့်စန္ဒီ



စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင် အလှမယ်ဘွဲ့ရရှိစဉ်က ဆောင်းခဲ့တဲ့ သရဖူ

# ဒေါ်ပတ္တမြားခင်၏မြေး လက်ထပ်ပွဲကျင်းပ

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ဖို့ဒ်လော်ဒါဒေးလ်မြို့တွင် နေထိုင်သော စာရေးဆရာမကြီး ဒေါ်ပတ္တမြားခင် (အသက် ၉၂ နှစ်)၏မြေးဖြစ်သူ Jade(ခ) ခန့်စန္ဒီနှင့် သူမ၏ချစ်သူ ကာလိုတို့၏ လက်ထပ်မင်္ဂလာပွဲကို ဒီဇင်ဘာလ ၄ ရက်နေ့က မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ကျင်းပခဲ့ရာ သတို့သမီး၏ ဦးလေးတော်သူ အဲရစ်ခန့်(ခ) ရွှေစင်မြလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ခန့်စန္ဒီမှာ ဒေါ်ပတ္တမြားခင်၏ သမီးဖြစ်သူ ကေသီခန့်နှင့် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ခွဲစိတ်ဆရာဝန်ကြီး Dr.F. Gary Gieseke တို့မှ မွေးဖွားလာသူဖြစ်ပြီး အသက်အရွယ် ၂၉ နှစ် ရှိပြီဖြစ်သည်။ မြန်မာ့ဓလေ့နှင့်အညီ လက်ထပ်ပွဲတွင် ခန့်စန္ဒီက ၁၇ နှစ်သမီးအရွယ်ကတည်းက ရန်ကုန်မြို့သို့ လာရောက်လည်ပတ်စဉ် ဒေါ်လာမြင့်အောင် ချုပ်ပေးခဲ့သည့် သတို့သမီးဝတ်စုံကို ဝတ်ဆင်ခဲ့ပြီး အဘွားဖြစ်သူ ဒေါ်ပတ္တမြားခင် အလှမယ်ဘွဲ့ရရှိစဉ်က ရရှိခဲ့သော သရဖူကို ဆောင်းခဲ့သည်ဟု သိရသည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ခရစ်ယာန်ထုံးတမ်းစဉ်လာနှင့်အညီ လက်ထပ်ပွဲကို ကျင်းပခဲ့ကြသည်။ သတို့သမီး၊ သတို့သား နှစ်ဦးစလုံးမှာ ဒေါက်တာများဖြစ်ကြပြီး ၂၀၁၂ ခုနှစ်က စတင်ကာ မေတ္တာသက်ဝင်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။

❑



မင်္ဂလာသတို့သား ကာလိုနဲ့ မင်္ဂလာသတို့သမီး Jade (ခ)ခန့်စန္ဒီ



www.burmeseclassic.com

www.burmeseclassic.com

## အကယ်ဒမီ ဒါရိုက်တာ ဝိုင်း လက်ထပ်ပြီ



အကယ်ဒမီ ဒါရိုက်တာ ဝိုင်း(ခ)ထွန်းဇော်ဝင်းနှင့် ...ခဲ့သူ မအိသဉ္ဇာရှိန်(ခ)အိချိုတို့၏ မင်္ဂလာပွဲကို ဒီဇင်ဘာလ ၂၂ ရက်နေ့ နံနက် ၉ နာရီအချိန်က ရန်ကုန်မြို့ ...ည်လမ်းရှိ နိုဗိုတယ်မက်စ် ဟိုတယ်မှာ ကျင်းပခဲ့သည်။ ...တို့သား ဒါရိုက်တာ ဝိုင်းမှာ ပုဇွန်တောင်မြို့နယ် ...ဘောဓေယျလမ်း၊ အမှတ် ၃ နေ ဦးတိုးတိုးမြင့်၊ ...ဒေါ်မော်မော်သန်းတို့၏ သားကြီးဖြစ်ပြီး အိချိုမှာ ...ည့်မြင်တိုင်မြို့နယ် တန်ဆောင်းကြီးလမ်း အမှတ် ၇၉ ...ယထပ်နေ ဦးညာဏ်ရှိန်(လက်ထောက်စက်ရုံမှူး-ငြိမ်း၊ ...မတော်ချည်/ထည်စက်ရုံ၊ သမိုင်း)နှင့် ...ခင်ဝင်း (ဒုအထွေထွေမန်နေဂျာ-ငြိမ်း၊ ...မြန်မာ့ဂုဏ်ကျော်ပစ္စည်းလုပ်ငန်း)တို့၏ ...သမီးထွေးဖြစ်သည်။ ❑

# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၃၁၄၊ ဇန်နဝါရီ၊ ၂၀၁၁



## စိုးသူ ဖျော်ဖြေပွဲ ရက်ရွှေ့

*အမြွက်နိုးဆုံးမင်းအကြောင်းလေး*

တစ်ကိုယ်တော် တေးစီးရီး ဖြန့်ချိခြင်းနှင့် အသက် ၅၀ ပြည့် အထိမ်းအမှတ် ဖျော်ဖြေပွဲကို မန္တလေးမြို့တွင် အောင်မြင်စွာကျင်းပခဲ့သည့် အဆိုတော် အကယ်ဒမီ သရုပ်ဆောင် စိုးသူ၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲကို ရန်ကုန်မြို့တွင် ဒီဇင်ဘာလ ၂၀ ရက်နေ့၌ ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း နေရာအခက်အခဲကြောင့် မကျင်းပဖြစ်ကြောင်း သိရှိရသည်။ ရန်ကုန်မြို့တွင် ကျင်းပမည့်နေ့ရက်ကို ပွဲတာဝန်ခံကျင်းပသူများက ထပ်မံ ကြေညာသွားမည်ဟု သိရှိရသည်။ ❑



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၆ မတ်လတွင် အိန္ဒြာကျော်ဇင် ရုပ်ရှင်ရိုက်မည်

ဒုတိယမြောက်ရင်သွေး မွေးဖွားပြီးနောက် မိခင်နို့ တိုက်ကျွေးနေသည့် အိန္ဒြာကျော်ဇင်က သားငယ် ၅ လကျော် ၆ လအတွင်း ရောက်ရှိလာသည်အထိ သရုပ်ဆောင်အလုပ်ကို ပြန်မလုပ်သေးဘဲ ရှိခဲ့သည်။ ၂၀၁၆ မတ်လတွင် ဒါရိုက်တာ ဗိုင်း ရိုက်ကူးမည့် ရုပ်ရှင်ကားတစ်ကားကိုမူ ခင်ပွန်းသည် ပြေတီဦးနှင့် တွဲဖက်ကာ ရိုက်ကူးရန် လက်ခံထားသည်ဟု သိရသည်။ ❑

## သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၃၀၀၊ ဇန်နဝါရီ ၂၀၁၆



www.burmeseclassic.com

www.burmeseclassic.com

# Myanmar Media 7 က ဇာတ်လမ်းတွဲ ရိုက်မည်

ဆူးခြားသည့် မြန်မာရုပ်ရှင်ကားများ ရိုက်ကူးနေသော Myanmar Media 7 က ပထမဦးဆုံး မြန်မာရုပ်မြင်သံကြား ဇာတ်လမ်းတွဲတစ်ခုကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ရိုက်ကူးမည်ဟု သိရှိရသည်။
နေမိုးသော်ရဲ့ ဇာတ်လမ်းဇာတ်ညွှန်းကို ဒါရိုက်တာ ညြရသက ဇန်နဝါရီလအတွင်း ရိုက်ကူးပြီး ဖေဖော်ဝါရီလကုန်ခန့်တွင် SKY Net ၏ လိုင်းခွဲများဖြစ်သော mtv, Channel 9 တို့မှ လွှင့်ထုတ်သွားမည်ဟု သိရှိရသည်။
သရုပ်ဆောင်များအဖြစ် အဆိုတော်များဖြစ်သည့် ရဲလေး၊ ထွန်းထွန်း(Examplez), သိန်းလင်းစိုးနှင့် ဂျိုဟာတို့ ပါဝင်သရုပ်ဆောင်ကြမည်ဟု ဆိုသည်။
ခေါင်းသီးကိုတော့ ရွေးချယ်နေဆဲဖြစ်သည်ဟု သိရှိရသည်။
အပိုင်းပေါင်း ၁၅ ပိုင်း ရှိမည်ဖြစ်ပြီး တစ်ပိုင်းလျှင် မိနစ် ၄၀ ခန့် ပြသချိန်ရှိမည်ဟု သိရ၏။

■ အောင်သန်းထွန်း







www.burmeseclassic.com

www.burmeseclassic.com




**မင်္ဂလာပါဆရာ**

ဆရာ ဦးဝင်းငြိမ်းနှင့်တကွ ရွှေအဖွဲ့သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရှင်။

ကျွန်မလည်း တစ်မိုးတွင်းလုံး ခြံထဲရောက်နေလို့ မဂ္ဂဇင်းများ မဖတ်ရပါဘူး။ ဂျာနယ်တွေဖတ်ရပေမဲ့လည်း မတူပါဘူး ဆရာ။ လူငယ်တွေကိုလည်း စာအရမ်း ဖတ်စေချင်ပါတယ်။ စာအုပ်ဆိုင်တွေ၊ စာကြည့်တိုက်တွေ အများကြီး ရှိစေချင်ပါတယ်။ စာဖတ်မှ စည်းကမ်းကို တန်ဖိုးထားတတ်မှာပါ။ ဒီမိုကရေစီရဲ့အသက်က စည်းကမ်းလို့မှတ်သားဖူးတော့ စက်တင်ဘာလထုတ် ရွှေအမြုတေမှာ ဆရာနန္ဒာစိုးရေးတဲ့ ဝတ္ထုရှည်ထဲကလို စိုးရိမ်စိတ်ဖြစ်မိပါတယ်။ ခေါင်းဆောင် ကောင်းသော်လည်း အောက်ခြေကပေါင်းပင်တွေ ဒုတက်နေတာ ပေါင်းပင်တွေ အမြစ်လှန်နိုင်မှ ဒီအပင်အညွန့်လူနိုင်မှာ ဆိုသလိုပေါ့ဆရာ။

ဒီနှစ် မိုးတွင်းကတော့ ရေဘေးသင့်ပြည်သူတွေအတွက် သောကရောက်ရတဲ့နှစ်ပါ။ အနုပညာရှင်တွေနဲ့ ပြည်သူလူထု ပူးပေါင်းပြီး လှူကြတန်းကြတာလည်း မနည်းမနောပါဘဲ။ သူတို့ဘဝတွေ ပြန်လည်ထူထောင်ဖို့ ပြည့်ပြည့်ဝဝ လုပ်ဆောင်ပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ရှင်။ စက်တင်ဘာလထုတ်မှာ ဆရာ မြသန်းတင့် ၁၉၅၈ ခုနှစ်က ရေးတဲ့ဝတ္ထု ပြန်လည်တူးဖော်တာ ဖတ်ရတော့ အရမ်း ကြိုက်မိပါတယ်။ အခုချိန်ထိ ခေတ်မီလတ်ဆတ်နေဆဲပါ။ ဂန္ထဝင်ဆိုတာ ဘယ်တော့မှ မဟောင်းနွမ်းဘူးဆိုတဲ့ စကား မှန်လှပါတယ်။

ဆရာမှူးဆက်ပိုင်ရေးတဲ့ **မြင်းရိုင်းသီတဲ့ကြိုး** ဝတ္ထုကတော့ ကျွန်မအဖြစ်နဲ့တူလို့ နှစ်သက်ပါတယ်။ ကျွန်မအစ်ကိုကြီးကလည်း ရွှေချစ်သူကဏ္ဍကို စာရေးလို့တဲ့ ချီးကျူးတယ်။ အစ်ကိုကြီးကလည်း ကျွန်မက ရသစာတမ်းတစ်ပုဒ်၊ ဝတ္ထုတိုတစ်ပုဒ်တောင် ရေးတတ်တာ မဟုတ်ဘူးပြောလည်း မရဘူး။ ရယ်ဖို့လည်းကောင်း၊ ချစ်စရာလည်းကောင်းတဲ့ ဝတ္ထုလေးပါ။

ဆရာမ မြသွေးနီရေးတဲ့ **အနန္တ စကြဝဠာ အနန္တ သတ္တဝါ** တို့ ဝတ္ထု မဂ္ဂဇင်းမှာပါတုန်းက ကျွန်မ နှစ်ကြိမ်တိတိ သေချာပြန်ဖတ်ပါတယ်။ ရည်ရွယ်ချက်ကောင်းတဲ့ဝတ္ထုလေးပဲလို့ ချီးကျူးမိပါတယ်။ ရွှေစာပေဆုပေးပွဲမှာ မဂ္ဂဇင်းဝတ္ထုရှည်ဆုရတာ ထိုက်ထိုက်တန်တန်ပါ ဆရာ၊ ကမ္ဘာကြီးမှာ လူမျိုးပေါင်းစုံနေကြတာဆိုတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ဖို့ အရေးကြီးလှပါတယ်။ ဆရာတော်ကြီးတွေလည်း အမြဲ ပြောဆိုဆုံးမနေတာဖြစ်လို့ အားလုံး လေးစားလိုက်နာသင့်ပါတယ်။ ပြည်မကိုပဲ လွတ်လပ်ရေးပေးမယ်၊ ပြည်နယ်တွေကို မပေးဘူးလို့ ပြောတာ ဗိုလ်ချုပ် လက်မခံသလို၊ အိန္ဒိယမှာ ဟိန္ဒူတွေကို ပေးမယ်၊ မူဆလင်တွေကို မပေးဘူးလို့ပြောခဲ့တုန်းက မဟတ္တမဂန္ဒီက မူဆလင်နဲ့ ဟိန္ဒူဆိုတာ အိန္ဒိယရဲ့ ဘယ်လက်နဲ့ ညာလက်ဖြစ်တယ်။ ခွဲခြားလို့ မရဘူးလို့ပြောခဲ့တာ အမြဲအမှတ်ရနေပါတယ်။ ခေါင်းဆောင်ကောင်းတွေရဲ့ မြင့်မြတ်တဲ့စိတ်ပါ။ နည်းနည်းကြီးကျယ်သွားရင် ခွင့်လွှတ်ပါ ဆရာ။

**ဆရာ သက်တော်ရာကျော်ရှည်ပါစေ။**

**ရှိသေလေးစားလျက်**

**မန်းမာယာ**

**တောင်ကွက်သစ်၊ ရပ်စောက်မြို့။**

***ရွှေအမြုတေမှာ ဖော်ပြပေးတဲ့ ဝတ္ထုများကို နှစ်သက်ကြောင်းသိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့က ရွေးရုံသာ ရွေးပေးရတာပါ။ ဆရာ၊ ဆရာမများ၏ တော်ကြ***



www.burmeseclassic.com

www.burmeseclassic.com

*ကြောင့် သူတို့ဝတ္ထုတွေ ပြောင်မြောက်ကြတာ ဖြစ်ပါတယ်။*

❑

**သို့**

**လေးစားချစ်ခင်ရပါသော ဆရာ ဦးဝင်းငြိမ်းရှင့်**

သမီးက ၂၀၁၅ ဖွန် **အမြဲတမ်းစီးဆင်းနေသော** နှင့် ၂၀၁၅ ဩဂုတ် **ကျွန်မမှာ အပြစ်ရှိပါသလား** စာမူနှစ်ပုဒ်နဲ့ ရွှေအသစ်ဖြစ်ခဲ့ရတဲ့ ဒဏ္ဍာရီပါဆရာ။ ဆရာ့လက်ကထွက်တဲ့ ရွှေအသစ်တစ်ယောက်ဖြစ်ဖို့ကို အမြဲတမ်း အိပ်မက်မက်ခဲ့တဲ့ သူမို့ အတိုင်းမသိ ပျော်ရွှင်ဂုဏ်ယူမိပါတယ်။ ဆရာတို့ရဲ့ ရွှေအသစ်ကဏ္ဍသာ မရှိခဲ့ရင် ဒဏ္ဍာရီဆိုတာလည်း ရှိလာမှာ မဟုတ်တဲ့အတွက် ဆရာ ဦးဝင်းငြိမ်း၊ ဆရာမ မသီတာ(စမ်းချောင်း)နဲ့ ရွှေအဖွဲ့သားများအားလုံးကို ကျေးဇူးတင်ပါတယ်။ ဆရာ ကျန်းမာစေဖို့ အမြဲ ဆုတောင်း မေတ္တာပို့ပါတယ် ဆရာ။

**လေးစားချစ်ခင်စွာဖြင့်**<br>
**သမီး**<br>
**ဒဏ္ဍာရီ**

***ကျန်းမာစေဖို့ ဆုတောင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရွှေအသစ်မှာ နှစ်ပုဒ်ပါပြီးဖြစ်တဲ့အတွက် ကျေနပ်မနေပါနဲ့။ ရွှေဝတ္ထုတိုမှာ ဖော်ပြခံရအောင် ဆက်လက်ကြိုးစားစေချင်ပါတယ်။ စာမူရေးပြီးတိုင်း ရွှေအမြုတေကိုသာ ပို့ရမယ် မဟုတ်ပါဘူး။ တခြား မဂ္ဂဇင်းတွေကိုလည်း ပို့ပါ။ တတ်နိုင်သမျှ များများဖြန့်ပို့ပေးတော့ မဂ္ဂဇင်းစာမျက်နှာများပေါ်မှာ များများ မြင်တွေ့ခွင့်ရတာပေါ့။***

❑

**ဆရာ ဦးဝင်းငြိမ်းရှင့်**

ကျွန်မ လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ကျွန်မက နိုင်ငံနုလေး အမေပါ။ ဆရာပြောသလိုပဲ ဒီခေတ်မှာ စာရေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုလို့ မရဘူးဆိုတာ သိပါတယ်။ အားလပ်ချိန်တွေမှာ ရေးစရာ ဇာတ်လမ်းအသစ်ရှိရင်တော့ သမီးက ရေးဖြစ်လိမ့်မယ် ထင်ပါတယ်။ ဒါပေမဲ့ သမီး ဘန်ကောက်ကိုသွားတာ သုံးနှစ်ရှိသွားပါပြီ။ မနက်ရော ညပါ အလုပ်လုပ်နေရလို့ အားလပ်ချိန်ရှိမယ် မထင်ပါဘူး။ အားလပ်ရက်ရှိရင်တောင် အဆောင်သန့်ရှင်းရေးတွေနဲ့ အချိန်ကုန်သွားတယ်လို့ ပြောပါတယ်။ သမီးက 'ရွှေ'ကို အရမ်းတန်ဖိုးထားသူဆိုတာ သူ့လက်က မရေးဖြစ်ပေမဲ့ သူ့ပါးစပ်က အမြဲပြောဖြစ်နေတော့ ကျွန်မ သိပါတယ်။ အချိန် တစ်စက္ကန့်လေး ပိုနေရင်တောင် စာရေးခြင်းနဲ့ပဲ အဲဒီအချိန်ကို ကုန်ဆုံးစေတဲ့သူပါ။ သမီးက ၂၀၁၆ မှာ ပြန်လာလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။ ဆရာ ဦးဝင်းငြိမ်းက စာရေးဆရာဆိုတဲ့ ဘွဲ့ကို ပြန်ရုပ်သိမ်းရင်တောင် သူ့ဦးနှောက်ထဲမှာ ချမရေးဖြစ်သေးတဲ့ ဝတ္ထုဇာတ်လမ်းတွေက 'ရွှေ'အတွက် ဆေးတစ်ခွက်အဖြစ် အသုံးဝင်အကျိုးရှိနိုင်ပါစေလို့ ကျွန်မ ဆုတောင်းပေးပါတယ်။ ခုလို စာအုပ်ထုတ်ပေးတဲ့အတွက်လည်း အရမ်းကို ဝမ်းသာမိပါတယ်။ စာချစ်သူတွေ မြတ်နိုးတန်ဖိုးထား၊ အားကိုးရာ 'ရွှေ' ဆိုတဲ့ မဟာတံတိုင်းကြီး ထာဝရဆက်လက်ရှင်သန်ရပ်တည်နေနိုင်ပါစေလို့ တောင်းဆုမေတ္တာပို့သရင်း…။

**လေးစားစွာဖြင့်**<br>
**ဒေါ်ခင်စီနုံ(တောင်ကုတ်)။**

***ဩော် ဟုတ်လား။ နိုင်ငံနုလေးစာတွေ ဒါကြောင့် မတွေ့ရတော့တာကိုး။ စာရေးဆရာဘွဲ့ကို ကျွန်တော်က ရုပ်သိမ်းလို့ မရပါဘူး။ စာမရေးတဲ့ သားတွေ၊ သမီးတွေကို အားမရလို့ ပြောဖြစ်တာဖြစ်ပါတယ်။ ပြည်ပနိုင်ငံများမှာ အလုပ်သွားလုပ်တယ်ဆိုတာက အပြောလွယ်သလောက် သူတို့မှာ အချိန်ရှားပါတယ်။ ဒါကြောင့် စာမရေးဖြစ်တာ ဖြစ်ပါလိမ့်မယ်။ ကောင်းတာကတော့ ခေါင်းထဲမှာပေါ်လာတဲ့ ဇာတ်လမ်းကလေးတွေကို အတိုချုပ် တို့ထားလိုက်မယ်ဆိုရင် ရေးနိုင်တဲ့အချိန်မှာ ပြန်ချဲ့ပြီး ရေးနိုင်မှာ ဖြစ်ပါတယ်။ ကလောင်သံချေးမတက်စေချင်လို့ပါ။***

■ ဝင်းငြိမ်း


ရွှေသမီး၊ ဝိုင်ဖြိုးသူ၊ ခန့်စည်သူ၊ အိချောပို၊ ခိုင်သင်းကြည်၊ ရတနာမိုင်

www.burmeseclassic.com



မဟော်ဂနီရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးပေးထားတဲ့ ရည်းစားဦး ရုပ်ရှင်ဇာတ်ကားနဲ့ ရုပ်ရှင်လောကကို စတင်ဝင်ရောက်လာမယ့်သူဖြစ်သလို ဂီတနဲ့ပတ်သက်ပြီးတော့လည်း တေးစီးရီး ထွက်ရှိနိုင်ဖို့ ကြိုးစားနေတဲ့ အလင်းရောင်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလရဲ့ မျက်နှာဖုံးရှင်အဖြစ် ရွေးချယ်ထားတဲ့အတွက် အလင်းရောင်ရဲ့

# အနုပညာလောကမှာ ရုပ်တည်ခွင့်ရဖို့ တေးစီးရီး အခွေထွက်မယ့် အလင်းရောင်

**လင်းနိုင်ဦး**

ဓာတ်ပုံ - ကိုလင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အနုပညာလှုပ်ရှားမှုများကို ရွှေအမြုတေစာဖတ်ပရိသတ်များအတွက် မေးကြည့်ဖြစ်ခဲ့ပါတယ်။



**အလင်းရောင်က မော်ဒယ်လ်အဖြစ်ကနေ ဝင်ရောက်လာတာဆိုတော့ မော်ဒယ်လ်လောကကို ဘယ်လိုနဲ့ စ,ရောက်ဖြစ်ခဲ့တာလဲ။**

မော်ဒယ်လ်လောကကို ၂၀၁၀ မှာ စ,ရောက်ဖြစ်ခဲ့တာပါ။ မန္တလေးမှာဖွင့်လှစ်ထားတဲ့ မတင်မိုးလွင်ရဲ့ Talents & Models Agency မှာ စပြီးတက်ခဲ့တာပါ။ ကျွန်တော်က မန္တလေး စိန်ပန်းမှာနေတာ ဖြစ်လို့ပါ။ ၂၀၁၁ နှစ်လယ်လောက်မှာတော့ ကိုဂျွန်လွင်နဲ့ လက်တွဲဖြစ်ခဲ့ပါတယ်။ အဲဒီကစပြီး ရန်ကုန်မှာပဲနေပြီး မော်ဒယ်လ်အလုပ်ကို စလုပ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၂ မှာတော့ ကိုဂျမန်းနဲ့ ကိုဂျွန်လွင်တို့နှစ်ယောက်ပေါင်းနဲ့ မဟော်ဂနီမင်းသားအနေနဲ့ စာချုပ်,ချုပ်ပြီး သီချင်းသွင်းဖို့ပါ လုပ်ဖြစ်ခဲ့ပါတယ်။

**အလင်းရောင်ဆိုတဲ့ နာမည်ကို ဘယ်သူပေးခဲ့တာလဲ။ ဒါ ကိုယ်ပိုင်နာမည်ပဲလား။**

မဟုတ်ပါဘူး။ အလင်းရောင်ဆိုတဲ့ နာမည်ကို ကိုဂျမန်းက ပေးခဲ့တာပါ။ ကျွန်တော့်ရဲ့နာမည်အရင်းက ဝေယံမြင့်ပါ။ မဟော်ဂနီက တင်မှာဖြစ်လို့ အလင်းရောင်ဆိုပြီး ပေးခဲ့တာပါ။

**အခု လောလောဆယ်မှာတော့ ရုပ်စားဦး ရုံတင်တော့မှာပေါ့နော်။ နောက်ထပ် အနုပညာနဲ့ပတ်သက်ပြီး ဘာတွေ လုပ်ထားတာရှိလဲ။**

**ရည်းစားဦး** ရုံမတင်ခင် ဗီဒီယိုအနေနဲ့ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)နဲ့ **ဆွဲစားပစ်လိုက်တော့၊** အသည်းကြီး ဝတ်ရည် ဗီဒီယိုနှစ်ကား ရိုက်ဖူးတယ်။

**ရုပ်ရှင် နောက်တစ်ကားက ကားနာမည် ဘယ်လိုပေးထားလဲ၊ ဘယ်သူ ရိုက်ပေးထားတာလဲ။**

ကားနာမည်က **ဘယ်ရည်းစားကို အချစ်ဆုံးလဲ** ပါ။ ဒါရိုက်တာက **ရည်းစားဦး**ကို ရိုက်ပေးထားတဲ့ ကိုဝင်းလွင် ထက်ပါပဲ။ MRTV-4 က ဟန်လင်းသန့်ပါတယ်။ မေမြင့်မိုရ်ပါတယ်။ မအားဝေနဲ့ ကျွန်တော်ပါ။

**ရှေ့ဆက်ရော အနုပညာလောကမှာ ဘယ်လိုဆက်လျှောက်ဖို့ ပြင်ဆင်ထားလဲ။**

အခု ၂၀၁၆ ထဲမှာ *ရင့်ကျက်လာပြီ* ဆိုတဲ့ Album ကို ကိုယ်တိုင်ပဲထုတ်လုပ်ဖို့ လုပ်နေတယ်။ ကျွန်တော်နဲ့ သူငယ်ချင်းတစ်ယောက် ဆိုထားတာပါ။ ၂၀၁၆ ထဲမှာ တကယ်ဖြန့်နိုင်ပါတော့မယ်။

**အဲဒီလိုဆိုတော့ အလင်းရောင်က တကယ်ပဲ ရင့်ကျက်လာပြီလို့ ပြောချင်တာလား။**

အဲဒီလိုလည်း ပြောချင်ပါတယ်။ စာချုပ် အတောအတွင်းမှာ ပြဿနာလေးတွေ နည်းနည်းရင်ဆိုင်လိုက်ရတယ်။ စ,ဝင်လာတာနဲ့စာရင်တော့ အများကြီးရင့်ကျက်လာပါပြီ။ ကိုယ့်ကိုယ်ကို ရင့်ကျက်လာပြီလို့လည်း ထင်လို့ပါ။ စီးရီးနာမည်ကလည်း လှလို့ ပေးဖြစ်တာပါ။

**အရင်ကတည်းက အသံသွင်းပြီးသား စီးရီးက ပြီးနေပြီ၊ ထွက်ဖို့ပဲကျန်တော့တယ်မဟုတ်လား။ အဲဒါကိုပဲ အသစ်ပြန်လုပ်တာလား။**

အရင်က သီချင်း ၁၂ ပုဒ်ပါတဲ့အခွေကို ကိုဂျမန်းနဲ့ ကိုဂျွန်လွင်တို့ စီစဉ်ပေးတာပါ။ ကိုဂျမန်း ရေးတဲ့ သီချင်း ၁၀ ပုဒ်ပါပါတယ်။ တခြားတေးရေးဆရာ နှစ်ယောက် ပါပါသေးတယ်။ ဒါပေမဲ့ အဲဒီတစ်ခွေလုံးက အကုန်လုံးကို သူတို့ပဲ ပရိုဂျူဆာလုပ်ပြီး စီစဉ်ထားတဲ့အတွက် အဲဒီသီချင်းတွေကို အကုန်လုံး မသုံးဖြစ်တော့ဘူး။ ကိုဂျမန်း ဆီကတော့ *ရင့်ကျက်လာပြီ* ဆိုတဲ့ Title ပြန်ဝယ်ထားတယ်။ သီချင်း ၃ ပုဒ် လောက်လည်း သူ့ဆီက ပြန်ဝယ်ထားပါသေးတယ်။ အဲဒါတွေနဲ့ နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေဂျော်ဂျော်၊ ရဲလေး၊ သားသား၊ ညီမင်းခိုင် စတဲ့ တေးရေးဆရာတွေဆီက သီချင်းတွေနဲ့ အသံသွင်းနေပါပြီ။ တော်တော်လေးတောင် ပြီးနေပါပြီ။ အစတုန်းကတော့ တစ်လပိုင်းမှာ ထွက်ဖို့ မှန်းထားတယ်။ ဒါပေမဲ့ ကိုရွှေဂျော်ဂျော်က ကျွန်တော့်အခွေကို သူကိုယ်တိုင် စီစဉ်ပေးမယ်ဆိုတော့ သူ့စိတ်ကြိုက်လည်း ဖြစ်သွားအောင် ထပ်ရွေးတာရွေး၊ ပယ်သင့်တာပယ် ပိုကောင်းအောင် လုပ်မယ်ဆိုတော့ နည်းနည်းကြန့်ကြာသွားတယ်။ သင်္ကြန်မတိုင်ခင် ထွက်ဖို့ရည်ရွယ်ပေမဲ့ အဆင်မပြေရင် သင်္ကြန်ပြီးမှ ထွက်တော့မယ်။

**ကိုယ်ပိုင်အခွေ ကိုယ်တိုင်ထုတ်လုပ်တော့မယ်ဆိုတော့ အလင်းရောင်က စာချုပ်တွေနဲ့ လွတ်သွားပြီလား။**

ဟုတ်ကဲ့ လွတ်ပြီဗျ။ စာချုပ်ပြဿနာတက်ပြီး ကတည်းက ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာတွေမှာ ကျွန်တော့်ရှေ့နေတွေနဲ့ တရားဝင်ကြေညာထားတယ်။ ကျွန်တော့်ရဲ့ အနုပညာ လုပ်ငန်းတွေအားလုံး ကျွန်တော်နဲ့ပဲ သက်ဆိုင်တယ်။ ဘယ်သူနဲ့မှ စာချုပ် မရှိတော့ဘူးဆိုပြီး တရားဝင်ကြေညာထားတယ်။ အမှုဖြစ်ပြီး စာချုပ်လည်း ပျက်ပြယ်သွားပါပြီ။

**ဘာဖြစ်လို့ စာချုပ်က အမှုဖြစ်ရတာလဲ။**

ပြောရတာလည်း မကောင်းပါဘူး ပြောလည်း မပြောချင်ပါဘူး။ အစိက ကတော့ ငွေကြေး အရှုပ်အရှင်းတွေ ဖြစ်တာပေါ့။ ကိုဂျမန်းနဲ့ ကိုဠုန်လွင်တို့ပါ။ ကျွန်တော်တို့ စာချုပ်ချုပ်ထားတာက စုစုပေါင်း ၇ နှစ်ပါ။ ဒါပေမဲ့ သုံးနှစ်ကျော်လာတဲ့ အတောအတွင်းမှာ တကယ်တမ်းဆို ဒီနှစ်ထဲ ဧပြီလကမှ ဗီဒီယိုကားတစ်ကား ထွက်ပြီးတာပါ။ သီချင်းခွေထုတ်ပေးမယ်လို့ ပြောတာလည်း သုံးနှစ်ကျော်ပြီ။ ဒါကို မထုတ်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ဘက်က ပြန်ပြီးညှိနှိုင်းမှု လုပ်တယ်။ ကိုဠုန်လွင်ဆီကို သွားတာပေါ့။ ကိုဠုန်လွင်ဆိုတာက ကျွန်တော့်ကို မော်ဒယ်လ်အနေနဲ့ လူသိလာအောင် လုပ်ပေးခဲ့တဲ့ ဆရာတစ်ယောက်ပါပဲ။ မဟော်ဂနီနဲ့လက်တွဲဖို့ စာချုပ်ချုပ်တာလည်း သူ့ကို ယုံကြည်မှု ပါတာပေါ့နော်။ အဲဒါကြောင့်လည်း ဆရာ ဒီစာချုပ်က ၇ နှစ်ဆိုပေမဲ့ ဘာမှဆက်မလုပ်ပေးတော့ မဖြစ်နိုင်တော့ဘူး။ အဆင်ပြေမယ်ဆိုရင် စာချုပ်ကို ပြန်ပြင်ချုပ်ပေးဖို့ပါ။ တစ်လကို ဘယ်နှကား



www.burmeseclassic.com

www.burmeseclassic.com



ထွက်မှာလဲ။ တစ်နှစ်ကို ဘယ်နှကား ထွက်ပေးမှာလဲ။ အဲဒါတွေ ပြန်လုပ်ပေးဖို့ ပြောတဲ့အချိန်မှာ လုပ်ငန်းနဲ့ မသက်ဆိုင်တဲ့ အကြောင်းအရာတွေကို ကိုလွှန်လွင်က ပြောလာပြီးတော့ လူမှုရေးကိစ္စတွေ၊ သူတို့ဘက်က အရှုပ်အရှင်း ကိစ္စတွေ ရှိလာတဲ့အတွက် ကြောင့်ရယ်၊ ပြီးတော့ သူတို့နှစ်ယောက်ကြားမှာ ကျွန်တော့်ရဲ့ကော်မရှင် အပေးအယူတွေက ကျွန်တော့်ဘက်က ပေးရမယ့်ကော်မရှင် ၅၀ ရာခိုင်နှုန်းကို အပြည့်အဝပေးတယ်။ ကိုလွှန်လွင် ပြန်ပြောတဲ့ အချိန်မှာတော့ စာရင်းတွေ မမှန်ဘူးလို ဖြစ်နေတယ်။ ဥပမာ ကျွန်တော် Brand Ambassador စာချုပ်ချုပ်တယ်။ အဲဒီအတောအတွင်းမှာ သုံးခုပေါ့။ အဲဒီဟာတွေကလည်း စာချုပ်အရရှိတာနဲ့ သူ ပြောတာတွေ လွဲနေတာတွေ ရှိတယ်။ အဲဒါကြောင့် ပြဿနာတွေ အရမ်းကြီးသွားပြီးတော့ ဖြစ်သွားရတာပါ။

**အဲဒါဆိုရင် နောက်ထပ် တိုက်သစ်တွေနဲ့ စာချုပ် ထပ်ချုပ်ဖြစ်မှာလား။ မချုပ်ဘဲနဲ့ ရိုက်ဖြစ် သွားတော့မှာလား။**

ဒီပြင်တိုက်နဲ့ ပြောထား ဆိုထားတာတွေတော့ရှိပါတယ်။ ၂၀၁၆ ထဲမှာတော့ ချုပ်ဖြစ် လိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော် နှစ်အနေနဲ့ မချုပ်တော့ဘဲ ကားအရေအတွက်နဲ့ပဲ ချုပ်ဖို့ စဉ်းစားထားတယ်။ ဒါမှမဟုတ်ရင်တော့ ဒီလိုပဲ အလွတ် ရိုက်သွားမယ်။

**ဒီလိုဆိုတော့ အလင်းရောင်က လွတ်လွတ်လပ်လပ်ပဲ လှုပ်ရှားသွားတော့မှာလား။**

လှုပ်ရှားလို့ရပါပြီ။ မနှစ်က နိုဝင်ဘာ၊ ဒီဇင်ဘာလောက်မှာကတည်းက ကျွန်တော် လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ ရပါပြီ။

**ဒါပေမဲ့ အလင်းရောင်ကိုတော့ တော်တော်များများက မလွတ်လပ်သေးဘူးလို့ ထင်နေကြဆဲ မဟုတ်လား။**

ဟုတ်ပါတယ်။ မလွတ်လပ်သေးဘူးလို့ ထင်ကြတာလည်း ပြဿနာ အရှုပ်အရှင်းကြားမှာ ဝင်မပါချင်ကြတာကြောင့် မပြီးသေးဘူးလို့ပဲ ထင်နေကြပြီး ဆက်သွယ်မှုတွေ သိပ်မလုပ်ကြတာပါ။ စုံစမ်းတဲ့အဆင့်လောက်ပဲ ရှိပါတယ်။

**လွတ်လပ်သွားပြီဆိုတော့ ဘယ်ကားနဲ့ စပြီး အနုပညာအလုပ်တွေ ဆက်လှုပ်ရှားမှာလဲ။**

ပြောထားတာတွေ အများကြီးရှိပါတယ်။ စီးရီးတွဲတွေလည်း ရိုက်ဖို့ ကမ်းလှမ်းထားတာတွေ ရှိပါတယ်။ လောလောဆယ်မှာ တေးစီးရီးထွက်နိုင်ဖို့ အရင်လုံးပန်းပြီးတော့ ၂၀၁၆ မှာပဲ ရှောင် လှုပ်ရှားတော့မယ်။ အတိ

www.burmeseclassic.com

www.burmeseclassic.com

အထူး လက်ခံထားတာတော့ မရှိသေးပါဘူး။

**ရည်းစားဦးကို ဘာဖြစ်လို့ ရိုက်ဖြစ်ခဲ့တာလဲ။ ကိုယ် ရိုက်ချင်တာလား၊ ကိုဂျမန်းတို့ စီစဉ်ပေးခဲ့တာလား။**

အစကတော့ မပေါ်ဂနီနဲ့စာချုပ်ချုပ်ပြီးကတည်းက ကိုဂျမန်းက ဒီဇာတ်ညွှန်းကို ပြတယ်။ ဇာတ်က ဒီလိုဒီလိုရှိတယ်။ ရိုက်နိုင်လား၊ ရိုက်ချင်လားလို့ မေးခဲ့ပါတယ်။ ကျွန်တော်လည်း ရိုက်ချင်တယ်။ ကိုဂျမန်းကလည်း ကျွန်တော်နဲ့ လိုက်မယ်ထင်လို့ ရိုက်ပေးခဲ့တာပါ။ ဇာတ်ကောင်အနေနဲ့ ကျွန်တော်က ဆင်းရဲတော့ စားသောက်ဆိုင်မှာ သီချင်းဆိုရတဲ့ အဆိုတော်ကောင်လေးနေရာက သရုပ်ဆောင်ရတာပါ။

**အလင်းရောင်ကို ကြော်ငြာမင်းသားလို့ ပြောရင် ပိုမှန်မလား။ ကြော်ငြာနဲ့ MTV အများဆုံး ရိုက်ရတယ် မဟုတ်လား။**

အဲဒီလိုပဲ ပြောရမှာပေါ့။ ကျွန်တော် အများဆုံးရိုက်ရတာက ကြော်ငြာတွေ၊ ပိုစတာတွေနဲ့ MTV အများဆုံး ရိုက်ဖြစ်ခဲ့ပါတယ်။ မပေါ်ဂနီနဲ့ ကိုဂျန်လွင်တွဲပြီး စာချုပ်,ချုပ်ဖြစ်တဲ့ကာလအတွင်းမှာ ရိုက်ဖြစ်တဲ့ကားတွေက ရုပ်ရှင်ကားနှစ်ကားနဲ့ ဗီဒီယိုကားနှစ်ကားပါ။ ဇာတ်ကားအနေနဲ့ လေးကားပဲ ရှိသေးတယ်။ ကြော်ငြာနဲ့ MTV ပဲ ပိုပြီး ရိုက်ဖြစ်တယ်။

**မျက်နှာဖုံး ရိုက်ဖို့အတွက် မိတ်ကပ်ကို သက်သခင်က လိမ်းပေးထားတယ်ဆိုတော့ ဒီဘက်နောက်ပိုင်းမှာ အမျိုးသားတွေလည်း မိတ်ကပ်လိမ်းသင့်ပြီ ထင်လို့လား။**





အရင်တုန်းကဆိုရင် မင်းသားတွေက မိတ်ကပ်မလိမ်းကြဘူး။ ကျွန်တော်လည်း စ,လုပ်တုန်းက မိတ်ကပ်လိမ်းရတာကို မကြိုက်ပါဘူး။ ဒါပေမဲ့ ဘာဖြစ်သလဲဆိုတော့ မိတ်ကပ် လိမ်းထားတာနဲ့ မလိမ်းထားတာနဲ့က ရိုက်တဲ့အခါမှာ နည်းနည်းကွာတယ်။ ရုပ်ထွက်အနေနဲ့ရော ကြည့်ကောင်းဖို့လည်း လိုသေးတာကိုး။ အပြင်က ယောက်ျားလေးတွေအနေနဲ့တော့ Skin Care တွေအနေလောက်ပဲ သုံးကြတာများပါတယ်။ ကျွန်တော်တို့ကျတော့ ကားရိုက်တွေမှာ ကာရိုက်တာနဲ့ လိုက်ဖက်မယ့်မိတ်ကပ်မျိုး၊ ပိုစတာတို့၊ ကြော်ငြာတို့အတွက်ကျတော့ ရုပ်ထွက်လှဖို့ လိုလို့ပါ။

**မိတ်ကပ်ပဲလား၊ ဖက်ရှင်ရော ဘယ်လောက်အရေးကြီးတယ်လို့ ပြောမလဲ။**

ဖက်ရှင်ကလည်း ဒီဘက်နောက်ပိုင်းမှာ တော်တော်လေး အရေးကြီးတယ်။ ကျွန်တော်တို့လို မော်ဒယ်လ်က လာတဲ့သူဆိုတော့ ပိုပြီး ဂရုစိုက်ရတယ်။ ရန်ကုန်လို မြို့ပြတွေမှာ တော်တော်များများက အပြင်ထွက်တာနဲ့ သူတို့ဖက်ရှင်တွေကို မိုက်အောင် လုပ်ထားကြတယ်။ သူများတွေအတွက် တော့မသိဘူး ကျွန်တော့်အတွက်က ၉၀ ရာခိုင်နှုန်း၊ ရာနှုန်းပြည့်နီးပါး လိုပါတယ်။ ဖက်ရှင်က ကိုယ့်ရဲ့ယုံကြည်မှုကိုလည်း အထောက်အကူပြုတယ်။ လုလုပပဝတ်ထားရင် ပိုပြီးတက်တက်ကြွကြွရှိတယ်။ ဖက်ရှင်ကျနေမယ်ဆိုရင် ရုပ်ချောတာ၊ မချောတာထက် ဖက်ရှင်ကျကျနဝတ်ထားရင် တစ်ချက်လောက်တော့ ငေးကြည့်သွားတာပေါ့။ လူငယ်တော်တော်များများ အပြင်မှာ သွားလာကြတယ်ဆိုရင် သူတို့ဖက်ရှင်တွေက တော်တော်မိုက်တယ်။

**အလင်းရောင်က မော်ဒယ်လ်အနေနဲ့ ဆက်လှုပ်ရှားဖြစ်ဦးမလား။ သီချင်းနဲ့ကားရိုက်တာပဲ လုပ်တော့မှာလား။**

မော်ဒယ်လ်အနေနဲ့လည်း ဆက်တော့လှုပ်ရှားဖြစ်ဦးမှာပါ။ ရှိုးမလျှောက်ဖြစ်တာ နှစ်နှစ်ကျော်လောက် ရှိသွားပြီ။ မပေါ်ဂနီနဲ့ စာချုပ်ချုပ်ပြီးတဲ့နောက်ပိုင်း ရှိုးသိပ်မလျှောက်ဖြစ်တော့ဘူး။ စာချုပ်ပြဿနာတွေ ဖြစ်လာတဲ့အခါကျတော့ ပိုပြီး ဆို

www.burmeseclassic.com

www.burmeseclassic.com

သွားတာပေါ့။ ရှိုးလျှောက်မယ်ဆိုရင်လည်း ကိုဂျွန်လွင်နဲ့ပဲ လက်ခံတာဖြစ်တော့ သူနဲ့ ပြဿနာဖြစ်တဲ့အချိန်မှာ ရှိုးလုံးဝ မလျှောက်ဖြစ်တော့ဘူး။ အခု ကျွန်တော် လွတ်လွတ်လပ်လပ်ဖြစ်သွားပြီဆိုတော့ လျှောက်ချင်တဲ့ရှိုးလေးတွေရှိရင် ပြန်ပြီးလက်ခံသွားပါမယ်။



**အလင်းရောင် ဆိုထားတဲ့သီချင်းပုံစံက ဘယ်လိုပုံစံမျိုးတွေလဲ။**

ကျွန်တော့်သီချင်းတွေထဲမှာ Pop လည်း ပါတယ်။ R&B လည်းပါတယ်။ EDM ပုံစံတွေလည်း ပါတယ်။ Slow Rock တွေလည်း ပါတယ်။ ကျွန်တော်ဆိုချင်တာတွေ လုပ်ထားပါတယ်။

**အလင်းရောင်က တေးစီးရီးကို ဘာဖြစ်လို့ ပိုပြီး လှုပ်ရှားဖြစ်တာလဲ။ နဂိုကတည်းက လုပ်ချင်တဲ့ အလုပ်က သီချင်းဆိုဖို့ အားသန်နေလို့လား။**

ကျွန်တော် စ,လုပ်ဖြစ်တာကတော့ မော်ဒယ်အလုပ်ပါ။ ပြီးတော့ ရုပ်ရှင်ရိုက်ဖို့ဖြစ်လာတာပေါ့။ ကိုဂျမန်းတို့၊ ကိုဂျွန်လွင်တို့က သီချင်းထုတ်ပေးမယ်ဆိုပြီး ဖြစ်လာတဲ့အခါ သီချင်းပါ စီစဉ်ဖြစ်လာတာပေါ့။ သီချင်းကို အရင်ကတည်းကလည်း ဝါသနာပါပါတယ်။ ဘာဖြစ်လို့ စီးရီးကို အရင်လုပ်တာလဲဆိုတော့ မဟော်ဂနီနဲ့ လုပ်နေတဲ့အချိန်မှာ ကားတွေက ပရိသတ်အားပေးမှု တစ်ခုရလောက်အောင်အထိ ကားတွေ သိပ်မထွက်လာနိုင်ဘူး။ တော်တော်များများကလည်း ကျွန်တော့်ကို အခုချိန်ထိ မော်ဒယ်လ်အနေနဲ့ပဲ သိထားကြတယ်။ မော်ဒယ်လ်အနေနဲ့ကျတော့ ဒီမှာက နှစ်ရှည်ရပ်တည်လို့ မရနိုင်ဘူးလေ။ အများဆုံး ကျွန်တော် မော်ဒယ်လ်အနေနဲ့ လုပ်ခွင့်ရရင် ၂ နှစ်၊ ၃ နှစ်ပေါ့။ ဒါကြောင့် ကိုယ့်ဘက်က Professional အနေနဲ့ အနုပညာလောကမှာ ရပ်တည်ခွင့်ရအောင်လို့ စီးရီးကို အရင်ထွက်ဖြစ်တာပါ။

**သောသောအယ် ဇာတ်ကားမရိုက်သေးဘူးဆိုတော့ စီးရီးအခြေအနေလေး ဘယ်ရောက်ထိပြီးနေပြီဆိုတာ ပရိသတ်ကို ပြောပြပါလား။**

ကျွန်တော့်ရဲ့ တေးစီးရီးကို လုပ်နေတာ တော်တော်လေးပြီးပါပြီ။ တီးထားပေးတာတွေက Lazy Club ပါတယ်။ Imortal ပါတယ်။ ပရိုဂရမ်နဲ့တီးတာက ကိုမောင်မောင်ပြည့်စုံပါတယ်။ တခြားလည်း ပါပါဦးမယ်။ တော်တော်လေး ပြီးနေပါပြီ။ လေးပုဒ်လောက်ပဲ ကျန်တော့တယ်။ အဓိကကတော့ စုံတွဲတွေဆိုင်ပဲကျန်ပါတော့တယ်။ ထိုင်း...



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ မအိပ်ချစ်ရယ်၊ မဂျူဝယ်ရယ်၊ ဆိုမယ့် စုံတွဲတွေထဲက မဂျူဝယ်နဲ့ ဆိုတာ ပြီးသွားပြီဆိုတော့ မပိုင်းစုရယ်၊ မအိပ်ချစ်ရယ် ဆိုဖို့ကျန်တာရယ်၊ ကျွန်တော်တစ်ယောက်တည်းဆိုရမယ့် နှစ်ပုဒ်လောက်ပဲ ကျန်ပါတော့တယ်။ အလင်းရောင်ကို အားပေးနေတဲ့ ပရိသတ်အတွက် ဘာပြောချင်သဲ။ ရှင့်ကျက်လာပြီ ဆိုတဲ့ သီချင်းခွေ ထွက်နိုင်ဖို့အတွက် ၂၀၁၃ လောက်ကတည်းက ကျွန်တော် ပြောလာခဲ့တာပါ။ ဒါပေမဲ့ ကျွန်တော် မထွက်နိုင်ခဲ့ပါဘူး။ အားပေးတဲ့ ပရိသတ်တွေကလည်း မျှော်နေကြတဲ့အတွက် နောက်ကျရတာကို ကြိုပြီး တောင်းပန်ထားချင်ပါတယ်။ အခု ကိုယ့်ဟာ ကိုယ်လုပ်နေတဲ့ အတွက် ၂၀၁၆ ထဲမှာတော့ တကယ်ပရိသတ်လက်ထဲ အပ်နိုင်ပါတော့မယ်။ အခုလောလောဆယ်မှာ ကျွန်တော် အခိက သရုပ်ဆောင်အနေနဲ့ ပထမဦးဆုံး ရိုက်ကူးထားတဲ့ ကားကို အားပေးကြည့်ရှုကြပါတယ်။ လိုအပ်ချက်တွေ အများကြီးရှိနိုင်ပါတယ်။ အသစ်တစ်ယောက်အနေနဲ့ ဖြစ်လို့ပါ။ ဒီကားကို ၂၀၁၂ နှစ်ကုန်ပိုင်းလောက်မှာ ရိုက်ထားတာဖြစ်တဲ့အတွက် ခိုက်တင်အရရော အများကြီးလို အပ်ချက်တွေရှိနိုင်တဲ့အတွက် သီးခံပြီး အားပေးကြပါ။

ရွှေအမြုတေမျက်နှာဖုံး အတွက် ရိုက်ကူးပေးနေကျ ဓာတ်ပုံပညာရှင် ကိုလင်း (Studio-K)က မြို့တော်ခန်းမ ရှေ့ မဟာဗန္ဓုလပန်းခြံဝန်းကျင်နဲ့ ရေပန်းနောက်ခံတွေမှာ စိတ်တိုင်းကျ ရိုက်ကူးပေးခဲ့တာဖြစ်ပြီး အလင်းရောင်ကလည်း မနက်စောစော အလင်းရောင်နဲ့ ရိုက်ကူးနိုင်ဖို့ စောစောစီးစီး လာရောက်ပေးခဲ့တဲ့အတွက် ဒီစာမျက်နှာ ထက်ကနေ ကိုလင်းနဲ့ အလင်းရောင်တို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါတယ်။ ■

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ ဩရသ ရိုက်ကူးတဲ့ **ကိုယ်တိုင်ရေးသေမိန့်** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖြစ်နေတဲ့ နေတိုးနဲ့ ၂၀၁၆ မှာ ရိုက်ကူးသွားဖို့ စီစဉ်ထားမှုများကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**Myanmar Media 7 က ဗီယက်နမ်မင်းသမီးနဲ့ ရိုက်မယ့်ကားကို ဘာလို့ ရိုက်ဖြစ်တာလဲ။ ဇာတ်သေသေချာချာ မသိသေးဘူးနော်။**

ဇာတ်က မသိတာတော့ မဟုတ်ဘူး။ ရှိပြီးသားပါ။ သုံးခုလောက်ဖြစ်နေတာကို ဘယ်ဟာရွေးရမလဲ မဆုံးဖြတ်ရသေးလို့ ဇာတ်ကားနာမည် အတိအကျ မပြောသေးတာပါ။ နည်းနည်း ပြင်စရာလည်း ရှိလို့ပါ။ ဇာတ်လမ်းမကောင်းလို့လဲ မဟုတ်ဘူး။ ဇာတ်လမ်းနဲ့ သရုပ်ဆောင် အံ့ဝင်ခွင်ကျ နည်းနည်း မဖြစ်သေးလို့ပါ။ ကာရိုက်တာပိုင်း နည်းနည်းညှိရမှာလည်း ပါသေးတယ်။

**ဗီယက်နမ်မင်းသမီးနဲ့ တွဲဖက်ဖို့ ဘာလို့ လက်ခံဖြစ်တာလဲ။ သူက မင်းသမီးလည်း မဟုတ်ဘူး။ နာမည်လည်း သိပ်မကြီးဘူး။**

သူက ဗီယက်နမ်မော်ဒယ်လ် အလှမယ်တစ်ယောက်ပါ။ ဇာတ်ကားထဲမှာလည်း သူက အလှမယ်တစ်ယောက် အနေနဲ့ပဲ သရုပ်ဆောင်ရမှာဆိုတော့ သူ့ကာရိုက်တာကိုပဲ သူလုပ်ရမှာဆိုတော့ ကျွန်တော်တို့က သရုပ်ဆောင်တစ်ယောက်လိုလည်း သူ့ကို လုပ်ခိုင်းမှာ မဟုတ်ဘူးလေ။ သူ့ကို မော်ဒယ်လ်နေရာမှာပဲ သုံးပြီး ဇာတ်လမ်းတစ်ခု တည်ဆောက်မယ်။ ဒါကြောင့်ပါ။

**လောလောဆယ် ကျွန်တော် တွေ့ဖြစ်နေတာက နေတိုးအနေနဲ့ မိတ်ကပ်ပိုင်းကို တော်တော်လေးကို စိတ်ဝင်စားနေတာ တွေ့တယ်။ ကိုယ့်အတွက်တင်မဟုတ်ဘူး၊ သူများအတွက်ပါလုပ်ပေးဖြစ်တာ ဘယ်လိုကြောင့်လဲ။**

ကျွန်တော်ကိုယ်တိုင် ဝါသနာပါတာလည်း ပါတယ်။ လေ့လာထားတာလည်း ပါတယ်။ ရုပ်ရှင်ကားတစ်ကား ရိုက်မယ်ဆိုရင် စပါယ်ရှယ်မိတ်ကပ်သမားတစ်ယောက် လိုကိုလိုတယ်လေ။ ကျွန်တော်တို့ဆီမှာက အဲဒါမရှိတော့ ကိုယ်ကိုယ်တိုင်အတွက် ကိုယ့်ဟာကိုယ် လုပ်ဖြစ်တယ်။ ကျွန်တော် လုပ်တတ်တာဖြစ်နေတော့ ပါဝင်တဲ့ ရာခိုင်နှုန်းအရ လုပ်နိုင်ရင် လုပ်ပေးလိုက်တယ်။ ကြီးကြီးမားမားလိုအပ်တယ်ဆိုရင်တော့ ပရော်ဖက်ရှင်နယ်မိတ်ကပ်သမားတစ်ယောက် လိုကိုလိုအပ်တယ်။ ကျွန်တော်လုပ်နိုင်တာတော့ ပစ္စည်းတွေလည်း အပြည့်အစုံပါတာနဲ့ လုပ်ပေးဖြစ်တာပါ။ အဓိကကတော့ ကိုယ်လုပ်တတ်နေတာ သိတဲ့အတွက် ယုံယုံကြည်ကြည်နဲ့ သူလုပ်ရင်တော့ အဆင်ပြေမှာပဲလို့ တွက်ထားတဲ့အတွက် ကျွန်တော်လုပ်ပေးဖြစ်တာပါ။

**ဒီမိတ်ကပ်နဲ့ပတ်သက်ပြီး သင်တန်းလည်း မတက်ထားပေမဲ့ ဘယ်လိုကြောင့် လုပ်ဖြစ်တာလဲ။ အင်တာနက်ကကြည့်ဖြစ်တာတစ်ခုတည်းနဲ့ လုပ်ဖြစ်တာလား။**

သင်တယ် ဆိုတာက အမျိုးစုံ ရှိတယ်လေ။ ဆရာရှေ့မှာ တပည့်တွေက ဆရာသင်တာကိုလိုက်လုပ်ပြီး လုပ်ကြရတာတွေ ရှိတယ်။ တစ်ယောက်က ရှုတ်ပေးပြီး နောက်တစ်ယောက်က လိုက်သင်ရတာတွေ ရှိတယ်။ အနုပညာနဲ့ပတ်သက်တဲ့အရာကျတော့ အမြင်နဲ့ သူက တတ်နိုင်တယ်။ ဥပမာ က,နေတဲ့သူတစ်ယောက်ကိုကြည့်ပြီးတော့ ကိုယ့်စိတ်ကူးထဲမှာ လိုက်က,ပြီး က,တတ်သွားတယ်။ အနုပညာကျတော့

# One Minute Interview

## ကြုံရာဆုံရာ တစ်မိနစ်တာ





www.burmeseclassic.com

www.burmeseclassic.com

# ရုံပြိုင်စနစ်ကို ကြိုဆိုတဲ့ နေတိုး

**လင်းနိုင်ဦး**

သင်တိုင်းလည်း မတတ်သလို၊ သေင်ဘဲနဲ့လည်း တတ်သွား နိုင်တယ်။ ဒါက အနုပညာရဲ့ ထူးခြားချက်ပဲ။ တစ်ခါ တစ်ခါ အမြင်နဲ့ လုပ်ရတာ ရှိတယ်။ အွန်လိုင်းကနေ ကြည့်ပြီး သူတို့လုပ်တာတွေ ကို ဘာလဲမသိဘူး၊ ရှာကြည့် တယ်။ နာမည်တစ်ခု သိတာ နဲ့ အွန်လိုင်းမှာရှာလို့ရတယ်။ ဘာအတွက်လုပ်တာလဲ၊ ဘာ ကြောင့်လုပ်တာလဲ။ အဲဒါကို ကိုယ့်ဟာကိုယ် ပြန်အသုံးပြု ကြည့်တယ်။ တစ်ခါတလေ မှားသွားတာတွေလည်း ရှိ တယ်။ ကိုကြဲ(ကျော်ကျော်ဗို) ဆိုရင် ခဏခဏ ခံရတယ်။ အင်တာနက်ကကြည့်ပြီး ကိုက်လုပ်တာ နားတွေဘာ တွေ လောင်သွားတာတွေ ရှိ တယ်။ သူတို့တင်ထားတာနဲ့ ယှဉ်နေတာတွေလည်း ကြုံရ တယ်။ တစ်ခါတလေ ဒီလို လုပ်လို့ရတယ်လို့ ထင်ပေမဲ့ လုပ်ကြည့်လိုက်တော့မှ အကြာကြီး မခံတာတို့၊ ခဏ ပဲ သုံးလို့ရတာတွေလည်း ရှိ တယ်။ ကြာကြာခံအောင် ဘယ်လိုလာ၊ ထပ်ပြီး ပစ္စည်း တွေ မှာရတာတွေလည်း ရှိ တယ်။ ဒီဟာကို လုပ်ချင်လို့ လုပ်လာတာတော့ မဟုတ် ဘူး။ မိတ်ကပ်နဲ့ပတ်သက်ပြီး အွန်လိုင်းရှော့ပင်တွေထဲမှာ ဝင်ကြည့်ရင်းနဲ့ ကိုယ်တွေ ထားတွေမှာ အလုပ်များတဲ့၊ ရုပ်ရှင်မှာဆိုရင် တော်တော် အသေးစိတ်ကျမှရတဲ့ မျက်လုံးနဲ့ ကြည့်လိုက်ရင် အစစ်လို့ထင် ရမယ့်ဟာမျိုးတွေမှ ရမှာဖြစ်လို့ ရှာဖွေပေးပြီးတော့ လုပ်ဖြစ် တယ်။

၂၀၁၆ မှာ အနုပညာနဲ့ ပတ်သက်ပြီး ဘယ်လိုတွေ ပြောင်းလဲလုပ်ဆောင်သွားဖို့၊ ဆက်လက်ကြိုးစားသွားဖို့ အစီအစဉ်ရှိလဲ။

၂၀၁၆ မှာတော့ ရုပ်ရှင်ကို ဒီလိုပဲ ဆက်ရိုက်နေရမှာပဲ။ စိတ်ဝင်စားအောင် အမျိုးစုံ ရိုက်နေရမှာပဲ။ အခု ရုံပြိုင် စနစ်တွေလည်း ဖြစ်လာတော့မယ် ဆိုတော့ ထုတ်လုပ်သူတွေက အပြိုင်လုပ်ရတော့မှာပါ။ သူ့ကုမ္ပဏီကကား မကောင်းရင် တစ်ပတ်တည်းနဲ့လည်း ဆင်းရင် ဆင်းသွားရမယ်။ ဒါကြောင့် ဘယ်သူမဆို ကိုယ့်ကား ကောင်းအောင်လုပ်ထားမှ ဖြစ်မယ်ဆိုတဲ့အသိ ဝင်လာ တာပေါ့။ အဲဒီအခါကျရင် ညည်းလည်း ညည်းကြတော့မှာ မဟုတ်ဘူး။ ကားကောင်းရင် တစ်လလောက်အထိ တင်နိုင် တော့မယ်။ ဒါကြောင့် ကျွန်တော် ကတော့ ရုံပြိုင်စနစ်ကို ကြိုက်တယ်၊ ကြိုဆိုတယ်။ ကားတွေများလာလို့ရှိရင် ပရိသတ်တွေက ရွေးချယ်ပြီး ကြည့်လို့ရပြီလေ။ ကိုယ်ကိုယ် တိုင် ပရိသတ်တစ်ယောက် နေရာကဝင်ပြီး ကြည့်, ကြည့်တာပါ။ ကားကောင်းမှ ရမယ်။ နှစ်ကား ပြိုင်ပြလို့ ရမယ်။ ဒါကြောင့် ကြိုက်တာပါ -လို့နေတိုးက ပြောပြခဲ့ပါတယ်။

■ လင်းနိုင်ဦး






www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားတွေ မရိုက်ဖြစ်တော့ပေမဲ့ မကြာမီကျင်းပမယ့် Next Top မော်ဒယ်လ်ပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပြီး နဝရတ်ကို အားပေးချင်တဲ့သူတွေ ဒီအစီအစဉ်ကိုကြည့်ပါလို့ ပြောကြားခဲ့တဲ့အတွက် နဝရတ်ရဲ့ အနုပညာလှုပ်ရှားမှုများကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**နဝရတ်က Next Top မော်ဒယ်လ်ပြိုင်ပွဲမှာ ဘာ့ကြောင့် ပါဝင်ဖြစ်သွားတာလဲ။**

အရမ်းကြိုက်တဲ့ အစီအစဉ်ဖြစ်လို့ပါ။ အမေရိကားမှာလုပ်တဲ့ Next Top မော်ဒယ်လ်ပြိုင်ပွဲကို နဝရတ် အမြဲတမ်းကြည့်ဖြစ်တယ်။ အဲဒီအချိန်မှာပဲ သူတို့က လာကမ်းလှမ်းတော့ ကိုယ်ကလည်း လုပ်ပေးချင်တယ်။ ရုပ်ရှင်တော့မရိုက်ဖြစ်ဘူး။ ပြီးတော့ နဝရတ်က အသစ်တွေကို မြေတောင် မြှောက်ပေးရတာ အရမ်းဝါသနာပါတယ်။ ကိုယ့်ညီမတွေကိုလည်းဖြစ်စေချင်တယ်။ မွေးထုတ်တယ်။ ဒါပေမဲ့ မဖြစ်လာဘူး။ အဲဒီတော့ အသစ်တွေ၊ တကယ် ဖြစ်သင့်တဲ့သူတွေ၊ ဖြစ်ချင်တဲ့သူတွေကို မွေးထုတ်ပေးရတာ နဝရတ်က တကယ်ဝါသနာပါတယ်။ ဒါကြောင့် ဒီအစီအစဉ်ကို စိတ်ရောလူရော ကူညီပြီး လုပ်ပေးဖြစ်တာပါ။

# One Minute Interview

## ကြုံရာဆုံရာ တစ်မိနစ်တာ



**နဝရတ်က ထုတ်လုပ်ရေးလည်း တည်ထောင်ထားတာပဲ။ မင်းသမီးအနေနဲ့ သရုပ်မဆောင်ရင်တောင် ကိုယ့်ကုမ္ပဏီက ကားထုတ်ရိုက်ရင်ရတာပဲ မဟုတ်လား။**

ရုပ်ရှင်ကို မရိုက်ချင်တော့တာ။ ရုပ်ရှင်ရိုက်ပြီး ပရိသတ်ကိုပြရတဲ့အလုပ်ကို သိပ်မလုပ်ချင်တော့ဘူး။ အပြင်မှာ တကယ်သရုပ်ပဲဆောင်ချင်တာ။ ကားတစ်ကားရိုက်မယ်ဆိုရင် စီစဉ်ရဦးမယ်။ ရိုက်ပြီးရင်လည်း ကားဆက်ရဦးမယ်။ ဒါလည်း မပြီးသေးဘူး၊ ဖြန့်ချိရေးရှိသေးတယ်။ အဲဒါတွေကို စိတ်ညစ်တယ်။ လုပ်လည်း မလုပ်နိုင်တော့ဘူး။ ခေါင်းလည်း စားတယ်။

**တချို့ကားတွေက နဝရတ်နဲ့မှ လိုက်တယ်။ နဝရတ်ရိုက်မှဖြစ်မယ်ဆိုတဲ့ ကားမျိုးဆိုရင်ရော လက်မခံဘူးလား။**

မလေးရှားဒါရိုက်တာက ရိုက်ဖို့ကမ်းလှမ်းပါတယ်။ သရဲကားရိုက်ချင်တယ်လို့ ပြောတယ်။ အနုပညာကြေးဘယ်လောက်ယူလဲဆိုပြီး မလေးရှားက လှမ်းဆက်သွယ်တယ်။ အဲဒါမျိုးဆိုရင်တော့ အရမ်းထူးခြားတဲ့ အစီအစဉ်တစ်ခု ဖြစ်နိုင်တယ်။ သာမန်ချစ်ကြိုက်ကွဲ ညားလည်း မဟုတ်ဘူးလေ။ အဲဒါမျိုးဆိုရင်တော့ နဝရတ် လုပ်ဖြစ်မယ် ထင်တယ်။

**အဲဒါဆိုရင် မလေးရှားကရိုက်မယ့်ကားကို လက်ခံ**



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ပြီလား။

ကမ်းလှမ်းတာ သိပ်ကြေသေးဘူး။ သူတို့အစီအစဉ်တွေကြည့်ပြီး စဉ်းစားပြီးမယ်။ ကိုယ်နဲ့လိုက်ဖက်မှ ရိုက်ချင်တာပါ။ ဒါမျိုးဟုတ်ရင်တော့ မရိုက်ဖြစ်တော့ဘူး။ ပုံမှန်အလုပ်တစ်ခု လုပ်ချင်တဲ့စိတ်ရှိရင်ပေါ့။ တာဝန်အရဆိုရင်တော့ မလုပ်ချင်ဘူး။

**ပြီးခဲ့တဲ့နှစ်က နဝရတ် အကယ်ဒမီရနိုင်တယ်လို့ နာမည်ထွက်ခဲ့သေးတယ်နော်။ ပရိသတ်က မေးတယ်။ အကယ်ဒမီမရလို့ မရိုက်တော့ တာလားတဲ့။**

အဲဒီလိုမျိုးရယ်လို့ မဟုတ်ဘူး။ လုပ်ထားတဲ့ ဇာတ်ရုပ်တွေကလည်း

# ဖြစ်ချင်တဲ့သူတွေကို မြေတောင် မြှောက်ပေးချင်တဲ့ နဝရတ်

**လင်းနိုင်ဦး**

အနေနဲ့ဆိုရင်တော့ မလုပ်ချင်တော့ဘူး။

**ကျွန်တော်တို့သိတာက အနုပညာပိုးဆိုတာ ဖြတ်ဖို့ လွယ်ဘူး မဟုတ်လား။**

အဲဒီလိုတော့ ဟုတ်ပါတယ်။ နဝရတ်အနေနဲ့ကျတော့ အရမ်းကြီး ဘာဖြစ်ချင်တယ်၊ ညာဖြစ်ချင်တယ်ဆိုတာမျိုး မရှိတော့ဘူး။ ငယ်သေးကတည်းက အခုထိ Life Style ကို ပေါ့ပေါ့ပါးပါးပဲ ငြိမ်းငြိမ်းချမ်းချမ်းလေးနဲ့ သက်သက်သာသာ သွားချင်တယ်။ အလုပ်လုပ်တယ်ဆိုရင် ဖြစ်ချင်တဲ့စိတ်၊ မဖြစ်ဖြစ်အောင်လုပ်တဲ့စိတ် အရမ်းရှိတယ်။ အလုပ်ထဲမှာ စိတ်ကို နှစ်ထားတာပေါ့။ အဲဒီလို နှစ်ထားရတဲ့အတွက် နဝရတ်ပဲ ပင်ပန်းတယ်။ နဝရတ်က အလုပ်လုပ်ရင် စိတ်ရောကိုယ်ရော နှစ်ပြီးလုပ်တဲ့အတွက် နောက်တစ်ခု ခံစားရတာက ပင်ပန်းလည်း ပျော်တယ်။

များနေပြီ။ ဘာထပ်လုပ်ရမလဲ မသိတော့ဘူး။ ကိုယ်လုပ်တဲ့အလုပ်ကို အသိအမှတ်ပြုတာလည်း ကိုယ့်ပရိသတ်ပဲ ဖြစ်နေတယ်လေ။ ဒါကြောင့် ကိုယ့်ပရိသတ်အတွက်ပဲ ကိုယ်ဆက်ပြီးရှင်သန်ချင်တယ်။ အပြင်မှာ ပရိသတ်နဲ့တွေ့ရင် ပျော်ပျော်ရွှင်ရွှင်နဲ့ မိတ်ဆက်၊ အမှတ်တရ ဓာတ်ပုံရိုက်၊ ပြီးရင် ဖေ့စ်ဘွတ်ခ်တင်။ ဘယ်သွားတယ်၊ ဘာလုပ်တယ် အဲဒါမျိုးပဲ ဖြစ်ချင်တယ်။ အခု အကဲဖြတ်အဖြစ် ဝင်လုပ်ပေးမယ်။ Next Top ပြိုင်ပွဲ ထုတ်လွှင့်ပြသရင် နဝရတ်ကို ကြည့်ချင်တဲ့ ပရိသတ် မလွတ်တမ်း ထိုင်ကြည့်ပေါ့။ အစီအစဉ်လည်း အားပေးရမယ်၊ နဝရတ်ကိုလည်း ကြည့်ရမယ်။ နဝရတ်က ပရိသတ်အတွက်ပဲ လုပ်တော့မယ်။ ပရိဂျူဆာတွေအတွက်တို့၊ စီးပွားရေးအလို့ငှာ လုပ်တဲ့ အနုပညာအလုပ်တွေကို မလုပ်ချင်တော့ဘူး။ ဒီအစီအစဉ်မှာ ဝင်လုပ်ပေးရလို့ ငွေကြေးလည်း ယူမှာ မဟုတ်ဘူး။ နဝရတ် တကယ်ဝါသနာပါပြီးတော့ စိတ်ပါတဲ့ ကဏ္ဍလေးတွေဆိုရင် ရုပ်/သံ အတွက်ပဲ ဖြစ်ဖြစ် နဝရတ်က ကိုယ့်ပရိသတ်အတွက် ရိုက် ပေးမယ်။ အဲဒီလိုမျိုးတွေပဲ လုပ်တော့မယ်- လို့ ပြောကြားခဲ့ပါတယ်။

■ **လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



'နာမည်က ဘယ်သူ'
'အမုန်းပါ'
'ဟဲ့ လူနာမည်ကို
မေးတာ'
'ဟုတ်ကဲ့ အမုန်းပါ'
'အံ့ပါရဲ့
ညည်းအမေက
ရူးများနေသလား၊
ကိုယ့်သမီးနာမည်
အမုန်းတဲ့'
'ဟုတ်ကဲ့ သမီးအမေက
ရူးသွားတယ်လို့
ပြောကြပါတယ်။ သမီးကို
ကိုယ်ဝန်ဆောင်နေတုန်းမှာ
အဖေက နောက်မိန်းမ
ယူသွားလို့ အဖေ့ကို
မုန်းတဲ့စိတ်နဲ့ သမီးကို
အမုန်းလို့ နာမည်
ပေးခဲ့တာပါတဲ့။
နောက်တော့ ရူးသွားပြီး
အခုတော့ သေသွားပါပြီ'
'အသက်က
ဘယ်လောက်ရှိပြီလဲ'
'၂၁ နှစ်ပါ'
'အမယ်လေးတော်
မိထွေးက လင်ပါသမီးထက်
၄ နှစ် ငယ်နေသေးတော့
ဘယ့်နှယ်လုပ်ကြမလဲ'
အမုန်းအဖြစ် သရုပ်
ဆောင်တဲ့ ဝတ်မှုံ
ရွှေရည်ကို
အန်တီမေ

# အကယ်ဒမီ မင်းသမီးနှစ်ယောက် အသားပြိုင်မှု

မိုးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် သရုပ်ဆောင်တဲ့ ဒေါ်နွဲ့နွဲ့စန်းက မေးမြန်းနေတာဖြစ်ပြီး လင်ပါသမီး မိုးစက်(ခ)သက်မွန်မြင့်က နားထောင်နေပါတယ်။ ဒီဇာတ်ဝင်ခန်းက ပုညခင်ရဲ့ဝတ္ထုကို ဇာတ်ညွှန်း၊ ဒါရိုက်တာ ဝိုင်း ရိုက်ကူးတဲ့ **ချစ်လှစွာသော အမုန်း** ဇာတ်ကားရဲ့ ဇာတ်ဝင်ခန်း တစ်ခု ဖြစ်ပါတယ်။ **ချစ်လှစွာသောအမုန်း** ကို ခရေဖြူရုပ်ရှင် ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ စတင်မယ့် ရုံပြိုင်တင်စနစ်မှာ ကြည့်ကြရမှာဖြစ်ပါတယ်။ မြန်မာရုပ်ရှင်ကား အတော်များများမှာ အုပ်စုလိုက် ဟာသတွေ ဖန်တီးပြီး ပရိသတ်ကို တင်ဆက်နေကြတာ ကာလအတော်ကြာခဲ့ပါပြီ။ ပရိသတ်တွေက ဘဝအမောတွေကြားမှာ နစ်မွန်းနေကြတာဖြစ်လို့ ဟာသကားတွေကို တရှိုက်မက်မက် အားပေးခဲ့ကြတာဖြစ်ပြီး ထုတ်လုပ်သူများကလည်း ဟာသကားတွေကိုသာ ရိုက်ကူး ထုတ်လုပ်နေကြတာဖြစ်လို့ သရုပ်ဆောင်များရဲ့ ကြိုးကြိုးစားစား အားထုတ်သရုပ်ဆောင်မှုကို ကျွန်တော်တို့ မကြည့်ရတာ ကြာပါပြီ။ **ချစ်လှစွာသော အမုန်း** မှာ သရုပ်ဆောင်တွေ အများကြီး မပါပါဘူး။





www.burmeseclassic.com

www.burmeseclassic.com



ကြ ဟာစ်ကြ ဇာတ်ဝင် တွေ မပါပါဘူး။ ငြိမ်ငြိမ် လေးနဲ့ သရုပ်ဆောင်မှု ပြိုင်တဲ့ ဇာတ်ဝင်ခန်းများ ကို အားပါးတရ ကြည့်ကြ ဖြစ်ပါတယ်။ အဓိက သရုပ်ဆောင်များအဖြစ် အောင် ၊ သက်မွန်မြင့်၊ ဝတ်မှုံ ရွှေရည်၊ ဇင်ဝိုင်း၊ ဒေါ်နွဲ့နွဲ့ စန်းနဲ့ ဇာတ်ပို့ဇာတ်ရံ တချို့ ပါဝင်ထားကြပါတယ်။

မိုးစက်ရဲ့ ဖခင်(ဇင်ဝိုင်း) က တစ်ရက်မှာ ခရီးကအပြန် အမုန်းဆိုတဲ့ မိန်းကလေးတစ် ယောက်ကို သူ့ကားပေါ်က နေ တယုတယ ပခုံးဖက် ဆင်းလာတာကို အန်တီမေနဲ့ မိုးစက်တို့ တွေ့လိုက်ရတဲ့အခါ မျက်လုံးပြူးသွားကြပါတယ်။ ကလေးမလေးက ကြောက် ကြောက်ရွံ့ရွံ့ ဖြစ်နေဟန်ရှိပြီး မဝံ့မရဲနဲ့ပါ။

သူ့မိထွေးဖြစ်တယ်ဆို တာကို မိုးစက်သိလိုက်ချိန် မှာတော့ ဖခင်ကို မကျေနပ်ပါ ဘူး။ အိမ်ထောင်မပြုရဘူးလို့ မဆိုလိုပေမဲ့ ကိုယ်နဲ့ အဆင့် အတန်းချင်းမတူတဲ့ နုနုအအ မိန်းကလေးတစ်ယောက်ကို ဇနီးမယားအဖြစ် ခေါ်ဆောင် လာတာကိုတော့ မိုးစက်က လက်မခံနိုင်ပါဘူး။ဒါကြောင့် အမုန်းကို အသိပေးထားတာ က သူ့အနေနဲ့ အမုန်းကို အမေနေရာ မထားနိုင် ကြောင်း၊ နှိပ်စက်မှာမဟုတ် သလို မေတ္တာလည်း ရှိနိုင်မှာ မဟုတ်ဘူးလို့ အတိအလင်း ပြောထားပါတယ်။




အမုန်းကတော့ သူ့ကို မေတ္တာမရှိဘူးလို့ ပြောထား တဲ့ မိုးစက်ရဲ့ မေတ္တာကို မျှော်လင့်တောင့်တပါတယ်။ ဒါကြောင့် မိုးစက်အတွက်ဆို ရင် အမုန်းက ပျာပျာသလဲ လုပ်ကိုင်ပေးတတ်ပါတယ်။ ဒါကိုပဲ မိုးစက်ကလည်း


www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်ပါ။

မေတ္တာထားသူနဲ့ ဥပေက္ခာပြုသူတို့ ကြားမှာ ကာလရှည်ကြာလာတော့ ဥပေက္ခာပြုသူမှာ ကျရှုံးသွားပြီး အမုန်းအပေါ်မှာ ကြင်နာလာတယ်၊ သနားလာတယ်။ မိန်းကလေးတစ်ယောက်ကို ဇနီးမယားအဖြစ် အိမ်ပေါ်ခေါ်တင်လာပြီးခါမှ အပြင်မှာ ရှုပ်တတ်၊ ပွေတတ်တဲ့ ဖခင်ကို မိထွေးဘက်ကနေ လိုက်ပြောပေးတတ်တယ်။ ဖခင်အိမ်ပြန်မအိပ်တဲ့ညများမှာ အမုန်းကို သူ့အိပ်ခန်းထဲ လာအိပ်ခွင့်ပေးတဲ့အထိ အခွင့်အရေးပေးလာတယ်။

မိုးစက်မှာ ငယ်သူငယ်ချင်း ဂါမဏိ(အောင်ရဲလင်း) ရှိပေမဲ့ သူတို့ချင်းက သူငယ်ချင်းများသာဖြစ်ပြီး ဂါမဏိကလည်း မိုးစက်ကို ချစ်ခွင့်မပန်သေးပါဘူး။ မိုးစက်ကတော့ ဂါမဏိကို မျှော်လင့်နေမိပါတယ်။ သင်္ဘောတက်နေတဲ့ ဂါမဏိ ပြန်ရောက်လာချိန်မှာ မိုးစက်နဲ့ တပူးတွဲတွဲ ရှိနေပေမဲ့ မိုးစက်မျှော်လင့်သလို ချစ်စကားမဆိုသေးပါဘူး။ ဂါမဏိက အမုန်းဆိုတဲ့ ကောင်မလေးကို စ,စရာ နောက်စရာကောင်းတဲ့ ကောင်မလေးအဖြစ် ဆက်ဆံလေ့ ရှိပါတယ်။ သက်တူရွယ်တူဖြစ်တဲ့ ဂါမဏိ၊ မိုးစက်၊ အမုန်းတို့ ကြားမှာ ပေါက်ဖွားလာတဲ့ မေတ္တာဇာတ်လမ်းကို စာရေးဆရာမ ပုညခင်က လှလှပပရေးဖွဲ့ခဲ့သလို ဒါရိုက်တာ ဝိုင်းကလည်း သေသေ သပ်သပ် ရိုက်ကူးပြီး တင်ဆက် ထားပါတယ်။ ဒီဇာတ်လမ်းမှာ သက်မွန်မြင့်က မိထွေးအပေါ်မှာ လက်မခံနိုင်တဲ့ ဇာတ်ရုပ်နေရာက သရုပ်ဆောင်ရပါတယ်။ သူ့သရုပ်ဆောင်မှုက လိုအပ်သလောက်သာ လက်မခံနိုင်မှုကို ပြသပါတယ်။ တကယ်လို့ သူသာ လွန်လွန်ကဲကဲ သရုပ်ဆောင်လိုက်ရင် ဗီလိန်ဇာတ်ရုပ်





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားနိုင်ပါတယ်။ ဝါရင့်သရုပ်ဆောင်တစ်ယောက်ဖြစ်လာပြီဖြစ်တဲ့အတွက် လိုအပ်သလောက်ကိုသာ လုပ်ပြပါတယ်။ ဥပမာ အမုန်းက မိုးစက် အလုပ်မသွားခင် မနက်စာစားသွားဖို့ ဖွတ်အတင်း ပြင်ဆင်ကျွေးမွေးတဲ့အခန်းမှာ မစားချင်၊ စားချင်နဲ့ တစ်ဇွန်းခပ်စားလိုက်ရာ သူ့လျှာပေါ်မှာ အရသာတွေ့ သွားတဲ့ဟန်ကို မျက်နှာနဲ့ ပေါ်လွင်အောင် သရုပ်ဆောင်သွားပါတယ်။ ဒါပေမဲ့ အမုန်း အမြင်မှာတော့ မကြိုက်ဘူးလို့ထင်အောင် မျက်နှာကို ပြင်ရ ပြန်ပါတယ်။ အဲဒီလိုသေသပ်တဲ့ သရုပ်ဆောင်မှုတွေ ဒီကားထဲမှာ အများကြီးတွေ့ရပါလိမ့်မယ်။ အမုန်းအဖြစ် သရုပ်ဆောင်တဲ့ ဝတ်မှုံရွှေရည်ကလည်း ဂါမဏိအပေါ်မှာ အားကိုးထိုက်သူတစ်ယောက်အနေနဲ့ အားကိုးလာပုံ၊ အဲဒီကတစ်ဆင့် မေတ္တာသက်ဝင်လာပုံတွေကို မျက်နှာအမူအရာနဲ့ ပေါ်လွင်အောင် လုပ်ဆောင်ပြနိုင်ခဲ့ပါတယ်။ ခေတ်ပြိုင်မင်းသမီးနှစ်လက် အားပြိုင်ရတဲ့ ဇာတ်လမ်း ဖြစ်တာကြောင့် ပရိသတ်အတွက် အင်မတန်ကြည့်လို့ကောင်းမယ့် ရုပ်ရှင်ကားတစ်ကားလို့ ခံစားမိပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ လောက်က လျှမ်းလျှမ်း တောက်နေတဲ့ မင်းသမီးကြီးတစ်လက်နဲ့ တက်သစ်စမင်းသမီးကလေး တစ်ယောက်တို့ အဆိုကျော် တစ်ယောက်ကိုတင်တဲ့ ရုပ်ရှင်ကားတစ်ကားမှာ သရုပ်ဆောင်စေပါတယ်။ ရုပ်ရှင်ရိုက်ချိန်မှာ မင်းသမီးကြီးက မင်းသမီးငယ်အပေါ် နည်းမျိုးစုံနဲ့ညစ်ခဲ့တာကြောင့် အဲဒီကားအပြီးမှာ နောက်ထပ် သူတို့ဘယ်တော့မှ မတွဲတော့ပါဘူး။ နှစ်ယောက်စလုံး အရွယ်ကျလာကြတဲ့အချိန်ကျမှ ရုပ်ရှင်ကား တစ်ကားတည်းမှာသာ ပြန်ပြီး သရုပ်ဆောင်ခဲ့ကြပါတယ်။

အခု **ချစ်လှစွာသော အမုန်း**မှာ သရုပ်ဆောင်ထားကြတဲ့ မင်းသမီးနှစ်လက်ကတော့ တစ်ယောက်နဲ့တစ်ယောက် ညစ်ကြတာမရှိ၊ တစ်ယောက်ကိုတစ်ယောက် ပို့ပေးကြတာကို တွေ့ရပါတယ်။ ဒါရိုက်တာကလည်း မင်းသမီးနှစ်ယောက်စလုံးရဲ့ သရုပ်ဆောင်ချက်တွေကို ပေါ်လွင်အောင် ရိုက်ကူးပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော့်အမြင်အနေနဲ့ သုံးသပ်ရမယ်ဆိုရင် ၂၀၁၅ သရုပ်ဆောင်ထူးချွန်ဆုပေးပွဲမှာ သူတို့နှစ်ယောက်အတွက် ရွှေစင်ရုပ်ဆုကို မျှော်လင့်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ ကျွန်တော့်သုံးသပ်ချက် ဖြစ်နိုင် မဖြစ်နိုင်ဆိုတာကို ၂၀၁၆ ခုနှစ်ဆန်းမှာ ရုံတင်လာမယ့် **ချစ်လှစွာသောအမုန်း**မှာ အကဲဖြတ်ကြည့်ကြပါစို့။ ■

**မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ညကျောင်း ရုပ်ရှင်ထုတ်လုပ်ရေး အတွက် ပထမဆုံး ပွဲဦးထွက် ရိုက်ကူးတဲ့ ရုပ်ရှင်ဇာတ်ကားက ANANDA: RISE OF NOTRA ဆိုတဲ့ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာ ညီမင်းလွင်က

## ရိုက်ကူးပြီးသမျှ အားရနေတဲ့

# ANANDA:RISE OF NOTRA

ခင်လေးမြင့်

ရိုက်ကူးတာဖြစ်ပြီး ဖြိုးငွေစိုး၊ စိုင်းလွှမ်း၊ သားညီ၊ နေဝင်း၊ ကျော်ကိုကိုဇေ၊ နန်းဆုဦး၊ သက်ထားဝေဇင်၊ ကေရီမှူးပိုင်၊ နန်းထိုက်အောင် စတဲ့ သရုပ်ဆောင်များနဲ့ ရိုက်ကူးနေတဲ့ သိပ္ပံရုပ်ရှင် ဇာတ်ကားတစ်ကား ဖြစ်တယ် ဆိုတာ ပရိသတ်တွေ သိထားပြီးသားဖြစ်မှာပါ။ ဒီဇာတ်ကားက အရင်တုန်းက ရိုက်ကူးနေတဲ့ ဇာတ်ကားတွေနဲ့ မတူဘဲ အချိန်များစွာပေးပြီး ရိုက်ကူးရမယ့် ဇာတ်ကားတစ်ကား ဖြစ်တယ်လို့လည်း ဒါရိုက်တာ ညီမင်းလွင်က ဒီဇာတ်ကား မရိုက်ကူးခင်ကတည်းက ပြောထားတာပါ။ ANANDA: RISE OF NOTRA ဇာတ်ကား ရိုက်ကူးရေးကို ၂၀၁၅ ခုနှစ်





www.burmeseclassic.com

www.burmeseclassic.com

အောက်တိုဘာလမှာ စတင်ရိုက်ကူးနေပြီး ရိုက်ကူးမယ့် ကင်မရာကို စင်ကာပူနိုင်ငံရှိ Panasonic ကုမ္ပဏီကနေ ငှားရမ်းရိုက်ကူးတာဖြစ်ပါတယ်။ ရိုက်ကူးမှုပိုင်းအနေနဲ့ ရာခိုင်နှုန်းနဲ့ကြည့်မယ်ဆိုရင် တော်တော်များများ ကျန်ပါသေးတယ်လို့ ဆိုတဲ့ ဒါရိုက်တာ ညိုမြင်းလွင်က ရိုက်ကူးရေးအခက်အခဲနဲ့ ပတ်သက်ပြီး 'မျှော်လင့်ထားပြီးသားအခက်အခဲတွေ ရင်ဆိုင်ရပါတယ်။ သာမန်ထက် အချိန်ပိုကြာတယ်။ တစ်နေ့ကို ဘယ်နကတ်ပြီးလဲပဲ မေးလို့ရမယ်။ တစ်နေ့ကို ဘယ်နဆင်းန်ပြီးလဲ မေးလို့မရဘူး။ ဒီကားမှာပါဝင်တဲ့ သရုပ်ဆောင်တွေကိုလည်း ဇာတ်ကားမရိုက်ခင်ကတည်းက ကြိုတင်ပြောပြီးသားပါ။ သရုပ်ဆောင်တွေက ပေးတဲ့ရက်များမှာရိုက်တယ်။ သရုပ်ဆောင်တွေရဲ့ တခြားအလုပ်တွေ မထိခိုက်အောင် သူတို့နဲ့ညှိပြီးရိုက်တယ်။ စာရွက်ပေါ်မှာရှိထားပြီးသားတွေကို အပြင်မှာ ကွက်တိရအောင်လုပ်ဖို့ဆိုတာ ကျွန်တော်တို့ ရုပ်ရှင်လောကမှာ မဖြစ်နိုင်သေးဘူး။ ရှိပြီးသားတွေကို ဘယ်လိုပြုပြင်ပြောင်းသုံးရင်ရမလဲဆိုပြီး ပြောင်းပြန် ပြန်စဉ်းစားရတယ်။ ရိုက်ရတာလက်ဝင်တယ်။ ဇာတ်ဝင်ခန်းတစ်ခုတည်းကို နေရာလေးနေရာလောက် ခွဲပြီးရိုက်ရတယ်။ အဲဒါမျိုးတွေတော့ရှိတယ်'လို့ ဆိုပါတယ်။

ဒါရိုက်တာ ညိုမြင်းလွင်က **ANANDA: RISE OF NOTRA** ဇာတ်ကား ရိုက်ကူးရေးနေရာများကို ရန်ကုန်မြို့ရဲ့နေရာအချို့မှာ ရိုက်ကူးတာဖြစ်ပြီး ဆက်တင်လုပ်ပြီး ရိုက်ကူးရတာတွေရှိပါတယ်။ ဒီဇာတ်ကားရိုက်ကူးရာမှာ ပြင်ပမှာမြင်ရတဲ့ မြင်ကွင်းတွေအတိုင်း မြင်ရမှာမဟုတ်ဘဲ ပြောင်းလဲမြင်ရအောင် ရိုက်ကူးထားတယ်လို့ သိရပါတယ်။ 'အတတ်နိုင်ဆုံး ဆင်းန်ပေါ်မှာ Reality ဖြစ်ဖို့ အားကိုးပါတယ်။ ကွန်ပျူတာ သမားတွေကို ယုံကြည်တယ်၊ တော်တယ်၊ နောက်ကနေ စက်ပစ္စည်းပံ့ပိုးနိုင်တာက တော့အားနည်းတယ်၊ Visual Effect ရဖို့ နိုင်ငံခြားမှာလို လူရာနဲ့ချီ သုံးနိုင်တဲ့အဖွဲ့ မရှိ ဘူး။ စက်တွေကို မယုံတာ ရယ်၊ လူအများကြီးနဲ့ မလုပ် နိုင်တာရယ်ကြောင့် Reality ဖြစ်အောင်လုပ်တယ်၊ မော် နီတာထဲမှာ ကြည့်တယ်၊ မကြိုက်ရင် ချက်ချင်းပြင် တယ်'လို့ ညိုမြင်းလွင်က ဆို ပါသေးတယ်။

Notra အဖြစ် သရုပ် ဆောင်မယ့် သက်ထားဝေ ရဲ့ဇာတ်ဝင်ခန်းတွေ အခု တော့ မရိုက်ရသေးပါဘူး။ ဒီ ဇာတ်ကားမှာ ပါဝင်သရုပ် ဆောင်မယ့် သရုပ်ဆောင်တွေ က လေး၊ ငါး၊ ခြောက် အတွင်း ဆံပင်ပုံစံပြောင်း အစီအစဉ် မရှိသူတွေလည်း ဖြစ်ပါတယ်။ အခုလော ဆယ် ရိုက်ကူးပြီးထား









www.burmeseclassic.com

www.burmeseclassic.com




ဇာတ်ဝင်ခန်းတွေထဲမှာ ကြို
ဘင်ပြင်ဆင်ပြီး ပရိသတ်တွေ
စိတ်ဝင်စားတဲ့ ဇာတ်ကောင်
တစ်ကောင် ရှိပါသေးတယ်။
အဲဒီ ဇာတ်ကောင်က အမေရိ
ကန်သမ္မတ ဖြစ်ပါတယ်။
အမေရိကန်သမ္မတကတော်
…ရှယ်အိုဘားမားရဲ့ ပုံစံကို
သရုပ်ဆောင်ဖို့ နန်းထိုက်
အောင်ကို ရွေးချယ်ထားခဲ့
တယ်ဆိုတာကို ပရိသတ်တွေ
သိထားပြီးသားပါ။ 'အမေရိ
ကန်သမ္မတကို မြန်မာဇာတ်
…ထဲမှာ ပထမဆုံး မြင်ရ
…ဖြစ်တယ်။ အမေရိကန်
…တက စိတ်ကူးယဉ်ပြီး
…လို့ရတဲ့ပုံစံလည်း မဟုတ်
… အာကာသယာဉ်ဆိုတာ
…စိတ်ကူးယဉ်ပြီး လုပ်လို့
…တယ်။ Oval Office
… အမေရိကန်သမ္မတတို့
…က စိတ်ကူးယဉ်ပြီး
…လို့မရဘူး။ နန်းထိုက်
…ကို အမေရိကန်သမ္မတ
… သရုပ်ဆောင်မယ်လို့ ရွေး
… အာရှသူတစ်ယောက်
… လုပ်နိုင်ပါ့မလား၊
…ငယ်တော့ လုပ်နိုင်ပါ့
…ဆိုပြီး ပြောကြတယ်။
… House အတွက်ရော
… တစ်ခုပါ။ တစ်
… အမေရိကန်သမ္မတ
… …ကပ်စမ်းလိမ်းတယ်။
… သွားမကြည့်ဘဲ
… စောင့်နေတယ်။
…ကို နန်းထိုက်အောင်
…တဲ့အချိန် စက္ကန့်ပိုင်း
… ခုနက Challenge
…ပြီလို့ သိလိုက်ရ
… …ရှေ့ကို နီဂရိုးကြီး
…တယ်လို့ ခံစား
…တယ်။ ပရိသတ်တွေ
…လို စိုးရိမ်သလို

မဟုတ်တော့ဘူး။ အာဖရိကဖွား အမေရိကန်သမ္မတကို မြင်ရမယ်လို့ ဒါရိုက်တာ ညီမြင်းလွင်က ဆိုပါတယ်။ Oval Office ရဲ့ တချို့ ဇာတ်ဝင်ခန်းများကို ရိုက်ကူးပြီးထားပြီး မကျေနပ်မချင်း၊ လိုချင်တာမရမချင်း စောင့်ဆိုင်း ရိုက်ကူးထားတယ်လို့ သိရပါတယ်။

ရိုက်ကူးဖို့ တော်တော်များများ ကျန်သေးပေမဲ့ ရိုက်ပြီးသမျှတွေကို ကျေနပ်အားရထားပါတယ်။ ရိုက်ကူးရေးအတွက် အဆင်ပြေပါ့မလား၊ ပီပြင်ပါ့မလားလို့ စိုးရိမ်သူတွေကျေနပ်မယ့် အတိုင်းအတာတစ်ခုတော့ ရှိနေပါတယ်။ **ANANDA: RISE OF NOTRA** ဆိုတဲ့ ဇာတ်ကားမှာ မြန်မာစကားကို အဓိက ပြောမှာဖြစ်ပေမဲ့ ပြင်သစ်၊ အင်္ဂလိပ်နဲ့ တရုတ်စကားပြောတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဇာတ်ဝင်ခန်းတွေ ပါဝင်တာကြောင့် အင်္ဂလိပ်စကားပြော ပါဝင်တာဖြစ်ပြီး ပြင်သစ် စကားပြောကတော့ Notra က သေဆုံးသွားပြီဖြစ်တဲ့ ပြင်သစ်လူမျိုး Notradamus ဝင်စားတာဖြစ်တဲ့အတွက် ပြင်သစ်စကားပြော ပါဝင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ထားဝေဇင်က ပြင်သစ်စကားပြောရမှာဖြစ်တဲ့အတွက် ကြိုတင်ကျက်ထားဖို့တော့ လိုအပ်မှာပါ။ အမေရိကန်ဖွား တရုတ်လူမျိုး အာကာသယာဉ်မှူးတစ်ယောက်လည်း ပါဝင်တာဖြစ်တဲ့အတွက် အဲဒီ အာကာသယာဉ်မှူးက သူ့ရဲ့ကမ္ဘာကို ဆက်သွယ်တဲ့အခါ တရုတ်ဘာသာစကားကို ပြောရမှာဖြစ်တာကြောင့် တရုတ်စကားပြောလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီဇာတ်ကားရဲ့ ရိုက်ကူးရေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ပြီးဖို့တော့ ခန့်မှန်းထားတာပါ။ ဒီဇာတ်ကားရဲ့ ရိုက်ကူးရေးက အချိန်ပိုပေးရတာကြောင့် အချိန်ကြာတာနဲ့အမျှ ကုန်ကျစရိတ်ကလည်း တက်မှာဖြစ်တာကြောင့် မြန်မြန်ပြီးအောင် ရိုက်ဖြစ်မှာ စိုးတဲ့အတွက် ကုန်ကျစရိတ်ကို မတွက်ထားဘူးလို့ သိရပါတယ်။ ■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





ယ်ကျော်သက်
ရိုသတ်များ အကြိုက်
စ်တဲ့ သရုပ်ဆောင်၊
ဆိုတော်စိုင်းစိုင်းခမ်းလှိုင်က
၁၆ ဇန်နဝါရီလမှာ သူ
ဓိကသရုပ်ဆောင်အဖြစ်
ဝင်ထားတဲ့ ရုပ်ရှင်ဇာတ်ကား
ရုံတင်ပြီးမှ နောက်ကားရိုက်ဖို့
ဆက်စဉ်းစားမယ်လို့ ပြောခဲ့တာကြောင့်
င်းစိုင်း ကားရိုက်မယ့်အစီအစဉ်များ၊
သီချင်းဆိုမယ့်အစီအစဉ်များနဲ့
ားစီးရီးစီစဉ်နေမှုများကို
အမြုတေပရိသတ်များအတွက်
ကြည့်ဖြစ်ခဲ့ပါတယ်။
ရင်ဆုံး မေးချင်တာကတော့ စိုင်းစိုင်းကိုယ်တိုင်
စဉ်ပြီး သူငယ်ချင်းများနဲ့ သီဆိုဖျော်ဖြေမယ့်
Brand's Concert ကို ဘာလို့ စီစဉ်ဖြစ်ခဲ့တာလဲ။
ါကတော့ နှစ်ဦးနှစ်ဖက်ပါပဲ။ Brand's ကလည်း
နှ်တော့်ကို ပြီးခဲ့တဲ့နှစ် မတ်လလောက်
တည်းက စပြီးတော့ Brand Ambassador အဖြစ်
န့်အပ်ခဲ့ပါတယ်။ Brand Ambassador ခန့်အပ်တဲ့

# ဒေါင်ရဲ့ နတ်သမီးများ ရုံတင်ပြီးမှ ဘာဆက်ဖို့

# စိုင်းစိုင်း

လင်းနိုင်ဦး







www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်မှာ ကြော်ငြာတွေ ရိုက်ပေးဖို့အပြင် ဒီလို Music Concert တွေ စီစဉ်ပေးဖို့အထိ သဘောတူခဲ့ပါတယ်။ ဘရင်းကလည်း ကျွန်တော်လုပ်တဲ့ပွဲတွေကို ပံ့ပိုးပေးတယ်။ ကျွန်တော်ကလည်း ဒီလိုပွဲတစ်ပွဲကို ခမ်းခမ်းနားနားနဲ့ စီစဉ်တင်ဆက်ဖို့ လုပ်ထားတာနဲ့ တိုက်ဆိုင်လို့ပါ။

**ခမ်းခမ်းနားနား တင်ဆက်ဖို့ ဘယ်လိုတွေလုပ်ထားပြီးပြီလဲ။**

ကျွန်တော့်ရဲ့မွေးနေ့မှာ ကျင်းပတဲ့ April 10 th Show ကို ကျွန်တော်တို့ စီစဉ်တဲ့ပုံစံအတိုင်း စတိတ်ဒီဇိုင်းအပြင် အဆင်ကိုလည်း ခမ်းခမ်းနားနားဖြစ်အောင် ကျွန်တော်တို့ စီစဉ်တယ်။ ပြီးတော့ ပါဝင်တဲ့ အဆိုတော်အားလုံးလည်း တစ်ယောက်နဲ့တစ်ယောက် သီချင်းတွေ ညှိနှိုင်းပြီးတော့ ဒီပွဲတစ်ခုလုံးကို ပျော်ရွှင်စရာဖြစ်အောင်၊ တက်ကြွစရာဖြစ်အောင်၊ လာတဲ့ပရိသတ်တွေ စိတ်ကျေနပ်မှုရအောင် ကျွန်တော်တို့ ပြင်ဆင်ပြီး ကြိုးစားသွားပါမယ်။

**မကြာခင် နှစ်ကုန်တော့မယ်ဆိုတော့ စိုင်းစိုင်းရဲ့မွေးနေ့ April 10 th Show ဆက်လုပ်ဖြစ်ဦးမလား။**

အဲဒီပွဲကတော့ မသေချာသေးပါဘူး။ ကျွန်တော် ပြီးခဲ့တဲ့နှစ်တုန်းကလည်း ပြောခဲ့ဖူးပါတယ်။ လာမယ့်နှစ် လုပ်ဖြစ်မယ်၊ မလုပ်ဖြစ်ဘူးဆိုတာ မသေချာဘူးလို့ ပြောခဲ့ပါတယ်။ ကျွန်တော် လုပ်ချင်ပါတယ်။ ဒါကတော့ အမှန်အတိုင်း ရိုးရိုးသားသား ဝန်ခံတာ။ ကျွန်တော်တစ်ယောက်တည်း ဆန္ဒအနေနဲ့ ကျွန်တော် လုပ်ချင်ပါတယ်။ ဒါပေမဲ့ ပွဲလုပ်ဖို့ကျတော့ လာကြည့်မယ့် ပရိသတ်တွေရော၊ ပံ့ပိုးကူညီမယ့် စပွန်ဆာ အစ ရှိသဖြင့် အခြားအနုပညာရှင်တွေ၊ သူငယ်ချင်းတွေအားလုံး အကြောင်းအကုန်လုံး တိုက်ဆိုင်ပြီး စုစုစည်းစည်းနဲ့ စီစဉ်နိုင်မှဖြစ်မှာ ဆိုတော့ ပွဲလုပ်ဖို့တော့ မသေချာသေးပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့တော့ ကျွန်တော် လုပ်ချင်တယ်။

**စိုင်းစိုင်းက မသေချာသေးဘူး ဆိုပေမဲ့ ဒီနှစ်ဒီအချိန် ရောက်ရင် ဒီပွဲကို မျှော်နေကြမယ့် ပရိသတ်တွေ ရှိနေမယ် မဟုတ်လား။ စိုင်းစိုင်းက နှစ်တွေ အများကြီး လုပ်ခဲ့တယ်လေ။**

အဲဒါကြောင့် ကျွန်တော့် ပရိသတ်တွေရဲ့ ဆန္ဒကိုလည်း ကျွန်တော် မေးချင်ပါတယ်။ အားလုံးက လာကြမယ်၊ ကြည့်ကြမယ်။ နှစ်တိုင်း အစဉ်အလာမပျက် ကျွန်တော်တို့ ဆင်နွဲကြမယ်လို့ပြောလာရင် ဒီအတွက် အတိုင်းထက် အလွန်ပေါ့။

**စိုင်းစိုင်းရဲ့ Fan ပရိသတ် ဘယ်လောက်ရှိ သွားပြီလဲ။**

အဲဒါကတော့ မသိပါဘူး။ အမြဲတမ်း ကျွန်တော့်ရဲ့ Concert တွေ၊ အခွေထွက်တဲ့ ပရိုမိုးရှင်းပွဲတွေ၊ ကျွန်တော့် ရုပ်ရှင်ကားတွေကို တော့ ကျွန်တော့်ပရိသတ်တွေက ကျွန်တော် မျက်နှာမငယ်ရ အောင် တက်တက်ကြွကြွ လာ ပြီးတော့ အားပေးကြပါတယ်။ အဲဒီအရေအတွက်ကလည်း အတိုင်းအတာတစ်ခု အထိ ကျွန်တော့်ရဲ့ အမာခံပရိသတ် တွေရှိတယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်။ ဘယ်လောက်ရယ်လို့ အတိ အကျတော့ မဟုတ်ဘူးပေါ့။

**ဖေ့စ်ဘွတ်ခ်ပေါ်က ပရိသတ်တွေကရော ဘယ် လောက်များများ ရှိနေပြီလဲ။**

ဖေ့စ်ဘွတ်ခ်အနေနဲ့ လည်း ကျွန်တော် ဖေ့စ် ဘွတ်ခ်သုံးဖြစ်တဲ့အချိန် တော့ ဒီအပေါ်မှာ လာပြီ



www.burmeseclassic.com

www.burmeseclassic.com

...ကားပြောဖြစ်ကြတယ်။ ...ချက်တွေ လာပေးကြ...တယ်ပေါ့ဗျာ။ အဲဒီလို ပရိ...သတ်တွေလည်း ရှိပါတယ်။

**၂၀၁၆ မှာ ရုံတင်ဖို့ ...ကားလည်း ရှိတယ်နော်။ ...ရုပ်ရှင်ထပ်ရိုက်ဖို့ရော ဘာ...တွေစီစဉ်ထားလဲ။**

လောလောဆယ်တော့ ...ကားအသစ်ထပ်ရိုက်ဖို့ အစီ...အစဉ် လုံးဝ မရှိပါဘူး။ ... မစီစဉ်ရသေးပါဘူး။ ...တင်ဖို့ကတော့ ကျွန်တော် ...ခေါင်းဆောင်မင်းသားအနေ...နဲ့ ပထမဦးဆုံးရိုက်တဲ့ **ဇော်ရဲ့ ...သမီးများ** ဇာတ်ကားက ၂၀၁၆ ဇန်နဝါရီလထဲမှာ ...တင်ပြသပါမယ်။ မြန်မြန်ပြ...ချင်လို့ ဘီရုံတွဲနဲ့ ပြပေးသွား...ပါမယ်။

**စိုင်းစိုင်းက အရုံတွဲနဲ့ ...တဲ့ ဘီရုံတွဲနဲ့ ပြဖို့ ဘာ...လို့ ဆုံးဖြတ်ရတာလဲ။**

အရင်ဆုံး တင်နိုင်တဲ့ ...မှာ တင်ဖို့ပဲ စဉ်းစားပါ...တယ်၊ ဘီရုံတွဲမှာတင်လို့ ...ကျွန်တော့်ပရိသတ်တွေ စော... ကြည့်ရမယ်ဆိုရင် အေ... မဟုတ်ဘူး၊ ဘီရုံတွဲ ... တင်မယ်။ ဒီထက်ပို ... စီရုံတွဲ ရှိမယ်ဆိုရင် ...မှာလည်း တင်မှာပဲ။ မြန်...ချင်တယ်၊ မြန်မြန်ရုံ...တင်ချင်တယ်။

**ဇော်ရဲ့နတ်သမီးကို ...သူရိုက်ပေးထားတာ ... သရုပ်ဆောင်တွေက ...သူတွေပါသေးလဲ။**

ဒါရိုက်တာ ဦးမီးပွား ...မင်းသမီး ၅ ယောက်ပါ...တယ်၊ မေကရေ့စ်၊ သူက ...ယ်လ်ပါ။ ပရော်ဖက်ရှင် ...ရုပ်ရှင်သရုပ်ဆောင် မဟုတ်ပါဘူး။ ဒါ သူ့ရဲ့ ပထမဆုံး ရုပ်ရှင်ဇာတ်ကားပါ။ နောက်တစ်ယောက်က ပိုင်ဖြိုးသုပါ။ ပိုင်ဖြိုးသုကတော့ အခု ပရော်ဖက်ရှင်နယ် သရုပ်ဆောင်တစ်ယောက်ပါ။ သူ့အတွက်လည်း ဒါ ပထမဆုံး ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။ MRTV-4 ဇာတ်လမ်းတွဲထဲက ဝင့်ယမုံလှိုင်လည်း ပါတယ်။ သူ့အတွက်လည်း ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။ ပြီးတော့ မော်ဒယ်လ် မရီနာ ပါပါတယ်။သူက အခု မာရီကိုးလ် ဆိုပြီးတော့ အမည်ပြောင်းထားပါတယ်။ သူ့အတွက်လည်း ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ နောက်တစ်ယောက်က ကျွန်တော့်ရဲ့ အပြင်က သူငယ်ချင်း မြနှင်းရည်လွင်ပါ။ သူက ကျွန်တော့် *အဲဗားဂေါ်လီ* အခွေမှာတုန်းက သီချင်းတစ်ပုဒ်မှာ ဝင်ပြီး သရုပ်ဆောင်ပေးဖူးပါတယ်။ နောက်တော့ သူက မော်ဒယ်လ်အနေနဲ့ ခဏ လှုပ်ရှားခဲ့ပါတယ်။ သူ့အတွက်လည်း ဒါက ပထမဆုံး ရုပ်ရှင်ကားပါပဲ။

**ဒါဆိုရင် စိုင်းစိုင်း အတွက်လည်း ပထမဆုံး ခေါင်းဆောင်မယ့်ကားပေါ့။ ဘာဖြစ်လို့ ပထမဆုံးတွေ တိုက်ဆိုင်နေရတာလဲ။**

ဟုတ်ပါတယ်။ ကျွန်တော်က ရှေ့ပိုင်းမှာ အတွဲတွေ၊ အပြိုင်တွေ သရုပ်ဆောင်ခဲ့ပေမဲ့ ခေါင်းဆောင်မင်းသားအနေနဲ့တော့ ဒါ ပထမဆုံးကားပါ။ တိုက်ဆိုင်မှုတစ်ခုလို့ပဲ ပြောရပါမယ်။ သူ့နဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ပေါ့။ ဒီကားအနေနဲ့ပြောမယ်ဆိုရင် ကျွန်တော့်အတွက် ဒီဇာတ်ကားက နောက်ထပ် ဘဝအတွက် စိန်ခေါ်မှုကြီးမားတဲ့ စာမေးပွဲတစ်ခုလိုမျိုး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဖြေခဲ့ပြီးပါပြီ။ အောင်စာရင်းကိုပဲ ရင်တမမနဲ့ စောင့်ကြည့်ရမှာပါ။ ဒါကတော့ ပရိသတ်အားပေးမှု၊ ပရိသတ်ကြည့်ရှုအကဲဖြတ်မယ့် အပိုင်းပေါ့။ နောက်ထပ်ထပ် ရိုက်ဖို့နဲ့ ထပ်ရိုက်မယ်ဆိုတာ ဒီကားပေါ်မှာ မူတည်တယ်။ ဒါပြီးမှ ကျွန်တော် ပြန်ပြီးစဉ်းစားမှာပါ။ ကျွန်တော် ရိုက်ထားပြီးတဲ့ကား အခုဆို ၆ ကားလောက် ရှိပါပြီ။ ရုံမတင်ရသေးတာလည်း ရှိသေးတယ်။ ဒီကားတွေ ထွက်လာပြီးတော့မှပဲ ကြည့်ရမှာပါ။ ကျွန်တော်တို့ ရိုက်ထားတာကို ပရိသတ်တွေ ကြည့်ပျော်တယ်၊ ပရိသတ်တွေ လက်ခံတယ်၊ ပရိသတ်တွေ အားပေးတယ်ဆိုတာ ကြည့်ရပါဦးမယ်။ ရှေ့ပိုင်းမှာပြောသလို စာမေးပွဲဖြေထားတာ အောင်စာရင်း ထွက်လာပြီးတော့မှပဲ ဆက်လုပ်ဖို့ ကျွန်တော် စဉ်းစားရမှာပေါ့။

**ရှိုးပွဲဆိုကြတဲ့ အဆိုတော်တွေကို စာနယ်ဇင်းတွေရော၊ ပရိသတ်တွေကပါ မေးကြတာတွေ ရှိပါတယ်။ သီချင်းဟောင်းပဲ ပြန်ဆိုမှာလား။ နောက်ထပ်လုပ်ထားတာ ဘာရှိလဲ။ ဘယ်တော့ အခွေသစ် ထွက်မှာလဲပေါ့။**

ကျွန်တော် လုပ်ထားတာ ရှိပါတယ်။ ဒီဇင်ဘာမှာ ကျွန်တော် ဆင်ဂဲလ်သီချင်း အသစ်တစ်ပုဒ် ထွက်ပါမယ်။ အဲဒီသီချင်းကို ဒီလထဲမှာ ကျင်းပမယ့် Brand's Concertပွဲမှာ ကျွန်တော် အဲဒီသီချင်းကို ပထမဦးဆုံး ဆိုပါမယ်။ ဒီသီချင်းကို အွန်လိုင်းကနေ ဒစ်ဂျစ်တယ်ပုံစံနဲ့ တစ်ပုဒ်ချင်းစီ ရောင်းချသွားပါမယ်။ ပထမဆုံး သီချင်းကိုတော့ *ဂေါ်တယ် မိုက်တယ်* လို့ အမည်ပေးထားပါတယ်။ အဲဒီသီချင်းကို ဒီဇင်ဘာမှာ ဖြန့်ပြီးရင် ဇန်နဝါရီလကျတော့ နောက်တစ်ပုဒ် ထပ်ဖြန့်မယ်။ နောက်တစ်လ နောက်တစ်ပုဒ်။ နောက်ထပ်တစ်လ နောက်တစ်ပုဒ်နဲ့ လေးပုဒ်လောက် ဖြန့်ပြီးရင် အယ်လ်ဘမ်တစ်ခုလုံးကို ဖြန့်ချီပေးပါမယ်။

**တေးစီးရီး Title ကို ဘယ်လို နာမည်ပေးထားလဲ။**

လောလောဆယ်တော့ ကျွန်တော် စဉ်းစားထားတာ သုံးခုလောက်ဖြစ်နေတော့ လောလောဆယ် မပြောပါရစေနဲ့။ သေချာသွားရင် ကြေညာပေးပါမယ်။

**ရှိုးပွဲတွေအနေနဲ့ရော ဘယ်နပွဲ ဆိုသွားမှာလဲ။ မန္တလေးမှာလည်း လုပ်ဦးမှာ မဟုတ်လား။**

ဟုတ်ပါတယ်။ ရှိုးပွဲအနေနဲ့ မန္တလေးမှာ ဒီဇင်ဘာ ၄ ရက်နေ့လုပ်ပြီးမှ ရန်ကုန်ပွဲ လုပ်မှာပါ။ နောက်ထပ် စီစဉ်ထားတာတွေတော့ ရှိပါတယ်။ ဒါပေမဲ့ သေတော့ မသေချာသေးပါဘူး-လို့ စိုင်းစိုင်းခမ်းလှိုင်က ဖြေကြားပေးခဲ့ပါတယ်။

■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အမ်မာ ရောဘတ်စ်

ရီတာအောင်၊ NY၊

ရုပ်သံစီးရီးတွေကို အပီအပြင် စောင့်ကြည့်အားပေးနေတဲ့ ပရိသတ်အတွက် စိတ်ကြိုက်တွေ့စေမယ့် ရုပ်သံစီးရီးအသစ် **Scream Queens** အမည်နဲ့ စက်တင်ဘာလ ၂၂ ရက်နေ့က စတင်တင်ဆက်ပြသလာပါပြီ။

Ryan Murphy, Brad Falchuk နှင့် Ian Brennan ဆိုတဲ့ ဒါရိုက်တာ သုံးယောက်ပေါင်း ရိုက်ကူးကာ အတူပူးတွဲ ထုတ်လုပ်ထားပါတယ်။ ဇာတ်လမ်းကို လူဝီစီယားနားပြည်နယ် New Orleans မြို့မှာ အခြေခံထားပြီး မင်းသမီးကလေး Emma Roberts ကို ခေါင်းဆောင်အဖြစ် ပွဲထုတ်ထားပါတယ်။ ဒါရိုက်တာ ရိုင်ရန်မာဖီက လက်ရှိ ရုပ်သံချန်နယ်လိုင်း Fox တွင် ပြသနေဆဲ Glee နှင့် **American Horror Story** ရုပ်သံဇာတ်လမ်းတွေကိုလည်း တာဝန်ယူရိုက်ကူးနေသူပါ။ အမ်မာရဲ့နာမည်အပြည့်အစုံက Emma Rose Roberts ဖြစ်ကာ ဟောလိဝုဒ်ရဲ့ ထင်ရှားလှတဲ့ မင်းသမီးကြီး Julia Roberts တူမအရင်း ဖြစ်တယ်။

ငှင်းရဲ့ဖခင်ကိုယ်တိုင်လည်း Eric Roberts အမည်နဲ့ သရုပ်ဆောင်နေပါတယ်။ မင်းသမီးလေး အမ်မာက တစ်ဦးတည်းသောသမီး ဖြစ်ပါတယ်။ သူမအသက် ၁၀ နှစ်သမီးအရွယ်ကတည်းက အနုပညာလောကထဲ ခြေချလာခဲ့သူပါ။ ၂၀၀၁ ခုနှစ်မှာ မင်းသား ဂျော်နီဒပ်၊ မင်းသမီး ပီနယ်လိုပီခရုဇ်တို့နဲ့ **Blow** ရုပ်ရှင်မှာ စတင်သရုပ်ဆောင်ခဲ့တယ်။ ၂၀၀၄ ခုနှစ် စက်တင်ဘာကနေ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအထိ ဇာတ်လမ်းတွဲပေါင်း ၄၁ ပုဒ်တိုင်အောင် တင်ဆက်ခဲ့ရတဲ့ Unfabulous ရုပ်သံစီးရီးမှာ Addie Singer အဖြစ် သရုပ်ဆောင်ချိန်ကစပြီး ပရိသတ်တွေ သတိထားမိခြင်း ခံခဲ့ရတယ်။

သရုပ်ဆောင်ပါမက ငှင်းစီးရီးတွင် သီချင်းပါ ဆိုခွင့်ရခဲ့ပြန်တယ်။ ယခု အသက် ၂၄ အရွယ်မှာ ရုပ်သံစီးရီးပေါင်း ၉ ခု၊ ရုပ်ရှင် ၂၉ ကား လက်ခံရိုက်ကူးပြီးလေပြီ။ အမ်မာ ငယ်စဉ်က အဒေါ်ဖြစ်သူ ဂျူလီယာရောဘတ်စ်ရဲ့ ရုပ်ရှင်ရိုက်ကွင်းများသို့ တကောက်ကောက် လိုက်ပါသွားတတ်တယ်။ Glamour မဂ္ဂဇင်းက မင်းသမီးလေး အမ်မာကို တွေ့ဆုံအင်တာဗျူး ထားပါတယ်။

**မင်းအသက် ကိုးနှစ်၊ ဆယ်နှစ်အရွယ်ကလေးမှာ မင်းသား ဂျော်နီဒပ်နဲ့ အတူတွဲသရုပ်ဆောင်ခွင့် ရခဲ့တယ်။ အဲဒီအခွင့်အရေးကို ဘယ်လိုရခဲ့တာလဲ။**



www.burmeseclassic.com




မင်းသမီးကြီး Julia Roberts နဲ့အတူ...




ဖခင် Eric Roberts နဲ့အတူ



ကျွန်မအမေက ကျွန်မကို သရုပ်ဆောင်တစ်ယောက် မဖြစ်စေချင်ဘူး။ ကျွန်မက သူ့ကို 'ကျွန်မရဲ့ စိတ်ကူးအိပ်မက်တွေကို အမေက ပံ့ပိုးကူညီမှု မပြုပါလား' လို့ စကားနာထိုးမိတယ်။ ဒါနဲ့ပဲ ကျွန်မကို သရုပ်ဆောင်ရွေးပွဲတစ်ခုဆီ သွားခွင့်ပြုခဲ့တာ။ သူ့စိတ်ထဲမှာတော့ အရွေးချယ်မခံရဘဲ ငြင်းပယ်ခံခဲ့ရရင် ဘယ်လိုဆို သိသွားလိမ့်မယ်လို့ တွေးထားမှာပေါ့လေ။ အဲဒါ **Blow** ရုပ်ရှင်အတွက်ပဲ။ ကျွန်မ အရွေးခံခဲ့ရတယ်။ ဂျော်နီဒပ်ကိုယ်တိုင် လက်မှတ်ထိုးပေးထားတဲ့ ဓာတ်ပုံကလေးလည်း ရခဲ့သေးတယ်။ သူက ဓာတ်ပုံနောက်ကျောမှာ 'To Emma, one of the most beautiful people I've ever met. Love, Johnny' လို့ ရေးပေးလိုက်သေးတာ။ အဲဒီအရွယ် ၉ နှစ်သမီးတုန်းက ဂျော်နီဒပ်ဆိုတာ ဘယ်လောက်နာမည်ကြီးတဲ့ မင်းသားဆိုတာမသိနားမလည်သေးဘူး။ ဒါပေမဲ့ ၁၆ နှစ်သမီးအရွယ်လောက်ရောက်တော့ 'အိုး... ဘုရားရေ' ဆိုပြီး ဖြစ်သွားတာ။

**ဒီလောက် အသက်အရွယ်ငယ်ငယ်လေးမှာ ဒီလုပ်ငန်းထဲ မင်းဝင်ချင်စိတ် ဘယ်လိုများဖြစ်လာခဲ့တာလဲ။**

ကျွန်မငယ်ငယ်က အမေနဲ့ ကျွန်မအန်တီ ဂျူလီယာနဲ့ အတူတူ နေကြတာ။ အန်တီ့ရုပ်ရှင်ရိုက်ကွင်းတွေထဲ ကျွန်မကြီးပြင်းအရွယ်ရောက်ခဲ့တာပေါ့။ **Erin Brockovich** ရုပ်ရှင်ရိုက်ကွင်းမှာ ကျွန်မ Polaroid ကင်မရာနဲ့ ဓာတ်ပုံအရိုက်ခံထားတာလေး မကြာသေးခင်က ရှာတွေ့ခဲ့တယ်။ ရိုက်ကွင်းမှာပျော်လွန်းလို့ ပါးစပ်ကြီးကို ပြနေအောင် ရယ်နေတာ။ အဲဒီက ပြန်ရမယ်ဆို ကျွန်မ ငိုတာပဲ။ ကျွန်မစိတ်ထဲမှာ ရုပ်ရှင်ရိုက်ကွင်းကို အပျော်ခရီးထွက်ရတဲ့ စခန်းတစ်နေရာလို့ ထင်နေမိတာကြောင့်ပဲ။

**မင်းက ဆယ်ကျော်သက်အရွယ် မတိုင်ခင်ကရော၊ ဆယ်ကျော်သက်အရွယ်မှာပါ ရုပ်ရှင်တွေ၊ စီးရီးတွေ ဆက်တိုက်ရိုက်ခဲ့တယ်။ အရွယ်ရောက်လာချိန်မှာ အပြောင်းအလဲကို ဘယ်လို ကျင့်ယူနိုင်ခဲ့သလဲ။**

ကျွန်မအထင်တော့ သဘာဝအလျောက်ပဲ ဖြစ်သွားတာပါ။ ကျွန်မ... 'ကျွန်မတော့ အရွယ်ရောက်နေပြီ... အဝတ်အစားတွေ မလုံတလုံလေး လု... ပြလိမ့်မယ်' ဆိုပြီး နေပြမယ့်အ... ကျွန်မ သဘောကျနှစ်ခြိုက်မိတဲ့ ဇာ... လမ်းတွေကို ရွေးချယ်ခဲ့တယ်။ ကျွ... အရွယ်ရောက်နေတာကို လူသိစေ... ဖော်နဲ့ အလှပြခွင့်ရမှာမျိုးတွေကို မရွေးချယ်ခဲ့ဘူး။

**မင်း သရုပ်ဆောင်ခဲ့တဲ့ American Horror Story: Coven ... Madison Montgomery ဆိုတဲ့ ... လို သရုပ်ဆောင်မှုမျိုးကို သဘော... တယ်။ ဒါရိုက်တာ ရိုင်ရန်မာဖီက ... လမ်းတစ်ခုတည်းမှာ မင်းသမီး...**



www.burmeseclassic.com

www.burmeseclassic.com

**အများကြီး ထည့်သုံးထားတာကို မင်းဘယ့်နှယ်နေသလဲ။**

မင်းသမီးတွေအားလုံးကို အစွမ်းပြခွင့်ရအောင် ဒါရိုက်တာက လုပ်ပေးပါတယ်။ Coven ထဲမှာဆို ကျွန်မဒါရိုက်တာက ဆိုးတဲ့ မိန်းမတစ်ယောက်ပါ။ ဒါပေမဲ့ စကားတွေ အများကြီးပြောခွင့်ရတယ်။ ဒါပေမဲ့ ရက်စက်ကြမ်းကြုတ်တယ်။ ကျွန်မ မျက်လုံးထဲမှာ ဒါရိုက်တာ ရိုင်ယန်မာဖီတစ်ယောက်လျှင် ရုပ်သံမှာ မိန်းမတစ်ယောက်အတွက် ဒါမျိုးလုပ်ပေးနိုင်တာ။ အဲဒီပြီးသွားတော့ သူ ကျွန်မအပေါ်ယုံကြည်မှုထားပေးတာအတွက် ကျေးဇူးတင်မိတယ်။ သူကတော့ 'ဒါနဲ့ပတ်သက်လို့ စိတ်ထဲတောင် ထားမနေပါနဲ့ မိန်းကလေးရယ်' လို့ပဲ ပြောတယ်။ သူ့ကို ကျွန်မဘက်က ဘာမှ ပြန်ပေးဆပ်စရာ မလိုဘူးလို့ အဓိပ္ပာယ်သက်ရောက်အောင် ပြုမူလိုက်တာမျိုးပါ။

**အခုစီးရီးသစ် Scream Queens မှာ မင်းနဲ့အတူတူတွဲ သရုပ်ဆောင်တဲ့ Lea Michele က အရင်စီးရီး Glee မှာလည်း ပါခဲ့သေးတယ်နော်။ သူကရောမင်းကို ဘာတွေသင်ပေးခဲ့သေးသလဲ။**

စီးရီးအဟောင်းမှာ သူ သရုပ်ဆောင်သွားတာ သိပ်ကောင်းတာပဲ။ ကျွန်မတို့ Scream Queens ဇာတ်လမ်းအပိုင်း ၅ ရိုက်နေတဲ့အချိန် ကျွန်မအရမ်းလည်း ပင်ပန်းတယ်။ စိတ်လှုပ်ရှားမှုတွေလည်း များတယ်။ အဲဒီအခါ ကျွန်မ စဉ်းစားနေမိတာ ငါ လုပ်နေတာတွေ မမှန်ရင် ဘယ်လိုများဖြစ်ကုန်မလဲ ဆိုပြီးတော့ပေါ့။ သူ့ကို မင်းဘယ်လိုများလုပ်ခဲ့သလဲဟင်လို့ သွားမေးမိတယ်။ သူက 'လုပ်သာလုပ်ပါ။ လုပ်စရာရှိတာကိုသာ လုပ်လိုက်၊ နင် အဆင်ပြေပြီး ကောင်းသွားလိမ့်မယ်' လို့ အားပေးပြီး ကျွန်မစိတ်တွေ ရှုးကြောင်ကြောင်ဖြစ်နေတဲ့ အဲဒီအချိန်က ကောင်းကောင်းထိန်းသိမ်းသင်ကြားပေးခဲ့တယ်။

**အဲဒီစီးရီးရိုက်ဖို့ မင်းအပါအဝင် အဖွဲ့တစ်ဖွဲ့လုံး New Orleans မြို့မှာ လနဲ့ချီပြီးတောင် သွားနေခဲ့ကြတယ်။ အဲသလို လူတွေအများကြီးနဲ့ အတူတူတွဲနေရတာ ဘယ့်နှယ်နေသလဲ။**

ကျွန်မ ရောက်ရောက်သွားချင်း ပထမနေ့က မင်းသမီးကြီး Jamie Lee Curtis (ဇာတ်လမ်းထဲမှာ သူက ကျောင်းရဲ့ ဌာနမှူးအဖြစ် သရုပ်ဆောင်ထားပါတယ်။)က ဖတ်စရာစာအုပ်တွေနဲ့ သူကိုယ်တိုင်ရေးထားတဲ့ စာတစ်စောင်ထားပေးထားတယ်။ ကျွန်မ စာဖတ်ဝါသနာပါတယ်ဆိုတာ သူ သိတယ်လေ။ ရိုက်ကွင်းပေါ်မှာ သူရှိနေရင် ကျွန်မစိတ်တွေ လုံခြုံနေသလို ခံစားရတယ်။ Lea Michele နဲ့ ဂျေမီလီကားတစ်ရဲ့ မိသားစုနဲ့ အသက်မွေးဝမ်းကျောင်း သာမန်ဘဝမျိုး နေထိုင်တတ်ပုံတွေ ပြောမိသေးတယ်။ ကျွန်မလည်း အဲဒီသလိုမျိုးပဲ ဖြစ်ချင်တယ်။ Lea နဲ့ ကျွန်မ လေ့ကျင့်ခန်းမှန်မှန်လုပ်ပြီး ခန္ဓာကိုယ်ကို ထိန်းသိမ်းကြတယ်။ Billie Lourd နဲ့လည်း အတူတူ အိပ်ကြတယ်။ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် ဖုန်းခေါ်ပြီး 'ဟဲ့ နင်တစ်ယောက်တည်း ကြောက်နေလား၊ ငါတော့ ကြောက်နေလို့။ ဒါဆို နင့်ဆီ ငါလာအိပ်မယ်' ဆိုပြီး သူငယ်ချင်း မိန်းကလေးနှစ်ယောက် အတူ အိပ်ဖြစ်ကြတယ်။ ကျွန်မအသက် အခု ၂၄ နှစ်ရှိတာတောင် အိပ်ရာဝင်ခါနီးတိုင်း ခုတင်အောက်ငုံ့ကြည့်တယ်။ ကြောက်စရာတစ်ကောင်ကောင် ပုန်းနေမလားဆိုပြီးတော့။

**ကိုယ်တို့လည်း ခုတင်အောက်မှာ မင်းသရုပ်ဆောင်ထားတဲ့ ကာရိုက်တာ Chanel Oberlin ကို တွေ့မလားလို့ ရှာကြည့်နေရပြီ။ အဲဒီမိန်းမက တော်တော်ကြောက်စရာကောင်းတာပဲနော်။**

ဟုတ်တယ်၊ အရမ်းဆိုးတဲ့မိန်းမ။ ဒါပေမဲ့ ယုတ်ညံ့တဲ့ခွေးမတစ်ကောင်တော့မဟုတ်ပါဘူး။ ဇာတ်လမ်းကို အချိန်ပေးကြည့်လိုက်ရင် မင်း ထင်တာထက် ခက်ခဲရှုပ်ထွေးမှုတွေ သူ့မှာရှိနေ





www.burmeseclassic.com

www.burmeseclassic.com






တာတွေ့ရမှာပါ။ အဖြူ၊ အမည်းသဲသဲကွဲကွဲဖြစ်လောက်တဲ့ဆိုးတာမျိုးမရှိပါဘူး။

**ဇာတ်လမ်းထဲမှာ မင်း ဝတ်သမျှအထက်အောက်က သားမွေးအင်္ကျီတွေချည်းပဲနော်။ နယူးအော်လင်းမြို့ကလည်း ပူပါဘိသနဲ့။ မင်း ဘယ်လိုများခံနိုင်ရည် မွေးခဲ့ရသလဲ။**

အမယ်လေး…ကျွန်မဖြင့် အဲဒီသားမွေးအင်္ကျီတွေထဲမှာ တစ်ချိန်လုံးချွေးတွေ တစ်ပြိုက်ပြိုက်ဖြစ်နေတာပေါ့။ ဒါပေမဲ့ ကျွန်မအဖေ့ဘက်က မိသားစုတွေက Georgia ပြည်နယ်ကလေ။ ဒီတော့ ကျွန်မက တောင်ပိုင်းသွေး နည်းနည်းပါတယ်။ ကျွန်မ အဲဒီ အပူဒ[illegible] ခံနိုင်ခဲ့ပါတယ်။

**မင်း ကာရိုက်တာရဲ့ အကောင်း[illegible] အဆင်တန်ဆာကတော့ မထီမဲ့မြင် [illegible] ကြောကြော မိန်းကလေးပုံစံ လ[illegible] လျှောက်တာပဲ။**

ထူးဆန်းတာက ကျွန်မ အဲသ[illegible] လမ်းလျှောက်တဲ့ပုံစံကို ကင်မရာ[illegible] ရိုက်ကူးနေတဲ့အချိန်မှာပဲ လုပ်[illegible] တယ်။ အခြား အချိန်မှာဆို လျှော[illegible] ကို မရဘူး။ ပြီးတော့ နှုတ်ခမ်းကြီး[illegible] ငိုတတ်သေးတယ်။ ကျွန်မ လိမ်[illegible] ပါဘူး။ အဲလို နှုတ်ခမ်းစူငိုတာကို[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အပြစ်ရှိသလိုပဲ။ ကျွန်မကို ကျွမ်းတဲ့လူတွေကတော့ 'ဟေး ဒီလို ငါတို့ အရင်ကတည်းက မြင်ဖူးတယ်'လို့ ပြောကြမှာပဲ။

**စီးရီးတစ်ခုလုံးအရဆိုရင် အမျိုးသမီးတွေ တစ်ယောက်နဲ့တစ်ယောက် ဘယ်လို ဆက်ဆံလေ့ရှိသလဲဆိုတဲ့ အကြောင်းပေါ့နော်။ မင်းဘ၀မှာ လက်ရှိအခါမှာ မိန်းကလေးသူငယ်ချင်းတွေက မင်းအတွက် ဘာလိုအပ်သလဲ။**

ကျွန်မအဖို့တော့ သစ္စာတရားသာ အကြီးကျယ်ဆုံးအရာတစ်ခုပါပဲ။ ကျွန်မ အချစ်ဆုံးသူငယ်ချင်းတွေက ...ယ်၊ အကြောင်းဟယ်ဆို ချက်ချင်းရောက်လာပြီး ကူညီလေ့ရှိတယ်။ ကျွန်မ ညီမတစ်ယောက်က ၁၄ နှစ်ပဲ ရှိသေးတော့ သူ့ကို ကျွန်မ စောင့်ရှောက်တယ်။ ကျွန်မက ညီမလေးကို မှာထားတယ်။ တစ်စုံတစ်ယောက်က စိတ်ညစ်အောင်လုပ်ခဲ့ရင် အဲဒီလူနဲ့ သူငယ်ချင်းဖြစ်စရာ မလိုဘူးလို့။ ကမ္ဘာပေါ်မှာ ကျွန်မ အကူအညီလိုအပ်ရင် ဖုန်းခေါ်ပြီး ဘာအကြောင်းကိစ္စမဆို ဖွင့်ဟတိုင်ပင်လို့ရတဲ့ သူငယ်ချင်း ၄ ယောက် ကျွန်မမှာ ရှိတယ်။ နှစ်အနည်းငယ်အတွင်း ကျွန်မဘ၀မှာ မိတ်ဆွေ၊ သူငယ်ချင်း မဖြစ်ထိုက်တဲ့သူတွေကို တကယ် အပီအပြင် ရှင်းလင်းထုတ်ပစ်ခဲ့ဖူးတယ်။

**ဒီလိုလုပ်ရပ်မျိုးကို လူအတော်များများက ငါလုပ်ပစ်လိုက်မယ်ရယ်လို့ စိတ်ကူးမိတတ်ကြတယ်။ ဒါပေမဲ့ တကယ်တမ်းမှာ မလုပ်ဖြစ်တတ်ကြပါဘူး။**

ခက်ခဲပါတယ်။ ကျွန်မဆို ရည်းစားကောင်ကလေးနဲ့ လမ်းခွဲရတာထက် မိန်းကလေးသူငယ်ချင်းနဲ့ လမ်းခွဲရလို့ ငိုရတာက ပိုများပါတယ်။ ဒါပေမဲ့ ကျွန်မ ပြောပြနိုင်တာကတော့ အဲဒီလုပ်ရပ်ကြောင့် ကျွန်မဘ၀ အပြောင်းအလဲတွေဖြစ်သွားတယ်။ ကျွန်မကို ပိုကောင်းလာစေတဲ့လူတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်စွမ်းတဲ့ မိန်းကလေးသူငယ်ချင်းတွေပဲ ရှိတော့တယ်။

**အဲဒီ ခံစားချက်က မင်း အသက် ၂၀ ကျော်အတွင်း ပိုင်ဆိုင်တဲ့ အမှတ်တရတွေပေါ့နော်။**

အသက် ၂၀ ကျော်မှာ ကြီးထွားလာတဲ့ နာကျင်မှုတွေလည်း အများကြီး ရှိပါတယ်။ ဒါပေမဲ့ ကျွန်မအပေါ် ရိုက်ခတ်လာတဲ့ နာကျင်မှုတစ်ခုချင်းစီက ဆိုးဆိုးရွားရွားကြီး ဖြစ်နေပါစေ ကျွန်မ လက်သင့်ခံနိုင်ပါတယ်။ ကိုယ့်ကိုယ်ကို အမှတ်ပေးလို့ရမယ်ဆိုရင်တော့ ကျွန်မ အဆိုးတွေထဲက သင်ခန်းစာယူနိုင်ခဲ့ပါတယ်။

အခု လတ်တလော အချိန်ကလေးမှာ ကျွန်မ လုပ်သင့်လုပ်ထိုက်တာ လုပ်ဖို့ နေရာမှန်တစ်ခုကို ရောက်နေရဲ့လား ဆိုတာတောင် ကျွန်မအတွက် သိပ်သေချာလှချည့်ရဲ့လို့ ဘယ်တုန်းကမှ မခံစားရပါဘူး။

■

ရီတာအောင်(NY)

www.burmeseclassic.com

မြန်မာရုပ်ရှင်ကားများ ရုံတင်ပြသမှုစနစ် ၂၀၁၆ ခုနှစ် နှစ်ဆန်းက စတင်ကာ ပြောင်းလဲတော့မှာဖြစ်လို့ ရုပ်ရှင်ထုတ်လုပ်သူများ အပြိုင်အဆိုင် ရုပ်ရှင်ကားများ ရိုက်ကူးနေကြပါပြီ။ ဗီဒီယိုဈေးကွက် ပျက်သွားပြီလို့ ဆိုကြပေမဲ့ မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေးကတော့ ဗီဒီယိုကားများ ဆက်လက်ရိုက်ကူး ထုတ်လုပ်နေပါတယ်။

မကြာခင်မှာ ထွက်လာမယ့် ဗီဒီယိုကားက သျှိုင်းရဲ့ဝတ္ထုကို ကျော်ဇောလင်း ကိုယ်တိုင်ဇာတ်ညွှန်းရေးကာ ရိုက်ကူးပေးထားတဲ့ **ပန်းနဲ့ပေါက်တာ** ဆိုတဲ့ ဗီဒီယိုကား ဖြစ်ပါတယ်။

ဒီကားမှာ နေတိုး၊ ဝတ်မှုံရွှေရည်တို့က အဓိကသရုပ်ဆောင်များ အဖြစ်ပါဝင်သရုပ်ဆောင်ထားကြပြီး ဇာတ်ပို့ဇာတ်ရံများစွာတို့ ပါဝင်လှုပ်ရှားထားကြပါတယ်။

သင်တန်း(သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှာ ညီလေးညို(နေတိုး) ခေါင်းဆောင်တဲ့ ကျောင်းသားများအုပ်စုနဲ့ မီမီထက်သာ (ဝတ်မှုံရွှေရည်)ဦးဆောင်တဲ့ ကျောင်းသူများအုပ်စုတို့ တစ်ဖက်နဲ့တစ်ဖက်

# ပန်းနဲ့ပေါက်တဲ့နေတိုး

**မိုးကျော်ရွှန်း**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




အနိုင်မခံ အရှုံးမပေး ဉာဏ်ရည်စမ်းကြပုံများနဲ့ ဇာတ်လမ်းဖွဲ့ထားတာဖြစ်ပါတယ်။

မိမိက သူငယ်ချင်းသုံးယောက်ကို ဦးဆောင်ရာမှာ သူငယ်ချင်းများကို ချဉ်းကပ်လာတဲ့ အမျိုးသားများကိုပင်လျှင် ဒိုင်ခံဖြေရှင်းတတ်သူဖြစ်ပါတယ်။ ဥပမာ ကဗျာဆရာ မြင့်မိုရ်ဆိုသူက သူ့သူငယ်ချင်းတစ်ယောက်ကို ချဉ်းကပ်လာရာမှာ ကဗျာအမျိုးအစား ဘယ်နှစ်ခုရှိသလဲ၊ ကဗျာဆရာ တစ်သောင်းရဲ့နာမည်ကို ရွတ်ပြနိုင်လား စသဖြင့် မေးခွန်းများ တန်ပြန်မေးပြီး သူတို့အုပ်စုနားကို မကပ်နိုင်အောင် လုပ်တတ်သူပါ။ ထိုနည်းအတူ ပန်းစည်းလာပေးတဲ့အမျိုးသားကိုလည်း 'ဒါက ဘာပန်းလဲ' 'နှင်းဆီပန်းပါ'၊'အဲဒီပန်းစည်းထဲက ပန်းသေးသေးလေးတွေက ဘာပန်းလဲ၊ ပန်းကိုချစ်တတ်တယ်ဆိုရင် ပန်းအမျိုးအစားပေါင်းတစ်သောင်းနာမည်ကို ရွတ်ပြစမ်း'လို့လည်း ချွတ်တတ်ပြန်ပါတယ်။

မိမိက သူ့ကို ချဉ်းကပ်လာတဲ့ အမျိုးသားကလေးများကိုလည်း နည်းမျိုးစုံနဲ့ ပညာပေးတတ်သူ အဖြစ် သတင်းကြီးပါတယ်။ ဒါကြောင့် ညီလေးညို(နေတိုး)ရဲ့သူငယ်ချင်းတွေမှာ မိမိရဲ့သူငယ်ချင်းတွေကို ချဉ်းကပ်လို့မရအောင် ဖြစ်နေကြပါတယ်။

ညီလေးညို(နေတိုး)ကတော့ အမျိုးသမီးများကို အထင်မကြီးတတ်သူ ဖြစ်ပါတယ်။ သူ ပေါင်းတဲ့အုပ်စုထဲမှာ မိန်းမလျာတစ်ယောက်ပါဝင်ပြီး သူနဲ့အတွဲများပါတယ်။ သူ့သူငယ်ချင်းတွေ ပိုးစိုးပက်စက် ခံရတာတွေ ကြားရတော့ မိမိကို ထိပ်တိုက်ရင်ဆိုင်ပါတယ်။ ဗဟုသုတရှိတယ်ဆိုရင် ပါးစပ်ထဲမှာ သွား ဘယ်နှချောင်းရှိသလဲလို့ မိမိကို မေးခွန်းထုတ်လိုက်ပါတယ်။ မိမိ ရုတ်တရက် မဖြေနိုင်ပါဘူး။ သူ့မှာ အံသွားတချို့ ကျိုးနေတာကြောင့် ဘယ်နှချောင်းရှိမှန်းလဲ မမှတ်မိပါဘူး။ ဒါကို မိမိက အခံမကျေပါဘူး။ ညီလေးညိုကို ထမင်းတစ်နပ် ဘယ်နှလုတ်စားသလဲလို့ မေးခွန်းပြန်ထုတ်ခဲ့ရာ ညီလေးညို မဖြေနိုင်ဖြစ်ခဲ့ရပါတယ်။

တစ်ဖက်နဲ့တစ်ဖက် အဲဒီလို စိတ်မကျေပွဲတွေ နွှဲနေကြပေမဲ့ ညီလေးညိုက မိမိကို နတ်သမီးကလေးတစ်ပါးလို ချစ်မိနေသူလည်းဖြစ်ပါတယ်။ သူ ခံစားရသမျှကို သူ့နေ့စဉ်မှတ်တမ်းထဲမှာ ရေးဖွဲ့ထားပြီး ဒီမှတ်တမ်းကို သူငယ်ချင်းများလည်း မသိအောင် ဝှက်ထားပါတယ်။

တစ်ရက်မှာတော့ သူငယ်ချင်းတစ်ယောက် အိမ်အသွား လှေကားအတက်မှာ မိမိပညာပေးခံခဲ့ရတဲ့ အမျိုး






www.burmeseclassic.com

www.burmeseclassic.com





အားတစ်ဦးက ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး လှည့်စားတတ်သူ မီမီကို ဓားနဲ့ထိုးသွားခဲ့ပါတယ်။ လျှပ်ထိခဲ့တာ ဖြစ်ပြီး ပြန်နေကောင်းသွားချိန်မှာ အစ်ကော်နဲ့တစ်ဖက် ငြိမ်းချမ်းရေးရသင့်သလောက် ရခဲ့ကြပါတယ်။

ညီလေးညို့ရဲ့သူငယ်ချင်းများက နှစ်ဖက်ခေါင်းဆောင်များ နီးစပ်စေချင်ကြတယ်။ ဒါကြောင့် ညီလေးညို့ရဲ့အခန်းမှာ ဝှက်ထားတဲ့ချောင်းမှတ်တမ်းကို ခိုးယူကြပြီး မီမီထံ အရောက်ပို့ခဲ့ကြပါတယ်။ မီမီ ဖတ်ကြည့်တဲ့အခါ ကျေနပ်ပီတိဖြစ်ရပါတယ်။ ဒီလိုနဲ့ပဲ ညီလေးညို့နဲ့ မီမီတို့ ချစ်သူဘဝ ရောက်သွားခဲ့ကြပါတယ်။

ဒါပေမဲ့ ယောကျ်ားလေးများစွာကို လှည့်စားသွားပေးခဲ့တဲ့ မီမီရဲ့အကျင့်ကို သိထားသူဖြစ်တာကြောင့် ညီလေးညို့က မယုံစားဘဲ စမ်းသပ်ဖို့ ကြိုးစားပါတော့တယ်။ ဒီအခါမှာ မီမီက သူ့အချစ်တွေအတွက် နောင်တရပေမဲ့ အချိန်နှောင်းနေခဲ့ပါပြီ။

ညီလေးညို့နဲ့ မီမီတို့ အဆင်ပြေပါ့မလား ဆိုတာကိုတော့ **ပန်းနဲ့ပေါက်တာ** ဗီဒီယိုကားမှာ ရှုစားကြစေချင်ပါတယ်။

■

**မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



# ထိတ်လန့်စရာများနဲ့ The Spa

ခင်လေးမြင့်



ထိတ်လန့်ကြောက်ရွံ့ဖွယ် ဇာတ်ကားတွေကို ရိုက်ကူးရတာကြိုက်တဲ့ ဒါရိုက်တာ ညီမင်းလွင်က The Spa ဆိုတဲ့ ဇာတ်ကားတစ်ကားကို ပုံဖော်ရိုက်ကူးထားပါတယ်။ ဒီဇာတ်ကားကလည်း တကယ့်ကို စိတ်ဝင်စားဖို့ကောင်းတဲ့ သရဲကားတစ်ကားပါ။ ဒီရုပ်ရှင်ဇာတ်ကားမှာ ထိုင်းနိုင်ငံမှ သရုပ်ဆောင် မင်းသမီးတစ်ဦးဖြစ်တဲ့ Lily Panipak က ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပြီး အောင်ရဲလင်း၊ ဆုမြတ်နိုးဦး၊ ပန်းရောင်၊ သဲနန္ဒာစိုး၊ ဇင်မိုး စတဲ့ သရုပ်ဆောင်များအပြင် ညီမင်းလွင် ရွေးချယ်ထားတဲ့ သရုပ်ဆောင် အသစ်နှစ်ဦးလည်း ပါဝင်ပါတယ်။

**သျှီလာနဲ့ သင်းသာ** ဆိုတဲ့ သူငယ်ချင်းနှစ်ယောက်နဲ့ ထိုင်းမှာ ကျောင်းတက်ရင်း ခင်မင်လာခဲ့တဲ့ **Thara (သရာ)**တို့ သုံးယောက်ပေါင်းပြီး ရန်ကုန်မှာ Spa တစ်ခုဖွင့်ဖို့ စီစဉ်ကြပါတယ်။ Thara က ထိုင်းမှာ အလုပ်ကိစ္စတွေ ပြီးတာကြောင့် မြန်မာနိုင်ငံကို ရောက်လာပြီး Spa ဖွင့်ဖို့ လာခဲ့ပါတယ်။ Thara ရောက်လာတဲ့အချိန်မှာ သျှီလာက သူ့ရဲ့သူငယ်ချင်းဖြစ်တဲ့ **အမိက**နဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ အမိကက Spa ဖွင့်ဖို့ အကောင်းဆုံးနေရာတစ်ခုကို ရှာထားပေးတဲ့သူဖြစ်တယ်လို့ သျှီလာက Thara နဲ့ မိတ်ဆက်ပေးပြီး Tharaနဲ့ အမိကတို့ ရင်းနှီးသွားခဲ့ပါတယ်။ သျှီလာနဲ့ သင်းသာတို့က Spa ဖွင့်ဖို့အတွက် ဗေဒင်သွားမေးတဲ့အခါ သူတို့ ဖွင့်မယ့်နေရာက

www.burmeseclassic.com

www.burmeseclassic.com



ကြုံနိုင်တယ်လို့ ဗေဒင်က ဟောလိုက်ပေမဲ့ စီစဉ်ပြီးဖြစ်တာကြောင့် ယတြာချေလိုက်မယ်လို့ လိုက်ပါတယ်။ နောက်ရက်မှာတော့ သျှီလာနဲ့ တို့က Spa ဖွင့်မယ့်နေရာပိုင်ရှင် **ဒေါ်ရာမွန်း** နဲ့ ရာ ဘာအခက်အခဲမှမရှိဘဲ နေရာအတွက် ပြသွားခဲ့ပါတယ်။ အဲဒါကြောင့် Spa ဖွင့်ဖို့ရက် ဖွင့်ပွဲလုပ်ခဲ့ပါတယ်။ ဖွင့်ပွဲလုပ်တဲ့ညမှာပဲ Spaကို ဖွင့်နိုင်တဲ့ အထိမ်းအမှတ်အနေနဲ့ ညစာစားပွဲလုပ်ပြီး ပုံတွေကို Facebook မှာ တင်လိုက်ပါတယ်။ အဲဒီလို တင်လိုက်တဲ့အချိန်မှာပဲ I Scare ဆိုတဲ့ comment တက်လာပါတယ်။ ဒီလိုရေးတာကို သျှီလာနဲ့သင်းသာတို့က သူတို့ရဲ့ Spa ဖွင့်တာ မနာလိုလို့၊ လူသိတာကို မနာလိုလို့



www.burmeseclassic.com

www.burmeseclassic.com

အခြေအပြိုင်ဘက်တွေက နှောင့်ယှက်တာ ဖြစ်မယ်လို့ Thara ကို ပြောတဲ့အတွက် သူတို့တွေလည်း အဲဒီကိစ္စကို မေ့ထားလိုက်ကြပါတယ်။

Spa အတွက် အလုပ်သမားတွေ ခေါ်တဲ့အခါမှာ ဒေါ်ရာမွန်းက သူ့ရဲ့တူမ နှိုးနှိုးကို အလုပ်တစ်နေရာပေးဖို့ စာရေးပြီး လွှတ်လိုက်ပါတယ်။ **နှိုးနှိုး**က ဆွံ့အ,သူဖြစ်တာကြောင့် သန့်ရှင်းရေးနေရာမှာ ပေးခဲ့ပါတယ်။ Thara တစ်ယောက် Facebookသုံးနေတဲ့အချိန်မှာပဲ I scare လို့ comment ရေးတဲ့သူကို တွေ့တာကြောင့် ဘာဖြစ်လို့ ဒီလိုရေးတာလဲ မေးလိုက်တဲ့အခါ ဒေါ်ရာမွန်းက I will kill you ဆိုတဲ့commentကို ရေးလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ I scare လို့ရေးတဲ့သူ အွန်လိုင်းကနေ လုံးဝ ပျောက်သွားပါတော့တယ်။ အဲဒါကြောင့် နောက်နေ့မှာ Thara,အမိက၊ သျှီလာနဲ့ သင်းသာတို့က ဒေါ်ရာမွန်းရဲ့အိမ်ကို သွားတွေ့ပါတယ်။ ဒါပေမဲ့ ဒေါ်ရာမွန်းကတော့ အဲဒီအိမ်မှာ မရှိတော့ကြောင်းနဲ့ ဘယ်ကို ပြောင်းသွားတယ် ဆိုတာကို သူတို့လေးယောက် စလုံးစုံစမ်းလို့ မရတော့ပါဘူး။ အဲဒီအချိန်မှာပဲ ဒေါ်ရာမွန်းကို လာရှာတဲ့ ရိုးရာနိုင်နဲ့ သူတို့လေးယောက် တွေ့ကြပြီး **ရိုးရာနိုင်**က Spa ဖွင့်တဲ့ နေရာအကြောင်းကို သေသေချာချာ ပြောနိုင်သူတစ်ဦးနဲ့ မိတ်ဆက်ပေးမယ်ဆိုတဲ့ အကြောင်းနဲ့ I scare လို့ ရေးသူမှာ သူပဲဖြစ်ကြောင်း ပြောရင်း မိတ်ဆက်ခဲ့ပါတယ်။ ရိုးရာနိုင်





မိတ်ဆက်ပေးမယ့် သူက **ပိုင်**ဆိုတဲ့သူပါ။ ပိုင်က စိတ်ရောဂါဝေဒနာရှင်တစ်ဦး ဖြစ်သလို တစ်စုံတစ်ရာကို အမြဲထိတ်လန့်နေပြီး အခန်းကျဉ်းလေးထဲမှာ တစ်ယောက်တည်း အထီးကျန်စွာနေသူ ဖြစ်ပါတယ်။ ရိုးရာနိုင်က ပိုင်ကို Thara တို့အကြောင်း ကြိုတင်ပြောထားတာကြောင့် Spa ဖွင့်ထားတဲ့ နေရာအကြော... ကို ပြောပြခဲ့ပါတယ်။ ... နေရာမှာ အရင်က Spa... ဖွင့်ခဲ့ဖူးပြီး ပိုင်ရှင်နှစ်... ကလည်း သူ...



www.burmeseclassic.com

www.burmeseclassic.com



...ကြောင်း၊ တစ်ယောက်က ...မျိုးဖြစ်ကြောင်း၊ အဲဒီ ... ပိုင်ကို စိတ်ဝင်စား ...ကြောင့် ကျန်တဲ့တစ် ...က မကြိုက်ကြောင်း၊ ...မှာတော့ သူငယ်ချင်း ...ကဲ ရန်ဖြစ်ကြပြီးတစ် ...သေသွားကြောင်း၊ ...အောင်လေးက ထောင် ... ထောင်ထဲမှာ စိတ် ...ပြန်ပြီး သေသွား ...တို့ကို ပိုင်က ပြောပြ ...ပါ။

...ဒီလိုတွေ စိတ်ဝင်စား ...ပြီး ထိတ်လန့်စရာ ...ဝင်မယ့် Tha Spa ...ကို ဒါရိုက်တာ ညို ... လပ်ကီးဘော့စ် ထုတ်လုပ်ရေးအတွက် ရိုက်ကူးပေးထားတာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားက ဒါရိုက်တာ ညိုမင်းလွင်ရဲ့ ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ရုပ်ရှင်ဇာတ်ကား နှစ်ကားစလုံးက ပရိသတ်တွေ စိတ်လှုပ်ရှား စိတ်ဝင်စားအောင် ရိုက်ကူးထားတဲ့ ဇာတ်ကားများ ဖြစ်ပါတယ်။

ဒီဇာတ်ကား ရိုက်ကူးရေးအတွက် Gay အဖြစ် သရုပ်ဆောင်မယ့် အမျိုးသား နှစ်ဦးကို Facebookကနေ ခေါ်ယူ ရွေးချယ်ခဲ့ပါတယ်။ ရွေးချယ်ခံထားရတဲ့ သရုပ်ဆောင်သစ် နှစ်ဦးက တေးထက်လင်းရောင်နဲ့ အောင်ဘွိုင်းလေးတို့ ဖြစ်ပြီး သူတို့နှစ်ဦးအတွက် ပထမဆုံး သရုပ်ဆောင်ရတဲ့ ရုပ်ရှင်ဇာတ်ကားကြီးလည်း ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ တေးထက်လင်းရောင်နဲ့ အောင်ဘွိုင်းလေးတို့က ကြောက်စရာကောင်းလှတဲ့ Gayများအဖြစ် သရုပ်ဆောင်ထားကြတာပါ။

ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ Lily Panipakက ဇာတ်ကားရဲ့ ဇာတ်ညွှန်းကို မရိုက်ခင်မှာ ဖတ်ကြည့်တဲ့အခါ အရမ်းကြိုက်ကြောင်း၊ ရိုက်ကူးရေးအတွက် စီစဉ်ထားမှုတွေကိုလည်း သဘောကျကြောင်း၊ မြန်မာနိုင်ငံကို လာတဲ့အခါမှာလည်း အဖွဲ့သားတွေက ဖော်ရွေမှုရှိကြောင်း၊ ဒီဇာတ်ကားမှာ ပါဝင်ထားတဲ့သူအားလုံး ကြိုးစားထားကြကြောင်း၊ ဒါကြောင့် ရုံတင်ပြသတဲ့အခါမှာလည်း ပရိသတ်တွေ သဘောကျမယ်လို့ မျှော်လင့်ကြောင်း ဇာတ်ကားနဲ့ ပတ်သက်သမျှ ပြောပြပါသေးတယ်။ The Sapရုပ်ရှင်ဇာတ်ကားကို ထိုင်းဘာသာစကားပြော၊ အင်္ဂလိပ်စကားပြောတွေနဲ့ ရိုက်ကူးထားတာဖြစ်ပြီး ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့မှာ ရုံတင်ပြသဖို့လည်း စီစဉ်ထားပါတယ်။ ■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကားရိုက်ချင်လို့ ပွဲကမယ့်ရက် ဖျက်လိုက်တဲ့ စွမ်း

**လင်းနိုင်ဦး**

အနုပညာလောကမှာ ထူးထူးခြားခြား နာမည်နှစ်ခု ပိုင်တဲ့သူတစ်ဦး ရှိပါတယ်။ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားတွေ ရိုက်တယ်ဆိုရင် စွမ်းနာမည်နဲ့ ရိုက်ပြီး ဇာတ်ပွဲကတယ်ဆိုရင် မင်းသားနာမည်ကို စွမ်းဇာနည်လို့ အမည်ပေးထားပါတယ်။

ပွဲတွေဆက်တိုက်က,နေရင်းက ဗီဒီယိုကား ရိုက်ဖြစ်တဲ့ စွမ်းကို အနုပညာလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး မေးကြည့် ဖြစ်ခဲ့ပါတယ်။

**အခုရိုက်နေတဲ့ကားက နာမည်ဘယ်လိုပေးထားလဲ။ ဒီကားမှာ ဘယ်လိုကာရိုက်တာနဲ့ သရုပ်ဆောင်ရမှာလဲ။**

မင်းဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုကျော်ဇ ရိုက်ကူးပေးတဲ့ကားပါ။ ဇာတ်ကားနာမည်က **ချစ်သူအနမ်း ပန်းဖြစ်စေ** ပါ။ မင်းသမီးက မှူးပွင့်သခင်၊ ဆုမြတ်နိုးဦးနဲ့ အန်တီ စိုးမိုးကြည်ပါ။ ဇာတ်လမ်းကတော့ ဒရာမာဇာတ်လမ်းလေးပါ။

**ဇာတ်ပွဲတွေ တောက်လျှောက်က,နေရတဲ့ကြားက ဘာလို့ ဒီလို ပြန်ရိုက်ဖြစ်တာလဲ။ ပရိသတ်တွေ အတွက်လား။**

ဘာလို့ရိုက်ဖြစ်တာလဲ ဆိုတော့ ပရိသတ်တွေအတွက်လို့ ပြောလို့ရပါတယ်။ ဇာတ်ပွဲက တောက်လျှောက် က,နေရတော့ ကျွန်တော်က ကားရိုက်မယ်ဆိုရင် အနုပညာအနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော့်အတွက်တော့ မပြတ်လပ်ဘူးပေါ့။ ဝင်ငွေအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ပွဲမက,တဲ့အချိန် ကားရိုက်တော့ ဝင်ငွေရတယ်လေ။ ကျွန်တော် ကားရိုက်လိုက်မယ်ဆိုရင် ဇာတ်အဖွဲ့သူ၊ အဖွဲ့သား အယောက် ၁၀၀ လောက်က ဝင်ငွေလည်း မရှိတော့ဘူး။ အလုပ်လည်း မရှိတော့ဘူး။ ဒါကြောင့် အဖွဲ့သားတွေကိုငဲ့ပြီး ကားရိုက်ဖို့ နှစ်လမှ တစ်ကား၊ အရမ်းအဆင်ပြေရင် တစ်လ တစ်ကား အဲဒီလောက်ပဲ ရိုက်ဖြစ်မယ်။ မိုးတွင်းဆိုရင်တော့ များများရိုက်နိုင်မှာပေါ့။

**စွမ်းက ရုပ်ရှင်မင်းသားဆိုတော့ စွမ်းဇာနည်အနေနဲ့ ဇာတ်ကတဲ့အခါ ပရိသတ်က ပိုအားပေးတာလား။ ကိုယ့်အတွက်ရော ပိုခံစားလို့ ကောင်းတာလား။**

ပြေတယ်၊ ပြေတယ်။ ကျွန်တော်က ဇာတ်သဘင်မှာ နေ့ချင်းညချင်းဖြစ်သွားတာကလည်း ဒီဘက်က ပံ့ပိုးပေးတာတွေ အများကြီးပါတယ်။ ရုပ်ရှင်မင်းသား၊ ဗီဒီယိုမင်းသားက ဇာတ်ကတယ်ဆို ပြီးတော့ ပိုပြီး အားပေးတယ်။ ပုံမှန် တခြားဇာတ်တွေ သွားက,လို့ အဆင်မပြေတဲ့နေရာမှာတောင် မိုးတွင်းကြီး သွားက,တာ အဆင်ပြေခဲ့တယ်။ ဒီနှစ်မှာဆိုရင် နယ်မြေသစ်ရှာတဲ့အနေနဲ့ မရောက်ဖူးတဲ့ဒေသတွေကိုပါ သွား က,ခဲ့တာ အဆင်ပြေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**သူများတွေက ဇာတ်ခေါင်းကွဲပြီး နားနေတဲ့ မိုးတွင်းမှာ စွမ်းက ဘာဖြစ်လို့ နယ်မြေသစ် ရှာတယ်လို့ ပြောရတာလဲ။**

အစိကကတော့ ဇာတ်သမားတွေ အားလုံးလည်း အဆင်ပြေအောင်လို့ပါ။ ပွဲကိုလည်း ရပ်မထားချင်ဘူး။ တစ်နှစ်တစ်နှစ်မှာ ဒုက္ခရောက်တဲ့တစ်ချက်တော့ ရှိတယ်။ အဲဒါကဘာလဲဆိုတော့ ပွဲချီများများရတဲ့ ဇာတ်မှာပဲ အဖွဲ့သားတွေက လုပ်ချင်တယ်။ ဥပမာ ပြဇာတ်မင်းသမီး၊ ကားလိပ်ဆွဲတဲ့ သူကအစ ပွဲချီများများရတဲ့ ဇာတ်မှာပဲ လိုက်ချင်တယ်။ တစ်နှစ်မှာ ပွဲချီ ၂၀၀ ကျော်တာလား၊ ၁၀၀ ပဲကျော်တာလား။ အဲဒီလိုတွေ ကြည့်ကြတယ်။ ကျွန်တော်တို့ မိုးတွင်း နားမယ်။ တန်ဆောင်မုန်းမှစ, ကမယ်ဆိုရင် ပွဲချီ ဘယ်လိုပဲဖြစ်ဖြစ် ၁၅၀ မကျော်နိုင်ဘူး။ မိုးတွင်းပါက,မှ ပွဲချီ ၂၅၀ ကျော် ၃၀၀ နီးပါးရှိမှာ။ လောလောဆယ် ကျွန်တော်လက်ရှိက,တာ ပွဲချီ ၁၀၀ ကျော်သွားပြီ။ တချို့ဆိုရင် အခုထိ စ,မကရသေးတဲ့ ဇာတ်တွေတောင် ရှိတယ်။

**စွမ်းက ဇာတ်က,ဖို့ပဲ နယ်မြေသစ်ရှာတာလား၊ ကိုယ့်အတွက်ရော ချစ်သူသစ် မရှာသေးဘူးလား။**

ဘယ်လိုပြောရမှန်း မသိသေးဘူး။ လောလောဆယ် မိသားစုအပြင်ကို အဖွဲ့သားတွေ အယောက် ၁၀၀ လောက်ရှိတော့ အဲဒီအဖွဲ့တွေမှာ ကျွန်တော့်ထက်ငယ်တာ အလွန်ဆုံး ၁၀ ယောက်၊ ၁၅ ယောက်လောက်ပဲ ရှိမယ်။ အားလုံးက ကိုယ့်ထက်ကြီးတယ်ဆိုပေမဲ့ ကျွန်တော်က ဇာတ်ဆရာ၊ မင်းသားလည်း မင်းသားဆိုတော့ အားလုံးရဲ့ မိဘလို ဖြစ်နေတယ်။ အဲဒီတော့ သူတို့ကိုလည်း စောင့်ရှောက်ရတယ်။ ကိုယ့်မိသားစုလည်း ကိုယ်စောင့်ရှောက်ရတယ်။ ကိုယ့်ကိုယ်ကို လူငယ်စိတ် အခုထိ ရှိပေမဲ့ ကိုယ့်ကိုယ်ကိုလည်း သွန်သင်ရတယ်၊ ဆုံးမရတယ်၊ စောင့်ရှောက်နေရတဲ့အတွက် ကျန်တဲ့ဟာတွေကို သိပ်အချိန်မပေးနိုင်ဘူး။

**ဒါပေမဲ့ နှလုံးသားကတော့ တောင်းဆိုနေမှာပဲ မဟုတ်ဘူးလား။**

တောင်းဆိုတာတော့ တောင်းဆိုမှာပေါ့။ အချိန်ကြောင့် သူ တောင်းဆိုတာကို အချိန်မပေးနိုင်တာ ဘယ်လိုပြောရမှန်းကို မသိဘူး။

**ဇာတ်ပွဲတွေ ဆက်တိုက်က,နေရတဲ့ကြားထဲက ရိုက်ရတယ်ဆိုတော့ ရိုက်မယ်ဆိုရင် ဘယ်လိုဇာတ်မျိုးမှ ရိုက်မယ်လို့ စဉ်းစားထားလဲ။**

ကျွန်တော်ရိုက်ချင်တဲ့ ပုံစံကိုလည်း ကိုမင်းတို့၊ မဖြူတို့ ထုတ်လုပ်သူတွေကို ပြောပြထားတယ်။ သူတို့လည်း သိပါတယ်။ ကျွန်တော်ကလည်း ပွဲက,ပြီး နေ့ဘက် အိပ်အိပ်နေတော့ အဆက်အသွယ်ကို သိပ်မရဘူး။ အဲဒီတော့ အကြောင်းသိဖြစ်နေတဲ့ အတိုင်း ကျွန်တော်နဲ့ လိုက်မှာကို သူတို့စီစဉ်တဲ့အတိုင်း ပို့ပြီး ရိုက်ဖြစ်တာ များတယ်။

**ရှေ့ဆက်ရော ဘယ်လိုဆက်သွားမလဲ။ ဒီအတိုင်းပဲ ကားရိုက်၊ ဇာတ်ကဖြစ်နေမလား။ တစ်ဖက်ဘက်ကို ယိမ်းပြီး အားသာမသွားနိုင်ဘူးလား။**

ယိမ်းတော့ မယိမ်းဘူး။ နှစ်ဖက်လုံးကိုမျှအောင်တော့ လုပ်နေမယ်။ အခုဆို နောက်ပိုင်းမှာ ပွဲရက်တွေကို နည်းနည်း ဟ,ဟထားတယ်။ အခု ဒီဇင်ဘာနဲ့ ၂၀၁၆ ဇန်နဝါရီ ရန်ကုန်မြို့မှာပဲ က,ဖို့များတယ်။ ရန်ကုန်မြို့တစ်ဝိုက်မှာ ပဲက,မှာဖြစ်လို့ပွဲနားပြီးလည်း၊ ရက်ခြားပြီးလည်း ရိုက်နိုင်တယ်။ အချိန်လည်းယူပြီး ရိုက်သွားပါမယ်။

**ရန်ကုန်ဝင်ရင် ဘယ်မှာ က,ဖြစ်မှာလဲ။**

ရန်ကုန်မှာဆိုရင် ကျွန်တော် တောင်ဒဂုံမှာ က,မယ်၊ လှိုင်သာယာမှာ က,မယ်။ ဒေါပုံမှာ ရှိမယ်၊ မိုးကောင်းဘုရားပွဲ ရှိမယ်၊ မယ်လမုဘုရားပွဲရှိမယ်၊ ပြီးတော့ ဗိုလ်တထောင် ရှိမယ်။ ကျိုက္ကဆံ ရှိမယ်၊ ကျိုက်ခေါက် ရှိမယ်။ ဒီကြားထဲ မော်ဘီက ဂျပန်ဘုရားကျောင်း အောင်ဇမ္ဗူ ဆရာတော်ကျောင်းမှာလည်း က,ဖို့ ရှိတယ်။ တောက်လျှောက်ပါပဲ။

**အဲဒါဆိုရင် ရေပတ်ခပ်နေတယ်လို့ ပြောလို့ရမလား။**

အဲဒီလိုလည်း မဟုတ်ပါဘူး။ အောင်ဇမ္ဗူကျောင်းမှာဆိုရင် မေတ္တာနဲ့ က,တာပါ။ ဒါပေမဲ့ ဘုန်းဘုန်းကတော့ မုန့်ဖိုးပေးပါတယ်။ ကျန်တဲ့ပွဲတွေကတော့ ကိုယ်လည်းရ၊ အဖွဲ့သားတွေလည်း အဆင်ပြေပေါ့။

**ဒီနှစ်မှာ စွမ်းဇာနည်က ကိုယ်ပိုင်ဇာတ်ကို ဘယ်လို ဆန်းသစ်ထားတာလဲ။ ဘာဖြစ်လို့လဲဆိုတော့ အပြိုင်အဆိုင်တွေက အများကြီးပဲ မဟုတ်လား။**





www.burmeseclassic.com

www.burmeseclassic.com

အပြိုင်အဆိုင် ဆိုတာ ဆက် ကျွန်တော် စက,က သည်းက ဘယ်သူနဲ့မှ မပြိုင် ဘူး။ လုပ်ရိုးလုပ်စဉ်အတိုင်းပဲ သွားတယ်။ မနှစ်က ကျွန် တော်ဇာတ်စ,ထောင်တယ်။ ဇာတ်စ,ထောင်တဲ့နှစ်မှာ ရှည်းပိုင်းတွေ၊ လူအင်အား ပိုင်းတွေ ဟိုးအရင်နဲ့ မတူဘဲ ရင် ၅ နှစ်လောက် က, တဲ့ပုံစံမျိုး မဟုတ်တော့ အပြင်အဆင်တွေက အစ ပြောင်းသွားတယ်။ ဒါပေမဲ့ တင်ဆက်မှုမှာ ကျွန်တော် ဇာတ်ဆရာဖြစ်ဖြစ်ချင်းနှစ်ဆို တော့ ပစ္စည်းပိုင်းတွေနဲ့ လူ အင်အားကို အားပြုလိုက်တဲ့ မှာ တင်ဆက်မှု နည်း လျော့သွားတယ်။ မနှစ် ဆိုရင် အားမရဘူး။ ဒီနှစ် တော့ ဒုတိယနှစ်ဖြစ်သွား အတွက် တင်ဆက်မှုရော၊ ပြင်အဆင်ပိုင်းရော အား ကို စိတ်တိုင်းကျ ဒီနှစ်ထဲ ကျွန်တော် အသစ်တွေ အရင်နှစ်တွေ၊ နှစ် က,ခဲ့တဲ့ ပြဇာတ်၊ ရော၊ စတိတ်ရှိုး၊ မြန်မာ အဝတ်အစားကအစ ပြန်မသုံးတော့ဘူး။ သုံးအသစ်တွေချည်းပဲ တော့ ဒီနှစ် တင်ဆက်မှုကို လည်း အားရတယ်။ တစ်နှစ်လုံး သဘင် တစ်ခုလုံး ဘယ်လို ကြည့် အသစ်တွေနဲ့ တွေ့ရမယ်။

**နှိုင်းယှဉ်တာတော့ ဘူးပေါ့။ စွမ်းဇာနည် တဲ့ ဇာတ်နဲ့ တခြားဇာတ် မလဲ၊ ဘာတွေထူး မလဲ။**

ိုင်းကတော့ တစ် ယောက် တစ်လိုင်းစီပါပဲ။ ကိုဖိုးချစ်ဆိုရင် မြန်မာမှု အော်ပရာ နှစ်ပါးသွားကို ဦးစားပေးတယ်။ ကိုဟန်ကြီး (ဟန်ဇာမိုးဝင်း)ဆိုရင် စတိတ် ရှိုးမှာ ပရိသတ် ပိုအားပေးပြီး တော့ စတိတ်ရှိုးကို သူတို့က ပိုအားသန်တယ်။ ဒီနှစ်မှာဆို ကိုဟန်ကြီးက ပြဇာတ်မှာပါ ပိုအားထည့်ထားတယ်။ အဲဒီ လိုပဲ တစ်ယောက်တစ်လိုင်းစီ သွားနေတာဆိုတော့ တူတာ တော့ မတူကြပါဘူး။ တင် ဆက်မှုလည်း တစ်ဇာတ်နဲ့ တစ်ဇာတ် မတူတော့ မတူ ပါဘူး။ ကျွန်တော်လည်း ကျွန်တော့်လမ်းကြောင်းလေး အတိုင်း ကျွန်တော် သွား တယ်။ တစ်ဇာတ်နဲ့တစ်ဇာတ် တော့ ကွဲပြားနေမှာပါပဲ။

**အဲဒါဆိုရင် စွမ်းဇာနည် လျှောက်တဲ့ အနုပညာလမ်း က ဘယ်လိုပုံစံမျိုးလဲ။**

ကျွန်တော်ကတော့ နှစ် ပါးသွားနဲ့ စတိတ်ရှိုးကို များ များက,ပေးပါတယ်။ တချို့ ကျတော့လည်း တီဗွီထဲမှာ သရုပ်ဆောင်တာနဲ့ အပြင်မှာ က,တာ ဘယ်လိုမျိုးလဲ ဒါ ကို ကြည့်ချင်လို့ လာအား ပေးတာတွေ ရှိတယ်။ အဓိက ကျွန်တော့်ကို ကြိုက်တာက နှစ်ပါးသွားနဲ့ စတိတ်ရှိုးကို ကြိုက်တယ်။ ဒါကြောင့် စတိတ်ရှိုးကို ပိုကြိုးစားရ တယ်။ နှစ်ပါးသွားကို ပိုက, တယ်။ ပြဇာတ်ကိုတော့ ည တိုင်းမက,ဘူး။ ဒီနှစ်မှာ အရင်နဲ့ မတူတာက အော်ပရာ ကို ညတိုင်း က,တယ်။ မြန်မာမှုကိုဦးစားပေးပြီး က, တာများတယ်။ အော်ပရာ များလာတယ်။ ကျွန်တော် ကတော့ ထောင့်စုံအောင် ပွဲထွက်ကတည်းက မနက် ၆ နာရီထိုးတဲ့အထိ ကြားထဲမှာ ၅ မိနစ်မှ အားလပ်ချိန်မပေး ဘဲ တောက်လျှောက်တင် ဆက်တဲ့ အစီအစဉ်နဲ့ ဒီနှစ်မှာ သွားထားတယ်။

**တစ်ခုမေးချင်ပါသေး တယ်။ သရုပ်ဆောင်တော့ စွမ်း၊ ဇာတ်က,တော့ ဘာဖြစ် လို့ စွမ်းဇာနည် ဖြစ်သွားတာ လဲ။**

နာမည်ရင်းက စွမ်း ဇာနည်ပါ။ ကား စ,ရိုက်တော့ စွမ်းဇာနည် ဇာတ်က တစ်ခါ မှ မက,ရသေးတော့ ဘယ် သူမှလည်း မသိသေးဘူး။ တချို့က ဇာတ်မင်းသားက ဗီဒီယိုရိုက်တယ်လို့ ထင်ကြ တယ်။ တကယ်တော့ ကျွန် တော်က ဇာတ်ကားအရင် ရိုက်တာပါ။ ကားရိုက်ပြီး တော့ ဇာတ်ကားတွေ မထွက် ခင် ကား ၅ ကားရိုက်ပြီးမှ ဇာတ်ခုံပေါ်တက်ဖြစ်တာပါ။ တော်တော်များများကတော့ ဇာတ်မင်းသားက ဗီဒီယိုရိုက် တယ်လို့ပဲ ထင်နေကြတယ်။ အဲဒီလိုထင်နေတဲ့အထဲမှာ ကျွန်တော့်ရဲ့ ပရိုဂျူဆာဖြစ်တဲ့ ကိုမင်းနဲ့ မဖြူတို့ နှစ်ဦးလည်း ပါတယ်။ ဇာတ်က,ပြီဆို တော့ ဇာတ်မင်းသားနာမည် ကြီးဖြစ်နေမှာစိုးလို့ နာမည် တစ်လုံးတည်း စွမ်း ဆိုတာ ကြိုက်လားတဲ့။ ကြိုက်တာနဲ့ သရုပ်ဆောင်မှာ စွမ်း၊ ဇာတ် သဘင်မှာ စွမ်းဇာနည် နှစ် မျိုးဖြစ်သွားတယ်။

**အဲဒီနှစ်မျိုးတည်းက သရုပ်ဆောင်ကိုအားပေးတဲ့ ပရိသတ်၊ ဇာတ်သဘင်ကို အားပေးတဲ့ ပရိသတ် နှစ်ဖက် စလုံးကို ဒီစာမျက်နှာထက် က ဘာပြောချင်လဲ။**

နှစ်ခုစလုံးမှာ ကြိုးစား သွားပါမယ်။ နှစ်ခုလုံးမှာ ကြိုးစားသွားမယ်ဆိုတာက သရုပ်ဆောင်ဘက်မှာ ကျွန် တော်ဖြစ်ချင်တဲ့အတိုင်း၊ ကျွန် တော်လုပ်ချင်တဲ့အတိုင်း အပြည့်အဝ မလုပ်နိုင်ပါဘူး။ ကျွန်တော် မလုပ်နိုင်တာတွေ အများကြီး ပါတယ်။ ဒီ့ပြင် မင်းသားတွေလို ကားတစ် ကားကို ရက် ၂၀၊ ၁၅ ရက် စသည်ဖြင့် မပေးနိုင်ဘူး။ ဇာတ်အဖွဲ့ရှိသေးတော့ ကား တစ်ကားကို ၅ ရက်လောက်နဲ့ ပြီးအောင် ရိုက်ရတဲ့အတွက် ဒါရိုက်တာကလည်း မြန်မြန် ရိုက်ပေးရတယ်။ ထုတ်လုပ် သူကလည်း မြန်မြန်လေး ပြီး မယ့် ဇာတ်လမ်းကို စီစဉ်ပေး ရတယ်။ အဲဒီလိုမျိုး ဖြစ်နေ တယ်ပေါ့။ သဘင်မှာကျ တော့ ကျွန်တော်ကိုယ်တိုင် ဇာတ်ဆရာ၊ ကျွန်တော် မင်း သားဖြစ်နေတော့ ကျွန်တော် ပိုက်ဆံဘယ်လောက်ကုန်ကုန် ရှုံးရှုံးမြတ်မြတ် ကျွန်တော် လုပ်ချင်တဲ့အရာတစ်ခု၊ ကျွန် တော်တင်ပြချင်တဲ့အကြောင်း အရာကို အရဲစွန့်ပြီး လုပ်လိုက် တဲ့အတွက် သဘင်မှာ ပိုပြီး အောင်မြင်နေတယ်။ ရုပ်ရှင် ဘက်မှာကျတော့ ကျွန်တော် ရောက်သင့်သလောက် မရောက်ဘူး။ အဲဒီအတွက် နောက်ကို အချိန်ပေးပြီးတော့ သရုပ်ဆောင် စွမ်းကို အားပေး တဲ့ပရိသတ်အတွက် ကျွန် တော် အများကြီး ကြိုးစား သွားမယ်-လို့ စွမ်းက ပြောပြ ခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

လန်ဒန်မြို့တောင်ပိုင်း လမ်းမတစ်ခုထက်မှာ Mini Cooperကားလေးကို မောင်းနှင်နေရင်း Adele ရဲ့အတွေးထဲက မေးခွန်းတစ်ခုထွက်ပေါ်လာခဲ့ပါတယ်။ 'ဂီတလောကကြီးထဲမှာ ဘာတွေဖြစ်နေတာလဲ' ဆိုတဲ့ အမေးပါ။

Adeleနဲ့အတူ ကားပေါ်မှာ လိုက်ပါလာတဲ့ စာရေးသူအနေနဲ့ ပြန်ဖြေစရာက တစ်ခုပဲ ရှိပါတယ်။ 'ဂီတလောကကြီးတစ်ခုလုံးက စောင့်မျှော်နေကြတဲ့ အယ်လ်ဘမ်တစ်ခုရှိတယ်' ဆိုတာပါပဲ။

'အိုး…ဟုတ်ရဲ့လား' ဆိုတဲ့ အာမေဍိတ်သံနဲ့အတူ Adele က စာရေးသူကို အသာအယာ တွန်းထိုးရင်း တခစ်ခစ် ရယ်ပါတော့တယ်။ ကာတွန်းသံပေါက်နေတဲ့ သူ့ရယ်သံက You Tube ပေါ်မှာတော့ Adele Cackle လို့ လူသိများပါတယ်။

Adeleက ဘုရားတ,ရင်း အစိမ်းရောင်မျက်လုံးတွေ ပြူးကျယ်လာကာ 'တစ်နှစ်လောက် နောက်ကျသွားသလို ခံစားနေရတယ်' လို့ ဆိုလာပါတယ်။ သူပြောပုံက ၂၀၁၁ ခုနှစ်ထုတ် *21*အမည်ရ နောက်ဆုံးထုတ် အယ်လ်ဘမ်ကပဲ ဓာတ်ပြားချပ်ရေ

# တစ်ကျော့ပြန် အောင်မြင်မှုတွေနဲ့ ပျံ့ဝဲလာမယ့် ဒီချင်းငှက်ကလေး ADELE

ရာပြည့်



၃၁ သန်းကျော်ရောင်းချခဲ့ရတာ မဟုတ်သလိုလို၊ ပရိသတ်တွေရဲ့ ချစ်ခင်မြတ်နိုးမှုက Beyonceတို့၊ Aretha Franklin တို့ဆီကနေ သူ့ဆီကို ရွှေ့လာတာပဲ မဟုတ်သလိုလို၊ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကလွဲလို့ ရှိရှိသမျှ ထူးချွန်ဆုတွေအားလုံး သိမ်းပိုက်ရယူနိုင်ခဲ့တာပဲ မဟုတ်သလိုလို ဖြစ်နေပါတယ်။

'ဒါပေမဲ့ တကယ်တမ်းမှာ ဂီတနဲ့ အထိအတွေ့ပြတ်ခဲ့တယ်' လို့ သူက ဆိုပါတယ်။ Adeleဟာ FKA Twigsဂီတအဖွဲ့ရဲ့ပရိသတ်တစ်ယောက်ဖြစ်သလို Alabama Shakes ဂီတအဖွဲ့ကိုလည်း မြတ်နိုးသူ ဖြစ်ပါတယ်။ Kanye West ရဲ့ဖျော်ဖြေမှုကို ကြည့်ချင်လွန်းလို့ Glastonbury ဂီတပွဲတော်မှာ တိုးဝှေ့ပြီး သွားကြည့်တတ်တာလည်း Adeleပါပဲ။ 'ဒါပေမဲ့ ဂီတရောင်းအား ဇယားချပ်တွေနဲ့ အများကြိုက်တဲ့ အလေ့အထတွေက ဘာတွေဖြစ်နေပြီလဲ ဆိုတာကို မသိတော့ဘူး။ အဆက်ပြတ်နေပြီလို့ ကိုယ့်စိတ်ထဲမှာ ခံစားနေရတယ်'။ Adeleက ပြောရင်းနဲ့ ရယ်မောနေပြန်ပါတယ်။ 'ဂီတကို မျက်ခြည်ပြတ်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီကနေ့ ဖြစ်ပျက်နေတာတွေကို မျက်ခြည်ပြတ်နေတာ အမှန်ပါပဲ'

အောက်တိုဘာလအစောပိုင်း လန်ဒန်ရဲ့ရာသီဥတုက အုံ့အုံ့မှိုင်းမှိုင်းရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်
ကျော်ကြားမှုကို
ကျွန်မ
မုန်းတီးတယ်လို့
လူတွေက
ထင်နေကြတယ်
ကျွန်မ မုန်းတာ
မဟုတ်ပါဘူး
အောင်မြင်
ကျော်ကြားမှု
ဒဏ်ကိုသာ
ကျွန်မ
ကြောက်လန့်နေတာပါ
အောင်မြင်
ကျော်ကြားတယ်
ဆိုတာက
အင်မတန်မှ
ယစ်မူးလို့
ကောင်းတဲ့
အရာဖြစ်တယ်လို့
ကျွန်မ
ထင်မိပါတယ်

www.burmeseclassic.com

မကြာခင်မှာ မိုးရွာတော့မယ့်ပုံပါပဲ။ မိုးရွာမယ့်ပုံ ရှိတာကြောင့်ပဲ Adele က သူ့ရဲ့ သုံးနှစ်အရွယ်သားလေး Angelo ကို တိရစ္ဆာန်ရုံ လိုက်ပို့မယ့် အစီအစဉ် ပယ်ဖျက်ခဲ့တာပါ။ ဘေးက ဖြတ်သွားတဲ့ ကားပေါ်က လူတွေလည်း Adele ကို မြင်ပေမဲ့ မမှတ်မိကြပါဘူး။ ကားထဲမှာ ထိုင်နေတာမို့ မဟုတ်ပါဘူး။ အပြင်မှာလည်း မှတ်မိကြတာ မဟုတ်ပါဘူး။ 'မိတ်ကပ်တွေလိမ်း၊ ဆံပင်အလှတွေပြင်ပြီး လမ်းထွက်ရင်တော့ မှတ်မိကောင်း မှတ်မိကြမှာပေါ့။ ဒါပေမဲ့ ကိုယ်ကလည်း ဒါမျိုးတွေ မလုပ်ရဲဘူးလေ' လို့ သူက ဆိုပါတယ်။ Adele က နက်ပြာရောင် ဆွယ်တာလေး အပေါ်က ဝတ်ထားပြီး အနက်ရောင် အသားကပ်ဘောင်းဘီ၊ အဖြူရောင် ကင်းဗတ်ဖိနပ်နဲ့ မနက်ခင်း ကျောင်းအမီ ကတိုက်ကရိုက် ထ,ပြေးလာတဲ့ ကောလိပ်ကျောင်းသူ တစ်ယောက်လိုမျိုး ရိုးရိုးလေးသာ ဝတ်စားဆင်ယင်ထားတာပါ။ ရွှေရောင်ဆံပင်တွေကိုလည်း နောက်မှာ သိမ်းချည်ထားပြီး နားမှာတော့ နားကွင်းဆွဲထားပါတယ်။ မျက်နှာပြင်မှာ အရေးအကြောင်းလေး တစ်ခု နှစ်ခု ပေါ်နေပြီလို့ ဆိုတတ်ပေမဲ့ မိတ်ကပ်ကို ပါးပါးပဲ လိမ်းခြယ်ထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ ငယ်ဂုဏ်ကတော့ တင့်တယ်နေတုန်းပါပဲ။

နောက်ခံတီးဝိုင်းအဖွဲ့နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်ရင်း အယ်လ်ဘမ်အသစ်ထဲက Hello သီချင်းကို အစမ်းလေ့ကျင့်သီဆိုလိုက်တာဟာ Adele ရဲ့ စိတ်တွေကို လန်းဆန်းပေါ့ပါးသွားစေခဲ့ပါတယ်။ *Hello* ဟာ 25 အမည်ရ တတိယမြောက် အယ်လ်ဘမ်ထဲက ဆင်ဂဲလ် သီချင်းတစ်ပုဒ်ပါ။ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ စတင်ထုတ်ဝေမယ့် အယ်လ်ဘမ်ပဲ ဖြစ်ပါတယ်။ Adele ဟာ မေလကတည်းက အသက် ၂၇ နှစ်ပြည့်ခဲ့တာ ဖြစ်ပေမဲ့ အယ်လ်ဘမ်သစ်ကို စပြီးလုပ်ခဲ့စဉ်က အသက်ကိုယူကာ 25 လို့ အမည်ပေးခဲ့တာပါ။ 'ဒါပေမဲ့ ၂၅ နှစ်အရွယ်မဟုတ်တော့ဘဲ ဘာဖြစ်လို့ 25 လို့ နာမည်ပေးခဲ့လဲဆိုတဲ့ မေးခွန်းတွေ မေးလာမှာ စိတ်ပူမိရသေးတယ်' လို့ Adele က ဆိုပါတယ်။ *Hello* သီချင်းရဲ့ ပထမစာကြောင်းကို ကောက်ဆိုလိုက်တဲ့ Adele ရဲ့ အသံက သံသယတစ်ခုခု ရှိနေသလို ဖြစ်ပေမဲ့ နောက်သီတင်းနှစ်ပတ်လောက်နေတော့ *Hello* ကို ထုတ်ဝေပေးခဲ့ရာမှ ပထမ ၄၈ နာရီအတွင်း You Tube ပေါ်မှာ ဝင်ရောက်ကြည့်ရှုမှု အကြိမ်အရေအတွက် သန်းပေါင်း ငါးဆယ်ကျော်အထိ ရှိခဲ့တာဖြစ်ပါတယ်။

ကလေးတစ်ဖက်နဲ့ အလုပ်လုပ်ရတဲ့ Adele ဟာ အယ်လ်ဘမ်သစ်အတွက် အလောတကြီး မလုပ်ခဲ့ပါဘူး။ *Hello* သီချင်းရဲ့ အချိုပိုဒ်တွေနဲ့ သံပြိုင်ပိုဒ်ကြားမှာ အချိန်ခြောက်လလောက်အထိ ကြာမြင့်ခဲ့ရပါတယ်။ Adele နဲ့ တွဲဖက်ပြီး သီချင်းရေးပေးတဲ့ ထုတ်လုပ်သူ Greg Kurstin က 'သီချင်းတစ်ဝက်တော့ ရေးပြီးပြီ' လို့ အဲဒီအချိန်က ပြောပြခဲ့ပါတယ်။ တစ်ဝက်ပဲ ရေးရသေးတဲ့ သီချင်းကို Adele ဘယ်တော့ လာပြ[...] လက်စသတ်မလဲ ဆိုတာလည်း သူ[...] မသိရပါဘူး။ 'စိတ်ရှည်ရှည် စောင့်ရမှာ[...] ပေါ့' လို့ သူက ဆိုခဲ့တာ ဖြစ်ပါတယ်။

*Hello* သီချင်းရဲ့ စာသားတွေက[...] ဆုံးရှုံးထားခဲ့ရတဲ့ တစ်စုံတစ်ခုကို တမ်း[...] တနေတဲ့ပုံစံ ဖြစ်နေပေမဲ့ Adele ကတော့[...] လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်ကို ရည်[...] ညွှန်းထားတာ မဟုတ်ဘဲ ကိုယ့်ကိုယ်ကို[...] ပြန်လည် စုစည်းတဲ့သဘော ရေးထား[...] တာ ဖြစ်တယ်လို့ ရှင်းပြခဲ့ပါတယ်။ 'အရွယ်ရောက်တဲ့ လူကြီးတစ်ယောက်[...] ဘက် အခြမ်းကနေ ဆယ်ကျော်သက်[...]


ကျွန်မအသက်မွေးဝမ်းကျောင်းက [illegible] မဟုတ်ပါဘူး။ [illegible]ဖြစ်ပါတယ်ဆိုတဲ့ Adele ကို *Hello* သီချင်းရိုက်ကွင်းပေါ်မှာ တွေ့ရစဉ်


၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ဘာကင်ဟမ်နန်းတော်မှာ ချားလ်စ်မင်းသားထံမှ MBE ဘွဲ့ကို လက်ခံယူနေစဉ်

နှောင်းပိုင်းနဲ့ ၂၀ ကျော်စ အရွယ်[...] တွေကို ပြန်ပြီး တမ်းတသတိရနေ[...] အကြောင်းတွေပါ' လို့ Adele က ပြော[...] ခဲ့ပါတယ်။

အယ်လ်ဘမ်သစ် 25 ကို ထုတ်[...] ပြီးရင် နယ်လှည့်ဖျော်ဖြေပွဲတွေ လု[...] မယ်၊ မလုပ်ဘူး ဆိုတာကိုတော့ အ[...] ထက်ထိ Adele မဆုံးဖြတ်ရသေး[...] ဘူး။ အခု အစမ်း ဇာတ်တိုက်လေ့ကျ[...] နေတာကလည်း ရုပ်/သံ အစီအစ[...] အတွက်ပါ။ Adele ရဲ့ တီးဝိုင်းအဖွဲ့[...] အဖွဲ့သားနည်းနည်းပဲ ရှိပါတယ်။ [...] အဖွဲ့မှာ ပထမဆုံး ပါဝင်လာတဲ့ ပါ[...] ရှင်း (Percussion) တီးခတ်သူရဲ့ လ[...] သံတွေကလည်း Adele ကို စိတ်လှုပ်ရှား[...] စေခဲ့ပါတယ်။ Adele ရဲ့ ကလေး[...] အရွယ်က အသည်းကျော် Spice [...] ဂီတအဖွဲ့က ပါကပ်ရှင်း တီး[...]

www.burmeseclassic.com



ပြောင်မြောက်တဲ့ လက်စွမ်းအကြောင်းကို
ည်း Adele က ပြောပြပါသေးတယ်။

ပရိသတ်တွေကြားမှာတော့ ပြီးခဲ့
တဲ့ နှစ်နှစ်တာကာလလောက်အတွက်
Adele အနေနဲ့ ပြောစရာ များများစားစား
ရှိလှပါဘူး။ ဆိုစရာ သီချင်းသစ်လည်း
ရှိခဲ့ပါဘူး။ **Skyfall** ဇာတ်ကား ဇာတ်
ဝင်သီချင်းအတွက် Paul Epworth နဲ့
အော်စကာဆု ရရှိခဲ့ပြီး နောက်ပိုင်း
တည်းကပါပဲ။ ပြောစရာ ဘာမှမရှိတဲ့
အခါ ဘာမှမပြောဘဲ နေလိုက်တာပဲ
ကောင်းပါတယ်' လို့ Adele က ပြောပြ
ပါတယ်။ ဒါပေမဲ့ အဲဒီလို နှုတ်ဆိတ်နေ
တာဟာ Adele ရဲ့ပင်ကိုသဘာဝ မဟုတ်



ခုနှစ်က ထုတ်လွှင့်ခဲ့တဲ့ Saturday Night Live ရုပ်မြင်သံကြားအစီအစဉ်က Adele ကို အမေရိကန် ပြည်ဆောင်စုမှာ အောင်မြင်မှုရစေခဲ့ပါတယ်

ညီတာကို နောက်မိနစ်အနည်းငယ်
ကြာမှာ မြင်တွေ့ရပါတယ်။ 'Frank
Ocean ရဲ့အယ်လ်ဘမ်သစ် ထွက်လာမှာ
ကို စောင့်နေခဲ့တာလေ။ သူ့အယ်လ်ဘမ်
ကလည်း တော်တော်နဲ့ကို ထွက်မလာ
ဘူး'။ Adele က သူ့စကားကိုသူသဘော
ကျသလိုနဲ့ရယ်မောရင်း 'ဒီလိုစကားမျိုး
ကိုပြောရတာတော့ မကောင်းဘူးပေါ့'
လို့လည်း ဆိုလာပါတယ်။

Adele ဟာ သူ့ရဲ့အောင်မြင်မှုအရှိန်
အဟုန်တွေကို သူ့ဘဝထဲ ထဲထဲဝင်ဝင်
လွှမ်းမိုးလာအောင် မခံတဲ့သူလည်း ဖြစ်ပါတယ်။
ဘူး။ မီးဖိုးပါး ကားလေးနောက်ကနေ
လိုက်တော်စောင့်တွေက Range Rover
ကားကြီးနဲ့ တကောက်ကောက် လိုက်ပါ
နေတဲ့ အဆောက်တာမျိုးကိုလည်း သူက မလို
ချင်ပါဘူး။ 'ဂီတလုပ်ငန်းက ကိုယ့်ရဲ့
ဘဝမဟုတ်ပါဘူး။ ကိုယ် ဝါသနာပါရာ

www.burmeseclassic.com



၂၀၁၂ ခုနှစ်က ဂရမ်မီဆုပေးပွဲမှာ ဆု ၆ ဆုရတဲ့အထိ အောင်မြင်ခဲ့ပါတယ်



၂၀၁၃ ခုနှစ်က အော်စကာဆုပေးပွဲမှာ Skyfall ဇာတ်ကားအတွက်ဝင်သီချင်းနဲ့ မူရင်းတေးသီချင်းဆု ရရှိခဲ့ပါတယ်



ချစ်သူလည်းဖြစ်၊ သားရဲ့အဖေလည်းဖြစ်တဲ့ Simon Konecki နဲ့အတူ တွေ့ရစဉ်

အလုပ်တစ်ခုပါပဲ' လို့ သူက ဆိုပါတယ်။ သူ့ရဲ့အယ်လ်ဘမ်တွေကို ထုတ်ဝေတဲ့ အခါမျိုးမှာသာ လူထုပရိသတ်အကြား နေလိုသူဖြစ်ပြီး ကျန်တဲ့အချိန်တွေမှာ ကိုယ့်ဘာသာ သီးသန့်နေထိုင်ရင်း နောက် အယ်လ်ဘမ်အတွက် သီချင်း ရေးနေချင်သူ ဖြစ်ပါတယ်။ Adele ရဲ့ မန်နေဂျာ Jonathan Dickins က Adele အနေနဲ့ ဓာတ်ပြား အချပ် ၂၀ လောက် အထိထုတ်နိုင်မယ်လို့ ထင်မိကြောင်း၊ ရှေ့ဆက်ရမယ့် ခရီးအရှည်ကြီး ကျန်ရှိ နေသေးကြောင်း ပြောပြခဲ့ပါတယ်။

'အောင်မြင်ကျော်ကြားမှုကို ကျွန်မ မုန်းတီးတယ်လို့ လူတွေက ထင်နေကြ တယ်။ ကျွန်မ မုန်းတာ မဟုတ်ပါဘူး။ အောင်မြင်ကျော်ကြားမှုဒဏ်ကိုသာ ကျွန်မ ကြောက်လန့်နေတာပါ။ အောင် မြင်ကျော်ကြားတယ်ဆိုတာက အင်မ တန်မှ ယစ်မူးလို့ကောင်းတဲ့ အရာဖြစ် တယ်လို့ ကျွန်မ ထင်မိပါတယ်။ ပြီး တော့ အင်မတန်မှလည်း ဆွဲဆောင်နိုင် အား ကောင်းတာလေ'။ Adele ရဲ့ ဂီတ ခရီးအစပိုင်းမှာ လူတွေက အဆိုတော် Amy Winehouse နဲ့ ခိုင်းနှိုင်းပြောကြား တတ်ကြပါတယ်။ Adele ဟာ Amy နဲ့ သိပ်ပြီးတော့ ဆုံတွေ့ခဲ့ဖူးတာ မဟုတ်ပါ ဘူး။ 'Amy ရဲ့ဘဝ ယိုယွင်းပျက်စီး သွားခဲ့တာကို မြင်တွေ့ခဲ့ရတာကြောင့် လည်း အောင်မြင်ကျော်ကြားမှု ဆိုတာ ကြီးကို ကြောက်လန့်စေခဲ့တာ ဖြစ်ပါ တယ်။ သူ့ရဲ့ အရုပ်ထုပ်တွေကို ရင် တမမနဲ့ ကျွန်မတို့ စောင့်ကြည့်ရင်း အရမ်းလည်း စိတ်မကောင်း ဖြစ်ရပါ တယ်။ ဒါပေမဲ့ တစ်ယောက်ယောက် ကများ Amy ရဲ့ရုပ်ပျက်ဆင်းပျက်ပုံတွေ ကို ဓာတ်ပုံရိုက်ပြလာရင် ကျွန်မ ကြည့် ဖြစ်မှာပါ။ သူ့ပုံတွေကို ကျွန်မတို့တစ် တွေ မကြည့်တော့ဘဲ နေမယ်ဆိုရင် ဘယ်သူကမှ သူ့ကို ဓာတ်ပုံရိုက်တော့ မှာ မဟုတ်ပါဘူး။ ဒီလိုမျိုး အသိနဲ့ ဂရုပြုကြည့်တဲ့အဆင့် ရောက်သွားတာ ဟာ အင်မတန်မှ ကြောက်စရာကောင်း ပါတယ်။ အထူးသဖြင့် ဖျော်ဖြေရေး လုပ်ငန်း လောကထဲမှာ မနေတော့တဲ့ အခါမျိုးမှာပေါ့'

Adele ဟာ နာမည်ကျော်ကြားသူ တွေကြားထဲ သွားလာရတဲ့ အခါမျိုးမှာ ကိုယ့်ကိုယ်ကို အားငယ်တဲ့စိတ်တွေ ဝင် လာမိတတ်ပါတယ်။ အခုနှစ် အစော ပိုင်းမှာတုန်းက သူ အင်မတန် သဘော ကျ နှစ်သက်တဲ့ အဆိုတော် Stevie Nicks ကို တွေ့ချင်လို့ ဖျော်ဖြေရေးစင် မြင့် နောက်ဘက်ကို သွားတဲ့အခါမှာ ကိုယ့်ကိုယ်ကို မထိန်းနိုင်လောက်အောင် တသိမ့်သိမ့် ရှိုက်ငိုနေမိခဲ့ပါတယ်။ 'နာမည်ကျော် အနုပညာရှင်တွေ အ[illegible] ကြီးရှိတဲ့နေရာမျိုးကို သွားရတဲ့အခါမျိုး မှာ သူတို့ရဲ့ အရှိန်အဝါတွေ လွှမ်းမိုးမှု[illegible] နည်းနည်းလေးမှ မခံစားမိဖို့ရာ ကို[illegible] ကိုယ်ကို သေချာလှတာ မဟုတ်ပါဘူး'။ Adele ဟာ သူ့ဘဝရဲ့ ပထမဆုံးသော[illegible] ဆယ်စုနှစ်ကို ရာဇဝတ်မှုခင်းထူပြော[illegible] ဆင်းရဲမွဲတေလှတဲ့ တောတင်ဟမ်ခရိုင် အတွင်းမှာ ကြီးပြင်းဖြတ်သန်းခဲ့ရ[illegible] ပါ။ 'ကိုယ့်ကို တစ်ယောက်ယောက်[illegible] မောင်းထုတ်လိုက်တော့မလိုမျိုး စိတ်[illegible] မှာ အမြဲပဲခံစားနေရတယ်။ လျှို့[illegible] ကင်မရာနဲ့ စောင့်ရိုက်ထားပြီးမှ ဘွား[illegible] လှည့်ပြလိုက်သလိုမျိုး တစ်ယော[illegible] ယောက်က ကျွန်မကို တောတင်ဟမ်[illegible] ပြန်ပို့လိုက်မှာ စိုးရိမ်နေမိတယ်လေ'[illegible] အဆောက်အအုံအမြင့်ကြီးတွေပေါ်က[illegible] ပြုတ်ကျတဲ့ အိပ်မက်ဆိုးတွေ အကြော[illegible] လည်း Adele က ပြောပြသွားခဲ့[illegible] တယ်။

Adele ရဲ့ ဘဝထဲကို သား[illegible] Angelo ရောက်ရှိလာပြီးကတည်းက [illegible] တွင်း နေရာမျိုးစုံကို Adele ရောက်[illegible] ပါတယ်။ 'စိတ်ကူးရသမျှ ပန်းခြံ[illegible] ဆိုင်တွေ၊ စူပါမားကက်တွေ အားလုံး[illegible] မရောက်ဖူးတာ မရှိခဲ့ဘူး'။ Ange[illegible] ဖခင်၊ အသက် ၄၁ နှစ်အရွယ်ရှိ S[illegible] Konecki ဟာ ရင်းနှီးမြှုပ်နှံမှု ဘဏ်[illegible] ငန်းရှင်အဖြစ်ကနေ လူမှုရေးလု[illegible] တွေ တက်တက်ကြွကြွ ဆောင်[illegible] တစ်ဦး ဖြစ်လာခဲ့သူပါ။ Adele [illegible]



www.burmeseclassic.com

www.burmeseclassic.com

Konecki နဲ့ ဆက်ဆံရေးကို လည်း အလေးအနက် ထားတတ်သူပါ။ Adele ရဲ့ *21* အမည်ရ အယ်လ်ဘမ် အောင်မြင်မှု အထွတ်အထိပ် ရောက်ရှိနေချိန်မှာ Konecki နဲ့ ဆုံတွေ့ဖြစ်ခဲ့ကြတာ ဖြစ်ပါတယ်။ 'သူက အရမ်းကို အထောက်အကူပေးတတ်သူပါ။ ဒီအချက်က သူနဲ့ ဆုံစည်းဖြစ်ခဲ့တဲ့အချက် ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ကိုယ့်အလုပ်မှာ အောင်မြင်နေတဲ့အချိန်လေ။ ကျွန်မရဲ့အရင်ချစ်သူကကျတော့ သူ့လို မဟုတ်ဘူး။ ကျွန်မရဲ့အောင်မြင်မှုတွေက သူ့စိတ်ကို မသက်မသာ ဖြစ်စေခဲ့တယ်။ တကယ်တော့ သူက ကျွန်မရဲ့ အချစ်တွေကို တခြားလူတွေနဲ့ မျှဝေခံစားရမှာ မလိုချင်လို့ပါ'။

အပြင်မှာ ကောလာဟလ သတင်းတွေ ထွက်ပေါ်နေသလို သူနဲ့ Konecki တို့ ကွဲကွာကြတော့မယ်ဆိုတဲ့ စကားကိုလည်း Adele က ငြင်းပါတယ်။ 'ကျွန်မက မင်္ဂလာဆောင်ထားတာ မဟုတ်ဘူးဆိုတာကို အထပ်ထပ် ပြောခဲ့ပေမဲ့ လူတွေကတော့ လက်ထပ်ထားတယ်ပဲ ထင်နေတာ။ လက်ထပ်မထားပေမဲ့ အတူတူတော့ နေနေတာပဲလေ။ လက်ထပ်ကြဖို့လိုတယ်လို့လည်း ကျွန်မတို့က မခံစားမိကြပါဘူး။ ကျွန်မတို့ နှစ်ယောက်မှာ သားလေးတစ်ယောက်လည်း ရခဲ့ပြီပဲ။ ဒါက နှစ်ဦးအကြားမှာ လုံလောက်တဲ့ သံယောဇဉ်ကြိုးတစ်ချောင်းပဲလို့ ထင်ပါတယ်'။

*Water Under the Bridge* အမည်ရ သီချင်းက Konecki အကြောင်း ရေးဖွဲ့ထားတဲ့ သီချင်းပါ။ Michael Jackson ရဲ့ *Human Nature* သီချင်း အရိပ်အငွေ့လေးတွေ ထင်ဟပ်ရေးဖွဲ့ထားတဲ့ သီချင်းလည်း ဖြစ်ပါတယ်။ 'ကိုယ်က မင်းအတွက် မဟုတ်ဘူးဆိုခဲ့ရင် အတူတူ ရင်ဆိုင်ခဲ့ကြရတာတွေကို ဘာဖြစ်လို့ ဖြတ်သန်းခဲ့ကြမလဲ' ဆိုတဲ့ စာသားကို Adele က ဆိုပြပါတယ်။ 'ဒါဟာ ရုတ်တရက်ကြီး အရမ်းအရမ်း လေးနက်သွားတဲ့ ဆက်ဆံရေးမျိုးအကြောင်းဖြစ်ပြီး တွေးမိတာနဲ့တင် ကြောက်စိတ် ဝင်လာမိတယ်။ ဒါပေမဲ့ ဒီစကားက မှန်တယ်။ ဒါဟာ ကျွန်မလိုချင်တဲ့ ဆက်ဆံရေးမျိုးဖြစ်ပြီး အဲဒီလို ဆက်ဆံရေးမျိုးထဲမှာ နေလို့ရသလောက်လည်း နေသွားချင်တာပါ'



Adele ဟာ ဆေးလိပ်သောက်ရတာကို နှစ်သက်သူ ဖြစ်ပေမဲ့ ဆေးလိပ်သောက်တာကြောင့် ရောဂါဘယတွေ ဘာတွေ ဖြစ်လာပြီး အသက်ဘေး ကြုံရမယ်ဆိုရင် သားလေးအတွက် ဘယ်လို လုပ်မလဲဆိုတဲ့ အတွေးဝင်လာချိန်ကစလို့ ဆေးလိပ်သောက်တဲ့ အလေ့အကျင့်ကို စွန့်လွှတ်ခဲ့ပါတယ်။ အရက်ကိုတော့ သီတင်းတစ်ပတ်မှာ တစ်ကြိမ်လောက် သောက်တယ်လို့ ဆိုပါတယ်။ အရက်ဘယ်လောက်ပဲသောက်သောက် သီချင်းအဆို မပျက်ပေမဲ့ ကလေးရလာတဲ့ အခါမှာတော့ မနက်ခင်း အိပ်ရာထချိန် အရက်နာကျတာက ဒုက္ခအကြီးအကျယ် ရောက်စေပါတယ်။

Adele ဟာ ၂၀၁၁ ခုနှစ်တုန်းက အသံကြိုးထဲက သွေးယိုတဲ့ ဝေဒနာတစ်ရပ်ကြောင့် ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး နယ်လှည့်ပွဲစဉ်တွေ အမြောက်အမြား ပယ်ဖျက်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာ အသံကြိုးနဲ့ ပတ်သက်တဲ့ သွေးပူလေ့ကျင့်ခန်းတွေကို အမြဲတမ်း ဂရုတစိုက်နဲ့ မပျက်မကွက် လုပ်တဲ့အလေ့အထ ရခဲ့ပါတယ်။ ခွဲစိတ်ကုသမှု ခံယူပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် ဂရမ်မီဆုပေးပွဲ ဖျော်ဖြေရေး အစီအစဉ်တွေမှာ Adele ပါဝင်တင်ဆက်ပေးခဲ့ပါတယ်။ ဒီအခါမှာ သူ့အသံက ပိုအားကောင်းလာပြီး အသံခွင်ကလည်း အသံလုံး လေးလုံးအထိ မြင့်တက်လာခဲ့တာတွေ့ရပါတယ်။ 'ခွဲစိတ်ကုသမှု လုပ်လိုက်တာက ကိုယ့်အသံကို အသစ်ကျပ်ချွတ်ဖြစ်အောင် လုပ်လိုက်သလိုပဲ။ ပထမပိုင်းကတော့ အဲဒီအသံကို မနှစ်သက်ခဲ့မိဘူး။ ကျွန်မက ကိုယ့်အသံကို နည်းနည်းလေး ရှတတ ဖြစ်စေချင်တာလေ။ အစောပိုင်းတုန်းက အဲဒီလိုအသံ မရခဲ့ဘူး'


www.burmeseclassic.com

www.burmeseclassic.com

ဂီတလောကထဲကို တစ်ကျော့ပြန်ဝင်ရောက်ဖို့အတွက် သက်လုံကောင်းအောင်လည်း လေ့ကျင့်ခဲ့ရပါသေးတယ်။ Adele က သကြား လျှော့စားတဲ့အပြင် အားကစား လေ့ကျင့်ရုံတွေဆီလည်း သွားကစားပြီး ကိုယ်အလေးချိန်လျှော့ဖို့ ကြိုးစားခဲ့ပါတယ်။ 'ကိုယ့်ခန္ဓာကိုယ်ကို ကြည့်ကောင်းအောင် လုပ်ရုံတင်ပါ။ သူများတွေလို ပိန်ကပ်နေတဲ့ ဆိုက်ဇ်ီးရိုးဖြစ်အောင် လုပ်တာ မဟုတ်ပါဘူး' လို့ Adele က ဆိုပါတယ်။ အားကစားရုံမှာလည်း Adele က ကြိုးခုန်တာမျိုး မလုပ်ဘဲ သူ့အကြိုက် လေ့ကျင့်ခန်းက အလေးမ လေ့ကျင့်ခန်းပဲ ဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ် ရောက်တဲ့အခါမှာ Adele က ကျန်းမာကြံ့ခိုင်ပြီး အခြေတကျနဲ့ တည်ငြိမ်တဲ့သူလည်း ဖြစ်နေပါပြီ။ ကလေးကို ပြုစုစောင့်ရှောက်ရတာကလည်း ကြီးမားတဲ့ တာဝန်တစ်ရပ်ဖြစ်ပြီး တိုတိုပြောရရင် ပျော်စရာကောင်းတဲ့ အလုပ်တော့ မဟုတ်ဘူးပေါ့လို့ Adele က ရယ်မောပြောကြားခဲ့ပါတယ်။

အဖြစ်အပျက်တွေ မြန်ဆန်လွန်းတယ်လို့လည်း Adele က ဆိုပါတယ်။ 'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ဘယ်သူမှ မသိသေးပေမဲ့ ကျွန်မရဲ့ တစ်ခုတည်းသော အလုပ်က သီချင်းရေးတာပဲ ဖြစ်ပါတယ်။ ပြီးရင် ကျောင်းကို အချိန်မီ ရောက်အောင် သွားရတယ်။ အဲဒီဘဝလေးမှာ အင်မတန် ကောင်းတာတွေ ရှိတာ သိတယ်မဟုတ်လား။ အခုအချိန်မှာ စိတ်အတိုမိဆုံးကတော့ ကလေးတစ်ယောက်ရဲ့ဘဝဟာ ဘယ်လောက်ကောင်းတယ်ဆိုတာကို သေသေချာချာ မသိခဲ့တာပဲ'

Adele ဟာ မိသားစုဝင်တွေအပြင် ငယ်သူငယ်ချင်း အပေါင်းအသင်းတွေနဲ့လည်း အပြင်ထွက်လည်တတ်သူပါ။ သူငယ်ချင်းတစ်ယောက်က ကလေးစာပေစာအုပ်တွေ ရေးပါတယ်။ နောက်တစ်ယောက်က ရုပ်/သံအစီအစဉ် ထုတ်လုပ်သူ ဖြစ်ပါတယ်။ '*21* က နာမည်ကြီးသထက် ကြီးလာတော့ ကျွန်မရဲ့ ငယ်သူငယ်ချင်းတွေအားလုံးကို ပြန်စုစည်းလိုက်တယ်' လို့ Adele က ဆိုပါတယ်။ သူမျှော်လင့်တာက သူငယ်ချင်းတွေ အားလုံးကို နယ်လှည့်ပွဲ ခရီးစဉ်တစ်လျှောက် ခေါ်သွားဖို့ပါ။ 'သူတို့တွေကိုလည်း ကျွန်မရဲ့ အောင်မြင်မှုတွေ မျှဝေခံစားစေချင်တာလေ'

ဒီလိုဆို သူငယ်ချင်းအုပ်စု ဖွဲ့ထားတာလားလို့ မေးတော့ Adele က ရယ်ပါတယ်။ အုပ်စုဖွဲ့ရမယ်ဆိုရင်တော့ စူပါမော်ဒယ်လ်တွေနဲ့ချည်းပဲ ဖွဲ့မယ် မှန်းတာပဲလို့ သူက ဆိုပါတယ်။ 'ဒါပေမဲ့ Rihanna ဆိုရင်တော့ ကျွန်မအဖွဲ့ထဲမှာ လက်ခံနိုင်လောက်ပါတယ်။ သူသာ ပါမယ်ဆို အရမ်းကောင်းမှာ။ Rihanna ကိုယ်တိုင်ကိုက ဘဝတစ်ခုဖြစ်နေတာလေ။ ကျွန်မ Rihanna ကို သဘောကျပါတယ်'



Texaco ဓာတ်ဆီဆိုင် ဘေးနားက သုံးထပ်တိုက် အဆောက်အအုံရှေ့မှာ Adele က ကားကို ရပ်လိုက်ပါတယ်။ သုံးထပ်တိုက်ရဲ့ မြေညီထပ်မှာက လျှော့ဈေးနဲ့ရောင်းတဲ့ စတိုးဆိုင်တစ်ဆိုင် ရှိပါတယ်။ အသက် ၁၄ နှစ်ဝင်စလောက် အရွယ်တုန်းက Adele ဟာ သူ့ရဲ့အမေ Penny နဲ့အတူ ဒီအဆောက်အအုံ အပေါ်ထပ် အခန်းတစ်ခန်းမှာ နေခဲ့ဖူးပါတယ်။ သူ့ရဲ့ ဖခင်ကတော့ Adele လမ်းလျှောက်သင်စ အရွယ်လောက်ကတည်းက မိသားစုနဲ့ လမ်းခွဲသွားခဲ့ပါတယ်။ Adele က ဖခင်ဖြစ်သူအကြောင်း သိပ်ပြောချင်ပုံ မရပါဘူး။ သူ့ဘဝထဲမှာ ဖခင်ဖြစ်သူ မရှိတာနဲ့ ပတ်သက်ပြီး ဘယ်လို အရေးပါမှုတွေ ရှိတယ်ဆိုတာကိုလည်း သူက ပြောမပြခဲ့ပါဘူး။ Adele က တိုက်ပေါ်ကို လက်ညှိုးညွှန်ပြရင်း 'ဟိုးဘက်က လေးခုမြောက်ကနေ၊ ခြောက်ခုမြောက် ပြတင်းပေါက်အထိရှိတဲ့ အခန်းမှာ ကျွန်မတို့ နေခဲ့ကြတာ' လို့ ဆိုပါတယ်။ Adele ကို မွေးတော့ မိခင်ဖြစ်သူ Penny က အသက် ၁၈ နှစ်ပဲ ရှိပါသေးတယ်။ **Gilmore Girls** ဇာတ်ကားထဲက မိခင်ကလေးလေးတွေလိုပဲ Adele ရဲ့ ဘဝဟာ ပျော်စရာတွေ ဖြစ်ခဲ့ပါတယ်။ ... အယ်လ်ဘမ်နဲ့ အောင်မြင်မှုတွေ ရတဲ့အထိ အဲဒီတိုက်ခန်းမှာပဲ မိခင်ဖြစ်သူနဲ့ အတူနေခဲ့တာပါ။ 'သားအမိနှစ်ယောက်ကြားမှာ ဘာအကြောင်းကိုပဲဖြစ်ဖြစ် ပြောဖြစ်ကြတယ်။ မေမေနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ အရှက်ရစရာအကြောင်း မရှိခဲ့တာကပဲ ကျွန်မကို မိဘနဲ့ ဆန့်ကျင်ဘက် မဖြစ်စေခဲ့တာပါ'

Adele ဟာ သူ့ရဲ့ ပထမဆုံးအယ်လ်ဘမ်ဖြစ်တဲ့ *19* မှာပါတဲ့ သီချင်းတွေကို ဒီတိုက်ခန်းလေးမှာ နေရင်းနဲ့ပဲ ရေးသားခဲ့တာပါ။ *19* က ဂျပ်ဇ်ဂီတဆန် ... လျှပ်စစ်တူရိယာတွေ သိပ်မပါဘဲ ... တပ်တူရိယာတွေ အများစုနဲ့သာ ...



www.burmeseclassic.com

www.burmeseclassic.com

နှံ့တီးထားတာပါ။ ၂၀၀၈ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ အယ်လ်ဘမ် ဖြစ်ပါတယ်။ အဲဒီတုန်းက နာမည်ကြီး ဓာတ်ပြားတိုက် တစ်ခုဖြစ်တဲ့ XL နဲ့ စာချုပ်ချုပ်ခဲ့ပါ တယ်။ Adele က XLနဲ့ စာချုပ်ချုပ်ပြီး တွေ့ဆုံခန်းတွေလည်း လုပ်ခဲ့တယ်။ သူ့ အကြိုက်ဆုံးအဖွဲ့က Spice Girls ဂီတ အဖွဲ့လို့လည်း ပြောခဲ့ပါတယ်။

Adele က သူတစ်ချိန်က နေခဲ့တဲ့ တိုက်ခန်းကို မော့ကြည့်လိုက်ပါတယ်။ သူ့မျက်နှာကို အကဲခတ်ရတာ ခက်ပေ ခဲ့ ငယ်ဘဝကို ပြန်တမ်းတနေပုံ ရပါ တယ်။ ဇာတိနေရပ်ကို လွမ်းဆွတ်တဲ့ အကြောင်း ရေးဖွဲ့ထားတဲ့ သီချင်းတွေ ကိုလည်း သူ့ရဲ့ အယ်လ်ဘမ်သစ်မှာ မြင် တွေ့ကြရပါတယ်။ Adele ကြိုက်တဲ့ သီချင်းတစ်ပုဒ်က *When We Were Young* လို့ အမည်ရပါတယ်။ ဒီသီချင်း က Elton John ရဲ့ဟန် လွှမ်းနေတဲ့ သီချင်းဖြစ်ပြီး Tobias Jess Jr နဲ့အတူ တွဲဖက်ရေးသားပေးထားတာပါ။ အဲဒီ အပြင် *The Way We Were* ဆိုတဲ့ သီချင်း နဲ့ အကြောင်းအရာနဲ့လည်း ဆင်ပါ တယ်။ *The Way We Were* သီချင်းကို အော်စကာဆုပေးပွဲ စင်မြင့်ထက်မှာ Barbra Streisand သီဆိုသွားခဲ့စဉ်က Adele ဟာ မျက်ရည်တောင် ကျတဲ့အထိ ခံစားခဲ့ရပါတယ်။ Adele ဟာ *We Ain't Kids No More* အမည်ရသီချင်းကိုလည်း နောက်ဆုံးအချိန်ကျမှ ကပ်ပြီး *Send My Love To Your Lover*)လို့ ပြောင်းလဲခဲ့ပါ တယ်။ 'ဒီလိုမှ မဟုတ်ရင် ဒီအယ်လ် ဘမ်က ဟိုးတုန်းက အကြောင်းတွေ ချည်းပဲလို့ ပြောခံရမှာ' လို့ Adele က ဆိုပါတယ်။

သားလေး Angelo ကို ကိုယ်ဝန် ဆောင်ရချိန်မှာ Adele ဟာ သူ့အောင်မြင် မှုတွေရဲ့ လွှမ်းမိုးမှုကို စပြီး ခံစားလာခဲ့ ရပါတယ်။ *21* အယ်လ်ဘမ်တွေ တစ်နေ့တခြား ရောင်းအားမြင့်တက် လာချိန်မှာ အသံကြိုးဆိုင်ရာ ဝေဒနာ ကြောင့် ဈေးကွက်မြှင့်တင်ရေး အစီ အစဉ်တွေ ဘာမှ လုပ်မပေးနိုင်ခဲ့တဲ့


ငယ်ဘဝက Spice Girls အဖွဲ့ရဲ့ သီချင်းများကို ဟစ်ကြွေးခဲ့တဲ့ Adele


ကျောင်းမှာ သတ်မှတ်ထားတဲ့ ဆေးလိပ်သောက်ခွင့်ရှိတဲ့နေရာမှာ Adele အတွက် အနုပညာအတွေးကျင့်စရာနေရာ ဖြစ်ခဲ့ပါတယ်


၂၀၀၇ ခုနှစ်က လန်ဒန်မှာ 19 အယ်လ်ဘမ်ကို မဖြန့်ချိမီ တွေ့ရတဲ့ Adele

Adele က ဒီခံစားမှုကို စပြီး ရလာတာ ပါ။ 'ကိုယ့်ဘဝကို ကိုယ်တိုင် ထိန်းချုပ် နိုင်စွမ်းမရှိတော့ဘူးဆိုတာ သိလာရပါ တယ်။ အလုပ်အောင်မြင်လာတာနဲ့အမျှ ဘဝက ကျဉ်းမြောင်းသွားရတယ်။ ကိုယ့်ဘဝကို အခန်းကျဉ်းလေးတစ်ခုလို မြင်လာတယ်။ ဒီအခန်းကျဉ်းလေးက ကမ္ဘာကြီးတစ်ခုလုံးမှာ ကိုယ်ပိုင်တဲ့ နေရာလပ်လေးတစ်ခုပဲ။ ကိုယ့်အတွက် တော့ ဒါက လုံလောက်နေပြီ။ အရမ်း ကို အဆင်ပြေနေပြီ။ ဒါပေမဲ့ အဲဒီနေရာ လပ် သေးသေးလေးကိုပဲ စွန့်လွှတ်ရမှာ ကို ကြောက်နေမိတာ'

သားလေး Angelo ကို ကိုယ်ဝန် ဆောင်ထားချိန်မှာပဲ Adele ဟာ အသံ ကြိုးဆိုင်ရာ ဝေဒနာ ခံစားခဲ့ရတယ်။ ဂရမ်မီဆုတွေ ရခဲ့တယ်။ ပြီးတော့ နယူး ယောက်မြို့ကို ပြောင်းရွှေ့ အခြေချခဲ့ရ တယ်။ 'စီစဉ်ထားတဲ့အတိုင်း အားလုံး ဖြစ်လာခဲ့တယ်' လို့ Adele က ဆိုပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ 'ဒါပေမဲ့ နောက်ဆုံးမှာတော့ ကိုယ်ဝန်ဆောင်တဲ့အချိန်ဟာ အချိန်အခါ အသင့်ဆုံးဖြစ်ခဲ့တယ်လို့ထင်မိပါတယ်။ အဲဒီအချိန်မှာ ကိုယ်က အရာရာကို ကြောက်တတ်စ ပြုနေပြီလေ။ 'Adele ရဲ့ ကြောက်စိတ်တွေကို Angelo က ဖယ်ရှားပေးခဲ့ပါတယ်။ Angelo ကို မီးဖွားပြီးတော့ အားလုံးပဲ အစစ အဆင်ပြေသွားခဲ့တယ်။ ကမ္ဘာလောကကြီး ကိုယ့်ကို အံ့ဖွယ် သားရတနာလေး ပိုင်ဆိုင်ခွင့်ပေးလာခဲ့တာကြောင့် အရာရာအပေါ်မှာလည်း ယုံကြည်မှုထားတတ်လာခဲ့ရပါတယ်။ ဒီလိုနဲ့ပဲ ကျွန်မက ဟစ်ပီတစ်ယောက်၊ ဒါမှမဟုတ် မြေကြီးဆန်တဲ့ မိခင်တစ်ယောက်ဖြစ်လာရတာပေါ့။

'သားလေး Angelo သာ ရမလာခဲ့ဘူးဆိုရင် ဂီတလောကထဲကို အခုလို တစ်ကျော့ ပြန်ရောက်နိုင်ပါ့မလား ဆိုတာတောင် ကျွန်မ မသိတော့ပါဘူး'

တိုက်ရိုက် ဩဇာလွှမ်းမိုးမှုကို လက်ဆုပ်လက်ကိုင် ပြဖို့ရာ ခက်ခဲပေမဲ့ Adele ရဲ့ *25* အပေါ် အဆိုတော် Madonna ရဲ့ *Ray of Light* သီချင်းက တော်တော်လေး ဩဇာလွှမ်းမိုးမှု ရှိတယ်လို့ ဆိုနိုင်ပါတယ်။ '*Ray of Light* သီချင်းကို Madonna က ကလေးတစ်ယောက် မွေးအပြီးမှာ ရေးခဲ့တာ။ Madonna ရဲ့ အကောင်းဆုံး လက်ရာလို့ ကျွန်မ မြင်မိပါတယ်။ ကျွန်မ ကလေးမွေးပြီးတော့ သွားနိုင်သမျှ နေရာအနှံ့ လျှောက်သွားခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မစိတ်ထဲကကို ချင်ခြင်းတပ်နေခဲ့တာကိုး။ အဲဒီလို လွင့်မျောပြီး လျှောက်သွားနေပေမဲ့ တစ်ယောက်က 'သူတို့ဘာသာ ပြန်လာမှာပါ'ဆိုတာမျိုး၊ 'သေချာပါတယ်၊ *Ray of light* သီချင်းအတိုင်းပါပဲ'ဆိုတာမျိုး ပြောလာတဲ့ ကျွန်မရဲ့ အနေအထားမျိုး၊ ဥပမာ များများစားစားကိုတော့ မတွေ့ခဲ့ရပါဘူး'

Adele ရဲ့ နေအိမ်ကို ပြန်ရောက်တော့ သားလေး Angelo ခဏအိပ်ရမယ့်အချိန် ရောက်နေပါပြီ။ Adele က

ဂီတ
ဖျော်ဖြေတင်ဆက်မှု
ဆိုတာ
ယေဘုယျ
ပရိသတ်
အတွက်ကတော့
ခန္ဓာကိုယ်
လှုပ်ရှားမှု
မဟုတ်ပါဘူး
ကိစ္စ
အတော်များများမှာ
သီချင်းဆိုတာက
နားဆင်သူ
ပရိသတ်တွေရဲ့
ဘဝတွေထဲက
တစ်စုံတစ်ခုကို
အမှတ်ရစရာ
ဖြစ်အောင်
နှိုးဆော်ပေးတာပါ
ဒါဆိုရင်
သူတို့ရဲ့
အသည်းနှလုံးထဲကို
ကိုယ်
ရောက်သွားပြီပေါ့

Angelo အိပ်မပျော်ခင် အချိန်မီ တွေ့ရအောင်လို့ ကားကို ခဏရပ်လိုက်ပြီး ဖုန်းလှမ်းဆက်ပါတယ်။ Adele က *Hello* ဗီဒီယိုသီချင်းထဲကလို ရှေးရိုး ခေါက်ဖုန်းမျိုး အပြင်မှာတော့ မကိုင်ပါဘူး။ Adele က သားဖြစ်သူကို ကြက်သားအုပ်မ တစ်ကောင်လို ကာကွယ်စောင့်ရှောက်မှု ပေးတတ်သူဖြစ်ပြီး သူ့သားကို ဓာတ်ပုံရိုက်ဖို့ ကြိုးစားခဲ့တဲ့ ဓာတ်ပုံသတင်းထောက်တွေကိုတောင် တရားစွဲခဲ့ဖူးသူပါ။ အခုလည်း သူ့ရဲ့ မေတ္တာရပ်ခံချက်ကြောင့် Angelo ရဲ့ ပုံကို ဖော်မပြတော့ဘဲ ချစ်စရာကောင်းတဲ့ ကလေးတစ်ယောက် အဖြစ်သာ ဖော်ပြပေးလိုက်ပါရစေ။

ကလေးမျက်နှာ မြင်ခါစတုန်းကဆို နာမည်ပေးတာကိုတောင် လျှို့ဝှက်ထားခဲ့တာပါ။ ဒါပေမဲ့ သူ့ရဲ့ လက်ပေါ်မှာတော့ Angelo ရဲ့ အမည်ကို တက်တူး ရေးထိုးထားခဲ့ပါတယ်။ နောက်လက်တစ်ဖက်မှာ ရေးထိုးထားတဲ့ တက်တူးက Paradise လို့ ထိုးထားတာပါ။ နိဗ္ဗာန်လို့ပဲ ဆိုပါစို့။ ဘာဖြစ်လို့လဲဆိုတော့ Angelo က သူ့ရဲ့ နိဗ္ဗာန်မို့လို့ပဲလို့ သူက ဆိုပါတယ်။ အဆိုတော် Lana Del Rey ရဲ့ လက်မှာလည်း Paradise လို့ တက်တူးထိုးတာကို Adele က နောက်မှ သိခဲ့ရပါတယ်။ ဒါကတော့ တိုက်ဆိုင်မှုသက်သက်ပါပဲ(Adele ရဲ့ နောက်ကျောမှာ ချိုငှက်သုံးကောင်ပုံ ရေးထိုးထားတာလည်း မြင်တွေ့ကြရပါတယ်။)။ Lana Del Rey ကတော့ သူ့ကို ပရိသတ်တစ်ယောက်လို့ ထင်မှာဖြစ်ကြောင်း Adele က ရယ်မောပြောကြားခဲ့ပါတယ်။ Lana Del Rey ရဲ့ *Born to Die* သီချင်းကို အသံစစ် အစီအစဉ်တစ်ရပ်မှာ အုပ်စုလိုက် ဆိုခဲ့ရတဲ့အကြောင်း ပြန်ပြောရင်း Adele က သတိရနေတာပါ။ 'ကျွန်မက Lana ရဲ့ ပရိသတ်တစ်ယောက်ပါ။ ဒါပေမဲ့ အရူးအမူးကြီးစွဲလမ်းနေတာမျိုးတော့ မဟုတ်ပါဘူး'

'စာကြည့်တိုက်မှာ ပျော်ခဲ့ရဲ့လား'။ Adele က တယ်လီဖုန်း ဖန်သားပြင်ပေါ်မှာ မြင်နေရတဲ့ Angelo နဲ့ စကားပြောနေတာပါ။ ဘာစာအုပ်တွေ ဖတ်ခဲ့သလဲလို့ မေးမြန်းပြီး သားအမိနှစ်ယောက် စကားတွေ ပြောနေလိုက်ကြတာ ဆင်တွေအကြောင်း၊ ချောကလက်ခလုတ်တွေအကြောင်း၊ ခေါက်ဆွဲ၊ ချိ အကြောင်းတွေ စုံနေတာပါပဲ။

'သူက နတ်သားလေးပါပဲ'လို့ Adele က ဆိုပါတယ်။ 'ကျွန်မဘဝမှာ အနှစ်သက်ရဆုံးကတော့ သားလေး Angelo ရောက်လာတာပါပဲ။' သူက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မပြောသမျှကို ဘယ်တော့မှ မငြင်းတဲ့ တစ်ဦးတည်းသောသူလေ။ သူက ကျွန်မအပေါ် လုံးဝ စိုးမိုးသူပါ။ သူက ကျွန်မရဲ့ အကြီးအကဲပါပဲ။ တခြားလူတွေ အမြင်မှာတော့ ရယ်စရာ ဖြစ်ရင် ဖြစ်နေမှာပါ။ ကျွန်မရဲ့ အလုပ်မှာ ကျွန်မကပဲ အကြီးအကဲ မဟုတ်လား'

လွန်ခဲ့တဲ့ တစ်နှစ်၊ တစ်နှစ်ခွဲလောက် အရင်က Adele ဟာ အယ်လ်ဘမ်တစ်ချပ်စာ သီချင်းရသလောက် ရှိနေပြီလို့ ထင်ခဲ့ပုံ ရပါတယ်။ သူ့မန်နေဂျာကတော့ 'သိပ်မထင်ဘူး။ ဒီလိုနဲ့ အခွေကြမ်းကို Rick Rubin ဆီ သွားပြခဲ့တယ်။ Rubin က *21* တုန်းကလည်း အဖိုးတန်တဲ့ အကြံဉာဏ်တွေ ပေးခဲ့သူပါ။ Rubin က အခွေကြမ်းကို နားထောင်အပြီးမှာ မင်းတို့ကို ငါ မယုံဘူးလို့ ဆိုလာပါတယ်။ မူရင်းသီချင်းအစုက Adele ဆိုနေကျ အသံထက် အသံနိမ့် လျော့နေလို့ပါ။ 'ပေါ့ပ်သီချင်းတွေက နားထောင်လို့ ကောင်းပေမဲ့ လေးနက်ဘူး။ ဒီသီချင်းတွေ အားလုံးက ဒီအတိုင်းပဲ'လို့ Adele က ပြန်ပြောခဲ့ပါတယ်။

'Adele ဟာ အယ်လ်ဘမ်သစ် ထုတ်နိုင်ဖို့ စိတ်အားထက်သန်နေတယ်' လို့ Rubin က ပြောပြပါတယ်။ အရေးအကြီးဆုံး အချက်က သူ့ရဲ့အသံ အမှန်အတိုင်း ပြန်ရဖို့ပင်ဖြစ်ကြောင်း Rubin က ထောက်ပြခဲ့ပြီး အဲဒီအတွက် အချိန်ကြာရင် ကြာပါစေ၊ ပိုပြီး ပင်ပင်ပန်းပန်း လုပ်ရရင် လုပ်ရပါစေ၊ လုပ်ကို လုပ်ရမှာပဲ ဆိုတာကိုလည်း Rubin က ထောက်ပြခဲ့ပါတယ်။ 'သီချင်းအသစ်တွေ နားထောင်လိုက်တဲ့အခါ သူက သူ့ရဲ့အတွေ့နဲ့သူ ရေးဖွဲ့ထားတာ မဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း သိလိုက်ရပါတယ်။ သီချင်း တော်တော်များများက ခေတ်စားနေတဲ့ ပေါ့ပ်အဆိုတော်တွေရဲ့ အယ်လ်ဘမ်တွေမှာ ပါပြီးသား သီချင်းတွေလို ဖြစ်နေတယ်။ သီချင်းတစ်ပုဒ်ကို ထူးခြားခြား ဖြစ်စေတာက သူ့ရဲ့ အသံတစ်ခုတည်း မဟုတ်ပါဘူး'

Rubin ရဲ့ စကားကို ကြားရချိန်မှာ Adele ဟာ ဆောက်တည်ရာမရ ဖြစ်သွားခဲ့ရပြီး မျက်ရည်တောင် ကျမတတ် ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ Adele က သူကိုယ်တိုင်တောင် သူ့ကိုယ်သူ မယုံကြည်နိုင်အောင် ဖြစ်မိခဲ့ရကြောင်း ဝန်ခံပြောကြားခဲ့ပြီး Rubin ပြောတာ မှန်တယ်လို့ လက်ခံခဲ့ပါတယ်။ Rubin နဲ့ Dickins တို့ နှစ်ယောက်စလုံးက သူ့ကို အလောတကြီး မလုပ်ဖို့ ပြောလာကြပြီး၊ ဒါဟာ ဓာတ်ပြားကောင်းတစ်ချပ် ထုတ်လုပ်တဲ့နည်းလမ်း မဟုတ်ကြောင်းလည်း ထောက်ပြလာခဲ့ကြတယ်။ 'အထူးသဖြင့် *21* ရဲ့ အောင်မြင်မှုနောက်ကို လိုက်ဖို့ ကျွန်မ ကြိုးစားနေမိတာကို သူတို့က ပြောပြခဲ့ကြတာပါ။ ဒီလိုနဲ့ပဲ ကျွန်မ သီချင်းတွေ ပြန်ရေးဖို့ ဖြစ်ခဲ့ရတယ်'

၂၀၁၅ ခုနှစ် အစောပိုင်းမှာ Adele က လော့စ်အိန်ဂျလိစ်မြို့မှာ နှစ်လလောက်နေပြီး သူ့အယ်လ်ဘမ်သစ်အတွက် ကြိုးပမ်းခဲ့ပါတယ်။ အဲဒီမှာ အမေရိကန် ဂစ်တာသံနဲ့ ရေးထားခဲ့တဲ့ *Send My Love(To Your Lover)* သီချင်းကို Max Martin နဲ့ တွဲဖက်ဖန်တီးပါတယ်။ Max Martin က N'Sync ဂီတအဖွဲ့၊ Britney Spears, Katy Perry စတဲ့ အနုပညာရှင်များအတွက် သီချင်းတွေ ရေးသားပေးခဲ့ဖူးသူဖြစ်ပြီး You Tube မှာ သူ့ရဲ့ နာမည်ကျော် သီချင်းတွေ အများအပြား ရှိပါတယ်။

Ryan Tedder ရဲ့ စန္ဒရားလက်ကွက်လေးတွေနဲ့ ဖန်တီးထားတဲ့ *Remedy* အမည်ရ သီချင်းဟာလည်း အရေးပါတဲ့ သီချင်းကောင်းတစ်ပုဒ်ပါ။ Ryan Tedder က *21* အယ်လ်ဘမ်မှာပါတဲ့ *Rumour Has It* နဲ့ *Turning Tables* စတဲ့ သီချင်းတွေကို တွဲဖက် ရေးသားပေးခဲ့သူ ဖြစ်ပါတယ်။ ဒီသီချင်းဟာ Bob Dylan ရဲ့ *Make You Feel My Love* သီချင်းကို Adele ရဲ့ဟန်နဲ့ သီဆိုထားသလိုပါပဲ။ 'နာကျင်ခံစားမှုတွေနဲ့ အိပ်မရဖြစ်နေတဲ့ ညတွေမှာ ကိုယ်ဟာ မင်းအတွက် ဆေးတစ်ခွက် ဖြစ်လိုက်ချင်တယ်' ဆိုတဲ့ စာသားမျိုးတွေနဲ့ ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဒီသီချင်းကို Angelo အတွက် ရေးဖွဲ့ထားတာလို့ Adele က ဆိုပေမဲ့ 'ကျွန်မချစ်ရတဲ့ လူတိုင်းအတွက် ဆိုပေးခဲ့ပါတယ်။ ဒီသီချင်းကို ရေးတဲ့အခါမှာ ကိုယ့်ရဲ့ သီချင်းရေးနိုင်စွမ်းကို ယုံကြည်မှု ပြန်ရလာခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုလည်း ပြန်ပြီး ယုံကြည်လာတာကြောင့်ပါ'။ မျက်ရည်စက်လက်နဲ့ ရေးခဲ့ရတယ်ဆိုတဲ့ *Remedy* ဟာ နားဆင်သူတွေအတွက်လည်း မျက်ရည်နဲ့ နားဆင်ခဲ့ကြရပါတယ်။

*21* အတွက် သီချင်းတွေ ရေးတုန်းက မှတ်စုစာအုပ်အပြည့် ရေးမှတ်ထားတဲ့ စာသားတွေနဲ့ စိတ်ကူးတွေ ယူလာခဲ့တာပါ။ ဒီတစ်ကြိမ်မှာတော့ သူနဲ့အတူတွဲရေးမယ့်သူတွေက လက်ကွက်တွေ တီးခတ်ပြပြီး Adele က သံစဉ်နဲ့ စာသားတွေ ထည့်တာပါ။ တစ်ခါတလေမှာဆို တစ်ချက်တည်းနဲ့ စာသားတွေ ချရေးနိုင်ပါတယ်။ Adele သီချင်းဆိုတဲ့ အသံက အသံဖမ်းအခန်းရှိရာ နေအိမ်အပြင်ဘက်ကနေပြီးတော့တောင် ကြားရကြောင်း Jesso ရဲ့ မန်နေဂျာက ပြောပြခဲ့ပါတယ်။

Adele ဟာ Bruno Mars နဲ့ တွဲဖက်ပြီးတော့ *All I Ask* အမည်ရ သီချင်းတစ်ပုဒ်ကို ဖန်တီးခဲ့ပါသေးတယ်။ ဒီသီချင်းရဲ့ သံရှိန်အမြင့်ဆုံး နေရာမှာ ကီးထပ်မြှင့်ပြီး သီဆိုဖို့ အပြောင်းအလဲတစ်ရပ် ပြုလုပ်ခဲ့ကြပါတယ်။ 'ဒီလောက်မြင့်တဲ့ အသံမျိုးနဲ့ တစ်ခါမှ မဆိုဖူးသေးဘူး'လို့ Adele က ပြောပြခဲ့ပါတယ်။ Bruno Mars ကိုယ်တိုင်လည်း ဒီအသံလုံးတွေကို စတူဒီယိုထဲမှာတင် ဖန်တီးသွားခဲ့တာပါ။ စာသားတစ်ကြောင်းနဲ့ ပတ်သက်ပြီး Adele နဲ့ အငြင်းအခုံ ဖြစ်ခဲ့ရတဲ့ Bruno Mars က 'အသံသွင်းပြီးသွားတဲ့ အခါမှာတော့ ကျွန်တော် သဘောကျတဲ့ သီချင်းတစ်ပုဒ် ဖြစ်လာခဲ့ပါတယ်။ ဒီသီချင်းကို စင်ပေါ်မှာ ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

အခါ ပရိသတ်ထဲကနေ ကျွန်တော် နားထောင်နေမယ်လို့ မျှော်လင့်ကြောင်း Adele က ပြောခဲ့ပါသေးတယ်'

သီချင်းတစ်ပုဒ်ကို တွဲဖက်ဖန်တီးဖို့ Adele ရွေးချယ်မှု မှားခဲ့တဲ့သူလည်း ရှိပါသေးတယ်။ အဲဒီသူကတော့ Blur ဂီတအဖွဲ့က Damon Albarn ပါပဲ။ Albarn ဟာ Adele နှစ်သက်စွဲလမ်းခဲ့ရတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်လို့ တလေးတစားနဲ့ ရွေးချယ်ခဲ့တာ ဖြစ်တဲ့အပြင် သူ့လိုပဲ ကလေးတစ်ယောက် ဖခင်လည်းဖြစ်လို့ ကလေးရပြီးခါမှ ဂီတလောကထဲ ပြန်ဝင်တဲ့အခါ ဖြစ်ပေါ်နေရတဲ့ စိုးရိမ်စိတ်တွေ ဘယ်လိုဖယ်ရှားရမယ်ဆိုတာ Albarn နဲ့ ဆွေးနွေးခဲ့ဖူးပါတယ်။ ဒါပေမဲ့လည်း နောက်ပိုင်းမှာ Albarn က Adele ဟာ ကိုယ့်ကိုယ်ကို စိတ်မလုံသူတစ်ယောက် ဖြစ်တယ်လို့ မီဒီယာတွေကို ပြောကြားခဲ့ပြီး Adele ရဲ့ ဂီတဟာ လမ်းတစ်ဝက် အဆင့်မှာပဲ ရှိသေးကြောင်းလည်း ဝေဖန် ပြောကြားခဲ့ပါတယ်။ Adele က Albarn နဲ့ လက်တွဲ လုပ်ကိုင်မိတာကို အမှားတစ်ရပ်အဖြစ် နောင်တရမိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ 'သူတို့ဟာ ဆင်ဂဲလ်သီချင်းလေး တစ်ပုဒ်တောင်မှ အပြီးသတ်အောင် လုပ်မပေးနိုင်ခဲ့ကြပါဘူး။ သူတို့ သီချင်းတွေက ကျွန်မ အယ်လ်ဘမ်နဲ့ ကိုက်ညီမှု မရှိဘူး' လို့ Adele က ပြောကြားခဲ့ပါတယ်။

Adele ဟာ *21* အယ်လ်ဘမ်ထဲက သီချင်းတွေနဲ့ ကွဲပြားဖို့အတွက် ဆင်သီဆိုက်ဇာနဲ့ ဒရမ်သံလေးတွေကို အသံဆန်းလေးတွေအဖြစ် ဖန်တီးဖြည့်စွက်ဖို့လည်း စိတ်ကူးခဲ့ပါတယ်။ Danger Mouse နဲ့ တွဲဖက်ဖန်တီးတဲ့ *River Lea* အမည်ရ သီချင်းမှာ ကီးဘုတ်လက်ကွက် ခင်းပေးထားတဲ့အပေါ် အဖွဲ့လိုက် သီဆိုဟန်မျိုး သူ့ရဲ့ပင်ကိုသံနဲ့ ဖန်တီးရေးဖွဲ့ခဲ့ပါတယ်။ *25* မှာ သီချင်းနှစ်ပုဒ် တွဲဖက်ရေးသားပေးခဲ့တဲ့ Epworth က 'ဒီတစ်ကြိမ်မှာတော့ ကျွန်တော်တို့ ဖန်တီးလို့ရသမျှ ဆန်းပေ့ဆိုတဲ့ သံဆန်းလေးတွေ ထည့်ပေးထားတယ်' လို့ ပြောကြားခဲ့ပါတယ်။

*25* အတွက် သီချင်းရွေးချယ်ရာမှာ ဘေးဖယ်ထားခဲ့တဲ့ သီချင်းတွေကိုက အယ်လ်ဘမ်တစ်ချပ်စာလောက် ရှိပါတယ်။ Adele က သီချင်းတွေရဲ့ အရည်အသွေးကို စိစစ်ရာမှာလည်း ပြတ်ပြတ်သားသားကို လုပ်တတ်သူပါ။ 'တချို့ သီချင်းတွေ ပြောလောက်အောင် မကောင်းဘူးလေ။ ဒါတွေ ပါသွားရင် လူတွေက အသုံးမကျတဲ့ သီချင်းတွေ ဝယ်ယူရတယ်လို့ အထင်မှားသွားကြမှာပေါ့'

Adele ရဲ့ မွေးနေ့ အခမ်းအနားကို Kurobuta လို့ခေါ်တဲ့ ဂျပန်စားသောက်ဆိုင်တစ်ဆိုင်မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ The Guardian သတင်းစာကတောင် Kurobuta ရဲ့ အစားအစာတွေ အရသာရှိပုံ ချီးကျူးရေးသားခဲ့ရတာပါ။ ဒီနေ့ညတော့ Kurobuta ကို Adele တစ်ခေါက် ရောက်ခဲ့ရပြန်ပါပြီ။ စားသောက်ဆိုင်က အနောက်ဘက်မှာ သီးသန့်ခန်းတစ်ခန်း စီစဉ်ပေးထားပြီး ဖယောင်းတိုင် မီးအလင်းရောင်နဲ့ ညစာ တည်ခင်းပေးပါတယ်။

အစားအသောက် စာရင်းကို ကြည့်ပြီး မှာကြတော့ ကာဗွန်ဟိုက်ဒြိတ်ဓာတ်နည်းတဲ့ အစားအစာတွေကိုပဲ စာရေးသူက မှာကြားတာကို Adele က သဘောကျနေခဲ့ပါတယ်။ အခန်းနံရံမှာ ခေတ်ဟောင်းက ရော့ခ်ဂီတသမားကြီးတွေရဲ့ ပိုစတာပုံကြီးတွေ ကပ်ထားတယ်။ Jimi Hendrix ရဲ့ *Axis: Bold as Love* အမည်ရ အယ်လ်ဘမ်ကာဗာပုံလည်း ပါပါတယ်။ Adele ကိုယ်တိုင်လည်း အစားအသောက် စာရင်းကြည့်ပြီး မှာပါတယ်။

Adele က အခန်းထောင့် တစ်နေရာကို လှမ်းကြည့်လိုက်တယ်။ 'နောက်ဆုံးတစ်ခေါက် လာတုန်းက ဒီနေရာမှာ
တီဗွီတစ်လုံး ရှိပါတယ်' လို့ Adele က
ဆိုပါတယ်။ တကယ်တော့ အဲဒီတီဗွီက
ညှော်သည်တွေ ဆူရှီစားနေတုန်းမှာ ပုရိသ
ကြိုက် ဇာတ်ကားတွေ ပြထားပေးတဲ့
တီဗွီလို့ Adele က ရှင်းပြပါသေးတယ်။

တချို့ ဝေဖန်ရေးဆရာတွေက
Adele ကို Miley Cyrus နဲ့ နှိုင်းယှဉ်ရေး
သား ဖော်ပြတတ်ကြပါတယ်။ Adele
က ဂန္ထဝင်ဆန်သလောက် Miley က
စည်းလွတ်ဝါးလွတ် လုပ်ချင်ရာ လုပ်
တတ်တာကို နှိုင်းယှဉ်ရေးသားကြတာ
ပါ။ ဒါပေမဲ့ ဒီလို နှိုင်းယှဉ်ရေးသားတာ
မျိုးကို Adele က မနှစ်သက်ပါဘူး။
'ဒါဟာ အမျိုးသမီးတစ်ယောက်ကို
တခြားအမျိုးသမီးတစ်ယောက်နဲ့
တိုက်ပေးနေသလိုပဲ။ ကျွန်မက တခြား
ဘယ်အမျိုးသမီးတွေထက်မှ ပိုပြီး မြင့်
မြတ်တဲ့ စိတ်နေစိတ်ထား ရှိနေတဲ့သူ
မဟုတ်ပါဘူး'

Adele ဟာ ပြီးခဲ့တဲ့ နှစ်တွေ
အတွင်းမှာ အလုပ်များနေခဲ့တာဖြစ်လို့
ပေါ့ပ်ဂီတလောကထဲမှာ ထင်ပေါ်လာ
နေတဲ့ အမျိုးသမီး ဗဟိုပြုဝါဒအကြောင်း
သိပ်ပြီး မသိသေးပါဘူး။ 'ဒီလို လှုပ်
ရှားမှုမျိုး ရှိတယ်ဆိုရင်တော့ ကောင်း
တာပေါ့' လို့ သူက ဆိုပါတယ်။ 'ဒါကို
ဘယ်သူတွေက လုပ်ပေးနေလဲ၊ ကျွန်မ
ကရော အမျိုးသမီးဗဟိုပြုဝါဒီ တစ်
ယောက်လားလို့ မေးချင်ကြသေးတာ
လား'

ဒီမေးခွန်းကို စာရေးသူက
ပေမဲ့ Adele ကိုယ်တိုင်က ပြောချင်ခဲ့တာ
ပါ။ 'ကျွန်မက အမျိုးသမီး ဗဟိုပြုဝါဒီ
တစ်ယောက်ပဲ။ လူတိုင်းဟာ တန်းတူ
အခွင့်အရေး ရကြရမယ်။ လူမျိုး
ယောကျ်ားမိန်းမ မခွဲခြားဘဲ တန်းတူ
အခွင့်အရေးရသင့်တယ် ထင်ပါတယ်'

ဂျပန်စားသောက်ဆိုင်မှာ ည
စားပွဲနဲ့ ညှိခံခဲ့ပြီး နောက်နှစ်ရက်
လောက်အကြာမှာ ပြန်ဆုံတဲ့အခါ Adele
က 'ကျွန်မ ပျော်နေရင် လူတိုင်း
ပျက်သွားကြမှာလား' လို့ မေးလာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ Adele ရဲ့ မန်နေဂျာက Notting Hill လမ်းမှာ ရုံးထိုင်တာဆိုတော့ အဲဒီ ရုံးခန်းမှာပဲ သွားတွေ့ဖြစ်ခဲ့တာပါ။ ရုံးခန်းမှာ အားကစားဆု အမှတ်တရ ပစ္စည်းတွေနဲ့အတူ Adele ရရှိခဲ့တဲ့ ဆုတွေထဲက တချို့ဆုတွေလည်း ခင်းကျင်းပြသထားပါတယ်။ Adele က အခန်းထောင့်မှာရှိတဲ့ Ivor Novello အမည်ရ သီချင်းရေးဆရာဆုကို ညွှန်ပြခဲ့ပေမဲ့ သူ့ဘေးက Diamond Award အကြောင်းကိုတော့ ပြောမပြပါဘူး။ Diamond Award ဆိုတာက အမေရိကန်ပြည်ထောင်စုအတွင်းမှာ ဓာတ်ပြားချပ်ရေ ဆယ်သန်းကျော် ရောင်းချရမှ ဂုဏ်ပြုပေးအပ်တဲ့ဆု ဖြစ်ပါတယ်။

Adele က သူ့ရဲ့ သီချင်းတွေဟာ ပရိသတ်ကို စိတ်အပန်းဖြေ သက်သာရာ ရစေတယ်ဆိုတာ သိထားသူ ဖြစ်ပါတယ်။ 'ကျွန်မရဲ့ ဂီတက တစ်စုံတစ်ယောက်ရဲ့ နှလုံးသား ဝေဒနာကို ကုစားနိုင်တယ်ဆိုရင် ကျေနပ်စရာ အကောင်းဆုံး ဖြစ်မှာပါ'လို့ Adele က ဆိုပါတယ်။ ဒါပေမဲ့ အသည်းကွဲနေတဲ့ သီချင်းက ပရိသတ်တွေရဲ့ အသည်းကွဲဝေဒနာကို ကုစားနိုင်မှာ မဟုတ်ပါဘူး။ ပရိသတ်တွေကိုတော့ စိတ်မပျက်စေချင်ပါဘူး။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ပြောရမယ်ဆိုရင် အလွမ်းသီချင်းတွေချည်း မရေးနိုင်ပါဘူး။ ကိုယ်ကိုယ်တိုင် ဝမ်းနည်းကြေကွဲနေရင်တောင် တကယ့်ကော်ပြား ဖြစ်လာမှာ မဟုတ်ပါဘူး။'

Rolling Stone မဂ္ဂဇင်းနဲ့ နောက်ဆုံး ပြုလုပ်ခဲ့တဲ့ တွေ့ဆုံခန်းမှာ သူ့ရဲ့ သီချင်းရေးဟာ အစစ ပြေလည်နေခဲ့ရင် ဘာဖြစ်မလဲ မေးတော့ 'ဘာသီချင်းမှ ရေးရဘူးပေါ့'လို့ အသောဖောက် ပြောကြားခဲ့ပုံ ပြန်ပြောပြတဲ့အခါ Adele က ရယ်ပါတယ်။ အဲဒီလို အခါမျိုးမှာ ပရိသတ်တွေက 'ဘောဘီ ကျေးဇူးပြုပြီး အိမ်ထောင် ကွာရှင်းလိုက်ပါလား'လို့ ပြောကြမှာပေါ့လေ။

အယ်လ်ဘမ်သစ် 25 အတွက် နယ်လှည့် ဖျော်ဖြေပွဲ လုပ်ဖြစ်ဦးမှာလားလို့ မေးလိုက်တဲ့အခါ သူကိုယ်တိုင်တောင်မှ ခရစ္စမတ်ပွဲတော်ရက်ကျမှ ဆုံးဖြတ်နိုင်မယ့်အကြောင်း Adele က ပြောလာပါတယ်။ 'နယ်လှည့်ပွဲအကြောင်း စဉ်းစားမလို့ ထိုင်လိုက်တဲ့အခါတိုင်း ပရိသတ်ကို ဘာတွေ အသစ်အဆန်း လုပ်ပြပေးနိုင်မှာလဲဆိုတဲ့ မေးခွန်းကို အဓိက စဉ်းစားဖြစ်ပါတယ်။ နယ်လှည့်ဖျော်ဖြေပွဲ ဆိုတာက တကယ်တော့ ကျွန်မ ပီပီပြင်ပြင် မလုပ်ရသေးတဲ့ အလုပ်တစ်ခုပါ'။ သူတွေးသလိုပါပဲ၊ အခုထွက်မယ့် အယ်လ်ဘမ်သစ်အတွက် ပြုလုပ်မယ့် နယ်လှည့်ဖျော်ဖြေပွဲက သူ့အတွက် နောက်ဆုံး အခွင့်အရေးလို ဖြစ်နေပါတယ်။ Angelo ကျောင်းတက်ပြီဆိုရင် သူသွားလေရာ တကောက်ကောက် ခေါ်သွားလို့ မဖြစ်နိုင်တော့ပါဘူး။ Adele က Angelo ရဲ့ ပညာရေးကို အထိခိုက် မခံနိုင်ပါဘူး။

Adele ဟာ စင်မြင့်ထက်မှာ ဖျော်ဖြေဖို့ တက်ရောက်သွားတဲ့ အခါတိုင်း ကြောက်စိတ်ဝင်တတ်မြဲ ဖြစ်ပါတယ်။ စင်ပေါ်ရောက်မှ သီချင်း စ,ဆိုလိုက်ချိန်မှာ အသံထွက်မလာမှာကို ကြောက်တဲ့စိတ်ပါ။ Adele က သူ့ရဲ့ အသံကို ဆုံးရှုံးခဲ့ရပြီးမှ ပြန်လည် ရရှိခဲ့ရသူပါ။ စင်ပေါ်ကနေ မဆိုနိုင်ဘဲ ဆင်းသွားရမှာမျိုးနဲ့ ပရိသတ် ငါးယောက်လောက်ပဲ ရှိတဲ့ အနေအထားမျိုးကို ခံစားနိုင်မယ့်သူ မဟုတ်ပါဘူး။

လည်ပင်း ဝေဒနာ ပြန်ဖြစ်လာမှာကိုလည်း သူက ကြောက်နေတတ်ပါတယ်။ 'လည်ပင်းဝေဒနာသာ ပြန်ဖြစ်လာခဲ့ရင် နယ်လှည့်ဖျော်ဖြေပွဲ ဘယ်တော့မှ လုပ်နိုင်တော့မှာ မဟုတ်ဘူး။ လည်ပင်း ပြဿနာကို ဖြေရှင်းပြီး စတူဒီယိုထဲမှာ သီချင်းပြန်ဆိုနိုင်ပေမဲ့ ကိုယ်တိုင် တစ်ခါ ဖြစ်ဖူးထားတာဆိုတော့ နောက်တစ်ခါများ ထပ်ဖြစ်ရင် ရပါတော့မလားဆိုတဲ့ အတွေးက ရှိနေပါတယ်'

Adele က ဘယ်နေရာ၊ ဘယ်ဒေသမှာပဲ ဖျော်ဖြေသည်ဖြစ်စေ သူ့ရဲ့ နာမည်ကျော် သီချင်းဟောင်းတွေကို အမြဲပဲ ထည့်သွင်း သီဆိုလေ့ ရှိပါတယ်။ သူ့ကိုယ်သူတောင် Forever 21 လို့ အမည်ပေးပြီး အသောဖောက်ခဲ့ပါတယ်။ 'အနုပညာရှင်တစ်ယောက် ဖြစ်လာတဲ့အခါမှာ ကိုယ့်နာမည်ကို ကိုယ့်ဓာတ်ပြားတစ်ချပ် နာမည်နဲ့ ပရိသတ်က တွဲပြီး သိလာတာဟာ ကိုယ့်ရဲ့ အိပ်မက်တွေ အကောင်အထည် ပေါ်လာတာပဲ ဖြစ်တယ်'လို့ Adele က ဆိုပါတယ်။ တချို့ဂီတပွဲတွေ သွားကြည့်တဲ့အခါမှာ နာမည်တော့ မပြောလိုတော့ပေမဲ့ ပရိသတ်ကြိုက်ပြီးသားသီချင်း နာမည်ကြီးတွေကို ထည့်ပြီး ဆိုမပြတတ်ကြတာ တွေ့ရတတ်ကြောင်း၊ အဲဒီလို တွေ့ရတဲ့အခါမျိုးမှာ ဒေါသများပင် ဖြစ်ရကြောင်းလည်း Adele က ပြောပြခဲ့ပါတယ်။

'ဂီတဖျော်ဖြေ တင်ဆက်မှုဆိုတာ ယေဘုယျ ပရိသတ်အတွက်ကတော့ ခန္ဓာကိုယ် လှုပ်ရှားမှု မဟုတ်ပါဘူး။ ကိစ္စအတော်များများမှာ သီချင်းဆိုတာက နားဆင်သူ ပရိသတ်တွေရဲ့ ဘဝတွေထဲက တစ်စုံတစ်ခုကို အမှတ်ရစေရာဖြစ်အောင် နှိုးဆော်ပေးတာပါ။ ဒါဆိုရင် သူတို့ရဲ့ အသည်းနှလုံးထဲကို ကိုယ်ရောက်သွားပြီပေါ့'လို့ Adele က ရှင်းပြပါတယ်။

'ဒါဟာ အရေးအပါဆုံး ကိစ္စပါပဲ'။ Adele က ပြောရင်း ပြုံးနေပါတယ်။ သူ့မျက်လုံးတွေကတော့ မဆုံးသေးတဲ့ သီချင်းနဲ့အပြိုင် တောက်ပဝင်းလက်လို့ နေပါတယ်။ 'ဒီသီချင်းကိုတော့ နားထောင်ဖြစ်အောင် နားထောင်ရမယ်နော်'လို့လည်း Adele က စာရေးသူကို မှာဖြစ်အောင် မှာသွားလိုက်ပါသေးတယ်။

■

**ရာပြည့်**

***Ref: She's the One:The Triumphant Return of Adele by Brian Hiatt, Photograph by theo Wenner Rolling Stone Magazine.***



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အခွေထွက်ပြီးရင် ပျော်ဖြေပွဲကျင်းပမယ့် ဇော်ပိုင်

**ဏင်းနိုင်ဦး**

အချစ်သီချင်းချိုချိုလေးတွေ သီဆိုပြီး အောင်မြင်မှုရခဲ့တဲ့ အဆိုတော် ဇော်ပိုင်က သူ့ရဲ့ဂီတသက်တမ်း ၁၆ နှစ်အတွင်း တစ်ကိုယ်တော် တေးစီးရီး ငါးခွေ ထွက်ရှိနိုင်ခဲ့ပြီး နောက်ထပ် တစ်ကိုယ်တော်ကိုလည်း မကြာမီ ဖြန့်ချိပေးသွားတော့မယ်လို့ သတင်းပေးခဲ့ပါတယ်။ ဒီအခွေဖြန့်ပြီးရင် တစ်ကိုယ်တော်ရှိုးပွဲ သီဆိုဖို့လည်း စီစဉ်ထားတယ်ဆိုတာကြောင့် ဇော်ပိုင်ရဲ့ အနုပညာ လှုပ်ရှားမှုများကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ဇော်ပိုင်ရဲ့ ဂီတဘဝအစကို ပြန်ပြောပြပေးပါလား။ ချစ်သူ့ရဲ့အမိန့် နဲ့ ဘယ်နှခုနှစ်က ဝင်ရောက်ခဲ့တာလဲ။**

ကျွန်တော် စ,ဝင်လာ တာကတော့ *ချစ်သူ့ရဲ့အမိန့်* နဲ့ မဟုတ်ပါဘူး။ တစ်ကိုယ်တော် အခွေအနေနဲ့ဆိုရင် ဟုတ်ပါတယ်။ Group Song ဖြစ်တဲ့ *ပွမ်ပွမ်မြည်တဲ့အသည်းလေး* အတွဲခွေနဲ့ ဂီတလောကကို စတင်ဝင်ရောက်လာတာပါ။ အဲဒါပြီးတော့မှ *မြို့အဝင်ည၊ မိုးကောင်းကင်သစ်* ပြီးတော့ *အမောပြေ၊ ပင်လယ်မြို့ပြ* တစ်ကိုယ်တော်အခွေတွေ ထွက်နိုင်ခဲ့ပါတယ်။ အတွဲခွေကတော့ အများကြီးပါပဲ။ အခု ခြောက်ခွေမြောက် လုပ်နေတာ ပြီးသလောက်ဖြစ်နေပါပြီ။ အဆိုပိုင်းလည်း ပြီးသွားပြီ။ Mixing နဲ့ Mastering ပဲ ကျန်တော့တယ်။ ၂၀၁၆ နှစ်ဆန်း ပိုင်းလောက် ဖြစ်မှာပေါ့။

**Title ပေးပြီးပြီလား။**

Title ကိုတော့ မရွေးရသေးဘူး။ သီချင်းတွေက ပိုလုပ်ထားတဲ့အတွက် ဘယ်အပုဒ်ကျန်မလဲ မသိသေးလို့ပါ။ တီးထားပေးတာကတော့ ROS Music Band ပါ။ တေးရေးဆရာတွေလည်း အများ ကြီးပါမယ်။ ကိုထူးအိမ်သင်ရဲ့ သီချင်းဟောင်းတစ်ပုဒ်လည်း ပါပါတယ်။ ပြန်ဆိုချင်လို့ ဆိုထားတာပါ။ ဘယ်သီချင်း ဆိုတာတော့ အနီးကပ်မှ ပြောပြတော့မယ်။ ကြိုက်လို့ ဆိုတာလို့ပဲ ပြောရမယ်။ လောလောဆယ် ကျွန်တော် စီစဉ်ထားတာ အတွဲခွေလည်း ပါတယ်။ ကျွန်တော်နဲ့ အမျိုးသမီးအဆိုတော် သုံးယောက်ပါ။

**အမျိုးသမီးအဆိုတော် သုံးယောက်နဲ့ ဘာဖြစ်လို့ဆို ဖြစ်တာလဲ။**

ဒါက ကျွန်တော် စဉ်းစားထားတဲ့၊ ကျွန်တော် လုပ်ချင်တဲ့ အိုင်ဒီယာတစ်ခုကို ချပြမှာပါ။ ဖြူဖြူကျော်သိန်းရယ်၊ နီနီခင်ဇော်ရယ်၊ အိုင်ရင်းဇင်မာမြင့်ရယ် သုံးယောက်နဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

စုံတွဲသီချင်းတွေလည်းပါမယ်။ ကျွန်တော်တစ်ယောက်တည်း ဆိုထားတာလည်းပါတယ်။ သူတို့တစ်ယောက်ချင်းဆိုထားတဲ့ သီချင်းတွေလည်းပါတယ်။

**အများကြီးထဲကမှ ဒီသုံးယောက်ကို ဘာလို့ရွေးဖြစ်တာလဲ။**

ကျွန်တော် ရွေးထားတဲ့ သီချင်းတွေ၊ ကျွန်တော်စုထားတဲ့သီချင်းတွေနဲ့ သူတို့နဲ့ အရမ်းအံကိုက်ဖြစ်နေလို့ပါ။ သူတို့အသံတွေကြားယောင်တဲ့ အချိန်မှာ သီချင်းတွေနဲ့ လိုက်တဲ့အတွက် ရွေးဖြစ်တာပါ။

**အဲဒါဆိုရင် သီချင်းကြောင့် ရွေးတာလား၊ သူတို့တွေရဲ့ အသံကြောင့် ရွေးတာလား။**

အဲဒီလိုပြောရင် နှစ်ခုစလုံးနဲ့ဆိုင်တယ်လို့ ကျွန်တော်ပြောရမယ်။ သီချင်းက အသံနဲ့ မလိုက်ဘူးဆိုရင် အဆင်မပြေနိုင်ဘူး။ ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင်လည်း ကိုယ်နဲ့မလိုက်တဲ့ဟာမျိုး မရွေးဘူး။ စုံတွဲဆိုပေမဲ့ အတွဲက ၄၊ ၅ ပုဒ်လောက်ပဲ ပါမယ်။

**သီချင်းတွေက အမျိုးသမီးတွေနဲ့ တွဲဆိုတာဖြစ်လို့ အချစ်သီချင်းတွေချည်းပဲ ဖြစ်မှာလား။**

Love Song တွေလို့လည်း ပြောလို့ရတယ်။ အဲဒီထဲမှာပါတဲ့ Soloအပုဒ်တချို့တော့ ဘဝအကြောင်းတွေ ပါမယ်။ များသောအားဖြင့် သီချင်းတွေက လူ့ဘဝထဲမှာ ဖြတ်သန်းမှု နေ့စဉ်ဖြစ်ပျက်နေတဲ့ဟာမျိုးတွေကိုပဲ သီကျူးတာများပါတယ်။ အချစ်သီချင်းဆိုတာကလည်း နေ့စဉ်ဖြတ်သန်းမှုထဲမှာ ပါတာပဲလေ။ ဒါကြောင့် ဒီပုံစံတွေပဲ ထွက်လာမှာပဲလေ။

**ကျွန်တော်သိသလောက် ဇော်ပိုင်ရဲ့သီချင်းတွေမှာ အချစ်သီချင်းတွေက ပိုများနေတယ် မဟုတ်လား။**

ဟုတ်ပါတယ်။ ဘာကြောင့်လို့လဲ ဆက်မေးရင် ရေးပေးတဲ့သူတွေက အချစ်သီချင်းတွေရေးပေးကြလို့ပါပဲ။ ဒါကြောင့်လည်း အချစ်သီချင်းတွေများသွားတာပါ။

**အချစ်သီချင်းတွေက ခံစားသီဆိုရတာ ပိုကောင်းတာလား။**

အင်း… ဟိုတုန်းကဆိုရင်တော့ဗျာ။ ဒါကိုတော့ ကြုံတုန်း ရယ်စရာပြောတယ်လို့ပဲ သဘောထားလိုက်ပါ။ စာသားလေးတစ်ကြောင်းကို ကြက်သီးမွေးညင်းထ၊လောက်အောင်ခံစားမိပြီးတော့ Recording သွင်းတဲ့အချိန်မှာတောင် သိပ်အရသာရှိတာ။ အင်း…အခုလိုအချိန်မျိုးကျတော့ နည်းနည်းလေး တည်ငြိမ်ရင့်ကျက်လာပြီဖြစ်လို့ အဲဒီလိုစာသားမျိုးကို ခံစားရတာ သိပ်ပြီးတော့ အရင်လို ကြက်သီးမွေးညင်း မထ၊ တော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ အသစ်ထွက်တော့မယ့်သီချင်းတွေဆိုရင် တေးရေးဆရာတွေကို ညှိနှိုင်း ပြီးတော့ ရောက်နေတဲ့ကာလ၊ အခုဆို ကျွန်တော် လူလတ် ပိုင်းဖြစ်သွားပြီလေ။ အဲဒါမျိုး နဲ့လိုက်ဖက်မယ့် သီချင်းတွေ စာသားမျိုးတွေအပ်ရတာပေါ့ ဘယ်လိုပြောမလဲ။ Pre Order လို့ပြောရင် ပိုအဆင်ပြေမယ်

**လောလောဆယ် က ရှိုးပွဲရာသီဖြစ်တော့ ဘယ် တွေဆိုဖို့ လက်ခံထားလဲ။**

ဟုတ်တယ်ဗျ။ မိုးတွင်း တစ်တွင်းလုံးနားပြီး သီချင်း တွေလုပ်ဖြစ်တယ်။ ပြီးတော့ လည်း ရွေးကောက်ပွဲနဲ့ တိုက် ဆိုင်တော့ အောင်နိုင်ရေးတွေ လိုက်ပါဖြစ်တယ်။ အခုတော့ ရွေးကောက်ပွဲလည်း ပြီး NLD လည်းနိုင်သွားပြီဆိုတော့ ရှိုးပွဲတွေ ပြန်တက်တော့မယ် အနီးဆုံးဆိုရင် နိုဝင်ဘာလ ၂၁ ရက်နေ့ ရွှေထွဋ်တင်မှာ ကံဘဲ့တာဝါက စီစဉ်တဲ့ရှိုး ဆိုရမယ်။ ၂၁ ပြီးရင် ၂ ၂၄ က တောင်ကြီး တန်ဆောင် တိုင်သွားဆိုပါမယ်။ တန် ဆောင်တိုင်ပြီးရင်ကြား တွေပဲရှိတယ်။ ဒီဇင်ဘာလ ဆန်းပိုင်းမှာတော့ ရှမ်းပြည် နယ် ဖယ်ခုံ၊ တောင်ငူ ပုသိမ်၊ မန္တလေး စသဖြင့် တစ်ပတ်ခြားလောက် ဆိုဖို့ သွားရမယ်။

**ရှိုးပွဲတွေဆက်နေတော့ ဇော်ပိုင်ခရီးသွားပြီး သီချင်း ဆိုနေသည်လို့ ပြောရမလား**

ရှိုးပွဲတွေများတော့ အခွေထွက်ဖို့ ခြားသွားတာ လည်း ပါတယ်။ ဒါကြောင့် နားတဲ့ မိုးတွင်းကာလမှာ





www.burmeseclassic.com

www.burmeseclassic.com

အခွေအတွက် ဖိလုပ်ထားတော့ နည်းနည်းအဆင်ပြေသွားတယ်။

**ဇော်ပိုင်အနေနဲ့ တစ်ကိုယ်တော်လည်း ငါးခွေရှိပြီ။ အတွဲတွေလည်း အများကြီး။ တစ်ကိုယ်တော်ရှိုး လုပ်ဖို့ မစဉ်းစားသေးဘူးလား။**

လုပ်ဖြစ်မှာပါ။ အားလုံးပြောထားဆိုထား ဖြစ်နေပါပြီ။ ကျွန်တော်လုပ်ချင်တာလည်း ကြာပါပြီ။ ကျွန်တော်လောဘကြီးနေတာက အခွေထွက်တာလည်း ကျဲတော့ နောက်ထပ် တစ်ကိုယ်တော်အသစ် ထပ်ထွက်ပြီးတော့မှဆိုရင်ကောင်းမလားလို့ပါ။ နောက်ကျတော့လည်း လုပ်ဖြစ်ပါ့မယ်ဆိုပြီး စီစဉ်လိုက်တာပါ။ အဓိကလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော့်ကို အခုချိန်ထိ အားပေးလာတဲ့ ပရိသတ်တွေအတွက် စဉ်းစားတာပါ။ သူတို့ကို သီချင်းတွေ အများကြီး ဆိုပြချင်တယ်။ ကိုယ်ဆိုပြချင်တဲ့ သီချင်းတွေရော၊ သူတို့ နားထောင်ချင်တဲ့သီချင်းတွေရော၊ ကိုယ့်တစ်ယောက်တည်းကို လာအားပေးမယ့် ကိုယ့်ပရိသတ်တွေကို ဆိုပြချင်တယ်။ အဲဒီပွဲမှာလည်း တစ်ကိုယ်တော်ဆိုတော့ ကိုယ့်ပရိသတ်အစစ်တွေပဲ လာမှာလေ။

**ဒါက ဇော်ပိုင်အတွက် ပထမဦးဆုံး တစ်ကိုယ်တော်ပွဲ ဖြစ်မှာလား။ ဘာဖြစ်လို့ တစ်ကိုယ်တော်ပွဲ မလုပ်ဖြစ်ခဲ့တာလဲ။**

အောင်မြင်ခဲ့တဲ့ သီချင်းတွေ အများကြီးဆိုတော့ လုပ်ဖို့ရတာတော့ မှန်ပါတယ်။ ကျွန်တော် စောစောကပြောသလို အခွေထွက်ဖို့ကိုပဲ စိတ်စောနေလို့ပါ။ တကယ်တမ်းပြောရင်တော့ လုပ်သင့်တယ်။ ဒါကြောင့် ၂၀၁၆ ထဲမှာတော့ တကယ်လုပ်ဖြစ်တော့မယ်ပေါ့။ အားလုံးလည်း ပြောထားဆိုထားပြီးပါပြီ။ အဓိကကတော့ သီချင်းရွေးချယ်မှုနဲ့ ကျွန်တော့်အပြင်အဆင်ပိုင်းအတွက် ညှိနှိုင်းတိုင်ပင် ဆုံးဖြတ်ဖို့ပဲ ကျန်တော့တယ်။

**ဇော်ပိုင်တို့မိသားစုက နောက်ထပ် သားသမီး ထပ်မယူတော့ဘဲ ရွှေပိုင်တစ်ယောက်တည်းနဲ့ တော်ပြီလား။**

သားသမီး ထပ်လိုချင်ပါသေးတယ်။ နောက်ထပ် ထပ်မရသေးတာပါ။

**ဇော်ပိုင့်ကို အမြဲတမ်းတွေ့ရတာက ဦးထုပ်အမြဲဆောင်းဖြစ်တယ်။ ဒါက ဇော်ပိုင်ရဲ့စတိုင်လို့ ပြောလို့ရမလား။**

ဘယ်လို ပြောရမလဲ မသိဘူး။ အရင်တုန်းကတော့ မဆောင်းဖြစ်ပါဘူး။ နောက်ပိုင်းမှ တောက်လျှောက် အပြင်ထွက်ရင်ရော၊ သီချင်းဆိုရင်းရော ဆောင်းဖြစ်သွားတာပါ။ ဒါပေမဲ့ အခု ကျွန်တော် စဉ်းစားနေတာက ကက်ဦးထုပ်လေးတွေ ပြန်ပြောင်းဆောင်းရင် ကောင်းမလားလို့ပါ။

**အားပေးတဲ့ ပရိသတ်တွေ၊ တေးစီးရီးကို မျှော်လင့်နေတဲ့ ပရိသတ်တွေအတွက် ဘာပြောချင်လဲ။**

တကယ်တမ်းပြောရမယ်ဆိုရင် ဒီနေ့အထိ ကျွန်တော် ဂီတလောကထဲမှာ ဖြတ်သန်းခဲ့တာ ၁၆ နှစ် ရှိပြီပေါ့။ ဒီနေ့အချိန်ထိ ကျွန်တော့်ကို ချစ်ခင်ပြီး အားပေးနေတဲ့ ပရိသတ်များကို တကယ်လေးစားပါတယ်လို့ လှိုက်လှိုက်လှဲလှဲ ဒီနေရာက ပြောချင်ပါတယ်။ ဒါကလည်း သိပ်အရေးကြီးပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ တစ်ကိုယ်တော်ပွဲလုပ်ဖြစ်တာလည်း ကျွန်တော့် အောင်မြင်မှုအတွက် မဟုတ်ပါဘူး။ ကျွန်တော့်ကိုချစ်တဲ့၊ ကျွန်တော့်ကိုအားပေးတဲ့ ပရိသတ်ကြောင့် လုပ်ဖြစ်တာပါ။ ကိုယ့်ရဲ့ အမာခံ ပရိသတ်တွေကို သီချင်းတွေ အများကြီး ဆိုပြချင်တယ်။

**အဲဒီလိုဆိုရင် တစ်ကိုယ်တော်ပွဲအတွက် ဘယ်လိုတွေ အိပ်မက်မက်ထားလဲ၊ ဘယ်လိုတွေ ဆိုပြချင်လဲ။**

ဒီအတွက် ကြိုတင်ပြင်ဆင်ထားတာတွေ အများကြီး ရှိပါတယ်။ သီချင်းရွေးချယ်မှုအပိုင်းကလည်း ပိုအရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ မကြာမကြာ လုပ်ဖြစ်တာလည်း မဟုတ်ဘူးလေ။ ကျွန်တော့်အနေနဲ့ဆိုရင် ဂီတသက်တမ်း ၁၆ နှစ်ကြာမှ လုပ်ဖြစ်လို့ပါ။

**သီချင်းတွေ အများကြီး စီစဉ်ထားတယ်ဆိုတော့ ဘယ်ဟာဘယ်လို အရင်ထွက်လာမလဲ။**

အဲဒီလို စဉ်လိုက်မယ်ဆိုရင် စုံတွဲခွေက အရင်ထွက်လာမယ်။ ရှေ့လလောက်ဆိုရင် မီဒီယာတွေနဲ့ တွေ့ဆုံပြီး ရှင်းပြနိုင်မယ်လို့ ထင်တယ်။ ဒါပြီးရင် ကျွန်တော့်ရဲ့ တစ်ကိုယ်တော်အခွေပေါ့။ ဒါတင်မကသေးဘူး။ ကျွန်တော် ပြန်ဆိုချင်တဲ့ သီချင်းတွေ စီစဉ်ထားတာလည်း ရှိပါသေးတယ်။ လောဘကြီးတယ်လို့ပဲ ပြောရမလားပေါ့။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ထားတာ သုံးခွေတောင် ဖြစ်နေတယ်။ နောက်တစ်ခုက အချိန်ကာလကို စောင့်နေတယ်လို့လည်း ပြောလို့ရပါတယ်။

**အဲဒီလိုဆိုရင် နောက်ဆုံး သီချင်တာက အရင်ဇော်ပိုင်နဲ့ အခုဇော်ပိုင် ဘာကွာသွားလဲ။ ဆိုတဲ့အပေါ်မှာရော ကွာခြားသွားတာ ရှိနေမလား။**

ဖြတ်သန်းတဲ့ အတွေ့အကြုံအရနဲ့ အသက်အရွယ်အရ၊ ခေတ်ကာလအပိုင်းအခြားအရ ဆိုတဲ့ပုံစံ 'အာ'လေးတွေတော့ နည်းနည်းပြောင်းသွားတာပေါ့။ ခုအချိန်မှာတော့ စိတ်ကြိုက်ဖြစ်လာတဲ့ 'အာ'တွေမှုတွေနဲ့ ဆိုထားတာ ပြောင်းသွားမှာပါ။ ဇော်ပိုင်ကတော့ ဇော်ပိုင်ပဲပေါ့။ ဒါပေမဲ့ တွေ့ကြုံခဲ့တဲ့ အတွေ့အကြုံ၊ ဖြတ်သန်းခဲ့တဲ့ ကာလမှာ လေ့လာခဲ့မှုများနဲ့ အရင်ကထက် တိုးတက်လာတယ်။ ကျွန်တော်တို့ ဂီတစကားနဲ့ပြောရင် အဆိုနပ်လာတယ်လို့တော့ ပြောလို့ရမှာပေါ့။ ပရိသတ်အတွက်တော့ ဇော်ပိုင်က ဘာမှ မပြောင်းလဲပါဘူး။ ဇော်ပိုင်ဆိုတဲ့ သီချင်းကပဲ အနည်းငယ်ပြောင်းသွားဖို့ ရှိပါတယ်။ ပရိသတ်အတွက် ဇော်ပိုင် သီချင်းဆိုနေတာပဲ ဖြစ်ပါတယ်-လို့ ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာကားတွေကို နိုင်ငံတကာကလည်း ကြည့်စေချင်တယ်ဆိုတဲ့ မနိုး

**လင်းနိုင်ဦး**

ဇာတ်ညွှန်းနဲ့ ဒါရိုက်တာ စတီးလ်နဲ့ ရင်းနှီးပြီး လူမျိုးဘာသာလည်းတူတဲ့ အိန္ဒိယ ကင်မရာမန်း မနိုး (Mano V.Narayanan) India က မြန်မာနိုင်ငံမှာ Director of Photography (DOP)အဖြစ် တာဝန်ယူပြီး ရိုက်ကူးနေတာ လေးကားလောက် ရှိနေပါပြီ။ စတီးလ်ရိုက်တဲ့ ကားများသာမက ဒါရိုက်တာ ညိုမင်းလွင် ရိုက်ကူးတဲ့ **လူသားများကို ခြောက်လှန့်ရန် တစ္ဆေ တစ်ကောင် အလိုရှိသည်** ဇာတ်ကားမှာပါ DOP အဖြစ် တာဝန်ယူထားတဲ့ အတွက် ကိုဆာမိ(စတီးလ်) ရဲ့ ဘာသာပြန်ပေးမှုနဲ့ မနိုးရဲ့ အနုပညာ အစီအစဉ်များကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ပထမဦးဆုံး မေးချင်တာက မြန်မာနိုင်ငံမှာတော့ ရွှေပိုင်းမှာ နှစ်ကား ရိုက်ပြီးပြီ။ အိန္ဒိယမှာရော DOP အဖြစ် ဘယ်နှကား တာဝန်ယူ ရိုက်ဖြစ်ပြီးပြီလဲ။**

ကျွန်တော်က ၂၃ နှစ် အရွယ်မှာ တက္ကသိုလ်တက်တယ်။ ရုပ်ရှင်နဲ့ပတ်သက်တဲ့ တက္ကသိုလ်ပေါ့။ အဲဒီမှာ ၃ နှစ်တက်ပြီးတာနဲ့ Assistant ဝင်လုပ်တာ ၆ နှစ်ပါ။ အဲဒါ ပြီးတော့မှ မလေးရှားမှာ ကင်မရာမန်းအနေနဲ့ ရိုက်ခွင့် ရခဲ့တာပါ။ အိန္ဒိယနိုင်ငံမှာလည်း ရိုက်ဖြစ်ခဲ့တယ်။ သူတို့ဆီမှာ ကျွန်တော်တို့မှာလိုပဲ ပြည်နယ်ခွဲတွေ ရှိတယ်။ အဲဒီပြည်နယ်ခွဲတွေက ကားမျိုးတွေလည်း ရိုက်ဖြစ်ခဲ့တယ်။ ပြီးတော့ ဒုဘိုင်းဘက်က အာရပ်နိုင်ငံ ဒါရိုက်တာတွေနဲ့လည်း တွဲဖက်ပြီးတော့ အဲဒီနိုင်ငံအတွက် ကားတွေ သွားရိုက်ဖြစ်ခဲ့တယ်။

**အဲဒါဆိုရင် ရုပ်ရှင်ကားအနေနဲ့ ဘယ်နှကားလောက် ရိုက်ခွင့်ရခဲ့ပြီးပြီလဲ။**

ရုပ်ရှင်အနေနဲ့ဆိုရင် ကား ၃၀ လောက် ရိုက်ပြီးပါပြီ။ တခြား ရိုက်ထားတာတွေလည်း ရှိပါသေးတယ်။

**အဲဒီလို ရိုက်ခွင့်ရရဲ့သားနဲ့ မြန်မာနိုင်ငံမှာ ကင်မရာမန်းအနေနဲ့ ဘာဖြစ်လို့ လာရိုက်ဖြစ်တာလဲ။**

မြန်မာနိုင်ငံကို ကိုစတီးလ်နဲ့ ရင်းနှီးပြီး ခေါ်လို့ လာဖြစ်ခဲ့တာပါ။ လာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အခြေအနေကိုကြည့်လိုက်တဲ့အခါ ဈေးကွက်အရရော၊ ကျွန်တော့်ကို ပေးနိုင်တဲ့ ငွေရေးကြေးရေး အရရော ကြည့်လိုက်တဲ့အခါ ကျွန်တော့်အတွက် အဆင မပြေဘူး။ မြန်မာနိုင်ငံက ရုပ်ရှင်ဈေးကွက်ကလည်း မအောင်မြင်ဘူး။ ဘာကြောင့် ဒီလိုဖြစ်သလဲဆိုရင် မြန်မာ့ ရုပ်ရှင်က အပြထက် ထိုင်ပြော၊ ထ,ပြောတွေ များနေတယ်။ ထူးထူးခြားခြား ရိုက်ပြလိုက်ရင် ကြည့်တဲ့လူဦးရေလည်း ဒီထက် များလာနိုင်တယ်။ ရုပ်ရှင်ကလည်း ပြောင်းလဲလာမယ်။ ဒါကို မြင်ပြီး အခုလောက်ကတည်းက ကျွန်တော် လာပျိုးထားမယ်ဆိုရင် နောင်တစ်ချိန်မှာ ကျွန်တော် ကောင်းကောင်း အလုပ်လုပ်လို့ရမယ်။ ဒါကြောင့် ကျွန်တော် လာပျိုးထားတာပါ။ ဒီရုပ်ရှင်ကို တွက်ကြည့်လိုက်တဲ့အခါ လူဦးရေ မြောက်မြားစွာရှိပေမဲ့ ဘာသာစကားတစ်မျိုးတည်းနဲ့ ရိုက်နေကြတယ်။ ဒါပေမဲ့ အောင်မြင်နိုင်တယ်။ လောလောဆယ် သိပ်မအောင်မြင်သေးဘူးဆိုတာက ဘတ်ဂျက်အရရော၊ ရုပ်ရှင်မှာ အပြက ၃၀ ပဲရှိပြီးတော့ အပြောက ၇၀ လောက် ဖြစ်နေတယ်။ အဲဒါတွေကို ပြောင်းလဲချင်တဲ့အတွက်ကြောင့် ကျွန်တော် တတ်နိုင်တဲ့ဘက်က ကြိုးစားဖို့ ကိုစတီးလ်နဲ့ ပူးပေါင်းနေတာပါ။ ဒီရုပ်ရှင် ပြောင်းလဲသွားမယ်လို့လည်း မြင်တယ်။ နိုင်ငံတော်ကြီးလည်း တိုးတက်ပြောင်းလဲတော့မယ်လို့ မြင်တယ် ဒါကြောင့် လာပြီး ကြို အခြေချထားတာပါ။

**ကင်မရာမန်းအနေနဲ့ ရုပ်တည်မှာလား။ ဒါရိုက် တာလုပ်ဖို့ရော အစီအစဉ် ဘူးလား။**

ကင်မရာမန်းအနေနဲ့ တည်ပြီးသွားရင် ဒါရိုက်တာ လုပ်ဖို့လည်း အစီအစဉ်ရှိ တယ်။

**အိန္ဒိယ၊ မလေးရှား မှာ ရုပ်တည်ရင် ပို ပိုက်ဆံရနိုင်ပေမဲ့ သိပ်ရ ဖို့မရှိတဲ့ မြန်မာနိုင်ငံမှာ ဘာ ဖြစ်လို့ လာရိုက်တာလဲ။**

အခု ဒီမှာ မေတ္တာ စေတနာနဲ့ လုပ်ပေးနေသ ပါပဲ။ စောစောကပြောသ ပျိုးနေတဲ့ အချိန်ဆိုတော့ ပိုက်ဆံလည်း သိပ်မရ အလုပ်လည်း သိပ်မရှိသေး ဘူး။ ဒါပေမဲ့ အခုကတည်း က ပျိုးထားမယ်ဆိုရင် နောက် ဒီမှာ အလုပ် အများကြီးရနိုင်တယ်။ လို မျှော်လင့်ထားတယ်။ ကင်မရာမန်းနဲ့ ဆက် လုပ်မယ်ဆိုရင် ကျွန်တော် နိုင်ငံတွေလိုပဲ နောက်ဆို ဘာသာစကားအမျိုးမျိုး ဇာတ်ကားတွေထွက်လာ တယ်။ ဥပမာ ရှမ်းပြည် မှာရိုက်တဲ့ ရှမ်းဘာသာစကား နဲ့ကားမျိုး၊ ဒီလိုပဲ ဒို ဘာသာစကားတွေနဲ့လည်း ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ ထွက် လာနိုင်တယ်။ ကျွန်တော် တို့ဆီမှာလည်း ဒီလို ပြည် ခွဲဒေသကားတွေ ရှိတ အဲဒီအတွက်ကြောင့် အ တည်းက လာပြီး ပျိုး တာပါ။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



**ရုပ်ရှင်ကားတစ်ကား ရိုက်တဲ့နေရာမှာ ဓာတ်ပုံပညာနဲ့ ပတ်သက်လို့၊ ကင်မရာနဲ့ပတ်သက်လို့ ဘယ်လောက် အရေးကြီးတယ်လို့ ခံယူထားလဲ။**

တစ်ယောက်တည်း Special ကောင်းမှဆိုတာ မဖြစ်နိုင်ဘူး။ ဒါရိုက်တာလည်း ကောင်းရမယ်။ DOP လည်း ကောင်းရမယ်။ သရုပ်ဆောင်တွေကလည်း အကောင်းဆုံး ပံ့ပိုးပေးရမယ်။ ဒါရိုက်တာနဲ့ ကင်မရာမန်းပေါင်းပြီး ပုံဖော်မယ့်ဟာကို သရုပ်ဆောင်တွေက သူတို့ကျတဲ့နေရာက ပံ့ပိုးပေးရမယ်။ ဒါမှ ကားတစ်ကားကောင်းမယ်။ တစ်ယောက်တည်း ကောင်းဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး။

**ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရိုက်နေတဲ့ပုံစံတွေက ဟိုမှာရိုက်တာနဲ့ ဘာကွာလဲ။**

ဓာတ်ကားတစ်ကား က ရိုက်တဲ့နေရာမှာ အားနည်းချက်လို့တော့ မြန်မာကားတွေကို မပြောချင်ဘူး။ ထုတ်လုပ်မှုကုန်ကျစရိတ်ပေါ်မှာ မူတည် ပြီးတော့မှ ပြန်ရတဲ့အပေါ်မှာလည်း မူတည်တယ်လေ။ တကယ်တမ်း ဓာတ်ကားတစ်ကားမှာ Subject ပေါ်မူတည်ပြီး လိုအပ်တဲ့ Locationနဲ့ ရိုက်ရမယ်။ ဒီမှာက ထိုင်ပြော၊ ထ,ပြောနဲ့ ဒရာမာတစ်ပုဒ်၊ ပြဇာတ်တစ်ခုလိုဖြစ်နေတယ်။ ဒီမှာ လာထိုင်၊ ဒီမှာလာပြော။ ပြဇာတ်တစ်ပုဒ် ကပြသလိုဖြစ်တဲ့အတွက် အားနည်းချက်တော့ ရှိတယ်။ ဒါက ဒါရိုက်တာပေါ်မှာလည်း မူတည်တယ်။ ဒါရိုက်တာက ဒီဓာတ်လမ်းကို စဉ်းစားကတည်းက ဒီ Scene ကို ဒီ Location နဲ့ရိုက်မယ်။ ဘယ်လို ရိုက်သွားမလဲရှိပေမဲ့ ဒီမှာက အချိန်မပေးနိုင်ဘူး။ ကားတစ်ကားကို ၁၅ ရက်နဲ့ ရိုက်တယ်ဆိုတော့ ကျွန်တော် အရမ်းအံ့သြတယ်။ ဘာဖြစ်လို့ ၁၅ ရက်နဲ့ ရိုက်ရသလဲ။ စကားကိုသာ အဓိကပြောပြီး အရုပ်ကို ဦးစားမပေးဘူးဖြစ်နေတယ်။ အဲဒါကြောင့် အားနည်းချက်တွေ တွေ့ရတယ်။

**အခု မြန်မာနိုင်ငံမှာ DOP အဖြစ် ရိုက်ပြီးတာ ဘယ်နှကားရှိသွားပြီလဲ။**

မဟာဆန်တဲ့ မာယာမျက်နှာဖုံးကို အရင်ရိုက်တာပါ။ အဲဒီကားကတော့ မြန်မာမှာရော၊ မလေးမှာရော ရိုက်ခဲ့တယ်။ ပြီးတော့ ဒါရိုက်တာ စတီးလ်ရိုက်တဲ့ **ခိုးဆိုးလုနှိုက်**၊ အခု ဒါရိုက်တာ ညိမ်းလွင်ရိုက်မယ့် **လူသားများကို ခြောက်လှန့်ရန် တစ္ဆေတစ်ကောင်အလိုရှိသည်**၊ ပြီးရင် ဒါရိုက်တာ စတီးလ်ရိုက်မယ့် **ဝိညာဉ်ကကြိုး** ဆက်ရိုက်ရပါဦးမယ်။

**မဟာဆန်တဲ့ မာယာမျက်နှာဖုံးမှာ နဝရတ်ကို ကား နဲ့ ဖမ်းသွားတဲ့အခန်းမှာ နိုင်းနိုင်းက နောက်က ဆိုင်ကယ်နဲ့လိုက်တာကို ဘယ်လို သွက်အောင်ရိုက်ထားလဲ။**

ဒါက မလေးရှားက ဒါရိုက်တာနဲ့ ရိုက်ထားတာပါ။ သူနဲ့ကျွန်တော်က ရိုက်နေကျဖြစ်လို့ အမြဲတမ်း အလုပ်တွဲလုပ်နေတာဖြစ်တဲ့ အတွက် ကားတစ်ကားရိုက်တော့မယ်ဆိုရင် ဟိုဘက်က ပုံစံမျိုးနဲ့ပဲ ရိုက်တယ်။ ဒီဘက် ကပုံစံကို မစဉ်းစားဘူး။ ဟို မှာက ဒီလို အလုပ်တွေ အသွက်တွေကို အင်တာနေ ရှင်နယ်မီအောင်ရိုက်တယ်။ ဒါကြောင့် နိုင်ငံခြားကားတစ် ကားလို မြင်ရတာပါ။ မြန်မာ နိုင်ငံက ပရိသတ်အတွက် တော့ အပြောင်းအလဲ ဖြစ် သွားတာပေါ့။ ဒီပုံစံနဲ့ရိုက်ရင် ထိုင်ပြော၊ ထ,ပြောပဲ ဖြစ်မှာ ပဲ။ အခုလည်း ကျွန်တော်က မြန်မာနိုင်ငံမှာ လာရိုက်တာ ဖြစ်ပေမဲ့ ဟိုဘက်ကပုံစံမျိုး အတတ်နိုင်ဆုံး ရိုက်ကြည့် မယ်။

**မနိုး DOPအဖြစ် ရိုက် တဲ့ ခိုးဆိုးလုနှိုက်မှာ ကင်မရာ ကို သမ်တလင်းပေါ်ထားပြီး ရိုက်ပြတော့ မြန်မာသရုပ် ဆောင်တွေ တော်တော် သဘောကျကြတယ်။ ပြေ နိုင်းတာ ဘယ်နှခေါက်ပြေ ပြေး ပြေးမယ်ဆိုတော့ သရုပ် ဆောင်တွေ သွားတဲ့အပေါ် ဘယ်လိုခံစားရလဲ။**

မြန်မာနိုင်ငံက သရုပ် ဆောင်တွေက အားသာချက် တွေ အများကြီးရှိတယ်။ တစ်ခုတစ်ခု လုပ်ချင်တယ်ဆို ရင် အသေအလဲလုပ်တယ်။ သူတို့က နိုင်ငံခြားကားတွေ လို ဖြစ်စေချင်တဲ့ အတွက် ကြိုးစားမှုကလည်း အရမ်း ကောင်းတယ်။ လိုချင်တာ တစ်ခု ပြောလိုက်တာနဲ့ ပြီး လုပ်ပေးနိုင်တယ်။ သူ လုပ်ပေးနေတာမြင်ရတော့ ကျွန်တော်လည်း ကျေနပ် တယ်။ ဒါကြောင့် နိုင်ငံ တကာက ကားတွေလို ကြည့်ချင်တယ်။ ဓာတ်ကား တစ်ကားမှာ ကင်မရာ

www.burmeseclassic.com

www.burmeseclassic.com

...အဆ နေရာအထားအသိ ...အရမ်း အရေးကြီးပါတယ်။ ဒီနိုင်ငံက သရုပ်ဆောင်တွေ အကုန်လုံး ဇာတ်ပို့ဇာတ်ရံက အစ လုပ်တဲ့နေရာမှာ အားရစရာကောင်းတယ်။ ကင်မရာ Angel ချလိုက်တာနဲ့ သူတို့ ဘယ်လိုလုပ်ပေးရမလဲ၊ ပူးပေါင်းပြီးလုပ်တတ်ကြတယ်။ အဲဒီအတွက် လိုချင်တာလည်း ရခဲ့တော့ ဝမ်းသာကျေနပ်စရာပေါ့။

**မနီးက မလေးရှား၊ အိန္ဒိယမှာ ရုပ်ရှင်နဲ့ပတ်သက်တဲ့ ဓာတ်ပုံဆုတွေ ရခဲ့ဖူးလား၊ ဒီမှာရော ဓာတ်ပုံဆု မျှော်လင့်ဘူးလား။**

ကျွန်တော်က ဟိုမှာဆို ...ဒုတိယတန်းစားလောက် ...ရှိပါတယ်။ ကိုယ့်ထက် ...တော်တဲ့၊ တတ်တဲ့ဆရာကြီး ...တွေ အများကြီးရှိတယ်။ ဒီမှာ ...လည်း ဟိုမှာတတ်ထားတာ ...နောက်ထပ်သင်ယူတာနဲ့ ...နေရတာပဲ။ အိန္ဒိယမှာ ...တော့ အကယ်ဒမီနှစ်ဆု ရဖူး ...တယ်၊ တစ်ဆုက ဇာတ်ကား ...တဲ့ အကယ်ဒမီပါ။ နောက် ...ဆုကတော့ Short Film ...ရ-ထားတာပါ။ မနှစ်က ...တော့ မလေးရှားမှာ အကယ် ...ထပ်ရခဲ့တယ်။ ဒီမှာ ...တော့ မမျှော်မှန်းရဲပါဘူး။ ...အစပျိုးတဲ့အချိန်ပဲ ရှိ ...သေးပါ။ စိတ်ထဲမှာ အမြဲ ...ဆုတောင်းနေတာတစ် ...ရှိတယ်။ ဘာဖြစ်လို့ ...ဆိုတော့ မြန်မာနိုင်ငံမှာ ...ရုပ်ဆောင်ကောင်းတွေ ...များကြီးရှိတယ်။ ဈေး ...တင် မင်းသား၊ မင်း ...တွေနဲ့ ထုတ်လုပ်သူတွေ ...ပိုက်ဆံများများ ထည့်ပြီး ကားကောင်းကောင်း ရိုက်လိုက်မယ်ဆိုရင် ရုပ်ရှင်ရုံတွေ အများကြီး ထပ်ပေါ်ပေါက်လာနိုင်လိမ့်မယ်။ ရုပ်ရှင်လောကကြီးလည်း တိုးတက်လာမယ်။ ကျွန်တော်လည်း ဒီမှာအလုပ်လုပ်ချင်ပါတယ်။ ဒါကြောင့် ဆုတောင်းပါတယ်။ အခုဆိုရင် မြန်မာကားကို နိုင်ငံခြားသားတွေက မကြည့်ဘူး။ ယိုးဒယား (ထိုင်း)က မကြည့်ဘူး။ မလေးရှားက မကြည့်ဘူး။ ကိုယ့်မြန်မာနိုင်ငံသားတွေပဲ ကြည့်ကြတာလေ။ ထိုင်းကားကို မြန်မာနိုင်ငံသားတွေ ကြည့်တယ်။ နိုင်ငံခြားကားကို မြန်မာတွေ ကြည့်ကြတယ်။ ဒါကြောင့် ဖြစ်စေချင်တာက မြန်မာကားကိုလည်း အခြား နိုင်ငံတွေက ကြည့်စေချင်တယ်။ အဲဒီ အဆင့်လောက်ကို ဖြစ်စေချင်တယ်။ ဒါပဲ ခေါင်းထဲထည့်ထားတယ်။

**ပြီးခဲ့တဲ့ရက်ကနေ လွင်မိုးက ပြောခဲ့ဖူးတာ ရှိတယ်။ သရုပ်ဆောင်တွေကို ငွေတွေအများကြီးပေးရတော့ ကားအတွက် သိပ်မထည့်နိုင်ဘူးတဲ့။ အဲဒါကို ဘယ်လိုပြောချင်လဲ။**

အိန္ဒိယတို့၊ မလေးရှားတို့မှာလည်း မင်းသားဈေးကွက်ဆိုတာ ရှိပါတယ်။ ဒါပေမဲ့ သူတို့က တစ်နှစ်နေမှ တစ်ကားလောက်ပဲ ရိုက်တယ်။ အဲဒါကြောင့် အဲဒီမင်းသားကား ထွက်လာမှာကို မျှော်လင့်ပြီးတော့ ပရိုဂျူဆာရော၊ ပရိသတ်ရောက ကြည့်ချင်ကြတယ်။ ဥပမာ သန်းတစ်ထောင်ထက် ကုန်မယ်ဆိုရင်လည်း သန်းတစ်ထောင် ပြန်ရတယ်။ ဒီသဘောရှိတယ်။ ကျွန်တော်တို့ဆီမှာ မင်းသားအငယ်အသစ်တွေနဲ့ ရိုက်တာတွေလည်း ရှိတယ်။ အဲဒီလို မင်းသားတွေနဲ့ ရိုက်ရင် မင်းသား၊ မင်းသမီးအတွက် ပိုက်ဆံမကုန်ဘူး။ နည်းပညာပိုင်းကို အဓိကထားပြီး ရိုက်တယ်။ ဇာတ်ကောင်းမယ်၊ နည်းပညာကောင်းမယ်၊ ရိုက်ချက်ကောင်းမယ်ဆိုရင် ပိုက်ဆံရတယ်။ တစ်ခါတလေကျရင် မင်းသားအကြီးတန်းနဲ့ အသစ်တန်း ငွေပြန်ရတဲ့အခါ Level လောက် ပြန်ရတဲ့ကားလည်း ရှိတယ်။ အဲဒီဈေးကွက်က ကျွန်တော်တို့ဆီမှာ ထူးခြားမှုရှိတယ်။ ဒီမှာက မင်းသားတစ်ယောက်ကို လေး၊ ငါး၊ ခြောက်ကား တစ်နှစ်မှာထွက်နေတော့ ဘတ်ဂျက်က ဘယ်လောက်သုံးနိုင်မှာလဲ။ မင်းသားကိုလည်း အများကြီးပေးရဦးမယ်။ အခြား ကုန်ကျစရိတ်တွေလည်းရှိတော့ ပြန်ရမှာ မကာမိတာလည်းရှိတယ်။ ကျွန်တော်တို့ဆီမှာ သာမန်ကားတစ်ကား မင်းသားအသစ်နဲ့ ရိုက်မယ်ဆိုရင်တော့ အနည်းဆုံး နှစ်လကျော်၊ သုံးလ ရှိတယ်။ မင်းသားကြီးဆိုရင်တော့ တစ်ကားကို ခြောက်လလောက် ရိုက်ရတယ်။ တချို့ကားတွေဆိုရင် နှစ်နဲ့ချီပြီးရိုက်ရတဲ့ကားတွေတောင် ရှိတယ်။ မင်းသားကလည်း ပေးထားတဲ့ရက်အတိုင်း ရိုက်ပေးတယ်။ ဒီကားထဲမှာပဲ စိတ်နှစ်ထားတယ်။ ခြောက်လ မကြာဘဲ လေးလ၊ ငါးလလောက်နဲ့ ပြီးသွားရင်လည်း နားရတာပေါ့-လို့ ဖြေကြားပေးခဲ့ပါတယ်။

■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com



ဂျန် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ဇန်နဝါရီ ၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com

ကဗျာတစ်ပုဒ်ကို ချရေးရန် ကြိုးစားမိသောအခါ
ရင်ထဲ၌ စီးဆင်းနေသော စမ်းချောင်းလေးသည်
မျှင်မျှင်လေးမှ တုံ့ခနဲ ရပ်သွား၏။ ချစ်စိတ်က သူ့ကို
သူငယ်ချင်းတစ်ဦးနှာမည်နှင့် အိပ်မက်မက်သည်။
ရိုးသားခြင်းဗရပွဟာ ဒဏ်ရာကို
အနားသတ်ပေးသည့် ဆုလား။
ခေါက်ထားသောအတိတ်ကို ခြသေ့လည်ပြန်
လှည့်ကြည့်မိ၏။
စာမျက်နှာတချို့တွင် အကြင်နာ။
စာမျက်နှာတချို့တွင် မေတ္တာတရား။
စာမျက်နှာတချို့၌ ဝိုးတဝါးမြင်ကွင်းတို့ဖြင့်
ပြည့်နေသည်။ ဒါတွေဟာ နန်းတော်ရာမှာ ပွင့်နေသည့်
ပန်းရနံ့များ ဖြစ်၏။ သစ်သီးဝလံများလို
သူ တစ်ခါက ပျော်ခဲ့တာ သတိရခဲ့၏။
၁၉၉၆ မြင်ကွင်းများက သူ့အား ပြန်ခေါ်သွားသော
အခါ နှင်းကျနေသော နံနက်ခင်းက မြင်းလှည်းလေး
တစ်စင်း ဖြတ်မောင်းသလို သာယာကြည်နူးဖွယ်။
သူ့နှလုံးသားကို ရွှေလိုဥသွားသော
ဒဏ်ရာအစအရိပ်လေးအား မြင်ကွင်းကို
ပီပီပြင်ပြင်ရလိုက်သည်။ သူနှင့်သူငယ်ချင်းများ
ထိုကာလတစ်ခုမှာပဲ မြစ်ကိုဖြတ်၍ ဖိုးဦးတောင်ကို
ဘုရားဖူးထွက်ခဲ့ဖူးသည်။ လှေတစ်စီးလုံး
သူတို့သူငယ်ချင်းတစ်စုနှင့် ကျောင်းသူကျောင်းသားလေး၊
ငါးဆယ်လောက် အပြည့်။ ထိုစဉ်က ပျော်ရွှင်မှုသည်
တစ်ပင်လုံး လိမ္မော်သီးတွေ အိနေအောင်
သီးနေသလို ခံစားရ၏။
ဖိုးဦးတောင်။ ရှင်ပင် ပက်လက် ရေစက်လက်။

# ဝိုးရှောင်မိုး
# ခြေဖျားထောက်
# မီးတဲ့မြစ်

အမှတ် ၁၁၄၊ ဇန်နဝါရီ၊ ၂၀၁၆



www.burmeseclassic.com

www.burmeseclassic.com

တစ်နေကုန် လည်ပတ်ပြီးသောအခါ မိန်းကလေးများထဲမှ နွမ်းနယ်နေသော ပင်ပန်းနေသည့် အရိပ်လေးကို မျက်ဝန်းချင်း မထင်မှတ်ဘဲ ရင်းနှီးခဲ့သည်။

❑

ပြည်ကောလိပ်ရောက် ပထမနှစ် ဓာတုဗေဒကျောင်းသားဖြစ်ခဲ့သော သူသည် သောင်းစိုးထွဋ်(ဘိုသောင်း)၊ ကျော်စွာအောင်(ဖက်တီး)၊ တင်အောင်လွင်(အရှည်ကြီး)၊ နေလင်း၊ ဖြိုးဝေဦး၊ မိုးဝေဦး (သုံးဆယ်) သူငယ်ချင်းများနှင့်အတူ ပျော်ပါးရင်း အချစ်ကို ဓာတ်ခွဲခန်းထဲ၌ ရန်တွေ့ခံခဲ့ရသည်။

'ထွန်းလင်းစိုး ဖိုးဦးတောင်သွားတဲ့နေ့က ငါ့သူငယ်ချင်းကို နင်တို့ ဂရုမစိုက်ဘူးဆို'

ချောစု ပြောသောစကားသည် သူ့ကို အတော်ပင် စိတ်သောကရောက်စေသော ဓာတ်ပြုမှုတစ်ခုအား လုပ်ခိုင်းသလို။ ချောစုနှင့်သူက ငယ်သူငယ်ချင်းကျောင်းနေဖက်တွေ။ ပြီးတော့ ပြည်တစ်မြို့တည်းသားတွေ။

'ဟာ နင့်သူငယ်ချင်းက ဘယ်သူတုံး၊ အကုန်လုံး စောင့်ရှောက်ပါတယ်ဟ'

'ဘာ ဂရုစိုက်တာလဲ၊ အဲဒီနေ့က နင်တို့ မူးနေတာပဲတဲ့။ ငါလည်း လိုက်မလို့ ပေါင်းတလည်သွားလို့ မလိုက်ဖြစ်တာ။ နင်တို့က ခရီးသွားရင်တောင် အရက်သောက်တယ်လား'

'ငါတို့ အဲဒီနေ့က လုံးဝ အရက်မသောက်ဘူး။ ဘုရားသွားဖူးတာ သောက်ရမလား၊ ငါ့ကို နင် လာကျပ်မနေနဲ့၊ ငါတို့များ အသားလွတ်ကြီး၊ နင့်ကို နင့်ဒါဒါက ကျပ်လိုက်တာလားမှ မသိတာ၊ မယုံရင် ဘိုသောင်း မေးကြည့်'

မျက်လုံးချင်း
ညှိသံ
ချွင်ခနဲ
မြည်သွားသည်
အရိပ်လေးကို
မြင်ရသော
အသိက
တစ်သက်လုံး
ခံစားရဖို့လား
အရိပ်လေး၏
မျက်ဝန်းအား
အပြုံးတစ်ခု
လှမ်းပစ်
ပေးလိုက်သည့်
အပြုံး၏
ပဲ့တင်သံက
အချိုဆုံး
လရောင်
အနူးညံ့ဆုံး
ပင့်သက်
မျှော်လင့်
မဆုံးနိုင်သည့်
သက်တံတွေ
နှလုံးသားကို
နွယ်တက်နေ၏

ထိုအခါ သောင်းစိုးထွဋ်က ဝင်ရှင်း၏။

'ချောစု အရက်မသောက်ရပါဘူးဟာ၊ သက်သက် နင့်သူငယ်ချင်း ငါတို့ကို စွပ်စွဲတာ။ ဘုရားသွားဖူးတာ ဘာလို့ အရက်သောက်ရမှာလဲ။ နေပါဦး နင့်သူငယ်ချင်းက ဘယ်သူတုံး'

'ဟဲဟဲ မသောက်ရင် ပြီးတာပဲ။ ငါက သက်သက် အစ်ကြည့်တာပါ။ နင်တို့က ယုံရတာ မဟုတ်ဘူး'

ချောစုက မဲ့ရွဲ့ပြောပြီး Table ထပ်က ကောင်မလေးတစ်ယောက်ကို လက်ညှိုးထိုးပြသည်။ ထိုသို့ လှမ်းကြည့်မိသောအခါ မျက်လုံးချင်း ညှိသံ ချွင်ခနဲ မြည်သွားသည်။ အရိပ်လေးကို မြင်ရသောအသိက တစ်သက်လုံး ခံစားရဖို့လား။ အရိပ်လေး၏ မျက်ဝန်းအား အပြုံးတစ်ခု လှမ်းပစ်ပေးလိုက်သည်။ အပြုံး၏ပဲ့တင်သံက အချိုဆုံး လရောင်၊ အနူးညံ့ဆုံး ပင့်သက်။ မျှော်လင့်မဆုံးနိုင်သည့်သက်တံတွေ နှလုံးသားကို နွယ်တက်နေ၏။

'ဩော် သူလား ဟိုနေ့ကတည်းက ငါ သတိထားမိပါတယ်။ တို့မေဂျာကမှန်းတောင် မသိဘူး။ နင့်သူငယ်ချင်းဆို မိတ်ဆက်ပေးဦး'

ဘိုသောင်း ပြောလိုက်သောကြောင့် ချောစု ပခုံးတွန့်သွားသည်။ ပြီးတော့ မျက်ဝန်းလေးကို လှမ်းခေါ်လိုက်၏။

'လှဲ့လေး… လာဦး'

မျက်ဝန်းလေး သူတို့ဆီ လျှောက်လာသည်။ ရင်ထဲ၌ ပန်းများပွင့်သွား၏။ ရနံ့သည် ဘယ်လိုအရောင်နှင့် ပန်းတွေကို သိမ်းသွင်းခဲ့ပါသနည်း။ သတိတွေ မရချင်တော့။ မျက်ဝန်းလေး သူ့အနားရောက်သောအခါ ရေမွှေးရနံ့ ပန်းရောင်နုနုလေးသည် သူ့ရင်ကို တွန်းဖွင့်ဝင်သွား၏။

'လှဲ့လေး ဒါ ငါ့သူငယ်ချင်းတွေလေ။ သူက ထွန်းလင်းစိုး၊ သူက တင်အောင်လွင်၊ အရှည်ကြီးလို့လည်း ခေါ်တယ်။ ဒါ သောင်းစိုးထွဋ် ဘိုသောင်းလို့ခေါ်ရင် ရ… တယ်။ သူက ကျော်စွာအောင် ဖက်တီးတဲ့။ နင်တို့ မှတ်ထားနော် ဒါ ငါ့သူငယ်ချင်း လှဲ့လေးရည်တဲ့၊ ကြခင်းက။ ငါ့ Roll No. ရှေ့ဆင့် နောက်ဆင့်၊ Table တစ်ခု… တည်း။ သူ့အစ်မနဲ့ ငါ့အစ်… က အရင်နှစ်တုန်းက … ကျောင်းမှာပဲ သူငယ်ချင်းတွေ… လေ'

ချောစုက မိတ်ဆက်… စကားကို အရှည်ကြီးပြော… သည်။ မျက်ဝန်းလေး၏ အရိပ်သည် ရွှမ်းစိုသောအပြုံး… ဖြင့် သူ့ရှေ့တွင် ရပ်နေ၏။

တင်အောင်လွင် အရှည်ကြီးက-

'ချောစုရယ် စကား… ကြောက ရှည်လိုက်တာ… သမ္မတမိန့်ခွန်းထက်တောင် ရှည်သေးတယ်'

ဆိုတော့ အားလုံးဝိုင်း… ရယ်ကြသည်။ သူမ ရယ်… လေးက ဝင်ရောက်ဖြည့်စွက်… ပေးသည်။ မျက်ဝန်းလေး… အပြုံးစများက အလွန်ချော… ပျောင်းလွန်းသလို ကြယ်… များကဲ့သို့ လင်းစင်နေ၏။

'ငါ ဒီလောက်တောင်… စကားကြောရှည်လို့လား… ဟွန်း ငါ့ဆို ပြောချင်ဆိုချင်… အရှည်ကြီးက၊ ငါ့ အဲဒါ… ကြောင့် လှဲ့လေးနဲ့ မိတ်ဆက်… မပေးတာ။ နင်တို့က ဆိုး… အပြင် အစအနောက်သန်… လှဲ့လေး ရှက်မှာစိုးလို့…



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မျက်ဝန်းလေး
က ချိုမြကြည်လင်သော
လေသံကို တိုးညင်းညင်းဖြင့်-

'ငါ ဟိုနေ့ ဘုရားဖူး
ထွက်ကတည်းက သူတို့ လူစု
ကို ခင်ပါတယ်။ ငါ့ကိုလည်း
ရှုစိုက်ပါတယ်။ ငါ့တင်
မဟုတ်ဘူး၊ ပါလာတဲ့ မိန်း
ကလေးတွေ အကုန်အပေါ်
ရှုစိုက်မှုရှိတယ်။ နင်တို့ ခင်
မင်မှုကို ဖြူစင်ကြောင်း ငါ
အသိအမှတ်ပြုပါတယ်'

'အေးပါ အဲလို လုပ်ပါ
။ ဒေါ်ချောက ဘာတွေ
ပြောမှန်း မသိဘူး။ ဒေါ်ချော
လည်း ခင်တယ်၊ ဒေါ်ချော
တို့ လူစုလည်း ခင်တယ်'ဟု
အရှည်ကြီးက ဝင်ပြော၏။

နင်တို့လူစုဟူသော
စကားအဓိပ္ပာယ်က ရှိသည်။
လူတို့ထဲက ထက်ထက်ကို
အရှည်ကြီးက ချိတ်နေတာ။
ထိုကိုသိသော ချောစုက
မျက်နှာရှုံ့၍-

'အရှည်ကြီး နှာဘူး
ထက်မကို ချည်နေတာ'

ထိုအခါ ဘိုသောင်း
က-

'ဘာလဲ ချောစု၊ အရှည်
ကြီးက နင့်ကို မကြိုက်လို့
ပေနဲ့ ဖက်တီးရှိတယ်'

ချောစုက သေနာကျဟု
သောင်းစိုးထွင့်ကို
ရိုက်သည်။ ကျော်စွာ
ကို ပြောခြင်းဖြစ်၏။
က ရက်ကာ ဝ,၍
သော အသားညိုညို
ဖောင်းဖောင်းမျက်နှာကြီး
ရဲခဲ ဖြစ်သွားသည်။
လေး လှဲလေးရည်
သူရော တစ်ဖွဲ့လုံး ဝိုင်း
သည်။ ပျော်ရွှင်ဖွယ်
လေးများ ငွေ့ရိုက်
သွား၏။ ထိုအပျော်က ဂန္ထဝင်
ကန်တင်းသို့ ကပ်ပါလာသည်။
ပွင့်လင်းချစ်ခင်ဖွယ် လူငယ်
ဘဝက ဖြူစင်သန့်ရှင်းလွန်း
လှသည်။

မခို့တရို့ အပြုံးဖြင့်
မိန်းမပီသစွာရယ်မောနေသော
မျက်ဝန်းအား သူ ခိုးကြည့်မိ
တဲ့အခါ မျက်နှာပေါ်ရှိတိမ်
များ ပန်းနုရောင်အရိပ်လေး
များ ဖြာသွား၏။ လူတစ်
ယောက် မျက်နှာမှာ တိမ်
တောက်တာ သူ ဒီတစ်ခါပဲ
မြင်ဖူးသည်။

❑

*ငါ့ရဲ့မျက်ဝန်းရေ...*
*ရင်မှာစွန်းနေတဲ့*
*မင်းထိုးစိုက်ခြင်းက*
*ဒီမိုးက မအအောင်*
*ရွာစေပေါ့။*

သူ ချရေးမိသောစကား
လုံးများကို ငေးကြည့်ရင်း
မျက်ဝန်းလေး၏ အပြုံးကို
လှစ်ခနဲမြင်လိုက်ရ၏။ တိုး
ညင်းစွာ ပြတင်းပေါက်ကို
ဖြတ်ပြီးစီးလာသော လေ
ညင်းထဲတွင် စံပယ်ရနံ့များ
မျောပါလာသည်။ ထိုစံပယ်
ရနံ့ကြောင့် သူ အမှတ်ရသော
အတိတ်သည် အသည်းနှလုံး
ရောင်စတစ်ကာလေးအား
သူမနှုတ်ခမ်းတွင် ကပ်ပေ
သောနေ့ပင်။

သီပွဲဆောင်မှ သူ့စက်
ဘီးဖြင့် ထွက်လာသောအခါ
သီပွဲလမ်းပေါ်တွင် ကျောင်း
သားကျောင်းသူများ ပြည့်နေ
၏။ ထိုနေ့သည် သူ စိတ်
အရမ်းတိုသောနေ့ ဖြစ်သည်။
မနက်ကတည်းမှ ယခုအချိန်
ထိ ဟိုကောင်တွေပျောက်နေ
သောကြောင့် ဖြစ်သည်။ သူ့
ကို သံချောင်းမခေါက်ဘဲ
တစ်နေရာမှာ ဖဲရိုက်ရင်ရိုက်၊
တစ်ခုခု မဟုတ်တာ ကြံနေ
ခြင်း ဖြစ်သည်။ ဟိုကောင်
တွေကို လိုက်ဖမ်းဖို့ သူ စိတ်
တိုတိုဖြင့် ထွက်လာခြင်း ဖြစ်
သည်။ ထိုစဉ်-

'ထွန်းလင်းစိုး ထွန်း
လင်းစိုး'

ခေါ်သံရှိရာ သူ လှည့်
ကြည့်မိတော့ ချောစု၊ ထက်
ထက်၊ လွင်မော်နှင့် မျက်ဝန်း
လေးကို ဒိုင်းခနဲ တွေ့လိုက်ရ
၏။

'နင်က ရှာလိုက်ရတာ'

'ငါ အတန်းထဲ ရောက်
သေးသားပဲ၊ ကန်တင်းမှာထိုင်
နေတာ'

'အေး အခု ငါတို့ GTC
သွားမလို့'

'ဘာလုပ်ဖို့လဲ'

'လှဲလေးသူငယ်ချင်း
ဆီ သွားမလို့၊ နင့်မျက်နှာက
ပုပ်သိုးနေတာပဲ'

တကယ်တော့ GTC
ဘက် သူ မသွားချင်။ ချောစု
ကို ငြင်းချင်သော်လည်း
မျက်ဝန်းလေးကိစ္စကြောင့်
အရာရာ ပန်းဖြစ်သွားသည်။

'ဟိုကောင်တွေ ပျောက်
နေလို့ဟ၊ ငါ ကန်တင်းမှာ
စောင့်နေရလို့ စိတ်တိုနေတာ။
အေး သွားရင်သွားလေ ငါ
လိုက်ခဲ့မယ်။ ဟိုကောင်တွေ
တော့ မရှာတော့ဘူး'

သူ့ရင်ထဲ ထိုကဲ့သို့သော
ရနံ့မျိုး တစ်ခါမှ မရှူဖူးပါ။
S-4 တွင် သူသူ စောင့်နေ
သောကြောင့် သူသူ့ကို သွား
ခေါ်သည်။ သူတို့ငါးယောက်
စက်ဘီးက နှစ်စီး၊ သူနှင့်မှ
သုံးစီး။ ချောစုနှင့် ထက်
ထက်က တစ်စီးစီး၏။ လွင်
မော်နှင့်သူသူက တစ်စီး။ ထို့
ကြောင့် သူနှင့် မျက်ဝန်း
အတူစီးရမည် ဖြစ်သည်။
နတ်ကောင်းနတ်မြတ်တွေက
ဟိုကောင်တွေနှင့်လွှဲပြီး သူ့ကို
မျက်ဝန်းလေးဖြင့် ဆုံစည်း
ပေးခဲ့သလို။

တကယ့် တကယ်
မျက်ဝန်းနှင့်အတူ စက်ဘီးစီး
သောအခါ သူ့ရင်ခုန်သံများ
မြန်နေ၏။ စိတ်များပူနွေးကာ
ဦးတည်ရာမဲ့ စကားများကို
ပြောရင်း လက်ဖျားများပင်
အေးစက်လာသည်။ သူ့ရင်ထဲ
ဝုန်းဒိုင်းဆန်နေ၏။ တစ်ခါ
တစ်ရံ ကြည်နူးရိပ်သည်
အသက်ရှူသံထဲအထိ စိမ့်ဝင်
စွာ ခံစားရသည်။ သံတစ်
ချောင်းလမ်းအတိုင်း နင်းပြီး
ဗိုလ်ချုပ်လမ်းရောက်သည်အထိ
သူ ဘာတွေပြောမှန်းမသိ။

'လှဲလေး ငါ ညနေကျ
ရင် နင်တို့အဆောင်ကို လာခဲ့
ဦးမယ်'

'အင်း နင်လာချင် လာ
ပေါ့။ ၅ နာရီနဲ့ ၆ နာရီအတွင်း
ဧည့်ချိန်ရှိတယ်။ ဟိုဟာမတွေ
သာ ညနေ ထွက်လည်တာ။
ငါက အဆောင်မှာ ရှိတယ်။
တစ်ခါတစ်ရံ ရွှေဆံတော်
ဘုရားသွားတာကလွဲလို့ပေါ့'

'အေး ဒါဆို ငါလာခဲ့
မယ်။ နင်က သီတာ ၁ လား၊
၂ လား။ ဆရာမ ဒေါ်ဝင်း
မာမာတော့ ငါ ကြောက်
တယ်'

'လာခဲ့ပါ၊ ရတယ်။
မုန့်ကြွေးမယ်။ သီတာ ၁
အခန်း ၂၅။ သူသူနဲ့ ငါ တစ်
ခန်းတည်း'

သူ နင်းလာသော စက်
ဘီးသည် သံလမ်းဂိတ်ကို
ရောက်သောအခါ ရှေ့က
စက်ဘီးနှစ်စီးကို မီလာ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုလေးယောက်၏ နားငြီးအောင်ပြောသောစကားများကို GTC တွင်လည်းကောင်း၊ အပြန်လမ်းတွင်လည်းကောင်း နားငြီးအောင် ကြားရသည်။

သူက ရင်ခုန်သံနုနုထွတ်ထွတ်၏ သာသာယာယာရန့်ကို ဆက်လက်ထိန်းသိမ်းထားရင်း လှိုင်း လက်ဖက်ရည်ဆိုင်၌ ဖဲရှုံး၍ထိုင်နေသော လင်းတ လေးကောင်ကို ဘာအစီအစဉ်မှ မရှိဘဲ လက်ဖက်ရည်နှင့် မုန့်တိုက်ကျွေးလိုက်သည်။ လက်ဖက်ရည်ဆိုင်က ထ၊ တော့ ညနေ အဆောင်ကို သွားရန် အစီအစဉ်ရှိသောကြောင့် ဘိုသောင်းတို့ တရုတ်စုက အဆောင်ကို မလိုက်တော့ဘဲ အိမ်ကို စောစောပြန်ခဲ့သည်။ သူ့အတွင်းစိတ် ပြုံးစိစိဖြစ်နေတာ ဟိုးလေးယောက် လုံးဝ သိမသွားခဲ့။

သူ့အမှုအရာက သူ့ကို ပြန်ပြီး ဖော်ကောင်မလုပ်ခဲ့ရင်။

*ခိုးကြောင်ခိုးဝှက်*
*ရန့်လေးနဲ့*
*လှူပျိုလှည့်ဖို့*
*စိတ်ကူးရှိနေလည်း*
*ငါ့ပန်းတစ်ခင်းလုံး*
*ပွင့်ဖို့ဆိုတာ မဖြစ်နိုင်။*

❑

ပြည်မြို့၏ ညနေသည် ချမ်းစိမ့်နေပြီး သာယာသောနှင်းမြူမှုန်ရနံ့သင်းသင်းဖြင့် ပန်းသင့်နေသည်။ ကောင်းကင်တွင် အိပ်တန်းပြန်ငှက်တို့ ပျံဝဲနေသလို ရောင်စုံမောင်နှံစုံတွဲများသည်လည်း သံတစ်ချောင်းလမ်းတစ်လျှောက် ကလူ၏သို့ မြူ၏သို့နေကြသည်။ ထိုမြင်ကွင်းက ငေးရင်း ရင်ထဲရှိ ကြည်နူးရိပ်သည် နှောင်ထုံးမိသောသံယောဇဉ်အတွက် တလှစ်လှစ်ဖြင့် နူးညံ့နေပြန်သည်။

သိပ္ပံဆောင်ထဲဝင်၍ ဂန္ထဝင်ကန်တင်းကိုဖြတ်ကာ သီတာဆောင်ဘက်ကို ချိုးလိုက်သည်။ သီတာဆောင်ရှေ့တွင် လိပ်ပြာလေးများ ဝဲပျံနေ၏။ ထိုလိပ်ပြာလေးများသည် ကျောင်းသားလူငယ်တို့၏ အေးရာအေးကြောင်းဆန္ဒများ၊ ကျောင်းသားဘဝ အရသာများနှင့် ကာရန်ညီနေသည်။

အဆောင်ရှေ့သို့ရောက်သောအခါ မျက်ဝန်းလေးနာမည်အား လှမ်းခေါ်လိုက်သည်။ ခဏကြာတော့ မျက်ဝန်းလေး ရောက်လာ၏။ သနပ်ခါးရနံ့ ထုံသင်းနေသည်။ လန်းဆန်းသောစိတ်ကို ထိုရနံ့လေးက ထပ်မံ၍ ထပ်ဆင့် လန်းဆန်းစေပြန်သည်။ ဧည့်ခန်းထဲမှာ စကားပြောရအောင်လေဟု မျက်ဝန်းလေးက ပြော၏။ ထိုအခါ သူက အကြော်ဆိုင်သွားထိုင်ကြမယ်လေဟု ပြောသောအခါ မျက်ဝန်းလေးသည် ခေတ္တမျှ စဉ်းစားပြီး-

'သွားကြမယ်လေ၊ နေဦး ဟိုမိန်းမတွေ လိုက်ဦးမလား သွားမေးလိုက်ဦးမယ်'

အဆောင်ထဲ ပြန်ဝင်သွားသည်။ ရင်ထဲ ဆို့သွားတာ အမှန်။ စိတ်ပိန်သွား၏။ ထက်ထက်၊ သူသူ၊ လွင်မော်တို့ ပါလာဦးမည်။ သူမက အရှောင်အတိမ်း ဂျက်စီဂျိန်းလုပ်သလို၊ အပြုံးဖြင့် အောင်မြင်စွာဖြတ်သန်းခဲ့သလို။

သူသူတို့ ထွက်လာပြီး ငါတို့ပါရဲ့လားဟု ကြိုမေးသည်။ သူက-

'အားလုံးကို အကြော်ကြွေးမလို့ပါဟ၊ မလိုက်စေချင်ရင် နှစ်ယောက်တည်းသွားမှာပေါ့'

ထိုအခါ မျက်ဝန်းလေးက သူ့ကို ရှဉ့်သွားလို မျက်စောင်းလေး လှမ်းထိုးသည်။ သူက အပြုံးဖြင့် လှမ်းဖမ်းကာ အကြော်ဆိုင်သို့ လမ်းလျှောက်သွားကြသည်။

သူ၏ ခိုးကြောင်ခိုးဝှက် အစီအစဉ်ကို နေလင်းနှင့် အရှည်ကြီးက အနံ့ရပြီး ဆိုင်လိုက်လာ၍ အကြော် ၂ ပွဲ၊ အာပူ ၂ ပွဲ ဝါးတီးဖွင့်သွား၏။ အကြော်ဆိုင်တွင် သူ အိတ်ထောင်ထဲမှ ခြသေ့်ကြီးအား သူတို့ ရက်စက်စွာ သတ်လိုက်ကြသည်။ ၆ နာရီ မထိုးခင် အဆောင်သို့ ပြန်သွားသော သနပ်ခါးရနံ့လေးသည် သူ့ကို မျက်ဝန်းထဲရှိ အဓိပ္ပာယ်တစ်ခုအား ချပေးသွားသလို။

ထိုနေ့ည ချရေးမိသော ကဗျာအမည်က **မျက်ဝန်းတဲ့**။

*စွတ်စိုမှုဉ်းဖြောင့်*
*လေးဆီ*
*ခပ်ပါးပါး*
*လလေးနှစ်စင်း*
*ရေတွင်းလို့*
*ပြောတာပဲ*
*မြင်ဖို့ကောင်းတာ*
*ဟို…*
*နက်နက်ထဲကအသံ။*

ကဗျာလေးကို ဒိုင်ယာရီထဲ၌ ပြန်ရှာကြည့်မိသောအခါ ထိုနေ့သည် ၁၄.၂.၁၉၉၇ ဖြစ်နေ၏။ ထိုစဉ်က သူ့ဆီကို ချစ်သူများနေ့အမှတ်တရ သကေ်တ ရောက်မလာခင် သူ့မှာ ချစ်သူများနေ့ကဗျာ တစ်ပုဒ် ဦးစွာ ဖြစ်ထွန်းခဲ့သည်။

❑

*ဒါနဲ့*
*လူမကြားအောင်*
*ခြေဖျားထောက် စီးရင်း*
*မင်းအရိပ်ကို*
*ခိုးနားထောင်ဖြစ်ခဲ့။*

သူ ကဗျာရေးသော အကြမ်းစာရွက်ပေါ်တွင် ကဗျာသည် တဖြည်းဖြည်း အတောင်စုံလာသည်။ ကဗျာ တစ်ပုဒ်ကို သူမွေးဖွားသန့်စင် ပြီးတော့မည်။ ထိုကဗျာသည် သူ့အတိတ်က အရိပ်လေးပင်ဆုံနိုင်မှု၊ ပြီးတော့ ဆုံနိုင်ခြင်း တစ်ဖန်ဆုံမှတ်မပါသော ဖူးစာ၊ တစ်ခါတစ်ရံ လွဲချော်ခြင်းများသည် သူနှင့်မျက်ဝန်းအား ဘာကြောင့် တစ်ခါ တစ်ရံ ခဲ့တာလဲ။

အပြင်တွင် ပုရစ်များ ဆူညံစွာ အော်နေ၏။ ဘယ် တော့ အရာရာဟာ အရာ ဖြစ်လာမလဲ။ သူက မျက်ဝန်း အပေါ် နှောင်ကြိုးမိသော ချစ်ခြင်းအတွက် လွတ်အောင် ရှန်းသူလား။ ဒါမှမဟုတ် ရှောင်ဖယ်ပုန်းတဲ့ ပြာလာ ထိုကဲ့သို့ သူ့ရင်မှ မေးခွန်း ကို သူသူ့ငယ်ချင်းများ မေးဖူးသည်။ သူတို့သူငယ် ချင်းတစ်စု နောက်ဆုံးစာ ပွဲဖြေပြီး ဘုရားဖူးထွက် ခဲ့သည်။ နှုတ်ဆက်ခ လည်း ဖြစ်သည်။ ပုဂံ သူငယ်ချင်းများက ထို ကို မေးခဲ့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီ၏ အလှဝန်ဆောင်မှုသည် သီချင်းများ၊ ...ဗျာများ၊ ပန်းချီကားများ ...ကဲ့ အဆတစ်ရာမက လှ...သည်။ ခံ့ညားသည်။ ထည်...ါသည်။ တင့်တယ်သည်။ ...တစ်ဖက်ကမ်းကို ဘုရားမှ ...ေးကြည့်ရသော မြင်ကွင်း...ွင် အရသာရှိလှသော ...နေရီသည် တစ်ချက်လင်း၍ ...ောင်ကျသွား၏။ ထိုကဲ့သို့ ...ရောင်တွင် ရင်ထဲရှိ နှလုံး...ားကိုစွသည်လည်း ပျော့...ေ့ကျသွားသည်။ ထို...ာဝအလှကို ခံစားနေစဉ် ...းသို့ မည်သည့်အချိန်က ...ောက်နေမှန်းမသိသော ...င်အောင်လွင်က-

'ငထွန်း မင်းတို့ အခြေ...က ဘယ်လိုလဲကွ'

'ဟေ…ဘာလဲ'

'မင်း မသိသလို အရှူး...်နင်းမနေနဲ့ ငါတို့အား...ည်း သိနေတာပဲ၊ မင်းက ...ပြောရင် မင်းကို လှဲ့လေး...ချစ်နိုင်မှာပါ။ ပထမနှစ် ... အခုအထိ ခင်လာကြ... ဒီကနေ ပြည်ကို ပြန်...ာက်ရင်း တို့တွေ ဝေးကြ...မှာ၊ ဘွဲ့ယူမှ ပြန်ဆုံမှာ၊ ...းလည်း ကြံခင်းပြန်...မှာ၊ ငါတို့ကောင်တွေ...ကို စ,လာတာလည်း ...မင်းတို့နှစ်ယောက်က ...းမကျ၊ သူငယ်ချင်း...တာလည်း ငါတို့အား ...သိနေတာပဲ။ မင်း အခု ...ောင်မကျ မြောက်မကျ ...ကြီး လုပ်မနေသင့်

...က သက်ပြင်းပူပူကို ...ိုက်ပြီး စီးကရက်...ကို မီးညှိလိုက်သည်။ လေက ညင်းလေသွေး မီးက ငြိမ်းသွား၏။ စီးကရက်ကို လက်ကွယ်ပြီး မနည်းညှိယူရသည်။ ထို့နောက် စီးကရက်အား ပြင်းထန်စွာ ဖွာရှိုက်လိုက် အရှည်ကြီးအား စကားပြောရန် ခွန်အားထည့်လိုက်၏။ နေလင်းနှင့် ဖက်တီးတို့ရောက်လာ၍ သူတို့နား ဝင်ထိုင်သည်။ ထိုအခါ အရှည်ကြီးက သူတို့နှစ်ဦးဘက်ကို လှည့်ကြည့်၍-

'ဒီကောင့်ကို ဟိုကိစ္စပြောနေတာ၊ ဒီကောင်ရော လှဲ့လေးပါ ဒီအတိုင်း အခြေအနေနဲ့ ခွဲရမှာ မမြင်ချင်လို့'

'အေး၊ အဲ့ဒီကိစ္စကို ဘိုသောင်းနဲ့ ချောစုတိုင်ပင်ပြီး သူသူနဲ့ လွင်မော်တို့ လှဲ့လေးကို သွားပြောနေတယ်'

နေလင်းက ပြောပြီး သူ့ဘက်လှည့်ကာ-

'မင်းက မူနေတာပဲ။ ယောကျ်ားမဟုတ်တာ ကျနေတာပဲ။ မင်းကြိုက်နေတယ်ဆိုတာ တို့အားလုံး သိတယ်။ ဘာလို့ ခုထိ အချိန်ဆွဲနေရတာလဲ'

သူသက်ပြင်းချလိုက်သည်။ ပြီးတော့ စီးကရက်ကို ဖွာလိုက်ပြီး မြစ်ပြင်ကို ငေးနေသည်။

'မင်းတို့ ဘာမှမသိဘူး။ ခက်တယ်ကွာ။ မင်းတို့ကို ဖွင့်ပြောရမလား၊ ဖွင့်မပြောဘဲ နေရင်ကောင်းမလား ငါစဉ်းစားနေတာ။ ခုမှတော့ မထူးပါဘူး။ ငါ မင်းတို့ကို ပြောပြစရာအကြောင်း ရှိတယ်။ ငါလှဲ့လေးအပေါ်ကို သူငယ်ချင်းတစ်ယောက်ထက် ပိုမလာအောင် အမြဲတမ်းနေတယ်။ အဲဒီကိစ္စအကြောင်းရင်းကို ငါပြောပြမယ်။ သူလည်း ပြောပြမှာပါ။ ဒီလိုကွ ပထမနှစ် စာမေးပွဲဖြေပြီးတော့ ကျောင်းပိတ်ရက်မှာ ချောစု သီလရှင်ဝတ်တယ်။ အဲဒါနဲ့ ပြည်ကို လှဲ့လေးရောက်တယ်။ ငါက ချောစုဆီလာတယ် အောက်မေ့တာ မဟုတ်ဘူးကွ။ ငါရေးလိုက်တဲ့ စာကြောင့် ရောက်လာတာ။ ငါက စာထဲမှာ သူ့ကို သံယောဇဉ်ရှိနေတဲ့အကြောင်း ရေးထားတာကို ငါလည်း မသိဘူး၊ သီလရှင်ကျောင်းက ပြန်လာမှသိရတယ်။ သူက အအေးဆိုင်ထိုင်ရအောင်တဲ့။ ငါလည်း ဒါနဲ့ လမ်းရှည်က 'သုံးရာသီ'ကို သွားခဲ့တယ်'

ဆိုပြီး သူ့အဖြစ်ကို ပြောပြလိုက်သည်။

❑

သူတို့နှစ်ယောက် သုံးရာသီရောက်သောအခါ နင်ဘာသောက်မှာလဲ မေးလိုက်တော့ နင်မှာတာပဲ သောက်မယ်လေဟု ပြော၏။ သူက စတော်ဘယ်ရီ နှစ်ခွက်မှာလိုက်သည်။ ပြီးတော့ နင်ဘာပြောစရာရှိလို့လဲ ပြောဆိုတော့-

'အေး ငါ နင့်ကို ပြောစရာရှိတယ်၊ အဲဒါကြောင့် ပြည်ကိုလာတာ။ ချောစုသီလရှင်ဝတ်တာ ဒီရောက်မှသိတာ။ ငါ မနက်ဖြန်ပြန်မယ်၊ ဒီညအဆောင်မှာ အိပ်မယ်။ ဆရာမ ဒေါ်ဝင်းမာမာ ရှိတယ်။ နင့်ကို ပြောချင်တဲ့ကိစ္စက ဒီလိုပါ'

'ပြောလေ'

စားပွဲထိုးလေးက စတော်ဘယ်ရီ နှစ်ခွက် လာချပေး၏။ သူက မွှေပေး၍ မျက်ဝန်းလေးဆီကို ပေးလိုက်သည်။

'နင့်စာ ဖတ်ပြီး ငါတို့နှစ်ယောက်အတွက် မဖြစ်နိုင်ဘူးလို့ ငါပြောချင်လို့ပါ'

'ဟင်'

'အေး၊ နင့်မှာ ဘာအပြစ်မှ မရှိပါဘူး။ ငါက နင် သံယောဇဉ်တွေနဲ့ မခံစားစေချင်လို့ပါ'

'နင် ပြောတာ ငါနားမလည်ဘူး။ ငါ့ကို နင်ဘာကြောင့် ပြန်မချစ်နိုင်တာလဲ'

မျက်ဝန်းလေးသည် နံရံက ပိုစတာကို ငေးကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ စကားကို ဆက်သည်။

'ဒီလို ထွန်းလင်းစိုးရဲ့ ငါ နင့်ကို ခင်ပါတယ်။ သံယောဇဉ်လည်း ရှိပါတယ်။ နင်က ငါ့ငယ်သူငယ်ချင်းတွေထက်တောင် ကောင်းသေးတယ်။ ငါနဲ့ နင်နဲ့ မဖြစ်နိုင်တဲ့အကြောင်းတစ်ခု ငါ့မှာရှိနေတယ်။ အခု နင်က ချစ်စကားဆိုလာတော့ ငါ့အတိတ်က လျှို့ဝှက်ထားတဲ့အကြောင်းကို ငါ မျိုသိပ်မထားနိုင်တော့ဘူး။ ငါ နင့်ကို သနားလို့ပါ။ ဒီထက်ပိုခံစားရမှာ စိုးလို့ပါ'

မျက်ဝန်းလေးမျက်နှာတွင် ကြေကွဲရိပ်များ ရှိနေသည်။

'ငါသိက္ခာရှိရှိ အမှားတွေ ထပ်မပွားစေချင်လို့ပါ။ ဒီလို ငါပြောတာကို နင်စိတ်မဆိုးပါနဲ့၊ ပြီးတော့ ငါတို့နှစ်ယောက် မဖြစ်မနေ အခက်အခဲရှိလာရင်တော့ ဒီအကြောင်းကို နင်ပြောချင်ပြောပေါ့။ ငါလည်း ငါတို့ခွဲခွာရတော့မယ့် အချိန်မှာတော့ အားလုံးကို ဖွင့်ပြောမှာပါ။ သူငယ်ချင်းတွေကို ခုမပြောနဲ့ဆိုတာ ငါ



www.burmeseclassic.com

www.burmeseclassic.com

ရှက်လို့ မဟုတ်ဘူး။ ငါ့အတွက် စိတ်မကောင်းဖြစ်မှာစိုးလို့ပါ။ မလိုအပ်ဘဲနဲ့ မပြောချင်တာလည်းပါတယ်’

မျက်ဝန်းက စတော်ဘယ်ရီဖျော်ရည်ကို ဇွန်းနှင့် ခပ်သောက်၏။

‘နင့်ကို ငါခင်ပါတယ်။ နင့်ဆီက ဒီထက်ပိုလာမှာကို စိုးလို့၊ ငါကလည်း နင့်ကို ဒီထက်ပိုသွားမှာ စိုးတယ်။ ဘာ့ကြောင့် အဲဒီလို စိုးရိမ်တယ်ဆိုတာ ဘာလို့လဲလို့ နင်မေးလေ’

သူမမျက်ဝန်းထဲမှာ နှောင်တွယ်ရစ်ခွေနေသော မျက်ရည်မျှင်များ ရှိနေသည်။ မျက်ရည်မကျအောင် မျက်တောင်ကို ခတ်ကာ မျက်ရည်မကျအောင် ပြန်သိမ်းနေ၏။ သူမမျက်ဝန်းထဲတွင် ယခင်ကဲ့သို့ ကြည်လင်ရိပ်များရှိနေပြီး မိုးညို့နေရာမှ ဖြူဝင်းသွားသော ကောင်းကင်လို။

‘ငါ မမေးချင်ဘူး။ ငါ့အချစ်ကို လက်မခံနိုင်တာကိုတော့ စိတ်မကောင်းဘူး’

‘နင် မမေးလည်း ငါက ပြောရမှာပဲ။ နင့်အချစ်ကို လက်မခံနိုင်တာ စိတ်မကောင်းမဖြစ်ပါနဲ့လို့တော့ ကြိုပြောချင်တယ်။ နင့်မှာ ဘာအပြစ်မှ မရှိဘူး။ တကယ် မဖြစ်နိုင်တာ ငါ့ဘက်ကပါ’

‘ဘယ်လို’

‘ဟုတ်တယ်။ ငါ ဆယ်တန်းနှစ်တုန်းက လူတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးဖူးတယ်’

‘ဟင်’

‘နင် အံ့သြသွားမှာ ငါသိပါတယ်။ အဲဒီတုန်းက နှစ်ဖက်လူကြီးတွေက ခွဲထားကြလိုက်တယ်။ သူ့မိဘတွေက သူ့ကို စင်ကာပူ ပို့လိုက်တယ်။ ငါက ကျောင်းတက်တယ်။ ဒီကိစ္စ ငါနဲ့ တစ်ခန်းတည်း နေတဲ့ လွင်မော် သိတယ်။ သူနဲ့ငါ စာအဆက်အသွယ်မပြတ်ဘူး၊ ဖုန်းလည်းပြောဖြစ်တယ်။ သူ့ကို ငါချစ်တယ်၊ သူဟာ ငါ့ဘဝပဲ သူက ငါ့ငယ်ချစ်ဦးလေ။ ရှစ်တန်းနှစ်လောက်ကတည်းက ချစ်သူဖြစ်ခဲ့ကြတာ။ သူက ငါ့ရင်ခွင်ကို နေရာယူထားဆဲ ချစ်သူပါ။ ငါကျောင်းပြီးရင် သူပြန်လာမှာ၊ အဲဒီမှာ ငါတို့ ယူကြမှာ။ သူ့နေရာမှာ ငါ ငယ်ငယ်က မှားခဲ့တဲ့အတိုင်း သူကလွဲပြီး ဘယ်သူမှ အစားမသွင်းနိုင်ပါဘူး’

သူ့စိတ်ထဲ မမျှော်မှန်းနိုင်သော သောကများ ဆူဝေနေ၏။

အရာရာ နှောက်ကျခဲ့တာလား။ တစ်ယူသန်ခဲ့တယ်လို့ သူ့ကိုယ်သူ မဆိုချင်။ မျက်ဝန်းအပေါ် ချစ်စိတ် ချစ်ခိုးများဝေရန် အဆင်သင့်ရှိသော်လည်း လုံးဝကျူးလွန်ဖို့ မဖြစ်နိုင်တော့။

‘ငါသဘောပေါက်နားလည်လိုက်ပါပြီ လို့လေးရယ်။ ငါဝန်ခံရမယ်ဆိုရင် နင့်အပေါ် ရိုးသားဖြူစင်စွာ ခင်မင်ခဲ့တာ မှန်ပေမဲ့ မရိုးမသားစိတ်ကူးမိတာ အမှန်ပါ။ ငါရေးတဲ့စာဟာ နင့်အပေါ် အဲဒီစိတ်နဲ့စပြီး လမ်းထွင်ကြည့်တာပါ။ အခုကစပြီး ငါကတိပြုပါတယ်။ နင့်အပေါ် မဖြူစင်တဲ့စိတ်တွေ ပွင့်အန်မကျစေရပါဘူး။ ဖြူစင်သော သူငယ်ချင်းအချစ်နဲ့ နင့်အပေါ် ငါကာကွယ်စောင့်ရှောက်ပါ့မယ်’

သူ ပြောလိုက်သော မှုသာဝါဒသည် အဓိပ္ပာယ် ရှိလို့လား။ ရှိရှိ၊ မရှိရှိ သူဖွင့်ချလိုက်သော စကားသည် တစ်နေရာတည်းတွင် ပုံကျခံစားသွားရသည်။

‘အေး ကောင်းပါပြီဟာ။ ငါ့ကို အဆောင်ပြန်ပို့တော့ နင်နဲ့ငါ အမြဲတမ်း သူငယ်ချင်းဖြစ်ရတာ ငါကျေနပ်နိုင်ပါတယ်။ နင်လည်း ကျေနပ်နားလည်ပါ။ ဒီစကားတွေကြောင့် နင်နဲ့ငါကြားမှာ ဘာသံသယ၊ ဘာပဋိပက္ခမှ မရှိပါစေနဲ့နော်’

သူ ခေါင်းညိတ်လိုက်သည်။ ရင်ထဲမှာတော့ သွေးထွက်လာသလို ခံစားမှုတွေ ပြည့်နေ၏။ သည်ဒဏ်ရာက အပေါ်ယံရှပ်ထိသွားတာမှ မဟုတ်တာ၊ နှလုံးသား၏ အလယ်ဗဟိုကို လှုပ်ခတ်သွားသည့် လျှောင်ပဲလေ။

❑

ရှည်လျားသော အဖြစ်ကို သူပြောပြပြီးသောအခါ ဧနာရီထိုးသံသည် စကားဆုံးသည်ဖြင့် ကြားရ၏။ သက်ပြင်းသုံးခုတစ်ပြိုင်နက်တည်း ကြားရသည်။ ဘာမျှ ဆက်မပြောချင်တော့၍ ထိုနေရာမှ လေးပင်စွာ ထပြီး သူခြေဦးတည့်ရာ လျှောက်လာခဲ့သည်။ ထိုညက သူနှင့်မျက်ဝန်း မဆုံဖြစ်အောင် ကြိုးစားနေလိုက်သည်။ လှိုင်းတို့မည်သည် ကမ်းစပ်ကို ပုတ်ခတ်တတ်တာ သဘာဝပဲ။

သူငယ်ချင်းတို့၏ စိတ်မကောင်းသော အမူအရာသည် အပြန်ခရီးတွင် အားလုံး တိတ်နေ၏။ ကျောက်ပန်းတောင်းရောက်သောအခါ သူကပဲစ၍ ရယ်စရာ မော စရာများကို ပြော၍ တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။ တစ်လမ်းလုံးစကြနောက်ကြ ဖြင့် မျက်ဝန်းနှင့် သူသည်လည်း ဘာအရောင်မျှ စွန်း ထင်းမှုမရှိသော ခင်မင်မှုဖြင့် သံယောဇဉ်စစ်စစ်ကို ပိုင်နိုင်စွာ ကိုင်ပြလိုက်၏။

မျက်ဝန်း။ သူ့ရင်ထဲက မျက်ဝန်းလည်း ထိုကဲ့သို့။ လှ လေးကို သူက မျက်ဝန်းလို့ ခေါ်တာ ရင်ထဲမှာပဲ သိမ်းဆည်းခဲ့သည့်နေ့တွေဟာ သစ်သီးကို ဝိုင် စိမ်သလိုပဲ။

နှစ်ဦးစလုံး ရင်မှာ ထင် တူကျသော ဝေဒနာများဖြင့် သူ့ဘယ်ဘက်ရင်အုံကတော့ ရယ်လိုက်တိုင်း ဆစ်ခနဲ ဆစ် ခနဲ နာကျင်နေ၏။

❑

*ငါ့ရဲ့ အညွန့်ခံမျက်ဝန်း*
*ရေ...*
*ပန်းဆိုတာ ပွင့်ရမယ်*
*ငါကိုက*
*ရေငုံနှုတ်ပိတ်*
*အိပ်မက်ကို မက်နေ*
*ဖြစ်ခဲ့ပြီ။*

သူတံခါးကို ပိတ်လိုက် ပြီး အပေါ်အင်္ကျီချွတ်လိုက် သည်။ ချွေးစို့နေသော ခန္ဓာအား ချွေးသုတ်လိုက်ပြီး အဆုံးသတ်ပြီးသွားသော ကဗျာ လေးအောက်တွင် သူ့ကလောင် အမည်ကို ချရေးလိုက်သည်။ ကဗျာခေါင်းစဉ်ကို အဓိပ္ပာယ် ရှိသော ခေါင်းစဉ် သူ လိုက်နိုင်၏။ ယင်းမှာ-

ခြေဖျားထောက် မြစ်။



www.burmeseclassic.com

www.burmeseclassic.com

ခြေဖျားထောက် စီးတဲ့
မြိန်း
ခြေဖျားထောက် စီးတဲ့
မြိန်း
❑
ခြေဖျားထောက်စီးတဲ့မြစ်
ငါ့ရဲ့မျက်ဝန်းရေ
ငါ့ရင်မှာစွန်းနေတဲ့
မင်း ထိုးစိုက်ခြင်းက
ဒီမိုးက မအအောင်
ရွာစေပေ့ါ။
ခိုးကြောင်ခိုးဝှက်
ရှုံ့လေးနဲ့
လှပျိုလှည့်ဖို့
စိတ်ကူးရှိနေလည်း
ငါ့ပန်းတစ်ခင်းလုံး
ပွင့်ဖို့ဆိုတာလည်း
မဖြစ်နိုင်…။
ဒါနဲ့
လှမကြားအောင်
ခြေဖျားထောက် စီးရင်း
မင်းအရိပ်တွေ
ခိုးနားထောင်ဖြစ်ခဲ့
ငါ့ရဲ့
အညွှန်းခံမျက်ဝန်းရေ
ပန်းဆိုတာ ပွင့်ရမယ်တဲ့
ငါကိုက
ရေငုံနှုတ်ပိတ်
အိပ်မက်ကို မက်နေသူ
ဖြစ်ခဲ့ပြီ။

ထိုကဗျာလေးကို သူ ပြန်ဖတ်ရင်း တယုတယ ပွတ်သပ်မိသည်။ ဒီကဗျာသည် သူ၏နှလုံးအိမ်၊ ရင်ခုန်သံစည်းချက်၊ တွယ်တာမှုသံယောဇဉ်ကမ္ဘာ၊ ဖျောက်ထားမျိုသိပ်ခြင်း ချစ်မေတ္တာ၊ သူ့ရင်ထဲက အတိတ်သည် ပြန်ပိတ်မရတော့။

မျက်ဝန်းရေးပေးသော ဒိုင်ယာရီထဲမှ စာလေးကို ပြန်ဖတ်မိသည်။ ထိုစာလေးက-

**ထွန်းလင်းကောင်း**

ထွန်းလင်းစိုးလို့ မခေါ်တော့ဘူးနော်။ လှဆိုးလေးဖြစ်သွားမှာစိုးလို့။ နင်က သိပ်ပြီး သူငယ်ချင်းပီသတယ်ဟာ။ နင့်ရဲ့ သူငယ်ချင်း ပီသတဲ့အဓိပ္ပာယ်ကို မဖွင့်ဆိုချင်တော့ဘူး။ ဖွင့်ဆိုလည်း လုံလောက်မယ် မထင်ဘူး။ ဘာလို့လဲဆိုတော့ ဒီဖွင့်ဆိုချက်ဟာ နင့်အပေါ် ငါဖောက်ပြန်သလိုဖြစ်ခဲ့ပြီး သူ့အပေါ်လော်မာရာရောက်တယ်။ သစ္စာမဲ့ရာရောက်တယ်။ ပြီးတော့ ငါလှည့်စားဖောက်ပြားရာရောက်တယ်။ ထွန်းလင်းကောင်းရယ် ငါမြန်မာမိန်းကလေး မိကောင်းဖခင်သမီး ပီသချင်လို့ပါ။

နင် ငါ့ကို ထာဝရသူငယ်ချင်းအဖြစ် သတ်မှတ်ပေးပါ။ ငါလည်း နင့်ကို တစ်သက်လုံး အစဉ်အမြဲ ထာဝရခင်မင်သူ အချစ်ဆုံးသူငယ်ချင်းအဖြစ် စွဲမြဲစွာ ရင်မှာ သိမ်းထားမှာပါ။ ဘွဲ့ယူရင်တွေ့မှာမဟုတ်ဘူး။ အဝေးရောက်ပဲ ယူတော့မယ်၊ နင်နဲ့ သူငယ်ချင်းတွေကို အမှတ်တရတွေနဲ့ မခံစားစေချင်လို့ ငါသူနဲ့အတူ စင်ကာပူကို လိုက်သွားမယ်။ နင် သဘောပေါက် နားလည်ပါစေ။

နင်သိပ်ချစ်တဲ့
လှဲလေးရည်
(၇.၆.၂၀၀၁)

ထိုစာအုပ်ကို ပိတ်လိုက်သောအခါ ညသည် ၁၂ နာရီကိုကျော်၍ မနက် ၃ နာရီပင်ထိုးတော့မည်။ သူ ဒီညကဗျာတွေနှင့်သာ အိပ်မက်မက်ချင်နေပါတော့သည်။

■

တိုးနောင်မိုး
(၁၉၉၅-၂၀၀၂)
ပြည်တက္ကသိုလ်
ရက်စွဲများသို့)




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မုလပထမ"

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဒြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊ ၀၉-၇၃၁၇၇၇၃၁၊ ၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ် ၅၀ အထိ ၁၉၆၅ ခုနှစ်ကတစ်ကြိမ် **အမျိုးသားစာပေဆု** ရရှိခဲ့ဖူးသည့် ကဗျာဆရာကြီး ဦးကိုလေး (ကိုလေး အင်းဝဂုဏ်ရည်)က ၂၀၁၅ ခုနှစ်အတွက် ချီးမြှင့်သည့် စာပေဆုပေးပွဲတွင် **တစ်သက်တာ စာပေဆု** ချီးမြှင့်ခြင်း ခံခဲ့ရသည်။

အသက် ၁၄ နှစ်မှစ၍ ယခု ၈၀ ကျော်ချိန်အထိ အနုပညာခရီးရှည်ကြီးကို လျှောက်လှမ်းနေဆဲ



၂၀၁၅ ခုနှစ် တစ်သက်တာ စာပေဆုရ ကဗျာဆရာကြီး ကိုလေး အင်းဝဂုဏ်ရည်ကို ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဂုဏ်ပြုဆု ချီးမြှင့်ခဲ့ပါတယ်

# စာပေသင်္ဂါယနာ တင်ချင်တဲ့ ကဗျာတာခိုကြီး

**သင်းပပ**

ဆရာကြီးက လုပ်စရာများ ကျန်နေသေးပြီး နောင်မျိုးဆက်သစ် လူငယ်များအတွက် မည်ကဲ့သို့ လမ်းကြောင်းများ ချသွားရန်ရှိသည်ကို ယခုလို ပြောကြား သွားခဲ့ပါသည်။

**အခုလို တစ်သက်တာ စာပေဆု ရရှိခဲ့တဲ့အချိန်အထိ ဆရာ လုပ်ဆောင်ခဲ့တဲ့ အရာတွေထဲမှာ အနှစ်သက်ဆုံး၊ အားအရဆုံး စွမ်းဆောင်ချက်တစ်ခုကို ပြောပြပေးပါလား ဆရာ။**

မင်းစိုက်တာ မင်းရိတ်သိမ်းရပေမပေါ့။ ကိုယ်တို့အနေနဲ့ကလည်း ကဗျာတစ်ခုတည်းကို တစ်စိုက်မတ်မတ် လုပ်လာခဲ့တာဆိုတော့ ဘာပဲပြောပြောလေ အတိုင်းအတာ တစ်ခုထိတော့ ရောက်တာပေါ့။ အဲဒီအသီးအပွင့် ခံစားရတာပါပဲ။ ဒီနေရာမှာ နောက်ကလေးတွေ ပြောချင်တာက ပရော်ဖက်ရှင်နယ်လို့ ခေါ်တဲ့ စကားလုံးတစ်လုံးကို သုံးနေတယ်။ ပရော်ဖက်ရှင်နယ်ဆိုတာက အတတ်ပညာကို သုံးတာကွ။ ကြေးစားနဲ့ သူက နည်းနည်းမြင့်တယ်။ အမေးများလို့ခေါ်တဲ့ အပျော်တမ်းလိုလုပ်လို့ကတော့ မနိပ်ဘူး။ အပျော်တမ်းဆိုတာက လုပ်ချင်လိုက်၊ မလုပ်ချင်လိုက်။ ပရော်ဖက်ရှင်နယ်ဆိုတာက တစ်စိုက်မတ်မတ်။ **နံပါတ်တစ်** ပါရမီ ပါရမယ်။ **နံပါတ်နှစ်** စိတ်ထဲကကိုက နှစ်နှစ်ခြိုက်ခြိုက် သဘောကျရတယ်။ **နံပါတ်သုံး**-လုံ့လဝီရိယ ထားရတယ်။ အဲဒီဟာတွေကြောင့် ပရော်ဖက်ရှင်နယ်ဖြစ်လာတာ။ ငါတို့ ပရော်ဖက်ရှင်နယ်မြူဇစ်ရှင်လို့ပြောလိုက်ရင် မြဝတီမင်းကြီး ဦးစကို လှမ်းမြင်တယ်။ မဟာသီဟသူရအဲ့နဲ့ ရာမျုးပန်းဝါတိုက်ပွဲသွားတော့ ထားဝယ်ရောက်ရင် ထားဝယ်ဒိန်းသံ ရေးတယ်။ ကရင်သြသံ ရေးတယ်။ မွန်တေးသံတွေ ရေးတယ်။ နောက်တစ်ခါ ယိုးဒယားပဲ ဆိုကြပါစို့။ ယိုးဒယားလို ဘာသာပြန်တယ်။ ဒီလူကြီးက ပရော်ဖက်ရှင်နယ် မြူဇစ်ရှင်ကြီး။ ဒီနေ့ ဘောလုံးသမားအနေနဲ့ပြောရင်လည်း ပရော်ဖက်ရှင်နယ်ဆိုရင် ဒေးဗစ်ဘက်ခမ်းကို လှမ်းမြင်တယ်။ ရော်နယ်ဒိုကြီးကို မြင်တယ်။ စီရော်နယ်ဒိုကို မြင်တယ်။ မက်ဆီကို မြင်တယ်။ အဲဒီလူတွေက သိပ်ရှားတယ်။ ရှားပြီးတော့ သူတို့က သူတို့ပညာရပ်ကို ကယ်ရီလုပ်လာတယ်။ ပြီးတော့ သူတို့ခေတ်မှာ တိုးတက်ဖွံ့ဖြိုးအောင် လုပ်တယ်။ ဆိုလိုတာက အနုပညာမှာလည်း အဲ့အတိုင်းပဲ။ ထိန်းသိမ်းပွေ့ပိုက်တယ်။ နောက်တစ်ခါ ဒီထက်မြင့်တဲ့ တိုးချဲ့ပြန့်ပွားအောင် လုပ်တယ်။ အဲဒါကို ကိုယ်တို့က တစ်စိုက်မတ်မတ်လုပ်ခဲ့တယ်။ ဒါကြောင့်မို့လည်း ထိုက်သင့်အားလျော်စွာလေးတော့ နေရာတစ်ခု ရတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာကြီး ကိုလေး အင်းဝဂုဏ်ရည်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲထွဋ်

နောက်ပြီးတော့ မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီးရဲ့ ၇၅ နှစ်မြောက်စိန်ရတုမှာ ကိုယ်က **မဟာထေရပူဇာ** ဆိုပြီး ရှစ်ဆယ်ပေါ် ထပ်ကျော့တေးထပ်ကြီးကိုရေးပြီး ဆရာတော်ကြီးကို ရွတ်ဖတ်ပူဇော်လိုက်ရတာကဗျာဆရာဖြစ်ရတာ ကောင်းလိုက်တာကွာ၊ အရတော်ပေစွလို့ဥဒါန်းကျူးတယ်။ **မဟာထေရပူဇာ** ဆိုတာ ဒီဟာကြီးက နည်းနည်းတော့ ခွကျတယ်ကွ။ မာနလေးတော့ နည်းနည်း ပါတယ်။ ငါတို့လို ၅၀ ကျော် ငမျောက်ငခြောက်တွေ ဒီလိုထပ်ကျော့ရှစ်ဆယ်ပေါ်တေးထပ်ကို မရေးတတ်ပါဘူးလို့ အသက် ၇၀ ကျော်၊ ၈၀ ကျော်တွေက အထင်သေးတော့ ကျွန်တော်တို့တတ်ပါတယ်ခင်ဗျာ ဆိုပြီး ရွတ်ပြတာလည်း ပါရဲ့။ ဆရာတော်ကြီးကို ကြည်ညိုတာကတော့ နံပါတ်တစ်ပေါ့လေ။ ဒါပေမဲ့ ဒုတိယအားဖြင့်တော့ မာနပါတယ်။ မာနဆိုတာကတော့ မခံချင်စိတ်ကလေးနဲ့ ရေးတာ။

*မဟာဘုံ၊ ကမ္ဘာတုန်အခါကြုံရ၊ ကြာပဒုံအလှဖွင့်ပြီနော်။ ဒါအကုန်လှဖို့ အခွင့်ကြိမ်ပေါ်ပြီ၊ အစစ်အစီသော်အခေါင်အဖျား တိတိကျကျမိမိရရ တိပိဋကမ္ဗဘဏ္ဍာကိုကမ္ဘမှန်စွာ ဆောင်ကြွားနိုင်၏ဘုရား* လို့ ရွတ်တော့ ဆရာတော်ကြီးက ပြုံးပြီး နားထောင်နေတာ ကြည်နူးလိုက်တာကွာ။ ကဲ အဲဒါပါပဲ။

**ဆရာတို့ ဆုရသင့်တာကြာပါပြီ။ အခုလို တစ်သက်တာ ဆုမရခင်ကလည်း အနုပညာအလုပ်တွေ အများကြီးလုပ်နေသလို ဆုရပြီးတဲ့နောက်ပိုင်းရော ရှေ့ဆက်ပြီးဘာတွေလုပ်ချင်သေးတယ်၊ ဆရာ အလုပ်ချင်ဆုံး ဘယ်လိုအရာတွေ ကျန်သေးတယ်ဆိုတာလည်း ပြောပြပေးပါလား ဆရာ။**

ဝန်ကြီး ဦးရဲထွဋ်လာတုန်းကလည်း နည်းနည်းနောက်တောက်တောက် ပြောမိတယ်။ ဝန်ကြီးရယ်လို့၊ ကျွန်တော် ၁၉၆၅ ခုနှစ် **အမျိုးသားစာပေဆု** ရတော့ ဆုငွေ ကျပ် ၁၅၀၀ ရတယ်ဗျလို့။ ရွှေတစ်ကျပ်သားကို ၂၀၀ ကျပ်ဗျလို့။ ရွှေ ၇ ကျပ်ခွဲသား ရတယ်လို့။ အခု ၂၅ သိန်းပေးတော့ ကျပ် ရွှေ ၃ ကျပ်တစ်မတ်သားပဲ ရတယ်ဗျလို့။ ခင်ဗျား သိန်း ၆၀ လောက်တော့ ပေးဖို့ ကောင်းတယ်ဗျလို့။ ကိုယ်ကတော့ ဟာသသဘောပဲ ခပ်ရွှင်ရွှင်လေးပြောတာပါ။ ဒီဟာတွေ ကျပ်မှန်းတာမှ မဟုတ်တာဗျာ။ သူ့ဟာသူ နောက်ကလိုက်လာတာပဲ။ ကိုယ်တို့ဗုဒ္ဓဘာသာတွေအနေနဲ့ကတော့ မင်္ဂလသုတ်လိုပဲ။ လောကဓံနဲ့ တွေ့ကြုံရာမှာလည်း ရှစ်ပါးနဲ့တွေ့တဲ့အခါမှာ နကမ္ပတိ မတုန်လှုပ်၊ အသောကံ စိုးရိမ်ခြင်းမရှိ၊ ဝိရဇံ ရမ္မက်ဟူသောမြူမရှိ။ လောကဓံရှစ်ပါးထဲမှာ ကိုယ်ကြိုက်တာ လေးခု၊ မကြိုက်တာ လေးခု။ ကြိုက်ကြိုက် မကြိုက်ကြိုက် အကုန်သိမ်းပိုက်ရတယ်။ ဆိုလိုတာက ချီးမွမ်းခံရတယ်၊ စိတ်တက်ကြွတုန်လှုပ်တယ်။ ကဲ့ရဲ့တာ ခံရတယ်။ စိတ်ညှိုးတယ်၊ တုန်လှုပ်တယ်။ တက်ကြွတုန်လှုပ်တာနဲ့ ညှိုးငယ်တုန်လှုပ်တာ။ အဲဒါကို သတိထားမိလာတယ်။

ဟိုတစ်နှစ်က အမေရိကန်က ဆရာဝန်ကြီး စိတ်ပညာဆုရတော့ ပြောဖူးတယ်။ 'လူတစ်ယောက်ဟာ သမထ ဝိပဿနာလုပ်လို့ရှိရင် စိတ်နဲ့ဆိုင်တဲ့ ရောဂါတွေ၊ ကိုယ့်ဘဝနဲ့ဆိုင်တဲ့ ရောဂါတွေ မကပ်ငြိနိုင်ဘူး'တဲ့။ သြော် ဆရာကြီးက ခုမှ သိတာကိုးလို့။ ကျွန်တော်တို့ အဘဘုရားက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ ကပြောပြီးသားလို့။ အဲဒီတော့ ကိုယ့်စိတ် မတုန်လှုပ်တော့အောင် လေ့ကျင့်ထားပါတယ်။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတွေကို ဂရုပ်ဖိဆွဲရရင် ကိုယ့်ဘဝမှာ အလယ်ရိုးမတောင်ကြီး... အနိမ့်အမြင့်တွေနဲ့ ဖြစ်နေတာ... ဒါကြောင့် မတုန်လှုပ်ကြပါနဲ့... အဲ့လိုမတုန်လှုပ်အောင်လည်း... စာများများဖတ်ပါ။ အဲဒီ... အိုရိုကို လက်တွေ့ ကျင့်ကြ... လို့တောင် ထပ်မှာချင်စိ... ပေါက်တယ်။

**တစ်သက်တာစာပေ...** ရပြီးတော့မှ ဘာတွေထ... လုပ်ချင်သေးလဲ ဆိုတော့... ကလေးရယ်။ ငါတို့က ၅... နှစ်လုံးလုံး ဝိပတ္တိကာလကြီး... နဲ့ တွေ့တာ။ ဒီနေ့ဆို... ကမ္ဘာမှာ ထူးခြားပြီကွ။ ... ၅၃ နှစ်မှာ သူတို့ရေးထား... A to Z စာအုပ်ကြီးတွေ ... စာလုံးနဲ့ 1, 2, 3, 4 လုပ်ထား... တာ။ ငါတို့မှာ ရှင်မဟာ... သာရ Collection မရှိဘူး... ရှင်မဟာသီလဝံသ Colle... မရှိဘူး။ အဂ္ဂသမာဓိ C... ction မရှိဘူး။ ... Collection မရှိဘူး။ ...



www.burmeseclassic.com

www.burmeseclassic.com

သျှင်နောင် Collection မရှိဘူး။ ငါသည်ပင်လျှင် 'ငါ' ဆိုတာ အတ္တဆိုတော့ ကြွားတာမဟုတ်ဘူး။ ငါလို ကဗျာကို Specialize လုပ်လာတဲ့ တောင်တောင် မဟာရဋ္ဌသာရရဲ့ **တောင့်တဲတွန့်**ကဗျာလေး ဘယ်နေရာပါလိမ့်၊ ဘယ်နေရာပါလိမ့်။ ဟာ… ပင်န်းလိုက်တာ၊ လိုက်ရှာလိုက်ရတာ။ Collection တွေရှိလို့ကြည့်လိုက်ရင် Refer လုပ်လိုက်လို့ရပြီ။ OK.အဲဒါပြောတာ။ ဒါက နံပါတ်တစ်အချက်။ နံပါတ်နှစ်က အမှားတွေ အများကြီးရှိတယ်ကွာ။ အဲဒါကို သန့်စင်ချင်တယ်။ ကြီးကြီးကျယ်ကျယ်ပြောရရင် စာပေသင်္ဂါယနာ တင်ချင်တယ်။ တော်တော်မှားတယ်။ ကိုယ်လည်း အသက်ကြီးပြီဗျာ။ မလုပ်နိုင်တော့ဘူး။ အမ်းကြောင်းပဲ ချပေးနိုင်တော့တယ်။ နောက်လူတွေ လုပ်ကြ၊ လုပ်ကြစမ်းပါ။ ကျုပ်တို့ နှစ် ၅၀ နောက်ကျသွားတယ်လို့။ (ကိုလေး-အင်းဝဂုဏ်ရည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမျိုးသားနေ့အောင်ပွဲအခမ်းအနားတွင် နှစ်စဉ်ဝင်ရောက်ဟောပြောခဲ့သည်မှာ ၁၇ နှစ်တိတိရှိခဲ့ပြီး ယုံကြည်ချက်အတွက် ဟောပြောခဲ့သူလည်း ဖြစ်သည်။)

**ဒီနေ့ခေတ်လူငယ်တွေကို မှာချင်တဲ့၊ ပြောချင်တဲ့စကားလေးများရှိရင်လည်း ကြားချင်ပါတယ် ဆရာကြီး။**

ကဗျာဆိုတာက ပါရမီပါရတယ်ကွ။ ပါရမီဆိုတာကို ဘယ်လိုနားလည်အောင် ပြောရမလဲ မသိဘူး။ ပြောလည်း သိပ်မပြောတတ်ဘူး။ ပါရမီတို့၊ ချီတယ်တို့၊ ချဉ်တယ်တို့၊ ကဗျာတို့၊ နိဗ္ဗာန်တို့ဆိုတာက စိတ္တဇနာမ်တွေ။ ပြောလို့မရဘူး။ နားလည်း မလည်ဘူး။ အချို့ကလည်း ဆိုပါတော့ သကြားဆို ချိုတယ်လို့ ဥပမာနဲ့ပဲ ပြောလို့ရမယ်။ အဲဒါ ပါရမီပါရတယ်။ ပြီးတော့ Crazy လို့ခေါ်တဲ့ ရူးသွပ်မှုပါရတယ်။ မက်မောရတယ်။ နောက်တစ်ခါ လုံ့လရှိရတယ်။ ဒီသုံးချက်နဲ့ အညီလုပ်ပါလို့။ ဒီခေတ်ကလေးတွေမှာ ပါရမီပါတဲ့သူတွေ အများကြီးပဲ။ သူတို့လည်း ဖြစ်မှာပါ။ သူတို့ခေတ် သူတို့ တွင်ကျယ်အောင် လုပ်မယ်။ ကလေးတွေကိုတော့ ပြောရတယ်။ မင်းတို့ ဆရာငြိမ်းသီချင်းတွေ အော်ဆိုကြ။ ရှေ့က ဆရာကြီးတွေကိုတော့ မင်းတို့ အဂါရဝ မလုပ်နဲ့။ ဘယ်သူ့ကို ရိုက်ချိုး၊ ဘယ်သူ့ကို ကျော်တက်ဆိုတာ မင်းတို့ နတ်သျှင်နောင် ဘယ်လောက်တော်တော် ရှင်မဟာရဋ္ဌသာရကို ကျော်လို့ မရဘူး။ ဦးပုည ဘယ်လောက်တော်တော် နတ်သျှင်နောင်ကို ကျော်လို့ မရဘူး။ ဆရာငြိမ်းက ဘာရေးတုံး။ သူ့ခေတ်နဲ့တော့ သူ တွင်ကျယ်မယ်။ သူတို့ကိုလည်း ပြိုင်ဖို့ မလိုဘူး ထင်တယ်။ ဟေ့ မင်းခေတ် မင်းတွင်ကျယ်အောင် လုပ်လို့။ သူတို့ခေတ်မှာ ဟိုလူကြီးတွေ တွင်ကျယ်အောင် လုပ်သွားပြီလို့။ အဲတော့ အဂါရဝတွေ မပြောနဲ့။ တို့ဗမာကွလို့ ငါတော့ ဆုံးမဖူးတာပဲ။ ■

သင်းပပ





www.burmeseclassic.com

www.burmeseclassic.com




ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာ နေဝင်းမြင့် ရေးသားပြီး ၁၉၉၀ ခုနှစ်၊*
*ရင်ခုန်ပွင့်မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့်*
*'နင် အင်မတန် ပလီတယ်ဆိုရင်ဖြင့် ခံရမှာပါမလွဲ'*
*ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

တွဲလို့၊ ဟုတ်လှချည့်လား ငါလူရ'တဲ့၊ သုန်းအော်တယ်။ ဟုတ်လှချည့်လားသော အော်တာ သူလည်း မြင်ရတာ မဟုတ်ဘူး။ တကယ်က နှစ်ယောက်တည်းလည်း မဟုတ်ဘူး။ ဖိုးငိုလည်း ပါသေးတာ။ မနက်က ခုနစ်နာရီခွဲကောင်နဲ့ ထိုက်သွားတုန်းက ကိုမှန်ကင်းရယ်၊ ဖိုးငိုရယ် နှစ်ယောက်တည်း။ မယ်ဒလင်နဲ့ သွပ်လွယ်ဘူးလေးတော့ ပါတာပေါ့လေ။ အခု ညနေ ပြန်လာတော့ သုံးယောက်။ ကိုမှန်ကင်းကို မိန်းမတစ်ယောက်က တွဲလို့။

တွဲတယ်ဆိုပေမဲ့ မိန်းမက ရှေ့က၊ ကိုမှန်ကင်းက အဲဒီမိန်းမပခုံးကို ကိုင်ရင်း စမ်းစမ်း စမ်းစမ်းနဲ့ ပြန်လာတာ။ ဖိုးငိုကတော့ ဟိုးဝေးဝေးနောက်က ကြိုးချောင်း တစ်ချောင်းစုပ်ရင်း လိုက်လာတယ်။ ကိုမှန်ကင်းကတော့ မယ်ဒလင်ကလေး ကျောမှာလွယ်တဲ့ ပြီး ဘူတာကဆင်း၊ နည်းနည်း ဆက်လျှောက် ဝါးတဲတားလေး တွေ့လိမ့်မယ်။ ဖြတ်၊ တဲစုကလေးတွေ တွေ့လား၊ ခေါင်စောက်စောက် တဲကလေးတည့်တည့်ကို သွားလို့ နောက်ကလိုက်ရင်း တတွတ်တွတ်နဲ့





www.burmeseclassic.com

www.burmeseclassic.com

လမ်းပြတယ်နဲ့ တူပါတယ်။ ရှေ့က မိန်းမက လူစိမ်းဆိုပေမဲ့ သွားနေလိုက်တာ ဖြောင့်လို့။

တဲကလေးပေါ် ရောက်တော့ ကိုမှန်ကင်းက မယ်ဒလင်ကို ကျောသိုင်းထားရာက ဖြုတ်ပြီး ထရံမှာ ညှပ်ထားတဲ့ နှီးချောင်း မာမာကလေးမှာ ချိတ်တယ်။ သူခိုးလာတဲ့ မိန်းမကို လှမ်းပြီး ရေတစ်ခွက် ခပ်ပေးစမ်းတဲ့။ ရောက်ရောက်ချင်း ပိုင်စိုးပိုင်နင်း ခိုင်းနေတဲ့ ကိုမှန်ကင်းကို လာကြည့်ကြတဲ့ ကလေးတွေနဲ့ မိန်းမတွေက သဘောကျလို့။ ကိုမှန်ကင်းကတော့ အိအိဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးကို တသိမ့်သိမ့် ဖြစ်သွားအောင် ရယ်ရင်းက…

'မယားနေစ ဆင်သေမှဗျ' ဆိုတော့ မိန်းမတွေက ဝိုင်းရန် တွေ့ကြတာ ကက်ကက်လန်ရော။ ခဏနေတော့ ကိုမှန်ကင်း က ဖိုးငိုကို လှမ်းခေါ်တယ်။ ဖိုးငိုက ကြွပ်ကြွပ်အိတ်နဲ့ ဝယ်လာ တဲ့ ထမင်းသုံးထုပ်ကို သူ့ရှေ့မှာ လာချတယ်။ တကယ်က ဖိုးငိုက ကိုမှန်ကင်းရဲ့သား မဟုတ်ဘူး။ ဘာမှလည်း မတော် ဘူး။ သူ့လို ဘဝတူ မျက်မမြင်ထဲက တစ်ယောက်ရဲ့ သားပဲ။ အသက်က ရှိလှမှ ဆယ်နှစ်သာသာပဲ။ ကိုမှန်ကင်းမှာက လူတွဲ မရှိဘူး။ တစ်ယောက်တည်းသမား။ လူပျိုလား ဆိုတော့ လည်း မဟုတ်ဘူး။ မိန်းမနဲ့လား ဆိုတော့လည်း ရှိတာ မဟုတ် ဘူး။ မိန်းမတော့ ရဖူးတာပေါ့။

ဖိုးငိုကိုပဲ လောလောဆယ် လူတွဲလုပ်နေရတယ်။ ဆရာ ကြီး သော့ခတ်ပြီး လွှတ်လိုက်တဲ့ သွပ်လွယ်ဘူး လည်ပင်း ချိတ်ပြီး တစ်နေကုန် မီးရထားလိုက်စီးနေလိုက်တာ မှောင်မှ ချည်း ပြန်ရောက်တယ်။ ရောက်တော့ ပိုက်ဆံခွဲ။ ဆရာကြီးက တချို့တစ်ဝက် နုတ်ပြီး ကျန်တာ ဖိုးငိုတစ်ချိုး၊ သူ နှစ်ချိုး

သူများ မှောက်ထားတဲ့ ဖဲချပ်တွေကို
လိုက်စမ်းပြီး 'ဖမ်းတယ်'လို့ အော်တော့တာ။
မျက်စိကောင်းတဲ့ ရိုက်ဖက်တွေက အောင်မာ မှန်ကင်းရာ
သေချာမှလည်း လုပ်ပါလို့များဆိုရင် အောက်ဖဲတစ်ချပ်
လက်နဲ့ပွတ်ထည့်ပြီး ကုလားကွလို့ အော်လည်းအော်
ဖြောင်းခနဲလည်း ရိုက်ချ၊ ကြည့်လိုက် ကုလားပဲ

ယူနေကျ။ ဖိုးငိုကလည်း ကျေနပ်တယ်။ ကိုမှန်ကင်းနဲ့ ထွက်ရ တာ သူ ပျော်တယ်၊ ပိုက်ဆံလည်းရတယ်။

ကိုမှန်ကင်းက အဆိုကောင်း၊ အတီးကောင်း။ အသံက တော့ ခပ်အစ်အစ်၊ ရှတတ၊ ကွဲပြဲပြဲကြီး။ ဆိုတတ်လို့သာ နားထောင်ကောင်းတာပဲ ရှိတယ်။

ဖိုးငိုက ကိုမှန်ကင်းနဲ့ လိုက်ချင်သလို ကိုမှန်ကင်းက လည်း ဖိုးငိုမှ ဖိုးငို။ တခြားကလေး တွဲလေ့မရှိဘူး။ အဆိုလေး ရတဲ့ ကလေးမတွေ ရှိသားပဲ။ ဘယ်တော့မှ မခေါ်ဘူး။ ဖိုးငိုက ပဲ သံယောဇဉ်ဖြစ်နေပြီကိုး။

ဖိုးငို ပေးရတာကိုလည်း သူ ဝမ်းသာတယ်။ ဖိုးငိုတို့တဲ

က သူ့တဲနဲ့ သိပ်မဝေးပေမဲ့ ဖိုးငိုက ကိုမှန်ကင်းနဲ့ပဲ ညအိပ် တယ်။ နှိပ်ပေး၊ နင်းပေးသေးတယ်။ မျက်နှာသစ်ဆင်းတာ ရေအိမ်အင်းတာကအစ ဖိုးငိုပဲ။ မယ်ဒလင်ကြိုး ပြေးဝယ်ဦးဟ ဆိုလည်း ဖိုးငိုပဲ။ ဖျားလို့ နာလို့ ချမ်းအေးလေး၊ လင်မော် ဂျင်းလေး ပြေးဝယ်ပါဦးဟ ဆိုလည်း ဖိုးငိုပဲ။

ဖိုးငို လာချပေးတဲ့ ကြွပ်ကြွပ်အိတ်ထဲက အင်ဖက်နဲ့ ထုပ် ထားတဲ့ ထမင်းသုံးထုပ်ကို ကိုမှန်ကင်း ခိုးလာတဲ့ မိန်းမက ဖြေတယ်။ မီးဖိုချောင်က ပစ္စည်းပစ္စယလေး၊ ပန်းကန်ခွက် ယောက်ကလေး တချို့ကို ဖိုးငိုက လိုက်ပြတော့ အဲဒီမိန်းမက လိုက်ကြည့်တယ်။

သူက ကိုမှန်ကင်းရဲ့ အိမ်ရှင်မ ဖြစ်သွားပြီကိုး။ ကိုမှန် ကင်းကိုသာမကဘဲ ပစ္စည်းခန်းဆိုတာလည်း သူနဲ့ ဆိုင်သွားပြီ ကိုး။ ကိုမှန်ကင်း ခိုးလာတဲ့ မိန်းမကလည်း ကိုမှန်ကင်းရဲ့ ပိုင်ဆိုင်မှုကို ခဏလေးနဲ့ မြင်သွားပြီးသား ဖြစ်ရော။ အိပ်စရာ ခေါင်းအုံးနှစ်လုံး၊ ဖျာတစ်ချပ်၊ သံပန်းကန်သုံး လေးချပ် ဒယ်အိုးကလေးတစ်လုံး၊ သုံးဘူးဝင် ဒန်အိုးလတ်လတ်တစ် လုံး၊ ပုလင်းလေးငါးလုံး၊ ရေညှိတက်နေတဲ့ သောက်ရေအိုး တစ်လုံးနဲ့ မတ်ခွက် ကြွေကွာတစ်လုံးပါပဲ။

ကိုမှန်ကင်းပိုင်တာ ဒါပဲ။ ကိုမှန်ကင်း ခိုးလာတဲ့ မိန်းမ ကလည်း ဒါလောက်ပဲ မျှော်လင့်ထားပုံပဲ။ ကိုမှန်ကင်းလို လူဆီက သည့်ထက် ဘာမှ မျှော်လင့်မထားဘူးဆိုတဲ့ မျက်နှာ မျိုးပဲ။ သံပန်းကန်ပြားနှစ်ချပ် ယူပြီး ထမင်းတွေ ထည့်တယ်။ သောက်ရေတစ်ခွက် ခပ်ပြီး ကိုမှန်ကင်းရှေ့ ချပေးတယ်။ ဖိုးငိုနဲ့ ကိုမှန်ကင်းကိုသာ ချပေးတာ၊ သူကတော့ မစားဘူး။

'အစ်ကို စားလေ' ဆိုတော့ ကိုမှန်ကင်းက ပြုံးပြုံးကြီးနဲ့ 'မကြည်လည်း စားလေ' တဲ့။ မကြည်ဆိုတဲ့ နာမည်ကို သိကြ တော့ ဝိုင်းကြည့်နေတဲ့ မိန်းမ တွေက ဖိုးငိုကို စ,တယ်။

'နင် စားပြီး မြန်မြန်ပြန် တော့။ ကိုမှန်ကင်းနဲ့ နင်နဲ့ က တော့ ဘာမှ မပတ်သက်တော့ ဘူး။ မကြည် ရောက်လာပြီ' တဲ့။

ဖိုးငိုကလည်း သူ့ဆရာသမား မိန်းမ ရလာတယ်ဆိုတော့ ပျော်နေပုံပဲ။ နှစ်ယောက်သား သံယောဇဉ်ဖြစ်နေကြတာ ပေမဲ့ ကိုမှန်ကင်း မိန်းမရလာပြီဆိုတော့ သူ ဆက်နေ မကောင်းတော့ဘူးဆိုတာ ဖိုးငိုလည်း သိပုံပေါ်တယ်။

'ကျုပ် ပြန်မှာပါဗျာ' တဲ့။

မိန်းမတွေက ရယ်တော့ ကိုမှန်ကင်းက မျက်နှာမကောင်း ဘူး။ မပြန်ပါနဲ့ကွာတဲ့၊ တို့နဲ့ပဲ နေပါတဲ့၊ ပြောရှာပါတယ်။

ဖိုးငိုက မနေချင်ပါဘူးပဲ ပြောပြီး ထမင်းဆက်စား ကိုမှန်ကင်း ထမင်းစားပြီးတော့ မကြည်က နေရာဖေး



www.burmeseclassic.com

www.burmeseclassic.com

...ကန့်ထွက်ဆေးတော့ မိန်းမတစ်ယောက်က မကြည်ကို ...ယ်က ခေါ်လာတာလဲတဲ့၊ တိုးတိုးလေး မေးတယ်။ ကိုမှန် ...င်းက မဖြေပါဘူး။ ဖိုးငိုကပဲ ဖြေတယ်။

'ပုဇွန်တောင်ဘူတာမှာ တွေ့တာပါဗျာ။ ဦးမှန်ကင်းနဲ့ ...တဲ့ သူ့အဖွဲ့ဟောင်းကလူက ထည့်ပေးလိုက်တာ။ ဦးမှန် ...င်းကလည်း ခေါ်လာရော'

အဲဒါ ကိုမှန်ကင်းနဲ့ မကြည်တို့ တွေ့ကြပုံပဲ၊ သံယောဇဉ် ...ကြပုံပဲ၊ ညားကြပုံပဲ။ ခဏနေတော့မှ မကြည် ပြန်ဝင်လာ တယ်။ လာကြည့်ကြတဲ့ မိန်းမတွေရော ဖိုးငိုရော ပြန်တော့ ... ကိုမှန်ကင်းက ခေါင်းရင်းဘက်က မှိုတောင်တက်နေတဲ့ ...ပတ္တလားဆီ ထ,သွားတယ်။ မကြည်က မီးတိုင်ခွက် ...လေး ထွန်းတယ်။ ကိုမှန်ကင်းက ပတ္တလားရွက်ပေါ် တင် ...တဲ့ လက်ခတ်ကို ကောက်ကိုင်ပြီး ဟိုစမ်း ဒီစမ်း တီး တယ်။ တော်တော်လေး တီးပြီးတော့မှ...

'နင် ဘာသီချင်း ရသလဲ'

'ရပါတယ်'

'အာယားမ ရလား'

'အင်း'

ကိုမှန်ကင်းက သူ့နဲ့ တစ်သက်လုံး တွဲရမယ့် မိန်းမ ...သီချင်း ဘယ်လောက်ရသလဲဆိုတာ ရောက်ရောက်ချင်း ...မေးပွဲစစ်တယ်။ တစ်ပုဒ်ပဲ မေးကြည့်ရသေးတယ်။ ရတယ် ဆိုတော့ ကိုမှန်ကင်း ကျေနပ်သွားတယ်။ အာယားမသီချင်း ခေါင်းဆင်းလေး အသံပြုလိုက်တော့ မကြည်က ဝင်ဆိုရော။

*'သူငယ် ရေအိပ် ထောင်ထိပ်သစ်ပင် ဥယျာဉ်ပန်းမန် ...ရေတွင်း ယမင်းပျိုစစ် ဝတ်စားသစ်နှင့် ဖြူလှစ်ရိပ်ငြိမ် ...ညည်းစိမ်ဝယ် အချိန်သာတောင်း ညနေစောင်းတဲ့ ရှင်'*

ကိုမှန်ကင်းက သံကျလေးတွေပဲ လိုက်ခေါက်နေရတာ ခေါင်းဆင်းသက်သက်ကိုး။ မကြည်က အသံတော့ ကောင်းပါရဲ့။ အသံက မခိုင်ဘူး၊ ယိုင်ချင်တယ်ဆိုတာ သူသတိထားမိတယ်။

*'ရေတယ်ထင် အမှာစကားနဲ့ ပြုရပါတော့၊ ရတနာတင် ...အာယားမရယ်လို့ ကာလသားက မှန်းချင် မှန်းပစေတော့'*

ကိုမှန်ကင်းက ပတ္တလားကြောင်လေး သူ့မှာ ရှိပေမဲ့ ...ညတွေက တီးဖြစ်တာ မဟုတ်ဘူး။ တစ်နေ့လုံး ရထား ...မှာ မယ်ဒလင်တီးနေရတော့ အိမ်က ပတ္တလားကြောင်ကို ...ဖြစ်တာ ကြာပြီ။

ကိုမှန်ကင်း မိန်းမခိုးလာတဲ့ညပဲ သီချင်းသံလေးနဲ့၊ ပတ္တ ...သံလေးနဲ့ဆိုတော့ ဘေးကတဲတွေက သဘောတွေကျလို့။ ...ကြည်ကလည်း မဆိုးဘူးပေါ့။ ဘယ်က ဘယ်လို ဘာမှန်း ...ပေမဲ့ သူ့ဟာသူတော့ တွဲလို့ ဖြစ်သားပဲပေါ့။

*'နင် အင်မတန် ပလီတယ် ဆိုရင်ဖြင့် ခံရမှာပါ မလွဲ။ ...အင်မတန် ပလီတယ်ဆိုရင်ဖြင့် ခံရမှာပါ မလွဲ၊ အားလုံး ...ကြတာပါပဲ'*

အဲသည် နေရာရောက်တော့ ကိုမှန်ကင်း ဝါးပတ္တလားကို ရပ်လိုက်တယ်။

'နင်ဟာက အသံတွေ ယွင်းနေတယ်ဟ၊ ပတ္တလားအကျ နားထောင်နေဦးဟ။ ငါ့ပတ္တလားကလည်း နည်းနည်းတော့ ကြောင်နေတယ်။ ဆိုပေါက်...ဆိုပေါက်...ဒီမှာကြည့်'

ကိုမှန်ကင်းက ခြေဆင်း အချပိုဒ်ကို ဆိုပြတယ်။ မကြည် ကလည်း လိုက်ဆိုတယ်။ ဒါပေမဲ့ မကြည်က သူဆိုနေကျ အဆိုက အသားကျနေတော့ တော်တော်နဲ့ ပြင်လို့မရဘူး။ ခဏခဏ ပြန်ဆိုပြတယ်။ မကြည်က ခဏခဏ မှားတော့...

'နင် အရင်က ဘယ်လို ဆိုခဲ့တာတုံး' ဆိုတော့ မကြည်က 'အို...အစ်ကိုကလဲ' တဲ့။

အရင် ဘယ်လို ဆိုခဲ့တာတုံး ဆိုတာက မကြည် အရင်တွဲ နေကျ ဆိုနေကျ လူက သင်မထားဘူးလားလို့ မေးတာမျိုး ဖြစ်နေတာကိုး။ နင်ရခဲ့ဖူးတဲ့ လင်တွေက သည်လိုပဲ သင်ထား သလားဆိုတဲ့ အဓိပ္ပာယ်မျိုး ဖြစ်နေတာကိုး။ ကိုမှန်ကင်းက သူ့စကား မှားမှန်းသိတော့ သီချင်းတိုက်တာ ရပ်လိုက်ရော။ လက်ခတ်ကလေး ပတ္တလားရွက်ပေါ် အသာတင်တယ်။ ကိုမှန်ကင်းက မျက်စိသာ မမြင်တယ်၊ မီးခွက် ထွန်းတာမှန်း သိတာနဲ့ တူပါရဲ့။

'မကြည် နင့် မီးတိုင်ခွက်ကြီးက မပူဘူးလား၊ မှုတ်လိုက် ပါလား' တဲ့။

❑

၂။

ကိုမှန်ကင်းက သူတို့တဲစုလေးမှာ လူချစ်လူခင်တော့ များတယ်။ သည်နေရာကလေးက အစုကို သူရောက်လာတာ ရှိလှမှ အလွန်ဆုံး တစ်နှစ်သာသာပေါ့။ အရင်က သူ ပုဇွန် တောင်ဘက်မှာ နေတယ်။ သူ့အုပ်စုကလေးနဲ့သူ နေတာပါပဲ။ အခု နေသလိုပါပဲ။ နောက်တော့ အပေါင်းအသင်းမင်ပြီး ဒီမှာ နေဖြစ်တော့တာ။ ပထမရောက်စကတော့ အတွဲရယ်၊ ဘာရယ် မရှိပါဘူး။ တစ်ကိုယ်တော်ပဲ။ မြို့ပတ် ရထားပေါ် ကြုံသလို လိုက်သွားတာပဲ။ ခြေထောက်ကလေးနဲ့ စမ်းစမ်းပြီး တစ်တွဲပြီး တစ်တွဲ ကူးနေတာပဲ။ လက်ကလည်း တီး၊ ပါးစပ်ကလည်း ဆိုပဲ။ ဘုရားလမ်းဘူတာလောက် ရောက်တော့ ဆင်း၊ အင်းစိန် ရထားပြောင်းစီး၊ တာမွေလောက် ကန်ဘဲ့လောက်မှာ ပြန်ဆင်း၊ လမ်းဘေးမှာ ထမင်းလေးဝယ်စား၊ ဘူတာတစ်ခုခုမှာ ခဏ နား။ နှစ်ချက်ခွဲလောက် ရထား ပြန်တက်ပြီးရင် မိုးကြီးချုပ်မှ ပြန်ရောက်ရော။ ရလည်းရတယ်၊ မရဘူးဆိုတဲ့နေ့ ခုနစ်ဆယ် လောက်ရတယ်။

တစ်ခုတော့ ရှိတယ်။ ကိုမှန်ကင်း အရက်တော့ ကြိုက် တယ်။ အသေကို ကြိုက်တာ။ ပြန်ရောက်ပြီဆိုတာနဲ့ ရေချိုး တယ်။ အနားက ဘူတာရုံကလေးဘေးမှာ တောအရက်ဆိုင် ကလေးတစ်ဆိုင်ရှိတော့ သူ့အဖို့ နီးနီးနားနား အဆင်ပြေတယ်။ နည်းနည်းလေး ထွေလာတော့မှ ပြန်လာတာ။ ပြန်လာတယ် ဆိုပေမဲ့ သူ့ချည်း ပြန်လာလို့ရတာ မဟုတ်ဘူး။ ကလေး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ယောက်က လာကြို့မှ ပြန်လို့ရတာ။

သူ့လို ဘဝတူ မိသားစုတွေထဲမှာ သားတွေ၊ သမီးတွေနဲ့ ဝေဝေစည်စည်ရှိနေတဲ့ မိသားစုတွေလည်း ရှိတာပဲ။ တချို့လည်း ငယ်ပေါင်း ရိုးရိုးသားသား၊ ကျိုးကျိုးနွံနွံ၊ သစ္စာရှိရှိပဲ။ ဘဝတူအချင်းချင်းလည်း သင့်မြတ်ကြတာပါပဲ။

သူ့ကလေး ကိုယ့်ကလေး ခေါ်ခိုင်း၊ ခေါ်တွဲ လုပ်နေကြတာပဲ။ ဘယ်သူ့ကလေးမှရယ် မဟုတ်ဘူး။ ကလေးတွေကလည်း ဘယ်သူဘယ်ဝါမှရယ် မဟုတ်ဘူး၊ တွဲပြီး လိုက်ပို့တာပဲ။ ရှက်တယ် ဘာရယ် မရှိဘူး။ အရက်ဆိုင်မှာ ကိုမှန်ကင်း မူးလောက်ပြီဆိုရင် ကလေး တစ်ယောက်မဟုတ်တစ်ယောက် ရောက်လာတာပဲ။

'ဦးမှန်ကင်းကြီး ထတော့'ဆိုတော့ ဟုတ်ပါပြီဗျာ ဆိုပြီး ထ,ရတော့တာ။ မထလို့လည်း မရဘူးလေ။ သူများတွဲမှ သူ အိမ်ရောက်မှာကိုး။

နောက်တစ်ခုက ကိုမှန်ကင်းက ဖဲရိုက်ကောင်း။ သူ့မှာ ဖဲထုပ်တစ်ထုပ် ကိုယ်ပိုင်ရှိတယ်။ သူများဖဲထုပ်နဲ့ဆိုရင်တော့ သူ လက်မခံဘူး။ သူ့ဖဲထုပ်နဲ့သာ ရိုက်မယ်ဆိုလို့ကတော့ မျက်စိကောင်းမကလို့ မျက်စိသုံးလုံးပါလာပါစေ လာခဲ့ပဲ။ သူ့ ဖဲထုပ်ကိုလည်း သူ ဘာမှ လုပ်ထားတာတော့ မဟုတ်ပါဘူး။ ရိုးရိုးဖဲထုပ်ပါပဲ။ မှတ်ထား တေးထားတာလည်း မရှိပါဘူး။ တွဲရိုက်မယ့် မျက်စိကောင်းတဲ့ လူက ရိုက်တော့မယ်ဆိုရင် ကြိုက်သလိုစစ်လေ။

မသင်္ကာဘူးထင်ရင် မရိုက်နဲ့။ သူ ကိုင်တွယ်နေကျမို့ သူ့အထာကလေးနဲ့သူ သိနေတာကလွဲလို့ ဖဲထုပ်ကို ဘာမှ ပြင်ထားတာ မဟုတ်ဘူး။ တကယ် ရိုက်ဖြစ်ပြီဆိုရင်တော့ ကိုမှန်ကင်း သူ့လူယုံကို ခေါ်လာရော။ ငွေအနုတ်အသိမ်းလုပ်ဖို့၊ တစ်ဖက်က ဖဲပွင့်ကြည့်ပေးဖို့ ဒါပဲ။ ကျန်တာ သူပဲ ကိုင်တယ်၊ သူပဲ ရိုက်တယ်။ သူခေါ်လာတဲ့လူက ကိုင်ပေးတာ မဟုတ်ဘူး။ လျော်စရာရှိရင် လျော်ပေးလိုက်၊ စားစရာရှိရင် စားလိုက်။ ဒါပဲ ခိုင်းထားတာ။ ဝိုင်းဖြစ်လို့များ ဆိုလို့ကတော့ ကိုမှန်ကင်းက ဒိုင်ပဲလုပ်တယ်။

သူများ မှောက်ထားတဲ့ ဖဲချပ်တွေကို လိုက်စမ်းပြီး 'ဖမ်းတယ်'လို့ အော်တော့တာ။ မျက်စိကောင်းတဲ့ ရိုက်ဖက်တွေက အောင်မာ မှန်ကင်းရာ သေချာမှလည်း လုပ်ပါလို့များဆိုရင် အောက်ဖဲတစ်ချပ် လက်နဲ့ပွတ်ထည့်ပြီး ကုလားကွလို့ အော်လည်းအော်၊ ဖြောင်းခနဲလည်း ရိုက်ချ၊ ကြည့်လိုက် ကုလားပဲ။ ပိုင်လှချည့်လား မှန်ကင်းရဆိုတော့ ကံပါဗျာ၊ မှန်ကင်းရဲ့ ကံပါတဲ့။ အမြဲ ပြောတတ်တယ်။

ဖဲရိုက်တင် ကောင်းတာ မဟုတ်ဘူး။ ကျားထိုးရင်လည်း ကိုမှန်ကင်းကို တော်ရုံလူ မနိုင်ဘူး။ ကောင်းလိုက်တဲ့ ခေါင်းကလည်း မပြောနဲ့တော့၊ ကျားကွက်က စက္ကူကျားကွက်ဖြစ်ဖြစ်၊ သစ်သားကျားခုံဖြစ်ဖြစ် မကစားခင် သူ့လက်နဲ့ လိုက်စမ်းတယ်။ ဒါပဲ ပြီးပြီ။

ကျားကောင်တွေ ဖြောင့်နေအောင် စီတယ်။ သစ်သားခုံဆိုရင်တော့ သူ ပိုကြိုက်တယ်။ ကျားထိုးတယ်ဆိုလို့ ရေးတေးတေး မြင်ရလို့တော့ မထင်နဲ့၊ ဘာမှကို မမြင်ရတာ။ ဝိုးဝိုးဝင်းဝင်းလောက်ပဲ မြင်ရတာ။ နေသာနေသလား၊ မှောင်နေသလားဆိုတာပဲ သိတာ။

တစ်ဖက်လူရဲ့ ကျားက ဂျစ်ဂျစ်နဲ့ တက်တယ်ဆိုရင် သူကလည်း ဂျစ်ဂျစ်နဲ့ တက်လိုက်တာပဲ။ သူ့ကျားကောင် တစ်ဖက်ကင်းနေရာ ရောက်လို့ မထည့်သေးဘူးဆိုရင် ကင်းထည့်လို့ အော်ရော။ သူက ကင်းထည့်ရမယ်ဆိုရင်လည်း ကင်း ထည့်ပေးလိုက်ရော။ တစ်ခါတလေ သုံးကွက်လောက် များ ကျော်စားသွားတာ ဒေါင်း၊ ဒေါင်း၊ ဒေါင်းနဲ့ လူကောင်း မျက်မြင်ဆိုတဲ့ လူက ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ခဲ့ရော။

ကိုမှန်ကင်းနဲ့ ကစားရင် တစ်ကောင်ကျရင်လည်း ပေးမှ နှစ်ကောင်ကျရင်လည်း ပေးမှ၊ သရေရှုံးရင်လည်း ပေးမှ ကစားကြတော့တာ။ ကစားရင်လည်း များသောအားဖြင့် ကိုမှန်ကင်း နိုင်တာချည်းပဲ။ ကျားနိုင်တဲ့နေ့ဆိုရင် ဘူတာရုံဘေးက ဆိုင်ကို အစောကြီး ရောက်နေတတ်တယ်။ အဲဒီနေ့ ရထား မတက်တော့ဘူး။

ကိုမှန်ကင်း ဘောလုံးလည်း ကန်သေးတယ်။ ကန်တာ ကြေးကြီးမှ ကန်တာ။ ဂိုးကျဉ်း တစ်ယောက်ချင်း ကန်ခဲ့တယ်လို့ သူတို့တဲတွေနားက ဆိုက်ကားနင်းတဲ့ ကိုကျော်ခ အရက်ဝိုင်းမှာ စိန်ခေါ်တော့ ကိုမှန်ကင်းက သိပ်ရတာပေါ့တဲ့ ကြေး မပယ်ကြေးတဲ့။ မျက်နှာဝ နှစ်တောင်လောက်ကျယ်တဲ့ သစ်သားတိုင်ကလေး တစ်ဖက်တစ်ချက် စိုက်ထည့်ပြီး ကွင်း မကျယ်တကျယ်ကလေးထဲမှာ ကိုမှန်ကင်းနဲ့ ကိုကျော်ခ ပိုက်ဆံကြေး ဘောလုံးကန်မယ်ဆိုတော့ ဘူတာရုံကဘေးကကွင်းမှာ အဲဒီနေ့က လူတွေကို ညို့လို့။ ပွဲကြည့် သတ်ဆိုတာ ပြုံးလို့ရွှင်လို့။ ကန်မှာကလည်း ဂိုးကျဉ်း ကန်မယ့်လူကလည်း တစ်ဖက် တစ်ယောက်စီ၊ လောင်းကြေးကလည်း ငါးဆယ်ကြေးတဲ့။

ပွဲ စ,မယ်လုပ်တော့ ဒိုင်လုပ်တဲ့ ဘူတာက စာရေးကြီး မျက်စိကောင်းတဲ့ ကိုကျော်ခကို မျက်စိကို အဝတ်စနဲ့ တင်း အောင် စည်းတယ်။ ကိုမှန်ကင်းက မျက်မမြင်ဆိုတော့ ကိုကျော်ခကိုလည်း မမြင်ရအောင် လုပ်ရတာလေ။ ဘောလုံး ကိုလည်း ဆန်ခါကွက်ကျဲကျဲ ရက်ထားတဲ့ ဘောလုံးစွပ် အိတ်နဲ့ စွပ်တယ်။ ဘောလုံးစွပ်မှာ ချူကလေးတစ်လုံး မြည် အောင် ချည်တယ်။

လက်မှတ်စာရေးကြီးက နည်းနည်းကန်ကြည့်တော့ ချူ ကလေးက တချွင်ချွင်နဲ့ ဘောလုံးပြေးရာမှာ မြည်နေ အားလုံး အဆင်ပြေတော့ ဘောလုံးပွဲ စ,တယ်။ ကိုယ်ခန္ဓာ ဖိုင့်၊ အသားဖြူဖြူ ကိုမှန်ကင်းကြီးက ဘောင်းဘီအတို ဝတ်ထားတော့ တကယ့် ဘောလုံးသမားဆိုက်ပဲ။ ဒိုင် ဘောလုံးကို မြှောက်ပြီးလည်း ချလိုက်ရော ပြေးပြီး လု



www.burmeseclassic.com

www.burmeseclassic.com

ကြတာ။ ဘောလုံးက ပြေးချင်တဲ့နေရာ ပြေးတော့ ချူသံကို နားထောင်ပြီး နှစ်ယောက်သား လိုက်လုလိုက်ကြတာ လဲကြ၊ ထူကြနဲ့။ ဘောလုံးနား ရောက်လို့ ချိန်ကန်တော့လည်း ဘောလုံးကို ထိတယ်မရှိဘူး။ လေပဲ ကန်မိတော့ ကွင်းဘေးက လူတွေက တဝါးဝါးနဲ့။

ဟုတ်ပြီကွ၊ မှန်ကင်းကွ၊ ရှေ့မှာ နည်းနည်းတိုးဦး၊ ဟုတ်ပြီ ကန်…ကန်တော့ဆိုတဲ့ အသံတွေဆိုတာ ညံလို့။ နာရီဝက်လောက်ထိ ဘယ်သူမှ ဂိုးမရသေးဘူး။ တစ်ခါတော့ ကိုမှန်ကင်း ဘောလုံးရသွားတယ်။ သူသွင်းရမယ့် ဂိုးတိုင်ဘက်ကို ဘယ်လို မှတ်ထားသလဲ မသိဘူး၊ လှည့်ပြီးသား ဖြစ်သွားရော။ ကိုကျော်ခ အရှိန်နဲ့လဲရော။ သည်တော့မှ ကိုမှန်ကင်း သူ့ခြေခုံပြားကြီးနဲ့ မြေလိမ့်ကန်လိုက်တာ ဘောလုံးက ချူသံချွင်ချွင်နဲ့ ဂိုးပေါက်ထဲ တည့်တည့်ကြီး ဝင်သွားတော့တယ်။ ‘ဒိုး’ လို့လည်း ဝိုင်းအော်ရော ပွဲလည်းပြီးရော။ တစ်ဂိုးဂိမ်းကိုး။

ကိုမှန်ကင်းက အဲသလိုလူမျိုး။ မကြည်နဲ့ ညားတော့ ကိုမှန်ကင်း ကျားမထိုးဖြစ်တော့ဘူး။ ဖဲမရိုက်ဖြစ်တော့ဘူး။ ဘောလုံးလည်း မကန်ဖြစ်တော့ဘူး။ ရသမျှ ပိုက်ဆံလေး ချစ်ကျစ်စုတယ်။ အရက်ကလေးတော့ သောက်သေးတယ်။ ညနေဘက် ပြန်ရောက်ရင် အရက်ကလေးသောက်လိုက်၊ ပတ္တလားလေး တီးလိုက်၊ သီချင်းလေး ဆိုလိုက်နဲ့။

၃။

မကြည် သူ့ဆီရောက်လို့ ခြောက်လလောက်နေတော့ ကိုမှန်ကင်း အိပ်ရာထဲလဲတယ်။ အသည်းရောင် အသားဝါဖြစ်တာတဲ့။ ဝဝဖိုင့်ဖိုင့် ကိုယ်ခန္ဓာကြီးဆိုတာ စိန်ခလုတ်နဲ့ တိုက်ချတဲ့ သဘော်သီးစိမ်းလို လုံးပါးပါးသွားလိုက်တာ အရိုးပေါ် အရေတင်ပဲ ကျန်တယ်။ စုဆောင်းထားတဲ့ ပိုက်ဆံလေးလည်း ဆေးဝယ်သောက်ရတာနဲ့၊ ဆေးထိုးရတာနဲ့ တတိတိနဲ့ ကုန်းလှပြီ။ စုထားတဲ့ ငွေထုပ်ကလေးလည်း လျော့လိုက်လိုက်လာပြီ။ ဖြစ်ခါစ နှစ်ပတ်လောက်တော့ မကြည်က ပြုစုပါသေးတယ်။

နောက်တော့ ဆရာကြီးက ငွေကုန်မှန်းသိတော့ ကိုတင်ဖေဆိုတဲ့ မျက်မမြင်တစ်ယောက်နဲ့ တွဲပေးလိုက်ရော။ မကြည် တစ်နေ့လုံး ရထားနဲ့ လိုက်နေရတော့ အိမ်မှာ ကိုမှန်ကင်း တစ်ယောက်တည်း။ ဖိုးငိုလေး ပြန်ခေါ်ခိုင်းပြီး ခိုင်းချင်တာလေး ခိုင်းရတယ်။ မကြည်အတွက် ရလာတဲ့ ပိုက်ဆံလေးနဲ့ စားနေရတော့ ကိုမှန်ကင်းလည်း ကြာတော့ အားနာလာတယ်။ အတ်သာတယ်၊ နာလန်ထတယ် ဆိုပေမဲ့ နောက်တစ်လလောက်တော့ နားရဦးမှာ သေချာတယ်။

မကြည်ကလည်း တစ်နေကုန် ပင်ပန်းလို့တဲ့။ ပြန်လာတာနဲ့ ရေချိုး၊ ထမင်းစား၊ အလှလေးပြင်ပြီး ဘူတာမှာ သွားသွားထိုင်နေတတ်တယ်။

တစ်ညတော့ မိုးကြီးသာချုပ်ရော မကြည်နဲ့ တင်ဖေက ပြန်မလာဘူး။ နောက်ဆုံးရထား သူတို့ ဘူတာရုံကလေးက ထွက်သွားတဲ့အသံသာ ပျောက်သွားတယ်၊ မကြည်နဲ့ တင်ဖေ ပြန်မလာဘူး။ တော်တော်လေး မှောင်တော့မှ ဆရာကြီးက လူတွဲကလေးနဲ့ ကိုမှန်ကင်းဆီ ရောက်လာတယ်။ တင်ဖေက မိန်းမတော့ မရှိဘူး၊ ဒါပေမဲ့ ကလေးတွေ ကျန်ရစ်ခဲ့တယ်။ တင်ဖေ့ သားသမီးတွေကလည်း မျက်စိသူငယ် နားသူငယ်နဲ့ ထိုင်နေကြတယ်။ ကိုမှန်ကင်းရဲ့ ဘဝတူ သူငယ်ချင်းတွေကလည်း ဒေါသဖြစ်တဲ့လူကဖြစ်၊ မူးတဲ့လူမူး။ ကိုမှန်ကင်းကတော့ ငေါင်းစင်းစင်းကြီး၊ ပိုက်ဆံတစ်ပြားမှ မကျန်တော့တဲ့ အိတ်ရှုံ့ကလေး ဘေးချပြီး ငေါင်းစင်းစင်းကြီး ထိုင်လို့။ ခဏနေတော့မှ ဖိုးငိုကို အရက်တစ်လုံး သွားဝယ်စမ်းတဲ့။ သူ့နှာမည် ပြောခဲ့တဲ့။ အသည်းရောင် အသားဝါရောဂါနဲ့ နာလန်ထ,စ လူက အရက်ပြင်းတွေ သောက်မယ်ဆိုတော့ ဖိုးငိုက ကလေးပေမဲ့ တားတယ်။ ကိုမှန်ကင်းကလည်း သွားသာဝယ်တဲ့၊ သေပေစေတဲ့။ ဖိုးငိုကတော့ ဝယ်မပေးဘူးဘဲ ငြင်းတယ်။ ဆရာကြီးနဲ့ ကြားလူတွေကလည်း အတင်းတားတယ်။ ဆရာကြီးက ကိုမှန်ကင်းကိုပဲ အပြစ်တင်တယ်။

‘မှန်ကင်းရာ၊ မင်းမိန်းမ တင်ဖေနဲ့ တွဲပေးလိုက်တာ မင်းငွေကုန်မှန်း သိလို့ပါကွာ။ စေတနာပါ။ ဘယ်က မိန်းမများ မင်းတွေ့လာတာလဲ ငါကောင်ရာ။ မျက်စိမမြင်တဲ့ ယောကျ်ားကို သေတစ်ပန် သက်တစ်ဆုံး ရာကျွေးတဲ့ မိန်းမတွေ အများကြီးကွ။ ဆင်းရဲပေမဲ့ သစ္စာမပျက်ကြဘူး။ အချစ် မပျက်ကြဘူး။ ကလေးတွေ၊ မြေးတွေနဲ့ မင်းအတွေ့ပဲ။ တို့အထဲမှာ မင်းက အကင်းပါးဆုံး။ ဖဲရိုက်မလား၊ ကျားထိုးမလား၊ ဘောလုံးကန်မလား။ မင်းကျမှ ခံရတယ်လို့ကွာ။ အင်းလေ… ဘောလုံးက ချူပါတာကိုးကွ။ မိန်းမက ချူမှမပါတာ’ ဆိုတော့ ကိုမှန်ကင်း ဘာမှ မပြောဘူး။ အရက်လည်း မဝယ်ခိုင်းတော့ဘူး။ ခေါင်းရင်းထရံကို မှီရင်း ထိုင်နေလိုက်တာ လူတွေအားလုံး ပြန်ကြတဲ့အထိပဲ။ ညဥ့်တော်တော်နက်တဲ့ အထိပဲ။ တော်တော်လေး တိတ်ဆိတ်သွားပြီဆိုတော့မှ ကိုမှန်ကင်း ပတ္တလားဆီကို ဖင်ရွှေ့ပြီး သွားတယ်။ ပတ္တလားလက် ခတ်ကို ကိုင်ပြီး ထင်းခွဲခြမ်း ခွဲသလို တဖြောင်းဖြောင်းနဲ့ ရိုက်ရိုက်တီးတယ်။ နဂိုက အသံကြောင်နေတဲ့ ပတ္တလားက ကြောက်စရာအသံတွေ ထွက်လာတော့မှ သူဆိုနေကျ ခပ်ရှရှ အစ်တစ်တစ်အသံမျိုး မဟုတ်ဘဲ အသံနက်ကြီးနဲ့…။

*‘နှင် အင်မတန် ပလီတယ် ဆိုရင်ဖြင့် ခံရမှာပါ မလွဲ၊ ညည်း အင်မတန် ပလီတယ်ဆိုရင်ဖြင့် ခံရမှာပါ မလွဲ၊ အားလုံး မှန်ကြတာပါပဲ’*

လို့ ကျူးအော်ရော။ ပထမတော့ တဲစုကလေးက မျက်မမြင်တွေရော၊ မိန်းမတွေရော၊ ကလေးတွေရော လန့်နိုးကုန်ကြတယ်။ နောက်တော့လည်း အမှောင်ကြီးထဲမှာ တဲစုကလေး ငြိမ်သက်သွားပြန်ရော။ ■

**နေဝင်းမြင့်**

***ရှင်ခုန်ပွင့်မဂ္ဂဇင်း၊ ၁၉၉၀ ခုနှစ်။***



www.burmeseclassic.com

www.burmeseclassic.com



# ဂုဏ်ပြုဆင်နွှဲ လူထုဒေါ်အမာ ရာပြည့်ပွဲ

**ရွှေနောင်ရိုး၊ မန္တလေး**




ကျွန်တော်တို့နိုင်ငံ ၂၀၁၅ ဟာ ထူးခြား... လှပါတယ်။ နိုင်ငံအတွက် ထမ်းရွက်... သယ်ပိုးခဲ့ကြတဲ့ စာပေနဲ့အနုပညာရှင်များ... မှတ်မှတ်ရရ နှစ်တစ်ရာပြည့်တွေ များ... ထူးခြားတဲ့ ဝိသေသတွေနဲ့ ပြည့်စုံတဲ့နှစ်... ဆိုပါရစေ။ ဒီအထဲမှာ အမေလူထုဒေါ်အမာ... ရာပြည့်ပွဲလည်းပါတယ်။ ၂၀၁၅ ရာ... ပုဂ္ဂိုလ်များကလည်း ထူးထူးခြားခြား... ပန်းချီဆရာကြီး ဦးဘရင်ကလေး ရာပြည့်(ဇန်နဝါရီ ၁၃ ရက်)၊ ဗိုလ်ချုပ်အောင်ဆန်း (စာရေးဆရာ ကိုအောင်ဆန်း ဖေဖော်ဝါရီ ၁၃ ရက်)၊ ... ဦးဆန်းထွန်း(မန်းတက္ကသိုလ်) ရာပြည့် (... ၆ ရက်...



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဒေါ်ခင်မျိုးချစ် ရာပြည့်(မေ-၁)၊ ဆရာမကြီး ဒေါ်မာလာ ရာပြည့်(မေ ၈)၊ ဆရာကြီး ငွေဥဒေါင်း(ဦးကြီးမောင်) ရာပြည့် (ဇွန် ၂၃)၊ ဆရာကြီး ဦးခင်မောင်လတ် ရာပြည့်(ဩဂုတ် ၂၄)၊ ဆရာမကြီး လူထုဒေါ်အမာ ရာပြည့် (နိုဝင်ဘာ ၂၉)၊ ဆရာမောင်မဲ ရာပြည့်(ဒီဇင်ဘာ ၁၂)တို့ဖြစ်ပါတယ်။ ဒီဆရာအားလုံးဟာ ကျွန်တော်တို့ အလေးအမြတ်ထား ဂါရဝပြုရမယ့် ပုဂ္ဂိုလ်တွေဖြစ်လို့ စာဖတ်သူတိုင်းအတွက် မှတ်သားခံစားဖို့ အမေလူထု အနှစ်တစ်ရာပြည့်မွေးနေ့ အထိမ်းအမှတ် အမှာစာထဲက ကောက်နုတ်ဖော်ပြလိုက်ရပါတယ်။

ကျွန်တော်တို့ မန္တလေးမှာ ထူးခြားတဲ့ရာပြည့်ပွဲတွေထဲမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြုလုပ်ခဲ့တဲ့ ဗိုလ်ချုပ် အောင်ဆန်း ရာပြည့်ပွဲကို ဆင်နွှဲခဲ့ကြသလို ဆရာကြီး ဆန်းထွန်း(မန်းတက္ကသိုလ်) ရဲ့ရာပြည့်အမှတ်တရပွဲ ကျင်းပတာ ရှိခဲ့ပါတယ်။

၁၉၁၅၊ နိုဝင်ဘာ ၂၉ ရက်နေ့ကတော့ ဖိတ်စာမကမ်း၊ ဘယ်လောက် အလှမ်းဝေးဝေး စာပေတပည့်သားချင်း သားသမီးများတစ်စုက ကြည်ညိုလေးစားစိတ်နဲ့လုပ်ခဲ့ကြတဲ့ အမေ လူထုဒေါ်အမာမွေးနေ့ပွဲဖြစ်ပါတယ်။ ဘယ်သူ့ကိုမှမဖိတ်ပါဘဲ မြန်မာပြည်တစ်နံတစ်လျားက လာရောက်ဆင်နွှဲကြတဲ့ မွေးနေ့ပွဲပါ။ အသက် ၇၀ ပြည့်နှစ်ကစပြီး ပြန်တွက်စစ်ကြည့် အနှစ် ၃၀ တိုင်ခဲ့ပါပြီ။ အမေမာ အနှစ်တစ်ရာပြည့်ပွဲကို နှစ်ပေါင်း များစွာသွားရောက်ဂါရဝပြုနေကျ မွေးနေ့ရက်မျိုးထက် ရင်ခုန်လှုပ်ရှားလေးစားစိတ်တွေ မလျော့မပါးခံစားပြီး သွားခဲ့ပါတယ်။

၂၀၁၅ နိုဝင်ဘာ ၂၆ မနက်ခင်းမှာ ၃၂ လမ်း၊ ၈၄ လမ်းထောင့်က ဓမ္မသာလာကို ရောက်တော့ မြန်မာ့ရိုးရာမဏ္ဍပ်အလှနဲ့ အမေမာရဲ့ ရာပြည့်ပွဲကလည်း ကြိုနေပါတော့တယ်။ ခန်းမထဲလှမ်းဝင်တော့ ဧည့်ပရိသတ်တို့ ပြည့်နေကြပြီ။ ပွဲမစခင် ခန်းမအတွင်း ခင်းကျင်းပြသထားတဲ့ အမေမာဘဝမှတ်တမ်း ဓာတ်ပုံတွေက ရှာမှရှားလို့ စိတ်ဝင်တစား ငေးမောမိတယ်။ ကိုယ်မဝယ်ဖြစ်ခဲ့တဲ့ စာအုပ်တွေနဲ့ လက်ရေးစာမူတွေက ဆွဲဆောင်မှုအပြည့်နဲ့ပါပဲ။ ဒါပေမဲ့ အခမ်းအနားမှူးဖြစ်တဲ့ ဆရာ သင့်နော်ရဲ့ အခမ်းအနားစဖို့ ဖိတ်ခေါ်သံကြောင့် ဖွင့်ပွဲအခမ်းအနားကို ဦးလှည့်ခဲ့ရတယ်။

အခမ်းအနားမှာ ဆရာကိုလေး(အင်းဝဂုဏ်ရည်) အဖွင့်အမှာစကားပြောကြားပေးခဲ့ပါတယ်။အမေ့အနားမှာအနေအထိုင်များပြီး ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ဆရာကိုလေးရဲ့အမှတ်တရစကားများ၊ အလွမ်းစကားများကို နားထောင်ရင်း မျက်လုံးထဲက မထွက်နိုင်တဲ့ အမေမာရဲ့ပုံရိပ်များကလည်း ရင်တွင်းမှာ တလှိမ့်လှိမ့်တက်လို့ပေါ့။ ဆရာကိုလေး အဖွင့်စကားပြောအပြီးမှာ ဆရာညီပုလေးရဲ့စကားဆက်ပါတယ်။ သားဖြစ်သူ ညီပုလေးက အမေလူထုဒေါ်အမာ အလွမ်းစကားများသာမက အဖေဖြစ်သူ လူထုဦးလှရဲ့ကျေးဇူးတရားများကိုပါ အမှတ်တရအောက်မေ့တသ ပြောကြားရင်း ဖွင့်ပွဲအထမြောက်စေခဲ့ပါတယ်။

ည ၇ နာရီမှာတော့ အမေလူထု ဒေါ်အမာရဲ့ ထင်ရှားတဲ့ စာအုပ်ပေါင်းများစွာထဲက **ပြည်သူချစ်သော အနုပညာသည်များ** ကို သရုပ်ပြဟောပြောမှုအစီအစဉ်နဲ့ အသက်သွင်းခင်းကျင်း ခဲ့ပါတယ်။ ဆရာ ဆူးငှက် အဟောအပြောပိုင်နိုင်မှုနဲ့ အငြိမ့်သဘင် ဂီတပညာရှင်များ ပံ့ပိုးဖျော်ဖြေမှုကြောင့် ခန်းမပြည့်လျှံ အားပေးကြလို့ လမ်းမပေါ်က LEDနဲ့ လွှင့်ထုတ်တာကိုပဲ ကြည့်ခွင့်ရတဲ့အထိ စည်ကားခဲ့ပါတယ်။ ပြည်သူချစ်သော အနုပညာသည်တို့အတွက် အကပညာရှင် ဒေါ်ခင်ဝင်းနွယ်



www.burmeseclassic.com

www.burmeseclassic.com

ဖန်တျာရွှေရွှေမြင့်၊ မင်းသားလေး ညီတိုးအောင်၊ မင်းသမီးလေး တွယ်တာတို့တို့ အက၊ အလှသာမက မြို့မတေးဂီတ အဖွဲ့ကြီးရဲ့ စည်းချက်ညီညီ တီးခတ်မှုတွေနဲ့ မင်းသမီးလေး မထွေးလေး၊ ရွှေခြေခြင်း မငွေမြိုင်၊ နန်းတော်ရှေ့ ဆရာတင်၊ မြို့မငြိမ်း၊ ရွှေမန်းတင်မောင်၊ လေဘာတီ မမြရင် စတဲ့အနုပညာရှင်များရဲ့ အနုပညာသာမက သူတို့ဘဝ တစ်စိတ်တစ်ပိုင်းတို့ကိုလည်း နားလည် ခံစားခွင့်ရခဲ့ကြပါတယ်။

၂၇.၁၁.၂၀၁၅ နေ့မှာတော့ မန္တလေးမှာ ကွယ်ပျောက်သလို ဖြစ်နေတဲ့ မန္တလေး စာပေသမိုင်းမှာ အစဉ်အလာကြီးမားခဲ့တဲ့ ဆရာကြီး လူထုဦးလှ၊ ရွှေကိုင်းသား၊ ဒေါက်တာသန်းထွန်းတို့ ဦးဆောင်ပြုလေ့ရှိတဲ့ စာတမ်းဖတ်ပွဲများကို အမေလူထု ဒေါ်အမာနှစ်တစ်ရာပြည့်မှာ ပြန်လည်ကျင်းပနိုင်ခဲ့တာလည်း ဂုဏ်ယူစရာပါပဲ။

စာတမ်းဖတ်ပွဲအခမ်းအနားမှာ ဆရာသင့်နော်က အခမ်းအနားမှူးဆောင်ရွက်ခဲ့ပြီး ဆရာမ ခင်နှင်းဦးရဲ့ **စာပေပြတင်းပေါက်က လှစ်ဟပြတဲ့ အိမ်နီးနားချင်းတို့ဘဝ** စာတမ်း၊ ဆရာအောင်မြင့်ဦးရဲ့ **အယ်ဒီတာ လူထုဒေါ်အမာ** စာတမ်း၊ ဆရာနေယုရဲ့ **ကဗျာထဲက အမေမာ၊** ဆရာ ညီစေမင်းရဲ့ **ဒေါ်ဒေါ်ရဲ့ ဗီဇနဲ့ပတ်ဝန်းကျင်** စာတမ်းတွေကို ပထမနေ့မှာ ဖတ်ကြားခဲ့ပါတယ်။

စာတမ်းဖတ်ပွဲ ဒုတိယနေ့ ၂၈.၁၁.၂၀၁၅ မှာတော့ ဆရာကြည်နိုင်ရဲ့ **လူထု ဒေါ်အမာနဲ့ ရသစာပေ** စာတမ်း၊ ဆရာကျော်ရင်မြင့်ရဲ့ **လူထုဒေါ်အမာရဲ့ ပရဟိတ** စာတမ်း၊ ဆရာစိုးကျော်သူရဲ့ **အမေမာနှင့်ငလျင်** စာတမ်း၊ ဆရာထက်မြက်က **လူထု ဒေါ်အမာနှင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း** စာတမ်း၊ ဆရာထွန်းဝင်းငြိမ်းက **လူထုဒေါ်အမာနဲ့ နိုင်ငံရေးလောကခံ** စာတမ်းအသီးသီးတို့ ရေးသားဂုဏ်ပြုဖတ်ကြားခဲ့ပါတယ်။

အမေလူထုဒေါ်အမာရဲ့ နိုဝင်ဘာ ၂၉ ရက်နေ့မှာတော့ မြန်မာပြည်တစ်နံတစ် လျားက စုပေါင်းရောက်ရှိတဲ့ပွဲပါပဲ။ မန္တလေးမှာ မွေး၊ မန္တလေးမှာ နေ၊ မန္တလေးမှာပဲ သေတဲ့ အမေမာရဲ့ပွဲကို မန္တလေးက မဟုတ်တဲ့သူတွေ ပိုများလှပေါ့ ထင်ရပါတယ်။



မြန်မာမှာတင် မဟုတ်ပါဘူး၊ ကမ္ဘာမှာ ပါကျော်သူဆိုတော့ မမေ့နိုင်သူပေါ်လ ပေါ့။ ကမ္ဘာလှည့်ပြီး ဒိန်းမတ်၊ ဟန်ဂေ ရီ၊ မေနီးယား၊ ရုရှား၊ ဂျာမနီ၊ ပိုလ တရုတ်စတဲ့နိုင်ငံတွေမှာ စာပေဝတ် ကူးခဲ့တဲ့ငြိမ်းချမ်းရေးမြွတ်နိုးသူမို့ အမေ မာ့မွေးနေ့က မန္တလေးဆိုတာ ကျဉ်း ကျဉ်းလေး ဖြစ်သွားပါတော့တယ်။

တောင်သမန်အင်း မယ်ဇယ်ရိုး တန်းမှာ နှင်းတွေ မဝေပေမဲ့ လူတွေ စည်ကားနေတယ်။ တောင်လေးလုံး ကျောင်းတိုက်က သူဌေးကုန်းဘုရားရင် ပြင်မှာ ကမ္ဘာကျော် စောင်းဆရာကြီး အင်းလေးမြင့်မောင်၊ ဒေါ်ခင်မေတို့ရဲ့ စောင်းအဖွဲ့က တီးခတ်တဲ့ စောင်းသံ ညင်းညင်းသွဲ့သွဲ့ အသံနဲ့တွဲဖက်ပြီး မကြားရတာကြာပြီဖြစ်တဲ့ ခွန်းထောက် အစချီ မန္တလေးမြို့ဘွဲ့ အောင်မင်္ဂလာ ယိုးဒယားသီချင်းကြီးနဲ့ ဖွင့်လှစ်ခဲ့တဲ့ အမေမာ့မွေးနေ့ပွဲဟာ ကျေနပ်နှစ်သိမ့် စရာအပြည့်နဲ့ပါ။ အဖွင့်သီချင်းကို ဆရာ စိုးနိုင်(မန္တလေးတက္ကသိုလ်)က သီဆို ပေးခဲ့ပါတယ်။ အဖွင့်သီချင်းအပြီးမှာ အစဉ်အလာအတိုင်း အောက်မေ့ အမှတ်တရစကားများကို ဆရာ ဦးသိန်းနိုင်၊ ဆရာ ကိုလေး အင်းဝဂုဏ်



PEN Myanmar အဖွဲ့ဝင်များဖြစ်ကြတဲ့ နီနီနိုင်(သထုံ)၊ ဟေးဥသျှံ၊ စုစီအောင်နဲ့ ဇာခြည်ဦး



PEN Myanmar အဖွဲ့ဝင်များဖြစ်ကြတဲ့ မြသွေးနီ၊ ညီယဉ်လေး၊ ချောအိမာန်(မန္တလေး)နဲ့ ခိုင်သန္တာ



www.burmeseclassic.com

www.burmeseclassic.com





ခင်ခင်ထူး၊ နေဝင်းမြင့်



ရွှေနှောင်ရိုး(မန္တလေး)၊ မသီတာ(စမ်းချောင်း)

ရည်၊ ဗြိတိသျှ သံအမတ်ကြီး(ဟောင်း) ဗစ်ကီဘိုမန်း၊ ဦးထွန်းအောင်ကျော် (တရားရုံးချုပ်ရှေ့နေ)၊ စာရေးဆရာမ နီလန်ဂျနာဆင်ဂုပ်တာ၊ ဆရာဦးအုံးမောင် (မုံရွာ)၊ ဒေါက်တာ စိုးတင့်တို့က နှစ်တစ်ရာပြည့်မွေးနေ့အထိမ်း အမှတ် အမှတ်တရစကားပြောကြားခဲ့ပါတယ်။

ဆရာကြီးများ ပြောလို့အပြီးမှာ စောင်းပညာရှင် သိပ်ချစ်အောင်က ဆရာ အင်းလေးမြင့်မောင်ရဲ့ *လပြည့်ည* နဲ့ တီးခတ်ဖျော်ဖြေခဲ့သလို စောင်း သီရိ မြတ်ကေသီကျော်တို့ကလည်း *ဧယျာ တမ်း အလှယန်းချီ* နဲ့ ဖျော်ဖြေခဲ့ပါတယ်။

အခမ်းအနားအပြီးမှာတော့ အမေ လူထုဒေါ်အမာရဲ့ သားဖြစ်သူ ညီပုလေး က ကျေးဇူးတင်စကားပြောကြားခဲ့သလို ဆရာ ယဉ်မင်းပိုက်၊ ဆရာ စိုးဝင်းငြိမ်း တို့ရဲ့ လက်ဆောင်ပန်းချီကားပေးခြင်း နဲ့ မိုးကုတ်သဟာယအသင်းရဲ့ကျောက်စိမ်းပန်းချီကားများကို လက်ဆောင်ပေးကြတဲ့အခါ ဆရာမကြီး ဒေါက်တာသန်းရင်မေ (ဒေါက်တာ မြမန္တလေး)နဲ့ ဆရာညီပုလေး တို့က လက်ခံယူခဲ့ကြပါတယ်။

တကယ်တော့ အမေမာက သူ့ရဲ့ မွေးနေ့ပွဲလုပ်တာကို သိပ်သဘောအကျ ကြီးတော့ မဟုတ်ပါဘူး။ အမေ့မွေးနေ့ကို အကြောင်းပြုပြီး အထက်အောက် စာပေမိတ်ဆွေတွေ တွေ့ဆုံကြရပြီးရင်းနှီးခင်မင်ခွင့်ရတော့ ဝမ်းသာပျော်ရွှင်ကြရပါတယ်။ ဒါလေးကိုကြည့်ပြီး စာတမ်းတွေဖတ်ကြ၊ စာပေအရေးတွေ ဆွေးနွေးကြ၊ ဗဟုသုတတွေ တိုးလို့ရကြနဲ့ ဝမ်းသာပျော်ရွှင်နေတဲ့ သားတွေသမီးတွေကို ကြည့်ပြီး ဒီပီတိအဟုန်နဲ့ ခွင့်ပြုခဲ့တာပါ။ အမေ လူထုဒေါ်အမာကို သူ လုပ်သွားတဲ့အလုပ်တွေအပေါ်မှာ ဂုဏ်ပြုကြရသလို တစ်နှစ်တစ်နှစ် အမေမှာ့ မွေးနေ့ပွဲကို မျှော်ကြရတာလည်း အမောပါပဲ။ ဒီနှစ် နှစ်တစ်ရာပြည့်အတွက် တက်ရောက်လာသူတွေက ရန်ကုန်က စာရေးဆရာတွေ ကားစင်းလုံးနဲ့လာကြသလို အောက်မြန်မာပြည်က စာရေးဆရာတွေလည်း စုံပါတယ်။ အလယ်ရိုးမ ကဗျာဆရာများအဖွဲ့နဲ့ ပျဉ်းမနားက စာရေးဆရာတွေလည်းပါတယ်။ ကလေး တမူးကလည်း မကျန်ဘူး။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းကလည်း လာကြသလို မြေလတ်အညာအကြေကလည်း စာရေးဆရာတွေ စုံပါတယ်။ နှစ်ပေါင်းများစွာ မတွေ့ရတဲ့ ရဲဘော်ရဲဘက်တွေကို တစ်စုတည်း တစ်ဝေးတည်း တွေ့ရချိန်ဟာ အော်ခေါ်ကြ၊ လှမ်းနှုတ်ဆက်ကြ လူတွေများလို့ တွေ့ချင်တဲ့သူ ရှာရတာကိုက မူးချာပတ်ချာလည်လို့။

မြန်မာပြည်တစ်လွှား လူကိုယ်တိုင်လာရောက်ဦးညွှတ်ကြသလို အမှတ်တရ စာအုပ်၊ စာတမ်း၊ လက်ကမ်းတို့ကလည်း ပန်းကြသလို ဝေငှနေပုံကလည်း အမေမာရဲ့ ဂုဏ်တစ်ခုပါပဲ။ ရာပြည့်ပွဲမှာ စာတမ်းရှင်တွေ အသီးသီးခွဲခြားပြီး အမေမှာ့ဘဝကို ပြုစုရေးသားကြတာတောင်မှ ရေးမကုန်နိုင်သလို စာလည်း မစုံနိုင်ပါဘူး။ စာတမ်းတစ်စောင်၊ စာအုပ်တစ်အုပ်၊ ဆောင်းပါးတစ်ခု ပြုစုလို့ မပြီးစီးနိုင်သလို အသက်တစ်ရာ အမေမှာ့ပွဲကို ရေးရတာ ပြီးပြည့်စုံမှာလည်း မဟုတ်ပါဘူး။ ဒါကြောင့် အနှစ်တစ်ရာ ကျော်သည့်တိုင် အမေမှာ့စာတွေ ဖတ်နေရဦးမှာဖြစ်သလို ကျွန်တော်တို့လည်း ရေးနေကြရဦးမယ်ဆိုတာ ယုံကြည်ရင်း အမှတ်တရ ဂါရဝပြုဦးခိုက်လိုက်ရပါတယ်။

■ ရွှေနှောင်ရိုး၊မန္တလေး၊



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း
လေးဆယ်ကျော်အောင်
နေ့စဉ် စိတ်ကူးတမ်းတနေမိ
တတ်သော တို့ရွာလေးကို
တို့ ပြန်လာခဲ့ပါသည်။
ကူးတို့ဆိပ်လည်းဖြစ်၊
ရေချိုးဆိပ်လည်းဖြစ်သော
မြစ်ကမ်းနဖူးမှာ
တို့တွေ ဆယ်နှစ်သားကျော်ကျော်
အရွယ်ကတည်းက
ဒိုင်ဗင်အမျိုးမျိုး၊ ကျွမ်းအမျိုးမျိုး
ထိုးကြရာ ကစားကွင်းကြီး
ရှိခဲ့သည်။ တို့တွေအားလုံး
ရွယ်တူများမှာ အဝတ်မပါ၊
ကျား၊ မ,မခွဲ ပျော်ရွှင်မြူးထူးခဲ့ကြ
ရသည်။ လူကြီးများသည်ပင်လျှင်
ပုဆိုးလေး၊ လုံချည်လေးများ
တဖြည်းဖြည်း မ,ကာ
ရေနက်ထဲ ဆင်းကြသည်။

ရင်စို့ ရင်ခေါင်းရောက်သည့်အခါ
ခါးမှာ ဝတ်ခဲ့သော လုံကွင်းသည်
ခေါင်းပေါင်းအဖြစ်
ပြောင်းလဲသွားသည်လေ။
ရေချိုးပြီးပြန်တက်တော့လည်း
ရေတိမ်ရာအရောက်မှာ
လုံကွင်းက ခါးမှာ
ပြန်ရောက်နေတော့သည်။
တို့တွေအားလုံးမှာတော့
ဘောင်းဘီတိုတစ်ထည်စီသာ
ရှိကြတာ များပေသည်။
လူတစ်ကိုယ်မှာ ဘောင်းဘီ
နှစ်ထည်၊ သုံးထည်မျှ
ရှိသူဆိုလျှင် လူချမ်းသာမိသားစု
ဟူ၍ သတ်မှတ်၍ရလေသည်။
ဘောင်းဘီ တင်ပါးနေရာမှာ၊
ချုပ်ရိုးခွကြားနေရာမှာ
အဖာအရာမရှိသူ၊ အပြဲရာ မရှိသူမှာ
ရှားလှပါပေသည်။
ယောကျ်ားလေး၊ မိန်းကလေး
ဟူ၍ သိပ်၍အရှက်အကြောက်

# P.ဆာမိ

## မွေ့လျော်မှု၏တည်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်စုံမဂ္ဂဇင်း

ရသစာတမ်း

အမှတ် ၃၁၄၊ ဇန်နဝါရီ၊ ၂၀၁၆

www.burmeseclassic.com

လည်း ကြီးမနေကြပေ။ သူငယ်ချင်းဟူသော အသိစိတ်သာရှိခဲ့ကြပြီး ငြင်းခုံရန်ဖြစ် နပန်းလုံးနေတတ်ကြသေးသည်။ နေ့နေ့ညည ဘယ်သွားသွား တို့တွေကိုယ်စီမှာ အမြဲပါသည့် လက်စွဲတော်များမှာ သစ်ကိုင်းများကို ခုတ်ထွင်ထားသည့်လောက်လေးခွများသာဖြစ်သည်။ လောက်စာလုံးများများ ပိုင်ဆိုင်သူက အင်အားကြီးသူ ဖြစ်ကြရလေသည်။ ကျွဲချီးနွားချီးများဖြင့် ပြုလုပ်ထားသော လေးခွရှိသူသည် အခြားသူတို့ထံမှ လောက်စာလုံးကို ခွဲတမ်းယူနိုင်သူအဖြစ်၊ ခေါင်းဆောင်အဖြစ် အလိုလို ရရှိတော့သည်။ တို့တွေ၏ စိတ်မှာ ကစားနည်းပေါ်မူတည်၍ ခေါင်းဆောင်တို့သည် အမြဲတစေပြောင်းလဲ သတ်မှတ်ထားပြီးသား ရှိကြလေသည်။ လေးခွစစ်တိုက်သည့်အခါ၊ ရေထဲကူးခပ်ကစားကြသည့်အခါ၊ သစ်ပင်များ ပေါ်တက်၍ ဆော့ကစားသည့်အခါ တစ်အုပ်စုတည်းဖြစ်စေ၊ အုပ်စုခွဲထားလျှင်ဖြစ်စေ ခေါင်းဆောင်တို့သည် သူ့ကျွမ်းကျင်မှုနှင့်အတူ အပြောင်းအလဲ အမြဲရှိပါလေသည်။ တစ်ခါတစ်ရံ တချို့သော ကစားနည်းများမှာတော့ မိန်းကလေးအကောင်အသေး ညက်ညက်ကလေးသည်ပင် ကျွမ်းကျင်မှုအရ ခေါင်းဆောင်ဖြစ်ခွင့်ပြုကြရလေသည်။ မိညက်က လူကောင်သေးသေး အသံကျယ်ကျယ်ဖြင့် ဖယ်ခတ်ရာတွင်တော့ သူသာ ခေါင်းဆောင်ဖြစ်ရသည်။ နပန်းလုံးရာမှာ ဗလတောင့်သည့် ချက်ကြီးကခေါင်းဆောင်ရသည်။ ချက်ကြီးတို့အဖေ ဦးလေးညွှန့် နာမည်ကြားရုံနှင့်ပင် ချက်ကြီး ခေါင်းဆောင်အလိုလို ဖြစ်ရသည်။ ရေတွင်းထဲပြုတ်ကျနေသော နွားမတမ်းမတစ်ကောင်ကို ကြိုးနှင့် ဆင်းတုပ်ပြီးအပေါ်မှ လက်ဖြင့်တစ်ဦးတည်းဆွဲတင်နိုင်မှုကို မစားရဝခမန်း ပြောပြဂုဏ်ယူရသူ ဖြစ်သည်။

အိပ်ချိန်နှင့် စားချိန်သာလျှင် အိမ်သို့ ပြန်တတ်ကြသောတို့တွေမှာ ကစားနည်းလမ်းများက မကုန်မခန်းနိုင်အောင် ရှိကြလေသည်။ ရွာရှိဘုန်းကြီးကျောင်း

**အာတေးကတော့**
**သစ်ပင်တက်ရာမှာ**
**ခေါင်းဆောင်**
**ဖြစ်ခွင့်ရသူ**
**တစ်ဦးတည်းသော**
**မိန်းကလေး ဖြစ်သည်**
**တစ်ရွာလုံးရှိ**
**သရက်ပင်၊ မရန်းပင်**
**မန်ကျည်းပင်**
**အားလုံးသည်**
**သူ့ခြေ**
**သူ့လက်ချည်းသာ**
**သူက**
**ကိုင်းဖျားကိုင်းနားတွေထိ**
**ရောက်အောင်**
**တက်နိုင်သူ ဖြစ်သည်**
**မျက်စိလျင်**
**လက်တည့်လှသော**
**ဘုန်းကြီးလက်မှပင်**
**လွတ်အောင်**
**ပုန်းနေနိုင်သူ**
**ဖြစ်သည်**

မှာ အလျှင်းသင့်သလို စာသင်ကြရသည်မှလွဲ၍ အတန်းကျောင်းမရှိသဖြင့် တို့တွေ၏ အချိန်အတော်များများသည် ကစားနေရန်သာ ဖြစ်ခဲ့ရသည်။ မအားလပ်အောင် ကစားနေကြရလေသည်မှာ တို့တွေအားလုံး၌ တူညီသော အလုပ်တစ်ခုစီ ရှိနေ၍ပဲ ဖြစ်သည်။ ကျားကျားမမ တို့တွေအားလုံးသည် နွားကျောင်းသားတွေ ဖြစ်ခွင့်ရခဲ့ကြသည် မဟုတ်လား။ ကိုယ်ပိုင်နွားကျောင်းရသူ၊ သူတစ်ပါး နွား အငှားကျောင်းရသူဟူ၍ မခွဲခြား အားလုံးအတူတူ အသွင်သဏ္ဌာန်တူ၊ အဆင့်အတန်းတူများပင် ဖြစ်ကြရသည်။ ဆံပင်ဘုတ်သိုက်၊ နီကြောင်ကြောင် ကတုံးဆံပင်များ၊ အပေါ်ပိုင်း ဗလာကျင်းပြီး အောက်က

အဖာရာများနှင့် အရောင်အသွေးမှာ ညစ် ထေးပုံချင်းပင် တူကြရသည်။ လက် တစ်ဝါးစာမျှ အဖာရာအသစ်ကလေးကို ပင် အဝတ်သစ်ဟု သဘောထား ကြွား ဝါနိုင်ပါသေးသည်။ ထိုစဉ်က တို့တစ် ရွာလုံးမှာ အင်္ကျီတစ်ထည်၊ လုံကွင်းတစ် ထည် အသစ်ဝယ်ယူနိုင်ဖို့ရာ အလွန် ရှားပါးလှပါသည်။ အချို့လူကြီးများပင် လျှင် အင်္ကျီတစ်ထည်ကို ကော်လာနှင့် လက်ဖျားသာ မူရင်းအဖြစ်ရှိပြီး ကျန် သည်များမှာ ဖြစ်သလို ဖာထေးထားရ သည်များပင်။ ရွာကျောင်းမှာ ဥပုသ် သီတင်းယူသည့်အချိန်သာ အင်္ကျီ လုံချည် ပြည့်စုံစွာ ဆင်မြန်းကြပေမဲ့ ကျန် သည့်အချိန်များမှာ ကိုယ်အထက်ပိုင်း ဗလာကျင်းလျက်သာ တွေ့ကြရမည် ဖြစ်လေသည်။ တို့တွေ၏ ကစားကွင်း တို့သည်ကား စားကျက်မြေ၊ လယ်ကွင်း များ၊ ဘုန်းကြီးကျောင်းပတ်ဝန်းကျင်နှင့် မြစ်ရိုးတစ်လျှောက်လုံး သဲသောင်ခုံများ ဖြင့် ကျယ်ပြောမဆုံးပင် ရှိခဲ့ရပါသေး သည်။ ယုတ်စွအဆုံး ရိုးရှင်းအေးစိမ့်နေ သည့် သင်္ချိုင်းအုတ်ဂူများပင် တို့၏ ကစားကွင်းဖြစ်ခဲ့ရရှာသည်။

မြစ်အောက်ဘက် တစ်ဖက်ကမ်း မှာတော့ ဂျပန်ခေတ်က ဗုံးကြဲခံရသည့် ချစ်တီးတိုက်ပျက်ကြီး ရှိသည်။ ဖျက် လည်းပျက်၊ ကမ်းပြိုသည့်အထဲပါနှင့် ထိုမြစ်ကမ်းနဖူး အပြိုအပျက်များသည် လည်း တို့၏ အထင်ကရ ကစားကွင်း ပါပေ။ တို့မိတို့ဘကအစ တို့ရွာသားအား လုံး၏ စိတ်ကူးမျှော်လင့်ချက်များသည် လည်း ထိုချစ်တီးတိုက်ကြီး အနီးတစ် ဝိုက်မှာပင် ရှိကြလေသည်။ ချစ်တီး သူဌေးများ မြှုပ်ခဲ့သော ရွှေအိုးများ ရှိ သည်။ ရသူများလည်း ရဖူးသည်ဟု ပုံပြင်သဖွယ် မစားရဝခမန်း ရော်ရမ်း မျှော်လင့်နေကြလေသည်။ ရွှေအိုး ကောက်ရသည်ဟု လက်ဆုပ်လက်ကိုင် ပြနိုင်သော ရွာသားတစ်ဦးတလေပင် မတွေ့ဖူးပါလေ။ ထိုချစ်တီးတိုက် ကား တစ်ဖက်ကမ်းမှာရှိသောကြောင့် တို့တွေ တကူးတက သွားကြရပါသည်

www.burmeseclassic.com

ရွာထဲက လှေတစ်စင်းစင်း ရှာရသည်။ သစ်လပ်နေသောလှေကို စီးသွား၍မရ၊ သွားချင်သူက များနေသည်။ လှေနှင့်အဆုံး လှေကသေးသေး လူက များများ။ လှေကိုမှောက်၊ ဝမ်းအောက်ဝင်သူကဝင်၊ ခိုတွယ်လိုက်သူကလိုက်၊ အပေါ်ထိုင်သူကထိုင်၍ ရေစီးအတိုင်း မျော လိုက်သွားရပါသည်။ ယက်ရင်း ကန်ရင်းနှင့်ပဲ ချစ်တီးတိုက်ပျက်ကြီးမှာ ရွှေအိုးရလေမလား ဟူသော မျှော်လင့်စိတ်တစ်ပိုင်းဖြင့် မလွတ်လပ်စွာ ဆော့ကစားကြဖူးလေသည်။

အာတေးကတော့ သစ်ပင်တက်ရာမှာ ခေါင်းဆောင်ဖြစ်ခွင့်ရသူ တစ်ဦးတည်းသော မိန်းကလေး ဖြစ်သည်။ တစ်ရွာလုံးရှိ သရက်ပင်၊ မရန်းပင်၊ ခနေ်ကျည်းပင်အားလုံးသည် သူ့ခြေ၊ သူ့လက်ချည်းသာ။ သူက ကိုင်းဖျားကိုင်းနားတွေထိ ရောက်အောင် တက်နိုင်သူဖြစ်သည်။ မျက်စိလျင်၊ လက်တည့်လှသော ဘုန်းကြီးလက်မှပင် လွတ်အောင်ပုန်းနေနိုင်သူ ဖြစ်သည်။ မရန်းချိုပင်က ကျောင်းဝင်းထဲမှာသာ ရှိလေသည်။ မရန်းသီးမှည့်များ အပြွတ်လိုက် အခိုင်လိုက် လှပစွာ တွဲခိုနေကြပုံက တို့များသွားရည်တမြားမြားနှင့် မလာ, လာအောင် ဖိတ်ခေါ်နေသယောင်။ ဘုန်းကြီး၏ လောက်လေးကိုမကြောက်နိုင်အောင်ပင် မရန်းချိုသီးများ ဆွဲဆောင်မှုကကောင်းလှသည်။ တိတ်ဆိတ်လျင်မြန်စွာ ပုန်းခို၍ ခူးယူနိုင်သော အာတေးကိုသာ ခေါင်းဆောင်တင်ကြရလေသည်။

လူကောင်ကြီးကြီး၊ အသံပြဲပြဲနှင့် စိုးဝင်းကြီးက တို့အားလုံးထက် အသက်ကြီးလေသည်။ အသက်ကြီးပေမဲ့ စိတ်ကတော့ နုငယ်လွန်းသည်။ အသက်ကြီးမှုနှင့် လူကောင်ကြီးတာကို အားကိုးပြီး တို့အားလုံးအပေါ် အနိုင်ကျင့်တတ်သူဖြစ်သည်။ ငယ်သူများအပေါ် အနိုင်ကျင့်တတ်သည်မှလွဲ၍ သူ့မှာ ဘာအရည်အချင်းမှမရှိ၊ နံငယ်ပိုင်းတစ်ခုဝတ်နေရပြီဖြစ်သော်လည်း သူနှင့် ရွယ်တူကာလသားများက သူ့ကို အပေါင်းအသင်းမလုပ်ကြ။ အေးအတူ ပူအမျှစိတ်ထားမရှိသော သူ့ကို ဘယ်သူမှဆေးဖော်ကြောဖက် မလုပ်ကြ။ ထို့ကြောင့်ပင် တို့ကလေးများအုပ်စုထဲ၌သာ ဝင်ရောက်၍ အနိုင်ကျင့် ဗိုလ်ကျနေတော့သည်။ မည်သည့်ကစားနည်းမှာပဲဖြစ်ဖြစ် သူပါသည့်ဘက်ကို အနိုင်ပေးရသည်။ သူ မနိုင်လျှင် အငြင်းသန်စွာဖြင့် ထိုးကြိတ်ရိုက်နှက်တတ်သည်။ အပြစ်တစ်ခုခုကို အတူတကွပြုလုပ်ကြပါသော်လည်း လူကြီးသူမများကို သူသူ မပါသလို၊ သူ မလုပ်သလိုဖြင့် ဦးစွာတိုင်ကြားတတ်လေသည်။ သူ့ကို မြှောက်ပင့်ပြောလျှင်တော့ ပေါတောတောနှင့် သဘောတွေကျနေတတ်လေသည်။ ထို စိုးဝင်းကြီး မိန်းမခိုးသွားသောသတင်းက တို့အားလုံးကို ဝမ်းသာပျော်မြူးစေခဲ့သည်။ ထိုအပျော်သည် ကြာရှည်စွာ မခံပါချေ။ ဝဋ်ကြွေးကုန်သေးပုံမရ။ မိန်းကလေးမိဘများက လိုက်ခဲ့သောကြောင့် တစ်ခုလပ် စိုးဝင်းကြီး ပို၍ ညစ်ပုပ်ကပ်ကျယ်လုပ်လာသည်။ သိပ်တော့ မကြာလိုက်ပါချေ။ တို့အရပ်မှာ လူကြီး လူငယ် သတိထားရှောင်ရှားနေရသော မြွေပွေးများက စိုးဝင်းကြီးကို အပြစ်ပေးလိုက်ပါတော့သည်။ စိုးဝင်းကြီးကို မြွေပွေးကိုက်လေပြီ။ တို့တွေ ပျော်ရလေသည်။ သို့သော် စိုးဝင်းကြီးကား မသေ။ ဆေးရုံဆေးခန်းများ မရှိသော်လည်း ရွာထဲရှိ အဆိပ်ကျပင်မှ အရွက်များကို သေမှာကြောက်ပြီး တရားလွန် စားလေသည်။ သုံးလလောက် အိပ်ရာထဲလဲနေပြီး ကယ်ပါ၊ ယူပါနှင့်ပင် အသက်ရှင်နေခဲ့သည်။ မြွေဆိပ်ကြောင့်ရော၊ အဆိပ်ကျရွက်၏ အာနိသင်များကြောင့်ပါ လူကတော့ ပုံမှန်မဟုတ်တော့။ မျက်လုံးများ စွေစောင်းသွားသည်။ တစ်ကိုယ်လုံး အမွေးအမှင်များ မရှိတော့။ တစ်ကိုယ်လုံး ဖောသွပ်သွပ် ဖြူစုတ်စုတ်ကြီးဖြစ်ကာ ခွန်အားဗလများ မရှိတော့။ အလုပ်ကို အများတန်းတူ မလုပ်နိုင်တော့ မည်သူမျှ ငှားရမ်း၍ မခိုင်းချင်တော့။ နောက်ဆုံး မလှမ်းမကမ်း ရွာတစ်ရွာမှာ ဘုန်းကြီးဝတ်သွားသလိုကြားရပြီး တို့တွေနှင့် အဆက်ပြတ်သွားတော့သည်။

မိုးဦးလေကြမ်းတွေ မှတ်မှတ်ထင်ထင် ကြုံရတုန်းအခါများကဆို တို့တွေ တဲစုတ်စုတ်လေးမှာ ငြိမ်ကုပ်နေကြရတာ မှတ်မိသေးတော့သည်။ မြစ်ရေလျှံပြီး အိမ်တွေရေမြုပ်၊ မိုးတွေလေတွေသည်း၊ မြင်နိုင်သမျှပတ်လည်မှာ ရေပြင်ဖွေးဖွေးကြီးသာမို့ ကစားပျော်ပါးနိုင်ဖို့ အခွင့်မသာနိုင်ခဲ့သော အချိန်များပါလေ။ ရေလွတ်ရာလေးမှာ တစ်မိသားလုံး နေထိုင်ကြရသည်။ မြေပြင်ပေါ်မှာ ပေါ်များလှသည့် မြွေဆိုးများကလည်း ရေစီးတွေနှင့်မျောပါလာတတ်ပြီး ကိုက်တတ်ခဲတတ်သည်မို့ ညညများမှာ မအိပ်ရဲကြဘဲ တစ်လှည့်စီ မြွေခြောက်နေကြရသည်။ တို့မိ၏ စီမံပြုလုပ်ထားသော ထမင်းခြောက်၊ ခေါင်းအုံးကိုယ်စီထဲမှ ထမင်းခြောက်များကို ဒီအတိုင်း ဝါးမျိုချပြီး ရေသောက်ပြီး ဝမ်းဖြည့်ရသည့်နေ့မျိုး ဖြစ်လေသည်။ အိမ်အောက်မှာ ထားခဲ့ရသည့် တို့နွားကြာဖြူကြီး မြွေကိုက်သေတာကို ဒီအတိုင်းပဲ ထိုင်ကြည့်နေကြရသည်။ နွားနှစ်ကောင်နှင့် ထွန်ယက်လုပ်ကိုင်ရသော တို့ဖကား ငိုမဆုံးတော့သည်။ အဲဒီတုန်းက ငိုနေသော တို့ဖကိုလက်ခြေတို့မှာ အထပ်ထပ်စွပ်ထားသော သားရေကွင်းများ ဖြုတ်ပေးခဲ့သည်။ နွားတစ်ကောင်ပြန်ဝယ်ဖို့ရာအတွက် ငွေကြေးအဖြစ် သတ်မှတ်ကြသော သားရေကွင်းများကို တို့ဖကြည့်ကာ ရယ်မောပြန်လေ၏။ အခြား ငွေကြေးတစ်ခုဖြစ်သည့် လောက်စာလုံးတို့ကား ရေမြုပ်ခံခဲ့ရသည်ကို တို့မှာ မကျေမချမ်းနိုင် ဖြစ်နေရသည်။

ရေမလွှမ်းမိုးစေရန် ကာရံထားသော တစ်ဖက်ကမ်းရှိတာကြီးသည် တို့များရွာစုလေးတွေအတွက် မဟုတ်ခဲ့ချေ။ လူမှန်းသိတတ်စအရွယ် ပထမဆုံးအတွေ့အကြုံမှာပင် နှစ်စဉ်ကျရောက်လေ့ရှိတတ်သော သဘာဝဘေးအန္တရာယ်အတွက် ကာကွယ်ရန် သင်ယူပြီးသား



www.burmeseclassic.com

www.burmeseclassic.com

> တချို့တွေ
> အနီးနားရှိ
> ရွာကြီး
> မြို့ငယ်များသို့
> ပြောင်းရွှေ့ကုန်ကြသည်
> တချို့က
> ရခိုင်ရိုးမတောထဲ
> သွား၍
> သစ်ခုတ်
> ဝါးခုတ်
> လုပ်သူကလုပ်
> မုဆိုးအဖြစ်
> ဘဝကို
> မြှုပ်နှံသူက မြှုပ်နှံနှင့်
> သဘာဝတရား
> ဖြစ်စဉ်ကြီး
> အောက်မှာ
> ကံစီမံရာအတိုင်း
> လွင့်စဉ်ဝေးကွာ
> ကုန်ကြရသည်

ဖြစ်ခဲ့ရသည်။ ဘက်ပဲ့သွား သော နွားတစ်ကောင်အတွက် တို့တစ်မိသားစုလည်း သူတစ်ပါးတဲမှာ ငှားသားသွား၍ လုပ်ကြရသည်။ ညညဆို တို့ဖနှင့် တို့ ကွက်ထိုးလိုက်ရသည်။ တို့ရွာ၏ ထွက်ကုန်တစ်မျိုးဖြစ်သော လယ်ကွက်တို့ကား ပေါများလှပါသည်။ လှုပ်ရှားမှုနှေးကွေးလေးလံသော လယ်ကွက်ကြီးများကို ဖမ်းရလွယ်သော်လည်း တို့လိုပင် ရှာဖွေကြသော လူများ ရှိကြသည်။ လူတွေအပြင် စားဖို့ရှာသော မြွေများကိုလည်း ရှောင်ရသည်။ ရက်ပိုင်းလေးအတွင်း ပျက်စီးသွားမှုများအတွက် တို့တွေမှာ တစ်နှစ်ပတ်လုံး ပြန်လည်စုဆောင်းရပါသည်။ တို့များ ကစားဖော် အတော်များများ ထိုနှစ်မျိုးမှာ ဘုန်းကြီးကျောင်းသွား၍ စာမသင်နိုင်ကြတော့။ ဆော့ကစားနိုင်ဖို့ဆိုသည်မှာ ဝေးပါလေရော။ တချို့ဆိုလျှင် ကျောင်းစာသင်မှုမှာ တစ်ဘဝလုံးအတွက် ထိုမှစ၍ ဆုံးခန်းတိုင်သွားခဲ့သူများခဲ့သည်။

တို့ရွာကို လော်စပီကာဟူသော အရာ ပထမဦးဆုံး ရောက်လာပုံကို ပြောပြရဦးမည်။ တစ်ခုတည်းသော အထင်ကရ ဘုန်းကြီးကျောင်းမှာပဲ ဖြစ်သည်။ အသေအပျောက် အပျက်အစီးနှင့် အဆုံးအရှုံးများလာသော နှစ်တွေ ထူထပ်လာသောကြောင့် ပဋ္ဌာန်းပွဲလုပ်ရန် ရည်ရွယ်ပြီး ဘုန်းတော်ကြီး ဦးကိတ္တိ ဝယ်ယူလာခဲ့ခြင်း ဖြစ်သည်။ တို့အဖော်တွေအုပ်စု စက်အနားကပ်ခွင့် မရခဲ့ပါချေ။ ရွာလူကြီးများနှင့် ကာလသား ခပ်ကြီးကြီးများသာ စက်ကို တပ်ဆင်ကြ၊ စမ်းသပ်ကြ လုပ်ကြရသည်။ တို့မှာ လော်စပီကာကိုပင် မှန်အောင် မခေါ်တတ်ကြ။ တော်စပီကာဟု ခေါ်သူက ခေါ်၊ ကော်စပီကာဟု ပြောသူက ပြောသာ ရှိခဲ့ကြသည်။ ထိုလော်စပီကာကြီးမှ ဠီဂေါ် အသံမြည်ပင်လျှင် တို့ ပျော်ကြရသည်။ ပဋ္ဌာန်းပွဲလုပ်ရန် အကြိုရက်များနှင့် ပဋ္ဌာန်းပွဲပြီးဆုံးရက်များမှာဆိုလျှင်တော့ ရွှေမန်းတင်မောင်၏ ဗုဒ္ဓဝင်ဇာတ်ထုပ်များကို ဖွင့်ပေးတတ်သည်။ တို့တစ်ရွာလုံး ငြိမ်သက်တိတ်ဆိတ်စွာ စည်းစိမ်ခံကြရသည်။ ထို့နောက်ပိုင်း မကြာခင်မှာပဲ ရွာထဲ၌ ရေဒီယိုလေး တစ်လုံး၊ နှစ်လုံး ရောက်ရှိလာသည်။ တို့များ အဖော်တစ်သင်းလုံးကတော့ ထိုရေဒီယိုရှိရာ အိမ်လေးနားမှာပင် ရစ်သီရစ်သီလုပ် ဆော့ကစားနေတတ်သည်။ ရေဒီယိုဖွင့်ပါပြီဆိုလျှင် ထိုအိမ်က လှေကားထစ်လေးမှာ ဖုန်အလူးလူးနှင့် မေးလေးတွေတင်ပြီး စုပြုံတိုးဝှေ့နားထောင်ကြသည်။ ဆူဆူညံညံ မလုပ်ရဲ၊ ရေဒီယိုပိတ်ပစ်လိုက်မှာ စိုးရိမ်ကြသူတွေချည်း ဖြစ်သည်။ အိမ်ရှင်များက တက်နင်းသွား၊ ခလုတ်တိုက်သွားလျှင်တောင် သွားအကျဲသားလေးများဖြင့် ချိုချိုသာသာ ပြုံးပြကြရလေသည်။

ဒီလူတွေနှင့်ပင် အချိန်ကာလ ရွေ့လျားမှုအပေါ်မှာ တို့တွေ စီးနင်းရင်း ကြီးပြင်းလာခဲ့ကြသည်။ တချို့တွေ အနီးနားရှိ ရွာကြီး၊ မြို့ငယ်များသို့ ပြောင်းရွှေ့ကုန်ကြသည်။ တချို့က ရခိုင်ရိုးမတောထဲ သွား၍ သစ်ခုတ်၊ ဝါးခုတ် လုပ်သူကလုပ်၊ မုဆိုးအဖြစ် ဘဝကို မြှုပ်နှံသူက မြှုပ်နှံနှင့် သဘာဝတရား ဖြစ်စဉ်ကြီးအောက်မှာ ကံစီမံရာအတိုင်း လွင့်စဉ်ဝေးကွာကုန်ကြရသည်။ တို့များလည်း အများသူငါတို့လိုပင် ရွာလေးကို ခွဲခွာလွင့်ထွက်ခဲ့ရပါသည်။ ကံအား လျော်စွာ မြို့ကြီးပြကြီးမှာ အနေကြာ အနယ်ထိုင်အခြေစိုက်ရင်း ကျင်လည်ရာ ယန္တရားများထဲမှ ရုန်းထွက်ရန် အချို့ နည်းလာခဲ့သည်။

အခုတော့ ရွာဦးကျောင်းမှာပင် ကျောင်းထိုင်ဘုန်းကြီး သုံးဆက်မျှ ပြောင်းလဲသွားခဲ့ပါပြီ။ ရွာကလေးသည်လည်း ထိုကျောင်းနှင့် ရွာအမည်သာ လျှင် မှတ်မိစေတော့သည်။ မြစ်လမ်း ကြောင်း ပြောင်းသွားသည့်အတိုင်း ရွာ၏ တည်နေပုံလည်း ပြောင်းလဲကုန် ကြသည်။ ယခင်နာမည်အတိုင်းပင် ရှိ သော်လည်း ယခင်လူများကား မရှိ တော့ချေ။ သေသူကသေ၊ ပျောက်သူက ပျောက်၊ ဟိုရောက်ဒီရောက် ရောက်သူ ကရောက်နှင့် အရက်သမား လူထွက် ငစိုးကြီး တစ်ယောက်သာလျှင် ရွာက ဘုန်းကြီးကျောင်းမှာ ကပ္ပိယ ဖြစ်နေခဲ့ လေသည်။

ကမ်းပါးတွေလည်း အလီလီပြိုခဲ့ ပြီ။

တို့တွေလည်း အိုမင်းခဲ့ပြီ။

မြစ်လမ်းကြောင်းလည်း အကြိမ် ကြိမ် ပြောင်းခဲ့ပြီ။

တို့ဘဝတွေလည်း ကွေ့ကောက် များစွာ စီးဆင်းခဲ့ပြီ။

တို့ရွာလေးသည် တို့စိတ်မှာပင် ရေးရေးထင်ရုံ တည်တော့သည်တကား

■

P.ဆာမ်



www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေ




၈၅၀၀ ကျပ်




၂၅၀၀ ကျပ်




၁၀၀၀ ကျပ်




၃၀၀၀ ကျပ်

ထွက်ပြီ

ဖြန့်ချိရေး - လင်းလွန်းခင်စာပေ

...ကန်ပန်းခြံဈေး၊ တိုက်(D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၄၂၁ ၇၁၉၇၁၂

www.burmeseclassic.com

www.burmeseclassic.com



# ဖုန်ကြောင့်ပါပဲ... မမှန်းကြီးများ ရှိမ်းဝေးရောက်ခဲ့ပါပြီ

## ခေါင်ရိုး|ကျော်ထူး

အက်ဆေးတစ်ပုဒ်မှ ရောက်သည့် အရာများမှာ ရှိပါလိမ့်မည်။

အက်ဆေးဆရာက သူမြင်ယိသော ကဗျာဆန်ဆန်ပြောဆိုမှုတို့ကို လွှမ်းသိမ်းရော ပြန်ပြောပြသည့်အခါ အက်ဆေးဖတ်သူ ကျွန်တော်တို့ကလည်း ကိုယ်တိုင် မှုမရလှုခဲ့ပြီးဖြစ်သည့် ငယ် ဘဝ ကဗျာဆန်မှုလေးတွေကို ပြန်သတိရတတ်သည်။ လွှမ်းမြောင်သော စိတ်ဖြင့် နှလုံး ကြည်မြူးလာတတ်သည်။ ဤသည်ကား အက်ဆေးတစ်ပုဒ်ရှုရသော အဓိက အရာ မဟုတ်သေးပါ။

ဆရာရေခင်မြင့်၏ 'ရှုပ်ခိုးများ'ကို အဘတ်ရှူ ရှုထောင့်မှ ချဉ်းကပ်မည် လား။ ဖတ်သူ၊ ခံစားသူ ရှုထောင့်မှ ချဉ်းကပ်မည်လား။ သို့မဟုတ် အဓွေး အမြင် ရှုထောင့်မှ ချဉ်းကပ်မည်လား။ အကြိမ်ကြိမ် တွေးတောရင်း အကြိမ်ကြိမ် ပြန်ဖတ်ခဲ့ပါသည်။

အက်ဆေးဖတ်သူတစ်ဦးက သူ့ စိတ်ထဲ ခံစားမှုတွေ မြင်စိသလို အနေနှင့် အဆွဲတင်းတင်းနှင့် ရေးချလိုက်လို့ မဖြစ် သွားသလားဟု တွေးလိုက်မိပါသည်။ ထို့ကြောင့် ကျွန်တော်တွေးတော ခံစားမိ သလို ချရေးလိုက်ပါသည်။

'ကျွန်တော့်ငယ်ဘဝ ကဗျာဆန်ညီး များတွင် ကျောက်ခဲသည် တော်တော် အရေးပါပါသည်။'

အက်ဆေးဆရာက ဒီလို စတင် လိုက်ပါသည်။ ထိုနောက် ကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com

...ခြင်း ကစားပုံနှစ်နည်းကို ပြန်ပြောပြ ...သည်။

ပထမနည်းက အာလူး ကျောက် ...ည် တစ်ယောက်တစ်လုံးစီရှိလျှင် ...ားလို့ ဖြစ်သည်။ ကစားဖော် ...ယ်ချင်းနှင့် သူ့ဒိုးကိုယ့်ဒိုး တစ်လှည့် ...စ်ရသည့် ကစားနည်း ဖြစ်သည်။ ...ယ်ချင်း၏ ကျောက်ဒိုးကို ကိုယ်က ...ရသည် ဆိုပါစို့။ ကိုယ်ပစ်လိုက်သည့် ...ာ သူ့ဒိုးကိုထိဖို့လိုသည်။ တစ်ချက် ...လျှင် တစ်ပွဲနိုင်သည်။ လက်ဆ ...ာင်းဖို့လိုသည်။ အရှိန်နည်း၍ဖြစ်စ ... အရှိန်လွန်၍ဖြစ်စေ သူ့ဒိုးကို မထိဘဲ ...သို့ ကိုယ့်ဒိုး ရောက်ရှိ သွားပါက ...အလှည့်မှာ ထိအောင်ပစ်ဖို့ လွယ်ကူ ...ည်။ သူတစ်ပွဲနိုင်သွားမည်။ ကိုယ်ပစ် ...ည့် အလှည့်တွင် သူ့ဒိုးကို ထိအောင် ...နိုင်ပါက လက်ဆ ပြင်းပြင်းနှင့် ...ယ့်ဒိုးကို ဝေးဝေးရောက်အောင် ပစ် ...နိုင်ဖို့ လိုသည်။ သူ့ဒိုးက ကိုယ့်ဒိုးကို ...ပါမှ ကိုယ်ပြန်ပစ်ရမည့် အခွင့်အရေး ...ည်။ ဒီကစားနည်းက စိတ်ရှည်ရ သည်။ သေချာတိကျရသည်။ ကိုယ်က ပစ်ရသည့် အချက်တိုင်း အချက်တိုင်းတွင် သူ့ဒိုးကို မှန်အောင် ပစ်နိုင်ပါ့မလား စဉ်းစားရသည်။

ထို့ကြောင့် မှန်အောင် ပစ်နိုင်လျှင် ပစ်၊ မပစ်နိုင်က ဝေးဝေးရောက်အောင် ပစ်ထားနိုင်ဖို့ လိုသည်။

နောက်တစ်နည်းက ရှပ်ဒိုးပစ်ခြင်း ဖြစ်သည်။ ရှပ်ဒိုးပစ်ဖို့ ပါးလှပ်ပြားချပ်သော ကျောက်ခဲပြားပြားကို ရွေးရသည်။ ရေပြင်ကျယ်ကျယ်လိုသည်။ ကျဉ်းမြောင်းသော ရေကန်ထဲမှာ ရှပ်ဒိုး ပစ်လို့မရ။ ကြာပင်များ ပြန့်ကျဲနေသော ရေကန်ထဲမှာ ရှပ်ဒိုးပစ်လို့မရ။ အက်ဆေးဆရာတို့ ငယ်စဉ်က ရှပ်ဒိုးပစ်ချင်လျှင် မြောင်းမကြီးသို့ သွားရသည်။ မြောင်းမကြီးဆိုသည်မှာ မုန်းချောင်းရေ တံခါးမှ ဧရာဝတီမြစ်ထဲသို့ လွှတ်သည့် မြောင်းမကြီး ဖြစ်သည်။ သူ့သူငယ်ချင်း သံခဲက ရှပ်ဒိုးပစ် အလွန်ကျွမ်းကျင်သည်။

ရေစုန် သို့မဟုတ် ရေဆန်ဘက်သို့ သံခဲပစ်လိုက်သော ကျောက်ခဲပြားလေး သည် ရေပြင်တစ်နေရာကို ရွှမ်းခနဲထိ ကာ ပြန်တက်လာသည်။ နောက်တစ်နေရာ ရွှမ်းခနဲထိ ဆက်တွက်။ ပြီးတော့ နောက်ထပ် ရွှမ်းခနဲ ရွှမ်းခနဲ။ အက်ဆေး ဆရာက သုံးချွေခုန်လောက်သာ အလွန် ဆုံး စံချိန်တင်နိုင်သည်။ သံခဲကတော့ ဖြင့် ဘယ်နှချွေခုန်မှန်းကို မသိအောင် ပစ်နိုင်သူဖြစ်သည်။ နည်းစနစ် မေး ကြည့်တော့လည်း သံခဲမှာ တိကျသည့် နည်းစနစ်မရှိ။ သံခဲသည် အက်ဆေး ဆရာက အားကျရသည့် ရှပ်ဒိုးပါရမီရှင် ဖြစ်သည်။

"အခုတော့ သူမ အကြောင်းတွေကို ဘယ်မှာ ထိုင်ရမလဲ။ နှစ်ကာလတွေ နှောင်းခဲ့ပြီ။ တစ်ချွေချင်း ခုန်ရင်း သမိုင်းကျောက်ခဲပြားက ရေပြင်ပေါ်သို့ ရှပ်၍ ပြေးသွားလေသည်။ ဤသို့အား ဖြင့် အလွယ်ရှိကြည့်ပြဖြစ်သော သူနှင့် သူမ သည်လည်း ရှုပ်မှုပြင်နှင့် နောက်တစ် ကြိမ် မထိတွေ့မီမှာပင် နစ်မြုပ်သွားခဲ့ ကြသည်။"

အက်ဆေးဆရာသည် ရှပ်ဒိုးပါရမီ





www.burmeseclassic.com

www.burmeseclassic.com

ရှင် သံခဲအကြောင်းကို ပြန်ပြောပြနေရာမှ သီရိလင်္ကာနိုင်ငံသား စာရေးဆရာ Michal Ondaatje ၏ အထက်ပါ ဝတ္ထုစာသားကို ရုတ်တရက် ချ၍ ရေးပြလိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပဲ **'နှစ်ကာလ ရေပြင်ကို အပိုင်းအခြားဆိုသည့် ကျောက်ခဲပြားက ဆယ်စုနှစ် ငါးကြိမ်ထိသွားသည်ဆိုလျှင် ကျွန်တော့်အသက်အရ ငါးဆွေ့ခုန်ပြီးပြီ'** ဟု ရေးလိုက်သည်။ ဒီတွင် အချက်နှစ်ချက်ကို ကျွန်တော် သတိပြုမိပါသည်။

တစ်ချက်မှာ အက်ဆေးဆရာသည် ရုပ်ဒိုးပြားလေးက ရေပြင်ကို တစ်ကြိမ်ထိ နမ်းလိုက်သည်နှင့် ဆယ်စုနှစ်၏ ယူနစ်တစ်ခုအဖြစ် မသိမသာ သတ်မှတ်ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည်။ သူက ငါးဆွေ့ခုန်ခဲ့ပြီဆိုသည့်အတွက် သူ့အသက် ငါးဆယ်ရှိပြီဖြစ်ကြောင်းကို စာဖတ်သူအား အသိပေးလိုက်သည်။ သို့သော် သူ ဆက်လက် ရှင်သန်သွားဦးမည်ကို ရုပ်ဒိုးပြားလေး ဆက်ထွက်လာခဲ့ခြင်းနှင့် ရုပကပြုထားသည်။ ထပ်တူပြုထားသည်။ ရုပ်ဒိုးက တစ်ကြိမ် ထိလိုက်တိုင်း ရေပြင်သည် ခါကျန်ရစ်ခဲ့သည်။ ရုပ်ဒိုး၏ အရှိန်နည်းနည်း လျော့သွားသည်။ ရုပ်ဒိုးပြားက အရှိန်မကုန်သေး။ ဘယ်နှကြိမ်ထိ၍ ဘယ်နှကြိမ် ပြန်ကန်ထွက်နိုင်မှာလဲ၊ မပြောနိုင်။ ကျွန်တော်၏ ပထမဆုံး ဆယ်စုနှစ်အကန့်သည် အဝေးမှာ ကျန်ရစ်ခဲ့သည်။

အက်ဆေးဆရာသည် ရုပ်ဒိုးပြားက ရေပြင်ကို တစ်ကြိမ်ထိလျှင် သူ၏ ဆယ်စုနှစ်တစ်ခုဖြင့် အကန့်အသတ်ပြုပြောပြနေရာမှ ရုပ်ဒိုးလေးအကြောင်းကို တဖြည်းဖြည်း မှုန်ပစ်လိုက်သည်။ ဝါးပစ်လိုက်သည်။ ပြီးလျှင် ရုပ်ဒိုးအကြောင်းကို ဖျောက်လျက် သူ့ဘဝနှင့် သူ့အတွေးအမြင်တွေကို ခင်းကျင်း ပြသမည်မှာ သေချာနေပါတော့သည်။

ဒီနေရာတွင် ဆရာ မြသန်းတင့်ကို ကိုးကားရပေလိမ့်မည်။ **'အကြောင်းအရာတစ်ခုကနေပြီး အခြားအကြောင်းအရာတစ်ခုကို လိမ္မာပါးနပ်စွာ နီးနွယ်ဆက်စပ် ပြောတတ်ရမယ်'** ဟု ဆရာက ဆိုသည်။ ရုပ်ဒိုးများတွင် အက်ဆေးဆရာသည် ကျောက်ခဲလေးများအကြောင်းကို စ၍ ပြောခဲ့ရာမှ ကျောက်ဒိုးနှင့် ရုပ်ဒိုးပစ်သည့် ကစားနည်းနှစ်ခုကို ပြောခဲ့သည်။ ရေပြင်ကျယ်တွင် တစ်ရှမ်းရှမ်းနှင့် ဘယ်နှရှမ်းမှန်းမသိ ထိနမ်းသွားအောင် ကျွမ်းကျင်စွာ ပစ်ခတ်နိုင်သော သံခဲအကြောင်းကိုပြောသည်။ ထို့နောက် တစ်ရှမ်းရှမ်းလျှင် ဆယ်စုနှစ်တစ်ခုအဖြစ် သတ်မှတ်လိုက်ပြီး သူ၏ပထမ ဆယ်စုနှစ်ဆီသို့ အရောက်သွားခဲ့ရာတွင် မည်သို့များ ဆက်စပ်နီးနွယ်၍ ပြောလိုက်လေသလဲဆိုတာ ပြန်စိစစ်ကြည့်ရသည်။

တွေ့ပါပြီ။ သီရိလင်္ကာ နိုင်ငံသား စာရေးဆရာ၏ ဝတ္ထုစာသားဖြစ်သည်။ *'အခုတော့ သူမအကြောင်းတွေဖို့ ဘယ်မှာ ထိုင်ရမလဲ'* ဆိုသော စာသားက အကြောင်းအရာတစ်ခုမှ အခြားအကြောင်းအရာတစ်ခုသို့ ကူးပြောင်းရာတွင် ချောမွေ့ညင်သာစေခဲ့ ခြင်းဖြစ်သည်ကို တွေ့ရသည်။ စာရေးဆရာ မိုက်ကယ် အွန်ဒတ်ဂျီက ဤသို့ ရေးထားသည်ဟု ဆိုလျှင်ပင် ယခုနွယ် ချောမွေ့ပြေပြစ်မည် မထင်ပါ။ ကျွန်တော် သတိပြုမိခဲ့သော ဒုတိယတစ်ချက်က ဖြစ်ပါသည်။

အက်ဆေးဆရာသည် ပါးနပ်လိမ္မာစွာ နီးနွယ်ဆက်စပ်လျက် မလိမ်မိုးမလိမ္မာ သူ၏ ပထမဆယ်စုနှစ်ကို ပြောပြပါသည်။

ပြောပြသည့် စကားပြေမှာ လုပကျစ်လျစ်လွန်းလှသဖြင့် သူ့အတိုင်း ချရေးပြလိုပါသည်။

*'ဘဝ၏ ပထမဆုံး ထိုဆယ်စုနှစ်သည် အမှတ်ထင်ထင် ရှိသည်။ အလင်းရောင်ကို နေကရသည်၊ လကရသည်၊ ရေနံဆီမီးခွက်ကရသည်။ ထမင်းကို အိုးထဲကရသည်။ အနောက်ဘက်မှာ မှုန်းချောင်းရှိသည်။ အရှေ့ဘက်မှာ ဧရာဝတီရှိသည်။ မြောက်ဘက်မှာစာသင်ကျောင်းရှိ၍ တောင်ဘက်မှာ ဘုန်းကြီးကျောင်းရှိသည်။ ကျွန်တော်နှင့်အနီးဆုံးမှာ အမေရှိ၍ အဝေးဆုံးမှာအဖေရှိသည်။ ကျောင်းပညာသည် စာသင်ခန်းထဲမှာသာရှိ၍ ညာဘက်ရောက်တော့ လွယ်အိတ်ထဲမှာ ခဲတံကျိုးနှင့်အတူအိပ်ပျော်နေသည်။'*

စာရေးဆရာတစ်ယောက်အား သူ၏ ပထမ ဆယ်နှစ်ကာလကို ဒီလို အတွေးအမြင်၊ အဆင့်အခြေ၊ ဘဝဝင်ကျင်နှင့် စိတ်ခံစားမှုတွေ ပါဝင်အောင် ကျစ်ကျစ်လျစ်လျစ် လှလှပပ ရေးပြပါဟု ဆိုလျှင်ပင် ဒီလိုအရေး အသားမျိုး ရရှိအောင် ညပေါင်းများစွာ အားထုတ်ရ လိမ့်မည် ထင်ပါသည်။ အားထုတ်သည့်တိုင် ဒီလိုရနိုင်ဖို့ မသေချာပါ။ မလွယ်ကူပါ။ အက်ဆေးတစ်ပုဒ်၏ စကားပြေသည် အကောင်းစား ဖြစ်ရမည်ဆိုသည်မှာ ဒီလိုစကားပြေကိုဆို ခြင်း ဖြစ်တန်ရာသည်။ အကြိမ်ကြိမ် အထပ်ထပ် ပြန်ဖတ်ကြည့်မိပါသည်။ ဖတ်လေ အရသာတွေ့လေဆိုသော စကားပြေ အရေးအသား ဖြစ်သည်။ ဆရာကြီးသည် မည်သို့လုပ်လိုက်သည် မသိဟူ၍ ဆိုရမည်ကဲ့သို့ ဖြစ်ပါသည်။

အက်ဆေးဆရာသည် ကောင်းစွာ အရှိန်ရသွားခဲ့ပြီ ဖြစ်ပါသည်။

၁၉၆၂ မှစ၍ ဆယ်စု တစ်ကန့်ခြ သူကန့်သည်။ အကန့်လေးကန့် ပါသော သူ၏ နှစ်ပေါင်းလေးဆယ်ကို 'အတွေ့ အကြုံနှင့် ခံစားမှုနှစ်များ' ဟူ၍ အကျဉ်း ချုပ် ပြောသွားသည်။ စာသင်ခန်းက မပေးနိုင်သော အတွေ့အကြုံနှင့် ခံစား တွေက ဒီအကန့်တွေထဲ ပြည့်သိပ်နေ သည်ဟု ဆိုသည်။ ဒီရေ၊ လမုတော ဆားငွေ့များဆီမှနေ၍ 'အသက် စီဝ မတိုက်ခိုက်နိုင်သည့် မန်းတောင်ရိပ်' သို့ ခိုဝင်လာခဲ့ ပုံကိုလည်း အကျဉ်းချုပ်ပြော လိုက်လေသည်။ ပြီး မန်းတောင်ရိပ်၌ သူချစ်သောသူများ၏ ဆယ်စုနှစ်အတွင်း အပြောင်းအလဲတွေကို လောကဓံ ရိုက် ပုတ်ချက်များနှင့် ယှဉ်လျက် သွက်သွက် လျှင်လျှင် ပြောသည်။ ပြောပြပုံက ချစ်စရာကောင်းသည်။

ဥတ္တရလွင်ပြင်မှ ပုဆိုးတိုတို ကိုင်းကိုင်းနှင့် ကိုသန်းဌွေးတစ်ယော သူ့စာအုပ်ဆိုင်လေးကို တင်နေရာပြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာ ပြောင်းခဲ့ရာ ၈၃ လမ်း ရောက်နေပြီ။ စက်ဘီးအိုလေးရှိလျှင် သူရှိပြီး စက်ဘီးအိုလေး မရှိလျှင် သူ ရှိ။ ကိုညီပုလေးမှာ သူရောက်လာပြီး ကြောမီ ခရီးရှည်ကြီး ထွက်သွားခဲ့ သည်။ ပြန်ရောက်လာတော့ အသား တွေ မည်းလာရုံမျှမက ဟာသတွေ လည်း ဘဝဆန်လာသည်။ ဓားတစ် ချောင်းလို သံသားတက်လာသည်တဲ့။ ကိုသိုက်ဟု သူခေါ်သော စာရေးကောင်း သည့် သိုက်ထွန်းသက်မှုကား မြောက် ပြင်မှ အနောက်ပြင်သို့ ရွှေ့ကာ ဒီဆယ် နှစ်အတွင်း မြေး၏ ဘိုးဘိုး ဖြစ်ခဲ့ပြီ။ ဆေးပညာကို သိပ်သဘောတွေ့ပုံ မရ သည့် ဆရာဝန် ကိုညိုထွန်းလူကို လိုက် လျော့ခြင်းနှင့် ပြတ်သားခြင်းတို့ ရော ထွေးနေသူအဖြစ် အကဲဖြတ်လျက် လမ်း စ ညတွေကို လွမ်းထားသည်။ ခင်မင် ရေးကောင်းသည့် ကိုဆုးငှက်အား စာ အများကြီး ရေးနိုင်ပုံနှင့် သူ့စာများ၌ နွေ့လေးရန့် ကြိုင်လှောက်နေပုံကို ချီးမွမ်းထားသည်။

အက်ဆေးဆရာသည် သူချစ်သော သူများ၏ ဆယ်စုနှစ် တစ်ကန့်စီကို သံယောဇဉ်ကြီးစွာဖြင့် ရောက်တတ်ရာ ရာ ပြန်ပြောပြနေသည်ဟု ထင်ရပါ သည်။ ကျွန်တော်သည် မည်သည့် အက်ဆေးဆရာ၏ မည်သည့်အက်ဆေး တစ်ပုဒ်ကိုမျှ ရောက်တတ်ရာရာ ပြောနေ ခြင်း ဖြစ်သည်ဟု မထင်မြင်ချေ။ ပါးနပ် သော အက်ဆေးဆရာတို့သည် ရောက် တတ်ရာရာ ပြောနေသည်ဟု ထင်ရ အောင် စကားလုံးများ၊ အကြောင်းအရာ များကို နှီးနွှယ်ဆက်စပ်လျက် သူတို့ ပြောလိုရာကို 'ရောက်'အောင် ပြော တတ်သည်။ ပါးနပ်လိမ္မာစွာ အစီအမံပြု တတ်သော သူများဖြစ်သည်ဟု ကျွန်တော်ထင်သည်။

ခုလည်း အက်ဆေးဆရာသည် သူငယ်ချင်းများ၏ အပြောင်းအလဲကို ရောက်တတ်ရာရာ ပြောသလို ပြောပြ နေခဲ့ရာမှ သူတကယ် ပြောလိုသည့် အတွေးအမြင်တစ်ခုဆီသို့ မသိမသာ ရွှေ့ပြောင်း ယူငင်လာခဲ့ပါသည်။ ဒီ အကူးအပြောင်းလေးကိုလည်း ချောမွေ့ ပြေပြစ်အောင် သူက အစီအမံပြုခဲ့ပါသည်။

*'အင်္ဂလိပ်စကားလုံး Decade က ဆယ်စုနှစ်ဆို သည့် အဓိပ္ပာယ်ရသည်။ Decadence ကတော့ ယိုယွင်းကျဆင်း ခြင်းကို ဆိုသည်။ ကျွန်တော်ကတော့ ဒီစကားနှစ်လုံးကိုပဲ တွေးနေမိပါသည်။ ဆယ်စုနှစ်တိုင်းမှာ အပြောင်းအလဲတွေ ရှိနိုင်သည်။ ရှိလည်း ရှိသည်။ အကောင်းပြောင်းလဲခြင်း၊ ဒါမှမဟုတ် အဆိုးပြောင်းလဲခြင်း၊ ကိစ္စမရှိ။ သံခဲ၏ ရုပ်ဒိုးလို ဘဝရေပြင်ကို တစ်ကြိမ် ထိနမ်းပြီးတိုင်း တစ်ကြိမ် ထ,ပျံဖို့ အားယူနိုင်ဖို့ပဲ လိုသည်။ နောက်ထပ် ဆယ်စုနှစ်တစ်နှစ်စာ အားယူပျံသန်း နိုင်ဖို့ပဲလိုသည်။ တွေ့ပစ်သလို တစ်ဖက် ကျောက်ခဲကို မှန်အောင် ပစ်နိုင်လျှင်ပစ်၊ မမှန်နိုင်လျှင် ကိုယ့်ဒိုးက ဝေးဝေး ရောက်နေဖို့လိုသည်။'*

စာရေးခြင်းအတတ် အနေဖြင့် ကြည့်လျှင် အက်ဆေးဆရာသည် သူ့စာ အစကတည်းက သူပစ်လွှတ်ထားခဲ့ သော မြားချက်များကို သူ့စာအဆုံးတွင် ပြန်လည်၍ သိမ်းငင်စုစည်းကာ သူလို သော အရပ်ဆီသို့ ဦးတည်လျက် ပစ် မှတ်ကို ထိမှန်အောင် လှလှပပ ပစ်ခတ် ထိုး စိုက်နိုင်ခဲ့သည်ဟု ဆိုရပါမည်။

သူက ကျောက်ခဲပြားလေးတွေ အကြောင်းကို ပြောပြခဲ့သော်လည်း ကျောက်ခဲပြားလေးတွေ အကြောင်းကိုပဲ ပြောပြခဲ့ခြင်း မဟုတ်ပါ။ ဘဝတွေ အကြောင်းကို ပြောပြခဲ့ခြင်း ဖြစ်ပါ သည်။

လူတိုင်းလူတိုင်းမှာ ဘဝကိုယ်စီ ရှိသည်။ လူတစ်ဦးချင်းစီက ဘဝတစ်ခု စီကို ထွေးပိုက်၍ ရှင်သန်ဖြတ်သန်းကြ ရသည်။ မည်သူမဆို တိုက်ပွဲဝင်ရသည်။ ဝမ်းစာ တိုက်ပွဲ၊ ဂုဏ်သိက္ခာတိုက်ပွဲ စသည် တိုက်ပွဲ သို့မဟုတ် ယှဉ်ပြိုင်မှု တွေ ရှိလာတတ်သည်။ တစ်စုံတစ် ယောက်နှင့်ဖြစ်စေ၊ တစ်စုံတစ်ရာနှင့် ဖြစ်စေ၊ လောကဓံနှင့်ဖြစ်စေ ယှဉ်ပြိုင် ရတတ်သည်။ တိုက်ပွဲဝင်ရတတ်သည်။ အလျော့အစား လုပ်ရတတ်သည်။ စီးချင်းထိုးရတတ်သည်။ အခွင့်အခါ ကောင်းကို စောင့်ရတတ်သည်။

ရှုံးမယ့်မြင်းကို မည်သူမျှ မလောင်းဘူး ဆိုသည်။ ဖဲဆိုတာ စီးမှ ရိုက်ရသည်။ စစ်ဆိုတာ နိုင်မှတိုက်ရ သည်။ အောင်မြင်ဖို့လိုသည်။ သေချာ ဖို့လိုသည်။ သေချာချင်သည်။ အသေ အချာ ထိမှန်မှ အနိုင်ပွဲတွေ ဘဝမှာ အတော်များများ ရနိုင်မည်။

မသေချာလျှင် မိမိပစ်လိုက်သော ဒိုးကလေးမှာ ယှဉ်ပြိုင်သူနှင့် သို့မဟုတ် လောကဓံနှင့် နီးကပ်စွာ ကျရောက်သွား နိုင်သည်။ လွယ်လင့်တကူ အစားခံရနိုင် သည်။ လွယ်လင့်တကူ အဝါးအမျိုခံ ရနိုင်သည်။ လွယ်လင့်တကူ ရှုံးနိမ့်သွား နိုင်သည်။

ထို့ကြောင့် သေချာမှပစ်ရမည်၊ သေချာအောင် ပစ်ရမည်။ လက်ဆ ကောင်းဖို့ လိုသည်။ အခွင့်အခါကောင်း ကို အရည်အချင်းကောင်းနှင့် စောင့်ရ မည်။ အက်ဆေးဆရာက ဆယ်နှစ်ဟု ဆိုသည်။ ငါးနှစ်လည်း ဖြစ်ချင်ဖြစ် မည်။ အနှစ်နှစ်ဆယ်လည်း ဖြစ်နိုင် သည်။ ခေတ်တစ်ခေတ်လည်း ဖြစ်နိုင် သည်။ သည်းခံရမည်၊ ဖွဲသန်ရမည်၊ မာန်တင်းရမည်။ ဘဝရေပြင်ကို တစ် ကြိမ် ထိနမ်းပြီးတိုင်း တစ်ကြိမ်အားယူ ပျံသန်းနိုင်ဖို့လိုသည်။ အခွင့်ကောင်းဆို သည်က အဖန်ဖန်အခါခါ ပြန်လာချင်မှ လာမည်။ တစ်ကြိမ်တစ်ခါ အခွင့် ကောင်းရလျှင် တစ်ချက်တည်းနှင့် ပစ်မှတ်ကို ထိမှန်အောင် ပစ်ရမည်။ မှန်အောင်ပစ်၊ မှန်အောင်မပစ်နိုင်ပါက ဝေးဝေးရောက်အောင်ပစ်တဲ့။

ဆရာနေဝင်းမြင့်၏ 'ရုပ် ဒိုးများ' မှ ကျွန်တော် ရရှိလိုက်သော အရာဖြစ် သည်။

တော်တော်လှပသည့် အဘိဓမ္မာ ဖြစ်သည်။

■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တကယ့်တကယ်တော့ ရှင်က ဘာမှ သိပုံမရဘူး။ ငုတ်အေးစီးကြရအောင်လို့ ကျွန်မခေါ်တော့ နောက်ကို အသာလိုက်လာတာပဲ။ ဘယ်သွားမှာလဲလို့ ကျွန်မကို တစ်ခွန်းမမေးဘူး။ ဒီတစ်နေ့တာ အဖို့ ခရီးစဉ်ဟာ ကျွန်မလက်ထဲမှာပဲ၊ အနာဂတ်ဟာ ကျွန်မလက်ထဲမှာပဲ။ ဒီလိုသာ ရှင်တွေးနေသလား။ ထုံးစံအတိုင်း ရှင်က အဖြူဆွတ်ဆွတ် မျက်နှာနဲ့။ ဘူတာရုံဆီ ခပ်အေးအေး ပါလာတယ်။

ဘူတာရုံဟာ ရွှေမြို့တော်ရဲ့ နေ့ခင်းများစွာလိုပဲ ဆူညံသက်ဝင်နေတယ်။ လူတွေဟာ ခုပဲ မိုးပေါ်က ကျလာသလို ကသုတ်ကရက်။ ရှုတည့်တည့်ကို တစ်စိုက်မတ်မတ်ကြည့်လို့ အဆောတလျင်။ သူတို့မျက်လုံးတွေဟာ ကြည့်တော့ ကြည့်တာပဲ။ ဒါပေမဲ့ ကြည့်သမျှကို မြင်၊ မမြင်ဆိုတာ ရှင်လည်းသိမှာမဟုတ်ဘူး။ ကျွန်မလည်း မသိဘူးရယ်။ သူတို့ သက်ပြင်းချသံကတော့ အတော်ကျယ်ပါရဲ့။ ရှင်ကြားသလား။ နားနဲ့ပဲ နားထောင်ရင်တော့ ကြားမှာ မဟုတ်ဘူးပေါ့။ စိတ်နဲ့ နားထောင်မှသာ ကြားရလိမ့်မယ်။

တစ်ယောက်နဲ့ တစ်ယောက် တိုးတိုက်မိတော့ မတတ် တရွေ့ရွေ့ တသုတ်သုတ် ရှိလှတဲ့ လားရာမတူ လူပေါင်းများစွာကို ကျွန်မတို့ ဖြတ်လာခဲ့ကြတယ်။ ရှင့်ရဲ့ အသက်သွေး မရှိသလို ဖြူဆွတ်ဆွတ် မျက်နှာမှာ ချွေးစေးတချို့ ရိပ်ရိပ်ထင်လာတာကို တစ်ချက် လှည့်ကြည့်တဲ့ အခိုက်မြင်လိုက်ရတယ်။ အသားညိုညစ်ညစ် အရေးအကြောင်း ရှုံ့ရှုံ့တွတွ အမယ်အိုတစ်ယောက် ဈေးဗန်းရွက်ရင်း ငိုက်ငိုက် ထိုင်နေပုံကို မြင်လိုက်ရလို့လား။ ဘူးခွံအယောင်း တစ်ခုတလေအတွက်သိမ်းငှက်လို မျက်လုံးလျှင်တဲ့ ကလေးမလေးကို

ခွင့်လွှတ်ပါ
စိတ်ထဲက
တောင်းပန်သံကို
မကြားတဲ့ ရှင်က
ခေါင်းတစ်ချက်
ခါယမ်းလိုက်တယ်
ရှင့်မျက်လုံးထဲမှာ
ရှင့်အဖေကို
မြင်ယောင်
လိုက်သလား
ရှင်တို့အိမ်ဆီ
မကြာမကြာ
ရောက်လာ
တတ်တဲ့
လူတွေကို
မြင်ယောင်
လိုက်သလား



www.burmeseclassic.com

www.burmeseclassic.com

> ကျွန်မ ပြောလိုက်တဲ့ စကားခါးခါးဟာ ရှင့်အတွက် လက်ခံဖို့ ခက်ကောင်း ခက်မှာပဲ ဒါပေမဲ့ အမှန်တရားပါ တစ်နေ့ကျရင် ရှင် မျက်နှာချင်း တည့်တည့်ဆိုင် ဆုပ်ကိုင် ထားရမယ့် အမှန်တရားပါ

တွေ့လိုက်ရလို့လား။ ဝမ်းမဝခြင်းဟာ ငိုဖို့ လုံလောက်တဲ့ အကြောင်းပြချက်ပဲရယ်လို့ လက်ခံထားပုံရတဲ့ ကလေးငိုသံသေးသေးလေးကို ကြားလိုက်ရလို့လား။ ဒါတော့ ရှင်ကိုယ်တိုင်ပဲ သိလိမ့်မယ်။ တစ်ခုတော့ ကျွန်မ လောင်းကြေးထပ်ရဲပါရဲ့။ ဒီလိုလူတွေကို ရှေးမဆွက ရှင်မြင်ဖူးခဲ့မှာ မဟုတ်ဘူး။

ဒီဘူတာရုံဟာ ကျွန်မတို့ ရွှေမြို့တော်မှာ အကြီးဆုံးဘူတာရုံပဲ။ ဗဟိုအချက်အချာ ခေါ်မလား။ ခရီးစဉ်အားလုံးရဲ့ အဆုံးဟာ ဒီဘူတာရုံပဲ၊ အစဟာလည်း ဒီဘူတာရုံပဲ။ အပြာရောင်ရထား၊ အဝါရောင်ရထားတွေ စင်္ကြံတွေမှာ ဆိုက်နားနေတာ တွေ့မြဲတိုင်းလိုတွေ့ရတယ်။ ဘယ်ရထားပေါ်တက်မလဲလို့ ရှင် မမေးပြန်ဘူး။ အဝါရောင် နှစ်စောင်ပေးပါလို့ လက်မှတ်ရုံမှာ ကျွန်မဝယ်တော့ ရှင်က ဝေဝေဝါးဝါး မျက်နှာပေးနဲ့ တောင်ငေးမြောက်ငေး။ လက်မှတ်တစ်စောင် သုံးရာ၊ နှစ်စောင်ဆိုတော့ ခြောက်ရာပေါ့လို့ အသာတွက်ရင်း ကျွန်မ ငွေထုတ်ပေးတယ်။ အိတ်ကို ဇစ်ပြန်ပိတ်တယ်။ လက်မှတ်ကို ခပ်ဆဆကိုင်လို့ နေရာကခွာဖို့ ပြင်တယ်။

ဒီအချိန်မှာပဲ အမျိုးသမီးတစ်ယောက်က ကျွန်မ ပခုံးစွန်းကို တွန်းတိုက်မိတဲ့အထိ အလောတကြီး ရှေ့တိုးလာတယ်။ သူ့မျက်နှာဟာ ချွေးစေးနဲ့ ဝင်းပြောင်ပြောင်။ ဆံပင်တွေကို ထုံးတယ်ဆိုရုံတင် မသေမသပ် ထုံးနှောင်ထားတယ်။ ခေါင်းထက်က စီးလာတဲ့ ချွေးစီးကြောင်းဟာ လည်ပင်းပေါ် တလိမ့်လိမ့် ကျလာတယ်။ ကုပ်သားမှာ ဆံစတချို့ ချွေးနဲ့ ကပ်နေတယ်။ အင်္ကျီလုံချည်က အရောင်အဆင်း မှိန်မှိန်ဖျော့ဖျော့။ ငွေအကြွေ နွမ်းနွမ်းလေးတွေကို လက်ထဲမှာ ဆုပ်ထားတယ်။ နောက်လက်တစ်ဖက်မှာတော့ ပစ္စည်းပစ္စယတွေ ထည့်သိုထားပုံရတဲ့ ကြွပ်ကြွပ်အိတ်တစ်လုံးကို ဆွဲထားတယ်။ သူ့အသွင်ရယ်၊ အဝတ်အစားရယ်၊ ငွေစက္ကူရယ်ဟာ အပြိုင်အဆိုင် နွမ်းလျနေကြတယ်။ ချွေးနံ့တစ်ချက် လွင့်လာတော့ ရှင် နှာခေါင်းရှုံ့တယ်။ ရှင်ဆွတ်လာတဲ့ ရေမွှေးနံ့နဲ့ အဲဒီချွေးနံ့ဟာ ရှင့်အနီးဝန်းကျင်မှာ အပြန်အလှန် တိုက်ခိုက်နေကြမယ် ထင်တာပဲ။

အမျိုးသမီးက ပခုံးနာကျင်လို့ မျက်မှောင်ကြုတ်တဲ့ ကျွန်မကိုလည်း မြင်ပုံမရဘူး။ အဖြူရောင် နှစ်စောင်ပေးပါတဲ့။ ခပ်လောလော ပြောပြန်တယ်။ ခုမှ သေချာကြည့်တော့ သူ့နောက်မှာ ဆယ်နှစ်ကျော်ကျော် ကလေးတစ်ယောက်က အိတ်ကလေးတစ်အိတ်ဆွဲလို့ ခပ်ငူငူရပ်နေတာ တွေ့ရတယ်။ ကလေးရဲ့အကြည့်က ခပ်ပေပေ ခပ်သေသေ။ ရှင့်မျက်နှာ ဖြူဆွတ်ဆွတ်ကို ကလေးက စိုက်ကြည့်နေတယ်။ ရှင်ကလည်း ကလေးတန်မဲ့ ကြည့်တဲ့ မျက်လုံးသေတွေကို တန်ပြန် စူးစိုက်ကြည့်နေတယ်။ မျက်ခုံး နည်းနည်းပင့်ထားတယ်။ ရှင် အံ့သြနေသလား။ ကလေးတစ်ယောက်မှာ အနာဂတ် မရှိသလို မျက်လုံးတွေလည်း ရှိနိုင်တယ်ဆိုတာ ရှင် အံ့သြနေတယ် မဟုတ်လား။

လက်မှတ်နှစ်စောင်ကိုင်ပြီး နေရာက မခွာသေးတဲ့ ကျွန်မကို ရှင်က ဘာမှ စောဒက မတက်ပြန်ဘူး။ ခုနေ ဒီလက်မှတ်တွေ လွှင့်ပစ်ပြီး လှည့်ပြန်ရင်တောင် ကျွန်မနောက်ကို ရှင်အသာတကြည် လိုက်လာဦးမှာပဲ။ ကျွန်မ သိပါတယ်။

'အဖြူရောင်က နောက်တစ်နာရီလောက်နေမှ လာလိမ့်မယ်၊ ခဏနေရင်တော့ အဝါရောင် ထွက်မယ်၊ အဝါရောင် စီးပါလား'လို့ လက်မှတ်ရောင်းသူက အနိမ့်အမြင့်မရှိတဲ့ အသံနဲ့ ပြောတယ်။ အမျိုးသမီးကိုတော့ မော့မကြည့်ဘူး။ လက်မှတ်စာအုပ်ကိုပဲ ဝတ္တရားတစ်ခုလို ငုံ့ကြည့်နေတယ်။

အမျိုးသမီးက လက်မှတ်ရုံအထက်နားဆီက သင်ပုန်းကို မော့ကြည့်တယ်။ သူကြည့်သလို ကျွန်မ လိုက်ကြည့်တယ်။ အင်း…ရှင်လည်း လိုက်ကြည့်တယ်။ အဖြူရောင် ၁၀၀၊ အပြာရောင် ၂၀၀၊ အဝါရောင် ၃၀၀။ အမျိုးသမီးက နှုတ်ခမ်းကို လျှာနဲ့ သပ်လိုက်တယ်။ နဂိုက ဆံပင်ပွပြီးသားခေါင်းကို တစ်ချက်ကုတ်တယ်။ ကလေးကို လှည့်ကြည့်တယ်။ နောက်မှ အသံတိုးတိုးလေးနဲ့ 'စောင့်တော့မယ်'တဲ့။ သူတို့သားအမိ အုတ်ခုံလေးဆီ လျှောက်သွားကြတယ်။ ထိုင်ချလိုက်တယ်။ ကြွပ်ကြွပ်အိတ်အနက်ရောင်ဟာ သူတို့သားအမိကြား ခြားနေတယ်။ လက်မှတ်ရောင်းသမားက ခုထိ မော့မကြည့်ဘူး။ ရွှေမြို့တော် ရေဒီယိုက တေးသီချင်းသံကို ခပ်တိုးတိုး လိုက်ညည်းနေတယ်။ သာယာဝပြော သယံဇာတပေါတဲ့ ငါတို့မြေမှာ…။

လက်မှတ်နှစ်စောင်ဟာ ကျွန်မလက်ထဲမှာ ချွေးစေးတွေနဲ့ စိုကပ်တော့မယ်။ လက်မှတ်ကို ငုံ့ကြည့်တယ်။ မနီးမဝေးက သားအမိကို လှမ်းကြည့်တယ်။ ဘူတာရုံက တိုင်ကပ်နာရီကလည်း ကျွန်မတို့ကို ငုံ့ကြည့်နေတယ်။ နာရီသံတချက်ချက်၊ တေးသီချင်းသံ၊ နှလုံးခုန်လှုပ်သံ



www.burmeseclassic.com

www.burmeseclassic.com

၄၅ ဒီဂရီလောက် ချာခနဲ ကျောခိုင်းလှည့်ထွက်တဲ့ ကျွန်မနောက်ကို ရှင် အပြေးလေး လိုက်လာတယ်။ ကြေးပေါ်ကနေ ခြေတစ်လှမ်း ချလိုက်တယ်ဆိုရင်ပဲ ကျွန်မကို ရှင် မီလာရော။ ရှင်က ခြေဆံလက်ဆံ ရှည်လျားသူလေ။ သံလမ်းတစ်ခုကို ကျော်လိုက်ရုံ ရှိသေး၊ ရှင်က ကျွန်မလက်ကို ဆောင့်ဆွဲလိုက်တယ်။ ရှင့်လက်မှာလည်း ခုတော့ ချွေးစေးစတချို့နဲ့။ ရှင့်မျက်နှာကတော့ ဖြူဆွတ်တုန်း။ ဒါပေမဲ့ အကြောအခြင်တွေ မလှုပ်စဖူး လှုပ်နေတာကို အနီးကပ် မြင်ရတယ်။

'ဟိုသားအမိက ဘာလို့ လက်မှတ်မဝယ်တာလဲ၊ ဘာလို့ နောက်တစ်နာရီ စောင့်မှာလဲ၊ အိမ်စောစောရောက်တော့ ဆာဆာနဲ့ စားရတာပေါ့ မဟုတ်ဘူးလား'

ခုမှ ကြည့်မိတယ်။ ရှင့်မျက်လုံးတွေဟာ ကလေးလေးတစ်ယောက်ရဲ့ မျက်လုံးတွေပဲ။ ဒီမျက်လုံးလေးတွေဟာ ချစ်စရာလည်းကောင်း၊ သနားစရာလည်း ကောင်းပါရဲ့။ ကျွန်မ ခပ်သာသာ ရယ်မောမိတယ်။ ရှင်က ကျွန်မ ရယ်ပုံကိုပဲ အထူးအဆန်းလုပ်လို့ ငေးကြည့်နေပြန်တာ။

'အဖြူရောင်နဲ့ အဝါရောင် ဈေးမတူတာကို ရှင် မတွေ့ဘူးလား'

'တွေ့ပါတယ်၊ ဒါပေမဲ့ အဖြူရောင် နှစ်စောင်ဆိုရင် ၂၀၀၊ အဝါရောင် နှစ်စောင်ဆိုရင် ၆၀၀။ ခြားနားချက်က ၄၀၀ ပဲဟာ'

သံလမ်း နောက်တစ်ခုပေါ်ကို ကျွန်မ လှမ်းတက်လိုက်တယ်။ ရှင်တွဲထားတဲ့ လက်ကိုလည်း ဆတ်ခနဲ ရုန်းလိုက်တယ်။ မြေသားပေါ်မှာပဲ ရှိနေသေးတဲ့ ရှင့်ကို လှည့်ကြည့်မိတယ်။ ကျွန်မ ဘယ်သွားမယ်ဆိုတာတောင် မမေးခဲ့တဲ့ရှင်က ခုတော့လည်း မေးခွန်းတွေ မေးချင်လိုက်တာ၊ သိချင်တာတွေ များလိုက်တာ။ ရှင့်ကို ဘယ်လိုပြောရမလဲ၊ ဘယ်လိုပြောရင် ရှင် နားလည်နိုင်မလဲ။

'၄၀၀ ဆိုတာ သူတို့အတွက် ထမင်းတစ်နပ်လည်း ဖြစ်နိုင်သေးတာပဲဟာ' လို့ ဆတ်ခနဲ တိုတောင်းချင်တဲ့ စိတ်ကိုလျှော့လို့ စဉ်းစဉ်းစားစား ပြောပြမိတယ်။

မဖြစ်နိုင်တာ။ ရှင်က နှုတ်ခမ်း လှုပ်ရုံ ရွတ်တယ်။ ကျွန်မ မျက်လုံးတွေရဲ့ အပြစ်တင်စကားကို ကြောက်သလို တစ်ချက်ရယ်လိုက်ပြန်တယ်။ ကျွန်တော်တို့ လက်မှတ် သွားဝယ်ပေးလိုက်ရအောင်…တဲ့။ တကယ်တော့ ရှင့်မှာ ငွေအကြွေ ၄၀၀ ရှိမှာမဟုတ်ဘူး။ ရှင့်အတွက်တော့ ငွေအကြွေဆိုတာ တံတားတွေပေါ်၊ လမ်းတွေပေါ်က ဖြတ်တဲ့အခါ ပေးရတဲ့ ပိုက်ဆံမျိုးပဲ။ ရှင့်ပိုက်ဆံအိတ်ထဲမှာတော့ ကျွန်မ သဘောမကျတဲ့ တိရစ္ဆာန်တစ်မျိုးရဲ့ အနီရောင်၊ စိမ်းပြာရောင်အဆင်းနဲ့ ငွေစက္ကူချပ်တွေက အမြဲလို ထူထူထဲထဲ နေရာယူထားတတ်တာ။ ကော်ဖီတစ်ခွက်ကို အနီရောင် တစ်ကောင်တန်လည်း ရှင် ပက်ခနဲ ပေးလိုက်မှာပဲ။ ရှင်တိုက်တဲ့ ကော်ဖီကို ဒီနေ့အထိ လိုက်သောက်ဖို့ ဝန်လေးခဲ့တာ ကော်ဖီမကြိုက်လို့ မဟုတ်ဘူးဆိုတာ ရှင် သိချင်မှ သိလိမ့်မယ်။ ငွေ ၄၀၀ ဆိုတာ လူတစ်ယောက် ထမင်းဟင်း(မဝရေစာ) စားနိုင်ဖို့ရာ လုံလောက်ကြောင်းလည်း ရှင် သိချင်မှ သိလိမ့်မယ်။

'ရှင် သူတို့ကို ဘယ်နှရက် လက်မှတ်ဝယ်ပေးနိုင်မလဲ၊ နေ့တိုင်း ဝယ်ပေးနိုင်တယ်လို့ ပြောမလား။ ဟုတ်ပြီ၊ သူတို့လိုလူ နောက်ထပ် ဘယ်နှယောက်လောက် ရှိနေဦးမယ်လို့ ရှင်ထင်သလဲ၊ သူတို့တွေ အားလုံးကို ရှင် နေ့တိုင်း ဝယ်ပေးနိုင်မလား၊ ရထားလက်မှတ် ဝယ်ပေးလိုက်တာကကော တကယ်ပဲ သူတို့ဘဝတွေအတွက် ကယ်တင်ရာ ထွက်ပေါက်တစ်ခု ဖြစ်မယ်လို့ ရှင်ထင်လို့လား'

ရှင်က ကျွန်မကို ငေးနေပြန်တယ်။ ဘာပြန်ပြောရမယ်လို့ ရုတ်တရက် သိမှာမဟုတ်ဘူး။ ကျွတ်ခနဲ စုတ်သပ်လိုက်တယ်။ သံလမ်းကို အပြည့်အဝကျော်လို့ စင်္ကြံပေါ် တက်လိုက်တဲ့ ကျွန်မနောက် အပြေးအလွှားလိုက်ပြန်တယ်။ လက်မှတ်ရုံ ရှိတဲ့ တစ်ဖက်စင်္ကြံကို ကျွန်မတို့ရောက်နေတဲ့ စင်္ကြံကနေ မြင်နေရတုန်းပဲ။ ဟိုသားအမိလည်း ရှိတုန်းပဲ။ ကိုယ့်ဘဝကိုယ် တောင် ပြန်ရှာမတွေ့ တတ်သလို မျက်လုံးသေတွေနဲ့ ထိုင်နေတုန်းပဲ။

သူတို့ ဘယ်အချိန် အိမ်ရောက်မှာပါလိမ့်၊ အဲဒီအိမ်မှာကော စားစရာမှ ရှိရဲ့လားလို့ ရှင် တွေးမိသလား၊ ကျွန်မ တွေးသလိုလေ။ ဟောဟိုက ဈေးသည်အမယ်အိုကြီး ဘယ်အသက်အရွယ်အထိများ ခက်ခက်ခဲခဲ ရှာဖွေစားနေရဦးမလဲ ရှင် တွေးမိသလား၊ ကျွန်မ တွေးသလိုလေ။ ဘူးခွံစောင့်တဲ့ ကလေးမလေး စာသင်ကြားခွင့်မှ ရခဲ့ရဲ့လားလို့ ရှင် တွေးမိသလား၊ ကျွန်မ တွေးသလိုလေ။ ရှင် မြင်ခဲ့တဲ့ ဝမ်းဆာနေတဲ့ ကလေးလေး နောက်ရက်တွေ မှာကော အချိန်မှန်မှ စားရပါ့မလားလို့ ရှင် တွေးမိသလား၊ ကျွန်မ တွေးသလိုလေ။ ခု မတွေးနိုင်သေးရင်လည်း ရတာပါပဲ။ တွေးဖို့ လိုအပ်တဲ့ တစ်နေ့ ရောက်ရင်သာ ရှင် တွေးစေချင်တယ်။

အဝါရောင်ရထားဟာ နေ့လယ်နေ့ခင်းမို့ ထင်ပါရဲ့။ ပျင်းပျင်းရိရိ လဲလျောင်းလို့ ခရီးသည် စောင့်နေရှာတယ်။ တွေ့တွေ့ချင်း ဝင်ပေါက်ကနေ ရထားပေါ် လှမ်းတက်လိုက်တယ်။ ပထမတော့ ရှင့်ကို မေ့သွားတယ်ဆိုတာ ဝန်ခံပါတယ်။ ရထားပေါ် ရောက်တာနဲ့ ထိုင်ခုံ ရှာတတ်တဲ့ အကျင့်အတိုင်း မျက်လုံး ကစားနေမိတယ်။ သတိရလို့ ငုံ့ကြည့်တော့ ရှင်က နောက်ဆုံးတစ်ဆင့်ကို အားယူတက်လို့ ရထားပေါ် ရောက်လာပြီ။ အသင့်တွေ့တဲ့နေရာဆီ အပြေးသွားတဲ့ ကျွန်မနောက်ကို လိုက်လာပြန်တယ်။ ဘေးမှာ ဝင်ထိုင်တယ်။ ရှင့်ဆီက အသက်ရှူသံ ခပ်ပြင်းပြင်း ကြားရတယ်။ မောသလား၊ ဒါလောက်နဲ့ မောသလား။

ရှင့်အသား ဖြူဆွတ်ဆွတ်ဟာ သွေးရောင်အစအန လွှမ်းစပြုလာတယ်။ ဒါဟာ

www.burmeseclassic.com

လူပီသတဲ့ လက္ခဏာပေါ့။ ဒီလိုပဲ ကျွန်မ တွေးတယ်။ ရှင် လူပီပီသသ လှုပ်ရှားမောပန်းဖူးရမယ်။ လူတွေကြားမှာ လမ်းလျှောက်ဖူးရမယ်။ လူတွေ ဘယ်လိုများ နေထိုင်ကြပါလိမ့် ရှင် သိရမယ်။ လောကဟာ သုခတွေနဲ့သာ ဖွဲ့စည်းထားတာမဟုတ်ကြောင်း ရှင် သိရမယ်။ ခု မသိသေးရင်တောင် နောင်သိလာမယ် မျှော်လင့်တာပါပဲ။

ခုနေများတော့ ရွှေမြို့တော် အုပ်ချုပ်ရေးမှူးဟာ ရှင်နဲ့ကျွန်မကို တွဲလျက်မြင်လိုက်ရင် တက်များ သေရှာမလားပဲ။ သူ့ရင်နှစ်သည်းချာဟာ သာမန် လူများစွာကို ကိုယ်စားပြုတယ်ဆိုရမယ့် သာမန်မိန်းကလေး ကျွန်မအနားမှာ။ ကျွန်မက လက်ညိုးညွှန်ရင် သို့မဟုတ် ဦးဆောင်ရင် ငြိမ်ငြိမ်ဝပ်ဝပ် လိုက်ပါလာတတ်သူ ရှင့်အတွက် ရှင့်ပတ်ဝန်းကျင်ဟာ ရတက်အေးကြမှာ မဟုတ်ဘူး။ တော်လှန်လိုစိတ် ပြင်းပြတဲ့ အနီရောင် မိန်းကလေးတစ်ယောက်အနား ရှင် ရှိနေမှန်းသိရင် ရှင့်ပတ်ဝန်းကျင်က ဘယ်လိုများ တုံ့ပြန်မှာပါလိမ့်။ ရှင်ဟာ ကိုယ့်အတွက်ကိုသာ မွေးမြူတတ်တဲ့ အမည်းတွေ ကြားထဲမှာတော့ အဖြူတစ်စက်ပါပဲ။ သူတို့ဆီက အမည်းတွေ ရှင့်ဆီ ကူးစက်လာမှာသာ ကျွန်မ စိုးထိတ်မိတာ။ ဒါ ကျွန်မအတွက် မဟုတ်ဘူးဆိုတာတော့ ရှင်ယုံရဲ့ မဟုတ်လား။ ရွှေမြို့တော်ကြီးကို ကျွန်မ ဘယ်လောက် တွယ်တာတယ်ဆိုတာ ရှင်သိရဲ့ မဟုတ်လား။ ရွှေမြို့တော်မှာ ကျားကုတ်ကျားခဲ ရှင်သန်နေသူတွေကို ကျွန်မ ဘယ်လောက် ချစ်တယ်ဆိုတာ ရှင် နားလည်ရဲ့ မဟုတ်လား။

> ဖွံ့ဖြိုးလှပါပြီရယ်လို့
> ရွှေမြို့တော်ကို
> ရှင့်အဖေ
> ညွှန်းတိုင်း
> ရယ်ရမလို ငိုရမလို
> ဖြစ်ရတတ်တဲ့
> လူတွေကို
> ရှင်
> တွေ့ရလိမ့်ဦးမယ်
> သူတို့အနားတော့
> ရှင်
> သိပ်မကပ်လေနဲ့
> သူတို့မှုတ်ထုတ်တဲ့
> လေပူဟာ
> ရှင့်စိတ်နှလုံးကို
> ဟာပ်မယ်
> ခံစားတတ်တဲ့
> စိတ်နှလုံး
> ရှိသူမှန်ရင်
> ခံနိုင်ရည်ရှိမှာ
> မဟုတ်ဘူး

'လူတွေကိုချစ်တာရဲ့ ဆယ်ပုံတစ်ပုံလောက် ကျွန်တော့်ကို ချစ်ကြည့်ပါလား' လို့ တစ်ခါက ရှင် ပြောဖူးတယ်။ ဒါက အပြောသာ လွယ်တာ၊ အလုပ်ကျတော့ သိပ်ခက်တာမျိုး။ ကျွန်မ ကြိုးစားကြည့်ဖူးသားပဲ။ ရှင့်ပတ်ဝန်းကျင်ကို မေ့ပြီး ရှင့်ကို အပြည့်အဝ ချစ်နိုင်ဖို့၊ ရှင့်ပတ်ဝန်းကျင်က ကျူးလွန်ခဲ့တဲ့ အတိတ်ဆိုးကို မေ့ပစ်ပြီး ရှင့်ကို ရာနှုန်းပြည့် ကြည်ဖြူနိုင်ဖို့။ တကယ်တော့ ကျွန်မတို့လို ရွှေမြို့တော်က သာမန်လူများစွာ မမေ့နိုင်တဲ့ အတိတ်တစ်ခေတ်ကို ရှင်လည်း အသေအချာ မသိမမီပါဘူး။ ရှင့်ပယောဂလည်း မပါပါဘူး။ ဒါပေမဲ့ ဘယ်လို လုပ်မလဲ၊ ရှင့်မျက်နှာကို မြင်ရတဲ့ အခိုက် အံ့သြစရာ ရက်စက်ဖူးသူတွေကို သတိရရလာတတ်တာ ဘယ်လို လုပ်မလဲ။

ခုလည်း ရှင့်လက်တွေ ကျွန်မ လက်ဖဝါးကို နောက်တစ်ကြိမ် ဆုပ်ကိုင်လိုက်တဲ့ အခိုက် ကြည်နူးစိတ်က အခိုက်အတန့် လှစ်ခနဲ ပေါ်တယ်။ တကယ့်ကို အခိုက်အတန့်မျှသာပဲ။ နောက်တော့ စိတ်ရိုင်းက ဝင်မြဲတိုင်းဝင်ပြီး ရုန်းလိုက်မိပြန်တယ်။ စောစောက သားအမိ ငွေ ၄၀၀ အတွက် အချိန်တစ်နာရီ ငုတ်တုတ်ထိုင်ရအောင် ရှင်ပဲ ကျူးလွန်ခဲ့သလိုမျိုး၊ ရှင့်မှာ တာဝန်ရှိသလိုမျိုး ကျွန်မ စွပ်စွဲချင်လာတယ်။ နှုတ်က တရွရွ ဖြစ်လာတယ်။ အသက်ကို ပြင်းပြင်းရှူမိတယ်။ ရှင်ကတော့ ထုံးစံအတိုင်း ကျွန်မ မျက်နှာကိုပဲ အထူးအဆန်းလုပ် ငေးနေပြန်ရော။ နောက်တော့ ရထား အပြင်ဘက်ဆီ ငေးနေပြန်ရော။ ခဏကြာရင် ကျွန်မ စိတ်ပြေပြီး ပြုံးပြုံးရွှင်ရွှင်ဖြစ်လာပြန်ဦးမယ် ဆိုတာလည်း ရှင်သိရဲ့ မဟုတ်လား။

ရှင် ငေးနေတုန်းမှာပဲ ရထားဟာ အိပ်မောကျနေရာကနေ ဆတ်ခနဲ လှုပ်လာတယ်။ လူတွေ တစ်ယောက်ပြီးတစ်ယောက် တက်လာတယ်။ တချို့လည်း အိတ်တစ်အိတ်လောက် လွယ်ပြီး ပေါ့ပေါ့ပါးပါး။ တချို့လည်း တစ်ကမ္ဘာလုံးမှာ အခက်ခဲဆုံး နေ့တွေကို သိမ်းကျုံး ရင်ဆိုင်နေရသလို လေးလေးပင်ပင် မျက်နှာတွေနဲ့။ သူတို့လက်ထဲမှာတော့ အိတ်ကြီးအိတ်ငယ် ပါတယ်။ တချို့လည်း တောင်းတွေ ပလုံးတွေ ပါ တယ်။ မသိရင် စောစောက သားအမိရယ် အမယ်အိုရယ် ကလေးမလေးရယ် ရထား ပေါ် တက်လာသလိုပဲ။ အသက်အရွယ်၊ ခန္ဓာအရွယ် အစား၊ ရုပ်ရည်သာ ကွာမယ် မျက်နှာပေးတွေက ခပ်ပေပေ ခပ်သေသေ။ မျက်လုံးတွေကလည်း ခပ်ပေပေ ခပ်သေ သေ။ ပုံစံခွက် တစ်ခုထဲက ထုတ်ချလိုက်သလို အဓော ဟာ သူတို့ရဲ့ ဘားကုတ်ပဲ။ သူတို့ရဲ့ အသားတံဆိပ်ပဲ။

ခုတော့ ရထားပေါ်မှာ နေရာလွတ်ရယ်လို့ လျှောက် လမ်းပဲ ကျန်တယ်။ တွဲထဲ လူပြည့်ပြီ။ အဝါရောင်ရထားဟာ ဘူတာကနေ လှုပ်ယီ လှုပ်လဲ့ ထွက်လာတယ်။ ရွှေ မြို့တော်ဟာ မြို့ဧရိယာကို တစ်ပိုင်းတစ်စလှစ်ပြီး ရထား ကို နေရာပေးလိုက်ပြီ။ ရထား ဟာ ရွှေမြို့တော်ရဲ့ အပြင် ဘက်ကနေ တစ်ပတ်တိတိ ပတ်တော့မယ်။ တကယ် တော့ အပြင်သာ ပြောတာ၊ အပြင်ဘက်မှာ မြို့တစ်ခြမ်း တိတိ ကျန်သေးတယ်။ အဲဒီ မြို့တစ်ခြမ်းကတော့ ရှင်တွေ့ ဖူးတဲ့ ရွှေမြို့တော်အတွင်းပိုင်း နဲ့လားလားမှ မတူဘူးပေါ့လေ ဒါကို ကမ္ဘာသစ်လို့ဆိုရင်လား။ လှသော ကမ္ဘာလို့တော့ ရှင် မသုံးနှုန်းစေချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ရထားပြတင်းပေါက်ကို တံတောင်တစ်ဖက် ကွေးတင်ပြီး ကိုယ်ကို ရထားနံရံမှာ ကျွန်မ ခပ်ဖျော့ဖျော့ မှီထားတယ်။ မြင်ကွင်းအသစ်တွေက ဆွဲဆောင်ခေါ်ယူသလို ကျွန်မနဲ့ မျက်နှာချင်းဆိုင်ကို ရွှေ့လိုက်တဲ့ ရှင်ကတော့ ခေါင်းကိုတောင် ရထားပြတင်းက ထုတ်တော့မလို စိတ်ဝင်တစား ငေးနေပြန်ပါရော။ 'ကလေးတစ်ယောက်လို မျက်လုံးတွေနဲ့ပါပဲ။ ရထားဟာ တိုက်တာအဆောက်အအုံတွေကို တရိပ်ရိပ်ဖြတ် ချန်ခဲ့ပြီ။ မြို့အပြင်ဘက် ရောက်လေလေ အိမ်တွေက သေးငယ် စုတ်ချာလေလေပဲ။ ကလေးတွေဟာ ညစ်ပေလေလေပဲ။ ရေတွေဟာ နောက်ကျိလေလေပဲ။ အမှိုက်တွေကလည်း ထူထဲလေလေပဲ။ ရထားရဲ့ နောက်တစ်ဖက်ခြမ်းက မြို့ရေိယာ တစ်ဝက်တိတိဟာ ဒီမြင်ကွင်းတွေပဲဆိုရင် ရှင် မအံ့သြပါနဲ့။

တစ်နေရာမှာတော့ ရှင်က 'ဟော'လို့ ခပ်ဆဆ ရေရွတ်လိုက်တယ်။ လက်ညှိုးညွှန်တယ်။ ကျွန်မလှမ်းကြည့်တော့ တောင်ကုန်း တောင်တန်းတွေ။ မြက်ရိုင်းပင်တွေရယ်၊ ချောင်းကလေးတစ်ခုရယ်ကို လွန်လာပြီးတဲ့ နောက်မြင်လိုက်ရတဲ့ တောင်ကုန်း တောင်တန်းတွေ။ အင်း...သစ်ပင်တွေ မရှိတော့တဲ့ တောင်ကုန်း တောင်တန်းတွေပဲဆိုပါတော့။ မြေသားနီနီဟာ ချုံနွယ်ပင်၊ မြက်ရိုင်းပင် စိမ်းစိမ်းတွေကြားထဲ အကွင်းလိုက် အကွက်လိုက်ပေါ်နေတယ်။ အနီတစ်ကွက်၊ အစိမ်းတစ်ကွက်။ ကျွန်မတို့ကတော့ တောင်ကတုံး ခေါ်တာပဲ။ ဒီနာမည်ပြောပြရင်လည်း ရှင်က ကြားဖူးမှာ မဟုတ်ဘူး။

'ဒါ ဘာတွေလဲဟင်'

တခြားသူဆို ရှင့်မေးခွန်းကို ရယ်မှာပဲ၊ ကျွန်မကတော့ မရယ်ပါဘူး။ ရှင့်အကြောင်း အစဉ်းသိသူမို့ မရယ်ပါဘူး။

'တောင်တန်းတွေပေါ့ တောင်ကုန်းတွေပေါ့'

'ကျွန်တော်သိတဲ့ တောင်တန်း တောင်ကုန်းတွေက သစ်ပင်ရှိပါတယ်၊ ဒါကျတော့ ဘာလို့ မရှိသလဲ'

အလှစိုက် သစ်ပင်တွေကြောင့် စိမ်းစိမ်းမြမြရှိနေတဲ့ ရွှေမြို့တော်အတွင်းပိုင်း လူမြင်ကွင်းက တောင်တန်းတုတောင်ကုန်းတုတွေကို ရှင်ဆိုလိုဟန် တူပါရဲ့။ ဒါမှမဟုတ်လည်း ရွှေမြို့တော်သတင်းစာမှာ ရှင်ဖတ်ဖူးတဲ့ ဆောင်းပါးတွေထဲက တောင်တန်း တောင်ကုန်းတွေကို ပြောချင်တာလား။ ရှင် ကြည့်ဖူးတဲ့ ရွှေမြို့တော် တီဗွီသတင်းတွေထဲက တောင်တန်းတောင်ကုန်းတွေကိုပဲ ရည်ညွှန်းချင်သလား။

'ခုတ်သွားကြလို့ပေါ့၊ ဘယ်သူလဲ သိချင်လား၊ ရှင့်အဖေနဲ့ ရှင့်အဖေရဲ့ အပေါင်းအပါတွေပေါ့။ ဘယ်ရောက်သွားသလဲ ဆိုတာကော သိချင်လား။ ဟိုဘက်မြို့တော်မှာပေါ့၊ နေပါဦး၊ သစ်ပင်တွေပဲ မရှိတော့တာလို့များ ရှင်က ထင်နေတာလား၊ အဲဒီတောင်တွေ၊ အဲဒီမြေကြီးတွေက ထွက်တာမှန်သမျှလည်း ကုန်တော့မယ် သိရဲ့လား'

ကျွန်မအသံဟာ ဒေါသသင့်နေမယ်ထင်ပါရဲ့။ ခွင့်လွှတ်ပါ။ စိတ်ထဲက တောင်းပန်သံကို မကြားတဲ့ ရှင်က ခေါင်းတစ်ချက် ခါယမ်းလိုက်တယ်။ ရှင့်မျက်လုံးထဲမှာ ရှင့်အဖေကို မြင်ယောင်လိုက်သလား။ ရှင်တို့အိမ်ဆီ မကြာမကြာ ရောက်လာတတ်တဲ့ လူတွေကို မြင်ယောင်လိုက်သလား။ မဖြစ်နိုင်ဘူးဆိုတဲ့ သင်္ကေတနဲ့များ ခေါင်းယမ်းလေသလား။ လောလောဆယ်တော့ ကျွန်မပြောလိုက်တဲ့ စကားခါးခါးဟာ ရှင့်အတွက် လက်ခံဖို့ ခက်ကောင်းခက်မှာပဲ။ ဒါပေမဲ့အမှန်တရားပါ။ တစ်နေ့ကျရင် ရှင် မျက်နှာချင်းတည့်တည့်ဆိုင် ဆုပ်ကိုင်ထားရမယ့် အမှန်တရားပါ။ မြက်ပင်လေးတစ်ပင်ကအစ ချစ်တတ်အောင် ကျွန်မ သင်ပေးခဲ့တာဟာ ဘာကြောင့်ဆိုတာ တစ်နေ့နေ့ ရှင် ကောင်းကောင်း နားလည်လာမှာပါ။

လေပြည်အေးအေး တစ်ချက် တိုးဝင်လာတဲ့အခါ ရှင်က မျက်လုံးမှိတ်လိုက်ပြန်တယ်။ မျက်တောင်ရှည်စင်းစင်းတွေ ပိတ်ကျသွားပြန်တဲ့အခါ ရှင့်မျက်နှာဟာ ကလေးတစ်ယောက်နဲ့ ပိုလို့ တူရပြန်ရော။ ရှင့်ကို တွေ့တဲ့အခါမယ် ဒီအတွေးကို ကျွန်မ မတွေးဘဲ မနေနိုင်ဘူး။ မကြီးပြင်းသေးသူပဲရယ်လို့ တစ်ဆင့်နိမ့် တွေးတာလည်း မဟုတ်၊ ဖြူစင်မှုကို အသိအမှတ်ပြုတယ်လို့သာ ရှင် လက်ခံစေချင်တယ်။

မှိတ်ထားတဲ့ မျက်လုံးလေးတွေကို လက်နဲ့ တို့ထိဖို့ပြင်လိုက်တုန်းမှာပဲ ရှင့်မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာပြန်ရော။ ရထားအပြင်ဘက်ကို ငေးမြဲတိုင်းလိုငေးပြန်ရော။ အပြင်ဘက်သာ တစ်ချိန်လုံး ငေးနေတော့မလား။ ရထားတွဲထဲကိုရော တစ်ချက်လောက် ဝေ့ဝဲကြည့်ဖို့ ရှင့်မှာ စိတ်ကူးမရှိဘူးလား။ များများစားစား မဟုတ်ပါဘူး၊ တစ်ချက်လောက်ပါပဲ။ အကြည့်တစ်ချက်လောက်နဲ့တင် ရွှေမြို့တော်ရဲ့ သရုပ်သကန် အစစ်အမှန်ကို ရှင် တွေ့လိမ့်ဦးမယ်။ ဖွံ့ဖြိုးလှပါပြီရယ်လို့ ရွှေမြို့တော်ကို ရှင့်အဖေ ညွှန်းတိုင်း ရယ်ရမလို ငိုရမလို ဖြစ်ရတတ်တဲ့ လူတွေကို ရှင် တွေ့ရလိမ့်ဦးမယ်။ သူတို့အနားတော့ ရှင် သိပ်မကပ်လေနဲ့။ သူတို့မှုတ်ထုတ်တဲ့ လေပူဟာ ရှင့်စိတ်နှလုံးကို ဟပ်မယ်။ ခံစားတတ်တဲ့ စိတ်နှလုံး ရှိသူမှန်ရင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။

ရထားဟာ ဘူတာတစ်ခုမှာ မြည်သံရှည်ရှည်ပေးရင်း ဆိုက်ရပ်လိုက်တယ်။ လူတစ်အုပ် ဆင်းတယ်၊ နောက် လူတစ်အုပ် တိုးတိုးဝှေ့ဝှေ့ တက်လာပြန်တယ်။ စောစောက ဆင်းသွားတဲ့ လူအုပ်နဲ့ ဘာမှ မကွဲပြားလေတဲ့ မျက်နှာတွေပဲဆိုတာ အသေအချာ သတိထားကြည့်ရင် ရှင်တွေ့မှာပဲ။ ရှင်က လူတွေဆီ ငေးနေပြန်တယ်။ ဘူတာရုံကို ငေးပြန်တယ်။ ဖုန်တွေ သဲတွေကြားထဲ လူးလိမ့်ဆော့ကစားနေတဲ့ ကလေးတစ်သိုက်ရယ်၊ သင်



www.burmeseclassic.com

www.burmeseclassic.com

သားခုံ တန်းရှည်မှာ လဲလျောင်းအိပ်စက်နေတဲ့ လူတွေရှယ်၊ စင်္ကြံထောင့်က အုတ်ခုံမှာ သားကလေးပိုက်လို့ ထိုင်နေတဲ့ ပေညစ်ညစ် မိန်းမတစ်ယောက်ရှယ်၊ ဖလားခွက်တစ်လုံး ရှေ့ချလို့ ခေါင်းငိုက်စိုက်ချထားတဲ့ အဘိုးအိုတစ်ယောက်ရှယ်၊ ဟောဟို သစ်ပင်နောက်မှာ မကွယ့်တကွယ်ရပ်ရင်း မျက်လုံးကစားနေတဲ့ မိတ်ကပ်အပြည့်နဲ့ မိန်းမငယ်တစ်ယောက်ရှယ် ရှင်တွေ့ရဲ့မဟုတ်လား။ သူတို့မှာ အိမ်အတည်တကျ မရှိဘူး ပြောရင် ရှင် မအံ့သြနဲ့ဦး။ တစ်ချိန်ကတော့ သူတို့မှာ အိမ်ရှိခဲ့ဖူးတယ်ဆိုရင်လည်း ရှင် မအံ့သြနဲ့ဦး။ ခုတော့ 'ကျူး'လို့ ကျွန်မတို့ခေါ်တဲ့ နေစရာတစ်မျိုးမှာ သူတို့ နေကြတယ်။ ဒီနာမည်ကိုလည်း ရှင် ကြားဖူးမှာ မဟုတ်ပါဘူး။

ရထားက တငြိမ့်ငြိမ့် ခရီးဆက်ပြန်တယ်။ အိမ်သေးသေးဝပ်ဝပ်လေးတွေ ကျန်ခဲ့ပြီ။ မြက်ရိုင်းပင်တွေ၊ တောင်ကတုံးတွေ။ ရှင်က ကဗျာတစ်ပုဒ်ကို ခပ်တိုးတိုး ရွတ်နေတယ်။ စာ၊ ကဗျာတွေ ချစ်တတ်သူဟာ စိတ်နှလုံး ပိုလို့ နူးညံ့သလား။ ရှင့်စိတ်ကတော့ နူးညံ့လှပါရဲ့။ ရှင့်ပတ်ဝန်းကျင်တစ်ခုလုံးနဲ့ မနှိုင်းသာအောင် နူးညံ့လှပါရဲ့။ တစ်နေ့နေ့ကျရင် ဒီစိတ်ကလေး အရိုင်းဘက် ကူးသွားမှာ၊ ကိုယ်ကျိုးတစ်ခုသာ ကြည့်တတ်တော့မှာ၊ မြို့တော်သူ မြို့တော်သားတွေကို ဥပေက္ခာ ပြုထားလိုက်မှာ ကျွန်မဖြင့် တွေးပူလိုက်ရတာ။ အဲဒီလိုများ ရှင် အရောင် ပြောင်းသွားခဲ့လို့ကတော့ ကျွန်မကို မရှာလေနဲ့။ ကမ္ဘာလောကမှာ ဒီအမျိုးသမီး အသက်ရှင် နေထိုင်ခဲ့ပါရဲ့လားလို့ ရှင် သံသယဝင်လောက်အောင် ရှောင်ပုန်းရလိမ့်မယ်။

'ဟောဗျာ ဘာဖြစ်တာပါလိမ့်'လို့ ရှင်က ရွတ်လိုက်တယ်။ ရထားက တုံ့ခနဲ ရပ်သွားတာကိုး။ ဘာလို့ရပ်ရတယ်ဆိုတာ ကိုယ်ကို ကိုင်းမကြည့်ဘဲတောင် ကျွန်မ သိပါရဲ့။ သံလမ်းပေါ် ရေကျော်နေပြီဆိုတာ သိပါရဲ့။ ရှင် သိတဲ့အတိုင်း ဒီနှစ်မိုးတွင်းမှာ မိုး အင်မတန်များတယ်။ ဆောင်းရာသီဘက် ကူးတာတောင် မိုးက မရပ်နိုင်သေးဘူး မဟုတ်လား။ အဲဒီမိုးတွေက ဒုက္ခကိုပါ သယ်လာခဲ့ပါရော။ ဒါပေမဲ့ အဲဒီဒုက္ခက ရှင်တို့အတွက် မဟုတ်ပါဘူး။ ကျွန်မတို့လို သာမန်လူတွေအတွက်ပါ။ ခုနေသာ ရထားလမ်း ရေကျလို့ ခရီးဆက်ရင် ရေမြုပ်နေတဲ့ အိမ်တွေကို ရှင် တွေ့ရလိမ့်မယ်။ ရေထဲမှာတင် ခက်ခက်ခဲခဲ သွားလာနေထိုင်ရသူတွေကို ရှင် တွေ့ရလိမ့်မယ်။ ရှင့်အဖေ အုပ်ချုပ်ရေးမှူးကြီး ဥပေက္ခာ ပြုထားတဲ့အခိုက် မြို့တော်သူ မြို့တော်သားချင်း အပြန်အလှန် စောင့်ရှောက်နေတာကိုလည်း ရှင် တွေ့ရလိမ့်မယ်။

'ဟောဗျာ ရေတွေ မြုပ်နေတာပါလား၊ ဘာဖြစ်ရတာပါလိမ့်'လို့ ရှင်က ရွတ်လိုက်ပြန်တယ်။ လောလောဆယ် ဘာမှ ပြောချင်စိတ် မရှိလို့ တောင်ကတုံးတွေကို ပဲ လက်ညှိုး ထိုးပြလိုက်ရတယ်။ ထင်တဲ့အတိုင်း ရှင်က နားမလည်ပြန်ဘူး။ ဇဝေဇဝါ မျက်လုံးတွေနဲ့ပဲ။ ဒီသစ်ပင်တွေ မရှိတော့လို့ ကျွန်မတို့လို သာမန်လူတွေ နေကြတဲ့ မြို့အပြင်ပိုင်းရဲ့ သုံးပုံတစ်ပုံလောက် ရေမြုပ်တယ်ပြောရင် ရှင် နားလည်မှာ မဟုတ်ဘူး။ ဘာဆိုင်ပါလိမ့်လို့ ဆိုဦးမယ်။ ဒါကြောင့် ရှည်ရှည်ဝေးဝေး ပြောလိုစိတ် မရှိလှဘူး။

'ရထားရပ်တာ ကြာမလား'

'ငါးမိနစ် ဆယ်မိနစ်ပေါ့'

ကျွန်မ ပြောတဲ့အတိုင်းပဲ နောက်ထပ် ငါးမိနစ်ကျော်ကျော် အကြာမှာ ရထား ဆက်ထွက်တယ်။ မြေအနိမ့်ပိုင်းက အိမ်ကလေးတွေဟာ ရေပြင်ထဲ နစ်မြုပ်လို့။ ရထား သံလမ်းပေါ်က တဂျုံးဂျုံး တဂျုတ်ဂျုတ် အသံကြားတော့ ရေမြုပ်နေတဲ့ အိမ်ကလေးတွေထဲက ကလေးလေးတွေရဲ့ ဝမ်းသာအားရ အော်သံထွက်လာတယ်။ ပြတင်းပေါက်တွေဆီကနေ ခေါင်းလေးတွေ ပြူလာတယ်။ လက်ပြရင်း ရယ်နေကြပြန်တယ်။ ဒီကလေးတွေဟာ အိမ်ကလေးတွေတစ်ဝိုက် ရေပြန်ကျရင်တောင် သူတို့မိဘတွေခမျာ အပြိုအပျက်ကြားထဲက တော်တော်ကြာ ရုန်းထရဦးမှာ မသိကြဘူး။ သူတို့မိဘတွေရဲ့ လယ်ယာမြေတွေ ရေမြုပ်နေတာ မသိကြဘူး။ ဒီကလေးတွေပါပဲ၊ စာသင်ကျောင်းလေး ရေမြုပ်လို့ ကျောင်းမတက်ကြရတော့တာ။ ဒီကလေးတွေပါပဲ၊ ညနေကျ စားစရာမရှိတဲ့အခါ မျက်နှာလေးတွေ နွမ်းနေကြတော့မှာ။

ရှင်ဟာ ရေမြုပ်မြင်ကွင်းတွေကို လည်ပြန် ငေးတယ်။ ရထားကလည်း တရွေ့ရွေ့ တရိပ်ရိပ် ခရီးဆက်လာတယ်။ အိမ်ကလေးတွေဟာ ရှင် မသိပေမဲ့ ရှင့်ပတ်ဝန်းကျင်ကပဲ ယိုစီးလာတဲ့ ဥပေက္ခာ ရေပြင်တော့မှာ ကျန်ရစ်ခဲ့ပြီ။

ဈေးလေးတစ်ခုနားက ရထား ဖြတ်ပြန်တယ်။ ဈေးသည်တွေရဲ့ အသံစာစာဟာ ရထားရပ်တဲ့အခိုက် တညံညံ လွင့်လာတယ်။ ထုံးစံအတိုင်း လူတချို့ဆင်းတယ်။ တချို့တက်တယ်။ ဈေးထဲက အပူငွေ့တွေဟာ ရထားဆီကို ဟပ်လာတယ်။ အကြော်အိုးတွေ၊ မုန့်ဖိုတွေဆီက အပူ မဟုတ်ပါဘူး။ ရှင် မြင်နေရတဲ့ လူတွေဆီက အပူပါ။ တစ်တွေဆီ ရောက်တော့မလို ဆက်တိုက် မြင့်လာတဲ့ ဈေးနှုန်းတွေကြောင့် သူတို့ ပူလာရတဲ့ အပူပါ။ အပူတွေကြောင့်တော့ အဲဒီမြင်ကွင်းတွေဆီကနေ ရှင် မျက်နှာလွှဲပါနဲ့နော်။ တစ်နေ့နေ့ ရွှေမြို့တော်ကို ရှင် စီမံရမယ့်အခါ ရှင် တွေ့ခဲ့ဖူးတဲ့ ဘဝများစွာ အဲဒီ ဘဝဘဝတွေရဲ့ အပူများစွာကို သတိရပေးပါ။ ကျွန်မကို ချစ်တယ်ဆိုရင်ပေါ့ မဟုတ်ဘူးလား။

ဟော...ရွှေ့တည့်တည့်ကို ရှင် ကြည့်လိုက်ပါဦးလေ။ ရထားဟာ ခရီးဆက်လာလိုက်တာ အိမ်မက်ထဲ တိုးဝင်နေတာ မတူ

www.burmeseclassic.com

www.burmeseclassic.com

ဘူးလား။ အခိုးအငွေ့တွေ ဆော့လို့ ဝဲလို့။ ဂီတပွဲတစ်ပွဲကို ရောက်နေတယ်လို့များ ရှင် ထင်လိုက်သေးသလား။ အဲဒါ အပြန်အလှန် ပစ်ခတ်ပွဲ တွေဆီက လွင့်လာတဲ့ ယမ်း ခိုးငွေ့တွေပါ ရှင်ရယ်။ တောင်ကုန်းတွေရဲ့ ဟိုးတစ် ဖက်က ရွာကလေးတွေဆီက နေ၊ တောတန်းထဲကနေ ဖြတ် လာတဲ့ အခိုးအငွေ့တွေပါ။ ဟောဟို သစ်မင်ပေါ်ကို မော့ ကြည့်လိုက်ပါဦး။ ငှက် ကလေးတစ်ကောင် အတောင် ညှာင်းလို့ နားနေတာ ရှင် တွေ့လား။ ဘာငှက်လဲလို့ တော့ မမေးနဲ့။ ကျွန်မ မပြော ထည်း သူ့နှုတ်သီးက အခက် လေးတစ်ဖက် မြင်တာနဲ့တင် ရှင် သိသင့်တယ်။ မီးခိုးတိတ် သွားတဲ့ ရွာလေးတွေဆီ ငေးမိ တိုင်း ကျွန်မ ဝမ်းမြောက်ရ သလို ဝေ့ဝဲနေဆဲ အခိုးအငွေ့ တွေအတွက် ဘယ်လောက် နာကျင်ရကြောင်း အထူးပြော ပြဖို့ လိုမယ်မထင်ဘူးရယ်။ အကြောင်းအရာ အတော်များ များကို နားမလည်တတ်သေး တဲ့ ရှင်က ကျွန်မမျက်နှာကို တော့ စာတစ်အုပ်လို ဖတ်နိုင် ရဲ့ မဟုတ်လား။

ကျွန်မ မြင်နေရတဲ့ ရှင့် မျက်နှာဟာ တဖြည်းဖြည်း သွေးရောင် ရဲလာခဲ့ပြီ။ အကြောအခြင်တွေ တဆတ် ဆတ် လှုပ်ရှားခဲ့ပြီ။ အနည်း ဆုံးတော့ လူသားတစ်ယောက် နဲ့ ပိုလို့ နီးနီးစပ်စပ် တူလာ ပြီပေါ့။ အရင်တုန်းကတော့ ဖြူဖြူဆွတ်ဆွတ် မျက်နှာ တစ်ခုဟာ ကျွန်မ ချစ်ရသူ ဖြစ်ကြောင်း ကိုယ့်ဘာသာ ပြန်လက်ခံဖို့ ဘယ်လောက် ခက်ခဲခဲ့သလဲ။ ရှင့်နောက် ကွယ်က အရိပ်တစ်ခုဟာ ကျွန်မကို ဘယ်လောက်တောင် တွေဝေ တွန့်ဆုတ်စေခဲ့သလဲ။ ခုလို ရှင့်မျက်နှာ သွေးရောင် လွှမ်းလာတာဟာ ရှင့်စိတ် နှလုံး လူသားတစ်ယောက် လို ခုန်လှုပ်လာလို့ပေါ့။ လူ သားတစ်ယောက်လို ခံစား လာလို့ပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်မဝမ်းမြောက်ရပါတယ်။

နောက်တစ်ဘူတာမှာ ရထားရပ်ဖို့ ပြင်တော့ ကျွန်မ ထရပ်တယ်။ ထွက်ပေါက်ဆီ လျှောက်လာတယ်။ ရှင် လည်း ကျွန်မ နောက်နား မကျတကျမှာ ရပ်နေတယ်။ ရောက်ပြီလား၊ ဆင်းတော့ မလား စသဖြင့် ဘာမှ ထူးပြီး မမေးဘူး။ ခုံတွေမှာ ငေးငေး ငူငူ ထိုင်နေဆဲ လူတွေဆီ တော့ ရှင်က တစ်ချက်နှစ် ချက် ခြုံပြီး ကြည့်လိုက်ပါ သေးတယ်။ နှုတ်ဆက်ကြည့် လား၊ မှတ်သားကြည့်လား။ ရှင်ကိုယ်တိုင်ပဲ သိလိမ့်မယ်။

ရထားလည်း ရှူးခနဲ အသံပေးလို့ ရပ်လိုက်ရော စကြီပေါ်ကို ကျွန်မ ခြေချ လိုက်တယ်။ ရှင့်ကို လှည့် မကြည့်ဘဲ ခပ်ဖြည်းဖြည်း လျှောက်လာတယ်။ လှည့် သာ မကြည့်ပေမဲ့ ကျွန်မ နောက်မှာ ရှင်ပါလာမယ်ဆို တာ သိပါတယ်။ ဘယ်သွား မှာလဲ၊ ဘာလုပ်မှာလဲ တစ် ခွန်းတောင် မမေးဘဲ ရှင် ပါလာလိမ့်မယ်ဆိုတာ သိနေ ပါတယ်။

ရွှေမြို့တော်ထဲကို ပြန် ရောက်တဲ့အခါမှာ ရှင်လည်း ရှင့်လမ်းရှင် သွားရလိမ့်မယ်။ ကျွန်မလည်း ကျွန်မလမ်း ကျွန်မ သွားရမှာ မှာပါပဲ။ ကျေးဇူးပြုပြီး ဘယ်နေ့ ပြန် ဆုံမလဲတော့ ကျွန်မကို မမေး ပါနဲ့။ တစ်နေ့နေ့လို့သာ ရှင် မှတ်ယူထားစေချင်တယ်။ ■

**စံပယ်ဖြူနု**

Dictionary for All

THALUN Bookstore Yangon

သာလွန်

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၁၈

အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၇၊ ၃၇၂၄၉

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၇



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁။
ငယ်စဉ်က
စာသင်ခန်းထဲတွင်
စာစီစာကုံးရေးရာ၌
သင့်တင့်ကောင်းမွန်သည်ဟု
မြန်မာစာဆရာမတချို့၏
ချီးမွမ်းခြင်းကို
ကျွန်တော် ဝင့်ကြွားစွာ
ခံရလေ့ရှိခဲ့ဖူးသည်။
သို့သော်
မူလတန်းကျောင်းသား
အရွယ်က တစ်ခုသော
စာမေးပွဲခန်းအတွင်း

# အိမ်လေးတစ်လုံးရဲ့ ခေါင်းတစ်ခုအကြောင်း

**မောင်ရေချမ်း**



'မိသားစု'ဟူသည့်
ခေါင်းစဉ်ကို
ငေးကာငိုင်ကာ
ကြည့်ရင်း
ဝါကျတစ်ကြောင်း၊
နှစ်ကြောင်းပင်
ပီပြင်အောင်
မဖွဲ့နိုင်ခဲ့သည့်
ကျွန်တော့်
အဖြစ်ကို
မည်သူ့ကိုမျှ
ပြန်မပြောပြဖြစ်ခဲ့ပါ။
ကျွန်တော်တို့
မိသားစုကို
ဘောလုံးအသင်း
တစ်သင်းပမာ
ပုံခိုင်းနှိုင်း၍
တွေးမိလေတိုင်း
မိသားစုဝင်
တစ်ဦးစီကိုတော့
နည်းပြည့်၍
ကစားချင်သလို
ကစားနေကြသော
ကစားသမားများလို



www.burmeseclassic.com

www.burmeseclassic.com

စိတ်မကောင်း ဝမ်းနည်းစွာ ခံစားမိခဲ့မြဲ။ တစ်ဦးကိုတစ်ဦး အပြစ်တင်ပြောဆိုရင်း ညီညွတ်စွာ ထမင်းလက်ဆုံမစားဖြစ်ခဲ့သည်မှာ ကြာခဲ့လေသော နေ့၊ ညပေါင်းများစွာအတွက် မည်သူ့ကို အပြစ်တင်ရမည်နည်း။ ကျွန်တော်ကိုယ်တိုင် ထိုမိသားစုထဲတွင် အိမ်သားတစ်ဦး အဖြစ် ပါဝင်နေခြင်းကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်တင်ဝေဖန်ခြင်းသာ တရားသဖြင့် အမှန်ဆုံးဖြစ်ပါလိမ့်မည်။

သို့သော် ခေါင်မလုံ၍ တစ်အိမ်လုံး ရွှဲစိုရေမွန်းခဲ့သော မိုးညများစွာ ရှိခဲ့ကြောင်းကတော့ တကယ် သေချာပါသည်ဟု ကျွန်တော် အပြစ်တင်လိုစိတ် ရှိခဲ့မိဖူးပါသည်။

❑

၂။

'ရှင့် အမျိုးတွေကျတော့ ရှင် သိတတ်တယ်လေ။ ကိုမျိုးချစ်လို့ နာမည်ကိုပါ ပြောင်းပစ်လိုက်ပါလား။ ကျွန်မအမျိုးတွေက ဘယ်နှခါ ဒုက္ခလာပေးဖူးလို့လဲ ကိုမျိုးချစ်ကြီးရဲ့'

ငိုသံတစ်ဝက်၊ ဒေါသသံတစ်ဝက် အမေ့စကားမဆုံးမီမှာ ထမင်းဝိုင်းပေါ်က ပန်းကန်တစ်ချပ်သည် အဖေ့ဒေါသအောက်တွင် 'ခွမ်း'ခနဲ အော်မြည်ကြေမွသွားခဲ့ပြီ။

'နင် တော်တော် စကားများလွန်းနေပြီ၊ ငါ ထ,လုပ်မှ ငြိမ်မှာလား'ဟူ၍ နှုတ်က အော်ဟစ်တုံ့ပြန်သော်လည်း တကယ်တမ်းတွင် ကျွန်တော့်အမေ မျက်နှာပေါ် 'ဖျတ်'ခနဲ ပျံဝဲသွားသော အဖေ့လက်က

ငယ်ဘဝတချို့၏ အိမ်လေးအတွင်း တိုက်ခတ်သော မိသားစု မုန်တိုင်းများ အတွက် လည်းကောင်း ကျွန်တော်တို့ ရွှဲစို ရေမွန်းခဲ့ရသော မိုးညများစွာ အတွက် 'ခေါင်မလုံခြင်း' ကြောင့်ဟု လည်းကောင်း ဖခင်ဖြစ်သူကိုသာ တရားခံအဖြစ် ကျွန်တော် မိုက်မဲစွာ ယိုးစွပ် ထင်ခဲ့မိသည်

တစ်ဆက်တည်းသာ။ မျက်လုံး အပြူးသားနှင့် 'ဟင့်'ခနဲ အသံပင် မထွက်တော့သော ညီမလေးကို ကျွန်တော့်ရင်ဘတ်ထဲ ဆွဲကပ်ထားရုံသာ ကျွန်တော် တတ်နိုင်ပါသည်။ ညီမလေး၏ တဝေါဝေါ သွန်ချနေသော မျက်ရည်လှိုင်းတွေက ကျွန်တော့်အင်္ကျီကို ရိုက်ပုတ်စိုရွှဲစွာ။ အံတင်းတင်း ကြိတ်ထားမိသော ကျွန်တော့်မေးဖျားတွေက တဆတ်ဆတ် တုန်ခါနေခဲ့ပါလိမ့်မည်။ သို့သော် အရွယ်

မရောက်သေးသည့် ကလေးတစ်ယောက်အဖြစ် ကျွန်တော် တတ်နိုင်သည်မှာ မကျေနပ်စရာ အတ္တမျက်နှာတစ်ခုကို မျက်လုံးလှန်ကာ လက်သီးဆုပ်ကာ ပစ်ပေါက်စိုက်ကြည့်နေရုံသာ။

❑

၃။

မှတ်ဉာဏ်ကို စတင် အလုပ်လုပ်တတ်ရာ ကလေးဘဝကတည်းက ကျောင်းနေခါစကလေးဘဝအထိ 'အဖေသည် ဘယ်ရောက်နေလဲ' ကျွန်တော် မသိခဲ့။ အမေ့ကိုလည်း ကျွန်တော့်အဖေအကြောင်း သိချင်စိတ် ပြင်းပြစွာ မမေးဖြစ်ခဲ့ဟုသာ ကျွန်တော် ထင်သည်။ ကျွန်တော် သူငယ်တန်းကို နှစ်ခါပြန် တက်ပြီးသွားသည့် တစ်ခုသော နွေတစ်ရက်တွင်တော့ ကျွန်တော့်ရှေ့တည့်တည့်သို့ 'အဖေ'ဆိုသူက 'ဗြုန်း'ခနဲ၊ 'ဘွား'ခနဲ ပေါ်လာခဲ့သည်ကို မှတ်မိနေသေးသည်။ အိမ်မှာရှိသည့် မိသားစု ဓာတ်ပုံထဲက အဖေ့ပုံနှင့် အပြင်တွင် အခုမှ တွေ့ခါစ အဖေ့ပုံကို ကျွန်တော့်စိတ်ထဲတွင် အကြိမ်ကြိမ် တိုက်ကြည့်နေရင်း ရင်းနှီးကျွမ်းဝင်ခါစ အချိန်ရောက်လုခါနီးတွင် အဖေက ကျွန်တော့်မြင်ကွင်းမှ ပြန်ထွက်ခွာသွားပြန်သည်။

'အဖေ ဘယ်သွားတာလဲ၊ ဘယ်တော့ ပြန်လာမှာလဲ'ဟု ထိုစဉ်က အမေ့ကို ကျွန်တော် မေးမိခဲ့သည်ဟု ဝိုးတဝါး ထင်နေမိသည်။ 'နိုင်ငံ့ဝန်ထမ်း'ဟူသည်ကိုလည်းကောင်း၊ 'နယ်မှာ'ဟူ

သည်ကိုလည်းကောင်း 'ကျွန်တော့်အဖေသည် သူများအဖေတွေလို အိမ်မှာ မနေရသော အဖေ'ဟု ကျွန်တော် တွေးချင်သလို တွေး၍ နားလည်မိခဲ့ပါသည်။

ကျွန်တော် မူလတန်းပြီးဆုံးခါနီးတွင် မိသားစုအတွင်း အဖေ ပြန်ရောက်လာပြန်သောအခါ ပျော်သည်လည်းမဟုတ်၊ ဝမ်းနည်းသည်လည်း မဟုတ်သည့် ခံစားမှုသာ ထုံထိုင်းနေခဲ့သည်ကိုလည်း ကျွန်တော် မှတ်မိနေခဲ့ပါသည်။

ကျွန်တော့်အတွက် အဖေသည် ဝေးလိုက်၊ နီးလိုက် ကြည့်ခွင့်ရခဲ့သော မြင်ရလိုက်၊ မမြင်ရလိုက် ရှခင်းတစ်ခုပမာသာ ဖြစ်ခဲ့ပါသည်။

❑

၄။

တချို့ ခုနှစ်တို့သည် မြင်လွှာအနီးတွင်ကပ်၍ ပြန်မြင်နေရသလို ကျွန်တော့်အတွက် ပီပြင်ထင်ရှားလွန်းလှသော ဖြစ်ပါသည်။

'ကျောင်းသွားပြီ'

ဟု မည်သူ့ကို နှုတ်ဆက်မှန်း မသိသော စကားကို ဆိုရင်း လမ်းစရိတ် 'ငါးရာ'ကို ခုံပေါ်မှ ဆွဲယူကာ ထမင်းချိုင့်ဆွဲ၍ ထွက်သွားသည့် 'ကိုလေး'ကို မျက်စိတစ်ဆုံး ကျွန်တော် ငေးကြည့်နေခဲ့မိသည်။ ကျွန်တော်ကိုယ်တိုင်လည်း မကြာမီ ကျောင်းသွားရတော့မည်။ တက္ကသိုလ်ကျောင်းသားဖြစ်သူ 'ကိုလေး'အနေနှင့် ငွေငါးရာကို တစ်နေ့တာ မည်သို့ လောက်ငအောင် သုံးစွဲပါလိမ့်မလဲဟုလည်း တွေးရင်း

www.burmeseclassic.com

www.burmeseclassic.com

သတ်ပြင်းကိုသာ 'ဟင်း' ခနဲ ခွတ်ထုတ်မိသည်။ အလယ်တန်း ကျောင်းသားတစ်ဦး ဖြစ်သူ ကျွန်တော်သည်ပင် 'နှစ်ရာကျပ်တန်' ခြင်္သေ့တံဆိပ် ငွေစက္ကူတစ်ရွက်နှင့် ကျောင်း မုန့်စားဆင်းချိန်တွင် ယောင်ချာချာ နေ့လယ်ခင်းများစွာ ဖြစ်သည်မို့ ကျွန်တော် သူ့ကို ကိုယ်ချင်းစာမိခြင်းလားတော့ မသိပါ။

'ယောကျ်ားလေးဆိုတာ ငွေများများသုံးရင် ပျက်စီးမှာပဲ။ ကိုယ့်အထွာ၊ ကိုယ့်အတိုင်းနဲ့ကိုယ် နေတတ်အောင်နေ'

မိသားစုကို စည်းကမ်းရှိစွာ အုပ်ချုပ်သည်ဟူသော အဖေ့ အတွေးအခေါ်သည် အဖေ့အတွက် မှန်ကောင်း မှန်ပါလိမ့်မည်။ သားသမီးများကို မုန့်ဖိုးဟူ၍ အပိုမပေးတတ်ဘဲ 'အသုံးစရိတ်' ခေါင်းစဉ်တပ်ကာ ပေးလေ့ရှိသော မလောက်သည့် ငွေကြေးတွင် ကျွန်တော်တို့ သိမ်ငယ်စွာ ဖြတ်သန်းနေရပါလိမ့်မည်ဟု အဖေ တွေးမိ၊ မတွေးမိကိုတော့ ကျွန်တော် သံသယစိတ်ဖြင့် တွေးနေမိခဲ့ဖူးပါသည်။

စိတ်လိုလက်ရ ရှိသောအခါ 'ငါတို့ငယ်ငယ်က' ဟု အစပြု၍ ပြောလေ့ရှိသည့် အဖေ့ခေတ်က ကုန်ဈေးနှုန်းများ အကြောင်းကို ကျွန်တော် တတ်နိုင်သလောက် နားလည်နိုင်ဖို့ ကြိုးစားလိုစိတ် ရှိခဲ့ပါသည်။

'လက်ဖက်ရည် တစ်ခွက် တစ်မတ်ကွ' ဆိုသော အဖေ ပြောသည့် 'တစ်မတ်' ဆိုသည့် တန်ဖိုးကို ကျွန်တော်တို့ မတွက်ချက်နိုင်သောအခါ 'အင်း' ဟူ၍ အသံရှည်ဆွဲကာ 'တစ်မတ်ဆိုတာ နှစ်ဆယ့်ငါးပြားပေါ့ကွာ။ နှစ်ဆယ့်ငါးကျပ် မဟုတ်ဘူးနော်။ အခုခေတ် ရွှေတစ်မတ်ပဲ မင်းတို့ သိကြတာပေါ့။ ငွေတစ်မတ်ဆိုတာ စိမ်းနေပြီပေါ့'

ပြောလည်းပြော၊ ဘာကို သဘောကျမှန်းမသိဘဲ 'တ ဟဲ ဟဲ' ရယ်တတ်သော အဖေ့ရယ်သံကိုတော့ ကျွန်တော်တို့ နားလည်ရန် ခက်ခဲလွန်းခဲ့ပါလိမ့်မည်။

'မင်းတို့ အခုလို အိမ်နဲ့ ဖိမ်နဲ့ နေနိုင်အောင် ငါ ခြစ်ကုတ်စုခဲ့ရတာ'

ဟူသော အဖေ့စကား တချို့အတွက်တော့ ကျွန်တော် ငေးကာငိုင်ကာ ကြည်ညိုလေးစားစိတ်လား၊ ဝေခွဲရခက်စိတ်လား မသိ ဖြစ်ခဲ့ရဖူးပါသည်။ အဖေ ဝင့်ဝင့်ကြွားကြွား ပြောနေတတ်သော ထိုအခါမျိုးတွင် အမေကတော့ မဲ့သယောင်ယောင် ပြုံးနေတတ်ပါသည်။ အဖေ့နောက်ကွယ်တွင်တော့ 'နင်တို့ အဖေကို စိတ်နဲ့တောင် မပြစ်မှားနဲ့' ဟု မကြာခဏ ဆုံးမတတ်သော အမေ့စကားကို ကျန်သည့် ညီအစ်ကို မောင်နှမတွေ နားထောင်လား၊ နားမထောင်လားတော့ မသိပါ။ ကျွန်တော်ကတော့ အမေ့စကားကို ချိုးဖျက်ကာ အဖေ့ကို စိတ်နှင့် အကြိမ်ကြိမ် ပြစ်မှားခဲ့ဖူးပါသည်။

မှတ်မိနေသေးသည်။ ကျွန်တော် အလယ်တန်းကျောင်းသားဘဝအထိ အဖေ့ တရားဝင်လစာငွေမှာ သောင်းဂဏန်း အနည်းငယ်မျှသာ။ ထိုခုနှစ်တို့မှာ အခုအချိန်မှ ပြန်နောက်ဆုတ် ရေတွက်ကြည့်သော် လွန်ခဲ့သော ဆယ်စုနှစ်ကာလမျှသာ။ ထိုမျှ လစာငွေကလေးနှင့် ပညာရေးဝန်ထမ်းကျောင်းအုပ်တစ်ဦး အဖြစ် ကျောင်းရုံးခန်းအတွင်း မညည်းညူ၊ တက်ကြွစွာ လှုပ်ရှားသက်ဝင်နေခဲ့သော အဖေ့ရုပ်ပုံများကိုတော့ အခုပြန်တွေးတိုင်း ကျွန်တော့် အာရုံဝယ် ထင်ရှားနေဆဲ ဖြစ်သည်မှာတော့ မိမိကိုယ်မိမိ အံ့သြရပြန်သည်။

❑

၅။

'မင်းက အဲဒီလောက် ပိုက်ဆံကို အဲဒီလို သုံးပစ်ရအောင် သူဌေးလား၊ ဒါမှ မဟုတ် သူဌေးသားလား။ သူဌေးလို့ ဆိုရအောင် မင်းကိုယ်တိုင် ငွေဘယ်နှပြား ရှာနိုင်နေပြီလဲ၊ သူဌေးသားလို့ ကိုယ့်ကိုယ်ကို ထင်နေရင်တော့ အေး…မင်းအဖေ ငါက သူဌေးမဟုတ်ဘူးကွ'

နှုတ်က ထွက်လာသည့် လေသံနှင့် လက်က ထွက်လာသည့် လက်သီးသံ မည်သည်က ပိုမိုပြင်းထန်သနည်း ခွဲခြားမသိနိုင်လောက်အောင် မြန်ဆန်လွန်းပါသည်။ 'ဖောင်း' ခနဲ ထိုးချလိုက်သော အဖေ့လက်သီးချက်တွင် ကျွန်တော့်အစ်ကိုကြီး 'ချာ' ခနဲ လည်ထွက်သွားသည်ကိုသာ ကျွန်တော် မြင်လိုက်ရသည်။ အမေအပါအဝင် ကျန်သည့်လူများမှာ နှုတ်ဖြင့်သာ အဖေ့ကို တားဆီးနိုင်စွမ်း ရှိပါသည်။ အိမ်တွင် တစ်ခုခု ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်သည့်အခါတိုင်း 'တော်ကြပါတော့' ဟု ပြောသည့် အလား တအီအီ ငိုရှိုက်၍ ကြောက်လန့်နေတတ်သော ညီမလေးအနားကို သာ ကျွန်တော် တိုးကပ်နေမိသည်။ လန့်၍ ကြောက်၍ တက်တော့မယောင် 'မေကြီး၊ ကိုချမ်း' ဟု ရှိုသမျှ လူနာမည်အကုန် ခေါ်ကာညည်းကာနေသော ညီမလေးကိုသာ ကျွန်တော် ဖက်ထားမိသည်။ ကလေးအရွယ်ဖြင့် မြင်လိုက်ရသော မြင်ကွင်းများက ကြီးပြင်းလာသည့်အခါ စိတ်အမာရွတ်ဖြစ်လာမည်ကို ကျွန်တော် စိတ်ပူနေခဲ့မိသည်။

တိုင်းထွာလီစိတ် ပေးထားသည့် ငွေကြေးထက် နည်းနည်းပို၍ သုံးစွဲခဲ့မိသော အစ်ကိုကြီး၏ ပြစ်မှုက အိမ်တွင်းတရားရုံးတွင်တော့ ကြီးမားသော ပြစ်မှုကြီး ဖြစ်သည်။ သို့သော် ကိုယ်တိုင် ဥပဒေထုတ်၊ ကိုယ်တိုင် ပုဒ်မတပ်၊ ကိုယ်တိုင်ပင် တရားသူကြီးလုပ်ကာ စီရင်ချက်ချနေခဲ့သော အဖေ့ကို ကျွန်တော် နားမလည်နိုင်စွာ မုန်းတီးမိသော စိတ်ကို စိတ်ပျက်လက်ပျက် မျိုသိပ်ဖြေဖျောက်၍သာ နေမိခဲ့သည်။

'နင်တို့ဖအေကို စိတ်နဲ့တောင် မပြစ်မှားနဲ့' ဟု မကြာခဏ ပြောဆိုဆုံးမတတ်သော အမေ့စကားအတွက်လည်း ကိုယ့်စိတ်ရိုင်းကို ချွန်းမအုပ်နိုင်သည့်အခါ စိတ်တွင်း မိုက်ရိုင်းပြစ်မှားမှုများအတွက် အဖေ့ကိုတောင်းပန်ရန် ဝန်လေးလွန်းပြီး အမေ့ကိုသာ စိတ်အတွင်း

www.burmeseclassic.com

မှုခွင့်လွှတ်ရန် တောင်းပန်နေမိခဲ့ပါသည်။

❑

၆။

'ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်စားပြီး ဘွဲ့ရတဲ့အထိ ကျောင်းထားခဲ့တာ'

ညည့်စိမ်းဖြစ်စေ၊ ညည့်ကျက်ဖြစ်စေ အိမ်ကိုရောက်လာတတ်သည့်အခါ ကြုံရင်ကြုံသလို ထည့်ပြောတတ်လေ့ရှိသော အမေ့စကားအတွက် ကျွန်တော် နားမလည်နိုင် ဖြစ်ခဲ့ဖူးပါသည်။ ကိုလေး၏ ဘွဲ့ဓာတ်ပုံကိုကြည့်ရင်း 'ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်'ဟူသော စကားလုံးကို မာနတကြီးဖြင့် သိသိသာသာ ဝင့်ကြွားစွာ ပြောဆိုသည့် အမေ့မျက်နှာကို ကျွန်တော် တွေငေးကြည့်ခဲ့ရသည်။

ထိုစဉ်အခါမျိုးတွင် အဖေ ဂုဏ်ယူဝမ်းသာနေပါသလားဟု သိချင်စိတ်ဖြင့် အဖေ့မျက်နှာမှတစ်ဆင့် စိတ်ကို လှမ်းဖတ်နိုင်ရန် ကြိုးစားမိလျှင်တော့ ကျွန်တော် ဖတ်၍ ဘာသာပြန်ရန် မတတ်နိုင်သည့်အရိပ်အငွေ့ကိုသာ တွေ့ခဲ့ရပါသည်။

ကျွန်တော့်အဖေသည် မိမိစိတ်ခံစားချက်ကို ထုတ်ပြရန် သိုသိပ်ဝန်လေးသူတစ်ယောက်လား သို့မဟုတ် ကြီးမားထူထပ်သော အတ္တထုထည်ကြောင့် ခံစားမှုတချို့ ထုံကျဉ်နေတတ်သူလား။ စသော မေးခွန်းတို့အတွက် ကျွန်တော်ကိုယ်တိုင် အဖြေရှာရင်း ကျွန်တော်ကိုယ်တိုင် မဖြေနိုင်ခဲ့ပါ။

ကျွန်တော်သည် ပင်မိဘနှင့် စိတ်ချင်းဝေးနေသော၊ မိဘအပေါ် ခံစားမှုကင်းမဲ့နိုင်လွန်းသူဖြစ်သည့် လူမဆန်သော သားဆိုးသားမိုက်တစ်ဦးများ ဖြစ်နေပါသလားဟူ၍ အလန့်တကြား အတွေးဝင်လာလျှင်တော့ မိမိကိုယ်မိမိ မသတီသလို ရွံရှာရပြန်သည်။

❑

၇။

ခုနှစ်များစွာ ကျော်လွန်ခဲ့ပါသော်လည်း ကျွန်တော်တို့ မိသားစုအိမ်လေးကတော့ အပြစ်တင်သံများ၊ ပန်းကန်ခွဲသံများအောက် သက်ဝင်စီဝေနေဆဲသာ။ ပင်စင်ယူခဲ့သည်မှာ နှစ်တချို့ပင် ကြာခဲ့လေပြီဖြစ်သော အဖေက ကျွန်တော်တို့ ငယ်စဉ်ကအတိုင်းပင် အမေ့ကို တစ်နေ့တာ ဈေးဖိုးအသုံးစရိတ်အဖြစ် ခွဲဝေလီစိတ်ပေးနေမြဲ။

'သူ့ဘဏ်စာအုပ်ထဲမှာ ပိုက်ဆံ ဘယ်လောက်ရှိတယ်ဆိုတာ မိန်းမဖြစ်တဲ့ငါရော၊ နင်တို့သားသမီးတွေရော တစ်သက်လုံး မသိရဘူး မဟုတ်လား'

အဖေ အိမ်မှာရှိစဉ် သို့မဟုတ် မရှိသည့်အခါ နောက်ကွယ်များတွင် ပြောနေတတ်သော အမေ့စကားက ခင်ပွန်းဖြစ်သူ အဖေ့ကို အပြစ်တင်စိတ်ဖြင့် ပြောသည်လားဟု ကျွန်တော်အပါအဝင် ကျန်သည့် မောင်နှမများ တွေးနေခဲ့ပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ အမေ့အသံသည် ကြေကွဲဝမ်းနည်းမှုဖြင့် စိုစွတ်နေသည်ဟုသာ ကျွန်တော် ထင်မိသည်။

သူများ အိပ်ကောင်းချိန် ညဘက် သို့မဟုတ် မနက်စောစောဘက်တွင် ကျယ်လောင်စွာ ဘုရားရှိခိုးတတ်သော အဖေသည် ထိုအချိန်တွင် တစ်စုံတစ်ယောက်က သူ့ဘဏ်စာအုပ်ကို နောက်ပြောင်စချင်စိတ်ဖြင့် ဆွဲယူမိလျှင်တောင် ချက်ချင်း ထ, လိုက်၍ ပြန်လုတတ်သည်ကိုတော့ ကျွန်တော် သတိရမိပါသည်။ ဘဏ်စာအုပ်ကို ဘုရားရှိခိုးရာ နေရာနှင့် မနီးမဝေးတွင်သာ ထားထားတတ်သည်သာ။ အစိုးရကျောင်းအုပ်တစ်ယောက်အနေနှင့် အနားယူခဲ့သော အဖေ့ပင်စင်လစာမှာ မများလှသည့် သောင်းဂဏန်းမျှသာဖြင့် အမေ့ကို တာဝန်တစ်ရပ်လို နေ့စဉ် ဈေးဖိုးပေးနိုင်မြဲဖြစ်သည်ကိုတော့ ကျွန်တော် အံ့သြမိခဲ့သည်။

အဖေ့ကို ကျွန်တော် မုန်းတီးနေမိသလား၊ အထင်ကြီးလေးစားနေမိသလား မသေချာသော်လည်း -

'ဒီနိုင်ငံက ကျောင်းကိုတောင် ကောင်းကောင်း မတက်ချင်ဘဲ နိုင်ငံခြားကကျောင်းကို တက်ချင်တယ်တဲ့။ ငါ့ဘဝတစ်လျှောက် မရှိးသားခဲ့ရင်တော့ မင်းတက်ချင်တဲ့ နိုင်ငံခြားကကျောင်း ထားပေးနိုင်တာပေါ့ကွာ'

ဟု ရယ်ဟာဟာ ပြောတတ်သည့် အဖေ့လိပ်ပြာကိုတော့ ကျွန်တော် သံသယစိတ်ကင်းစွာ ထောက်ခံရန် ဝန်လေးမိမည်မဟုတ်ပါ။ တစ်စုံတစ်ယောက်က သူ့စကားကို လှောင်ပြောင်ခဲ့သောအခါတွင်လည်း အဖေက ပြန်၍ လှောင်ပြောင်သံစွက်ကာ အားရပါးရ ရယ်မောနေခဲ့သည်ကိုလည်း ကျွန်တော် မျက်ဝါးထင်ထင် တွေ့ခဲ့ဖူးပါသည်။

ပေါင်းသင်းမိခဲ့သော အတန်းဖော်တချို့၏ မိဘများ နေထိုင် ပိုင်ဆိုင်ရာတို့ကို ငေးကြည့်ရင်း ကျွန်တော့်အဖေကို ကျွန်တော်ငယ်စဉ်က အထင်ကြီးလိုစိတ် မရှိခဲ့သည်မှာတော့ သေချာပါသည်။

အဖေ ပိုက်ဆံကို မည်သို့ ကုတ်ခြစ်စုဆောင်းခဲ့ကြောင်း မေးမိပါက အဖေသည် ကျွန်တော့် မေးခွန်းတချို့ကို အမေးဖြင့်သာ ပြန်တုံ့ပြန်တတ်ပါသည်။

'ငါ ဆေးလိပ်သောက်တတ်သလား၊ အရက်ဘီယာသောက်တတ်သလား၊ လောင်းကစား လုပ်တတ်သလား'

စသဖြင့် ကျွန်တော် လုပ်ဖြစ်နေကျ အရာများကို လိုက်ကြည့်၍ သိနေသလို ဆက်တိုက် ပြန်မေးတတ်သော အဖေ့မေးခွန်းများအတွက် ကျွန်တော် လက်မြှောက် အရှုံးပေးရပါသည်။ စီးကရက်ကို ကြိုက်တတ်သည်မှာ သေချာလှသော်လည်း မသွားမဖြစ် သွားရသော မင်္ဂလာဆောင်တို့မှ ဝေလိုက်သည့် စီးကရက်ကို အိမ်ရောက်မှ အားရပါးရ ဖွာတတ်သော အဖေ့ပိုက်ကိုလည်းကောင်း၊ ...ခါတစ်ရံ သူများတိုက်သည့် လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com

ညည်ကို နှစ်ခွက်ခွဲကာ နှစ်ခါ သောက်တတ်သော အဖေ့ ရိုက်ကိုလည်းကောင်း အဖေ ၏ ပြန်ပြောင်း မပြောသော် ညည်း ကျွန်တော် မြင်ယောင် နိုင်ခဲ့သည်။

ကျွန်တော်တို့ ငယ်စဉ် ကလိုပင် ငွေကြေးကိစ္စအပေါ် တိုင်းထွာနေတတ်သော အဖေ နှင့် အဖေ့ချုပ်ကိုင်မှုအောက် က အမေသည် မကြာခဏ ဖြစ်တင်ရန်ဖြစ်လေ့ရှိမြဲ။ ထို့ အပြင် 'နင်တို့ဖအေကို စိတ်နဲ့ တောင် မပြစ်မှားနဲ့' ဟုလည်း အမေက ကျွန်တော်တို့ကို တော့ ပြောနေတတ်ပြန်မြဲ။ ကျွန်တော်အပါအဝင် သားသမီး လေးယောက်ရှိသည့်အနက် အလုပ်အကိုင်ကိုယ်စီနှင့် ဖြစ် သောကာ ကျွန်တော့်အစ်ကိုနှစ် ယောက်က အမေ့ကို ငွေစ ကြေးစတချို့ ရံဖန်ရံခါ အပ်နှံ ပေးနိုင်တတ်နေသော်လည်း အဖေကမူ သူ့တာဝန်သူ ပျက်မကွက် ထမ်းဆောင် သည့်ပမာ အမေ့ကို အိမ်အသုံး ရိုက်ပေးနေမြဲပင်။

'ဒီကောင်တွေ ရှာလို့ရ တဲ့ပိုက်ဆံ ဒီကောင်တွေ သုံး လို့ ဖြုန်းလို့ ကုန်မှာပဲ။ ငယ် တုန်းရွယ်တုန်း ပိုက်ဆံရှာပြီး စုဖို့ မစဉ်းစားရင်တော့ ကြီး ရင် ဒုက္ခတွေ့မှာပဲ။ အေး သုံး ဖြုန်းဖို့ပဲ ရှာချင်ရှာ၊ မိဘကို ပြန်မပေးလည်းရတယ်။ မိဘ ဆီက လည်ပင်းညှစ်ပြီး လက်ဝါးလာမဖြန့်ရင်ဘဲ တော်လှပြီ'

အဖေက ထိုသို့ ပြော တတ်သော်လည်း 'သင်တန်း ကြေး၊ ကျောင်းစရိတ်' ဟူ သော ခေါင်းစဉ်အမျိုးမျိုး အောက်တွင် ကျွန်တော့်မှာ အဖေ့ဆီက လက်ဖြန့်နေရဆဲ သာ။ ထိုအခါ မြည်တွန် တောက်တီး ငြင်းဆန်ပြောဆို ရင်း နောက်ဆုံးထုတ်ပေးတတ် သည်သာ ဖြစ်ခြင်းကိုလည်း ကျွန်တော် ကျေးဇူးတင်လို စိတ် ချို့တဲ့စွာ မတွေးဖြစ်ခဲ့ပါ။

စေ့စပ် လောက်ငအောင် သုံးစွဲနိုင်သော ဝင်ငွေရနေပါ လျက် ငွေကြေးသုံးစွဲမှု စည်း ကမ်းမရှိခြင်းကြောင့် မိမိ ရှာဖွေ၍ ရသည့်ငွေကို မိမိ ဘာသာ တစ်ယောက်တည်း သုံးစွဲရင်း မြုပ်ချည်ပေါ်ချည် ဖြစ်နေရှာကာ ဘဝလှိုင်း အတွင်း ကူးခါစ ကျွန်တော့် ကို အဖေကတော့ ပြုံးနေ လိမ့်မည်ဟု ထင်ပါသည်။ တကယ်တမ်းတွင်လည်း မိသားစုအတွက်မူ အရွယ် မရောက်သေးသူ ညီမလေး အတွက်သာ ကျူရှင်ထားပေး ရုံ တတ်နိုင်သည့် မိမိအဖြစ် ကို ကျွန်တော် ရှက်ရွံ့စွာ ဝန်ခံ ရပါလိမ့်မည်။

❑

၈။

ငယ်ဘဝမှစ၍ ယခု တိုင်အထိ ဘဝတစ်လျှောက် သိမ်းဆည်းထားမိသော အမှတ်တရ ပစ္စည်းပေါင်းစုံ ထည့်ထားရာ အိတ်တစ်လုံး ကျွန်တော့်တွင် ရှိပါသည်။ ပျင်းရိအားလပ်နေသော နေ့ တစ်ရက်တွင် ထိုအိတ်ကို ဖွင့် ၍ လွန်လေပြီးသော နေ့များ ကို ပြန်သတိရ ငေးကြည့်မိ သောအခါ ငယ်စဉ် မည် သည့်အချိန်က သိမ်းထားမိ မှန်း မသိသည့် စာတစ်စောင် ကို ကျွန်တော် ပြန်ဖတ်မိခဲ့ပါ သည်။ ဝါကြန့်နေပြီဖြစ်သော စာရွက်ပေါ်က ရိုးစင်းသော ဝါကျများသည် ဖတ်မိသူ ကျွန်တော့်လက်ကို မည်သည့် အတွက်ကြောင့် တဆတ် ဆတ် တုန်ခါလာစေပါသနည်း။

*၁ ရက်၊ ဩဂုတ်လ ၁၉၉၄။*

*မငယ်နဲ့ သားတွေ ကျန်းမာကြရဲ့လား။ စာမျှော် နေမယ်။ ၁၂. ၇. ၉၄ နေ့က ထားဝယ်လေယာဉ် ဦးဆုံး ထွက်တယ်။ ထားဝယ်မြို့ ပေါ် ရောက်ခါမှ တိမ်တွေထူ နေလို့ ရန်ကုန်ကို ပြန်မောင်း လေမလားဆိုပြီး ဝမ်းသာမိ သေးတယ်။ ဒါပေမဲ့ ချော ချောမောမော ဆင်းနိုင်ပါ တယ်။*

*၁၃. ၇. ၉၄ နေ့မှာ အလုပ်ပြန်ဝင်တယ်။ လခ ၂၂၀ မျှ ကျန်တယ်။ လခ နည်းနည်းထွက်လို့ စု/ချေး ငွေကြေးလည်း မဆပ်နိုင် ဘူး။ ဩဂုတ်လကုန်မှ ဆပ် ရမယ်။ မငယ်နဲ့သားများ စား ဖို့အတွက် ကြံဖန်ပို့နိုင်အောင် ကြိုးစားရမှာပေါ့။*

*ဒီစာရေးနေတဲ့နေ့ဟာ ဖြင့် ထားဝယ်မြို့အနီး အ.ထ.က ညောင်ဇင်မှာ အထက်တန်းပြ ဆရာဖြစ်တာ သုံးနှစ်ပြည့်တဲ့နေ့ပေါ့။ စုမိ တာက သားလေး မောင်ရေ ချမ်းတစ်ယောက်သာ ရှိ တယ်။*

*အကြီးနှစ်ယောက်ဖြစ် တဲ့ သားလေး စွမ်းတောက် နဲ့ ပြည့်ဖြိုးနိုင်တို့ကိုလည်း ကျန်းမာစွာ နေထိုင်ကြဖို့ ဂရု စိုက်ပါ။ ပြည့်ဖြိုးနိုင်ကတော့ အဖေမှာခဲ့တဲ့ ပရိတ်ရွတ်ဖတ် ဖို့ အလုပ်ကို ကြာသပတေး နေ့တိုင်း မပျက်စေအောင် လုပ်မယ်၊ ဖတ်မယ်လို့ အဖေ့ ကို သား ကတိပေးလိုက် တယ်။ မှတ်မိမှာပေါ့။ ဖတ် မယ်လို့ အဖေ ယုံပါတယ်။*

*ပြည့်ဖြိုးနိုင် အချိန်ပို ဘယ်လိုတက်တယ်၊ ဘယ် လို သင်တယ်ဆိုတာ စာရေး လိုက်ပါ။ စွမ်းတောက်ရော ဝလုံးကောင်းကောင်း ရေး တတ်ပြီလား။ မောင်ရေချမ်း လေးကို ချစ်ချစ်ကြင်ကြင် နေကြဖို့ အဖေ မှာခဲ့တာ မမေ့ ပါနဲ့။*

*မငယ်ကို အထူးမှာစရာ ရယ်လို့ မရှိပါ။ သားများ စိတ်အားမငယ်အောင် ပြုစု ပျိုးထောင်ပေးဖို့ကိုပဲ ထပ်မှာ ချင်တယ်။ စိတ်အညွှန့်ထက် အောင် ပြောဆို ပြုပြင်ပေးပါ။*

*ပြည့်ဖြိုးနိုင်အတွက် ကျောင်းစာများ ဝန်ပိနေ အောင် မခိုင်းနဲ့။ အောင်ရုံဆို တော်ပြီ။ ဆုတွေ အဆင့်တွေ ဆိုတာ ငယ်သေးသူအတွက် ပင်ပန်းမခံစေနဲ့။ ပုံမှန်လိုက် နိုင်ရုံမျှဆို တော်လောက်ပါပြီ။ အပျင်းကြီးဖို့ ပြောတာမဟုတ်။ ပုံမှန်ကြိုးစားရုံမျှ အောင်နိုင် ပါတယ်။ သားလက်ရေး ကောင်းအောင်တော့ လေ့ကျင့် ပါ။ ပြီးစလွယ် မလုပ်နဲ့။ သချာတွက်ရင် မြန်ဖို့ထက် မှန်ဖို့၊ သေချာဖို့နဲ့ စဉ်းစားတဲ့ အလေ့ လုပ်ပေးပါ။*

*သူငယ်ချင်းတွေနဲ့ ရန် မဖြစ်အောင်နေ။ ကျောင်းမှာ ဖြစ်စေ၊ လမ်းမှာဖြစ်စေ ကိုယ့်ကို စ,ရင်လည်း မကြား ဟန်နေ။ ကိုယ်ကလည်း သူများကို မစ,နောက်ပါနဲ့။*

*တွေ့ကရာ မုန့်ပဲသရေ စာတွေ စားတာ ကျန်းမာရေး လည်း ထိခိုက်၊ ငွေလည်း ကုန်ဖြစ်တယ်။ ထမင်းရေး*

www.burmeseclassic.com

*တာဟာ ကျန်းမာရေးလည်း ကောင်းမယ်၊ အန္တရာယ် လည်း ကင်းတယ်။ ပိုက်ဆံ သုံးချင်တဲ့ ကျောင်းသားဟာ စာမကြိုးစားတာ များတယ်။*

*အခြေအနေပေးရင် သီတင်းကျွတ်ပိတ်ရက်မှာ ပြန်လာမယ်။ သေချာပေါက်တော့ မဟုတ်ဘူး။ မငယ်နဲ့ သားများအားလုံး ကျန်းမာကြပါစေ။*

*ဦးကျော်နိုင်*
*အ·ထ·က- ညောင်ဇင်ရွာ*
*သရက်ချောင်းမြို့နယ်၊*
*တနင်္သာရီတိုင်း။*

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ထိုစာလေး တစ်စောင်ကို ဖတ်မိရင်း အဆုံးမှာ ကျွန်တော် ငိုင်တွေခဲ့ရသော ခြောက်သွေ့ပူပြင်းသည့် နွေတစ်ရက် ဖြစ်ပါသည်။ ကျွန်တော်သာ ဝတ္ထုတစ်ပုဒ်ထဲက ဇာတ်ကောင်တစ်ကောင် ဆိုပါလျှင် ထိုစာလေးထဲက ဝါကျများတွင် လွမ်းဆွတ်ရီဝေဖွယ်တို့ ဝေ့သီနေပါလိမ့်မည်။ သို့သော် ထိုစာလေးတစ်စောင်သည် ဝတ္ထုတစ်ပုဒ်ကို ဇာတ်နာအောင် ဆင်ထားသော ထိုးဇာတ်တစ်ခု မဟုတ်ခဲ့ပါ။ ကြေကွဲဖွယ်ရာ စကားလုံးများလည်း မပါဝင်ခဲ့ပါ။ သို့သော် တကယ့်ဘဝ အဖြစ်အပျက်တို့သည် သမားရိုးကျအတိုင်းပင် ရိုးစင်းစွာ ဖြစ်ပျက်နေပါသော်လည်း ကျွန်တော့်အတွက် ကြေကွဲဆွေးရီဖွယ်ရာတော့ တကယ်ကောင်းလွန်းနေခဲ့သည်သာ။

❑

၉။

'တစ်ယောက်တစ်ပေါက်နဲ့ စားချင်တဲ့အချိန်မှာ ကြုံသလို စားနေကြတော့ ထမင်း၊ ဟင်းကို ဘယ်လိုတိုင်းချက်ရမှန်း မသိတော့ဘူး'

> အဖေကိုယ်တိုင် အိမ်လေး တစ်အိမ်၏ ခေါင်တစ်ခုအဖြစ် မလုံသော မိုးသည်းညများ ထဲတွင် မိုးစိုခဲ့ရှာပါလိမ့်မည် ထိုအခါ အဖေသည် ဖြတ်သန်းရာ ခေတ်အတွင်းမှ 'မလုံသော၊ ပေါက်ပြဲနေသည့် ခေါင်'ကို အခု ကျွန်တော် ငေးကြည့် နေသလိုပင် ငေးကြည့်ရှုံသာ တတ်နိုင်ခဲ့ပါ လိမ့်မည်

ကျွန်တော့်အမေ့ မကြာခဏ ညည်းညူတတ်သည်မှာ အမှန်ပင် ဖြစ်သည်။ အဖေနှင့် မျက်နှာချင်းဆိုင်မိလျှင် ဘာမဟုတ်သည်နှင့်ပင် ပြဿနာဖြစ်တတ်၍ အိမ်နှင့် မနီးမဝေး၊ တခြားအိမ်လေးတွင်နေဖြစ်နေသည့် ကျွန်တော်ကိုယ်တိုင်လည်း အမေ ချက်သည့် ထမင်း၊ ဟင်းကို မစားဖြစ်သည်မှာ များခဲ့ပြီ။ ကျွန်သည့် အစ်ကိုနှစ်ယောက်ကလည်း အိမ်တွင် ထမင်းစားသည့်ရက်မှာ နည်းကောင်းနည်းပါလိမ့်မည်။

အဖေ၊ အမေနှင့် ညီမလေးသာ ပုံမှန်ရှိတတ်သော မိသားစုအိမ်ကလေး၏ ထမင်းဝိုင်းကလည်း လက်ဆုံမစားဖြစ်ဘဲ တစ်ယောက်စီ ခူးခပ်စားကြခြင်းမှာ နှစ်ကာလ ကြာလေပြီ။ သေချာသည်မှာ မိသားစု ထမင်းလက်ဆုံစားခြင်း အလေ့အထသည် ကျွန်တော်တို့ အိမ်လေးအတွင်းမှ ဝေးလွင့်သွားခဲ့လေပြီ။

'ဆာတဲ့အချိန် စားပဲပေါ့၊ ဝမ်းချင်း ဆက်တာ မဟုတ်ဘူး။ ဘယ်သူမှ မစားလို့လည်း ဝမ်းနည်းမနေဘူး။ မကုန်ရင် ခွေးကျွေးပစ်လို့ရတယ်'

ဟု ပြောတတ်သော အဖေ့စကားကြောင့် ထမင်းစားရန် ပြင်နေသော ကျွန်တော့်လက်သည် တွန့်ခဲ့ဖူးပါသည်။

သူငယ်ချင်းတချို့၏ အိမ်သို့ ရောက်ဖြစ်လျှင် ထမင်းစားချိန်နှင့် ကြုံ၍ 'သား ထမင်းစားပြီးပြီလား၊ ဝင်စားပါလား'ဟု သူတို့မိဘများက ပျူငှာစွာ ပြောတတ်သော မိသားစုထမင်းဝိုင်းသည် ကျွန်တော့်အတွက် လွမ်းစရာပင်။ သူများမိသားစု ထမင်းဝိုင်းများကို ငေးရီကြည့်ရင်း ခုနှစ်အချို့ ကြာခဲ့လေပြီ။

❑

၁၀။

ဒရောသောပါး ခေတ်ထဲတွင် ပြေးရင်းလွှားရင်း ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းတို့ကို ထွေးပွေ့၍ စိမ်းလန်းခြင်းနှင့် ခန်းခြောက်ခြင်းတို့ကိုလည်း ဖြတ်ကာကျော်ကာ ကူးချည်ခပ်ချည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေသားတကျနိုးနိုး ဖြစ်ခဲ့လေပြီ။ ထိုအခါ လွန်ခဲ့သော ကာလများက ကျွန်တော် တွေးခဲ့၊ ထင်ခဲ့သည့် တချို့သော အရာများစွာသည် ဉာဏ်တိမ်လွန်း၊ မသိတတ်လွန်းခြင်းတို့သာ ပေကျံစွန်းထင်းနေကြောင်း တစ်စုံတစ်ယောက်ကို ရင်ဖွင့်ပြောဆိုကာ ဆေးကြောပစ်လိုစိတ်သည် ဖြစ်လာတတ်မြဲ။

မိသားစုတစ်ခုအတွင်း အကောင်းအဆိုးဟူသမျှသည် 'အိမ်ထောင်ဦးစီး'ဖြစ်သူကြောင့် သာဟု ငယ်စဉ်ကတည်းက ရိုးစင်းစွာ ထင်ခဲ့မိသည်။ ကျွန်တော့် ငယ်ဘဝတချို့၏ အိမ်လေးအတွင်း တိုက်ခတ်သော မိသားစုမုန်တိုင်းများ အတွက်လည်းကောင်း၊ ကျွန်တော်တို့ ရှုံ့စိုရေ မွန်းခဲ့ရသော မိုးညများစွာ အတွက် 'ခေါင်မလုံခြင်း' ကြောင့်ဟုလည်းကောင်း ဖခင်ဖြစ်သူကိုသာ တရားခံအဖြစ် ကျွန်တော် မိုက်မဲစွာ ယိုးစွပ်ထင်ခဲ့မိသည်။

မိမိကိုယ်တိုင် မိုးသည်းလွန်းသော ခေတ်ကာလထဲတွင် လက်တွေ့ ဖြတ်သန်းရင်း အခုတော့ 'ခေါင်မလုံသည့် အိမ်များစွာ'ကိုလည်း ကျွန်တော် မြင်နိုင်အောင် ကြည့်တတ်ခဲ့ပါပြီ။

'ငါတို့တုန်းက လက်

www.burmeseclassic.com

ဖက်ရည်တစ်ခွက် တစ်မတ်' ဟု ပြောတတ်သည့် အဖေ့ စကားသံသည် ကျွန်တော်တို့ အိမ်လေးအတွင်း ရိုက်ခတ်နေ ခဲ့။ ထိုစဉ် ဟိုးအချိန်ပေါင်း များစွာကတည်းက ယခုတိုင် အောင် မှောင်လွှန်းသည့် ည များစွာထဲတွင် သည်းထန် လွန်းသော မိုးစက်များကို သပ်ချနိုင်သည့်အခါ သပ်ချ ပြီး မသပ်ချနိုင်သည့်အခါ ခင်ပန်းလေးလံစွာ ထမ်းပိုး ထားယူရင်း အဖေ ဖြတ် ကျော်ခဲ့ရပါလိမ့်မည်။ အခုမှ အမှောင်ထဲရောက်စ ကျွန် တော်သည် ထိုသို့ အဖေ့ည များကို ပြန်ငေးကြည့်မိတော့ သည်။

ထိုအခါတွင်တော့-

'အဖေက အိမ်လေးတစ် လုံးရဲ့ ခေါင်ဆိုရင်တောင် ငါတို့အိမ်က ခေါင်ပဲ။ အိမ် အများကြီးရဲ့ ခေါင်မှ မဟုတ်တာ'ဟူ၍ တစ်စုံတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ ပြောပြလိုစိတ်သည် အုံကြွ ထိုးထွက်လာခဲ့ပါသည်။ အိမ်ပေါင်းများစွာ၏ခေါင် ပေါက်ပြဲနေခြင်းကြောင့် အဖေကိုယ်တိုင် အိမ်လေးတစ်အိမ်၏ ခေါင်တစ်ခုအဖြစ် မလုံသော မိုးသည်းညများထဲတွင် မိုးစိုခဲ့ရှာပါလိမ့်မည်။ ထိုအခါ အဖေသည် ဖြတ်သန်းရာခေတ်အတွင်းမှ 'မလုံသော၊ ပေါက်ပြဲနေသည့် ခေါင်'ကို အခု ကျွန်တော် ငေးကြည့်နေသလိုပင် ငေးကြည့်ရှုံ့သာ တတ်နိုင်ခဲ့ပါလိမ့်မည်။ မိမိအိမ်လေးကိုတော့ မိုးမစိုအောင် စွမ်းသလောက် ကြိုးစား၍ 'ခေါင်'တစ်ခုအနေဖြင့် အဖေသည် မိုးကာခဲ့ပါလိမ့်မည်ဟုလည်း ကျွန်တော် တွေးမိလေပြီ။

အလုပ်ကိုယ်စီဖြင့် ပြေးကာ၊ လွှားကာ တစ်စစီ ပျံ့ကျဲနေသော မိသားစုဝင်များ ဖြစ်လာသည့် ကျွန်တော်တို့ အိမ်လေးတွင် အမေချက်သော ထမင်းဟင်းကို တစ်ရက်တွင် လက်ဆုံ စားဖြစ်ပါလိမ့်မည်။ ထိုတစ်ရက်သို့ ရောက်ခဲ့ပါက အဖေပြောပြောနေကျ 'လက်ဖက်ရည်တစ်ခွက် တစ်မတ်' မှစ၍ ကျွန်တော် မစဉ်းစားဖြစ်ခဲ့သော အဖေဖြတ်သန်းမှတ်မိနေလိမ့်ဦးမည့် တချို့လေထန် မိုးသည်းညများကို မိသားစုဝင် အားလုံး ကြားသိအောင် ကျွန်တော် တတ်နိုင်သမျှ မေးမြန်းလိုပါသေးသည်။

မိမိစိတ်အတွင်းမှ အကြိမ်ကြိမ် ပြစ်မှားမိခဲ့သမျှကိုတော့ တစ်ခုသော သီတင်းကျွတ်အထိ လေးဖင့်စွာစောင့်၍ ကျွန်တော် တောင်းပန်ကန်တော့လိုပါသေးသည်။ ထိုအခါ အမေက 'နင်တို့အဖေကို စိတ်နဲ့တောင် မပြစ်မှားနဲ့'ဟု ပြောလိမ့်ဦးမည်လား မသိပါ။ သို့သော် အဖေကတော့-

'ကန်တော့ပြီး ကုသိုလ်ယူတာ ပိုက်ဆံပေးရတာမှ မဟုတ်တာ၊ ကန်တော့ပေါ့'

ဟု လက်အုပ်ချီထားသူ ကျွန်တော့်ကိုကြည့်၍ သူ့ဝသီအတိုင်း လှောင်သံ၊ ရွှဲသံစွက်၍ ပြောလိမ့်မည်ဟု ထင်မိပါတော့သည်။

❑

၁၁။

စိတ်ကူးတချို့တို့သည် စိတ်ကူးအဖြစ်သာ မပျောက်မရှ ရှိနေလိမ့်မည်မှာ သေချာလှပါသည်။ အဘယ့်ကြောင့်ဆိုသော် လူ့လောကအတွင်းမှ ကျွန်တော့်အဖေ ထွက်ခွာသွားခဲ့သည်မှာ လပေါင်းများစွာပင် ကြာခဲ့လေပြီ။ ■

BURMESE CLASSIC

**မောင်ရေချမ်း**






www.burmeseclassic.com

www.burmeseclassic.com

ကလေးတို့ဖတ်ဖို့ ပုံပြင်ဇာတ်လမ်း၊ ဝတ္ထုများကို ရေးတဲ့အချိန်မှာ (အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိတွေ့ဆိုတဲ့) အာရုံငါးပါးကို ဘယ်လို ထည့်ရေးရမယ်ဆိုတဲ့ အကြောင်းကို ဆွေးနွေးတင်ပြခဲ့ပါတယ်။ တကယ့်အပြင်က လက်တွေ့ဘဝမှာလည်း ကျွန်မတို့ဟာ ကျွန်မတို့ မြင်ရ ကြားရ၊ မွှေးရ၊ နံရ၊ စားရ သောက်ရ၊ ထိရ ကိုင်ရတဲ့ အပေါ်မှာ ပျော်တာ ဝမ်းနည်းတာ၊ စိတ်ဆိုးတာ၊ ဒေါသထွက်တာ၊ လျှစ်လျူရှုတာ စတဲ့ စိတ်ခံစားချက်များကို ခံစားကြရပါတယ်။ ဒီလိုပဲ ကျွန်မတို့ဟာ ဝတ္ထုပုံပြင်များကို ဖတ်တဲ့အချိန်(တစ်နည်းပြောရရင်တော့) ရသကို ခံစားကြတဲ့အချိန်မှာလည်း စကားလုံးတွေထဲကနေတစ်ဆင့် စာရေးဆရာ ရေးထားတဲ့ ဇာတ်လမ်းအတိုင်း စိတ်တိုတာ၊ စိတ်ဆိုးတာ၊ ဒေါသထွက်တာ ဝမ်းနည်းတာ စတာတွေကို လိုက်ပါခံစားကြပါတယ်။ ပုံပြင်တွေ




ဇာတ်လမ်းတွေ၊ ဝတ္ထုတွေကို ဖတ်ကြတယ်ဆိုတာဟာ တကယ်တော့ ဒီခံစားမှုတွေကို ခံစားချင်လို့ ဖတ်ကြတာပါ။ ဇာတ်ကောင်တွေရဲ့ တွေ့ကြုံရတဲ့ ပြဿနာတွေ၊ စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေကို ဇာတ်ကောင်တွေနဲ့ အတူတူ စာဖတ်သူပါ လိုက်ပါ ခံစားနိုင်ဖို့အတွက် ရသရေးသူ စာရေးဆရာဟာ စာဖတ်သူ ကိုယ်တိုင် တကယ့်မျက်စိနဲ့ မြင်လိုက်ရသလို၊ တကယ်ပဲ နှာခေါင်းထဲမှာ အနံ့လေးတွေ မွှေးပျံ့လာသလို၊ တကယ်ပဲ ထိတွေ့ခံစားသွားရသလို ရေးနိုင်အောင် ရေးတတ်ရပါမယ်။ အဲဒီလို ရေးနိုင်ဖို့အတွက် ကိုယ်ရေးတဲ့စာတွေထဲမှာ အာရုံငါးပါးကို ထည့်သွင်းအသုံးချဖို့ လိုပါတယ်။ အာရုံငါးပါးလို့ ခေါ်တဲ့ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့ကို စာထဲမှာ ဘယ်လို ထည့်ရေးရမယ်ဆိုတဲ့အကြောင်းကိုတော့ ပြီးခဲ့တဲ့ လတုန်းက ဥပမာများ



www.burmeseclassic.com

www.burmeseclassic.com

ချွန်မ အနည်းငယ်တင်ပြဆွေးနွေးသွားခဲ့ပြီးပါပြီ။

ဒီလို အာရုံငါးပါးကို စာထဲမှာ ထည့်သွင်းရေးဖွဲ့ခြင်းဟာ လူကြီးဝတ္ထုတွေမှာ ဆိုရင်ဖြင့် ကလောင်သွားရာအတိုင်း စိတ်ကြိုက် ရေးဖွဲ့နိုင်ပေမဲ့ ကလေးဝတ္ထုများမှာတော့ အကန့်အသတ်တွေ ရှိလို့ လာပါတော့တယ်။ ကလေးဝတ္ထုကို ရေးဖွဲ့မယ့် စာရေးသူရဲ့ စိတ်ထဲမှာ အမြဲတမ်း တွေးထားဖို့ လိုတာက ကိုယ့်စာဖတ်မယ့် ပရိသတ်ရဲ့ အသက်အရွယ်ပါ။ ဆယ်နှစ်အရွယ် ကလေးဖတ်ဖို့ ရေးတဲ့ဝတ္ထု ဆိုပါတော့။ အဲဒီမှာ စာရေးသူဟာ ဇာတ်ကောင်စရိုက်ကို ပေါ်အောင်လို့ဆိုပြီးတော့ ကလေး မသိတဲ့၊ စိတ်မဝင်စားနိုင်တဲ့၊ ကလေးနဲ့ မသင့်တော်တဲ့ အရာတွေကို ထည့်သွင်းရေးဖွဲ့ရပါဘူး။ ဥပမာအားဖြင့် ပြောရမယ် ဆိုရင်ဖြင့် အောင်အောင် ဝယ်လာတဲ့ စက်ဘီးလေး သိပ်ကိုမှ ကောင်းတဲ့အကြောင်းကို ရေးမယ်ဆိုပါတော့။ အောင်အောင့်စက်ဘီးက ဂျပန်ဖြစ်၊ ဘီးတွေက မာတောင့်နေတာပဲ။ စပုတ်တံက ဘယ်လို၊ လက်ကိုင်က ဘယ်လို၊ နင်းလိုက်တိုင်း ဘယ်လို အသံမြည်တာတွေ စက်ဘီးအကြောင်းတွေကို Five Senseသုံးပြီးတော့ ဖတ်တဲ့သူ မျက်စိထဲ ပေါ်အောင် ရေးမယ်ဆိုပါတော့။ ကိုယ့်စာကိုဖတ်တဲ့ ကလေးရဲ့အသက်အရွယ်ဟာ စက်ဘီးအကြောင်းကို အသေးစိတ် သိနိုင်လောက်၊ စိတ်ဝင်စားလောက်တဲ့ အသက်အရွယ်မဟုတ်တာကြောင့် သူ့ဇာတ်ရင်းနဲ့ ငြီးငွေ့လာမှာ အမှန်ပါပဲ။ ဒါဟာ မှားယွင်းတဲ့ ရေးဖွဲ့မှုပဲ ဖြစ်ပါတယ်။ ဒီစက်ဘီးကိုပဲ 'အောင်အောင့်စက်ဘီးလေးက အနီရောင်လေး၊ လက်ကိုင်လေးမှာ ရှုပါမန်း အရုပ်လေး ကပ်ထားတယ်။ နင်းလိုက်တိုင်း ဘီးလေးတွေက မီးလုံးလေးတွေ လင်းလင်းသွားတာပဲ'လို့ ရေးဖွဲ့မယ်ဆိုရင်ဖြင့် ကိုယ့်ရဲ့ ရေးဖွဲ့မှုဟာ ကလေးအတွက် အံဝင်ခွင်ကျ ဖြစ်သွားနိုင်ပါတယ်။

ကလေးစာပေကို ရေးဖွဲ့သူဟာ လူကြီးစာပေကို ရေးဖွဲ့သူထက် သတိထားစရာတွေ ရှိပါတယ်။ တကယ်တော့ ကလေးစာပေကို ရေးဖွဲ့သူဟာ ကလေး မဟုတ်ဘဲနဲ့ လူကြီးဖြစ်တဲ့အတွက် တစ်ခါတလေမှာ ကိုယ်နားလည်တဲ့၊ ကိုယ်သိတဲ့ အသုံးအနှုန်းတွေကို ကလေးတွေလည်း သိမှာပါလေလို့ ထင်လိုက်မိတာမျိုးပါ။ အာရုံငါးပါး(Five Sense)ကို ဝတ္ထုထဲမှာ ထည့်သွင်းရေးဖွဲ့တဲ့ အချိန်မှာ စာရေးသူဟာ နိမိတ်ပုံတို့၊ ဥပမာတို့ စ,တာတွေကို စာရေးခြင်းအတတ်ပညာအရ ထည့်သွင်း ရေးဖွဲ့ရပါတော့တယ်။ အဲဒီအခါမှာ ကိုယ်အမြဲကြားနေ၊ မြင်နေကျဖြစ်လို့ ကိုယ့်အတွက် ရိုးနေတဲ့ နိမိတ်ပုံလေးကို ကလေးဝတ္ထုထဲမှာ ထည့်သွင်း ရေးဖွဲ့မိတာမျိုး ဖြစ်တတ်ပါတယ်။ တကယ်တော့ ဒီနိမိတ်ပုံဟာ ကိုယ့်အတွက်တော့ နားလည်ဖို့ ဘာမှ မခက်ခဲ ကလေးအတွက်တော့ နားမလည်နိုင်လောက်တဲ့ နိမိတ်ပုံမျိုး ဖြစ်နေတတ်ပါတယ်။ ဥပမာ- ဒီမနက် အိပ်ရာက ထ,တော့ မောင်မောင့် စိတ်ထဲမှာ တစ်မျိုးပဲ။ ရေသောက်မယ် ဆိုပြီးတော့ စားပွဲပေါ်က ခွက်ကို ယူလိုက်တဲ့အချိန်မှာပဲ ခွက်က မောင်မောင့် လက်ထဲကနေ လွတ်ကျပြီးတော့ ခွမ်းခနဲ ကွဲသွားတော့တယ်။ မေမေက ဟဲ့ကောင်လေး ဘာဖြစ်နေတာလဲလို့ အိပ်ရာထဲကနေ လှမ်းဆူပါတယ်။

ဖန်ခွက် ကျကွဲတယ်တို့၊ သောက်တော်ရေအိုး ကွဲတယ်တို့ ဆိုတဲ့ နိမိတ်ပုံတွေဟာ ရှေ့မှာ အဖြစ်အပျက်ဆိုး၊ နိမိတ်ဆိုးတစ်ခုခုလာတော့မယ်ဆိုတဲ့ နိမိတ်ပုံများပါပဲ။ ဖန်ခွက်ကျကွဲတယ်လို့ ဖတ်လိုက်ရပြီဆိုတာနဲ့ တစ်ပြိုင်နက်တည်း လူကြီးများအတွက်ကတော့ ဘာဖြစ်တော့မယ် ဆိုတာကို တန်းသိနိုင်ပေမဲ့ ကိုးနှစ်အရွယ် ကလေးတစ်ယောက်အဖို့ကတော့ သိနိုင်မှာ မဟုတ်ပါဘူး။ သူ့အတွက်ကတော့ ဖန်ခွက် ကျကွဲတာဟာ ဖန်ခွက်ကျကွဲတာပဲဖြစ်ပါတယ်။ တစ်ခါတလေမှာ ကျွန်မတို့အတွက် အင်မတန်ရိုးလွန်းတယ်လို့ ထင်ရတဲ့နိမိတ်ပုံများဟာ ကလေးတို့အတွက်တော့ နားမလည်နိုင်တဲ့၊ နားလည်ရခက်တဲ့နိမိတ်ပုံတွေ ဖြစ်လို့နေတတ်ပါတယ်။

အဲဒီလိုပဲ စကားလုံးအသုံးအနှုန်းတွေ၊ ဥပမာတွေ၊ တင်စားချက်တွေဟာလည်း ကလေး နားလည်တဲ့ ဥပမာတင်စားချက်တွေဖြစ်ဖို့ လိုပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင်ဖြင့်-ညနေခင်း လိမ္မော်ရောင် တိမ်လေးတွေက ငွေနားကွပ် အနားလေးတွေနဲ့လှလိုက်တာ၊ သစ်ပင်ကြီးတွေကလည်း လေတိုက်တိုင်း ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်နဲ့ လှလိုက်တာများ အငြိမ့်မင်းသမီး အငြိမ့်က,နေသလိုပဲလို့ ကလေးဝတ္ထုမှာ ရေးလိုက်မယ် ဆိုပါတော့။ ကလေးဟာ သူ သေသေချာချာ မသိတဲ့ ငွေနားကွပ်တွေ၊ အငြိမ့်မင်းသမီးတွေကို လိုက်စဉ်းစားနေရတာနဲ့တင် သူ ဖတ်နေတဲ့ဇာတ်လမ်းရဲ့ခံစားမှုပါ ပျောက်သွားရပါတော့တယ်။ ဒီလို အရေးအဖွဲ့မျိုးကို ကလေးဝတ္ထုများမှာ ရှောင်ကြဉ်သင့်ပါတယ်။

အဲဒီ တိမ်အကြောင်းကိုပဲ ကလေးနားလည်အောင်လို့ ပြန်ရေးမယ်ဆိုရင်ဖြင့် 'ညနေခင်း မိုးပေါ်မှာ တွေ့ရတဲ့ တိမ်တွေက မနက်တုန်းကတွေ့တဲ့ တိမ်တွေရဲ့ အရောင်လို မပြာတော့ဘူး။ လိမ္မော်ရောင် ဖြစ်နေတာ။ နေလုံးကြီးကလည်း လိမ္မော်သီးကြီးလိုပဲ အင်း… ကြည့်ဦး။ လေတိုက်လွန်းလို့ သစ်ပင်တွေကလည်း ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်နဲ့မို့လို့ ဂါဝန်ကားကားလေး ဝတ်ပြီးတော့ ညီမလေး က,နေတဲ့ အတိုင်းပဲ'လို့ ရေးဖွဲ့ရပါမယ်။ ကလေးစာပေကို ဖန်တီးရေးဖွဲ့ချင်သူအနေနဲ့ ဘယ်ဥပမာကိုပေးပေး ကလေးနားလည်နိုင်မယ့် ဥပမာကိုပဲ ရွေးချယ်စဉ်းစားပြီးတော့ ပေးဖို့ လိုပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

**မလိုအပ်ဘဲ ရေးဖွဲ့သော အာရုံငါးပါး အရေးအဖွဲ့**

တစ်ခါတလေမှာ စာရေးသူများ များတတ်တဲ့ အမှားတစ်ခုကတော့ မလိုအပ်ဘဲနဲ့ အာရုံငါးပါးကို ထည့်သွင်းရေးဖွဲ့ခြင်းပါပဲ။

ဥပမာ- မီးမီးလေးကျောင်းမှာ နေ့တိုင်း အနိုင်ကျင့်ခံရတဲ့ အကြောင်းကို ရေးဖွဲ့ထားတဲ့ ဝတ္ထုဇာတ်လမ်းမှာ စာရေးသူဟာ မီးမီးလေး ကျောင်းကိုသွားဖို့ အတွက် ဖိနပ်ဝတ်တာကအစ၊ လမ်းမှာ မြင်သမျှ တွေ့သမျှ အရာအားလုံး အဆုံးကို စာဖတ်သူရဲ့ စိတ်မျက်စိ၊ စိတ်နားမှာ ပေါ်အောင်လို့ ရေးဖွဲ့မယ် ဆိုပါတော့။ အဲဒီလို ရေးဖွဲ့မယ်ဆိုရင် ဒီဖိနပ်ဝတ်တဲ့ကိစ္စ၊ လမ်းမှာ မြင်သမျှတွေ့သမျှ အဖြစ်အပျက်အားလုံးဟာ ကိုယ်ရေးနေတဲ့ မီးမီးလေး အနိုင်ကျင့်ခံရတဲ့ အကြောင်းနဲ့ စပ်ဆက်မှု ရှိကို ရှိနေရပါမယ်။ တစ်နည်းပြောရရင် လမ်းမှာ မြင်ရတဲ့ မြင်ကွင်းတွေဟာ စာဖတ်သူရဲ့ စိတ်ဝင်စားမှု ဒီဂရီကို တိုးလာအောင်လို့ လုပ်နိုင်တဲ့ အဖွဲ့မျိုး ဖြစ်ရပါမယ်။ အဲဒီလို ဆက်စပ်မှုမရှိဘဲနဲ့ မြင်ကွင်းအဖွဲ့တွေကိုပဲ လျှောက်ရေးနေတာမျိုးဆိုရင်တော့ ဒါဟာ စကားလုံးတွေနဲ့ စာမျက်နှာတွေကို ဖြုန်းတီးပစ်နေခြင်းပါပဲ။

ဥပမာအားဖြင့် ပြောရရင် ကျောင်းကိုလာတဲ့လမ်းမှာ နှင်းဆီပန်းခင်းတစ်ခင်း တွေ့တယ်ဆိုပါတော့။ ဒီအကြောင်းကို စာရေးသူက အသေးစိတ် ရေးဖွဲ့ခဲ့ခြင်းဟာ သူ အသေးစိတ် ရေးဖွဲ့ခဲ့တဲ့ ဒီနှင်းဆီပန်းခင်းကို ဇာတ်လမ်းရဲ့ တစ်နေရာမှာ ပြန်ပြီးတော့ ချိတ်ဖို့အတွက် ရေးဖွဲ့တာမျိုးပဲ ဖြစ်ရပါမယ်။ ဇာတ်လမ်းနဲ့ပဲချိတ်ချိတ်၊ စာရေးသူက နောက်ထပ် မိတ်ဆက်ပေးချင်တဲ့ ဇာတ်ကောင်တစ်ကောင်နဲ့ပဲချိတ်ချိတ် တစ်ခုခုနဲ့ ချိတ်ပေးဖို့အတွက် ရေးဖွဲ့တာမျိုးဖြစ်ရပါမယ်။

ဥပမာ မေမေသိပ်ကြိုက်တဲ့ နှင်းဆီပန်းတွေလို့ စာရေးသူ ရေးဖွဲ့လိုက်ခြင်းဟာ သူရေးဖွဲ့လိုက်တဲ့ ဇာတ်လမ်းထဲက နောက်ထပ် ဇာတ်ကောင်တစ်ကောင်ဖြစ်တဲ့ မေမေနဲ့ စာရေးသူကို မိတ်ဆက်ပေးလိုက်တာပါပဲ။ မေမေရဲ့ ဇာတ်ကောင်စရိုက်တစ်ခုဖြစ်တဲ့ နှင်းဆီပန်း ကြိုက်ခြင်းဆိုတာကိုပါ စာရေးသူက စာဖတ်သူကို ပေးသိလိုက်ပါတယ်။ မေမေ့ဇာတ်ကောင်စရိုက်ဟာ နှင်းဆီပန်းလေးတွေကို ကြိုက်တဲ့၊ နှစ်သက်တဲ့ ဇာတ်ကောင်စရိုက် ဖြစ်တာမို့လို့ မေမေဟာ အလှအပ၊ အမွှေးအကြိုင်ကြိုက်တဲ့ ဇာတ်ကောင်စရိုက် ရှိရပါမယ်။ ဒီဇာတ်ကောင်စရိုက်ဟာလည်း ကိုယ်ရေးနေတဲ့ ဇာတ်လမ်းကျောရိုးနဲ့လည်း ချိတ်ဆက်နေရပါမယ်။

အဲဒီလို မဟုတ်ဘဲနဲ့ ဇာတ်လမ်းနဲ့လည်း မချိတ်ဆက်၊ ဇာတ်ကောင်တွေနဲ့လည်း မချိတ်ဆက်ဘဲနဲ့ မြင်ကွင်းအဖွဲ့တွေကိုချည်း လျှောက်ရေးဖွဲ့နေမယ်ဆိုရင်တော့ ဒါဟာ စာမျက်နှာနဲ့ စကားလုံးတွေကို ဖြုန်းတီးပစ်နေခြင်းပါပဲ။

မြင်ကွင်းအဖွဲ့တွေကို ရေးဖွဲ့တဲ့ အချိန်တိုင်း (သို့မဟုတ်) အာရုံငါးပါးကို ထည့်သွင်းရေးဖွဲ့တဲ့ အချိန်တိုင်းမှာ ကိုယ်ရေးဖွဲ့နေတဲ့ ကိုယ့်ဇာတ်ရဲ့ ကျောရိုးနဲ့ ဇာတ်ကွက်ကို စာရေးသူဟာ အမြဲတမ်း စိတ်ထဲမှာ သတိရနေဖို့ လိုပါတယ်။ နှင်းဆီပန်းနံ့လေးတစ်ချက် သင်းခနဲ ဖြစ်သွားတာပဲဖြစ်ဖြစ်၊ ပျားကလေး ဗီးဗီးနဲ့ အော်တာပဲဖြစ်ဖြစ် ဒီအသံ၊ ဒီအနံ့လေး တစ်ချက်ဟာ ကိုယ့်ဇာတ်လမ်း ဇာတ်ကွက်ကို အထောက်အကူဖြစ်အောင်လို့ ထောက်ပံ့ပေးတဲ့ အသံ၊ အနံ့တွေပဲ ဖြစ်ရပါမယ်။ ဒီအနံ့၊ ဒီအသံဟာ ဇာတ်လမ်းကျောရိုးတွေ၊ ဇာတ်ကွက်တွေနဲ့ ဘာမှ မပတ်သက်ဘဲနဲ့ စာရေးသူ ထည့်ချင်လို့ ထည့်လိုက်တဲ့ အသံတွေ၊ အနံ့တွေ မဖြစ်ရပါဘူး။

ဒီလိုချိတ်ဆက်ပုံနဲ့ ပတ်သက်ပြီးတော့ ဥပမာအနေနဲ့ ကျွန်မ ပြောရမယ်ဆိုရင်ဖြင့် အာရုံငါးပါးစလုံးကို အသုံးချရေးဖွဲ့ခဲ့တဲ့ ဆရာမကြီး ကြည်အေးရဲ့ **မေတ္တာမီးအိမ်** ကို ထုတ်နုတ်ပြီးတော့ အနည်းငယ် ပြောချင်ပါတယ်။ မေတ္တာမီးအိမ်ထဲမှာ ဆရာမကြီး ကြည်အေးဟာ ဇာတ်ကောင် အဖြူရဲ့ အခန်းပြတင်းပေါက်အကြောင်းကို ရေးဖွဲ့ခဲ့ပါတယ်။ ပြတင်းပေါက်ဘေးက သစ်ပင်ရဲ့ သစ်ကိုင်းဟာ ပြတင်းပေါက်မှန်ကို ဂျစ်ဂျစ်နဲ့ ခြစ်နေတဲ့ အသံကို အဖြူ ကြားရသလို စာဖတ်သူပါ ကြားရတဲ့အထိ ရေးဖွဲ့ခဲ့ပါတယ်။ ဒီပြတင်းပေါက်က မှန်ခြစ်သံဟာ အဖြူရဲ့ စိတ်ရောဂါနဲ့ ချိတ်ဆက်ထားတာမို့လို့ ဖတ်သူရဲ့ နားထဲမှာ ကြားရတဲ့ ဒီအသံဟာ အဖြူရဲ့ စိတ်ဒဏ်ရာနဲ့အတူ ဖတ်သူကိုပါ ကြောက်စိတ် ထူးစက်မိစေတာမို့လို့ အဓိကဇာတ်ကောင် အဖြူရဲ့ စိတ်ဒဏ်ရာ ရုပ်လုံးကို ပိုပြီးတော့ ကြွတက် အသက်ဝင်လာစေပါတယ်။ ညဘက် အဖြူ့အဖေရဲ့ လမ်းလျှောက်သံ၊ ပြတင်းပေါက်က သစ်ကိုင်းခြစ်တဲ့ တဂျစ်ဂျစ်မြည်သံ စတဲ့ အသံတွေ အားလုံးဟာ ဇာတ်ကောင် အဖြူကို အားကောင်းလာအောင် (တစ်နည်းပြောရရင်)စာဖတ်သူစိတ်ထဲမှာ မြင်လာအောင်လို့ ထောက်ပံ့ပေးတဲ့ အသံတွေချည်းပါပဲ။

ကလေးစာပေကိုပဲ ရေးရေး လူကြီးစာပေကိုပဲရေးရေး စာရေးသူဟာ အာရုံငါးပါးကို ဇာတ်ကောင်တွေ၊ ဇာတ်လမ်းတွေထဲမှာ အဆင်ပြေအောင် ရေးဖွဲ့နိုင်ဖို့ အရေးကြီးပါတယ်။ အာရုံငါးပါးနဲ့အတူတူ နောက်ထပ် အရေးကြီးတဲ့ အရာတစ်ခုကတော့ ကလေးပုံပြင် ဇာတ်လမ်းတွေကို စ,ပြီးတော့ ရေးတဲ့အချိန်မှာ ဘယ်လို စ,ပြီးတော့ ရေးမလဲ။ ကိုယ်ရေးတဲ့ ဇာတ်လမ်းကို ကလေးတွေ စိတ်ဝင်စားအောင်၊ စ,ပြီးတော့ ကိုင်လိုက်ကတည်းက ဖတ်ချင်စရာဖြစ်အောင် ဘယ်အခန်းကနေ စ,ဖွင့်မလဲဆိုတဲ့ အကြောင်းပါပဲ။ ဒီအကြောင်းကိုတော့ နောက်လမှာ ကျွန်မ ဆက်လက်တင်ပြ ဆွေးနွေးသွားပါ့မယ်။

■

**ခေတ်ဘုန်းသစ်**

Ref: How to write a Great Childr Book by Robin Opie Parnell.

မေတ္တာမီးအိမ် - ကြည်အေး

Five Senses for Kids Sto

www.burmeseclassic.com

www.burmeseclassic.com

အလင်းသစ်
စာပေ



## ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဗမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

စီးပွားရေး နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမှုအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

## မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ ဦးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



## ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါကာဒွ)

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုးဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

## အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့



နည်းပြ၊ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့်ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်မာမဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ၊ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



## ထေရဝါဒရှုထောင့် - မင်းနန္ဒ(မော်ကျွန်း)

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်းပါးလျားရှိမလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

## မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ



အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသီ၊ ဥတ္တရာနှင့် သီရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်
အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။
ထွက်ပြီ
Designed by Lynn Wunna
www.burmeseclassic.com

www.burmeseclassic.com



'ဘုတ်'

ဟော ကြားရပြန်ပြီ။

ဒါ ဘယ်နှထုပ်မြောက်ပါလိမ့်။

ကော်ပီကူးပြီးသားစာရွက်များကို စီစီရီရီထပ်နေရင်းမှ မျက်လုံး အသာဝှေ့ကြည့်လိုက်ချိန် လမ်းမပေါ်မှာ အထုပ်ကြီး၊ အထုပ်ငယ်လေးများ တန်းစီနေသည်မှာ ခုနစ်ထုပ်၊ ရှစ်ထုပ်လောက် ရှိနေပြီ။ အထုပ်ပုံစံ အနေအထားကို ကြည့်လိုက်ရုံနှင့် အထုပ်ပိုင်ရှင်သည် မိန်းမပီသသူလား၊ မပီသသူလား သိနိုင်သည်ဆို လွန်အံ့မထင်။ တန်ဖိုးသေးပုံမရသည့် အိတ်များအားလုံး ဂျိုး(ချေး)အထပ်ထပ် ရုပ်လုံးမပေါ် ပုံစံမကျဖြစ်နေသည် ကိုကြည့်ကတည်းက ပိုင်ရှင်မိန်းမသား၏ အတွင်းကျကျ သဘာဝကို သိသာနိုင်သည်ပင်။

ယခု ချသည့်
အထုပ်မှာတော့
နောက်ဆုံးအထုပ် ထင်၏။
ဘုတ်ဆိုပစ်ချပြီးသည်နှင့်
မိန်းမသားလေး
ထိုနားက မခွာတော့
လက်ထဲမှ ဖုန်းကို
အသည်းအသန်နှိပ်နေ
တော့သည်။ မြင်ကွင်း
ရှင်းနေသည့်အပြ
သူကလည်း ဖုန်း
နေသည်ဆို
မငေ့တငေ့ ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



# မိုးရွာနေတဲ့နေ့

**မီမိုး**

ကောင်မလေး
မျက်နှာမှာ
မိုးနှင့်အပြိုင်
ပြုံးတော့မည့်
အလား
ညှိုမှောင်လို့ရယ်
ဂျိလီ
တစ်ယောက်
ဘာရက်ပစ်နှင့်
တစ်ခုခု
ဖြစ်လာပြီ
ထင်သည်ဟု
စိတ်ထဲ
အလိုလို
တွေးမိသည်

မလိုတော့။ ခပ်ရဲရဲပင် သူ့ကိုအကဲခတ်မိ၏။ အပေါ်က လည်ဟိုက် ဗိုက်ပေါ် စပို့ရှပ် ခပ်တိုတိုကိုအောက်မှ တိုကပ်နေသည့် ဘောင်းဘီတိုနှင့် တွဲဖက် ဝတ်ထားသည်မို့ အပြင်အဆင်မှာ ရှုတ်တရက် ဖျတ်ခနဲအမြင့်မှာတင် လှူကြည့်ချင်စရာ။ သို့သော် ကိုယ်ကတော့ သိလေသည်။ ဒီကလေးမသည် အဝေးကြည့်သာ ကြည့်ကောင်းသည်ဆိုတာကိုလေ။ အနီးကပ် မြင်လိုက်သည်နှင့် ကျဲပါးသော မျက်ခုံးကို ဆေးကူထားရသူ။ အသားဖြူစစမှာ ဘိုမများမှာ ရှိတတ်သည့် အစက်အပြောက်များနှင့် အသားအရေကောင်းခြင်း မပြည့်စုံသူ။ ထို့အပြင် ဒီကလေးမ ရယ်လိုက်သည့်အခါတွင် ကျဲနေသည့် သွားများကတော့ ကိုယ်တစ်စက်ကလေးမှ ခံစားလို့မရ။ ဘာတဲ့ ကိုယ်တို့ငယ်စဉ်က အဘွားပြောသည့် စကား၊ သွားကျဲသူများ စကားမညီတဲ့လေ။ ဟိုတစ်မျိုး ဒီတစ်မျိုးပြောတတ်သည်ကို ပြောချင်သည် ထင်ပါရဲ့။ နောက်ပြီး ကလေးမ ဘော်ဒီက စလင်းဘော်ဒီဟု ခေါ်ရမည့် အချိုးအစား၊ သို့သော် ထိုကိုယ်လုံးကို

www.burmeseclassic.com

နိုင်ငံတကာ ကိုယ်လုံးဟု တော့ မတင်စားချင်ပါ။ နိုင်ငံတကာကိုယ်လုံး ဆိုသည်မှာ ပိန်သော်လည်း သူ့နေရာ သူ့အချိုးအစားတော့ဖြင့် ပြည့်စုံသည်ပဲ။အခုဟာက ပိန်သည် တစ်ခုကလွဲပြီး ပြည့်သော နေရာ တစ်ခုမျှမရှိ။ သို့သော် လူကြည့်ခံ၏။ လူအများ သူ့ကိုကြည့်ကြလေ၏။ ဘာကြောင့်ရယ်ဖြင့် မသိ။ ထိုကောင်မလေးပိန်ပိန်သည် အဝတ်အစား မလုံမလဲလေးများဝတ်လျက် လှုပ်လီလှုပ်လဲ့သွားနေရင်းကို သွားသွားလာလာ ပုရိသတို့ မျက်လုံးဝဲကြကုန်လေပြီ။

ထိုကလေးမအား သုံးလေးခါ မြင်တွေ့ပြီးခိုက်မှာတော့ သတ်မှတ်ချက်တစ်ခု ပေးလိုက်မိတာ ရှိလေသည်။ တစ်နေ့တည်းမှာပင် တစ်မျက်နှာမှ ရုပ်အသွင်နှစ်မျိုး ရှိလေသူဟူ၍။ ထိုကလေးမမို့ ပြင်ပြင်ဆင်ဆင်လေးများ အပြင်ထွက်လာပြီဆိုလျှင် တကယ်လည်း ကြွားကြွားဝင့်ဝင့် ငွားငွားစွင့်စွင့် ရှိလှချည့်။ ထိုသို့မဟုတ် မပြင်မဆင် ဖျိုးခနဲ ဖျတ်ခနဲများ ထွက်လာပြီဆိုမှဖြင့်တော့ တစ်ချက်လှည့်ကြည့်ချင်စရာ မကောင်း၊ ပေတိပေစုတ်လေးဖြစ်နေတတ်သည်မှာ အံ့သြပယူရလေသည်။ တင်စားရလျှင် မနက် ဟင်းချို၊ ည ချဉ်ဟင်းရုပ်ပေပေါ့။ ရုပ်ကလေးတင် ဟိုတစ်မျိုး၊ ဒီတစ်မျိုးဖြစ်နေသည် မဟုတ်။ စကားပြောလျှင်လည်း ဘာကို ဘယ်လို ဦးတည်ပြောချင်သည် မသိ၊ ဇွေကာဝိုက်ကာ လိုရင်းကို ရောက်အောင်

**ကောင်မလေး
အသံက
လိုအပ်တာထက်
ပိုကျယ်လေသည်
တစ်ဖက်လမ်းက
ကောင်လေး
ကြားစေချင်ကာ
အသံမြှင့်ပြောတာ
ဖြစ်မည်
ဟိုသူကောင်း
သားလေး
ဒေါ်ပွကာ
လာရမ်းလျှင်ဖြင့်
မခက်ပါလား**

မပြောနိုင်ပြန်။ ကိုယ့်မှာ သူဆိုလိုချင်သောစကားကို နှစ်ခေါက်၊ သုံးခေါက် ရှင်းအောင် ထပ်မေးရလေသည်။ ကိုယ့်စိတ်အလို အတိုင်းသာ ဆိုလျှင်ဖြင့် ထိုကလေးမကို စကားဆိုသည်မှာ အဲ့သလို အဲသလို ပြောရတယ်ကွဲ့ဟု စကားပြောနည်းသင်တန်းတောင် ပေးလိုက်ချင်သေးသည်။ အပေါ်နှုတ်ခမ်း၊ အောက်နှုတ်ခမ်းကို ဆွဲဟကာ ကျယ်ကျယ်ပြော၊ ပီအောင်ပြောဟု ပြောပစ်လိုက်ချင်သည်။ နှုတ်ခမ်းလွှာနှစ်ခုကြားမှ ထွက်သည်ဆို၍ ထွက်လာသော လေသံသည် မပီသ၊ ထို့ပြင် တိုးသေး၏။ ဒီကြားထဲကမှ လိုရင်းပေါက်အောင် မပြောနိုင်ပြန်၊ ကဲ ဘယ်လိုလုပ်မည်လဲ။

ယော ကိုရွှေမိုးက မညိုဘဲ ရုတ်တရက် ပြိုလေပြီ။ မိုးပေါက် မိုးမှုန်လေးများမှသည် တဖြောင်းဖြောင်းကျအောင် ရွာချလိုက်သည်များ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း ပတ်ဝန်းကျင်တစ်ခုလုံး ရွှဲလေပြီ။ ဆိုင်မျက်နှာစာဘက်ကို ထုတ်ထားသည့် ပစ္စည်းလေးများ အတွင်းဘက်ကို ခပ်သွက်သွက် ပြန်ရွှေ့နေချိန်မှာပဲ ဟိုကလေးမ ကိုယ့်ဆိုင် အရိပ်စွန်းကို ကူးလာသည်ကို တွေ့နေရသည်။ သူ့အထုပ်များအား ပြေးယူလိုက်၊ ဒီဘက်ပြန်ချလိုက်နှင့် သူ အလုပ်ရှုပ်သွားချိန် ကိုယ်လည်း ပစ္စည်းများ ဆိုင်ထဲသွင်းသင့်တာ သွင်းနေသည်မို့ ခဏတော့ အလုပ်ရှုပ်သွားသည်။ ခွင့်တောင်းစရာမလိုဟု ထင်လေသည်လား၊ ခွင့်တောင်းဖို့ကို မသိတတ်တာလားတော့ မပြောတတ်။ ကိုယ့်ဆိုင်ရိပ်သာ လာခိုနေသော်လည်း ကိုယ့်ဘက် တစ်ချက်လှည့် မကြည့် ခပ်တည်တည်ပင်။ အနီးကပ် မြင်ရလေမှ ကောင်မလေးမျက်နှာမှာ မိုးနှင့်အပြိုင် ပြိုတော့မည့်အလား ညိုမှောင်လို့ရယ်။ ဂျိုလီတစ်ယောက် ဘရက်ပစ်နှင့် တစ်ခုခု ဖြစ်လာပြီထင်သည်ဟု စိတ်ထဲ အလိုလိုတွေးမိသည်။

ထိုသို့ တွေးမိတော့ ကိုယ့်အတွေးကိုယ် ရယ်ချင်သည်။ ကိုယ့်မိသားစုအား 'ငါ ဒီစုံတွဲကို ဘရက်ပစ်နဲ့ ဂျိုလီလို့ နာမည်ပေးထားတယ်'ဟု ပြောဖူးသည်။ ကိုယ့်သားဆိုတာ ထိုစကားကိုအကြား ရယ်လိုက်သည်မှာ မျက်ရည်များတောင် ထွက်လို့ရယ်။ 'အမေ ဘာကိုကြည့်ပေးတာလဲ'တဲ့လေ… မသိ။ သူတို့ကို မြင်လိုက်သည်နှင့် ရုတ်တရက် စိတ်ကူးပေါက်ကာ ပေးလိုက်မိတာပင်။ ကလေးမသည် သူကိုယ်သူ အင်ဂျလီနာဂျိုလီလောက် လှသည်ဟု … ကြွားနေသယောင် စိတ်… ခံစားမိတာလည်း ပါလိမ့်မည်။ ထို့ပြင် သူ့ခင်ပွန်းကောင်လေးကို လက်ချိတ်ပြီးများ တွဲသွားနေရပါက ဘရက်ပစ်ကို ပိုင်ဆိုင်ထားသလို မော့ချီနေတတ်တာကိုလည်း ကျီစယ်လိုစိတ်လည်းပါသည်။ ကိုယ့်စိတ်ကူးထဲမှာတော့ သူတို့စုံတွဲမှာ ထိုနာမည်များနှင့်အလိုက်ဖက်ဆုံးပင်။ တက်တူးတွေ တစ်ကိုယ်လုံး ပြည့်နက်နေသော အပေါ်ပိုင်း ခေတ်ပေါ်စွပ်ကျယ်နှင့် အောက်ပိုင်းမှာ ဂျင်းဘောင်းဘီချက်ပြတ်ကို ဝတ်တတ်သော၊ နားနှစ်ဖက်လုံး နားကပ်များ၊ နားကွင်းများဖြင့် ရှုပ်နေသော ထိုဘရက်ပစ်နှင့် ထိုဂျိုလီတို့ ဘယ်ပုံဘယ်နည်း ဖူးစာရေစက်ဆုံခဲ့လေသည် မသိ၊ ကိုယ်တို့ပတ်ဝန်းကျင်မှာတော့ဖြင့် သူတို့ဇာတ်လမ်းစသည့်အချိန်မှစပြီး အချစ် ဟာသ၊ အငို၊ အလွမ်း ခံစားမှု ရသစုံ အော်ပရာများ… နွေညမပြတ်ရအောင် ရှုစားနေခဲ့ရတော့တာ ဖြစ်လေသည်။

'အီး ဟီး အီး အီး …



www.burmeseclassic.com

www.burmeseclassic.com

ဘာတုံးဟာ ဘာတုံး။ အလန့်တကြားနှင့် ကိုယ်ကို တိုင်းပြီး ဆိုင်အပြင်စွန်းလေးတို ကြည့်လိုက်ချိန်မှာတော့ ဖုန်းကိုကိုင်လျက် ရှိုက်ငင်တကြီး ဗလုံးဗထွေးတွေ ပြောနေသည့် ဂျူလီကို တွေ့လိုက်ရသည်။ ဩော် ဒီကနေ့တော့ဖြင့် အလွမ်းဓာတ်ပေပေါ့။ ဆိုင်ခန်းလေးက ကျဉ်းသမို့ နီးရှာနေသော်ငြား အသံတွေတဖြင့် မကြားချင် ကြားလျက်သားပင်။ အဆုံးသတ်တွင် 'အမေ့…သမီး ဘာလုပ်ရမလဲ'၊ 'အမေ့ သမီး ဘာလုပ်ရမှာလဲ'ဟု အထပ်ထပ်ကျော့လေသည်။ ခပ်ချဉ်ချဉ်ဖြစ်နေသော စိတ်သည် အမေကို တိုင်တည်နေသည့် အသံအကြား လှိုက်ခနဲ ဖြစ်သွားတာအမှန်။ ကလေးမအတွက်တော့ မဟုတ်၊ မမြင်ဖူးသော ကလေးမအမေ အတွက်ပင်။ ဘယ်အမေမှ ရင်ကွဲပက်လက်အသံဖြင့် ပြောသော သမီးတစ်ယောက် အသံကို ကြားနိုင်ရက်မည် မထင်။

မသိမသာ အကဲခတ်နေစဉ်အချိန်မှာပင် လမ်းခြားနေသည့် မျက်နှာချင်းဆိုင်အိမ်မှ ကလေးမ၏ ခင်ပွန်း ထွက်လာသည်။ ဘရက်ပစ်တစ်ယောက်ကတော့ ထုံးစံအတိုင်း ဂျင်းဘောင်းဘီနှင့် တက်တူးများကို မြင်သာအောင်ပြထားသော စွပ်ကျယ်နှင့် ဆံပင်ဖရိုဖရဲသာ ဖြစ်လေသည်။ စိတ်ထဲရှိသည့်အတိုင်း ပြောကြေးဆိုလျှင်ဖြင့် ထိုကောင်လေးပုံစံသည် သားကောင်းဖခင်တစ်ယောက် ဖြစ်နိုင်မည့်ပုံစံ မဟုတ်ဟုသာ မှတ်ချက်ချလိုက်ချင်သည်။ မိုးရွာနေသည်ကို အလျှင်းဂရုမစိုက်ဟန်ဖြင့် စီးကရက်ကို ခပ်မှုန်းမှုန်းရှိုက်ဖွာကာ သူ့လေဒီကို ခပ်စိမ်းစိမ်း စူးစူးကြည့်နေရုံကလွဲပြီး ဆိုင်ဘက်သို့ ကူးမလာ။ အကယ်၍ ကူးလာပြီးများ ဆွဲကြ လွဲကြ ရန်ဖြစ်ကြမည်ဆို ဘာလုပ်ရမည်နည်း။ ဘာမှမလုပ်တတ်၊ ထိုင်ကြည့်နေရုံသာ ရှိတော့သည်။ ကိုယ်တွေ စကားလည်း အောင်မှာ မဟုတ်၊ ကိုယ်တွေလည်း လူထင်မှာမဟုတ်၊ ဖြစ်လာလို့က နေသာသလိုသာ ကြည့်နေရုံပဲဟု တွေးဖြစ်နေ၏။

ဩော်…တော်သေးသည်။ ကိုယ်တော်က စီးကရက်ကုန်သည်နှင့် အေးအေးသာသာပင် ပြန်လှည့်ဝင်သွားသည်။ ကိုယ်တော်ဝင်သွားတော့ ဟိုကလေးမက ပိုပြီး မချိတင်ကဲ ဖြစ်သည်ထင့်။ အီးခနဲ့ ထပ်ကာ ငိုရှိုက်လိုက်ပြန်သေးသည်။ မိန်းမချင်းမို့ သိလိုက်သည်က ထိုငိုသံမှာ လင်တော်မောင်ကို လာချော့ပါ ခေါ်လှည့်နေခြင်းပဲဟု အတပ်သိသည်။ သို့သော် သူ့လင်တော်မောင်က ဖြင့် တစ်ချက်လှည့်မကြည့်စတမ်း ဝင်သွားလေပြီ။ ထို့ကြောင့် ကလေးမထံမှ အင့်အင့် အီး အီး အသံတွေ ပိုထွက်နေတော့သည်။ အမေနှင့်တော့ ဖုန်းပြော ပြီးသွားပုံရသည်။ အင့် အင့် အူး အူး အသံမျိုးစုံထွက်ကာ ငိုယိုနေရင်း ဆိုင်အစွန်းလေးမှာ ထိုင်လို့ရယ် တစ်ချက် တစ်ချက် လမ်းဟိုဘက်ဆီ မျှော်ကြည့်နေ၏။ မိုးတွေက ညို့မှိုင်းနေကာ ဆိုင်ကိုလာသည့် ကာစတမ်မာလည်း တစ်ယောက်မျှ မရှိ။ ဒီဆိုင်ထဲမှာ ကိုယ်နှင့် ဆိုင်ရှေ့စွန်းလေးမှ ဟိုမချောလေးသာ ကျန်တော့သည်။ စိတ်များရယ် ကျဉ်းကျပ်ပါဘိတော့။ တကယ်တမ်းကိုယ်တွေသည်လည်း အကြင်နာကင်းသူတစ်ယောက်တော့ဖြင့် မဟုတ်ပါ။ သမီးအရွယ်၊ တူမအရွယ်လေး ဒီကလေးမကို နှစ်သိမ့်တာလေး မေးမြန်းအားပေးတာလေးတော့ လုပ်ချင်ပါသည်။ လုပ်တတ်ပါသည်။ သို့သော် စိတ်ထဲ ရှုံ့တီးရှုံ့တွံ့ဖြစ်နေသည်မို့ စကားကို မည်သို့ စ,ရမှန်း မသိ။

အမှန်ဆို ဒီကလေးမ ဟိုကောင်ကလေးနှင့် မပတ်သက်ခင်ကတည်းက ကောင်လေးမိသားစုကို ခပ်ကင်းကင်းနေလိုခဲ့တာ ဖြစ်သည်။ နေလည်းနေခဲ့တာ အမှန်ပင်။ အသက်အရွယ်နှင့် မလိုက်ဖက်သည့် တင်းတင်းထုပ်ထုပ် အဝတ်အစားများဝတ်ကာ လက်ထဲတွင် ဖုန်းတစ်လုံးကိုင်လျက် ပါးစပ်မှ 'အဘ အဘ'ချင်းထပ်အောင် လမ်းပေါ်မှာ အော်ကျယ်ဟစ်ကျယ် ဖုန်းပြောတတ်သည့် ကောင်လေးအမေကို ကိုယ်ခံစားသက်ဝင်၍ မရပါ။ ကောင်လေးအမေမှာ ကိုယ့်ဆိုင်မှ စာချုပ်စာတမ်းများအား မကြာခဏ လာဝယ်ရသည့်လုပ်ငန်းမျိုး လုပ်ကိုင်သူဖြစ်ကာ စာရွက်စာတမ်းများလည်း ကော်ပီတွေ ပွားပွားထားတတ်သူမို့ ကိုယ့်ဆိုင်နဲ့တော့ဖြင့် ကင်းလို့မရ။ ဆိုင်ထဲ တိုးတိုးဝှေ့ဝှေ့ ဝင်ထိုင်ရင်းမှ သူ့ဓာတ်ပုံရှုပ်များ၊ လိမ်ဆင်များ၊ သူ့ဘော်ဒါများနှင့် လက်သိပ်ထိုးညှိနေမှုများမှာ မကြားချင် မြင်နေရက်သားဆိုသလို ရှိတတ်မြဲဖြစ်သည်။ ထို့ကြောင့်လည်း ကိုယ့်အလုပ်ကိုယ် လုပ်စရာရှိတာ ခပ်သွက်သွက် လုပ်ပေးပြီးသည်နှင့် စကားကို အပိုအလိုမရှိ ပြောတတ်မြဲမို့ ကောင်လေးအမေကလည်း ကိုယ့်ကို စကားလုံသည်ဟု ယူဆပုံရလေသည်။ သူ့လုပ်ဆောင်စရာများကို ဆိုင်မှာ လာ လာအားပေးလုပ်ကိုင်တတ်မြဲ။ ကောင်လေးအမေမှာ အိမ်ထောင်ပြုစောပုံရသည်။ ကိုယ်နှင့် အသက်အရွယ် မတိမ်းမယိမ်းမှာပင် သားသုံးယောက်က အပြိုင်းအရိုင်းဖြစ်နေကာ ထိုသားများမှာလည်း အကုန် ဇော်တွေချည်းသာ ဖြစ်လေသည်။

တစ်ခါတလေ ထိုဇော်သုံးယောက်အကြောင်းကို မရှုနိုင်မကယ်နိုင် ကိုယ့်ဆိုင်ရောက်ခိုက် ရင်ဖွင့်ပြတတ်သည်မို့ ကိုယ်ကတော့ သူ့သားများအကြောင်းကို နားထောင်ရတိုင်း စိတ်ထဲ ပြောမိနေသည်က 'ရှင် အရင်ပြင်လိုက်လေ'ဆိုတာချည်းပင်။ စိတ်မောသည်။ ထိုမိန်းမသည် ဘာကြောင့်များ မရှိကိုအရှိလုပ် ကြွားဝါတတ်ရပါသနည်း။ ဘာကြောင့်များ လုပ်ငန်းတူချင်းကို ကွက်ကျော်ရိုက်ဖို့ အသာစီးရဖို့သာ စဉ်းစားနေရပါသနည်း။ ဘာကြောင့်များ သားသာသာ လူငယ်တွေနှင့် အတူသွား၊ အတူလာ သဘောရွေ့နေရပါသနည်း။ ဘာကြောင့်များ



www.burmeseclassic.com

www.burmeseclassic.com

တွေ များလာချိန်မှာတော့ အမေရော၊ သားများပါ မပေါင်းအပ်ဟုသာ ထင်နေမိတော့သည်။ ထိုအချိန်မှာပင် မဂျိုလီက ထိုဖော်သုံးယောက်ထဲမှတစ်ယောက်နှင့် ငြိတွယ်ပတ်သက်ခဲ့ခြင်း ဖြစ်၏။

လမ်းသွားလျှင် လွတ်သွားမှာစိုးသည့်အလား ဖက်တွယ်သွားလာတတ်ကြသည့် ထိုအသစ်စက်စက် စုံတွဲကို မြင်တွေ့ခါစတွင် ထိုကလေးမ ဘယ်အချက်ကိုကြည့်ကာ ထိုကောင်လေးကို ဘဝကြင်ဖော်အဖြစ် ရွေးခဲ့သည်လည်းဆိုတာ တော်တော်လေး စဉ်းစားဖြစ်သေးသည်။ နောက်တော့လည်း ကိုယ့်အရေးအရာမဟုတ်ဟု အမှန်အတိုင်းသဘောပိုက်ကာ ခေါင်းထဲမရှိပြန်။ သို့သော် ပြောခဲ့သည့်အတိုင်း အငို၊ အရိုက်၊ အလွမ်း၊ အသောအချစ်၊ အမော အော်ပရာကို ဒီနားတစ်ဝိုက်မှာပင် မဂျိုလီနှင့် ကိုဘရက်ပစ်က မထပ်တမ်း ကပြနေသည်မို့ ကိုယ်ကတော့ဖြင့် ပွဲကြည့်ပရိသတ်လုံးလုံး ဖြစ်နေခဲ့ရတော့သည်။ တစ်ခါတစ်ရံများမှာ တစ်ဦးနှင့်တစ်ဦး မနာလိုဝန်တိုအချစ်စမ်းပွဲများကို ကျင်းပတတ်လေ၏။ နောက်တစ်ခါဆိုလျှင်ဖြင့် မအေ နှမ တိုင်းထွာကာ နှစ်ဦးလုံး မကြားဝံ့မနာသာလည်း ခင်းကျင်းနေတတ်ပြန်သည်။ ထို့အပြင် မည်သို့သော မူးယစ်သေစာများ သောက်စားလာသည် မသိ လူစိတ်ပျောက်သလို နှစ်ဦးသား ထွေးထွေးပွေ့ပွေ့တွေလည်း လုပ်နေတတ်ကြပြန်သည်။ သူတို့နှစ်ဦး သူတို့ပိုင်ဆိုင်ရာ ဂေဟာအတွင်းမှာ စိတ်ကြိုက် ဇာတ်ခင်းနိုင်ပါလျက် ပတ်ဝန်းကျင်မြင်သာအောင် ခင်းကျင်းကပြတတ်ကြခြင်းဟာ သူတို့စရိုက်ပေလား။ မည်သို့သော အတွေးအခေါ်များလဲ မတွေးတတ်၊ လိုက်မမီဖြစ်ကာ အော့နှလုံးနာသလိုလည်း ရှိလှသည်။ သူတို့ ထိုသို့ဖြစ်တိုင်း မဆီမဆိုင် ကိုယ့်ခံစားမှုက ကိုယ့်ကို မလေးစား၍သာ ကိုယ့်ဆိုင်လေးနား လာပွဲခံနေကြတာလားဟု တွေးမိတတ်သေး၏။ ထိုအချက်အကြောင်း အပေါင်းတွေစုကာ ယခုလိုကောင်မလေး ငိုချင်းလာချနေချိန်မှာ အားပေးနှစ်သိမ့်လက်ရွံ့နေမိတာဖြစ်နိုင်သည်။

'ပြော ဇင်မာ ညည်း အခု ဘာဖြစ်ချင်တာလဲ၊ ညည်းဖြစ်တာကိုပြော၊ ငါ ဘာဖြစ်ချင်လဲ မပြောတော့ဘူး။ ညည်းဖြစ်ချင်တာပဲ ငါ မေးမယ် ပြော ဘာဖြစ်ချင်တာလဲ'

အင် အသံစိမ်းတစ်သံပါလား။ ကိုယ်နေရာအနည်းငယ်ရွှေ့ပြီး ခါးဆန့်ကာ အသံလာရာ အနည်းငယ် ကိုင်းကြည့်မိသည်။ ထိုအချိန်မှာပင် ကိုယ်ပေါ်ကျလာသည့် မိုးစက်များကို သပ်ချကာ မိုးလွတ်ရာ ရွှေ့လာသာ ကိုယ်နှင့်ရွယ်တူ အမျိုးသမီးတစ်ဦးက ဆိုင်ဘက်ကို ပိုတိုးလာသည်ကို တွေ့လိုက်ရသည့်အပြင် ဆိုင်တွင်းမှ ကိုယ်နှင့် ထိုမိန်းမတို့ အကြည့်ချင်းပါထပ်တူဆုံလေသည်။

'အစ်မ ခဏထိုင်မယ်နော် မောလွန်းလို့'

ခွင့်တောင်းဟန်ပြောပြီး ပြောပြောဆိုဆိုဖြင့်ပင် ထိုမိန်းမက အင့်ခနဲ ဆိုင်ပေါ်တက်သည့် ခုံအထစ်လေးမှာ ထိုင်ချလိုက်လေတော့သည်။ မလှမ်းမကမ်းအနေအထားချင်းမှာ ကိုယ်က ထိုင်ခုံကြီးပေါ် ထိုင်နေလျက်သား ဖြစ်ကာ သူမကတော့ အောက်ခြေအထစ်လေးမှာ ထိုင်နေရသည်မို့ အနည်းငယ်တော့ အားတုံ့အားနာ ဖြစ်မိ၏။ ထိုင်ခုံတစ်ခုံ အပြင်ထုတ်ပေးကာ ထိုင်ခိုင်းရင်ဖြင့် ကောင်းလေမည်လား။

'ကဲ ပြော ငါလည်း အလုပ်ရှိသေးတယ် ဇင်မာ ငိုမနေနဲ့ ပြော'

'အမေကလည်း လောနေတာပဲ၊ အမေ့အလုပ်က အရေးကြီးလား၊ သမီးက အရေးကြီးလား ပြောပါဦး၊ သမီး ဒီလောက် စိတ်ဆင်းရဲနေတာကို အမေက ကိုယ်ချင်းကို မစာဘူး ဟင့် ဟင့် ဟီး'

သူတို့ချင်းမှာ သားအမိတွေပဲဟု သဘောပေါက်လိုက်ချိန် အမေဖြစ်သူမှာ အပြောရခက်သွားသလို မျက်နှာကို ဟိုပွတ်သည်ပွတ် လုပ်နေလေသည်။ ပြီးလျှင် ဘာပြောရင်ကောင်းမည်လဲ စဉ်းစားသလို မျက်လုံးဝဲချိန်ကြည့်နေမိသည့် ကိုယ့်မျက်လုံးနှင့် တည့်တည့်တိုးကာ လှမ်းတိုင်တည်သံ ပြုလေသည်။

'တွေ့လား အစ်မ တွေ့လား။ အမေကို ပြောနေတာကြည့်ဦး၊ ကျွန်မ သူ့အတွက် အချိန်တွေအများကြီးပေးခဲ့ပြီး ပြီ။ သူ့ကိုလည်း အမြင်မှန် အောင် မျိုးစုံ နားချပြီးပြီ။ သူ့ အမေ့စကားကို နားမထောင် တာလေ။ ကျွန်မ ဒီအချိန် ဘယ်သူ့ကိုမှ အပြစ်မပြော ချင်ဘူး၊ သူ့ကိုပဲ အပြစ်တင် ချင်တယ်။ အားလုံး သူ အပေါ်မှာပဲ မူတည်နေတာ အစ်မရဲ့'

ခက်ပြီ။ ပြဿနာထဲ ကိုယ့်ကို ဆွဲထည့်ခံနေရ ကော။ အင်းလိုလို အဲလို အသံမသဲမကွဲပြုကာ ထွ ပေါက်တစ်ခုအဖြစ် ချက်ချင်း ထ လုပ်ရမည့်လုပ်ငန်းတစ် ရှာရတော့သည်။ မတတ်နိုင် ပေါ်ပေါ်တင်တင်ချည်း ဆိုင်ဘက်လှည့် ထိုင် ဘောပင်များကို သူ့အ အစားနှင့်သူ ခွဲစီနေမိတော့ သည်။ မျက်လုံးလွဲမိသော် လည်း သားအမိ အချီအ စကားများက ကြားနေလျ သားပင်။

'သမီး မကျေဘူးအ သမီး လုံးဝမကျေဘူး။ သ မှာပါတဲ့ပစ္စည်းလည်းကုန် သူတို့အားလုံး ဝိုင်းချ စား တာလေ။ အခုတော့ သမီး နှင်ချပြီပေါ့။ သမီးဘာဆို ဒင်းတို့ သိစေရမယ်။ သမီး ကျေကိုမကျေဘူး'

အကွယ် ဒီနေရာ က မြင်ကွင်းပိုရှင်းလေသည် ကောင်မလေးအမေလုပ်သူ စိတ်လက်ပင်ပန်းဟန်ဖြ သမီးလုပ်သူကို ငေးကြည့် ရင်းက ခေါင်းတခါခါ လု နေသည်။ ထို့နောက် အ လုပ်သူ၏အကြည့်ကား လ တစ်ဖက်ကို ကျေ သည်။ ထိုတော့ ကို

www.burmeseclassic.com

သည်း သူကြည့်ရာ လိုက်ကြည့်မိချိန် တစ်ဖက်လမ်းတွင် ကောင်မလေး၏ လင်တော်မောင်က နောက်တစ်ကျော့ ပြန်လာရပ်နေတာ တွေ့ရ၏။ ယောက္ခမဖြစ်သူနှင့် သမက်ဖြစ်သူတို့ တစ်ဦးကို တစ်ဦးကြည့်နေကြပုံမှာ စိမ်းကားလွန်းလှသည်ဟု ပြောရသည်ပင်။ ကောင်လေးပုံစံကား ဘာလုပ်ချင်လဲ လုပ်သွားဟူသောပုံစံ၊ ကောင်မလေးမိခင်မှာတော့ အရာရာကို စိတ်ကုန်လက်လျှော့ထားဟန်ဖြင့် နွေးထွေးခြင်းတွေ ကင်းနေသည်။

'တွေ့လားအမေ တွေ့လား၊ အမေ့ကို တွေ့တာတောင် တစ်ချက် လာမနှုတ်ဆက်ဘူး တွေ့လား'

'တော်စမ်းပါ ဇင်မာရယ်၊ အပိုတွေပြောမနေစမ်းပါနဲ့၊ သူက ငါ့ကို နှုတ်ဆက်ရအောင် ညည်းကို သူက တူတူတန်တန် လက်ထပ်ထားတာ ဟုတ်လို့လား၊ ညည်းတို့မှာ စာချုပ်စာတမ်းတောင်ရှိလို့လား'

အိုး ဆိုးလှချည့်လား။ ကောင်မလေးနှင့် ကောင်လေးကို သူ့အမေပြောသလောက် အနေအထားထိ ဆိုးလိမ့်မည်ဟု ကိုယ်မထင်ထားမိ။

'သမီးမကျေတာ အဲဒါတွေလည်း ပါတာပေါ့အမေရဲ့၊ သမီးပစ္စည်းတွေ အကုန်ချူစားချင်လို့ သူ ဒီလိုလုပ်တာလေ၊ သမီးကို သူ တကယ်ချစ်တာမှ မဟုတ်ဘဲ အမေရဲ့၊ ပိုင်းလုံးတွေ တစ်အိမ်လုံး ပိုင်းလုံးတွေ'

အဲ နည်းနည်းတော့ များလေပြီ။ ကောင်မလေး အသံက လိုအပ်တာထက် ပိုကျယ်လေသည်။ တစ်ဖက်လမ်းက ကောင်လေး ကြားစေချင်ကာ အသံမြှင့်ပြောတာ ဖြစ်မည်။ ဟို သူ ကောင်းသားလေး ဒေါ်ပွကာ လာရမ်းလျှင်ဖြင့် မခက်ပါလား။ သူ့အမေရှေ့ သွေးထွက်သံယို အော်ပရာတွေ ခင်းကုန်လျှင် ဘယ်လို လုပ်ပါ့မည်လဲ။ သို့သော် တစ်ဖက်က ကောင်လေးမှာ ဘယ်လို အတွေးအကြံမျိုး ရှိနေသည်မသိ၊ ခပ်အေးအေးပင် စီးကရက် တစ်လိပ်ပြီး တစ်လိပ် ရှိုက်လျက် လမ်းတစ်ဖက်မှ ထိုင်ကြည့်နေသည်။ သူ့ပုံစံမှာ သူနှင့် ဘယ်လိုမှ မသက်ဆိုင်သော သူများကို အထူးအဆန်း လုပ်ကြည့်နေသည့်ပုံစံ။ ထိုအခိုက်မှာပင် လက်ပွေ့အိတ်ကြီးကြီးကို ဟန်ပါပါ ပွေ့ချီကာ ကောင်လေးအမေ သူတို့အိမ်ထဲမှ ထွက်လာ၏။ ပွဲကတော့ လှလေပြီ။ ခမည်းခမက်ဆုံလျှင် ဘာတွေပြောကြလေမည်လဲ။

ကိုယ့်တွက်ကိန်း မှားပါသည်။ အမှန်ဆို လမ်းက အရှင်းကြီးပင်။ ဟိုဘက်လမ်း၊ ဒီဘက်လမ်း မျက်လုံးတစ်ချက်ဝေ့ရုံနှင့် မြင်သာအောင် ရှိနေသော အနေအထားမှာ ကောင်လေးအမေ တစ်ယောက် ဖုန်းအပြောမပျက်၊ လမ်းဒီဘက် အကြည့်တစ်ချက်မရောက်ဘဲ ထွက်သွားနိုင်သည့် အိုက်တင်မှာ အတော်ပင် ပိရိလှ၏။

'အဲဒါ နှင့်ကောင် အမေမဟုတ်လား'

'ဟုတ်တယ်၊ သူနဲ့လည်း အိမ်မှာ အကြီးအကျယ်ဖြစ်ပြီးပြီ။ ဘယ်လောက်မိုက်ရိုင်းလဲ အမေရယ်။ သူက သူ့သား ဘယ်လောက်မှားမှား သူ့သားဘက်ကပဲ၊ သမီးကို လူကို မထင်တာ'

ငိုသံကြီးဖြင့်ပြောသော သမီးအသံကြောင့်ထင်သည်။ ကောင်မလေးအမေမှာ တစ်ချက်ငိုင်တွေသွားကာ ကောင်မလေးကို စိုက်ကြည့်နေရင်းက 'လာ'ဟု အနားခေါ်ထိုင်ခိုင်းရင်း လက်ကလေးကို အားပေးဟန် ကိုင်ထားလေ၏။

'ညည်းက လူထင်အောင်မှ မနေခဲ့တာကိုး ဇင်မာရယ်၊ အမေလေ ဘယ်သူ့ကိုမှ အပြစ်မပြောတော့ဘူး။ ပြောလည်း မပြောချင်တော့ဘူး။ အဓိကက သမီးပဲ။ သမီး စိတ်ပြတ်ရင် အမေ စိတ်ချမ်းသာပြီ၊ သမီး ဘယ်နေ့ ဝင်ထွက်မလဲပဲ အမေ စောင့်နေတယ်။ အခု အမေ သမီးကို ပြန်ခေါ်သွားရင် ဒီအတိုင်းမထားတော့ဘူး။ အမေ ဘာအလုပ်မှ မလုပ်တော့ဘူး၊ ညည်းအနားမှာပဲ ငါနေမှာ။ ညည်းကို ငါ ပြန်ကိုင်မှ ရတော့မယ်။ ညည်းကို အမေ ဒီအတိုင်း လွှတ်မထားတော့ဘူး။ စိတ်ဖြတ်ပြီး အမေနဲ့သာ ပြန်လိုက်ခဲ့ပါတော့။ ကဲ လာ လာ သူများဆိုင်ရှေ့ အားနာဖို့လည်း ကောင်းတယ်။ ထ၊သွားကြရအောင်နော်'

မိခင်က ပြောဆိုရင်းဖြင့်ပင် စိတ်မြန်လက်မြန်ဖြင့် လမ်းမှဖြတ်သွားသော တက္ကစီကို လက်ပြကာ တားလေသည်။ တက္ကစီသမားနှင့် သူ့အမေ ဈေးစကားပြောဆိုနေခိုက် မဂျူလီကတော့ တအင့်အင့်ဖြင့် ငိုမဆုံး။ သူ့ငိုသံကို အမိပွာယ်ဖွင့်ကြည့် လျှင် 'ငါ သွားရတော့မယ် ငါ့ကို မြန်မြန်တားနော်'ဟု အဓိပ္ပာယ်ရလိမ့်မည် ထင်သည်။ တစ်ဖက်လမ်းမှ တက်တူးမင်းသားကတော့ မလှုပ်ရှေးချမလှုပ်ချေ။ တက္ကစီသမားက ကားပေါ်ကဆင်းကာ အထုပ်အပိုးများထည့်ရန် ကားနောက်ခန်းကို ဖွင့်ပေးလေသည်။ မိခင်နှင့် တက္ကစီသမား အထုပ်အပိုးများကို ဈေ့ခနဲ ဈေ့ခနဲ တင်နေချိန်မှာ မဂျူလီ နည်းနည်းမူပျက်နေလေပြီ။ တစ်ခုခုဖြစ်တော့မည်ဆိုသည်ကို သူ့အမေ မသိဘဲ ချောင်းကြည့်မိသော ကိုယ်က သိနေသည်မို့ ကြည့်နေရင်းနှင့် အူယားလာတော့သည်။

'ကဲ ထ ထ ဇင်မာ၊ သွားကြရအောင်၊ ဩော် ဟို အစ်မ ကျေးဇူးတင်ပါတယ်နော်။ ကျွန်မတို့သားအမိလည်း ဆိုင်ရှေ့ထိုင်ပြီး ပြောချင်ရာကို ပြောနေကြတော့ တာပဲ၊ အားနာပါတယ် အစ်မရယ်။ အမောတွေ အစ်မရေ အမောတွေ၊ သမီးတစ်ကောင် နွားတစ်ထောင် မဟုတ်ဘူး၊ နွားတစ်သောင်းလောက် မောပါတယ် အစ်မရယ် တကယ်ပါ၊ ဟယ် ဟယ် အမယ်လေး ဘာဖြစ်တာလဲ'

တက္ကစီသမားရော၊ သူ့အမေပါ ပြူးပြူးပျာပျာ အော်ကြဟစ်ကြဖြစ်ကုန်ကြက

www.burmeseclassic.com

ကောင်မလေးကို ဆိုင်ရှေ့ပြန်ခေါ်လာပြန်သည်။ သူတို့လက်များကြား တောင့်တောင့်ကြီးပါလာသည့် ကောင်မလေးမှာတော့ ပါးစပ်က အီးအီးမြည်ကာ တက်နေဟန် အကြောအခြင်များ တောင့်တင်းလျက်။ ကောင်မလေးအမေမှာ သမီး သမီးဟု မနားတမ်းခေါ်ရင်း သူ့သမီးကို ကုပ်နှိပ်၊ ခြေမချိုးဖြင့် ပျားပန်းခပ် ပူလောင်နေရှာသည်။ မြင်နေပါလျက်နှင့် ဘာမှ ကူလုပ်မပေးတတ်သမို့ တက္ကစီသမားရော၊ အမေဖြစ်သူရော ကောင်မလေးပါ စိတ်အေးချမ်းစေဖို့ရာ ယပ်တောင်တစ်ချောင်းဖြင့်သာ တွင်တွင်ခတ်ပေးနေမိတော့ သည်။

'အစ်မ အစ်မ ရေလေး တစ်ခွက်လောက် ရမလား ဟင်'

'ဩော် အင်း အင်း ရမယ် ရမယ် ခဏလေး'

ဆိုင်တွင်းသို့ ဝင်ကာ ရေတစ်ခွက် ယူရင်းပေးလိုက်ချိန် သမီးဖြစ်သူ ပါးစပ်ထဲကို ဝင်သလောက် တိုက်နေပြန်၏။ ရေပဲသီးလေသည်လား၊ အမှန်တကယ်ပဲ သတိပြန်ဝင်လာလေသည်လား မသိ၊ ပါးစပ်မှ ရေအချို့ပြန်ထွက်လာကာ 'အင်' ဟုဆိုလျက် ကောင်မလေး သတိပြန်ရလာသည်။ ထို့နောက်မှာတော့ ဓာတ်သိမ်းချိန်ထိ အလွမ်းဓာတ်သိမ်းချင်ပုံမရသော ကောင်မလေး၏ လိုအင်ဆန္ဒများ ပြည့်ဝမသွားရှာ။ အမေဖြစ်သူ၏ တွန်းတွန်းထိုးထိုး ခေါ်ဆောင်မှုများဖြင့် ကားပေါ်သို့ တအီးအီးငိုရှိုက်ရင်း ပါသွားလေတော့သည်။ ထိုအချိန်မှာ လမ်းတစ်ဖက်သို့ ကြည့်မိလေတော့ ဓာတ်ကန့်လန့်ကာချချိန်မှာ ပွဲပြီးပြီဟု နားလည်သွားသည့် ပွဲကြည့်ပရိသတ်တစ်ယောက်အလား ကောင်မလေး၏ လင်တော်မောင်မှာ အေးအေးဆေးဆေး သူ့အိမ်အတွင်းကို ဝင်သွားလေတော့သည်။

မဂျိုလီကာတော့
တအင့်အင့်ဖြင့်
ငိုမဆုံး
သူ့ငိုသံကို
အဓိပ္ပာယ်
ဖွင့်ကြည့်လျှင်
'ငါ
သွားရတော့မယ်
ငါ့ကို
မြန်မြန်တားနော်'
ဟု
အဓိပ္ပာယ်
ရလိမ့်မည်
ထင်သည်
တစ်ဖက်လမ်းမှ
တက်တူးမင်းသား
ကတော့
မလှုပ်ရှေးချ
မလှုပ်ချေ

စိတ်ထဲမကောင်း၊ ဘာကို မကောင်းလဲမေးလျှင် အကုန်မကောင်းဟုသာ ဖြေရတော့မည်။ မိခင်ချင်းကိုယ်ချင်းစာကာ ကောင်မလေး အမေ ခံစားရမည့် ဝေဒနာအတိမ်အနက်ကို တွေးမိလျက်ရင်ထဲ မကောင်း၊ ကောင်မလေး၏ ဘဝရှေ့ရေး မည်သို့ဆက်မည်လဲ၊ ရှေ့လျှောက်ရော မိန်းမဆိုးလေး လုပ်နေဦးမည်လား တွေးမိလျက်ရင်ထဲ မကောင်း၊ ထို့အတူ ကောင်မလေး လင်တော်မောင် တက်တူးမင်းသားနှင့် သူ့မိခင်တို့ နေနိုင်ရက်ကြသည်ကိုလည်း ရင်ထဲမကောင်း၊ သို့သော် ကိုယ်သည် ပွဲကြည့်ပရိသတ်အစစ်၊ ဘာမျှ ဝေဖန်ပိုင်ခွင့် မရှိ၊ မကောင်းတာကို မကောင်းဟု မှတ်ရင်းပင် မျက်စိများ ခဏမှိတ်ထားရင်း တရားမှတ်နေမိသည်။ ခဏတာ အနယ်ထ,သွားသော စိတ်လေးများ ပြန်လည် ကြည်လင်စေသောငှာပေါ့။

ကုလားထိုင်တွင် မျက်စိမှိတ်လျက် အာရုံစုစည်းမှုများ ပြန်လည် ရယူနေချိန်မှာပင် ဆိုင်ပေါ်တက်သည့် လှေကားထစ်လေးမှ အသံတစ်ခု ကြားလိုက်ရသည်။ ဆိုင်ဖွင့်သက်ကြာပြီမို့ ထိုအသံသည် လူတစ်ယောက် ဆိုင်ပေါ်တက်သည့်အသံဆိုသည်ကို သေချာပေါက် သိလိုက်သည်။ အသိနှင့်အတူ မျက်လုံးကို ဖျတ်ခနဲ အဖွင့် ကိုယ့်မျက်လုံးရှေ့တည့်တည့်မှာ တက်တူးရုပ်တွေက ထင်းခနဲ၊ ဩော်…ကောင်မလေး လင်တော်မောင် တက်တူးမင်းသား။

'အန်တီ တောင်းပန်ပါတယ်နော်'

'ဟော'

'ဩော် ဟိုဟာလေ ခုနကကိစ္စတွေအတွက် တောင်းပန်ပါတယ်လို့'

'ဩော် အေး အေး'

ဘာလဲ၊ ဘာကိုတောင်း ပန်တာလဲ၊ ထိုသို့ တောင်း တတ်သည်ဆိုလျှင်ဖြင့် ခုန သားအမိကို တစ်ခုခုတော ပြောဆိုသင့်သည်သင့်သည် မဟုတ်ပါလား။ စိတ်တွင်း စကားတွေပြောဖြစ်နေသော် လည်း ထုံးစံအတိုင်း စကားနည်းနည်းပင် နေလိုက် ချင်တော့သည်။ ဘာစကား ဆက်ရန်မရှိဘဲ ခပ်ငေး သာ ကြည့်မိနေသော ကိုယ့် ကို ကောင်လေးသည် ဘာ စကားမျှ မဆက်တတ်တော့ ပြီ ထင်သည်။ မောင်မင်းကြီး သားက အပြုံးတစ်ချက် ကိုယ်တစ်ချက်ညွှတ်ဟန်ပြ လျက် ပြန်ထွက်သွားသော သည်။ ထိုတော့မှ သတိထား မိသည်။ ဒင်းလေးက နောက် ကျောဘက်မှာတော့ Follow me ဟု ထိုးထားသည့် စာ သားတစ်ခုရှိသည်ပဲ။ တလှုပ် လှုပ်ဖြင့် ထွက်သွားသော ထို Follow me အရှေ့ကို လိုက်ကြည့်နေမိရင်းဖြင့် စိတ်ထဲမကောင်းပြန်ဖြစ်လာ ပြန်သည်။ ဒီနေ့အတွက်တော့ ဖြင့် ဆိုင်ပိတ်ကာ ပြန်အိပ် တာသာ အသင့်တော်ဆုံး ဖြစ် တော့မည်။ ဒီနေ့ အော်ပရာ သည် ကိုယ့်ရင်ကို အတော် နှိပ်စက်လေသည်။ ကပြသူ တွေတော့ဖြင့် မသိ၊ ကြည့်မိ သူကဖြင့် ရင်ကို နုံးချည့်သွား လေပြီ။ ဒီနေ့ခေတ် အော်ပရာ များ ကြည့်လို့ မကောင်း တော့ပြီဟု တတွေးတွေ တွေးရင်းဖြင့်ပင် သူ ဆိုင်ပိတ် ဖို့ ပြင်မိလေတော့သည်။ ■

မိုး



www.burmeseclassic.com

www.burmeseclassic.com




မြန်မာတစ်ပြည်လုံးဖြန့်ချိရေး - ကောင်းဆုသာစာပေ၊
အမှတ် ၆၄/C၊ ကန်ဘဲ့ဘုရားလမ်း၊ ရန်ကင်း၊ ဖုန်း - ၀၉ ၄၂၀၀ ၇၃၄၇၂

www.burmeseclassic.com

www.burmeseclassic.com

# အလင်းသစ်နေ့

ဇေမိုးနိုင်၊ မုံရွာ၊

လမ်းမီးတိုင် မရှိသည့်အပြင် သက်တမ်းရင့် သစ်ပင်ကြီးများကလည်း အုပ်ဆိုင်းနေသဖြင့် ဝန်းကျင်တစ်ခို မှောင်ရီညို့နေသည်မှာ နေ့အချိန်ဆိုလျှင် ယာဉ်အသွားအလာ စည်ကားလှသည့် အရေးပါသော လမ်းတစ်လမ်းဖြစ်မှုကိုပင် ပြက်ရယ်ပြု သယောင်ရှိသည်။ စာသင်ကျောင်း ဆိုင်းဘုတ်ကလေးတွင်





www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆

www.burmeseclassic.com

www.burmeseclassic.com

တပ်ဆင်ထားသော ခပ်ဖျော့ဖျော့ မီးရောင်လေးမှအပ ခပ်လှမ်းလှမ်းရှိ ဆိုင်ခန်းတွဲများသည်လည်းကောင်း၊ ကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ အစိုးရယန္တရား၏ လက်တံဌာနတစ်ခု ရုံးစိုက်ထားသော ခြံဝန်းကျယ်ကြီးသည်လည်းကောင်း အလင်းမဲ့ခြင်းဖြင့် အမှောင်ထုကို ကူပံ့ပေးနေကြသည်။

အရုဏ်သည် လန်းစွင့်ရတော့အံ့ဟု အားခဲနေပြီဖြစ်သဖြင့် ခြင်းတောင်းကြီးငယ် အသွယ်သွယ်တို့ကို တင်ဆောင်လျက် သယ်ပိုးထမ်းရွက်လျက် ရှိကြကုန်သော လူနှင့် ယာဉ်အချို့မှာတော့ လမ်းမထက် မစိပ်မကျဲ ဖြတ်သန်းသွားလာလျက်ရှိသည်။

ထိုအချိန်၌ ဆိုင်ကယ်နှင့် လူတစ်ဦးသည် စာသင်ကျောင်းလေး၏ မျက်နှာစာ မလှမ်းမကမ်းသို့ ရောက်ရှိလာပြီး အနက်ရောင်ပလတ်စတစ် အထုပ်တစ်ထုပ်ကို ကျောင်းအုတ်နံရံရှေ့တွင် ပစ်ချလိုက်ကာ လာလမ်းအတိုင်း ဆိုင်ကယ်လှည့်၍ မောင်းထွက်သွားလေသည်။ ထိုလူသွားပြီး မကြာမီ အခြားလူတစ်ယောက်သည် အထုပ်တစ်ထုပ်ဆွဲကာ လမ်းလျှောက်လာပြီး ရှေ့ကလူ ပစ်ထားခဲ့သည့် အထုပ်အားတွင် သူ့အထုပ်ကို ဘုတ်ခနဲ ပစ်ချလိုက်သည်။ ထို့နောက် လက်ဖဝါးနှစ်ဖက်ကို အပြန်အလှန် ခပ်ဖွဖွရိုက်ကာ ရှေ့တူရူသို့ လမ်းဆက်လျှောက်သွားသည်။

ထိုမှ များမကြာမီမှာပင် အနောက်ဘက်မှ လာသော ဆိုင်ကယ်တစ်စီးနှင့် အရှေ့ဘက်မှလာသော ဆိုင်ကယ်တစ်စီးသည် မကြာမတင်က လူနှစ်ဦး ပစ်ထားခဲ့သည့် အထုပ်နှစ်ထုပ်အနီးတွင် မျက်နှာချင်းဆိုင် ဆုံမိကြလေသည်။ အပြန်အလှန် အကဲခတ်လိုက်ကြပြီး အထုပ်ကိုယ်စီ မြင်လိုက်ကြသောအခါ တစ်ဦးနှင့်တစ်ဦး ပြုံးပြနှုတ်ဆက်လိုက်ကြသည်။ ထို့နောက် တစ်ဦးက ဆိုင်ကယ်ပေါ်မှ မဆင်းဘဲ အထုပ်ကို လှမ်းပစ်ကာ ထွက်ခွာသွားပြီး ကျန်တစ်ဦးမှာမူ ဆိုင်ကယ်နောက်တွင် တင်ဆောင်လာသော ခြင်းတောင်းတစ်တောင်းကို ကြိုးဖြေသည်။ ပြီး ထိုလူလည်း သူ့အထုပ်ကို ရှေ့ကလူများ၏ အထုပ်များပေါ် ပစ်တင်ခဲ့ကာ ခြင်းတောင်းထဲမှ အရာဝတ္ထုများကို သွန်ချသည်။ တောင်းကို ဆိုင်ကယ်နောက်ထိုင်ခုံပေါ်တွင် ကြိုးပြန်ချည်ပြီးနောက် သူလည်း လာလမ်းအတိုင်း ပြန်ထွက်ခွာသွားလေ၏။

ထို့နောက်...

တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက်၊ ငါးယောက်။

သိပ်မကြာမီမှာပင် နေရောင်ခြည်သည် လောကကို ဖြန့်ကြက်နေရာယူရန် ပြင်ဆင်လာတော့သည်။

❑

ဦးမြတ်ထင်ကျော် ကျောင်းရှေ့၌ ရပ်နေသည်မှာ အတန်ငယ် ကြာသွားခဲ့ပြီဖြစ်၏။

နံနက်စောစော အညောင်းပြေအညာပြေ လမ်းလျှောက်ရန် ရည်ရွယ်ချက်ဖြင့် ကျောင်းဝန်းအပြင် ထွက်လိုက်သည်တွင် ကျောင်းရှေ့မှ နေရာမရွေ့နိုင်တော့ခြင်း ဖြစ်သည်။ မျက်စိရှေ့မှ အရာကို စူးစိုက်ကြည့်နေရင်း ဦးမြတ်ထင်ကျော် အံ့အားသင့်နေခဲ့ရသည်။ ရည်ရွယ်ရင်းစွဲ လမ်းလျှောက်ခြင်းအမှုကိုလည်း မပြုနိုင်တော့။

'ဆရာကြီး ပြန်ရောက်ပြီလားဗျ။ မြန်လိုက်တာ'

သူ ကျောင်းဝန်းအတွင်းမှ စထွက်စဉ် ရေကန်၌ မျက်နှာသစ်ရန် ပြင်နေခဲ့သည့် ကျောင်းစောင့်ကြီးက ရေပုံးတစ်ပုံးဆွဲကာ ကျောင်းဝန်းရှေ့ထွက်လာရင်း သူ့ကို နှုတ်ဆက်သည်။

'သွားကို မသွားရသေးတာ ကိုထွန်းစိန်'

အကြည့်များကို မလွှဲဘဲ ဖြေလိုက်တော့ ကိုထွန်းစိန်က သူ့ဘေးလာရပ်သည်။ သူကြည့်နေသည့် ဘက်ကို လှမ်းကြည့်ပြီး သူ့အား မျက်ခနဲ ပြန်လှမ်းကြည့်သည်။

'ဟာ...လုပ်သွားကြပြန်ပြီဟေ့။ ဘယ့်နှယ်ဟာတွေပါလိမ့်ကွာ။ ကျောင်းမှန်းကန်မှန်း နားမလည်ကြဘူးလား မသိဘူး'

ကိုထွန်းစိန်က ရေပုံးကို ဘေးချကာ ခပ်လှမ်းလှမ်း သစ်ကိုင်းခြောက် ခပ်တုတ်တုတ်တစ်ချောင်း ဆွဲယူပြီး ကျဲပြန့်နေသည့် အမှိုက်များကို တစ်နေရာတည်းမှာ စုစု ပြင်သည်။

'ကျွန်တော် ဒီရှေ့ရောက်တော့ ကလေးမလေး တစ်ယောက်က အိတ်တွေကို ဖြဲပြီး ဖွနေတာဗျ။ ကျွန်တော်က လှမ်းကြည့်တော့မှ မသွားချင် သွားချင်နဲ့ ထွက်သွားတယ်'

'အဲဒါ ပလတ်စတစ်ကောက်တဲ့ ကလေးမလေးတွေ ဆရာကြီးရဲ့။ သူတို့ရစရာ ဘာရှိမလဲ လာရှာလေ။ ဒီရှေ့မှာ လူတွေအမှိုက်လာပစ်ကြမှန်း သိတော့ သူတို့ကလည်း အမြဲလိုလို ရောက်လာနေကျ'

'လူတွေက ဒီလို မနက်တိုင်း လာလာပစ်ကြသလားဗျ'

'ဆိုပါတော့ ဆရာကြီးရယ်။ အမှိုက်သိမ်းကားတွေက ရပ်ကွက်ထဲ အမြဲ

> ဒီမိုကရေစီဆိုတာ တာဝန်သိမှု တာဝန်ယူမှုကနေ စ,ရမှာ ပွင့်ပွင့်လင်းလင်း ပြောရရင် ချက်ချင်းကြီး အောင်မြင်လိမ့်မယ်လို့ မထင်ခဲ့ဘူးဗျ သိလား ဆရာမ ကျွန်တော့်အတွေးက ကိုယ့်နိုင်ငံသားတွေကို အထင်သေးခဲ့မိသွားတယ်



www.burmeseclassic.com

www.burmeseclassic.com

**လေသည် တစ်ချက်တလေ ခပ်ဖြူးဖြူးသုတ် လိုက်သော်လည်း တိမ်စိုင် တိမ်ခဲတို့ကို အတန်ငယ် ရွေ့လျား သွားစေခြင်းမှအပ ထူးခြားသော အပြောင်းအလဲ တစ်စုံတစ်ရာ သက်ရောက် သွားစေခြင်းငှာ မစွမ်းသာပေ**

ထို မလှည့်တဲ့အခါကျတော့ သူတို့အိမ်တွေမှာ အမှိုက်ရှင်းရှင်းပြီးရော တွေ့တဲ့နေရာ ပုံ ဆတ်ကြတာဗျ။ အကျင့် တစ်ခုလိုတောင် ဖြစ်နေပါ ရောလားဗျာ။ တချို့များဆို မြို့လယ် ရပ်ကွက်တွေကတောင် လာလာပစ်ကြသဗျ'

'ခင်ဗျားတို့က မတားကြဘူးလား'

'ကျွန်တော်ကတော့ ကျွန်တော်နဲ့တိုးရင် မပစ်နိုင်ဘူးရယ် ဆရာကြီး။ ပြန်ပြန်ဆူနိုင်းတယ်။ အရင်ကျောင်းအုပ်ကြီး လက်ထက်တုန်းကတော့ ကျွန်တော့်ကို မနက်စောစော ထပြီး စောင့်ခိုင်းတာနဲ့ တစ်ပတ်လောက်တော့ ကျွန်တော်လည်း ရှေ့ထွက်ထွက် စောင့်သေးတယ်။ နောက်ပိုင်းကျတော့ ညဦးပိုင်း လာပစ်တဲ့သူကပစ်၊ သန်းခေါင် တစ်ချက်တီးမှ လာပစ်တဲ့လူကပစ်နဲ့။ ကြာတော့ ကျွန်တော်လည်း မနက်ခင်းကျမှ ပြန်ပြန်စုလိုက်ပါတော့မယ်လေဆိုပြီး ထထ မတားဖြစ်တော့တာ ဆရာကြီး။ ဒါပေမဲ့ ကျွန်တော် မနက်ဖြန်မနက်ကစပြီး ပြန်စောင့်လိုက်ပါ့မယ် ဆရာကြီး'

ကိုထွန်းစိန်က သိမ်းလက်စ အမှိုက်များကိုလည်း စုစည်းရင်း အဖြေပေးသည်။

'ခင်ဗျား အဲဒီအမှိုက်တွေစုပြီးတော့ ဘယ်မှာပစ်မှာလဲ'

'ကျောင်းဝန်းထဲက အမှိုက်ကန်ထဲ ထည့်မှာလေ ဆရာကြီး'

သူ သက်ပြင်းတစ်ချက်ချသည်။ ထို့နောက် ကျောင်းဝန်းထဲ ပြန်ဝင်ကာ သူ့အခန်းဆီ ပြန်သည်။ ကိုထွန်းစိန်က အမှိုက်များကို အိတ်ကြီးတစ်လုံးထဲ စုပြုံထိုးသိပ်ထည့်ရင်း သူ့နောက်ကျောကို ကြည့်ကာ ခေါင်းကုတ်ကျန်ခဲ့သည်။

❑

'ဗိုလ်ချုပ်လမ်းပေါ်တောင် မနက်မိုးလင်းဆို အမှိုက်တွေပုံနေတာ ဆရာကြီးရဲ့။ လမ်းမကြီးပေါ်ဆိုတော့ စည်ပင်က မနက်စောစော လာလာသိမ်းလို့သာရယ်။ နို့မို့ ဗိုလ်ချုပ်လမ်းပေါ်လည်း ပွစာကျဲနေမှာ။ စည်ပင်ကလည်း တစ်လမ်းဝင်တစ်လမ်းထွက် အမှိုက်လိုက်သိမ်းနေမယ့်အစား မနက်ခင်းအစော လမ်းမကြီးတစ်ကြောလောက် လှည့်လိုက်ရင် အမှိုက်တွေ သိမ်းပြီးသားလိုဖြစ်သွားတော့ အရပ်ထဲ ပုံမှန်လာပြီး အမှိုက်မသိမ်းတော့တာလည်း ကြာပေါ့ ဆရာကြီးရဲ့'

'နေစမ်းပါဦးဗျ ဒေါ်ခင်သူဇာ၊ စည်ပင်က အမှိုက်လာမသိမ်းတာ ခဏထားပါဦး။ တခြားရော ခင်ဗျားတို့မြို့မှာ လူအများ အမှိုက်ပစ်လို့ရမယ့်နေရာ လုံးဝ မရှိဘူးလား။ စည်ပင်က အမှိုက်တွေကို ဘယ်နားမှာ ပစ်သလဲ'

'အဲဒီလို လူအများ အမှိုက်ပစ်ဖို့ဆိုပြီးတော့တော့ နေရာသတ်မှတ်ထားတာမျိုး မရှိဘူးဆရာကြီး။ စည်ပင် အမှိုက်ကားတွေကတော့ ကန်သာယာဘက်က မြေကွက် အလွတ်ကြီးမှာ သွားပစ်နေကျပဲ'

'ဒီလူတွေက ဘာလို့ အဲဒီနေရာ သွားမပစ်ကြတာလဲ'

သူက လက်ထဲမှ ဘောပင်ကို စားပွဲပေါ် ခပ်ဆတ်ဆတ် ပစ်ချကာ မေးလိုက်တော့ ဒေါ်ခင်သူဇာက ခပ်ဟဟ ရယ်သည်။

'ဩော် . . . ဆရာကြီးရယ် မြို့ပြင်ဘက်နားဆိုတော့ ဘယ်သွားနေကြမှာလဲ။ ပြီးတော့ ဒီလိုလမ်းပေါ် အမှိုက်ပုံကြတာက သူများတွေလည်း ပုံနေကြတာပဲလေ ဆိုပြီး အဲဒီနေရာတွေမှာပဲ ဆက်ပုံကြတာပဲ ဆရာကြီးရေ . . .'

သူ သက်ပြင်းတစ်ချက်ချသည်။ စားပွဲပေါ် လွှတ်ချလိုက်သော ဘောပင်ကို စူးစိုက်ကြည့်ရင်း မေးစေ့ကို လက်ဖြင့် သာသာဖွဖွ ပွတ်သည်။ ဒေါ်ခင်သူဇာက သူ့ကို ကြည့်ကာ တစ်ချက်ပြုံးပြီး လက်မှတ်ထိုးစာအုပ်ကို လှမ်းလှော့သည်။

ထိုအချိန်မှာပင် ဆရာမတစ်ဦး ရုံးခန်းအတွင်း ဝင်လာသည်။ လက်မှတ်ထိုးပြီး၍ စာအုပ်ကိုပိတ်ကာ နောက်လှည့်ကြည့်လိုက်သော ဒေါ်ခင်သူဇာကို တစ်ချက်ပြုံးပြပြီး မေးစေ့ကိုပွတ်ရင်း စားပွဲပေါ်မှ ဘောပင်ကို စူးစူးစိုက်စိုက် ကြည့်နေသော ဦးမြတ်ထင်ကျော်ဘက်ကို မေးဆတ်ပြသည်။ ဒေါ်ခင်သူဇာက ရယ်သံစွက်စွက်ဖြင့် -

'ဆရာကြီးက ရှေ့က အမှိုက်ပုံကိစ္စ ခေါင်းစားနေတာအေ့'

'အမယ်လေး ဆရာကြီးရယ်။ အဲဒါတော့ စဉ်းစားမနေနဲ့။ လူလို သိတတ်ကြတဲ့ဟာတွေ မဟုတ်ဘူး။ ဆရာကြီး ဘယ်လိုတားတား မရရအောင် လာပစ်ကြမှာပဲ။ အရင်ကျောင်းအုပ်ကြီးတုန်းကလည်း အမျိုးမျိုးကြံဆ . . .'

'ကျွန်တော်သိပြီးပြီ ဒေါ်ခင်စန်း . . .'

'ခင်စန်းမူပါ ဆရာကြီး'

'ဟုတ်ကဲ့ ဒေါ်ခင်စန်းမူ။ ကျွန်တော့်ကို ကိုထွန်းစိန်ပြောပြလို့ အတော်များများ သိထားပါပြီ။ ဒါပေမဲ့ဗျာ တားလို့မရလို့ ဆိုတာနဲ့ပဲ ဒီအတိုင်း ပေယျာလကန်ထားဖို့ဆို တော့လည်း စာသင်

www.burmeseclassic.com

ကျောင်း မျက်နှာစာမှာ ဘယ်လိုမှ မြင်မကောင်းဘူးဗျာ။ ဆရာမတို့ပဲ စဉ်းစားကြည့်လေ၊ သူတို့အမှိုက်ပစ်တဲ့နေရာက ကျွန်တော်တို့ကျောင်းဝင်ပေါက်နဲ့ နီးနီးလေး။ ကျွန်တော့်သဘောကတော့ ဒီကိစ္စကို ဖြေရှင်းဖို့ ကြိုးစားကြည့်ချင်သေးတယ်'

'ဆရာကြီးမှာ စဉ်းစားထားတာများ ရှိသလား'

'အဲဒါပြောချင်တာဗျ။ ကျွန်တော်လည်း စဉ်းတော့ စဉ်းစားကြည့်တာပဲ။ ဒါပေမဲ့ ဆရာမတို့ကကျတော့ မြို့ခံတွေဆိုတော့ အကြံဉာဏ်ကောင်းများ ပိုထွက်မလားလို့ ဆရာမတို့နဲ့ တိုင်ပင်ကြည့်တာ'

'ဟုတ်ကဲ့၊ ကျွန်မတို့လည်း ဝိုင်းစဉ်းစားပါဦးမယ် ဆရာကြီး'

❑

'ဆိုတော့ဗျာ၊ ကျွန်တော့်အနေနဲ့ ရောက်တာမှ နှစ်ရက်နဲ့တစ်ပိုင်း ရှိသေးတယ်။ ကျောင်းတွင်းကိစ္စတွေထက် ဒီအမှိုက်ပုံကိစ္စကို ခေါင်းစားနေတယ်လို့ ဆရာမတို့တွေးကောင်း တွေးကြပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့တော့ စာသင်ကျောင်းတစ်ကျောင်းရဲ့ မျက်နှာစာမှာ ရုပ်ပျက်ဆင်းပျက် လာလုပ်နေကြတာကြီးကိုတော့ လျစ်လျူရှုမထားချင်ဘူး။ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာလေး တစ်ချက် ဝိုင်းအကြံပေးကြပါဦး'

သူ့စကားဆုံးတော့ ဆရာမအချို့၏ မျက်နှာများက ခပ်ပြုံးပြုံး ဖြစ်သွားကြသည်။

လေသည်
အင်အားကို
စုစည်းခြင်းငှာ
ပြင်ဆင်ပြီးမှသာ
တိမ်ပုပ်မည်းအုပ်ကို
တိုက်ထုတ်
နိုင်ပေလိမ့်မည်
လေသည်
အချိန်တစ်ခု
ယူရပေလိမ့်မည်
ကျစ်လျစ်
သန်မာသော
လန်းဆတ်သည့်
အင်အား
တစ်ရပ်ကို
စုစည်း
ရပေလိမ့်မည်

'အရင်ကလိုပဲ ကိုထွန်းစိန် မနက်မိုးလင်းတိုင်း ထထ စောင့်ခိုင်းလိုက်ပေါ့ ဆရာကြီး'

ဆရာမတစ်ယောက်က ထ, အကြံပေးတော့ အချို့က ခေါင်းတညိတ်ညိတ်လုပ်ထောက်ခံကြသည်။

'ကိုထွန်းစိန်ပြောတဲ့ ပုံစံအရကျတော့လည်း မနက်ခင်း ထစောင့်တော့ ညသန်းခေါင် လာပစ်ကြတယ်တဲ့။ ညသန်းခေါင် လာပစ်လို့ဆိုပြီး ကိုထွန်းစိန်ကိုလည်း ညသန်းခေါင် ထစောင့်ခိုင်းဖို့ရာ ဆိုတော့လည်း ကျွန်တော်တို့ကျောင်းတစ်ကျောင်းလုံးရဲ့ အရေးကိစ္စက ကိုထွန်းစိန်ခေါင်းပေါ်မှာပဲ ပုံကျနေသလို ဖြစ်နေသလားလို့'

ဆရာမအချို့ ခေါင်းချင်းဆိုင်သွားကြသည်ကို ဦးမြတ်ထင်ကျော် သတိထားမိလိုက်သည်။

ထိုနေ့က အစည်းအဝေးသာ ပြီးဆုံးသွားသည် အမှိုက်လာပုံကြသည့် ပြဿနာကို မည်သို့မည်ပုံ ဖြေရှင်းမည့် နည်းလမ်းကို ဆုံးဖြတ်ချက်မချနိုင်ခဲ့။

'ဆရာကြီးက လစာထုတ်ရက်မဟုတ်ဘဲ အစည်းအဝေးကို ကျောင်းဆင်းချိန်ခေါ်လိုက်တာကိုးဗျ'

'ဟင် ဘာဖြစ်လို့တုံး ကိုထွန်းစိန်ရ'

'ဒီအချိန်ကျတော့ ကျူရှင်ကျောင်းသားတွေက ဆရာမတွေကို မျှော်နေကြပြီလေ ဆရာရဲ့'

'ဪ…ဟုတ်ပါရဲ့ဗျာ။ ကျွန်တော်လည်း အဲဒါ သတိလွတ်သွားတယ်'

ကိုထွန်းစိန်တဲရှေ့ ကွပ်ပျစ်လေးတွေ ခြေနှစ်ချောင်းတွဲလောင်းချကာ ထိုင်ရင်းအောက်ခြေမြေသားကို ဦးမြတ်ထင်ကျော် အတွေးပုံပုံနှင့် ငေးနေတော့ ကိုထွန်းစိန်က သူ့ကို ဖျောင်းဖျသည်။

'ကဲပါ ဆရာကြီးရယ်၊ ကျွန်တော် မနက် အရုဏ်မတက်ခင် ထထစောင့်ပေးပါ့မယ်။ ညကတည်းက ပစ်သွားကြတယ်ဆိုလည်း ကျောင်းအမှိုက်ကန်ထဲပဲ စုပုံလိုက်ပါ့မယ်။ သိပ်ခေါင်းမစားပါနဲ့ ဆရာကြီး'

ဦးမြတ်ထင်ကျော်

ခေတ္တငြိမ်နေသည်။ အဘ[...]ကြာမှ သက်ပြင်းရှည်[...]ချက် မှုတ်ထုတ်ပြီး ကိုထွ[...]စိန်ကို နှုတ်ဆက်ကာ [...]အခန်းသို့ ပြန်ခဲ့တော့သည်[...]

❑

နှိုးစက်နာရီ၏ အသေ[...]မပြတ် အော်မြည်သံကြော[...]ကိုထွန်းစိန် မျက်လုံးနှစ်[...]ပွင့်ကာ အိပ်ရာနိုးလာသည်[...]ထို့နောက် အိပ်ရာမှထ[...]မျက်နှာသစ်၊ သွားတိုက်[...]အမှုတို့ကို ခပ်သွက်သွက် [...]လုပ်ပြီးနောက် စာသ[...]ကျောင်းလေးရှေ့ အမှိုက်[...]ပုံကြမည့်သူများကို [...]ဆိုင်း ဟန့်တားရဦးမည်[...]သဖြင့် ကျောင်းဝန်းအပြင်[...]ထွက်ရန် လာလိုက်သည်[...]ဝင်းတံခါးနားအရော[...]ကိုထွန်းစိန် ရုတ်တရက် [...]ပြူးပျာပျာ ဖြစ်သွားရသည်[...]ကျောင်းဝန်းတံခါးမှာ [...]ဟဟ ပွင့်နေသည်ကို [...]လိုက်ရသည်။

'ဟာ… ငါ ည[...]တံခါးမပိတ်ခဲ့မိဘူးလား'

ဝန်းကျင်တစ်ခို[...]စူးစမ်းကြည့်ရန် ကျောင်း[...]အပြင်သို့ အပြေးက[...]ထွက်ခိုက် တံခါး၏ ည[...]ဘက် ခပ်လှမ်းလှမ်းတွ[...]နံရံကိုကပ်နေသော လှုပ်[...]လှုပ်လှုပ်နှင့် လူအရိပ်[...]ရိပ်ကို မြင်လိုက်ရတော့[...]နှုတ်က အလိုလို အော်မိ[...]သား ဖြစ်သွားသည်။

'ဟေ့…ဘယ်သူ[...]ဟေ့။ ကျောင်းနံရံကို [...]လုပ်နေတာလဲ'

'ဪ…ကိုထွန်း[...]နိုးပြီလားဗျ။ ကျ[...]မြတ်ထင်ကျော်ပါ[...]



www.burmeseclassic.com

www.burmeseclassic.com

'ဟာ…ဆရာကြီး။ ...နဲ့သွားတာပဲဗျာ။ ကျောင်း ...န်းတံခါးကြီးကလည်း ပွင့် ...ဗျို့။ အပြင်ထွက်လိုက်တော့ ...ည်း လူတစ်ယောက် နံရံ ...အားကပ်ပြီး လှုပ်လှုပ် လှုပ် ...ရှုပ်နဲ့ ဘာလုပ်နေပါလိမ့်ဆို ...ပြီဗျာ။ နို့ ဆရာကြီး ဘာ ...တွေလုပ်နေတာလဲဗျ'

'ဒီမယ်လေဗျာ…'

ဦးမြတ်ထင်ကျော်က ကိုယ်ကို နောက်ဆုတ်လိုက် ...တော့ နံရံပေါ်မှ မြေဖြူဖြင့် ...ရေးသားထားသော စာသား ...အချို့ကို ကျောင်းဆိုင်းဘုတ် ...မှ ခပ်မှိန်မှိန်မီးတိုင်၏ အစွမ်း ...ဖြင့် ကိုထွန်းစိန် မြင်လိုက်ရသည်။

*'ဤနေရာသည် တိုင်းပြည်၏ အနာဂတ်သားကောင်းများကို ပြုစုပျိုးထောင်ရာ ...လတန်း စာသင်ကျောင်းတစ်ကျောင်း ဖြစ်ပါသဖြင့် ကျောင်းမျက်နှာစာ သန့်ရှင်း ...ပစေရန် အမှိုက်မပစ်ခြင်းဖြင့် ကူညီပါ'*

ရုတ်တရက် ကိုထွန်းစိန်မှာ ပြောစရာ စကားမရှိ။

'ဘယ်လိုလဲဗျ ကိုထွန်းစိန်။ စာဖတ်မိတဲ့လူ အသိဉာဏ်ရှိတဲ့လူကတော့ အမှိုက် ...ပစ်တန်ကောင်းပါရဲ့ဗျာ။ ...ခင်ဗျားလည်း အိပ်ရေးပျက် ...ခံပြီး ထထစောင့်မနေနဲ့တော့'

သေသပ်ဝိုင်းစက်သော လက်ရေးလက်သားနှင့်မို့ စာသားများသည် တစ်မျိုးပင် ကြည့်ကောင်းနေသည်ဟု ကိုထွန်းစိန်က ထင်လိုက်မိသည်။

'ဘယ်လိုလဲလို့ ကိုထွန်းစိန်ရဲ့။ ပြောပါဦး ခင်ဗျားအမြင်'

'ကောင်းတာပေါ့ ဆရာကြီး။ ဒါပေမဲ့ လူတွေက သိတဲ့အတိုင်းရယ်။ တစ်ရက်နှစ်ရက် စောင့်ကြည့်ကြတာပေါ့ ဆရာကြီးရာ'

'ဒါပေါ့။ စောင့်ကြည့်ရဦးမှာပေါ့။ ဘာပဲပြောပြော ဒီစာသားလေးက သူတို့ကို နည်းနည်းတော့ ပြောင်းလဲပေးနိုင်မယ်လို့ မျှော်လင့်ကြည့်ရတာပေါ့ဗျာ'

ကိုထွန်းစိန်ကတော့ သူ့လက်မောင်းကို တစ်ချက်ပုတ်ကာ ကျောင်းဝန်းအတွင်း သွက်လက်သော ခြေလှမ်းများနှင့် ပြန်ဝင်သွားသော ဦးမြတ်ထင်ကျော်ကို ကြည့်လိုက်၊ နံရံပေါ်မှ စာတန်းကို ကြည့်လိုက်နှင့် ကျန်ရစ်ခဲ့လေသည်။

❑

'ဒါမျိုးလေးလုပ်ရုံနဲ့တော့ သူတို့ အမှိုက်မပစ်ဘဲနေမှာတော့ မဟုတ်ဘူးနော် ဆရာကြီး။ ခုဟာက လူတွေက အရိုးစွဲနေကြတာ။ အမှိုက်ကို စည်းမရှိကမ်းမရှိ ပစ်တာက ယဉ်ကျေးမှုတစ်ရပ်လိုကို ဖြစ်နေတာ'

'ဟုတ်ပါတယ် ကိုလှမောင်၊ ကျွန်တော်လည်း သဘောပေါက်ပါတယ်။ သူတို့စိတ်ထဲ အရိုးစွဲနေတဲ့ အမူအကျင့်ကြီးတစ်ခုလုံးကို ပြင်နိုင်ဖို့အထိ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော့်မှာ အဲဒီလိုလုပ်နိုင်တဲ့ အင်အားမှ မရှိတာဘဲလေ။ စည်ပင်ရဲ့ အမှိုက်သိမ်းစနစ် ပုံမှန်ဖြစ်အောင်လည်း ကျွန်တော် စွမ်းဆောင်နိုင်တဲ့အင်အား မရှိဘူး။ အမှိုက်ကို စည်းမဲ့ကမ်းမဲ့ ပစ်တာဟာ နိုင်ငံကြီးသားကောင်းစိတ် မဟုတ်ဘူးဆိုတာကို လူတွေအားလုံး နားလည်သွားအောင်လည်း ကျွန်တော် မစည်းရုံး မသိမ်းသွင်းနိုင်ဘူးလေ။ ဒီတော့ ကိုယ်တတ်နိုင်သလောက်ကလေး လုပ်လိုက်တာပါ။ အနည်းဆုံး စာသင်ကျောင်းတစ်ကျောင်းရှေ့မှာ အမှိုက်ပစ်တာ သင့်တော်၏၊ မတော်၏ဆိုတာ သူတို့ထဲက တစ်ယောက်တလေ စဉ်းစားဖြစ်သွားရင် ကျေနပ်ပါပြီဗျာ'

ကျောင်းအကျိုးတော်ဆောင်ကြီး ဦးလှမောင်က ခေါင်းတညိတ်ညိတ်လုပ်သည်။ ဦးမြတ်ထင်ကျော်ကတော့ သူ့အတွေးနှင့်သူ ကျေနပ်ပီတိဖြာနေမိသည်။ ဒီစာသား ရေးထိုးအပြီး နှစ်ရက်ကြာလာသည် အထိ မနက်မိုးလင်းတိုင်း ကျောင်းရှေ့တွင် အမှိုက်ထုပ်များ၊ ပွစာလန်နေသော ဗရုတ်သုတ်ခအမှိုက်များ မတွေ့ရတော့။ မနက်လင်းလျှင် ကျောင်းရှေ့ထွက်ကြည့်ကာ ပြုံးပြုံးကြီး လုပ်နေတတ်မြဲ။

'ဆရာကြီးအကြံက အောင်မြင်သွားပဲရှင့်။ ကျွန်မတို့ဖြင့် ထင်တောင် မထင်ထားဘူး'

ဦးမြတ်ထင်ကျော်က ခပ်မိန့်မိန့်ကြီး ပြုံးကာ ဒေါ်ခင်စန်းမူစကားကို တုံ့ပြန်သည်။

'ဒီကိစ္စက အရေးကြီးတယ်ဗျ၊ ပေါ့သေးသေး မဟုတ်ဘူး။ ဒီလိုအသေးအဖွဲ့လို့ ထင်ရတဲ့ ကိစ္စမျိုးတွေကနေ စပြီးတော့ နိုင်ငံကြီးသားစိတ်ဓာတ် ကျွန်တော်တို့လူမျိုးတွေဆီမှာ ကိန်းအောင်းသွားအောင် တဖြည်းဖြည်းချင်း လုပ်ယူရမှာ။ ဒီမိုကရေစီဆိုတာ တာဝန်သိမှု၊ တာဝန်ယူမှုကနေ စ,ရမှာ။ ပွင့်ပွင့်လင်းလင်းပြောရရင် ချက်ချင်းကြီး အောင်မြင်လိမ့်မယ်လို့ မထင်ခဲ့ဘူးဗျ သိလား ဆရာမ။ ကျွန်တော့်အတွေးက ကိုယ့်နိုင်ငံသားတွေကို အထင်သေးခဲ့မိသွားတယ်'

'ခုတော့ အထင်ကြီးသွားပြီပေါ့လေ ဆရာကြီး'

'အပြည့် အဝပဲဗျာ။ တိုင်းပြည်တစ်ခုလုံး ဒီမိုကရေစီနဲ့ ဘယ်လောက်မှ မဝေးတော့ဘူးလို့တောင် ယုံကြည်မိလိုက်ပြီ'

ဒေါ်ခင်စန်းမူနှင့် အဖွဲ့က 'ဟောတော်' ဟုဆိုလျက် ဝါးခနဲ ရယ်မောလိုက်ကြသည်။

ဒီဆရာမတစ်သိုက်ကတော့ ဦးမြတ်ထင်ကျော်ပါးစပ်မှ ဒီမိုကရေစီဆိုသည့် စကားကို ကြိမ်ဖန်များစွာ နားထောင်ဖူးကြပြီးဖြစ်သဖြင့် နားရည်ဝနေကြပြီဖြစ်သည်။

❑

ကောင်းကင်သည် မှောင်ရီ ညို့မှိုင်းနေသည့် အပြင် တိမ်ညိုတိမ်မည်းတို့မှာလည်း အအုပ်လိုက် အလိပ်လိုက် ဖွဲ့တည်နေပြန်သည်။ လသည် တိမ်အုပ် တိမ်ဆုပ်တို့၏ နောက်ကွယ်သို့ ဝင်ချည်တစ်လှည့်၊ ပြူ၍တစ်ဖုံ လူးလွန့်နေသည်။ စာသင်ကျောင်းလေး၏ ဝန်းကျင်သည်ကား အမှောင်ထု၏ စိုးမိုးလွှမ်းခြုံခြင်းကိုသာ ခံရလျက်ရှိသည်။ လသည် တိမ်စုတို့၏ ဖုံးလွှမ်းခြင်းကို

www.burmeseclassic.com

www.burmeseclassic.com

ခံရချိန်က ဝန်းကျင်တစ်ခွင်သည် စာသင်ကျောင်းဆိုင်းဘုတ်တွင် တပ်ဆင်ထားသော မှိန်ဖျော့ဖျော့ အလင်းရောင်လေးမှအပ အခြားအားကိုးရာဟူ၍ မရှိချေတော့ဘဲ ပိုးစုန်းကြူးတစ်ကောင်သာရှိသော မဟာမြိုင်တောအုပ်ကြီးကို ရှုစားရသည့်နှယ်ပင်ရှိတော့၏။

တိတ်ဆိတ်လျက်ရှိသော အနေအထားကို ဖြိုခွင်းသူက စက်သံငြိမ်ငြိမ်နှင့် ခပ်ဖြည်းဖြည်း စီးနင်းလာသော ဆိုင်ကယ်တစ်စင်းဖြစ်၏။ ဆိုင်ကယ်နောက်တွင် တင်ဆောင်လာသော အထုပ်တစ်ထုပ်ကို တစ်ဖက်က လက်ပြန်ထိန်းရင်း မောင်းနှင်လာသော အဆိုပါဆိုင်ကယ်သည် ဝန်းကျင်၏ တစ်ခုတည်းသော အလင်းရောင်လေးနှင့် ခပ်လှမ်းလှမ်းတွင် ထိုးရပ်လိုက်သည်။ ထို့နောက် ကြိုးဖြင့် ချည်နှောင်လာဟန်ရှိသည့် အထုပ်ကို ဆိုင်ကယ်ပေါ်မှချကာ ကျောင်းနံရံအနားသို့ ပွတ်ဆွဲယူသွားသည်။

နံရံနားသို့ ကပ်မိသောအခါ အထုပ်ကို မ,ကာ သွန်မည်ပြုပြီးမှ ပြန်ချကာ နံရံနားသို့ ပိုမိုတိုးကပ် ကြည့်ရှုလိုက်လေသည်။ ပြီးနောက် သူ၏ ဘယ်ညာ နှစ်ဖက်ကို အတန်ကြာကြည့်ပြီး အထုပ်ကို ကျောင်းနံရံသို့ကပ်ကာ ထောင်ထားလိုက်သည်။ ထို့နောက် လာလမ်းအတိုင်း ဆိုင်ကယ်ကို ပြန်လှည့်ကာ မောင်းထွက်သွားလေတော့သည်။

မကြာမီ စက်ဘီးတစ်စီးသည် အထုပ်တစ်ထုပ်ကို ဆွဲလျက် စာသင်ကျောင်းလေးရှေ့သို့ ရောက်လာပြန်သည်။ စက်ဘီးပေါ်က မဆင်းသေးဘဲ ကျောင်းနံရံကို တစ်ချက်ကြည့်ပြီး အတန်ကြာ ရပ်နေသည်။ နံရံတွင် ကပ်ကာ ထောင်ထားသော ပီနံအိတ်ထုပ်ကို လှမ်းကြည့်သည်။ စက်ဘီးလက်ကိုင်တွင် ချိတ်ထားသော အထုပ်ကို လက်တွင် ကိုင်မြှောက်ကြည့်သည်။ ထို့နောက် အထုပ်ကို လက်ကိုင်တွင် ပြန်ချိတ်ပြီး တူရှုအရပ်သို့ စက်ဘီးကို ဆက်နင်းသွားသည်။

ထို့နောက် စီးလာသော ဆိုင်ကယ်နှင့်ယှဉ်လျှင် မညီမျှသော ခန္ဓာကိုယ်ရှိသည့် မိန်းမငယ်လေးတစ်ဦးသည် ဆိုင်ကယ်နောက်မှ တောင်းတစ်တောင်းကို မနိုင်မနင်း မ,ယူပြီး ကျောင်းနံရံနားသို့ ကပ်သွားလေသည်။ ရှေ့လူများနည်းတူ နံရံကို တစ်ချက်ကြည့်ပြီးနောက် တောင်းကို မှောက်သွန်ကာ ဆိုင်ကယ်နောက်တွင် တောင်းကို ပြန်ချည်တုပ်ပြီး လာလမ်းအတိုင်း ပြန်မောင်းထွက်သွားသည်။

ထို့နောက်...

တစ်ယောက်

နှစ်ယောက်

သုံးယောက်

လေးယောက်...။

လသည် ခပ်ဖြည်းဖြည်းချင်း မှိန်ဖျော့လာပြီး အလင်းသည် ဝေဟင်မှ မြေပြင်ဆီသို့ တစ်စတစ်စ နေရာယူလာသည်။ သို့တိုင် စာသင်ကျောင်းဆိုင်းဘုတ်မှ မီးအလင်းရောင်သည် ဝန်းကျင်ကို အထောက်အကူပြုနေဆဲပင် ဖြစ်သည်။

စာသင်ကျောင်းထဲမှ လူတစ်ဦးသည် ဓာတ်မီးတစ်လက်ကိုင်ကာ ထွက်လာပြီး ကျောင်းနံရံဘေးတွင် စုပုံနေလျက်ရှိသော အမှိုက်များ၊ အထုပ်များကို ကြည့်သည်။ ထို့နောက် ဓာတ်မီးကို ခါးကြားထိုးလျက် ပြန့်နေသော အမှိုက်များကို အထုပ်များအတွင်း ထိုးသိပ်ထည့်ကာ ယင်းအထုပ်များကို ကိုင်ဆွဲပြီး စာသင်ကျောင်းလေးထဲရှိ အမှိုက်ကန်ထဲသို့ ထည့်လေသည်။ ထို့နောက် အုတ်ကန်မှ ရေပိုက်ကိုဖွင့်ကာ လက်ဆေးရန် ပြုမည်ပြင်ပြီးမှ ရေပိုက်ကို ပြန်ပိတ်ပြီး ကျောင်းဝန်းရှေ့သို့ ပြန်ထွက်ကာ အမှိုက်ထုပ်များ သယ်ယူခဲ့သည့်နေရာကို ထပ်ကြည့်သည်။ ထိုနေရာတွင် စောစောက ရှင်းလင်းခဲ့သည့် အနေအထားအတိုင်း ရှိသည်ကို မြင်သောအခါ အုတ်ကန်သို့ ပြန်ပြီး လက်ဆေးခြင်းအမှုကို ပြုလေသည်။ ထိုအချိန်မှာပင် စာသင်ကျောင်းဆောင်လေး၏ နောက်ဘက်မှ လူတစ်ဦး ထွက်လာသဖြင့် လက်ဆေးနေသောလူက လှမ်းအော်နှုတ်ဆက်လိုက်သည်။

'ဆရာကြီး နိုးပြီလားဗျ'

❑

လူသွားလူလာများ ခပ်စိပ်စိပ် ဖြတ်သန်းလာသည့်တိုင် ကောင်းကင်သည် အချိန်နှင့်အမျှ ပို၍ လင်းကျင်းလာသော်လည်း နေမင်းသည် ထွက်ပြူနိုင်ခြင်း မရှိသေးချေ။ တိမ်ညိုတိမ်မည်းတို့သည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းတွင် ထူထဲစွာ အုပ်ဆိုင်းရစ်သိုင်းလျက်ရှိပြီး ကောင်းကင်တစ်ပြင်လုံးတွင် ပျံ့နှံ့ နေရာယူထားလေသည်။ လသည်ပင် ခပ်ရေးရေးထင်ဆဲရှိကာ အလျှင်းပျောက်ကွယ်ခြင်း မရှိသေးပေ။ နေမင်းကတော့ သူ့ဇာတိအတိုင်း ကောင်းကင်အထက် နေရာယူကာ လောကကို အလင်းပေးလျက် ရှိနေပေချိမ့်မည်။ သို့တိုင် တိမ်ပုပ်တိမ်မည်း အအုပ်အဆုပ်လိုက်ကြီးသည် နေမင်းကို ကွယ်ကာခြင်းဖြင့် မြို့ကလေးအား အလင်းရောင်နှင့် ထိတွေ့ခွင့် မရရန် အားထုတ်နေပေသည်။

လေသည် တစ်ချက်တလေ ခပ်ဖြူးဖြူးသုတ်လိုက်သော်လည်း တိမ်နိုင်တိမ်ခဲတို့ကို အတန်ငယ် ရွေ့လျားသွားစေခြင်းမှအပ ထူးခြားသော အပြောင်းအလဲ တစ်စုံတစ်ရာ သက်ရောက်သွားစေခြင်းငှာ မစွမ်းသာပေ။ တိမ်တို့သည် နေမင်းကို ဖုံးလွှမ်းထားဆဲ။ လူတို့၏ အလင်းနှင့် ထိတွေ့ရန် ကာသတ်ထားဆဲ။

လေသည် အင်အားကို စုစည်းခြင်းငှာ ပြင်ဆင်ပြီးမှသာ တိမ်ပုပ်မည်းအုပ်ကို တိုက်ထုတ်နိုင်ပေလိမ့်မည်။ လေသည် အချိန်တစ်ခု ယူပေလိမ့်မည်။ ကျစ်လျစ်သိပ်မာသော လန်းဆတ်သည့် အင်အားတစ်ရပ်ကို စုစည်းပေလိမ့်မည်။

တိမ်ပုပ် တိမ်မည်းတို့ကို တိုက်ထုတ်ကာ နေအလင်းကို ဆောင်ကြဉ်းပေးရန် ဖြစ်ပါသည်။ ■

ဝေဠီနိုင်မိုး



www.burmeseclassic.com

www.burmeseclassic.com



ဗုမ်မအောင်နဲ့ ဆေးဒေဝါ့က 'ငြိမ်းချမ်းရေးပြန်ပေးပါ' အမည်ပေးထားတဲ့ တင်ဆက်မှုအနုပညာဖြင့် ပါဝင်ခဲ့ရာ တက်ရောက်လာသူ စာပေအနုပညာရှင်များလည်း ပါဝင်ပူးပေါင်းခဲ့ကြပါတယ်

# ရပိုင်ခွင့်နဲ့ရသ အတူဦးတိုက်ထားလို့

**မသီတာ(စမ်းချောင်း)**



ဆုဖြူရောင်(ရွှေ)၊ မသီတာ(စမ်းချောင်း)နဲ့ နေဘုန်းလတ်

နှစ်နှစ်တိုင်ခဲ့ပါပြီ။ မှုကို အခြေခံဖို့ထက် လူကို အခြေခံဖို့ပဲ စိတ်ဝင်စားတတ်တဲ့ မြန်မာ့မြေမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆိုတဲ့ မှုကို အခြေခံပြီး တည်ထောင်ခဲ့တဲ့ PEN Myanmar ဟာ နှစ်နှစ်သက်တမ်းပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီနှစ်နှစ်သက်တမ်းအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com





ထုတ်ဝေသူအဝန်းအဝိုင်းပေါ်ပေါက်ရေးအတွက် ပင်န်မြန်မာက ဆွေးနွေးခဲ့ပါတယ်

ဓာတ်ပုံ - အောင်ကျော်မိုး (New Image)



ပင်န်မြန်မာစာဆောပြန်ပွဲတော် ကျင်းပနိုင်ရေးအတွက်
ရသတံတားအစုအဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြပါတယ်



ပင်န်အမေရိက က ဆမ်ဟိုမ်း၊ အရစ်ဂျစ်ကိုးလ်မန်နဲ့ ဆူဇန်နော်ဆဲလ်တို့လည်း တက်ရောက်ခဲ့ပြီး
မြန်မာနိုင်ငံရဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အလားအလာနှင့်သုံးသပ်တင်ပြချက်
အစီရင်ခံစာ မပြီးပြည့်စုံသေးသော လွတ်လပ်ခြင်း ကို ဖတ်ကြားခဲ့ပါတယ်

PEN Myanmar ရဲ့လှုပ်ရှားမှုတွေကို သမင်လည်ပြန်ကြည့်မိတော့ ကိုယ့်ဘာသာ မျက်ခုံးပင့်မိတဲ့အထိ တသီတတန်း အများကြီးကို တွေ့လိုက်ရပါတယ်။ **ရသအစုန်အဆန်** က တိုင်း ၅ တိုင်း၊ ပြည်နယ် ၂ ခုနဲ့ အမေရိက၊ မေရီလန်းတို့မှာ ၄၃ ပွဲ လုပ်ဖြစ်ခဲ့သလို မြန်မာစာပေနဲ့ တိုင်းရင်းသားစာပေတွေအကြောင်း အင်္ဂလိပ်လိုတင်ဆက်တဲ့ **ရသညနေခင်း** က ၉ ကြိမ်၊ ကဗျာ၊ ဝတ္ထုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ Creative writing workshop ဆို ၁၁ ကြိမ်၊ အင်္ဂလိပ်-မြန်မာနဲ့ မြန်မာ-အင်္ဂလိပ် စုပေါင်းဘာသာပြန် အလုပ်ရုံဆွေးနွေးပွဲကြီး ဖြစ်တဲ့ **ရသတံတား** ပထမအကြိမ်ဆိုတာတွေအပြင် သတင်းစာဆရာ ဘာတေးလ်လစ်တနာနဲ့အတူ သတင်းစာပညာဆွေးနွေးပွဲတွေကို မြို့ ၃ မြို့မှာ ၄ ကြိမ်၊ ပဋိပက္ခ အကဲဆတ်တဲ့ မီဒီယာတင်ဆက်မှု သုတေသနနဲ့ ငြိမ်းချမ်းရေးစာပေဆုပေးပွဲ၊ နောက်ဆုံး လတ်တလောမှာတော့ ရွေးကောက်ပွဲမှတ်တမ်းဖြစ်မယ့် **နိုဝင်ဘာ ၈ ဒိုင်ယာရီ** ပေါ့။ ဒါတင်ပဲလား ဆိုတော့ မဟုတ်သေး။

PEN Myanmar ဟာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊



www.burmeseclassic.com

www.burmeseclassic.com




ကိုလေး ခင်းဝဂုဏ်ရည်




ဝင်းဖေ




ချစ်ဦးညို



မောင်ပြည့်မင်း




ဇေယျာလင်း




ခင်အောင်အေး

မီဒီယာလွတ်လပ်ခွင့်တွေနဲ့ ပတ်သက်ပြီး မတရားမှု၊ ကန့်သတ်ချုပ်ချယ်မှု၊ ကြောင်းကျိုးမဆီလျော်မှုတွေနဲ့ပတ်သက်လို့ သဘောထားကြေညာချက်တွေကို ထုတ်ခဲ့ရာ ၂၀၁၃ အတွင်းမှာ စုစုပေါင်း ၆ ခု၊ ၂၀၁၄ အတွင်း စုစုပေါင်း ၆ ခု နဲ့ ၂၀၁၅ အတွင်း စုစုပေါင်း ၁၀ ခုတို့ ဖြစ်ကြပါတယ်။ ဒါ့အပြင် အဲဒီ အရေးကိစ္စတွေနဲ့ပတ်သက်ပြီး အခြေအနေအရပ်ရပ်နဲ့ ဆောင်ရွက် ပြုပြင်သင့်တာတွေနဲ့ပတ်သက်လို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးရဲ့အစီအစဉ်တစ်ခုဖြစ်တဲ့ UPR Universal Periodic Review မှာလည်း MIDO, PEN International အဖွဲ့တွေနဲ့အတူ စာတမ်းတင်သွင်းခဲ့ရုံမက ဂျနီဗာမှာ ကျင်းပတဲ့အကြိုဟောပြောမှုကိုလည်း သွားရောက်ပူးပေါင်းခဲ့ပါတယ်။

ထားပါတော့။ ပြောရရင် အသေးစိတ်ရင် အများကြီး ရှိနေသေးတာပေါ့။ ဒီအကြောင်းတွေကို ပြောချင်တာထက် အဲဒီနှစ်နှစ်ပြည့်တဲ့နေ့က လုပ်ခဲ့တဲ့အခမ်းအနားလေးအကြောင်း ပြောချင်တာပါ။ ဒီနှစ် ညီလာခံကို ကျယ်ကျယ်ပြန့်ပြန့်လုပ်မယ်လို့စဉ်းစားတော့ အဖွဲ့ဝင်တွေ များများလာစေချင်တယ်။ PEN American center က ဒါရိုက်တာ ဆူဇန်နော်ဆဲလ်နဲ့ ဘရစ်ဂျ် ကိုးလ်မန်တို့လည်း သူတို့ရဲ့ မြန်မာ့လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ အတွက် အစီရင်ခံစာလာမယ်ဆိုတော့ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်သွားအောင် တစ်နေကုန် အစီအစဉ်ဆွဲမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ထုံးစံအတိုင်း ဒါရိုက်တာဘုတ်အဖွဲ့ဝင်က ၁၁ ယောက် ရှိတယ်သာ ဆိုတယ်၊ ၃ ယောက်က မန္တလေးမှာ ရောက်နေပြီး ရန်ကုန်မှာ ရှိသူတွေထဲမှာလည်း အစည်းအဝေးမှန်မှန်တက်နိုင်သူက ၅ ယောက် လောက်ပဲ ဖြစ်နေတယ်။ အတွင်းရေးမှူးဆရာ နေဘုန်းလတ်ကလည်း လွှတ်တော် ကိုယ်စားလှယ်ဖြစ်သွားတော့ သူ့ကို တာဝန်ကနေ ဖြေလျှော့ပြီး ဒါရိုက်တာဘုတ် စာရင်းကနေ အနီးကပ်အဖွဲ့ဝင်စာရင်းထဲ ပြောင်းထည့်ထားရတယ်။ အတွင်းရေးမှူး အဖြစ်ကတော့ အစည်းအဝေးဆုံးဖြတ်ချက်တွေအရ ဆရာ စောဝေကပဲ တာဝန်ယူ သွားမယ်။ ဒီတော့ PEN Myanmar ရဲ့အစစအရာရာကို ဆုံးဖြတ်ဆောင်ရွက်ကြသူ စာရင်းက ၂၀ ဦးထက် မပိုလှဘူးလေ။ ဒါတောင် အသစ်ခန့်ထားဖြစ်တဲ့ ပရိုဂရမ် မန်နေဂျာ ဇာခြည်ဦး၊ ရုံးအဖွဲ့ဝင် ဇင်မာလင်းနဲ့ နဂိုကတည်းက ရှိနေတဲ့ ဆရာ ထားဥသုံတို့ကိုထည့်တွက်ထားရတယ်။ ဒီကြားထဲ စာရင်းဇယားတွေ မပိုင် ဆိုပြီး ဘဏ္ဍာရေးမှူးမလုပ်ချင်တော့ဘူးလို့ မြေမှုန်လွင်က ဆိုလာတော့ သတ်

www.burmeseclassic.com

www.burmeseclassic.com

လောမှာ တွဲဖက်ဘဏ္ဍာရေးမှူးဆိုပြီး ဆရာမ အဖြူရောင်(ရွှေ)ကိုပဲ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ တာဝန်ပေးခဲ့တယ်။ တစ်လျှောက်လုံး စေတနာနဲ့ စာရင်းစစ်ပေးခဲ့တဲ့ ဆရာမ ခင်မြဇင်လည်း နောက်နှစ်တော့ နားချင်နေတယ်။ အဲဒီတာဝန်အတွက် အဆင်ပြေအောင် ကြံရဦးမှာပဲပေါ့။

ထားပါတော့။ လူနည်းနည်းနဲ့ တစ်နေကုန်ကျင်းပမယ့် အခမ်းအနားကို ဆောင်ရွက်ရတာ သိပ်တော့ မလွယ်ဘူးပေါ့။ ဒါပေမဲ့ ဒီဇင်ဘာ ၅ ရက်က ရောက်လာပြီလေ။ ဒီနေ့မှာ နယ်က အဖွဲ့ဝင်တွေပါ ရောက်လာမှာမို့ သူတို့အတွက် အမှတ်တရလေးတွေ ဖြစ်ရအောင် စာအုပ်တွေ ပေးချင်တာမို့ ရသတံတားအတွက် ဆရာ ဟန်ဇော်က ဒီဇိုင်းလုပ်ပေးပြီး ဆရာ မြေမှုန်လွင်က စာအုပ်ဖြစ်အောင် အချိန်မီကြိုးစားပေးခဲ့သလို သတင်းလွှာအတွက်လည်း ဇာခြည်ဦးရော၊ ဆရာ တက္ကသိုလ် မိုးဝါပါ စာသားတွေ ကူညီကာ ဆရာ ခင်အောင်အေး၊ ဆရာ မျိုးမြင့်ညိမ်းနဲ့ ကျွန်မက နောက်ဆုံးတည်းဖြတ်ပေးပြီး ဆရာ ညိုရင့်ကတော့ ဒီဇိုင်းရော စာအုပ်ဖြစ်တဲ့အထိပါ ညမအိပ်ဘဲ အားစိုက်ပေးခဲ့ပါတယ်။ ၂၀၁၆ ပြက္ခဒိန်ပါတဲ့ Year Planner လေးကိုတော့ ဆရာမ မွေးက မေတ္တာနဲ့ ဒီဇိုင်းထုတ်ပြီး စာအုပ်ဖြစ်တဲ့ အထိလည်း အားထုတ်ပေးခဲ့ပြန်ပါတယ်။ ဒီလိုကြောင့် လက်ကမ်းအိတ်လေးထဲမှာ ငြိမ်းချမ်းရေးစာမူပြိုင်ပွဲ အထိမ်းအမှတ်စာအုပ်ပါ အပါအဝင် ဖတ်စရာ၊ ရေးစရာ၊ မှတ်စရာတွေ စုံလင်အောင် ဖြည့်ပေးနိုင်ခဲ့ပြန်ပါရော။

တစ်နေကုန် ပါဝင်ရမယ့် ညီလာခံမို့ တက်ရောက်သူတွေ မဆာရ၊ မပျင်းရအောင်ရော၊ အဖွဲ့ဝင်အတွက်သာမက သတင်းသမားနဲ့ ဖိတ်ကြားထားသူတွေအတွက် အပြင် တခြားအပြင်က စိတ်ဝင်စားသူတွေအတွက်ပါ အဆင်ပြေစေမယ့် အစီအစဉ်တချို့ထည့်ချင်တာရော အားလုံးပေါင်းတော့ အစီအစဉ်တွေက စိပ်သားပါ။ အဖွင့်မှာတော့ ဥက္ကဋ္ဌ ပြောပေါ့။ ဒီနှစ်နှစ်တာ လှုပ်ရှားမှုကိုတော့ ဆရာ မျိုးမြင့်ညိမ်းက ပြောပေးပါတယ်။ နောက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုရင် ဘယ်လောက်ထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဖို့လိုမလဲဆိုတာကို သတင်းလွှာထဲ ထည့်ရေးထားခဲ့ပေမဲ့ ပိုမှတ်မိသွားပြီး PEN Myanmar တစ်ဖွဲ့လုံးက တစ်သဘောတည်း တွေးမိသွားရအောင် ကျွန်မကပဲ တင်ပြချက်လေးတစ်ခု လုပ်ဖြစ်သွားပါတယ်။ အဲ အဖွင့်မတိုင်မီမှာ လတ်တလော ရွေးကောက်ပွဲကနေ ကဗျာဆရာ၊ စာရေးဆရာ ၁၆ ယောက် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သွားတော့ ဂုဏ်ပြုလွှာလေးကို အဖွဲ့ကိုယ်စား ဆရာ ဇေဝေက ဖတ်ခဲ့ပါသေးတယ်။ သူတို့တွေကို ဂုဏ်ပြုတဲ့အပြင် သူတို့တွေ အနေနဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်မြှင့်တင်ပေးမယ်လို့ ယုံကြည်တယ်ဆိုပြီး ရေးထားတဲ့ ကြေညာချက်အမှတ် ၁၀/၂၀၁၅ ပေါ့။

အဲဒါပြီးတော့ လူစုခွဲကြတယ်။ ရသအစုန်အဆန်၊ ရသတံတားနဲ့ ထုတ်ဝေသူအဝန်းအဝိုင်းပေါ့။ ရသအစုန်အဆန်မှာတော့ ဆွေးနွေးသူအများဆုံးပဲ။ ရွှေဘို၊ ကျွန်းလှ၊ မန္တလေးက အဖွဲ့ဝင်တွေအပြင် တခြားလူငယ်အဖွဲ့ဝင်တွေလည်း ဝိုင်းဆွေးနွေးခဲ့ကြတော့ စဉ်းစားစရာတွေလည်း အများကြီး ထွက်လာတယ်။ နောင်မှာ ခရီးစဉ်တွေကို နီးရာ မြို့တွေနဲ့ တစ်ဆက်တည်း သွားနိုင်အောင်၊ စာပေဝါသနာအိုးတွေအတွက် ရေးသူ၊ ဖတ်သူဆွေးနွေးပွဲတွေ ပိုလုပ်ဖို့၊ စာပေလွတ်လပ်ခွင့်နဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အကြောင်း အဖွဲ့သားတွေကြား မှုမကွဲဘဲ နားလည်နိုင်ရေး ဆောင်ရွက်နိုင်အောင် အမျိုးကို စုံလို့ပါပဲ။ အပြန်အလှန် နားထောင်တဲ့ ယဉ်ကျေးမှုကတော့ သိသိသာသာ ထင်ရှားလို့ပေါ့။ အဓိက ဦးဆောင်ဆွေးနွေးပေးတာကတော့ ဆရာ ခင်အောင်အေးနဲ့ ဆရာမ အဖြူရောင်(ရွှေ)။ နောင်ကို အဖွဲ့ဝင်တွေကြားမှာ ဆက်သွယ်ရလွယ်အောင် ဖေ့စ်ဘွတ်ခ်အုပ်စုထဲ ထည့်ဖို့နဲ့ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ တင်ပြဖို့ ဆရာမ မြသွေးနီနဲ့ ဂါဦးနွန်းကို တို့ကလည်း အားသွန်ခွန်စိုက် လှုပ်ရှားနေတော့တာပဲ။ ဆရာမ ခင်မမမျိုးရဲ့ လက်ထောက်တွေဖြစ်တဲ့ အိန္ဒသိမ့်တို့က


မောင်ဒေး


ညီထွန်းလူ


မြေမှုန်လွင်

www.burmeseclassic.com

www.burmeseclassic.com


ဗက်ရှည်တွေးနဲ့ အေးသူဇာ


ဆူဇန်နော်ဆဲလ်


ခင်မမမျိုး


ဖြိုးဖြိုးဗက်ကိုဗစ်၊ စုသဲမွန်၊ ချစ်ကြည်အေး

လည်း အခမ်းအနားတက်ရောက်လာသူတွေကို ကြိုဆိုနေရာချ ပေးကြရတယ်။

နောက်အုပ်စုကတော့ ရသတံတား။ အဲဒီမှာတော့ ဒီနှစ် မေက ဘာသာပြန် အလုပ်ရုံဆွေးနွေးပွဲမှာ တက်ခဲ့သူတွေနဲ့ စိတ်ဝင်စားသူရယ်၊ ဦးဆောင်ဆွေးနွေးသူ ဆရာ မြေမှုန်လွင်ရယ်ပေါ့။ သူတို့ကတော့ လာမယ့် ၂၀၁၆ မေမှာ လုပ်မယ့် ဒုတိယအကြိမ်အတွက် ပြောစရာတွေက ရှိနေပြီ။ ပါဝင်သူ ဦးရေ ၂ ဆ တိုးမယ့်အပြင် ဘာသာပြန်စာပေပွဲတော်သဘော တိုးချဲ့မှာမို့ ဆွေးနွေးစရာက အများသားပါ။ အရင်နှစ်က တက်ခဲ့သူတွေကို ဆက်လက်ဆွဲခေါ်သွားနိုင်အောင် လေ့လာသူအဖြစ် ၂၀၁၆ မှာ တက်ခွင့်ရအောင်လည်း လုပ်သွားမယ်လို့ ဆုံးဖြတ်ကြပါတယ်။

ထုတ်ဝေသူအဝန်းအဝိုင်းကိုတော့ ဆရာ မျိုးမြင့်ညိမ်းက ဦးဆောင်ဆွေးနွေးပြီး ဆရာပြည်သွေးနိုင်အပါအဝင် အဲဒီနေ့က အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီး ပူးပေါင်းဖို့ ဆုံးဖြတ်တဲ့ထုတ်ဝေသူ ၁၁ ဦးလည်း ပါလာပါတယ်။ ရေရှည်မှာ နိုင်ငံတကာ စာပေရပ်ဝန်းဆီ ဦးတည်ကြမယ့် မြန်မာ့ထုတ်ဝေသူလောကမှာ အမှီအခိုကင်းကင်း အဝန်းအဝိုင်းလေးတစ်ခုဟာ နိုင်ငံတကာစံနဲ့လည်း မကွာဟအောင် ကိုယ့်စိတ်ကိုယ့်သဘောကိုလည်း ထင်ဟပ်ပြီး ကျယ်ပြန့်လာအောင် ဆောင်ရွက်ကြဖို့ သဘောထားတွေ ဝေမျှဆွေးနွေး သဘောတူခဲ့ကြပါတယ်။

မနက်ပိုင်းမှာ အချိန်က ကုန်မှန်းမသိ ကုန်သွားတော့ နေ့လယ်စာစားဖို့ အချိန်ရောက်သွားတော့တာပါပဲ။ တော်ဝင်ဂါးဒင်းဟိုတယ်ရဲ့ အစားအသောက်ကတော့ အားလုံးက တညီတညွတ်တည်း ကောင်းတယ်လို့ အသိအမှတ်ပြုလောက်အောင် ကောင်းပါတယ်။ ထမင်းလုံးမစီအားဘဲ ခန်းမဆီ ပြန်လာတော့ သတင်းထောက်တွေတောင် စုံသလောက် ဖြစ်နေပါတယ်။ ဒါပေမဲ့ ညနေပိုင်းမှာ အစီရင်ခံစာ တင်ပြမယ့်သူတွေ မရောက်လာသေးလို့ ရှေ့ပိုင်းအစီအစဉ်တွေ မစ,ရဲသေးဘဲ အချိန်ဆွဲခဲ့ရပါတယ်။ ဒီညနေမှာတော့ ဥက္ကဋ္ဌအနေနဲ့ မနက်ကနဲ့ သိပ်မကွာတဲ့အဖွင့်စကားကို ထပ်ဆိုရပါတယ်။ နှစ်နှစ်တာလှုပ်ရှားမှုကိုတော့ ဆရာမ စုမီအောင်က တင်ဆက်ပေးပါတယ်။ ရသအစုန်အဆန်အတွက် ဆရာမ အဖြူရောင် (ရွှေ)၊ ရသတံတားအတွက် ဆရာ မြေမှုန်လွင်၊ လက်ျာထွန်း၊ ဝင်းပပစံ၊ အောင်မင်းခန့်နဲ့ ထုတ်ဝေသူအဝန်းအဝိုင်းအတွက် ဆရာ ပြည်သွေးနိုင်တို့က သက်ဆိုင်ရာစကားတွေကို ပြောကြားပေးပြီး အချိန်မီရောက်လာတဲ့ PEN American Center က ဒါရိုက်တာ ဆူဇန်နော်ဆဲလ်က



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရဲ့ 'မပြီးပြည့်စုံသေးသော လွတ်လပ်မှု'အစီရင်ခံစာအကြောင်း အကျဉ်းချုံးမိတ်ဆက်ပေးပါတယ်။ နောက်တော့ ငြိမ်းချမ်းရေးစာမူပြိုင်ပွဲနဲ့အတူ ဆောင်ရွက်ခဲ့တဲ့ ပဋိပက္ခအကဲဆတ်တဲ့ မီဒီယာတင်ဆက်မှုတွေနဲ့ပတ်သက်တဲ့ အမုန်းစကားသုတေသန အစီရင်ခံစာကိုတော့ ဆရာမ ခင်မမမျိုးက တင်ဆက်ရှင်းလင်းခဲ့ပါတယ်။

ကော်ဖီသောက် နားချိန်ပြီးတော့ ခေတ်ပြိုင်မြန်မာကဗျာအကြောင်း စကားဝိုင်းပေါ့။ ဆရာ ဇေယျာလင်းက ဦးဆောင်ဆွေးနွေးပြီး ပါဝင်ဆွေးနွေးကြသူတွေက ဆရာ မောင်ပြည့်မင်း၊ ခင်အောင်အေးနဲ့ မောင်ဒေးတို့ပါပဲ။ ခေတ်ပြိုင်ကဗျာအကြောင်းကို ရေးနည်းစနစ်အပါအဝင် သုတေသီတွေ ချဉ်းကပ်သလိုမျိုးရော ကဗျာရေးသူရှုထောင့်ကပါ ချဉ်းကပ်ဆွေးနွေးခဲ့ကြတော့ တွေးစရာတွေ ကျန်ရစ်ခဲ့ပါတယ်။ ဒါပေမဲ့ မတွေးအားတော့ဘူး ဖြစ်ရပြန်ပါတယ်။ ဆရာ စောဝေ၊ ဆရာမ စုမီအောင်နဲ့ တယောဆရာ ဖိုးသံတို့က **ငြိမ်းချမ်းရေး ပြန်ပေးပါ** ဆိုတဲ့ ကဗျာရွတ်ဆိုတင်ဆက်မှု ပါဖောင်မင့်ကို စ,လုပ်နေပြီဆိုတော့ ထုံးစံအတိုင်း တက်ရောက်လာသူတွေထဲက ကိုယ်ပါမကျန်


ဦးဝင်းငြိမ်းနဲ့အတူ အောင်ဖြိုးကျော်(ပခုက္ကူ)၊ ညီငယ်လေး၊ ငွေကြယ်မင်း


စောဝေ


မိချမ်းဝေ

တော်တော်များများလည်း မစုမီရဲ့ ဆွဲခေါ်ရာကို စီးမျောလိုက်ပါခဲ့ကြရပြန်ပါတယ်။

ကဲ နောက်ဆုံးမှာတော့ **ရသခွန်အား** နာမည်နဲ့ ဆရာကြီးများရဲ့စကားဝိုင်းပေါ့။ ဆရာ ကိုလေး(အင်းဝဂုဏ်ရည်)၊ ဆရာ ဝင်းဖေ၊ ဆရာ ချစ်ဦးညိုတို့ပွဲ။ ဆရာ ဝင်းဖေက ဦးတိုးရဲ့ ရကန်တစ်ပုဒ်၊ မယ်ခွေရဲ့ အဲချင်းတစ်ပုဒ် အပါအဝင် မြန်မာကဗျာလင်္ကာတွေရဲ့ ဂီတနဲ့ဆက်နွှယ်ပုံ၊ ဂီတသီချင်းကို ဆိုရတာထက် ကဗျာလင်္ကာရွတ်ဆိုဖို့ ရင့်ကျက်မှုပိုလိုတယ်လို့ ဆရာ့ဖခင် ရွှေပြည် ဦးဘတန်က ပြောခဲ့တာတွေအားလုံးကသင်ယူစရာတွေပေါ့။ ဆရာ ကိုလေးကတော့ မြန်မာစာအက္ခရာတွေရဲ့ ဖွဲ့စည်းပုံ၊ အသတ်၊ အတင်ရေးထုံးနဲ့ အသံထွက်တွေအတွက် ယေဘုယျစည်းမျဉ်း၊ ရှေးမြန်မာလင်္ကာတွေမှာ Rhyme လို့ခေါ်တဲ့ ကာရန်မပါဘဲ ရေးဖွဲ့ခဲ့တဲ့ထုံးစံ အဲဒါတွေက စပြီး ပြောသွားလိုက်တာ ဘယ်ကဗျာလင်္ကာကိုမှလည်း စာသားကြည့်ပြီး ရွတ်ပြသွားတာ မရှိခဲ့ပါဘူး။ အားလုံးဟာ နှုတ်တက်ရွရွ ရွတ်ဆိုပြသွားတာချည်းပါပဲ။ နောက်ဆုံး ဆရာ ညိုထွန်းလူက ဝိုချင်းအကြောင်း မေးပြီး ဆရာ ချစ်ဦးညိုကို ဝိုချင်းဆိုပြခိုင်းတော့ ဆရာ ကိုလေးကလည်း မော်ဒန်ကဗျာတွေအကြောင်းပြောရင်း ရှေးက ကဗျာတွေရဲ့ဖွဲ့စည်းပုံကို ပြင်ဆင်ပြီး ဘယ်လိုကူးပြောင်းခဲ့လာခဲ့တယ်ဆိုတာ သူ့ကဗျာတစ်ပုဒ် နမူနာ ရွတ်ပြပါတော့တယ်။ အဲဒီကဗျာရွတ်ပြီး အဲဒီလိုရွတ်ဆိုတာတွေကို မှတ်တမ်းစုဆောင်းထားသင့်ကြောင်းလည်း ပြောဆိုတိုက်တွန်းသွားပါတယ်။ တက်ရောက်သူတွေအားလုံး ကျေနပ်အားရ သဘောကျစွာနဲ့ပဲ ညနေ ၆ နာရီမှာ ပွဲသိမ်းနိုင်ခဲ့ပါတယ်။

ပြန်စဉ်းစားကြည့်တော့ PEN Myanmar ရဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ဖို့ ဆိုတဲ့ ရပိုင်ခွင့်ရေးရာမှာရော၊ သက်ဝင်ရှင်သန်တဲ့ စာပေယဉ်ကျေးမှုကို မြှင့်တင်ဖို့ ဆိုတဲ့ ယဉ်ကျေးမှုရေးရာမှာရော၊ ကျောင်းသင်ခန်းစာနဲ့ ရသစာပေပေါင်းကူးဖို့ဆိုတဲ့ ရသဖွံ့ဖြိုးရေးဆိုင်ရာမှာပါ အတတ်နိုင်ဆုံး ကြိုးပမ်းခဲ့တာကို နှစ်နှစ်တာ လှုပ်ရှားမှုတွေမှာသာမက ဒီဇင်ဘာ ၅ ရက်က ဒုတိယအကြိမ် ညီလာခံ အစီအစဉ်တွေမှာပါ သက်သေထင်ရှား တွေ့ကြရမှာပါ။ PEN Myanmar ဟာ ရပိုင်ခွင့်အရေးရော ရသအရေးမှာပါ ဘယ်တော့မှ မနှောင့်နှေးပါဘူး။ ဒါဟာ PEN Myanmar ရဲ့ ခိုင်မာတဲ့မှုပါပဲ။ ။

■

**မသီတာ**

**၊စမ်းချောင်း၊**



www.burmeseclassic.com

www.burmeseclassic.com





တိတ်တဆိတ် စောင့်စားနေမိသော နေဝင်ဆည်းဆာသည် မျှော်ကိုးသူ ကျွန်တော့်အတွက် အစွမ်းကုန် အလှပြရင်း ပင်လယ်ထက်သို့ သက်ဆင်းလာသည်။ ဆည်းဆာနေဝန်းသည် ပြာလဲ့ညိုမှောင်သော အနောက် မိုးကုပ်စက်ဝိုင်းစပ်မှ ပင်လယ်ရေ မျက်နှာပြင်တွင်းသို့ တဖြည်းဖြည်း နစ်ဝင်ရင်း ကျွန်တော့်ကို နှုတ်ဆက်ဟန် မလှုပ်မယှက် ငြိမ်သက်နေသည်။ သူ(နေဝန်းနီ) ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်လုချိန်တိုင်း သူ့ကို မခွဲရက်နိုင်စွာ သူ့နောက်သို့ ကြိမ်ဖန်များစွာ ကျွန်တော် စုန်ဆင်းလိုက်ပါခဲ့ဖူးသည်။ ကမ္ဘာ၏

အဝန်းအဝိုင်းနေရာအားလုံးသို့ နေရောင်ခြည်တွေ မစဲစတ
ကျွန်တော့် ရဲဘော်လေညင်းလေးနှင့်အတူ လှူးလာစုန်ဆ
သည့် ကာလရှည်များကို ကျွန်တော် တကယ် ပိုင်ဆိုင်
သည်။ နေရောင်ခြည်ရှိရာ အရပ်မျက်နှာတိုင်းကို ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ထူးစွာ လိုက်ပါရချိန်များမှာ ကျွန်တော့်ဘဝကို ကျေနပ်မက် မောမိသလောက် သဘာဝပေးတာဝန်များကို ပါဝင်ထမ်းဆောင် ရချိန်များမှာလည်း ဖြစ်တည်ရာ ကိုယ့်ဘဝကို အကြိမ်ကြိမ် အခါခါ စက်ဆုပ်ရွံရှာမိရသည်မှာလည်း ကျွန်တော်ကိုယ်တိုင်ပဲ ဖြစ်သည်။

နေရောင်ခြည်တွေကို ချစ်တတ်သည့် ကျွန်တော်က အရိုင်း ဆန်ပင်လယ်ပြင်မှာ ပျော်သလို ကျွန်တော် ကျီစားသည့်အခါ တိုင်း ရယ်မောပျော်ရွှင်တတ်ကြသည့် သတ္တဝါလူသားများကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ချစ်ခင်တတ်သူဖြစ်၍ သာယာသော ကမ်းခြေဒေသများမှာလည်း ကျွန်တော် လှည့်လည် နေထိုင်ခဲ့ဖူးပါသည်။ ကျွန်တော့်ရင်ခွင်ထက် ပျော်ရွှင်မြူးထူးစွာ ခိုဝင်ဆော့ကစားပြီး ကျွန်တော့်ကိုချစ်ကြသော လူသားတွေကို ကျွန်တော် ကိုယ်တိုင် ပင်လယ်ရေပြင်ထဲ ဆွဲယူလွှင့်ပစ်ရသည့် ခါးသီးသည့် သမိုင်းကြောင်းတွေ အကြိမ်ကြိမ် ပိုင်ဆိုင်ပြီးသည့်နောက် သဘာဝအရိုင်းဆန်သည့် ကမ်းခြေဒေသများကို ကျွန်တော် စွန့်ခွာခဲ့သည်မှာ ကာလအနည်းငယ် ရှည်ကြာခဲ့ပြီ။

'ဂျင်မဲလ်ရာ'။ ချစ်စဖွယ်နာမည်လေးနှင့် သဘာဝအန္တရာယ်တွေနှင့် လွတ်အောင် လူလုပ်အား အတတ်ပညာဖြင့် ပင်လယ်ကို တစ်စိတ်တစ်ဒေသ ချဲ့ထွင်ပြုပြင်ထားသည့် ဒီကမ်းခြေကလေးကို ကျွန်တော် ချစ်သည်။ ဘယ်လိုလေရိုင်းကမှ ကျွန်တော့်ကို မှန်ယိုအောင် မစွမ်းနိုင်သည့် သဲမြေဖို့ ကျောက်တန်းအလှများနှင့် ဂျင်မဲလ်ရာမှာ ပြေပြေလွင့်လွင့် ဆော့ကစားရင်း ခါးသီးခဲ့သည့် အတိတ်တွေကို တောင် ကျွန်တော် မေ့လုပြီ။ ကျွန်တော့်ရင်ခွင်မှာ ပျော်သည့် လူသားတွေ၏ အဆိုအရ တန်ဖိုးကြီးအကုန်ခံ ပြုပြင်ထားပေမဲ့ ဂျင်မဲလ်ရာသည် လူတန်းစားမရွေး ပျော်ရွှင်နိုင်သည့် Open Beach တစ်ခုသာ ဖြစ်သည်။ ကျွန်တော့်မိတ်ဆွေတချို့ ပျော်မွေ့ရာ Family Beach ဟုခေါ်သည့်အခကြေးငွေနှင့် အချိန်နာရီ အကန့်အသတ်ရှိသော ပြုပြင်ကမ်း

ကြယ်ကလေးရေ
ငါ့ဖေဖေကိုရော
နင်
ရှာနိုင်ပေး
နိုင်မလားဟင်
လေးဖက်လေးတန်
အမှောင်
ကျနေတဲ့
တစ်နေရာမှာ
သူယုံကြည်တဲ့
အမှန်တရားတစ်ခု
တရားမျှတမှု
တစ်ခုအတွက်
အသက်ရှင်
နေထိုင်ရတဲ့
ငါ့ဖေဖေကိုရော
နင်
ရှာတွေ့နိုင်မလား

ခြေများထက်ပိုပြီး သူ့ထံရောက်လာသူမှန်သမျှ ၂၄ နာရီပတ်လုံး အခမဲ့ ပျော်ရွှင်ဆော့ကစားနိုင်သော ဂျင်မဲလ်ရာကို ကျွန်တော် ချစ်သည်။ ရှည်လျားသော ကမ်းခြေတစ်လျှောက် စက်ဘီးစီး၊ စကိတ်စီး၊ ကစားကွင်းဆော့၊ နေပူဆာလှုံ ဥဒဟိုရှိနေသော လူသားများ ပျော်ရွှင်မြူးမြနေသည့် ဤကမ်းခြေတွင် ကိုယ့်ဘဝကိုယ် မေ့အောင် ကျွန်တော် ပျော်နေမိသည်မှာ နှစ်အနည်းငယ် ကြာခဲ့ပြီ။

❑

လွန်ခဲ့သော နှစ်အနည်းငယ်ထိ နေထိုင်ကျင်လည်ရာ ဝန်းကျင်ကို မက်မောတပ်မက်မှုသည် ကျွန်တော့်အတွက် ရိုးစင်းသော အကြောင်းအရာတစ်ခုမျှသာ။ စိတ်လိုလက်ရရှိသည့်အခါ မနီးမဝေးက Family Beach များသို့ ကျွန်တော် သွားတတ်သည်။ သို့ပေမဲ့ သီးသန့်ဆန်လွန်းသည့် ခမ်းနားသော ထိုနေရာများမှ ကျွန်တော့် ဂျင်မဲလ်ရာကို အောက်မေ့စွာ ရက်မဆိုင်းဘဲ ပြန်ပြေးလာတတ်သည်။ အခုတော့ ဒီကမ်းခြေကို မခွာနိုင်စေသည့် နောက်ထပ် အကြောင်းအရင်းတစ်ခု ကျွန်တော့်မှာ ရှိလာခဲ့ပြီ။

'ကြယ်ကလေး... ရေ'

ဟော...။ ဒီအသံလေးပေါ့။ ပင်လယ်၏ ဘယ်အကျယ်အဝန်းအဝိုင်းမှာ ကျွန်တော် ရောက်နေပါစေ ဒီအသံရှိရာ ကမ်းစပ်တစ်နေရာသို့ ရုတ်ခြည်း ရောက်သွားစေနိုင်သည့် ကျွန်တော်၏ 'ကြယ်ကလေး'။

ကောင်းကင်ပေါ်က ကြယ်ကလေးများကဲ့သို့ ရွှန်းတောက်သည့် မျက်ဝန်းကလေးများနှင့် မိန်းကလေးငယ်သည် ကျွန်တော် ချော့မြူရာအတိုင်း နွဲ့သက်လှဲ့လျူစွာ ကျွန်တော့်ရင်ခွင်တွင်းမှာ ငြိမ်သက်နေပြီ။ ညဦးလယ်ယံကျော်မှ ကျွန်တော်ရှိရာ ကမ်းခြေသို့ရောက်ရောက်လာတတ်သည့် ဒီမိန်းကလေးကို တွေ့စက ကျွန်တော် မုန်းခဲ့ဖူးသည်။ ကျွန်တော့်ရင်ခွင်ကို နှစ်သက်ပုံရှိပေမဲ့ ဟိုအဝေး ကောင်းကင်က ကြယ်ကလေးတစ်စင်းကိုသာ တိုင်

တည် စကားပြောတတ်... မိန်းကလေးကိုရော ကြ... ကလေးကိုပါ ကျွန်တော် ... ခဲ့ဖူးသည်။ အစွဲအလမ်းကြီး... ပုံရသော မိန်းကလေးငယ်... သည် ကြယ်ငယ်ခြောက်... ရံသည့် တစ်စင်းတည်းသော ကြယ်ကိုသာ ချစ်သူလည်း ဖြစ်သည်။ မြူများ ပိတ်ပိ... ကျတတ်သည့် တချို့ညခင်း တွေမှာ သူမ၏ ကြ... ကလေးကို မမြင်နိုင်သည့် အခါ သက်ပြင်းတိုးတိုးချ... ကျွန်တော့်ဆီမှာ အချိန်မကြာဘဲ သူမ ပြန်သွားတတ်သည်။

'ကြယ်ကလေးရေ... အလုပ်တွေများလို့ နင့်ဆီ မရောက်နိုင်တာ လ,ချီသွား လို့လား မသိဘူး ဒီနေ့ နင့်ကို မြင်ရတာ ပျော်လိုက်တာ'

ကျွန်တော် သူမကလေးကို ငေးကြည့်ရင်း ဝမ်းနည်း သွားသည်။ ဘယ်တော့များမှ သူမကို သတိရနေတတ်သည့် ကျွန်တော့်ကို 'ရေလှိုင်းကလေးရေ...နင့်ကိုလည်း သိပ်လွမ်းတာပဲ' လို့ မိန်းကလေး ပြောတတ်ပါ့မလဲ။ ကျွန်တော့်မှာတော့ မိန်းကလေးကို ပွေ့ဖက်ကြိုစယ်ချင်လွန်းလို့ ညဦးယံမှာ ထမြူးတတ်သည့် လေရိုင်းတွေကိုတောင် မိန်းကလေးနှင့် ဝေးရာကို တွန်းမပို့ဖို့ တောင်းပန်ထားရအောင် သူမကလေးကို ခင်တွယ်ရပါသည်။

'ဒါလင် အဝေးကြီးထိ မသွားနဲ့၊ ဟိုတစ်ခါလိုလည်း အိပ်ပျော်မသွားနဲ့နော် အန္တရာယ်များတယ်'

ကျွန်တော် စိတ်ပေါက်ပေါက်နှင့် မိန်းကလေးကို ရေပြင်ကျယ်ထဲ ဆွဲယူမိတာ

www.burmeseclassic.com

နှင့် ကမ်းစပ်ရေတိမ်မှာ ဆော့နေသည့် မိန်းကလေး၏ သူငယ်ချင်းတစ်ယောက်က လှမ်းအော်သည်။ ကျွန်တော့်ရင်ခွင်ကို သူ့အိပ်ရာအလားသက်သောင့်သက်သာ အိပ်စက်မျောပါနေသည့် မိန်းကလေးက သူငယ်ချင်းအသံကို ကောင်းစွာ မကြားပေမဲ့နားလည်ပုံဖြင့် လက်တစ်ဖက် မြှောက်ပြသည်။ ငါးယောက်စုပြီး လာတတ်သည့် မိန်းကလေးတို့ အဖွဲ့သည် ဘာသာစကားသုံးမျိုးဖြင့် အဆက်အသွယ်ပြုကြသည်။ စုံတွဲတစ်တွဲက တစ်ဘာသာပြောပြီး၊ ကျန်မိန်းကလေး နှစ်ယောက်က တစ်ဘာသာဖြင့် အချင်းချင်း ပြောတတ်ကြပြီး သူတို့အားလုံးနှင့် ကျွန်တော်၏ မိန်းကလေးက ဘုံဘာသာစကား တစ်ခုကို ပြောကြသည်။ ကျွန်တော့်ထံ ခိုဝင်နားဖူးသည့် လူတန်းစားပေါင်းစုံ အများဆုံး ဘုံပြောတတ်ကြသည့် အင်္ဂလိပ်စကားကို ကျွန်တော် သိပေမဲ့ ကျန်ဘာသာစကားများကို ဘယ်လိုခေါ်မှန်း ကျွန်တော် မသိပါ။ လူသားတွေဟူသည်က ကျွန်တော်တို့လို သဘာဝတရားများက ပေါက်ဖွားပေးခဲ့သူတွေဖြစ်၍ သူတို့စကားမှန်သမျှ နားလည်နိုင်သည့် စွမ်းအားအတွက်တော့ ကျွန်တော့်ဘဝကိုကျွန်တော် သိပ်ကျေနပ်ပါသည်။ ပထမတော့ကျွန်တော့်မိန်းကလေးငယ်ကို အင်္ဂလိပ်စကားပဲ ပြောသူလို့ ထင်ခဲ့သေးသည်။ မိန်းကလေးငယ်မှာလည်း ချစ်စရာကောင်းသည့် ကိုယ်ပိုင် ဘာသာစကားတစ်ခု ရှိမှန်း သူမ

ဖေဖေ
တိုက်နေတဲ့
အမှန်တရားကို
ဂုဏ်ယူစွာ
လက်ခံတဲ့
ငါက
အသက်မွေး
ဝမ်းကျောင်းခွင့်
အတွက်
ဖေဖေ့နာမည်
ဖျောက်ပစ်ရမယ့်
ကိုယ်ရေး
ရာဇဝင်တစ်ခုကို
ဖက်တွယ်
ရမယ့်အစား
ငါ့မွေးရပ်မြေကိုပဲ
စွန့်ခွာခဲ့တာ
အခုထိ
နောင်တ
မရပါဘူး
ကြယ်ကလေးရယ်

ကြယ်ကလေးသို့ တိုင်တည်ချိန်များမှာ ကျွန်တော် သိခွင့်ရခဲ့သည်။ စကားပြန်မပြောနိုင်သည့် ကြယ်ကလေး တစ်စင်းဆီမှာ မိန်းကလေးသည် ဘယ်သူနှင့်မျှပြောခွင့်မရသော သူမ၏ကိုယ်ပိုင်ဘာသာစကားနှင့် ပျော်ရွှင်ရယ်မောတတ်သည်။ တစ်ခါတစ်ရံ ဝမ်းနည်းငိုကြွေးတတ်သည်။ မိန်းကလေးကို စ,မြင်ဖူးစဉ်က ကမ်းခြေကို လာတတ်သည့်လူတွေကြားမှာ တွေ့ရခဲ့သည့်လှိုင်းစီးရင်း မကြောက်မရွံ့အိပ်ပျော်တတ်သည့် မိန်းကလေးတစ်ယောက်အဖြစ် ကျွန်တော် စိတ်ဝင်စားခဲ့သည်။ အမှောင်ယံ ရေပြင်ကျယ်မှာ ရေကူးလို့ မောသွားသည့်တိုင် ကောင်းကင်ကို တမေ့တမောငေးရင်း လှိုင်းစီးတတ်သည့် မိန်းကလေးသည် တကယ်ပင် ကျွန်တော့်ရင်ခွင်ထက် မကြောက်မရွံ့ အိပ်ပျော်တတ်သူ ဖြစ်သည်။ သူငယ်ချင်းကောင်းများ ဖြစ်ပုံရသော မိန်းကလေးငယ်၏အဖွဲ့သည် ကမ်းခြေမှာ ဆော့နည်းပေါင်းစုံနှင့် ဆော့နေသည့်တိုင် ရေပြင်ကျယ်မှာ အိပ်ပျော်တတ်သည့် မိန်းကလေးကိုလည်း သတိထား စောင့်ကြည့်သွားဆွဲတတ်ကြ၊ မြည်တွန်တောက်တီးတတ်ကြသည်။ သို့ကလို ထူးဆန်းသည့် ရေသရဲ မိန်းကလေးသည် အခုတော့ ကြယ်ကလေးရေ… ပုံပြင်နှင့်တစ်ဖန် ကျွန်တော့်ကို လုံးလုံးလျားလျား ဆွဲဆောင်နိုင်သူလည်း ဖြစ်လာသည်။

'ကြယ်ကလေးရေ… ဒီအချိန်ဆို ငါ့မေမေ နေထိုင်တဲ့ အရပ်မှာ ရောင်နီသန်းနေရောပေါ့၊ အဝေးရောက်သမီးကလေး ငါ့အတွက်နဲ့ ငါ့ဖေဖေအတွက် ဆုတောင်းမေတ္တာပို့တာ မပျက်ကွက်တတ်တဲ့ ငါ့မေမေရဲ့ ဘုရားဝတ်ပြုချိန်လေ။ အဲဒီ အမြင့်ကြီးကနေ နင်က ငါ့အစား ငါ့မေမေကို မြင်လို့ရရင် မြင်ကြည့်ပေးပါလား ကြယ်ကလေးရယ်။ ကမ္ဘာပေါ်မှာ အအေးချမ်းဆုံးဆိုတဲ့ စကားလုံးမျိုးကို ရှာတွေ့နိုင်စေတဲ့ ငါ့မေမေရဲ့ မျက်နှာကို နင်မြင်ခဲ့ရင် နင်လည်း မေမေ့ကို ချစ်မှာပဲ သိလား။ မေမေ့ကို တွေ့ချင်လိုက်တာ နင်သိလား အခု ငါ မေမေ့ကို အရမ်းလွမ်းတယ်'

မိန်းကလေးဆီက အမြဲကြားရနေကျ ဝမ်းနည်းသံလေး။ ကျွန်တော်သာ စကားပြန်ပြောနိုင်သည့် သူမ၏ ကြယ်ကလေးဆို ပြန်ပြောချင်မိသည်။

'နင့် မေမေသာ အန္တရာယ်များလှတဲ့ နင့်ဝါသနာ ဒီလို အပန်းဖြေနည်းကို သိရရင် အေးချမ်းနိုင်မယ် မထင်ဘူး'

'ဒါပေမဲ့ အခု ငါ ပင်လယ်ထဲမှာ နင်နဲ့အတူတူဆိုတာတော့ မေမေသိလို့ မဖြစ်ဘူး ကြယ်ကလေးရေ၊ သူသိရင် သိပ်စိတ်ပူမှာပဲ။ ငါ့မေမေက ငါ့ကို ညဘက် အပြင်မထွက်ဖို့တောင် တဖွဖွ မှာတတ်သူလေ'

ဟော…။ ကျွန်တော့် ရင်ထဲက အငေါ်တူးသံကို များ မိန်းကလေး ကြားသွားလေသလား။

'နင့်ကို ကြည့်ရတာ တစ်ခါတစ်ခါ ငါ့ကို သိပ်သနားနေသလိုပဲနော်၊ ဘာလို့ အရမ်းဝမ်းနည်းနေတဲ့ပုံ ဖြစ်ဖြစ်နေရတာလဲ ကြယ်ကလေးရယ်။ နင့်ဆီရောက်ရတဲ့ ဒီလိုအချိန်မျိုးမှာ အရာအားလုံးကို ငါမေ့ပြီး ရှင်သန်ရမယ့် မနက်ဖြန်တွေအတွက် သစ်လွင်တဲ့ အားတွေကို ပြန်မွေးချင်တယ်။ ငါပြောတာတွေ မှတ်ထားပြီး ငါနဲ့အတူ လိုက်လိုက် ဝမ်းမနည်းပါနဲ့ ကြယ်ကလေးရယ်။ အမှန်တော့ ငါက သိပ်ကံကောင်းသူပါ။ ငါ့ကို အရမ်းချစ်တဲ့ ဖေဖေနဲ့မေမေရှိတယ်။ ငါ့ကို

www.burmeseclassic.com

ဆို သိပ်အထင်ကြီးချစ်ခင်တဲ့ မောင်လေးနှစ်ယောက်ရှိတယ်။ လွန်ခဲ့တဲ့သုံးနှစ်ထိ ကံကောင်းခြင်းဆိုတာတွေ အပြည့်အဝ ငါရခဲ့ပြီးသားမို့ ဝမ်းနည်းစရာကောင်းတဲ့ ဒီအချိန်လေးတွေကို တော့ သည်းခံ ရမယ် မဟုတ်လား။ ကျေးဇူးပြုပြီး မေမေ့ကို နင် ရှာတွေ့ရင် ငါ့ကို သနားတဲ့အကြည့်တွေနဲ့မကြည့်မိပါစေနဲ့နော်။ ဖေဖေ့အတွက် သောကရောက်ရပြီးသား မေမေ့အတွက် တစ်မြေရပ်ခြားမှာ ပျော်ရွှင်တက်ကြွနေတဲ့ သမီးကလေးရဲ့ ပုံရိပ်တွေကိုပဲ နင့်ဆီကနေ မေမေ ရနိုင်ပါစေ ကြယ်ကလေးရယ်'

ကြယ်စင်လို ရွှန်းတောက်သည့် မိန်းကလေး၏ မျက်ဝန်းမှာ ပင်လယ်ရေနှင့် ရောနေသည့် မျက်ရည်တွေကို မြင်ရတော့ ကျွန်တော် ဝမ်းနည်းလာမိသည်။

'ကံကောင်းပါစေ မိန်းကလေးရယ်၊ ကြယ်ကလေးဆီက သစ်လွင်တဲ့အင်အားနဲ့နေ့ရက်တိုင်းမှာ ပျော်ရွှင်ပါစေကွယ်'

မိန်းကလေးအပေါ် သနားကြင်နာလှစွာ ခပ်တိုးတိုး ဆုတောင်းပြီး ပင်လယ်ရေထက် ပိုမွေးနေသည့် သူမ မျက်ရည်စတွေကို ကျွန်တော် တို့ခတ် ဖယ်ရှားပေးမိသည်။

'ကြယ်ကလေးရေ... ငါ့ဖေဖေကိုရော နင် ရှာနိုင်ပေးနိုင်မလားဟင်။ လေးဖက်လေးတန် အမှောင်ကျနေတဲ့တစ်နေရာမှာ သူ ယုံကြည်တဲ့ အမှန်တရားတစ်ခု၊ တရားမျှတမှုတစ်ခုအတွက် အသက်ရှင် နေထိုင်ရတဲ့ ငါ့ဖေဖေကိုရော နင် ရှာတွေ့နိုင်မလား၊ နင် ဝမ်းပန်းတနည်း ငုံကြည့်နေတဲ့ ဒီကမ္ဘာမှာ သိပ်ရှုံ့စရာကောင်းတဲ့ လူ့အဖွဲ့အစည်းတွေ ရှိနေတာ နင် သိရင် သွေးပျက်သွားနိုင်တယ်။ အမှန်တရားတစ်ခု သေချာရှိနေရက်နဲ့ လိုသလို ပြုထားတဲ့ ဥပဒေသောင်တန်းတွေနဲ့ လူတစ်ယောက်ရဲ့ဘဝကိုလည်း လွယ်လွယ်လေး ဖျက်ဆီးနိုင်ကြတယ်။ ငါ့လို လူငယ်တစ်ယောက်အတွက် အနာဂတ်ဆိုတာတောင် ရေရေရာရာ တည်ဆောက်ခွင့် မရအောင် စိတ်ဓာတ်ကိုပါ ဖျက်ဆီးနိုင်ကြတာလည်း နင် ယုံနိုင်မယ်တောင် မထင်ဘူး ကြယ်ကလေးရယ်။ ဖေဖေ တိုက်နေတဲ့ အမှန်တရားကို ဂုဏ်ယူစွာ လက်ခံတဲ့ငါက အသက်မွေးဝမ်းကျောင်းခွင့်အတွက် ဖေဖေ့နာမည် ဖျောက်ပစ်ရမယ့် ကိုယ်ရေးရာဇဝင်တစ်ခုကို ဖက်တွယ်ရမယ့်အစား ငါ့မွေးရပ်မြေကိုပဲ စွန့်ခွာခဲ့တာ အခုထိ နောင်တမရပါဘူး ကြယ်ကလေးရယ်။ မေမေ့ကို သိပ်လွမ်းတဲ့အခါ၊ ဖေဖေ့ဖို့ ဖြည်မဆည်နိုင်တဲ့အခါ၊ မောင်လေးတွေကို သိပ်အောက်မေ့လွမ်းတဲ့အခါ ငါ့အတွက် ဒီကမ်းခြေကလေးနဲ့ နင်ရှိနေသေးတာပဲ နော်'

> ကိုယ်ရေးရာဇဝင်အစစ်ကလေး ကိုင်ပြီး မေမေ့အိမ်ကို ပြန်ခွင့်မရတဲ့ မိန်းကလေး တစ်ယောက်အတွက် ဘယ်နေရာကများ ကံကောင်းစေနိုင်မှာတဲ့လဲ

လတ်တလော သူမ ဖြစ်တည်မှုမှာ ကျွန်တော့်ကို ဘယ်နေရာမှာမှ ထည့်မတွေးထားသည့် မိန်းကလေးငယ်သည် ရောင်နီသန်းစ အရုဏ်ဦးမှာ ကျွန်တော့်ရင်ခွင်ကို ခွာသွားသည်။

အခါများစွာက မေမေ့ကို လွမ်းလို့ဟုသာ ငိုကြွေးတတ်သည့် မိန်းကလေး၏ ဖခင်နှင့် ပတ်သက်သည့် နက်ရှိုင်းသော စိတ်ဒဏ်ရာကို ကျွန်တော် ရုတ်တရက် သိခွင့်ရခဲ့သည်။ အုပ်စုတွင်းမှာ သူမကို ဗဟိုပြု ပျော်ရွှင်စေအောင် သူငယ်ချင်းများနှင့် ရယ်မော စ,နောက်ရင်း ထွက်ခွာသွားသော မိန်းကလေးငယ်ကို ငေးရင်း ဒဏ်ရာဒဏ်ချက်များနှင့် တစ်ဖက်သော သူမမျက်နှာကို လှမ်းမြင်ရသည့်ကျွန်တော် စိတ်ထိခိုက်လှပါသည်။

'သိပ်ရှုံ့စရာကောင်းတဲ့ လူ့အဖွဲ့အစည်းတွေ'။ နာနာကျင်ကျင် မိန်းကလေးအသံကို ပြန်ကြားရတော့ ပြန်မငြင်းစားချင်အောင် ခါးသီးလှသည့် ကျွန်တော် မြင်တွေ့ခံစားခဲ့ရသည့် လူ့သမိုင်းတချို့ထဲမှ အဆိုးဝါးဆုံးတစ်နေ့ကို ပြန်မြင်ယောင်လာမိသည်။

❑

နေရောင်ခြည်တွေ အောက်သို့ အရှုးအမူး လိုက်ပါမြူးထူးခဲ့စဉ်က မမှတ်မိနိုင်တော့သော ကမ္ဘာ၏ တစ်နေရာရာများကို ကျွန်တော် ရောက်ခဲ့သည်။ ပင်လယ်ပျော် လင်းပိုင်များကို ပွဲတော်တစ်ခုပမာ အပျော်တမ်းသတ်ပွဲ ကျင်းပသည့် စက်ဆုပ်ဖွယ်ရာ သွေးရောင်လွှမ်း ကမ်းခြေတစ်ခုကို ကျွန်တော် မမေ့နိုင်ဖြစ်ခဲ့ဖူးသည်။ မျိုးနွယ်မတူ အားနည်းရာ သက်ရှိတွေကို အနိုင်ကျင့်ပျော်မြူးတတ်သည့် လူသားများ ကျင်လည်ရာ မြို့ပြကမ်းခြေများကို ကြောက်လန့်တကြား ရှောင်ရှားရင်း ဝေးလံခေါင်ဖျားသော ကျွန်းစုကမ်းခြေတစ်ခုမှာ ကျွန်တော် ခိုနားခဲ့ဖူးသည်။ ကျောဗလာနှင့်တံငါထင်းခုတ်ရင်း အသက်မွေးသည့် ရိုးတဲ့လူသားများနှင့် အတူ အေးချမ်းစွာ ကျွန်တော် ပျော်နေခဲ့ဖူးသည်။ ရေဝဲခွဲကလေးငယ်များစွာသည် ကျွန်တော့်ရင်ခွင်မှာ အချိန်ပြည့်နီးပါး ပျော်ခဲ့ကြသည်။ နေရောင်ခြည်များသောရာသီတစ်နေ့မှာ လက်နက်ကိုင် တပ်ဖွဲ့တစ်စု ကျွန်းသို့ ရောက်ရှိလာသည်။ ကျွန်းပေါ်ကျွန်းသားတွေ အားလုံးကို ကမ်းခြေမှာ စုဝေးစေပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်း၏ တောင်ဘက်မှာ သူတို့ ရှာတွေ့ခဲ့သည့် သို့ဝှက် လက်နက်များနှင့် ပတ်သက် သည့် ပြိုင်ဘက် လက်နက် ကိုင်အဖွဲ့၏ သတင်းကို မေး ခဲ့သည်။ လက်နက်ကိုင်ပြီး လက်နက်တွေအကြောင်း မေးသည့် ထိုတပ်စုကို ကျွန်း သားများနည်းတူ ကျွန်တော် သည်း နားမလည်နိုင်ခဲ့။ ရက်သတ္တပတ်အတန်ကြာ လက်နက်ကိုင်များ၏ ထိန်း ချုပ်မှုအောက်တွင် ကျွန်းသား တွေ ပုံမှန်အတိုင်း နေခဲ့ကြ သည်။ ကလေးများ၏ ဝဲစွဲ နာကို လက်နက်ကိုင်တချို့က ဆေးကုပေးရင်း ရွာသားများ ၏ ဆင်းရဲသော အစားအစာ များကို လက်နက်ကိုင်များက သေမျှစားရင်း ရယ်မောသံများ ကြားခဲ့ရသည်။ လေကြမ်း များတိုက်ခတ်သည့် အမှောင် တစ်ညတွင် ကျွန်တော်၏ ကမ်းခြေ၌ လက်နက်ကိုင် တပ်စု၏ ခေါင်းဆောင်နှစ်ဦး အချင်း များကြသည်။

'အခြေအနေမှန်ကို သိနေတယ်၊ ဒီလောက်သူတို့ ရိုးသားကြပြီး ဒီလက်နက် သတင်းနဲ့ လုံးဝ မဆက်စပ် နိုင်တာလဲ သိနေရက်နဲ့ ဒီအမိန့် ကို မနာခံနိုင်ဘူး'

တစ်ယောက်သော ခေါင်းဆောင်က သွေးဆုတ် ဖြူရော်သော မျက်နှာနှင့် ထို စကားကို တွင်တွင် ရွတ်ခဲ့ သည်။ အဓိပ္ပာယ် အပြည့်အဝ နားမလည်နိုင်ပေမဲ့ ညဉ့်ဦး ကတည်းက ထိတ်လန့်နေခဲ့ သော ကျွန်တော်သည် နောက် တစ်နေ့ နေဝင်ရီးရီမှာ ဘယ် တော့မှ မမေ့နိုင်သည့် အဖြစ် ဆိုးတစ်ခုနှင့် ကြုံခဲ့ရသည်။

ကလေးငယ်များအပါအဝင် ရာနှင့်ချီသည့် ကျွန်းသားများ သည် ပုံမှန် အစည်းအဝေး ထင်ပြီး ကမ်းခြေမှာ ပျော် ပျော်ရွှင်ရွှင် စုဝေးခဲ့ကြပေမဲ့ သူတို့အိမ်များဆီ ဘယ်သော အခါမှ မပြန်နိုင်ကြတော့ပေ။ စုပြုံမြှုပ်နှံထားသည့် သူတို့ ရုပ်အလောင်းများရှိရာ ကမ်း စပ်မှာ ကျွန်တော် မောပန်းနေ အောင် ငိုကြွေးခဲ့ရသည်။ အမိန့်၊ လက်နက်၊ ကျောမွဲ မျက်နှာများနှင့် မျိုးနွယ်တူ ချင်းထဲမှ သီးခြားကြောက် မက်ဖွယ် လူ့အဖွဲ့အစည်း တစ်ခုကို ကျွန်တော် ကြုံခဲ့ပြီး သည့်နောက် လူသားမျိုးနွယ် များရှိရာ ကမ်းခြေဒေသများ ကို ဆယ်စုနှစ်များ တော် တော်ကြာအောင် ကျွန်တော် စွန့်ခွာထွက်ပြေးခဲ့ဖူးသည်။

ကျွန်တော် မှန်းမျှော် ကြည့်နိုင်ရာ ပင်လယ်ရေပြာ ပြာကို လွန်သည့် သာယာ သော ကမ်းခြေများနှင့် အနား သတ်ထားသည့် သူတို့ လူ့ဘုံ တွင် ဘယ်လောက်ထိအောင် ရှုပ်ထွေးပွေလီသည့် လူ့အဖွဲ့ အစည်းများက လူအား၊ လက်နက်အားနှင့် ကြီးစိုးနေ ကြပါသလဲ၊ သာယာချိုလွင် သော ရယ်သံများနှင့် ပျော် မြူးတတ်သည့် ကျွန်တော့် မိန်းကလေးငယ်လို လူမမည် ဘယ်နှဦးသည် သူတို့ ရှင် သန်ရသည့် လူ့အဖွဲ့အစည်း ကို အရွယ်နှင့်မမျှ ခါးသီးစွာ နာကျင်စက်ဆုပ်တတ်ကြပြီလဲ ကျွန်တော် မသိတတ်နိုင်ပါ။ ❑

ကမ်းခြေ အလှဆင်မီး များနှင့် အပျော်စီး Cruise သင်္ဘောနှစ်စီးမှ အလှဆင် မီးရောင်စုံများကြား မီးလုံး ကလေး တက်ချိတ်ထားသလို အားယူလင်းလဲ့နေသည့် လပြည့်ညတစ်ညတွင် ကျွန်တော်၏ မိန်းကလေးငယ် သည် ကျွန်တော့်ကို သတိ တရ စကားပြောခဲ့ပါသည်။

'ဂျင်မဲလ်ရာ ရေလှိုင်း ကလေးရေ… ကြယ်ကလေး လို အပါမခေါ်သွားနိုင်မယ့် နင့်ကို ငါအမြဲ သတိရနေမှာ ပါ။ ကမ္ဘာအရပ်ရပ်က လူမျိုး ပေါင်းစုံ လူတန်းစားပေါင်းစုံ အတွက် သာတူညီမျှ ရှင်သန် ရပ်တည်ခွင့်ရခဲ့တဲ့ ဒီမြို့နဲ့ အတူတူ ငါခိုဝင် အိပ်စက်နေ ကျ ရေလှိုင်းကလေး၊ နင့်ကို လည်း အမြဲသတိရနေမှာပါ။ မရေရာ မသေချာတဲ့ ငါ့အနာ ဂတ် အလိုအရ ငါရောက် သွားမယ့် တစ်နေရာမှာ ငါ ချစ်တဲ့ ပင်လယ်ကြီး ရှိနေဖို့ လည်း မသေချာပါဘူး ရေ လှိုင်းကလေးရယ်။ တစ်နှစ် ပတ်လုံး ရေခဲနေတယ်ဆိုတဲ့ တစ်ပါးသူတို့ရဲ့ နေရာမှာ ပူနွေးတဲ့ နေရောင်ခြည်တွေရှိ တဲ့ ငါ့မေမေ့အိမ်ရှိရာ အရပ် ကို မှန်းမျှော်ရင်း ငါသွားရဦး မယ်။ ကံသိပ်ကောင်းလို့ ရတယ်ဆိုတဲ့ တစ်ပါးမြေဆီ နေထိုင်ခွင့် အခွင့်အရေးကို ငါ ကတော့ အခု ဟားတိုက်ပြီး တောင် ရယ်ချင်နေတယ် ရေ လှိုင်းကလေးရယ်။ ကိုယ်ရေး ရာဇဝင် အစစ်ကလေး ကိုင် ပြီး မေမေ့အိမ်ကို ပြန်ခွင့်မရ တဲ့ မိန်းကလေးတစ်ယောက် အတွက် ဘယ်နေရာကများ ကံကောင်းစေနိုင်မှာတဲ့လဲ။ ဒါပေမဲ့ ဖေဖေရဲ့ အမှန်တရား ကို ဖြေဆည်ဖို့ မေမေလိုတဲ့ ငွေအသပြာအတွက်ရယ်၊ သိပ်ငယ်သေးတဲ့ မောင်လေး နှစ်ယောက်ကို ကိုယ့်လို စိတ် ဒဏ်ရာနဲ့ မရှင်သန်စေဖို့ရယ် ဆို ပိုကောင်းမယ့် တစ်နေရာ ကို သိပ်ကြဲ့ခိုင်တဲ့ မိန်းက လေး ငါက သွားရမှာပေါ့။ နှုတ်ဆက်ခဲ့ပါတယ် ရေလှိုင်း ကလေးရယ်'

အို…မိန်းကလေး ကျွန်တော့်ကို နှုတ်ဆက် နေတာပဲ။ တော်တော်ဆိုး သည့် ကျွန်တော့် ကံအတိုင်း ပင် အလွန်အမင်း မျှော်လင့် မိသည့် သူမကလေး စကား စ,ပြောသောနေ့က တစ်ကြိမ် တည်းသော နှုတ်ဆက်စကား ဆိုသည့်နေ့ ဖြစ်နေခဲ့ပြီ။ သူမ ကလေး အဝေးကို သွားပေ ဦးတော့မည်။

'ကြံ့ခိုင်တယ်'လို့ ကိုယ့် ကိုယ်ကို ပြောနေသော မိန်း ကလေး၏ တုန်ခတ်နေသည့် ပါးပြင်ပေါ်က မျက်ရည်စ တွေကို ကြင်နာသနားလှစွာ ကျွန်တော် တို့ခတ်ဖယ်ရှား ပေးနေမိသည်။

မငိုပါနဲ့ မိန်းကလေး ရယ်။ တစ်နေရာရာက မင်း မျှော်ကြည့်နေမယ့် မင်းရဲ့ ခုနစ်စင်းမြောက် ကြယ် ကလေးကို မင်းအမှတ်နဲ့ မျှော် ကြည့်ပြီး ရေလှိုင်းကလေး ငါက ဆုတောင်းပေးနေပါ့ မယ်။

ပူနွေးတဲ့ နေရောင်ခြည် တွေရှိရာ မိန်းကလေးရဲ့ မေမေ့အိမ်ကို ကိုယ်ရေးရာဇ ဝင် အစစ်ကလေးနဲ့အတူ ပျော် သန်းနိုင်မယ့်နေ့ရက်တွေ အမြန် ဆုံး ပိုင်ဆိုင်နိုင်ပါစေကွယ်။

နှုတ်ဆက်လိုက်ပါ တယ် ကြယ်ကလေးရယ်။

■ ဆေးဆေ



www.burmeseclassic.com

www.burmeseclassic.com



၁။

စင်စစ်၌ ဦးအောင်ကြီးအဖို့
ယနေ့ နံနက်ပိုင်းတုန်းက
စွယ်တော် လက်ဖက်ရည်ဆိုင်သို့
သွားထိုင်မိတာကိုက ပြဿနာ
ဖြစ်ချေတော့သည်ဟု ဆိုရမလို
ဖြစ်နေသည်။ ဒါလည်း
မဆိုင်လှပါဘူးလေ။ စွယ်တော်
လက်ဖက်ရည်ဆိုင်က ဦးအောင်ကြီး
ထိုင်နေကျဆိုင်ပဲ။ ဒီကနေ့ကျမှ ထူးထူးခြားခြား
လုပ်ပြီး သွားထိုင်တာမျိုး မဟုတ်။
အဲ...။ ထူးခြားသွားတာက ဒီနေ့မှာမှ
ဦးအောင်ကြီး လက်ဖက်ရည်ဆိုင်မှာ
ထိုင်နေတုန်း တိုက်တိုက်ဆိုင်ဆိုင်
ရောက်ရှိလာသော ဒေါ်ခင်ဌေးနှင့်
တွေ့ဆုံခဲ့ရခြင်း ဖြစ်သည်။ ဒေါ်ခင်ဌေးသည်
ဦးအောင်ကြီး၏မိတ်ဆွေ ဦးဘသော်၏ညီမ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

> **ဦးအောင်ကြီး တို့ကတော့ မပြောနဲ့ မျိုးနဲ့ရိုးနဲ့ လင်နောက် လိုက်ပြေးတဲ့ အမျိုး သမီးသုံးယောက် ရှိတာ တစ်ယောက်မှ လူကြီးစုံရာနဲ့ နားဖောက် ကြောင်းလမ်းပြီး မင်္ဂလာပွဲ လုပ်လိုက်ရတယ် မရှိဘူး အားကျမခံ လိုက်ပြေးတဲ့ သူချည်းပဲ**

အပျိုကြီးဖြစ်သည်။ မြောက်ပိုင်းက စိန်ပန်းမြိုင်ရပ်ကွက်မှာ နေကြ၏။ အင်မတန်အပေါက်အစများပြီး စပ်စပ်စုစု နိုင်လှသည့်အပြင် ရသမျှသတင်းတိုထွာတို့ကို နာရီမဆိုင်းဘဲ ဖြန့်ချိနိုင်စွမ်းရည်ရှိသောကြောင့် စိန်ပန်းမြိုင်၏ ဘီဘီစီ၊ အာရ်အက်ဖ်အေ ဟူသော ဘွဲ့ထူးကို ရရှိထားသူဖြစ်သည်။

မနက်က အချိန်မှန် ထုံးစံအတိုင်း ဦးအောင်ကြီး စွယ်တော် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း ဒေါ်ခင်ဌေး ဖြန်းခနဲ မမျှော်လင့်ဘဲ တိုက်ဆိုင်စွာ ရောက်ရှိလာသည်။ နှုတ်သွက်၊ လျှာသွက်၊ အာသွက်ရှိသော ဒေါ်ခင်ဌေးကပင် စားပွဲအနားသို့ လျှောက်လာကာ စတင် နှုတ်ဆက်သည်။

'ဟော ကိုအောင်ကြီး ပါလား၊ လက်ဖက်ရည် လာသောက်သလား'

'ဒီအချိန်က ထိုင်နေကျပါပဲဗျာ၊ လာလေ ကြုံတုန်း လက်ဖက်ရည် သောက်သွားပါဦး။ ခင်ဗျား အစ်ကို ကိုဘသော် တစ်ယောက် ကောနေထိုင်ကောင်းရဲ့လား။ ကျုပ်တောင် ခင်ဗျားတို့ စိန်ပန်းမြိုင်ဘက် မရောက်တာ ကြာလို့ ကိုဘသော်နဲ့ မဆုံဖြစ်ဘူး'

ဦးအောင်ကြီးက ပြန်ပြောလိုက်သောအခါ ဒေါ်ခင်ဌေးက 'ဩော်၊ ဘာမှ မသိသေးဘဲကိုး။ ပြောလိုက်ရသေးသပေါ့' ဆိုသော မျက်နှာထားမျိုးဖြင့်...

'တော်ပါပြီရှင် မသောက်တော့ပါဘူး။ ဒါပေမဲ့ ကြုံတုန်း ကိုအောင်ကြီးကို ပြောရဦးမယ်၊ ရှင့်လူ အစ်ကိုဘသော် အကြောင်း ဘာမှမသိသေးဘူးနဲ့ တူတယ်'

'မဆုံဖြစ်တာ ကြာပါပြီဆိုမှဗျာ၊ သိတဲ့အတိုင်းပဲ ကျုပ်က ခင်ဗျားတို့ စိန်ပန်းမြိုင် ရပ်ကွက်ကို အတတ်နိုင်ဆုံး ရှောင်တယ်ဗျ။ သေရေးရှင်ရေးလောက် အရေးကြီးတဲ့ကိစ္စ မပေါ်ရင် ဘယ်တော့မှ ခြေဦးမလှည့်ဘူးလို့ ဆုံးဖြတ်ထားတဲ့ကောင်ရယ်'

ဒီတော့ ဒေါ်ခင်ဌေးက ပြုံးလိုက်၏။

'သိပါတယ် ကိုအောင်ကြီးရယ်၊ သိပါတယ်။ ရှင့်သမီးကြီး တင်တင်ထား အတွက်ကြောင့် မဟုတ်လား။ ဒါကြောင့် ကျွန်မတို့ စိန်ပန်းမြိုင်ရပ်ကွက်ကို တမင် ရှောင်တယ်ဆိုတာ တစ်ရပ်လုံး သိကြပြီးသားပါ'

ထိုအခါ ဦးအောင်ကြီး၏ မျက်နှာကြီး နီမြန်းလာပြီးနောက် ကျွဲမြီးတိုလာသောလေသံဖြင့် ပြောလေသည်။

'တော်ပါ မခင်ဌေးရယ် အဟောင်းတွေ အသစ်ဖြစ်ဖြစ်လာလွန်းလို့ မပြောစမ်းပါနဲ့တော့ဗျာ။ တင်တင်ထားအကြောင်း ကြားရရင် ကျုပ်စိတ်တွေ တိုတိုလာတယ်၊ ခင်ဗျားအစ်ကို ကိုဘသော်အကြောင်းသာ ပြောတော့။ ကိုဘသော် ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲရှင့် ကိုယ့်အသက်အရွယ်ကြီးနဲ့ ဆင်ခြင်ပါဆိုတာ ပြောမရဘူးလေ၊ ဆိုင်ကယ်ပေါ် ရောက်ရင် သူ့ကိုယ်သူ ဂျက်လေယာဉ် ပိုင်းလော့ထင်တော့တာ။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့တုန်းက ဈေးထောင့်မှာ ဆိုင်ကယ်ချင်း ပွတ်မိကြလို့ ဆေးရုံ ရောက်သွားပါရောလား'

'ဟောဗျာ၊ ဖြစ်မှဖြစ်ရလေ။ ထိခိုက်ဒဏ်ရာတွေ တော်တော် ရသွားသလား'

ဦးအောင်ကြီးက စိုးရိမ်တကြီး မေး၏။

'ဟင့်အင်း၊ တော်ပါသေးတယ်၊ ကျိုးတာပဲ့တာရယ်အထိတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ အပေါ်ယံပိုင်းတွေတော့ စုတ်ပြတ် ပွန်းရှ ဒဏ်ရာတွေ မွလို့ပဲ။ ဒါနဲ့ ဆေးရုံတက်ရတာ အခုတော့ သက်သာနေပါပြီ။ နောက် ၂ ရက်လောက်ရှိရင် ဆေးရုံက ဆင်းခွင့် ရတော့မှာပါ။ အဲဒါ သူဆေးရုံက ဆင်းတဲ့နေ့မှာ ဆရာဝန်ကြီးနဲ့ ဆေးရုံက ဆရာမတွေ၊ ဝန်ထမ်းတွေကို လက်ဖက်ရည်ပွဲကလေးနဲ့ နှုတ်ဆက်ပွဲ လုပ်ချင်လို့ ကိတ်မုန့်ကောင်းကောင်း ကြိုဝယ်ထားစမ်း ဆိုတာနဲ့ ကျွန်မ ဒီဆိုင်ကို လာစုံစမ်းတာ။ ဒီလက်ဖက်ရည်ဆိုင်က ကိတ်မုန့် အမျိုးအမည် စုံစုံလင်လင် ရတယ်မဟုတ်လား'

မှန်သည်။ စွယ်တော်လက်ဖက်ရည်ဆိုင်က မုန့်အမျိုးအမည် အတော်များများ ဆိုင်တင်ရောင်းချသည်။ နာမည်ကျော်များ ဖြစ်ကြသော ရွှေပုစွန်တို့၊ ငွတ်မောနင်းတို့၊ မန္တလေး မြင့်မြင့်ခင် ဘီစကွတ်တို့မှအစ စုံစုံလင်လင် ရရှိနိုင်သည်။

'ဩော်...ဒါကြောင့် ခင်ဗျား ဒီဆိုင်ကို ရောက်လာတာကိုး။ အင်း...ခုလို တွေ့ရ သိရတော့လည်း တစ်မျိုးကောင်းတာပေါ့လေ။ ကျုပ်လည်း ညနေပိုင်းလောက် ဖြစ်ဖြစ် ဆေးရုံကို သတင်းမေး လာခဲ့ပါဦးမယ်။ ကိုဘသော်ကိုလည်း ပြောလိုက်ပါ၊ သူ့သတင်းကို ခင်ဗျားနဲ့ တွေ့လို့ ပြောပြမှပဲ ကျုပ် သိရတာဆိုတဲ့အကြောင်း'

'စိတ်ချပါ ပြောလိုက်ပါ့မယ်။ ဆေးရုံကို လာခဲ့မယ်ဆိုတော့ ကောင်းတာပေါ့၊ ကိုအောင်ကြီးအနေနဲ့ တစ်လက်စတည်းနဲ့ ကိစ္စနှစ်ခု ပြီးသွားမှာပေါ့'

ဒေါ်ခင်ဌေး၏ စကားကို ဦးအောင်ကြီး နားမလည်လိုက်။ ထို့ကြောင့် မျက်မှောင်ကြုတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

'ဘာလဲဗျ၊ တစ်လက်စတည်းနဲ့ ကိစ္စနှစ်ခု ပြီးသွားမယ်ဆိုတာက။ အဲဒီစကားကို နားမရှင်းဘူး'

ဒီတော့မှ ဒေါ်ခင်ဌေးက ပါးစုန့်ကြီးနှစ်ဖက် လှုပ်သွားအောင် မိန့်မိန့်ကြီး ပြုံးလိုက်ကာ တစ်ချိန်လုံးက သိုဝှက်ထားခဲ့သော နောက်ဆုံး သတင်းထူးကြီးကို ဖြန့်ချလိုက်လေသည်။ ဒေါ်ခင်ဌေး၏ အမူအရာမှာ အပြတ်အသတ် အနိုင်ရမည့် ဝှက်ဖဲတစ်ချပ်ကို ဝိုင်းသိမ်းချိန်တွင်မှ ချပြလိုက်ပြီး တစ်ဝိုင်းလုံး ရှိသမျှ လောင်းကြေးငွေတွေကို သိမ်းကျုံးယူလိုက်သော ဖဲသမားနှယ် ရှိတော့၏။

'ဒီလိုပါ ကိုအောင်ကြီးရဲ့၊ ရှင်က အစ်ကိုဘသော်ကို လူနာသတင်းမေး မလာရင်လည်း တခြားအကြောင်း တစ်ခုနဲ့ ဆေးရုံကို လာရမှာပဲရှင့်။ တခြားကြောင့် မဟုတ်ဘူး၊ ဆေးရုံမှာ ရှင့်သမီးကြီး တင်တင်ထားလည်း ရောက်နေတယ်လေ'

'ဗျာ...'

ဦးအောင်ကြီး အံ့အားသင့်သွား၏။ ဒေါ်ခင်ဌေးက ဆက်ပြော၏။

'ဟုတ်တယ်၊ အခုပဲ ကျွန်မ ဆေးရုံက ထွက်လာတော့ တင်တင်ထားက မွေးလူနာအဖြစ် ဆေးရုံကို ရောက်လာတယ်။ မွေးခန်းထဲကို တန်းချင်း သွင်းသွားကြတယ်။ အိုကျို ဆရာဝန်မကြီးကို မေးလိုက်တော့ အခုပဲ မွေးတော့မယ်တဲ့။ ခုလောက်ဆိုရင် မွေးတောင် မွေးပြီးလောက်ရောပေါ့။ ဒီနေ့မွေးမယ့် ကလေးဟာ ရှင့်အဖို့တော့ ပထမဆုံး မြေးဦးကလေး မဟုတ်ဘူးလား။ ဟင်းဟင်းဟင်း၊ သားအချစ် မြေးအနှစ်တဲ့ရှင့်။ သမီးကြီးဖြစ်တဲ့ တင်တင်ထားကို ရှင် ဘယ်လောက် စိတ်ဆိုးပြီး မခေါ်မပြောဘဲ ပစ်ထားထား၊ 'အနှစ်'ဖြစ်တဲ့ မြေးဦးကလေးကိုတော့ ရှင် သွားကြည့်သင့်တာပေါ့။ ဒါကြောင့် ဆေးရုံကို လာခဲ့ရင် တစ်လက်စတည်းနဲ့ ကိစ္စနှစ်ခု ပြီးသွားမှာလို့ ပြောတာပါ။ ကဲ ကျွန်မလည်း သွားဦးမယ်။ ဘယ်ကိတ်မုန့်က ဘယ်ဈေးနှုန်းဆိုတာတွေ မေးမြန်းမှတ်သားပြီး အစ်ကိုဘသော်ကို ပြန်ပြောရဦးမှာမို့ပါ'

'သြော်...ဟုတ်ကဲ့ပါဗျာ၊ ကောင်းပါပြီ ကောင်းပါပြီ'

ဒေါ်ခင်ဌေးက ဆိုင်ကောင်တာခုံတွင် ထိုင်နေသော ဆိုင်ရှင်ထံသို့ လှမ်းထွက်သွားတော့၏။ စားပွဲတွင် ငိုင်တွေ၍ ကျန်ရစ်ခဲ့သော ဦးအောင်ကြီးအဖို့မူ နောက်ဆက်တွဲ ရလိုက်သော သတင်းကြောင့် ဝမ်းသာရမလိုလို၊ စိတ်တိုဒေါသ ထွက်ရမလိုလို မအီမလည်ကြီး ဖြစ်၍ ဦးနှောက်ချာလပတ်ယမ်း နေခဲ့လေတော့သည်။

❑

၂။

လက်ဖက်ရည်ဆိုင်မှ ပြန်လာကတည်းက ဦးအောင်ကြီးမှာ ဂနာမငြိမ်၊ ဣန္ဒြေမရ ဖြစ်နေသည်။ အလုပ်လုပ်ရတာလည်း စိတ်မဖြောင့်။ ဦးအောင်ကြီးမှာ 'အောင်သစ္စာ'ဟူသော ကိုယ်ပိုင် ရွှေဆိုင်နှင့် ရွှေပန်းထိမ်လုပ်ငန်း ရှိသည်။ ကိုယ်တိုင်ကလည်း အပ်ထည်မျိုးစုံကို လက်ခံကာ လုပ်ကိုင်ပေးနိုင်သော ပန်းထိမ်ပညာရှင် ဖြစ်သည်။ သူ၏ 'ဖို'မှာ လက်ရာသန့်သဖြင့် လည်းကောင်း၊ 'အလျော့တွက်'၊ 'လက်ခ' တို့ သင့်တင့်သောနှုန်းထား ရှိသဖြင့်လည်းကောင်း၊ ရွှေအရည်တွင်လည်း အရောအနှော နည်းပါးသော'အရည်မီ'များကို အာမခံချက် ပေးထားသဖြင့် လည်းကောင်း လုပ်ငန်းတွင်ကျယ်သည်။ တပည့် ဖိုသား ဆယ်ဦးခန့်ဖြင့် မနားရအောင် လုပ်ကိုင်ရသော နာမည်ရ ပန်းထိမ်ဖို တစ်ခု ဖြစ်၍ စီးပွားရေး ချောင်လည်ကြသည်။

ရွှေဆိုင်ဆိုတာကတော့ တစ်နိုင်တစ်ပိုင်မျှသာပေါ့။ ရန်ကုန်၊ မန္တလေးတို့မှ ရွှေဆိုင်ကြီးတွေလို ဈေးဆိုင်ကြီးမျိုး မဟုတ်ပါ။ ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်၊ ဆွဲသီး၊ နားတောင်း၊ ဟမ်းချိမ်း အစ ရှိသဖြင့် အမည်စုံအောင် မှန် ကောင်တာ ခုံကလေးထဲ ထည့်ထားသည် ဆိုသော်လည်း များများစားစား မဟုတ်။ ပစ္စည်းတစ်မည်လျှင် သုံး၊လေး၊ငါးရန် ဆိုတာလောက်ပဲ ဖြစ်သည်။ မည်သို့ဆိုစေ မြို့ကလေးမှာတော့ သူ့အရပ်နှင့် သူ့ဇာတ် ဆိုသလို နာမည်ရသော ရွှေပန်းထိမ်နှင့် ရွှေဆိုင်ဟု ဆိုနိုင်ပေသည်။

ဦးအောင်ကြီးမှာ ယနေ့အဖို့မူ အိမ်ပြန်ရောက်၍ အလုပ်ခွင်ထဲ ဝင်ခဲ့သည့်တိုင် အလုပ်ထဲသို့ စိတ်မဝင်စားနိုင်ဘဲ ကယောက်ကယက် ဖြစ်နေသည်။ ရွှေကြိုးကလေး နန်းဆွဲတာတောင် မဖြောင့်နိုင်ဘဲ အလွဲလွဲ အချော်ချော် ဖြစ်နေသဖြင့် စိတ်တွေတိုနေ၏။ အခြားကြောင့် မဟုတ်။ ဒေါ်ခင်ဌေး ပြောလိုက်သည့် သူ့သမီးကြီး တင်တင်ထား၏ သတင်းကြောင့် ဖြစ်သည်။

ကြည့်စမ်း...။ သင်းက ဒီကနေ့ ဆေးရုံတက်ပြီး သားဦးကလေးမွေးသည် ဆိုပါကလား။ ထို သားဦးကလေးသည် သူ့အဖို့မူ မြေးဦးကလေးပင် ဖြစ်သည်။ မခေါ်ချင်လျှင်သာ နေလို့ရမည်။ မတော်ချင်လို့ မရသည့် သွေးမျိုးဆက်သစ် ဖြစ်သည်။ ထို'မြေး'ဆိုသော အသိက ဦးအောင်ကြီးကို ဖိအားပေးနေ၍ စိတ်တွေ လှုပ်ရှားနေရခြင်း ဖြစ်၏။ ထိုသတင်းကို ဦးအောင်ကြီး ရင်ထဲ မျိုသိပ်ထား၏။ မိန်းမကိုသာ ဖွင့်ပြောလိုက်လျှင် မိန်းမက ဆေးရုံသို့ ကဆုန်ပေါက်ပြေးမှာ သေချာ၏။ ထို့ကြောင့် လုံးဝ မဖွင့်ဟဘဲ သတင်း အမှောင်ချထားခြင်း ဖြစ်သည်။ ဒါကလည်း တင်တင်ထားကို အငြိုးမပြေနိုင်သောကြောင့်ပင်။

ဦးအောင်ကြီးတွင် သမီးသုံးယောက် ရှိသည်။ ယခု တင်တင်ထားက အကြီးဆုံးဖြစ်သည်။ သမီး သုံးယောက်လုံးပင် ပညာရေးဘက်၌ အတော်ကြီး မဟုတ်သည့်တိုင် အသုံးကြီးစားရင်းကတော့ လွတ်သည်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်ကြသည်။ သို့ရာတွင် မျက်စိ



www.burmeseclassic.com

www.burmeseclassic.com

အောက်က အပျောက်မခံလို သောကြောင့် မိဝေးဖဝေး ခွဲခွာ၍ ဘယ်ကောလိပ် ကျောင်းမှ မပို့ဘဲ စာပေး စာယူနှင့်သာ ဆက်တက်စေခဲ့ သည်။ အဲဒါကို အကြီးဆုံး ဖြစ်သော တင်တင်ထားက နောက်ဆုံးနှစ်လည်း ဖြေပြီး ရော ဘာမပြော ညာမပြောနဲ့ လင်နောက် လိုက်ပြေး၏။ လင်က တခြားကမဟုတ်။ ဦးအောင်ကြီး၏ ဖိုထဲမှ ဖို လုပ်သား တပည့်တွေထဲက မောင်ပုဖြစ်နေသည်။ စိန်ပန်း မြိုင် ရပ်ကွက်သား ဖြစ်၏။

မောင်ပုသည် အလုပ် အကိုင်တွင် မဆိုးလှသော် လည်း ညနေတိုင်လျှင် ဘီအီး ဆိုင် ပုံမှန်ထိုင်တတ်သူဖြစ်၍ ဦးအောင်ကြီးက မကြိုက်။ ဦးအောင်ကြီးက ဆုံးမသော် လည်း ပြန်မပြောနားမထောင် ထဲကဖြစ်၏။ ဆရာ ဘာပြော နေနေ ညနေတိုင်၍ အလုပ် က ပြန်သည်နှင့် သူ့အိမ်သို့ တန်းမပြန်ဘဲ ဘီအီးဆိုင်သို့ တစ်ကြိုးတည်း ပြေးကာ အဲဒီ ကနေအတော်ကလေး 'ထွေ' ပြီဆိုမှ အိမ်ပြန်သူဖြစ်သည်။ ထိုမောင်ပုနှင့် လိုက်ပြေး သည့်အတွက် ဦးအောင်ကြီး ဒေါသူပုန်ထ,သည်။ ရှက် လည်း ရှက်သည်။ မောင်ပု တို့ဘက်က လူကြီးတွေ ရောက်လာကြကာ ပြေရာ ပြေကြောင်း ညှိနှိုင်းစေ့စပ် ကြသည်ကို လက်မခံ။ ယောကျ်ားလေးဘက်က သူ့တို့အစီအစဉ်နှင့် သူတို့ မင်္ဂလာဆောင်ကြ၏။ ဦးအောင်ကြီးက မင်္ဂလာဆောင် ကို သွားဖို့ဝေးလို့ သူ့ကို လာ ကန်တော့တာတောင် အကန်

> ဦးအောင်ကြီး၏
> နားထဲတွင်
> နံနက်စောစောတိုင်း
> တီဗွီမှ
> ကြားရလေ့ရှိသည့်
> *'တို့ဘိုးဘွား*
> *အမွေအနှစ်မို့*
> *ချစ်မြတ်နိုးပေ'*
> ဆိုသော
> သီချင်းသံကိုသာ
> ကွက်၍
> ကြားယောင်
> လာမိလေသည်
> ဘယ့်နှယ်
> ကိုယ့်မိန်းမ
> အရင်းခေါက်ခေါက်
> ကြီးက
> 'ဘမျိုးဘိုးတူ'
> တာလို့
> ဆိုနေတဲ့
> နောက်မှတော့
> . . .

တော့ မခံဘဲ ရှောင်နေလိုက် ၏။ သူ့မိန်းမတစ်ယောက် တည်းပဲ မိဘ ကန်တော့ခံ အဖြစ် ပွဲသိမ်းခဲ့ရ၏။ ဒီက တည်းက စိန်ပန်းမြိုင် ရပ် ကွက်ဘက်သို့ ဦးအောင်ကြီး ခြေဦးမလှည့်တော့ဘဲ ရှောင် ခဲ့ခြင်း ဖြစ်သည်။

'ဦးအောင်ကြီးက တော်တော်ကို ဒေါသထွက် တာ၊ မင်္ဂလာဆောင်ပြီး လာ ကန်တော့တာတောင် လက်ခံ တာ မဟုတ်ဘူး'ဟု မြို့ ကလေးမှာ နာမည်ကြီးသွားခဲ့ ၏။ အဲဒီနောက် ဘာကြာ လိုက်လို့တုံး။ တတိယနှစ်နှင့် ဒုတိယနှစ်များသို့ ရောက်နေ ကြပြီဖြစ်သော သမီးလတ် နှင့် သမီးငယ်တို့ကလည်း 'ကောက်ကာငင်ကာ'နှင့် 'ဆိုင်းမဆင့် ဗုံမဆင့်' လင် နောက် လိုက်ပြေးကြပြန်သည် မှာ နှစ်လလားကွာသည်။ သူ့တပည့် ဖိုလုပ်သားတွေ နှင့်ချည်း ဖြစ်၏။ ထိုနှစ် ယောက်လုံးကလည်း မောင်ပုနှင့် ပုလင်းတူ ဘူးဆို့ တွေချည်း ဖြစ်ကြကုန်၏။ မောင်ပုက ဆရာကြီး လုပ်ပြီး မြှောက်ပေးခဲ့သဖြင့် မောင်ပု ၏ ခြေရာကို နင်းခဲ့ကြခြင်း ဖြစ်ကြောင်း သိရ၏။

ဦးအောင်ကြီး ခေါင်း မဖော်နိုင်။ တစ်ယောက် တည်းလည်း မဟုတ်။ တစ် ခါတည်းလည်း မဟုတ်။ သမီး ၃ ယောက် ရှိပါသည်။ ၃ ယောက်လုံးက တစ်ပုံစံ တည်းဖြစ်နေကြသောကြောင့် အရှက်ကွဲပြီး ရင်ကွဲနေ သည်။ ရှေ့ကတစ်ယောက် ကို ဒေါသထွက်လို့ မဆုံး သေးခင် နောက်တစ်ယောက် က 'မြွေပူရာ ကင်းမှောင့်'ပြန် သည်။ ဒုတိယမွှဲ ဒေါပွနေ တုန်းရှိသေး၊ တတိယမွှဲ 'ဘူး လေးရာ ဖရုံဆင့်'ပြန်၏။ ရပ် ကွက်ထဲမှာ 'ဦးအောင်ကြီးတို့ ကတော့ မပြောနဲ့၊ မျိုးနဲ့ရိုးနဲ့ လင်နောက်လိုက်ပြေးတဲ့ အမျိုး။ သမီးသုံးယောက် ရှိတာ တစ်ယောက်မှ လူကြီး စုံရာနဲ့ နားဖောက်ကြောင်း လမ်းပြီး မင်္ဂလာပွဲလုပ်လိုက် ရတယ် မရှိဘူး။ အားကျမခံ လိုက်ပြေးတဲ့သူချည်းပဲ'ဟု လူရယ်စရာ ပြောစရာကြီး ဖြစ်နေ၏။ ဒါသည် တင် တင်ထား မကောင်းလို့ ဖြစ် သည်။ သူက အစ်မအကြီး ဆုံးဖြစ်လျက်နှင့် ရှေ့ဆောင် နွားလား ဖြောင့်ဖြောင့် မသွား ခဲ့ဘဲ အောက်က အငယ်နှစ် ယောက်ကိုပါ နည်းပေးလမ်း ပြလုပ်သွားသည့် အစ တရားခံဖြစ်သည်ဟု ... လေတိုင်း တနုံ့နုံ့ဖြစ် ... ဘယ်သမီးကိုမှ အဆက်အ... မလုပ်တော့ဘဲ ပစ်ထား... တာ ဖြစ်သည်။

ကြည့်စမ်း၊ အခု... အကြီးမ တင်တင်ထား... ယနေ့ ဆေးရုံမှာ သား... ကလေးမွေးပြီဟူ၏။ သူ... အတွက်တော့ မြေးဦးက... ပါကလား။ ငါနဲ့တူရင်... ဖြူဖြူခုံ့ခုံ့ကြီး ဖြစ်မှာပဲ... ခဏခဏ အတွေးဝင်... ဒီလိုနှင့် မည်မည်ရရ ဘာ... မလုပ်နိုင်တော့ဘဲ ည... စောင်းသွားသည်။

'ငါ ဆေးရုံကို သွား... လိုက်ဦးမယ်ဟေ့၊ ငါ့လူကို... သော် ဆိုင်ကယ်ချင်း ပွတ်... ကြလို့ တစ်ကိုယ်လုံး ဒဏ်ရာ... တွေရပြီး ဆေးရုံရောက်... တယ်ဆိုပဲ။ မနက်ကမှ သိ... တာ'

ညနေဘက် ရေ ချိုး... တော့ ဦးအောင်ကြီး... ဆိုင်ကယ်ကလေး ဆွဲထုတ်... ရင်းက မိန်းမကိုပြော၏။ ... ကနေ ဆေးရုံကိုသာ ထွက်... လာခဲ့သည်။ သူ့မိတ်ဆွေ... ကိုဘသော်ဆီကိုလား၊ ... ဦးကလေး ကြည့်ချင်... လား၊ နှစ်ခုလုံးကြောင့်ပဲ... ဆိုတာ သူ့ကိုယ်သူ သိ... မသေချာချေ။

❑

၃။

'ကျုပ်က အတော်...



www.burmeseclassic.com

www.burmeseclassic.com

ဆက်သာနေပါပြီဗျ။ သန်ဘက်ခါပဲ အိမ်ပြန်တော့မယ်။ သန်ဘက်ခါကျရင် ဆေးရုံက ဆင်းတဲ့အခါ မဆင်းခင် ဆရာဝန်၊ ဆရာမတွေနဲ့ ဆေးရုံဝန်ထမ်းတွေကို လက်ဖက်ရည်ပွဲကလေးနဲ့ နှုတ်ဆက်ပြီးမှ ဆင်းဖို့ ပြင်ဆင်ထားတယ်။ အဲဒီနေ့ကျ ခင်ဗျားလည်း လာခဲ့ဦးဗျ။ အမှတ်တရ ပျော်ပျော်ပါးပါးပေါ့'

ဦးဘသော်က သူ့အစီအစဉ်ကို ပြောပြရင်း တစ်လက်စတည်း ဖိတ်ကြားနေသေး၏။ ဦးဘသော်မှာ အပေါ်ယံ ပွန်းပဲ့စုတ်ပြတ်ဒဏ်ရာတွေလောက်သာ ရသူဖြစ်၍ ယခု အတော်သက်သာလှန်းနေပြီ။ ခေါင်းကွဲသွား၍ ၅ ချက်ချုပ်ထားရသည့် ဒဏ်ရာကို ပတ်တီးဖြေ၍ ချုပ်ရိုးဖြေရန်တစ်ခုသာ မည်သည်ရရ ပြစရာ ဒဏ်ရာကျန်တော့သည်ဟု ဆို၏။ ဒီလိုနှင့် ဆယ်မိနစ်ခန့် အာလာပသလ္လာပတွေ လျှောက်ပြောနေမိကြရင်းမှ ဦးဘသော်က အခုမှ သတိရလာသလို စကားစ,လာ၏။

'ဟော့ ကိုအောင်ကြီး၊ ခုမှ သတိရတယ်။ ခင်ဗျားသမီးကြီး တင်တင်ထားလည်း မနက်တုန်းက မွေးလူနာအဖြစ် ရောက်လာတယ် ပြောတယ်။ ခုလောက်ဆို မီးဖွားပြီးလို့ မွေးလူနာဆောင်ထဲ ပြန်ရောက်ရောပေါ့။ ဟန်ကျတာပဲ။ တစ်လက်စတည်းနဲ့ ဝင်ကြည့်သွားဗျာ၊ သားအချစ် မြေးအနှစ်တဲ့ဗျ'

ဦးအောင်ကြီးရင်ထဲ ဒိန်းခနဲ အမြောက်ပစ်သွား၏။ မွေးလူနာဆောင်သို့ သွားရန် ခြေလှမ်း အစရ ခက်နေတာကို အလိုက်သင့် လမ်းစဖွင့်ပေးသလို ရှိ၍ ကျိတ်ပြီး ကျေးဇူးတင်လိုက်မိ၏။ သို့ပေမည့် ချက်ချင်း ခေါင်းညိတ်လို့ မဖြစ်သေး။ ဟန်ကိုယ့်ဖို့ပဲ၊ နည်းနည်းတင်ထားရဦးမည်။

'တော်စမ်းပါဗျာ၊ ကျုပ်က သင်းတို့ကို ခုထိ စိတ်ဆိုးပြေသေးတာ မဟုတ်ဘူး။ မင်္ဂလာဆောင်တုန်းကတောင် အကန်တော့ မခံခဲ့တာကြည့်။ သင်းတို့ ရှိနေလို့ကို ခင်ဗျားတို့ စိန်ပန်းမြိုင်ရပ်ကွက်ထဲ ကျုပ် မလာတာ ဘယ်လောက် ကြာပလဲ။ နေပစေဗျာ၊ သူ့ဟာသူ ဘာမွေးမွေး'

'အဲလိုလည်း ဘယ်ဟုတ်မလဲ ကိုအောင်ကြီးရယ်၊ မိဘနဲ့ သားသမီးပဲဥစ္စာ။ မိဘကမှ လျှော့မပေးရင် ခက်ရချည်ရဲ့။ ခင်ဗျားလည်း ပစ်ထားသင့်သလောက် ပစ်ထားခဲ့ပြီးမှတော့ သူတို့လည်း နောင်တတွေရပြီး လိမ္မာနေကြလောက်ပါပြီ။ သူတို့ကလေးကို အဘိုးက လာကြည့်တယ်ဆိုရင် ကလေးတွေ ဝမ်းသာကြရှာမှာ။ ခင်ဗျားသမီးလည်း သွေးနုနု သားနုနုနဲ့ တော်တော် အားရှိသွားမယ်ဗျ။ လာစမ်းပါဗျာ၊ ကျုပ်ပါ လိုက်ခဲ့ပါ့မယ်။ ကျုပ်ကို လူနာမေးလာရင်း ကြုံလို့ ဝင်ကြည့်တယ်လို့ ပြောလိုက်မယ်၊ ခင်ဗျားလည်း ဘာသိက္ခာမှ ကျစရာ မရှိတော့ဘူးပေါ့။ တကူးတက ဘာကြည့်တယ်ဆိုတာကမှ နည်းနည်း'အောက်'ဦးမယ်။ လာပါ ကိုအောင်ကြီးရဲ့'

ဦးဘသော်က ခုတင်ပေါ်က ဆင်းလိုက်ကာ ဖွတ်လက်ဆွဲခေါ်နေသည်။ ပြင်ပလူနာဆောင်နှင့် မွေးလူနာဆောင်က ဘာမှ ဝေးသည် မဟုတ်။ 'အင်းပေါ့ဗျာ၊ ကြားထဲက ခင်ဗျားကို အားနာလို့သာပေါ့'ဟု အင်တင်တင် ပြောပြီး မွေးလူနာဆောင်သို့ ကူးခဲ့ကြ၏။ တင်တင်ထားတို့ကို ချက်ချင်း တွေ့၏။

'ဟယ်တော့ အဖေလာတယ်။ ဝမ်းသာလိုက်တာ အဖေရယ်၊ ကိုမောင်ပု အဖေ့ကို ထိုင်ဖို့ ထိုင်ခုံပေးလိုက်လေ'

တင်တင်ထားက ခုတင်ပေါ် လှဲနေရာမှ ထလိုက်ပြီး ဝမ်းသာအားရ ဆီးကြိုပြော၏။ မောင်ပုက ပလတ်စတစ်ခွေးခြေထိုင်ခုံ ကလေးတွေ ချပေးပြီး ရှိုးတိုးရှန့်တန့် ဖြစ်နေ၏။ ဦးအောင်ကြီး၏ မျက်နှာကို မကြည့်ရဲဘဲ ရေနွေးခွက်ဘူးပဲ ငှဲ့ပေးရမလိုလို၊ မွေးလူနာကျွေးဖို့ ဝယ်ထားသော မုန့်ထုပ်တွေပဲ ဖောက်ပေးရမလိုလို ယောင်နန ဖြစ်နေသည်။

'အံမာ ငါလာတာက နင့်ဆီလာတာ မဟုတ်ဘူး။ အခုဟာက တိုက်တိုက်ဆိုင်ဆိုင် ကြုံသွားလို့'

ဦးအောင်ကြီးက အလျှော့မပေးသော လေသံတင်းတင်းဖြင့် မျက်နှာနေ မျက်နှာထား ခပ်မာမာနှင့် ပြောလိုက်၏။ ဦးဘသော်ကလည်း လျှင်သည်။ သူ့လူဘက်က အသက်ရှူပေါက် ချောင်ဖို့ ချောဆီ ဝင်ထည့်ပေးလိုက်၏။

'ဟုတ်တယ်ဟ၊ နင့်အဖေက ငါ ဆိုင်ကယ်အက်ဆီးဒင့်နဲ့ ဆေးရုံရောက်နေတာ သိရလို့ ငါ့ဆီ လူနာသတင်းမေး လာတာ။ ဒီရောက်မှ ငါ ပြောပြပြီး ကလေးကြည့်သွားကြစို့လို့ ဖွတ်ဆွဲခေါ်ခဲ့ရတာလေ။ ဟဲဟဲဟဲ'

ဦးဘသော်၏ အထောက်အပင့်ကြောင့် ဦးအောင်ကြီး အတော်ကလေး နေရထိုင်ရ သက်သာသွား၏။

'အို…၊ ဘယ်လိုပဲဖြစ်ဖြစ် အခုလို အဖေရောက်လာကြည့်တာ မင်္ဂလာပဲ။ ဝမ်းသာစရာပဲ။ ဦးလေးဦးဘသော်ကို ကျေးဇူးတင်ပါတယ်။ အဖေ၊ အဖေ့မြေးကိုလည်း ကြည့်သွားပါဦး။ အိမ်ရောက်ရင် အမေ့ကိုလည်း ပြောပြပေးပါဦး။ အဖေ့မြေးက တစ်တုံးတစ်ခဲ၊ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီး အဖေရဲ့။ ခြောက်ပေါင်ခွဲတောင် ရှိတယ်။ ချစ်စရာကောင်းလိုက်တာ မပြောပါနဲ့တော့'

တင်တင်ထားက ဝမ်းသာလှိုက်လှဲသော လေသံဖြင့် အစီရင်ခံလေသောအခါ ဦးအောင်ကြီးရင်တွေ တဒိန်းဒိန်း ခုန်လာကာ အူတ ရှုရှု ဖြစ်လာသည်။ သို့သော် မျက်နှာထားနှင့် လေသံတင်းတင်းကတော့ မလျှော့။

'ဘယ်မတုံး၊ နင့်ကလေးက…'

တိုတိုပြတ်ပြတ် ဆောင့်အင့်အင့် လေသံဖြင့် မေး၏။

'အဲ…ဒီဘေးက ပုခက်စင်ကလေးထဲမှာလေ အဖေရဲ့၊ အနီးပိတ်စ အဖြူကလေး ဖုံးထားတာကို လှပ်ကြည့်လိုက်'



www.burmeseclassic.com

www.burmeseclassic.com

တင်တင်ထားက ပျာပျာသလဲ ဖြေ၏။ 'သြ… ဒီမှာလား'ဟု ဆိုကာ ဦးအောင်ကြီးက ခုတင်နံဘေးရှိ ကလေးထည့်သိပ်ထားသော ဆေးရုံမှပေးသည့် ပုခက်စင်ကလေးဘေးသို့ ကပ်သွား၏။ ပုခက်စင်ကို ဖုံးလွှမ်းထားသည့် အနီးပိတ်စဖြူကို ခပ်ဖြည်းဖြည်း ဆွဲဖယ်၍ ကလေးကို ငုံ့ကြည့်လိုက်၏။ ကလေးက ငွေ့ငွေ့စက်စက် အိပ်ပျော်နေသည်။ အနီးပိတ်ဖြူဖြင့် ထွေးထားသဖြင့် မျက်နှာကလေးသာ မြင်ရ၏။ 'ချစ်စရာကလေးပဲ၊ ငါနဲ့ တူသလိုလို ရှိတယ်'ဟု ရင်ထဲ လှပ်ခနဲ အေးသွား၏။ ဦးအောင်ကြီးက မေးခွန်းထုတ်၏။

'ဒါနဲ့ နေပါဦး။ သူက ယောကျ်ားလေးလား၊ မိန်းကလေးလား'

'မိန်းကလေး အဖေရဲ့'

'ဘာရယ်၊ မိန်းကလေးဟုတ်စ'

ဦးအောင်ကြီးထံမှ ထွက်ရှိလာသော ကျွဲမြီးတိုသံကြောင့် တင်တင်ထား လန့်ဖျပ်သွားကာ ခေါင်းညိတ်ပြ၏။ ဦးအောင်ကြီး မျက်နှာကြီး မည်းခနဲ ဖြစ်သွား၏။ အတန်ကြာမှ 'အင်း…'ဟု သံရှည်ကြီးဆွဲကာ သက်ပြင်းရှည်ကြီး ချလိုက်ရင်း…

'တောက်…၊ ဒီလိုဆိုရင်တော့ သွားပြန်ပြီပေါ့ကွာ။ ငါ အရှက်ကွဲရဦးတော့မှာပဲ'ဟု ကြိတ်မနိုင် ခဲမရ ညည်းညူလိုက်သဖြင့် ဦးဘသော် ခေါင်းစားသွားသည်။ ထို့ကြောင့် နားမလည်နိုင်စွာ ဝင်မေးမိလိုက်တော့သည်။

'ဘာလဲဗျ ကိုအောင်ကြီးရ၊ ဘာတွေ ပြောနေတာလဲ'

ဦးအောင်ကြီး ရှူးခနဲ ဖြစ်သွားကာ…

'ခင်ဗျားကလည်းဗျာ မကြားဘူးလား၊ မိန်းကလေးပါတဲ့ ဆိုနေမှ။ သင်းလည်း ကြီးလာရင် လင်နောက်လိုက်ပြေးဦးမယ့် ဟာကလေးပဲဗျ။ ဒါကြောင့် ကျုပ် အရှက်ကွဲရဦးတော့မယ်လို့ ပြောတာ။ ဟင်း…တောက်…'

'ဟာဗျာ၊ ခင်ဗျားကလည်း မဦးမချွတ်'ဟု နှစ်သိမ့်လိုက်သော ဦးဘသော်၏စကားသံကို ဆောင့်ကြီးအောင့်ကြီး ခြေသံပြင်းပြင်းဖြင့် 'ဖောင့်-ဖောင့်-ဖောင့်' နှင့် ဒေါသတကြီး ပြန်လှည့်ထွက်သွားသော ဦးအောင်ကြီး ကြားလိုက်ဟန် မတူချေ။ မွေးလူနာဆောင်ထဲရှိ ခုတင်နားနီးတွေကတော့ ပြုံးစိပြုံးစိဖြင့် ကျန်ရစ်ခဲ့ကြလေသည်။

❑

၄။

'ဆေးရုံမှာ နင့်သမီးကြီး ဒီကနေ့ မီးဖွားတယ်၊ ကိုဘသော်ကို သတင်းမေးသွားရင်း ကြုံတာနဲ့ ငါ ဝင်ကြည့်ခဲ့ပြီးပြီ။ ကလေးက ကျန်းမာပါတယ်၊ ခြောက်ပေါင်ခွဲတောင် ရှိဆိုပဲ။ ဖြူဖြူဖွေးဖွေးကြီးဟ'

အိမ်သို့ ပြန်ရောက်ရောက်ချင်းပင် ဦးအောင်ကြီးက ဇနီးသည် ဒေါ်သန်းကို သတင်းပေး၏။

'ဟုတ်လား၊ တော့်နှယ် တော် နှစ်ခါ ပင်ပန်းရအောင် စောစောကတည်းက ကျုပ်ကို ခေါ်ရင် ပြီးရော။ လင်မယား နှစ်ယောက်လုံး အတူတူ ကြည့်ရရင် တစ်ခေါက်တည်းနဲ့ မပြီးပါလား။ မြေးလေးက အတော်ချောသလား'

ဒေါ်သန်းက ဝမ်းသာအားရဖြင့် ပြန်မေးသည်။

'ချောမချောတော့ မသိဘူးဟေ့၊ ငါတော့ ဒေါ်ပွပွနဲ့ ဘုတောပစ်ခဲ့ပြီး ထွက်ခဲ့တာပဲ'

'ဖြစ်ရလေတော်၊ မီးနေသည်ကိုမှ ဘုတောရသလား။ ဘာတွေများ ကိုးလိုးကန့်လန့်တွေ ပြောခဲ့ပြန်သတုံး'

'မိန်းကလေးမွေးတယ် ဆိုမှတော့ သင်းလည်း ကြီးလာရင် လင်နောက် လိုက်ပြေးဦးမှာပါပဲ၊ ငါ အရှက်ကွဲရလိမ့်ဦးမယ်လို့ စိတ်တိုတိုနဲ့ ပြောပစ်ခဲ့တာကွ။ ဟုတ်တယ်ကွာ၊ မွေးစရာရှားလို့ မိန်းကလေးတဲ့၊ ထွီ…'

ထိုအခါ ဒေါ်သန်း မျက်နှာကြော တင်းသွား၏။ အတော်လည်း ကျွဲမြီးတိုသွားဟန်တူ၏။

'ဒီမယ် ကိုအောင်ကြီး၊ ရှင်ဟာ ကြာလေ လူကြီးနဲ့ တူတူလာလေလေပဲ။ တစ်စက်မှ အသုံးမကျဘူး'

'ဟာဘာလဲကွ၊ အသက်ကြီးကြီးလာပါပြီဆိုမှ လူကြီးနဲ့ မတူလို့ ဘာနဲ့ တူ ဦးမှာလဲ။ မင်းစကားက…'

'အိုး…၊ တော်…တန်…တိတ်ထားလိုက်စမ်းပါ ကိုအောင်ကြီးရဲ့။ ကြာလေ လူကြီးနဲ့ တူလာလေလေဆိုတာက 'လူကြီးစကား ပြီးပြီး ပျောက်ပျောက်'ဆိုသလို ဖြစ်ဖြစ်လာတာကို ပြောချင်တာ။ 'ငါလူကြီးပဲ'ဆိုပြီး တရား လက်လွှတ် ထင်ကရာ ပြော၊ ပြောသမျှ ကိုယ့်စကား ကိုလည်း ဘယ်တော့မှ ပြ အလေးမထား။ အပြော တခြား၊ အလုပ်တခြားနဲ့ ပြော ပြီးရင် ပျောက်သွားတာ ပြောတာ။ ဒီမှာ 'စားပြီး မလည်'မလုပ်ချင်စမ်းပါနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော် တုန်းက တော် ဘယ်လိုလုပ် သတုံး။ ကျုပ်ကို ခိုးပြေးပြီး ပေါင်းခဲ့တာမဟုတ်လား။ ပြ စဉ်းစားလိုက်စမ်းပါ ကိုအောင် ကြီးရဲ့။ အခုကိစ္စကို 'ဘမျိုး ဘိုးတူ'တာလို့မှတ်'

ဒေါ်သန်း၏ ရန်တွေ့ ကြောင့် ဦးအောင်ကြီး ဆ ခနဲ တုန်သွား၏။ ဟုတ်သ ပဲ။ သူငယ်ငယ်တုန်းက လည်း မရွှေသန်းကို ခိုးပြေး ခဲ့တာဖြစ်၏။ မိသားဖ ပီပီ တောင်းရမ်းယူခဲ့တာ ဟုတ်ပါပဲနဲ့။ ဤတွင် သူ လူကြီးဇာတိ ပြလာ 'တော်ကွာ တော်၊ ပြီးတာ တွေ ပြီးခဲ့ပြီ။ ယပ်ကျိုး နာတွေ ဖော်မနေစမ်းနဲ့။ တယ် ခက်တဲ့ မိန်းမ'

ဦးအောင်ကြီး စပ်ဖြ ဖြင့် အိမ်ရှေ့သို့ ပြန်လစ်ထွက် သွား၏။ ဆိုင်တာ မဆိုင်တာ တော့ မသိ၊ ဦးအောင်ကြီး နားထဲတွင် နံနက်စောစော တိုင်း တီဗွီမှ ကြားရလေ့ သည့် *'ဘိုးဘိုးဘွား အနှစ်မှ ချစ်မြတ်နိုးပေ'* ဆို သော သီချင်းသံကို သ ကွက်၍ ကြားယောင်လာ လေသည်။ ဘယ့်နှယ်၊ ကိုယ့် မိန်းမ အရင်းခေါက်ခေါ ကြီးက 'ဘမျိုးဘိုးတူ'ဘာ ဆိုနေတဲ့နောက် တော့…။ ■

နန္ဒ ၊ဆင်ဖြူကျွန်း



www.burmeseclassic.com

www.burmeseclassic.com

# မြဝတီစာအုပ်တိုက်၏ တတိယမြောက်ခြေလှမ်း

ခြင်း ဟင်းလင်းပြင်

ဦးစီး မပီသသော ဖခင်၊
လှသော မိခင်နှင့် မကျေမချမ်းဖြစ်နေကြရသော
များ၏အကြောင်းကို ဖတ်ရင်း ကျွန်မသည်
ကြီးတစ်ပြည်ကို မြင်ယောင်နေမိသည်။

တမ်း

ပြီး သုတကို
သည်ကတော့ "ဇွဲ မှတ်တမ်း"ဖြစ်သည်။
ခံစားချက်ဖြစ်သော်လည်း
အရာက အလွန်စိတ်ဝင်စားဖွယ်
နေသည်။ ဆာလ်ဗာအဆိပ်သင့်ပြီး
သော လက္ခဏာများနှင့်
ဆင့်ဆင့်ကို စာဖတ်သူအား သိစေခဲ့သည်။

တရားများ

တရားများ" ထဲမှ ကိုတင်ထွန်းကတော့
ဇာတ်ဆောင်တစ်ဦး ဖြစ်သည်။
မှ ခုန်ထွက်လာပြီး အပြင်လောကတွင်
နေသည်ဟု ကျွန်မ ထင်သည်။
မဟုတ် အပြင်လောကမှ ကိုတင်ထွန်းသည်
သို့ ခုန်ဝင်လာခြင်းလည်း ဖြစ်နိုင်ပါသည်။

ငှက်၏ သိုက်မြုံတမ်းချင်း

ပြည်ကို ချစ်လိုက်တာ၊ ငါ့လူမျိုးကို ချစ်လိုက်တာ၊
ကို အထင်မကြီးပေါင်"ဟု အာပြဲအောင် အော်နေသော
မျိုးဆိုလျှင် ထိုဝတ္ထု အောင်မြင်မည်မဟုတ်ပါ။
သည် သူ၏ဇာတ်ဆောင် "ချော"ကို
တစ်ခွန်းမှ မပြောစေခဲ့ပါ။
စိတ်ခံစားမှု၊ အတွေးလေးများနှင့်ပင်
ရေးသွားခဲ့သည်။

ကျွန်မ၏လောင်ဖက်များ

ကျွန်မ၏လောင်ဖက်များ"ကတော့
တစ်ဦး၏ အသံဖြစ်သည်။ မိသားစုအတွက်
တစ်လမ်းမှ ဝင်ငွေရှာကာ လုပ်ငန်းခွင်ဝင်နေရသော
များအတွက် အိမ်အကူသည်
လိုအပ်လှပါသည်။
ဆရာမ မစန္ဒာ၏
မှ ကောက်နုတ်ချက်)




## ခင်သန္တာ

## ဆောင်းဒိုင်ငှက်၏ သိုက်မြုံတမ်းချင်း

နှင့်၊

## မဂ္ဂဇင်းဝတ္ထုရှည်များ စုစည်းမှု

# ဆက်သွယ်စာပေ

ကြီးတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -

www.burmeseclassic.com

www.burmeseclassic.com



ဇင်းမယ် အိမ်ရှေ့မင်းသား စောခွဲ

တစ်နေ့က မန္တလေးမှ ဆရာဝန် တင်မောင်ကြည်သည် စာရေးသူထံ သူကိုယ်တိုင်ရေးပြီး ဓာတ်ပုံများနှင့်တကွ သူကိုယ်တိုင် ရိုက်နှိပ်ထားသော ၂၃ မျက်နှာရှိ စာစောင်လေး တစ်စောင်ကို ပို့လိုက်ပါသည်။ စာစောင်၏ ခေါင်းစဉ်ကို-

'Ma Mya and Chao Noi Suk Kasem

ဆရာဝန်တင်မောင်ကြည်-

သုတေသနလုပ်ပြီး

ရှာဖွေတင်ပြပါတယ်

စက်တင်ဘာ ၂၀၁၅' ဟု

ရေးသားဖော်ပြထားသည်။

# ဇင်းမယ် ရှိမီယို နှင့် ဂျူးလီယက်

**မောင်သန်းဆွေ (ထားဝယ်)**



မော်လမြိုင်သူ မမြ

ခရစ်နှစ် ၁၈၉၉ တွင် ဇင်းမယ်အိမ်ရှေ့မင်းသား စောခွဲကို မော်လမြိုင် စိန့်ပက်ထရစ်ကျောင်းမှာ စာသင်ရန် သူ့ခမည်းတော်က လွှတ်လိုက်သည် ဆိုပါသည်။ အကြီးတော်နှင့် အခိုင်းအစေများလည်း ပါသည်။ မော်လမြိုင်တွင် ဆေးလိပ်,လိပ်သည့် မမြဆိုသူနှင့် တွေ့ပြီး ချစ်ကြိုက်ကြသည်ဆို၏။ ထိုအဖြစ်အပျက်ကို ဆွေတော်မျိုးတော်များက ရေငုံနှုတ်ပိတ်နေကြသော်လည်း ဇင်းမယ်သူ ဇင်းမယ်သားများက ယနေ့အထိ မျက်ရည်တဝဲဝဲနှင့် ပြောနေကြသည်ဟု သိရသည်။ သူတို့က ဤဓာတ်လမ်းသည် ဇင်းမယ်မှ ရှိမီယိုနှင့် ဂျူးလီယက်



www.burmeseclassic.com

www.burmeseclassic.com

…စ်သည်ဟု ပြောကြသည် ဆိုပါသည်။

**မှတ်ချက်**- ဇင်းမယ်အိမ်ရှေ့ မင်းသားနာမည် Prince Chao Noi Suk Kasem ကို အတိုကောက် Prince Suk Kasem ဟု ဆိုသဖြင့် ဒေါက်တာ တင်အောင်ကြည်က စောနွဲ့ဟု ခေါ်လိုက်ခြင်း ဖြစ်သည်။ ထိုအချိန်က ဇင်းမယ်မှ အိမ်ရှေ့မင်းသား မော်လမြိုင် စိန့်ပက် ထရစ်ကျောင်းတွင် လာရောက် စာသင်သည် ဆိုသည်မှာ ဇင်းမယ်မှ မော်လမြိုင်သို့ လာလျှင် ပိုနီးပြီး ဘန်ကောက်သို့ သွားရသည်က ပိုဝေးသည်ဟု ဆိုပါသည်။ (ဤကား စာရေးသူ၏ စကားချပ်)

ဇင်းမယ်သည် ညောင်ရမ်းခေတ် တစ်ခေတ်လုံး မြန်မာ့လက်အောက်တွင် နှစ် ၂၀၀ လက်အောက်ခံ ဖြစ်ခဲ့ရ၍ မြန်မာဆန်ပါသည်။ ဗဒုံမင်း(ဘိုးတော်ဘုရား)လက်ထက်တွင် မြန်မာများ အုပ်ချုပ်ရေး ညံ့ဖျင်းသည့် အပြင် ရက်စက်လွန်းသောကြောင့် ယိုးဒယား (ထိုင်း)လက်အောက်သို့ မရောက်ချင်ဘဲ ရောက်သွားရခြင်း ဖြစ်ပါ၏။

ဇင်းမယ်အိမ်ရှေ့မင်းသား စောနွဲ့၏ ခမည်းတော် ဇင်းမယ်ဘုရင်ကြီးမှာ စောကြို့နဝရတ်ဟု ခေါ်သည်။ မယ်တော်မှာ မယ်စောစာမရီ ဖြစ်၏။ ဇင်းမယ်အိမ်ရှေ့မင်းသား စောနွဲ့နှင့် ပထမ ဇေစပ်ကြောင်းလမ်းခဲ့သည့် ဇင်းမယ်မင်းသမီး အမည်မှာ ဘွားနွံစိရိဆော့ ဟုခေါ်သည်။ (နောက်ပိုင်းတွင် ကြောင်းလမ်းခြင်း ပျက်သွားသည်။)

ဇင်းမယ်အိမ်ရှေ့မင်းသား စောနွဲ့၏ အရီးတော် ဇင်းမယ်မင်းသမီး ဒါရာရစမိ(ဇင်းမယ်ဘုရင်နှင့် ကရင်သွေးပါသော မိဖုရား၏သမီးတော်)သည် ယိုးဒယား(ထိုင်း)ဘုရင်ကြီး ချူလာလွန်ကွန်၏ အမြတ်နိုးဆုံး မိဖုရားတစ်ပါး ဖြစ်သည်။

ဇင်းမယ်သူ ဇင်းမယ်သားများက စောနွဲ့နှင့် မမြတို့၏ အကြောင်းကို တသိမ့်သိမ့် ခံစားကြရသဖြင့် မမေ့နိုင်ပါ။ ထို့ကြောင့် ဤဇာတ်လမ်းကို လွန်ခဲ့သော အနှစ် ၃၀ လောက်က ရုပ်ရှင် ရိုက်ကြသည်။ လူတစ်ယောက်က မြန်မာနိုင်ငံ ယူလာ၍ မန္တလေး မြောက်ပြင်တွင် ပြရာ ဆရာဝန်တင်မောင်ကြည် ကြည့်ရဖူးသည် ဆို၏။ ထို့ကြောင့်လည်း ဤအကြောင်းကို ယခုကဲ့သို့ ရေးခြင်း ဖြစ်ပုံရပါသည်။

ထိုဇာတ်ကားထဲတွင် မမြက-

'ဆေးလိပ်ဝယ်ပါဦးရှင့်'

ဟု မြန်မာသံဖြင့် ပြောသည်ပင် ပါသည် ဆိုပါသည်။

မော်လမြိုင်သို့ သားတော်ကို စောင့်ရှောက်ရန် ထည့်လိုက်သည့် အကြီးတော်မင်းက မင်းသား စောနွဲ့ကို မထိန်းနိုင်ပေ။ ဤကိစ္စ ဖုံးထားပြန်လျှင်လည်း သူကြားမှ အသတ်ခံရမည်ကို စိုးရိမ်သည်။ ဇင်းမယ်ဘုရင်ကို ခေါ်ကြသည်က 'ကျောက်ချိုဝိ'(စောဇီဝိ) ဟု ဖြစ်သည်။ အဓိပ္ပာယ်မှာ 'အသက်သခင်'ဟု ဆိုလိုသည်။ ထို့ကြောင့် အကြီးတော်မင်းက ဘုရင်ကို ကြောက်လွန်းသဖြင့် သားတော်၏ အဖြစ်အပျက်များကို မော်လမြိုင်မှ ဇင်းမယ်ဘုရင်ထံ စာရေး၍ သံတော်ဦးတင်လိုက်ပါသည်။ ဇင်းမယ်အိမ်ရှေ့မင်းသား စောနွဲ့သည် ဇင်းမယ်သို့ ပြန်သောအခါ မမြအား မခွဲနိုင်သဖြင့် ယောကျ်ားလေးကဲ့သို့ဝတ်ဆင်စေပြီး ဇင်းမယ်သို့ ခေါ်သွားသည်။ မည်သို့ပင် ဟန်ဆောင်၍ ပေါင်းနေသော်လည်း အမှန် ပေါ်သွားတော့သည်။

ဇင်းမယ်ဘုရင်ကြီး အမိန့်တော်အရ မမြကို မော်လမြိုင်သို့ ပြန်ပို့ရသည် ဆိုပါသည်။ မပို့၍လည်း မဖြစ်ပါ။ မင်းသား စောနွဲ့က သားကြီးဩရသ အိမ်ရှေ့မင်းသားဖြစ်သည်။ သို့ကြောင့် တစ်နေ့ ဘုရင်ဖြစ်လာလျှင် မော်လမြိုင်သူ ဆေးလိပ်သမ မမြက ဇင်းမယ် မိဖုရား ဖြစ်လာ၍ မဖြစ်ပါ။ ဇင်းမယ်တွင်လည်း သူတို့လိုက်နာရသည့် ရှေးနန်းထုံးတမ်း စည်းကမ်းများရှိသေးသည် မဟုတ်ပါလော။ မြန်မာဘုရင်များကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။ နိုင်ငံရေးကလည်း ရှိသေးသည်။ ယိုးဒယား(ထိုင်း)ဘုရင်ကိုလည်း စိုးရိမ်ရသည်။ သို့ဖြင့် ဇင်းမယ်ဘုရင်ကြီးက မမြကို မော်လမြိုင်သို့ ပြန်ပို့စေရတော့သည်။

ရိုးရိုးပြန်မပို့ပါ။ ဆင် ၃ ကောင်နှင့် အစောင့်အရှောက် လူ ၂၀ ဖြင့် ပြန်ပို့သည်။ ဇင်းမယ်မြို့ အနောက်တံခါးပေါက်တွင် ဇင်းမယ်သူ၊ ဇင်းမယ်သားများက စောင့်ကြည့်နေကြသည်။ ဇင်းမယ်သူ ဇင်းမယ်သားများ ပြောချက်အရ မမြသည် သူ့ချစ်သူနှင့် ခွဲရခါနီး နောက်ဆုံးအချိန်တွင် မျက်ရည်ဖြိုင်ဖြိုင် ကျနေသည် ဆိုပါသည်။ ဆင်ပေါ်သို့ မတက်ခင် သူ့ချစ်သူကို ဒူးတုပ်ပြီး ထိုင်၍ သူ့ဆံပင်နှင့် ချစ်သူ့ခြေထောက်ကို ပွတ်ပြီး ကန်တော့သည်ဟု ဆိုသည်။ (ဆရာဝန် တင်မောင်ကြည်က ဤကဲ့သို့ ပြုခြင်းသည် မြန်မာတို့၏ မိမိကိုယ်ကို အနှိမ့်ချဆုံးထားပြီး ကန်တော့ခြင်းဖြစ်သည်ဟု ရေးထားပါသည်။) ဤမြင်ကွင်းကို မြင်လိုက်ရသည့် နောက်ဆုံးမြင်ကွင်းသည် ဇင်းမယ်သူ ဇင်းမယ်သားများ၏ အသည်းနှလုံးတွင် စွဲထင်ပြီး မေ့မရနိုင်အောင် ယနေ့တိုင် ခံစားရပါသေးသည်ဟု ပြန်ပြောရင်းပင် မျက်ရည်လည်ကြပါသေးသည် ဆိုပါသည်။

မမြ မော်လမြိုင်သို့ ပြန်ရောက်သောအခါ ချစ်သူ ဇင်းမယ်အိမ်ရှေ့ မင်းသားကို နှစ်ပေါင်းများစွာ စောင့်ပါသည်။ ထို့နောက် မမြသည် သီလရှင်ဘဝသို့ ကူးပြောင်းလိုက်သည်။ သီလရှင်ဘဝနှင့်ပင် ကွယ်လွန်သွား၏။ ဇင်းမယ် အိမ်ရှေ့မင်းသား စောနွဲ့သည် ဇင်းမယ်မင်းသမီး 'စောယဉ်ဘွားချမ်' ဆိုသူနှင့် လက်ထပ်လိုက်ရသည်။ စောယဉ်မှာ အရီးတော် ဒါရာရစမိ မင်းသမီး၏ အပျိုတော်ဖြစ်၏။ အိမ်ရှေ့မင်းသား စောနွဲ့၏ ရင်ထဲတွင် ချစ်သူ မမြကသာ ကြီးစိုးနေလေသည်။ မမြကို ပြန်ပို့လိုက်ရသောအခါ နောက်အိမ်ထောင်နှင့်လည်း မပျော်မွေ့သဖြင့် ချစ်စိတ်ကို အရက်နှင့်ဖြေရင်း အလွန်…



www.burmeseclassic.com

www.burmeseclassic.com



စောနွဲ့ခမည်းတော် ဇင်းမယ်ဘုရင်ကြီး
စောကျို့နဝရတ်



စောနွဲ့မယ်တော် မယ်စောစာမရီ



စောနွဲ့နှင့် ပထမ [illegible] ကြောင်းလမ်းခဲ့ [illegible]
ဇင်းမယ်မင်းသမီး ဘွားနွဲ့ [illegible]

သွားလေသည်။ ထို့ကြောင့် ၃ နှစ်ကြာသောအခါ အသက် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကံကုန်တော်မူသည်။ စောနွဲ့၏ကြင်ရာတော် စောယဉ်ဘွားချွမ်သည် မုဆိုးမဘဝဖြင့် ၇ နှစ်ကြာသောအခါ စံကမ်ဖိန် မြို့စားနှင့် လက်ဆက်ပါသည်။

စောနွဲ့နှင့် မမြတို့ ဇာတ်လမ်းသည် တိုးရစ်တို့၏ စိတ်ဝင်စားမှု ခံရသဖြင့် ဇင်းမယ်နှင့် ယိုးဒယားသာမက ကမ္ဘာအရပ်ရပ်မှ စိတ်ဝင်စားလာကြပြီး မော်လမြိုင်သို့ပင် လာရောက်၍ ဇာတ်လမ်းဖြစ်ပွားရာ နေရာများကို ရှာဖွေကြည့်ရှုနေကြသည်ဟု ဆို၏။ မော်လမြိုင် ကျိုက်သံလံဘုရားကုန်းရှိ စောနွဲ့နှင့် မမြတို့ သစ္စာပြုခဲ့ရာ ဘုရား၊ မမြ၏ အစ်ကိုက ဘုန်းကြီးဖြစ်သဖြင့် ထိုဘုန်းကြီးကျောင်းဝင်းတွင် မမြ၏ ဓာတ်ပုံကို ချိတ်ထားသည်ဆို၏။ မမြသည် သီလရှင်ဘဝနှင့် ထိုဘုန်းကြီးကျောင်းတွင် ဇရပ်နှင့် နေထိုင်ခဲ့သည်။

ဇင်းမယ်တွင် မမြနာမည်ဖြင့် သီချင်းတွေ ထွက်လာသည်။ Mamya Coffee အမည်ဖြင့် ကော်ဖီဆိုင်များ၊ ပီဇာဆိုင်များ၊ စားသောက်ဆိုင်များနှင့် တည်းခိုခန်းများပင် အများကြီးရှိသည်ဟု ဆိုပါသည်။ မမြအမည်ဖြင့် ဝတ္ထုများလည်း ရေးကြသည်ဆိုသည်။

ထိုင်းမှ 'ဆုပန်ကလျာ' မင်းသမီး ဇာတ်လမ်းကဲ့သို့ စိတ်ဝင်စားမှုအပေါ် စီးပွားရှာကြခြင်း ဖြစ်ပါသည်။

စာရေးသူ ကြားဖူးသည်က မော်လမြိုင်တွင် သူဌေးကြီး ဦးတိုးလုံဆိုသူ ရှိသည်။ သူ့ခေတ်နှင့်သူ မော်လမြိုင်တွင် သူဌေးကြီး လေးဦးရှိသည်။ ဦးတိုးလုံ၊ ဦးအုန်းဖေ၊ ဦးဘချစ်၊ ဦးရွှေရင်တို့ ဖြစ်၏။ မီးစက် သူဌေး ဦးအုန်းဖေ ဆိုသူမှာ ဆာဦးသွင်နှင့် ညီအစ်ကိုတော်ပါသည်။ ဦးတိုးလုံ၏ ပထမဇနီး ဒေါ်သွယ်မှ သား မောင်အောင်ဘ၊ မောင်လာဘ၊ မောင်ဘောဂ၊ မဇကြွယ်၊ မအေးသန့်၊ မောင်ငွေစိုး၊ မအေးကြည် စသည့် သားသမီး ၇ ယောက် ထွန်းကားသည်။ ဒုတိယအိမ်ထောင်ဖက် ဒေါ်မိမိမှ သမီးအငယ်ဆုံး မခင်ထွေးကို ဖွားမြင်သည်။ ဦးတိုးလုံ၏ သမီးများထဲမှ သမီးတစ်ယောက်ကို ဇင်းမယ်မင်းသားနှင့် ကြောင်းလမ်းရန် ပြုလုပ်သည်ဟု ကြားရဖူးသည်။ ထိုဇင်းမယ် မင်းသားသည် ဤဇာတ်လမ်းမှ စောနွဲ့ပင်ဖြစ်ပုံရသည်။ နောင်အခါ စတုတ္ထသမီးတော် မော်လမြိုင်တွင် သွားရောက် နေထိုင်ရစဉ်က စတုတ္ထသမီးတော်၏ သားတော်ကြီး 'တော်ဘုရားကြီး'နှင့်ပင် လက်ဆက်ရန် စီစဉ်ဖူးသည်။ တော်ဘုရားကြီးက ချစ်သူရှိနေ၍ မယူဖြစ်ဟု အနွယ်တော်များက ပြောပြဖူးပါသည်။ ထိုသူဌေး ဦးတိုးလုံ၏သမီး မဇကြွယ်ကို [illegible] မြို့မှ ဦးချစ်မောင်၊ ဒေါ်[illegible]မြတို့၏



www.burmeseclassic.com

www.burmeseclassic.com

သား မောင်စံလွင်နှင့် လက်ဆက်ပေးရာ မောင်စံလွင်သည် နောင်အခါ ငွေစာရင်းမင်းကြီး ဦးစံလွင် ဖြစ်လာသည်။ သမီးမအေးသန့်ကို တောင်ပိုင်းရှမ်းပြည် သထုံစော်ဘွား စဝ်ခွန်စိန်၊ ဒေါ်မမကြီးတို့၏သားတော် စဝ်ခွန်ကြည်နှင့် လက်ဆက်ပေးရာ နောက်ပိုင်း စော်ဘွားစဝ်ခွန်ကြည်ဟု ဖြစ်လာသည်။ သမီး မအေးကြည်ကိုမူ မော်လမြိုင်မှ ဓာတ်မီးစက်သူဌေး ဦးအုန်းဖေ၊ ဒေါ်ငွေညွန့်တို့၏ တစ်ဦးတည်းသောသား မောင်စိုးတင်နှင့် လက်ဆက်ပေးသည်။ နောင်အခါ မော်လမြိုင်မှ သူဌေးကြီး ဦးစိုးတင်ဟု ဖြစ်လာသည်။

စာရေးသူက ဇင်းမယ်မင်းသားနှင့် မမြတို့ကိစ္စကို မော်လမြိုင်မှ သမိုင်းပညာရှင် ဦးအံ့ကျော်ထံ ဖုန်းဆက်၍မေးသည်။ ဦးအံ့ကျော်ကလည်း ဤအကြောင်းကို ကြားဖူး၍ သိနေသည်။ မကြာသေးမီက ထိုင်းများ ရောက်လာပြီး သူ့ကို ဤအကြောင်း လာဗျူးကြောင်း ပြောပြသည်။ မမြ သီလရှင်ဘဝဖြင့် နေခဲ့သော ဇရပ်၏ ပုံကလေးမှာ မော်လမြိုင် မဟာမြတ်မုနိ ရုပ်ပွားတော်ရှိရာနေရာမှ အဆောင်တစ်ဆောင်တွင် ချိတ်ထားသည်ဆို၏။ သီလရှင်မမြ ကွယ်လွန်သောအခါ သူ၏အလောင်းကို ကျိုက်သံလံကုန်းထောင့် ညောင်ပင်အောက်တွင် မီးသဂြိုဟ်ခဲ့သည်ဟု ဆိုသည်။ ဇင်းမယ်အိမ်ရှေ့မင်းသား စောနွဲ့နှင့် အကြီးတော်မင်း အမှုးပြုသော အခြွေအရံများနှင့် နေခဲ့သည့် မော်လမြိုင်မှ အိမ်လည်းရှိပါသေးသည်။ ထိုအိမ်ပိုင်ရှင်မှာ ဦးမောင်ကြီးဟု ခေါ်သည်။ ဦးမောင်ကြီး မရှိတော့သော်လည်း ဦးမောင်ကြီး၏သားမှာ ရန်ကုန်တွင် ရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် ဦးအံ့ကျော်က ထိုင်းများအား ထိုနေရာများကို လိုက်ပြခဲ့ရသည်ဟု ပြောပါသည်။ ကမ္ဘာလှည့်ခရီးသည်များကလည်း ထိုနေရာများကို လာကြည့်နေကြသည်။ ...ိုင်းက ဇင်းမယ်အိမ်ရှေ့မင်းသားနှင့် မမြတို့ ...တ်လမ်းကို ရုပ်ရှင် လာရိုက်သည်ဟု ဆိုသည်။ ...ိုင်းတွင် ပြခဲ့ပုံရ၏။

**မောင်သန်းဆွေ၊ထားဝယ်၊**



ဇင်းမယ်အိမ်ရှေ့မင်းသားစောနွဲ့ရဲ့ သင်္ချိုင်းပြသာဒ်တော်



စောနွဲ့ရဲ့ အရီးတော် ဒါရာရစမီ ဇင်းမယ်မင်းသမီးနဲ့ ထိုင်းဘုရင် ချူလာလွန်ကွန်



www.burmeseclassic.com

www.burmeseclassic.com

မနက်ခင်းနေသည် ကျောပြင်ကို
ပေါက်ထွက်မတတ် စူးရှပူလောင်စွာ
ထိုးနေသည်။ နေအရှိန်
ပြင်းလာသည်နှင့်အမျှ ဈေးကွဲစပြုပြီ။
ကျွန်မ ခပ်သုတ်သုတ် လျှောက်လိုက်သည်။
ခြေလှမ်းတို့က ကြက်သားဝယ်လျှင်
ဝယ်နေကျဆိုင်သို့ ဦးတည်နေသည်။
မေမေ ညနေက ရေချိုးတာ အအေးမိသွားလို့
ဖြစ်မည်၊ ကိုယ်လေး အနည်းငယ်
နွေးနေသည်။ မနက်ကျ အဖျားတော့ မရှိပါ၊
ဒါပေမဲ့ ကြက်သားပြုတ်ကြော်လေး
ကျွေးချင်သည်။ ဗမာကြက်ဈေးကလည်း
ကြီးတာမို့ နှစ်ဆယ်သားကို
မျက်နှာငယ်ငယ်ဖြင့် ဝယ်ခဲ့ရသည်။
နယ်မြို့လေးမှာက မြို့ကြီးပြကြီးလို
တစ်ဆယ်သား၊ နှစ်ဆယ်သား
မရောင်းတတ်၊ မစား အရှင်း၊
စားအရှင်း ဆိုသလို။ ကိုယ့်အတွက်ကတော့
ချဉ်ပေါင်၊ မှျစ်လေးချက်ရကောင်းမယ်ဟု
တွေးမိသည်။ မနေ့က ကြော်ထားသည့်
ငါးပိဆီကြော်လေး ရှိသေးသည်။
ချဉ်ပေါင်နှင့်မှျစ်လေးဝယ်ပြီး အာရုံကို
ဟို ဒီ မဖြန့်ကြက်တော့ဘဲ ဈေးထဲက
အမြန်ထွက်ဖို့ ပြင်သည်။
တော်ကြာ ဟိုဟာ ဝယ်ချင်၊
ဒါဝယ်ချင် အာရုံကို ဖြတ်နိုင်ခဲလှပါသည်။
မနက်ဖြန်လည်း ဈေးလာရဦးမည်။
သန်ဘက်ခါ ထမင်းဘူးရှိသည်လေ။
အမှန် ဒီနေ့က ဈေးလာသည့်နေ့မဟုတ်၊
စနေ ကျောင်းပိတ်ရက်ဆို
အရပ်ထဲလာရောင်းသည့်
ခေါင်းရွက်သည်လေးများထံက
ဝယ်ရင်း ခြိုးခြံစွာနေသည်။
တနင်္လာ ကျောင်းထမင်းဘူးအတွက်
တနင်္ဂနွေက မဖြစ်မနေကို သွားရသည်လေ။
ပြီး အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များအတွက်
အခြောက်အခြမ်းများ ဝယ်ရသည်။
တစ်ရက်၊ နှစ်ရက် အထားခံသည့်
ဟင်းသီးဟင်းရွက်လေးများ ဝယ်ရသည်။
'စံပယ်၊ စံပယ်…မို့လား'
လက်ကို လှမ်းဆွဲလိုက်တာကြောင့်
ကျွန်မကိုယ် ဆတ်ခနဲ ဖြစ်သွားသည်။
အံ့အားသင့်စွာ မော့အကြည့်-



ဘဝမှာ အဲဒီ့တုန်းက အချိန်လောက်
ပျော်စရာကောင်းတာ မရှိပါဘူး
ဆန္ဒဆိုတာလည်း မရှိတော့ စိတ်က
အေးချမ်းနေတာပဲ။ တရားသည် ဖြစ်စေ
မတရားသည်ဖြစ်စေ ကိုယ်မျှော်မှန်းသ
မဖြစ်ရင်တော့ အနည်းနဲ့အများတော့
ပူလောင်ကြရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'တူပါတယ်လို့ ကြည့်နေတာ၊ စံပယ်က ပြည့်လာတယ်နော်။ ကျောင်းတုန်းက ပိန်ပိန်လေး'

'ကြည့်စမ်း၊ ထွေး…ထွေး…နော်'

'ဟုတ်ပါတယ် စံပယ်ရဲ့ထွေးပါ၊ မမှတ်မိတော့ဘူးလား'

ရယ်မော ပြောနေသည့် ထွေးမျက်နှာကို ငေးကြည့်လိုက်ရင်း ကျွန်မ အံ့သြသွားရပါသည်။ ထွေး၊ ထွေးသည် ကျောင်းပြီးကတည်းက ရန်ကုန်မှာ အလုပ်လုပ်နေတာ ဖြစ်သည်။

အခု မြို့ကို အလည်လာတာလား။ ဈေးခြင်းကြီးကို မနိုင်မနင်းဆွဲထားသည့် ထွေးလက်ကို ဆုပ်လိုက်ရင်း-

'ထွေး အလည်လာတာလား၊ မပြန်ခင် အိမ်လာခဲ့ဦးလေ။ ငါတို့ မတွေ့တာ ဘယ်လောက်ကြာပြီလဲ၊ နင်ကြိုက်တဲ့ လက်ဖက်ချေးသုပ် သုပ်စားကြတာပေါ့။ တို့တွေလည်း ကျောင်းပြီးကတည်းက မတွေ့တော့တာ။ အင်းလေ၊ ထွေးက ရန်ကုန်မှာ အလုပ်လုပ်နေတာဆိုတော့'

ထွေးက ဈေးခြင်းကို တစ်ချက် ငုံ့ကြည့်လိုက်ရင်း မဟုတ်ဘူးစံပယ်၊ တို့ အပြီးပြန်လာတာ။ ရန်ကုန်က အလုပ်က ထွက်ခဲ့ပြီဟု ဆိုသည်။

'ဟင်…ဟုတ်လား'

ကျွန်မ အင်မတန် အံ့သြသွားရသည်။ ထွေးသည် ရန်ကုန်မှာ ကျောင်းတက်ကတည်းက မြို့ကြီးပြကြီးကို ခင်တွယ်သူဖြစ်သည်။ ပြီး…သူ့ဘဝသူ မြို့ကျဉ်းနယ်ကျဉ်းလေးမှာ မမြှုပ်နှံချင်။ ထို့ကြောင့် ကျောင်းပြီး အလုပ်ဝင်ကြသောအခါ အလုပ်တစ်ခု မရမနေရှာ၍ ရန်ကုန်တွင် တွယ်ကပ်နေခဲ့သည်။ ထွေးက တစ်ခုခုပြောမလိုပြင်လိုက်ပြီးမှ မျိုသိပ်လိုက်သလိုဖြင့်-

'စံပယ်၊ ငါ ဒီမြို့က ဘဏ်မှာ အလုပ်ဝင်နေပြီ။ နင့်ဆီလာခဲ့ဦးမယ်၊ အဲဒီတော့မှ စကားအေးဆေး ပြောကြတာပေါ့။ စံပယ် နင် ခု ဘယ်ကျောင်းမှာလဲ'

ကျွန်မ ထွေးကို အံ့သြတကြီး ဖြစ်ရပြန်သည်။ ကျွန်မ သိထားသည်က ထွေးသည် ရန်ကုန်ရှိ ကုမ္ပဏီကြီးတစ်ခုတွင် အလုပ်ဝင်နေသည်။ နောက်ထပ် ဘွဲ့တစ်ခုယူရန် ပြင်ဆင်နေခဲ့သည်ဟု ကျောင်းနေဖက်သူငယ်ချင်းများထံက ထွေးသတင်းကြားရစဉ် ကျွန်မ မအံ့သြခဲ့ပါ။ ရည်မှန်းချက်ကြီးကြီးထားတတ်သည့် ထွေး၏စိတ်ဓာတ်ကို ကျောင်းသူဘဝကတည်းက သိနေခဲ့ပါသည်။

'ခု ရွာကျောင်းလေးမှာ မဟုတ်တော့ဘူး ထွေးရဲ့၊ အ·ထ·က ကျောင်းကို ရောက်လာပြီ။ အလယ်တန်းပြပေါ့'

တစ်ခုခုကို မေးချင်ပုံပေါ်နေသည့် ကျွန်မအမူအရာကို ထွေးက နားလည်သလို ကြည့်လိုက်ရင်း-

'နင် ကျောင်းပိတ်တဲ့ရက် အေးအေးဆေးဆေး လာခဲ့ဦးမယ်လေ။ အန်တီကော နေကောင်းရဲ့လား၊ သတိရပါတယ်လို့ ပြောလိုက်ပါဟာ။ နင့်ကို ပြောစရာစကားတွေ အများကြီး ရှိတယ်'

နှုတ်ဆက်ပြီး ထွက်သွားသည့် ထွေးကျောပြင်ကို ကြည့်၍ ကျွန်မရင်ထဲ ပဟေဠိဖြစ်ကျန်ခဲ့သည်။

ကြည့်ပါဦး၊ ထွေးလို ရည်မှန်းချက်ကြီးသည့် အမျိုးသမီးတစ်ယောက်က ဇာတိမြို့လေးမှာ အလုပ်ပြန်လုပ်သတဲ့လား။

❑

ကျွန်မက ဆားရည်စိမ်ထားသည့် ဂေါ်ဖီထုပ်ကို ရေဆေးပြီး ဓားဖြင့် ခပ်ရိရိရိပ်လှီးနေစဉ် ထွေးက နံ့နံ့ပင်ကို တစ်ပင်ချင်း ရေဆေးနေသည်။ ပြီး ပန်းကန်ပြားတစ်ချပ်မှာ စီထည့်လိုက်သည်။ ဆီနှပ်ထားသော လက်ဖက်သားကို သံပရာသီးတစ်စိတ် ညှစ်ထည့် လှီးထားသော ခရမ်းချဉ်သီး၊ နံ့နံ့ပင်၊ ငရုတ်သီးစိမ်း၊ ဂေါ်ဖီတို့ ရောနယ်စဉ် ထွေးက နင် ခုထိ လက်ဖက်သုပ်ကောင်းတုန်းပဲ။ နင် သုပ်တဲ့ လက်ဖက်ဆို အရမ်းစားကောင်းတာပဲဟု ဆိုသည်။

'အဆောင်မှာတုန်းက ဆို ခဏခဏ သုပ်စားတာနော်။ ဖွန်းက အောက်ကို ချရဘူး၊ လူကလည်း များတော့ အတင်းကိုလုစားရတာ။ အင်း ဘဝမှာ အဲဒီ့တုန်းက အချိန်လောက် ပျော်စရာကောင်းတာ မရှိပါဘူး။ ဆန္ဒဆိုတာလည်း မရှိတော့ စိတ်က အေးချမ်းနေတာပဲ။ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ကိုယ်မျှော်မှန်းသလို မဖြစ်ရင်တော့ အနည်းနဲ့အများတော့ ပူလောင်ကြရတာပဲလေ'

ဖန်ပုလင်းထဲက နှမ်းပဲလုံး၊ မြေပဲ၊ ပဲကြမ်းကြော်တို့ကို လက်ဖက်ပန်းကန်ထဲ လောင်းချလိုက်ရင်း ထွေးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ထွေးမျက်ဝန်းတို့က ကျွန်မ နယ်နေသော လက်ဖက်ပန်းကန်ကို စူးစိုက်ကြည့်နေသည်။ မျက်တောင်မခတ်။ ထွေးစိတ်တို့ ဘယ်ရောက်နေပါလိမ့်။

အပြီးသတ် နယ်ပြီးသွားသော လက်ဖက်ပန်းကန်ကို ကြွေပန်းကန်အဝိုင်းထဲ ပြောင်းထည့်၊ ဖွန်းတပ်ပြီး ထွေးရှေ့ ချလိုက်သည်။ စား ထွေးဟု ပြောလိုက်ပေမဲ့ ထွေး ကြား

ကိုယ့်ပေါ်ကို
မလွှဲမသွေ
ကျလာတဲ့
တာဝန်ကို
ငါ
ခေါင်းမလွှဲချင်ဘူး
အဓိက
ကတော့
ဘဝမှာ
နောင်တဆိုတာ
မရှိချင်ဘူး
အထူးသဖြင့်
မိဘနဲ့
ပတ်သက်ပြီးပေါ့



www.burmeseclassic.com

www.burmeseclassic.com

ပုံရေ။ လက်ကိုမြန်မြန် ဆေးပြီး လက်သုတ်ပဝါဖြင့် လက်တစ်ချောင်းချင်း သုတ်နေခိုက် ထွေးက နွှာပြီးသား ကြက်သွန်ဖြူတွေကို လက်ဖက်ပန်းကန်ထောင့်မှာ ပုံထားလိုက်ရင်း အန်တီ့ကို ခေါ်လေ တူထူစားရအောင်ဟု ဆိုသည်။

'အမယ်လေး၊ နေပါသွားမခေါ်နဲ့။ ခုန ကျုပ်ကိုတောင် ဆူနေတာ ဘေးဖြစ်မယ့်အစာ ကျွေးလို့တဲ့။ မေမေက လက်ဖက်စားတာ မကြိုက်ဘူး။ ငါကတော့ လက်ဖက်က ငါ့အကြိုက်ဆုံး'

ထွေးက ရယ်မောလျက် လက်ဖက်တစ်ဇွန်းကို ခပ်စားလိုက်ရင်း ဟုတ်တယ် နင်နဲ့ငါ တူတယ်ဟု ဆိုသည်။

အပြင်ဘက်တွင်တော့ နိုးရာသီ နေ့ခင်းနေသည် သစ်ရွက်တို့ကို ပိုပြီးစိမ်းတောက်စေသလိုရှိသည်။ ထမင်းစားခန်းပြတင်းပေါက်ကနေ တိုက်ခတ်လာသောလေသည် စားပွဲခင်း ပလတ်စတစ်ကို အသံမြည်စွာ လှုပ်ခတ်သွား၏။

စားပွဲပေါ်က အကြမ်းပန်းကန်တွေထဲ ပယင်းရောင်ထနေသော ရေနွေးကြမ်းတို့ကို ငှဲ့ထည့်လိုက်ရင်း ထွေးရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

'ကဲ... ရှင်းစမ်းပါဦး နင့်ဒဿန'

'ဘာလဲ'

'သြော်... ခုန နင်ပြောလိုက်တာလေ၊ ဆန္ဒ မရှိတော့ အေးချမ်းတယ် ဆိုတာ'

ထွေးက ရေနွေးခွက်ကို သူ့ဘက် ဆွဲယူလိုက်ရင်း ဘာရယ်လို့ မဟုတ်ပါဘူးဟာ ငါ့ဘာသာ အတွေးပေါက်သွားတာပါဟု ဆိုသည်။

'ကဲ...ဒါဖြင့် တည့်တည့်ပဲ မေးတော့မယ်။ နင် ရန်ကုန်က အလုပ်ကို ဘာဖြစ်လို့ ထွက်ခဲ့တာလဲ'

ထွေးကကိုင်လက်စ လက်ဖက်ဇွန်းကို မချဘဲ ခပ်တွေတွေ ငိုင်နေသည်။ ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်ရင်း...

'ငါဘယ်လောက် ရည်ရွယ်ချက်ကြီးတယ်၊ ရိုးသားတဲ့နည်းနဲ့ ကိုယ့်ဘဝကိုယ် မြင့်မားတိုးတက်အောင် ကြိုးစားချင်စိတ် ရှိတယ်ဆိုတာ နင်အသိဆုံးပါ။ ဒါပေမဲ့ ခု ငါအားလုံးကို စွန့်လွှတ်ခဲ့ရပြီ။ ရှင်းရှင်းပြောရရင် ငါ ဒီမှာ မပျော်ဘူးစံပယ်။ ဒီအလုပ်မှာ ငါမပျော်ဘူး။ အင်မတန် တန်ဖိုးရှိတဲ့ အချိန်တွေကို ငုတ်တုတ်ထိုင်ဖြုန်းနေသလိုပဲ။ အဲလို ဆိုပြန်ရင်လည်း ငါက မိဘကျေးဇူးကို မသိတတ်တဲ့သမီး ဖြစ်ဦးမယ်။ နောက်ဆုံးတော့ ငါ့ဘာသာ ရွေးချယ်ဆုံးဖြတ်ပြီး ပြန်လာခဲ့တာပဲ။ ကိုယ့်ပေါ်ကို မလွှဲမသွေ ကျလာတဲ့ တာဝန်ကို ငါ ခေါင်းမလွှဲချင်ဘူး။ အဓိက,ကတော့ ဘဝမှာ နောင်တဆိုတာ မရှိချင်ဘူး။ အထူးသဖြင့် မိဘနဲ့ ပတ်သက်ပြီးပေါ့။ တစ်ခုတော့ ပြောရဲပါတယ်။ ဇာတ်လမ်းပမာတွေထဲက သမီးမျိုးနဲ့ ယှဉ်ရင်တော့ ငါ့စကားတွေဟာ နားထောင်ချင်စရာ မကောင်းအောင် ကြမ်းရှနေမှာတော့ အမှန်ပဲ'

စကားရှည်ကြီးကို အဆုံးသတ်လိုက်ပြီး ထွေးက လက်ဖက်ရည်ကြမ်း ငှဲ့သောက်နေသည်။

'အန်တီက အလုပ်ထွက်ခဲ့လို့ ပြောလို့လား'

'အဲလိုတော့ မပြောပါဘူး။ ထွက်တော့ ထွက်စေချင်တယ်။ ဒါပေမဲ့ မေမေကလည်း မာနကြီးတယ်။ ငါ့ကို ပြန်လာစေချင်တဲ့ စကားမျိုး မပြောဘူး။ ရတယ်ရတယ်နဲ့ တောက တူမဝမ်းကွဲလေး တစ်ယောက်ကို ခေါ်ထားတယ်။ ဒါပေမဲ့ ဘယ်ဖြစ်မလဲ။ လေဖြတ်ပြီး ပြန်ကောင်းခါစဆိုတော့ ဘေးမှာ လူတစ်ယောက်က အမြဲ လိုတယ်လေ၊ ပြီး ဘာပဲဖြစ်ဖြစ် သွေးရင်းထဲက တစ်ယောက်တော့ ရှိသင့်တာပေါ့ဟာ'

ကျွန်မ ထွေးမျက်နှာကို စူးစိုက်ကြည့်နေရင်း ဒါဆိုလည်း ဒီက အိမ်နဲ့ခြံရောင်းပြီး ရန်ကုန်မှာ ဝယ်ရင်ကောဟု ပြောမိသည်။ ထွေးက မေမေ့ကို ငါပြောဖူးပါတယ်။ ပထမတော့ စိတ်ဝင်စားသေးတယ်။ နောက်သူဝယ်မယ့် ရပ်ကွက် ဖျက်ရမလိုလိုဖြစ်တော့ လန့်ဖျပ်ပြီး နောက်တော့ ဘယ်လိုမှကို ပြောလို့ မရတော့ဘူးဟု ဆိုသည်။

'မဖြစ်ပါဘူးဟာ မေမေတို့က အသက်ကြီးပြီဆိုတော့သူ့ မွေးရပ်၊ သူ နေနေကျ ပတ်ဝန်းကျင်ကို ပိုပြီး တွယ်တာလာတယ်။ ပြီး ရန်ကုန်ရဲ့ အိမ်ဈေး မြေဈေးလည်း မကပ်နိုင်တော့ပါဘူး။

'နောက် မေမေ့ဘက်က ကြည့်တော့လည်း ဟုတ်တယ်။ ကိုယ်က မိသားစု အခြေအနေအရ မဝယ်မဖြစ်လို့ ဘိုးဘွားပိုင် မြေလေး ရောင်းချပြီး ဝယ်ရမှာ။ ဒါလေး ပျက်သွားပါပြီတဲ့ ဘဝ ပျက်ပြီပဲ။ ပြီး မေမေတို့က တိုက်ခန်းကျဉ်းကျဉ်းလေးနဲ့လည်း အဆင်ပြေမှာ မဟုတ်ဘူး။ တော်ကြာ ဒီရောက်မှ တစ်ခုခုဖြစ်သွားရင် ငါ့တစ်သက် စိတ်ဒဏ်ရာရသွားမယ်'

ထွေးက အဝေးကို အတန်ကြာ ငေးကြည့်နေသည်။

'ပညာတွေတတ်ပြီး ထက်မြက်ထူးချွန်သူတွေ နိုင်ငံခြားထွက်တာ ငါဘာမှ မဝေဖန်ချင်တော့ဘူး စံပယ်။ ခု ငါ့အခြေအနေပဲကြည့်လေ။ သေးငယ်တဲ့မြို့လေးမှာ ကိုယ့်ဘဝကို မြှုပ်နှံဖို့ထက် ကိုယ့်ဘဝတိုးတက်ဖို့ အခွင့်အလမ်းတွေများတဲ့ မြို့ကြီးပြကြီးမှာ ဘဝကို တည်ဆောက်ချင်တာပဲလေ။ ခုတော့လေ ငါ စိတ်လျှော့လိုက်ပါပြီ။ မေမေ စိတ်ချမ်းသာ အသက်ရှည်ဖို့ ငါ့ဘဝတိုးတက်မှုနဲ့ ကျေးဇူးဆပ်လိုက်တယ်လို့ သဘောထားလိုက်ပါတယ်။ တစ်ခါတစ်ခါတော့လည်း ကိုယ့်ဘဝကို စိတ်ဓာတ်ကျတယ်။ ကိုယ့်ပြိုင်ဘက်တွေ အောင်မြင်တိုးတက်သွားတဲ့ သတင်းကို ကြားရတဲ့အခါမျိုးမှာပေါ့'

'အဲလိုတော့လည်း မခံယူနဲ့ပေါ့ဟာ။ တကယ်တော့လည်း ဘဝမှာ တိုးတက်အောင်မြင်သူ ဖြစ်ဖို့ဆိုတာ လွယ်ပါတယ်၊ အဲဒီ အောင်မြင်မှုတွေကို စွန့်လွှတ်ရဲတဲ့ သတ္တိရှိဖို့သာ ခက်ခဲတာပါ။ ဒါနဲ့ နင့်အစ်ကိုနဲ့ ညီမကော ဘယ်မှာလဲ'

www.burmeseclassic.com

'အစ်ကိုကြီးက ဆရာဝန် ရန်ကုန်မှာ၊ အိမ်ထောင်လည်း ကျပြီ။ နွေးနွေးကတော့ ဌာနမှာ ဆရာမပြန်လုပ်နေတယ်၊ ပီအိတ်ချ်ဒီတက်ဖို့ လုပ်နေတယ်။ သူလည်း ရှေ့နှစ်ထဲ လက်ထပ်ဖြစ်မယ်ထင်တယ်။ အဲဒါပေါ့ဟာ မောင်နှမတွေထဲ ကိုယ်က အသုံးမကျဆုံးလို ဖြစ်နေတယ်။ အစ်ကိုကြီးကတော့ ထားပါ၊ ယောကျ်ားလေးဆိုတော့။ နွေးနွေးကျ မေမေကကို ပြန်မခေါ်ချင်တာ။ ဟိုးကတည်းကပါ။ နောက်ဆုံးတော့ ကိုယ်ပဲ ပြန်လာဖို့ မဲကျတာပေါ့။ နင့်ညီမလေးတွေကော ဘယ်အတန်းတွေ ရောက်ကုန်ပြီလဲ။ ကျောင်းပြီးကုန်ပြီပေါ့'

'သော်ဇင်က ခုနိုင်ငံခြားမှာ အလုပ်သွားလုပ်တာပေါ့ဟာ။ ငါ့အောက်က တစ်ယောက်လေ။ သူလည်း ဒီတစ်ခေါက် ပြန်လာရင် လက်ထပ်ဖို့ လုပ်နေတယ်။ နှင်းဆီကတော့ ခု ဆရာဝန်ဖြစ်သွားပြီ နယ်မှာ။ နောက်အငယ်မလေးက ခု နိုင်ငံခြားမှာ ကျောင်းတက်နေတယ်။ သူက စကော်လာ ပါသွားတာ'

'နှင်းဆီ…နှင်းဆီဆိုတာ ငါတို့ နောက်ဆုံးနှစ်မှာ ဆယ်တန်းအောင်သွားတဲ့ ကောင်မလေး မဟုတ်လား။ နင် နောက်ဆုံးနှစ်မှာ ကွာလီဖိုင်း(လ်)ဝင်တော့ နှင်းဆီက အမှတ်ကောင်းတယ်၊ ဆေးဝင်ချင်ဝင်မှာ ငါ ကျောင်းဆက်တက်လို့ မဖြစ်ဘူးဆိုတဲ့ စကား ငါ ခုထိ သတိရနေတုန်းပဲ'

ခုတော့လေ
ငါ
စိတ်လျှော့
လိုက်ပါပြီ
မေမေ
စိတ်ချမ်းသာ
အသက်ရှည်ဖို့
ငါ့ဘဝ
တိုးတက်မှုနဲ့
ကျေးဇူး
ဆပ်လိုက်တယ်လို့
သဘော
ထားလိုက်ပါတယ်
တစ်ခါ
တစ်ခါတော့လည်း
ကိုယ့်ဘဝကို
စိတ်မာတတ်ကျတယ်

ကျွန်မ သက်ပြင်းချလိုက်သည်။ ထွေးက အိမ်ထဲကို ဝေ့ဝဲကြည့်လိုက်ရင်း…

'ဒါဆို နင်လည်း ခုအိမ်မှာ တစ်ယောက်တည်းပေါ့'

ဟု ဆိုသည်။ ကျွန်မလည်း ခေါင်းညိတ်ပြလို့ ရယ်မောလိုက်ရင်း ဟုတ်တယ် ထွေးရေဟု ပြောမိသည်။

'အင်း… နင်နဲ့ငါ့ဘဝက အတူတူပါပဲ။ နောက်ဆုံးတော့ ကိုယ်တွေပဲ ကျန်ခဲ့တာ။ သူတို့တွေက ကိုယ့်ထက် မြင့်မားတိုးတက်တဲ့ ဘဝတွေကို ရသွားကြတယ်။ အဲဒီ့အတွက် နင် ဘယ်လိုခံစားရလဲ'

ကျွန်မ ထွေးမျက်နှာကို ငေးစိုက်ကြည့်လိုက်မိသည်။

ဘာပဲဖြစ်ဖြစ် ထွေးကို အေးချမ်းစေချင်ပါသည်။

'သပြေပန်း… စံပယ်ပန်း…ငွေပန်း'

'သမီးရေ… သပြေပန်းသည် ခေါ်လိုက်ပါဦးကွယ်။ ဘုရားပန်း လဲရအောင်'

အထဲက မေမေ့အသံကြောင့် ကျွန်မ အိမ်ရှေ့ခန်းဆီ ခပ်သွက်သွက် ထ,လိုက်သည်။ သပြေပန်း လာဦးဟေ့ဟု ကျွန်မအသံအဆုံး နောက်က ပါလာသည့် ထွေးက ဟဲ့… သပြေပန်းသည်တောင် လာပြီဆိုတော့ ဘယ်နှနာရီတောင် ရှိပြီလဲဟုဆိုကာ နာရီလှမ်းကြည့်သည်။

'လေးနာရီတောင် ထိုးတော့မယ်တော့။ သပြေပန်းက နင်တို့လမ်းထဲ ဝင်တာစောလိုက်တာ။ ငါတို့ဆီရောက်ရင် ခုနစ်နာရီပဲ'

'ဟုတ်တယ် ထွေးရဲ့၊ သူက တစ်မြို့လုံးကို လှည့်ရောင်းတာလေ၊ ဒီရပ်ကွက်က စ,ထွက်တာ'

အထဲဝင် ပိုက်ဆံပြန်ယူခိုက် မေမေက သမီးရေ တစ်လက်စတည်း ဟိုတစ်နေ့က မေမေရှာထားတဲ့ အင်္ကျီဖြူလေးတွေ ပေးလိုက်ပါဦးကွယ်ဟု ဆိုသည်။ မေမေပြောတာ ကြားသွားပုံရသည့် သပြေပန်းသည် ကောင်မလေးက အိမ်ကပြင်မှာ ပန်းတောင်းလေးကို တင်လိုက်ရင်း အားနာသလို ရယ်ပြသည်။ ထွေးက ဘေးမှာ… ရပ်ကြည့်နေသည်။

'မေမေ အင်္ကျီဆိုတာ… ဘယ်မှာလဲ။ သမီး ရှာ… မတွေ့ဘူး'

ကျွန်မ အသံ အဆုံး… ကောင်မလေးက နေပါ… ဆရာမရယ်၊ နောက်ကြုံမှ… ပါမယ် ဟု လှမ်းပြောသည်… မေမေက စိတ်မရှည်သလို… ထွက်လာရင်း ရှာနေသည်…

'ထွေးရေ… သူ… မိဘကို လုပ်ကျွေးနေတာ… သူ့အောက်က ကောင်မလေး… က အဝေးသင်တက်နေ… တယ်။ သူက အကြီးဆုံး… အဖေက ဆုံးသွားပြီ၊ မောင်နှမက ငါးယောက်လေ… အမေနဲ့ မိသားစုကို သူ… ရှာကျွေးနေရတာ။ စံပယ်… ဘွဲ့ရပြီး လုပ်အားပေး… တော့ သူ့ကို စာသင်ပေး… တယ်။ စာတော်ပါရဲ့… ကျောင်းထွက်လိုက်ရတာ'

'သြော်…'

ထွေးက ခေါင်းညိတ်… ကာ ပြုံးပြလိုက်ရင်း ဒီလို… ပေါ့၊ ကိုယ့်အကြောင်းကံ… ဖန်လာတော့ဟု ဆိုသည်… ပန်းသည် ကောင်မလေး… စံပယ်ပန်းတွေကို တဖျစ်ဖျစ်… ရိုက်စီနေရင်းက…

'ကိုယ့်ဘဝအကြောင်း… ကံ ဖန်လာတာလည်း တစ်… ပိုင်းပေါ့ အစ်မရယ်။ ဒါပေမဲ့… အဲလိုဖြစ်သွားတဲ့ အတွက်… ကိုယ့်ဘဝကို စိတ်မပျက်… ပါဘူးအစ်မ။ အမိကကတော့… ကိုယ့်တာဝန် ကိုယ်ကျေဖို့… မဟုတ်လား ဆရာမရယ်'

ကောင်မလေး… ကျွန်မဆီ တစ်ချက်ကြည့်… သူ့ စကားကို ဆက်သည်…



www.burmeseclassic.com

www.burmeseclassic.com

'ကိုယ့်ပခုံးပေါ်ကို ကျလာတဲ့ တာဝန်ကို သတ္တိကြောင်ပြီး မလွှဲချင်ပါဘူး။ အဲဒီ့အတွက် ဘာတွေ ဆုတ်ယုတ်သွားမလဲ၊ ဘာတွေ ပေးဆပ်လိုက်ရသလဲ မတွက်ချင်တော့ပါဘူး။ ခု ကျွန်မအောက်က တစ်ယောက်က ဆယ်တန်းအောင်ဆိုတော့ ရုံးမှာ နေ့စားရတယ်။ ရှေ့လျှောက် ဘွဲ့ရသွားရင် ရာထူးလေးလည်း တက်သွားမှာပဲ။ ဘာပြောပြော ခုနစ်တန်းနဲ့ ကျောင်းထွက်ခဲ့ရတဲ့ ကျွန်မထက်တော့ သူ့ဘဝမြင့်သွားမှာပေါ့။ ဒီအခြေအနေကို ကြည့်ပြီး ကျွန်မဘဝကို ကျွန်မ မကျေမနပ် မဖြစ်ပါဘူး။ နောက်ကလေးတွေကိုလည်း ကြိုးစားပြီး ကျောင်းထားဦးမှာပဲ။ အဆုံးကျ သူတို့အားလုံး ကျွန်မထက်တော့ မြင့်သွားကြမှာပဲ။ အဲဒီ့အတွက် ကျွန်မ ဝမ်းမနည်းပါဘူး။ တကယ်လို့ ရှေ့ဆုံးကသာ ကျွန်မ အနစ်နာမခံခဲ့ရင်၊ ကိုယ့်အတွက်ကိုယ်ပဲ ကြည့်ခဲ့ရင်သူတို့ဘဝ အဲလိုဖြစ်မလား။ မိသားစုတစ်စုမှာ အဓိက လူသားတစ်ယောက်အဖြစ် ပါဝင်ခဲ့ရတဲ့ ကျွန်မဘဝကို ကျွန်မ ကျေနပ်ပါတယ် အစ်မရယ်'

ကျွန်မ ထွေးကို လှည့်ကြည့်လိုက်မိသည်။ ထွေးက ခေါင်းငုံ့ကာ ငြိမ်သက်နေလျက်က ပန်းသည်ကောင်မလေးကို ငေးစိုက်ကြည့်လိုက်သည်။ မေမေ ပေးသည့် အင်္ကျီဖြူလေးတွေကို လက်လေးနှစ်ဖက်နှင့် လှမ်းယူရင်း ပန်းဖိုး မယူတာမို့ မေမေက အတင်းပေးနေသည်။ မေမေ့ကို ပြောမရသည့်အဆုံး ပန်းတွေ ပိုထည့်ပေးကာ အားလုံးကို နှုတ်ဆက်ပြီး ဆင်းသွားသည်။

'သမီးထွေး…ထမင်းစားပြီးမှ ပြန်နော်'

ထွေးက မေမေ့စကားကို ဘာမျှပြန်မပြောဘဲ မေမေ့ကို ပြုံးပြလိုက်ရင်း အသက်မဲ့သူလို ငြိမ်သက် ကျန်ရစ်သည်။

မေမေ မီးဖိုခန်းဆီ ဝင်သွားမှ ထွေးကို ကျွန်မ တစ်ချက်ကြည့်လိုက်သည်။

'ထွေး'

မော့ကြည့်လာသည့် ထွေးမျက်ဝန်းတို့ထဲ မျက်ရည်ကြည်တို့ဖြင့် လဲ့နေသည်။

'ခုနကောင်မလေး ပြောသွားတာ မှန်တယ် ထွေး။ ငါ့အမြင် ပြောရရင်လည်း မိသားစုတစ်စုပဲဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံပဲဖြစ်ဖြစ် ပြောင်းလဲတိုးတက်ဖို့ အဆင်ပြေဖို့ဆိုရင် လူတစ်ဦးတစ်ယောက်၊ ဒါမှမဟုတ် မျိုးဆက် တစ်ဆက်ဟာ ပုံမှန်အားဖြင့်တော့ အနစ်နာခံရလေ့ရှိတယ်။ ဘယ်လောက်ပဲ အဆင့်မြင့် ချမ်းသာတဲ့ မိသားစု ဖြစ်နေပါစေ ငါတို့ နင်တို့လို၊ ခုနကောင်မလေးတွေလို လူမျိုးတွေမရှိရင် ဘယ်လိုမှ အဆင်ပြေ စိတ်ချမ်းသာရမှာ မဟုတ်ဘူး။ ခုနင့်အခြေအနေကိုပဲ ကြည့်လေ။ ညီမက အလုပ်ထွက်လာနေဖို့ ဆိုတာလည်းမဖြစ်၊ အစ်ကိုကြီးဆိုတာက သာဝေးရော။ နင်သာ ခုလို မဆုံးဖြတ်ခဲ့ရင် သူတို့ ခုလို အဆင်ပြေပါ့မလား၊ နင့်အမေ ခုလို စိတ်ချမ်းသာမလား။ နောက်… နင်ကိုယ်တိုင်ရော ဘယ်လောက် တိုးတက်မြင့်မားတဲ့ ဘဝကို ရနေပါစေ လိပ်ပြာသန့်သန့်နဲ့ နေနိုင်မလား။ လောကကြီးရဲ့ တချို့ကိစ္စတွေဟာ မလွှဲမသွေကို ပေးဆပ်ရမှာတွေ၊ ပေးဆပ်ပြီးမှ နောက်တစ်ဆင့်ကို တက်နိုင်မှာမျိုးတွေ ရှိတတ်ပါတယ်။ဒါကြောင့်မို့ သူတို့သူတို့တစ်တွေရဲ့ ဘဝတွေ အဆင်ပြေစေဖို့ရာ အဓိကလူသားတစ်ဦး ဖြစ်ခဲ့တဲ့ နင်တို့ငါတို့တွေဟာ ပန်းသည် ကောင်မလေးလို ဂုဏ်ယူတတ်ရမယ် ထွေး'

အတန်ငယ် ဝေးကွာသွားပြီဖြစ်သည့် ပန်းသည်ကောင်မလေး ကျောပြင်ကို စူးစိုက် ငေးမောကြည့်နေဆဲဖြစ်သည့် ထွေးထံက ကျွန်မ အကြည့် လွှဲလိုက်မိသည်။

တကယ်တော့ ဘဝတစ်ခု၏ အနှစ်သာရသည် ဘာလဲ။

ကိုယ့်တာဝန်ကိုယ် ကျေဖို့နှင့် အခြေအနေအရ ဖန်တီးလာသော လျှောက်သင့်သည့် လမ်းကို သတ္တိရှိရှိ ရွေးချယ်လျှောက်လှမ်းရဲဖို့ပင်။ ထိုအတွက် လိပ်ပြာသန့်စွာ ဂုဏ်ယူတတ်သော စိတ်လေးကိုလည်း မွေးမြူထားရမည်။ ထိုစိတ်လေးသည်ပင် ရှေ့ဆက်လျှောက်လှမ်းရမည့် ကိုယ့်ဘဝ၏ အင်အားတစ်ခု ဖြစ်၏။

ထိုအင်အားလေးနှင့် ထွေးသည် ကိုယ့်ဘဝကိုယ် အေးချမ်းစွာ ဂုဏ်ယူတတ်ပါစေဟု ကျွန်မ ဆုတောင်းမိပါသည်။ ■

**နန်းကေရီရှင်**


ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
**E-mail:**
**nyeinfamily@gmail.com**




www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ဘက်စုံအလှူ(၁၃၁၀၀၀/ −)နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစွာချောင်
ဖုန်း၀၇၂-၂၂၀၃၄၊၀၇၂-၂၁၅၄၁၊၀၉-၆၄၆၁၆၉၉၊၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉-၉၁၀၂၃၇၈၈၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂-၃၉၇၃၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉-၇၃၂၀၂၈၁၀)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရုံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉-၅၁၅၂၂၇၇)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၂၀၀၃)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊၀၉-၇၃၀၇၂၄၉၂)

ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁-၅၁၉၅၀၉၊၀၉-၇၃၁၀၉၁၃၄)

ဒေါ်စန်းစန်းနိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ရိုးမြူရိပ်သာ၊ ရိုးမြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၀၂၂

ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁-၂၁၀၀၄၂၇၊၀၁-၂၁၀၀၄၂၈)

ကလျာမဂ္ဂဇင်းတိုက်(ဖုံးချိန်)(အမှတ် ၁၆-ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၁။ နာယက ဒေါ်ကျင်မြ(ရွှေငွေမြ ထာဝရငွေပင်အလှူရှင်)
၂၁.၁၁.၂၀၁၅ ကွယ်လွန်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုမှ လှူဒါန်းငွေ
(ဒေါ်ကျင်မြ စိုက်ထူထားငွေ ၁၀၅ သိန်းကို ထပ်မံဖြည့်တင်းစိုက်ထူလှူဒါန်းကြပါသည်။) ၁၀၀,၀၀,၀၀၀/-
အမှတ်(၇/ခ)မာလာမြိုင်လမ်း၊ ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်။ (သိန်းတစ်ရာ)

၂။ ဖေဖေ ဦးမောင်မောင်ပွဲအား ရည်စူး၍ မေမေ ဒေါ်ရီရီနှင့်
သားသမီးမြေးမြစ်မိသားစု ကောင်းမှု၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၅,၀၀,၀၀၀/- (ငါးသိန်း)

www.burmeseclassic.com

www.burmeseclassic.com

၃။ ဦးထွန်းမင်း+ဒေါ်နှင်းနှင်းဝေ၊ (သမီး)ဒေါက်တာ စန္ဒီထွန်းမင်း၊
(သား)ဒေါက်တာ လွင်ဒီအောင် (တော်ဝင်ရွှေဆိုင်) မိသားစု။
အမှတ်-၄၅၊ ၃၁ လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။ ၅,၀၀,၀၀၀/-
(၂၉ နှစ်မြောက် မင်္ဂလာအမှတ်တရ) (ငါးသိန်း)

၄။ ဦးမျိုးထွန်း(ခ)ဦးဗိုလ်ချုပ်အား ရည်စူး၍
ဒေါ်ကြည်ကြည်ခင်နှင့် သားသမီးမြေးမိသားစု။ ၁၀,၀၀,၀၀၀/-
အမှတ်-၂၃၊ ၁၀ လမ်း၊ လမ်းမတော်၊ ရန်ကုန်။ (ဆယ်သိန်း)

၅။ ကွယ်လွန်သူ အစ်ကိုကြီး ဗိုလ်နေဝင်း(ကြည်း/၁၁၄၃၂)အား ရည်စူး၍
ညီ၊ ညီမများ ဒေါ်စန်းစန်းဝင်း၊ ဦးရဲဝင်း၊ ဦးကျော်ဝင်း၊ ဒေါ်စုစုဝင်းတို့ကောင်းမှု။
အမှတ်-၉၃၊ ခွန်နီလမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ။
(၂၂-၁၁-၇၁ ကွယ်လွန်၊ ၄၄ နှစ်ပြည့် ထပ်မံလှူဒါန်းငွေ ၂ သိန်း၊ ၁၀,၀၀,၀၀၀/-
ယခင်က ၈ သိန်းလှူဒါန်းထားပြီး) (ဆယ်သိန်း)

၆။ မိဘများအား ရည်စူးအလှူ ၅,၀၀,၀၀၀/-
ဆရာလေး ဒေါ်ဥတ္တရဉာဏီ(I.M.C ရိပ်သာ)ကောင်းမှု။ (ငါးသိန်း)

၇။ ဦးတင်ငွေ+ ဒေါ်သန်းသန်းယု၊ (သားကြီး)နေလင်း၊ (သားငယ်)ကျော်ထက်လင်း၊ ၅,၀၀,၀၀၀/-
(သမီး)ခင်ယုတင် မိသားစု။ Assumption University, Bangkok, Thailand. (ငါးသိန်း)

၈။ တိုင်းအင်ဂျင်နီယာမှူးကြီး(ငြိမ်း) ဦးကျော်တင့်+ဒေါ်ခင်ညွန့်ဝေ၊
(သမီး)Dr.စောဝတ်မှုံ+ဗိုလ်မှူး Dr.ခိုင်ဇော်ဦး၊ (သား)Dr.လက်မွန်+မြန္မာညဏ်ထွန်း၊
(မြေး)Jamesမင်းခွန်စော မိသားစု။ အမှတ်(ခခ-၄/၉၀)၊ ၅၆ လမ်း၊ ကန်သာယာ၊ ၁၀,၀၀,၀၀၀/-
မန္တလေး။ (ယခင် ၅ သိန်း+ယခု ၅ သိန်း စိုက်ထူလှူဒါန်းသည်) (ဆယ်သိန်း)

၉။ ဦးကိုကိုထွေး+ဒေါ်ညိုညိုစိုး၊ (သမီး)စန္ဒီစိုးထွေး ၅,၀၀,၀၀၀/-
မိသားစု။ No. 9145, Avenue North, New Hope, MN-55427. U.S.A. (ငါးသိန်း)

၁၀။ ကွယ်လွန်သူ ခင်ပွန်း ဦးဘိုးစီနှင့်သားငယ် ဒု-ဗိုလ် အောင်ကိုကို (DSA-20)တို့အား
ရည်စူး၍ ဒေါ်ညွန့်ညွန့်ကြည်၊ (သမီး)Dr.မေလလင်း ကောင်းမှု။
အမှတ်-၁၁၊ အင်းလျားမြိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်။ ၂၆,၀၀,၀၀၀/-
(ယခင် သိန်း ၂၀+ ယခု ၆ သိန်းထပ်မံစိုက်ထူ လှူဒါန်းသည်) (နှစ်ဆယ့်ခြောက်သိန်း)

၁၁။ (ဦးယုရင်)+ဒေါ်ခင်အေး မိသားစု(ရွှေလသာကုန်စည်ပို့ဆောင်ရေး) ၅,၀၀,၀၀၀/-
အမှတ်-ခ/၁၁၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရန်ကုန်။ (ငါးသိန်း)

၁၂။ (ဦးရှိန်မြင့်)+သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ ဒေါ်ခင်သန်းမြင့်၊
ပပဝင်းရတနာ၊ ဂုဏ်ရှိန်မြင့် မိသားစု။
အမှတ်-၉၈၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း၊ ရန်ကုန်။
(စိန်ရတုမွေးနေ့အလှူ)
(ယခင် ၂၅ သိန်း+ ယခု ၁၀ သိန်း ထပ်မံစိုက်ထူလှူဒါန်းသည်) ၃၅,၀၀,၀၀၀/-
(သုံးဆယ့်ငါးသိန်း)

၁၃။ မိဘများဖြစ်သော ဦးတင်မောင်+ဒေါ်ခင်ညွန့်တို့အား ရည်စူး၍
ဆရာလေး ဒေါ်သုဇာဂရန္တီနှင့် မောင်၊ ညီမမိသားစု။
အမှတ်-၄၅(သဇင်မြိုင်)၊ တေးနယဉ်လမ်းသွယ်၊ ၇ မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်း။ ၉,၀၀,၀၀၀/-
(ယခင် ၈ သိန်း+ ယခု တစ်သိန်း ထပ်မံစိုက်ထူလှူဒါန်းသည်။) (ကိုးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

# ရေမင်လယ်ပြာ

ရဲရွှေး

မြေလွှာနက်နက်သို့
ထိုးဖောက်ချင်နေသည်။
အဆီအနှစ်များ
ပြည့်တင်းစွာ
ရရှင်မိသော်လည်း
ဆက်လက်ထိုးဖောက်စရာ
အင်အားများ မရှိတော့။
အခက်များသည်
အပြိုင်းပြိုင်းဖြစ်လျက်၊
မောနေကြပြီ။
အစာကွင်းဆက်သည်
ပျက်စီးသွားခဲ့ပြီ။
သေဆုံးရတော့မည်လား။
လောကစံက
ဒီလောက်တောင်
ကြမ်းတမ်းလိုက်မည်ဟု
မထင်မိခဲ့။
မွေးဖွားပြီးသည်မှစ၍
ရှန်းကန်နေရင်းနှင့်သာ
အချိန်ကုန်ခဲ့သည်။
လရောင်ညများကို
ခံစားငေးမောနေရန်
အချိန်မရှိခဲ့။ အစုတော့
ကိုယ်စီဒဏ်ရာများဖြင့်
ငြိမ်ကုပ်စွာ။
'ရေတွေ ရေတွေ…
ငါ…ငါ…ရေလိုတယ်'
'ငါ အာဟာရ
မရတာ ကြာနေပြီ'
'လုပ်ကြပါဦးရှင်၊
ရေ မရလို့
ကျွန်မ မီးလို ပူနေပြီ'

ညည်းတွား
အော်ဟစ်နေကြသည်။
အချင်းချင်း
ဖေးမကူညီနိုင်ခြင်းလည်း
မရှိတော့။
အရွယ်မရောက်ဘဲ
သေဆုံးရတော့မည်သာ
ကြောက်လန့်နေကြသည်။
ဆိုးလိုက်သည့်ဘဝ။
လောကကို ဘာမျှ
ကောင်းကျိုး မပြုရဘဲ
လောကထဲမှ
ထွက်ခွာရတော့မည်။
'သေတော့မှာပဲ
သနားစရာ ဘဝပါလား'
အသံနက်ကြီးက
အနားမှ ထွက်လာသည်။
ရုပ်ဆိုးသော
အကောင်တစ်ကောင်။
မဟုတ်။ ရုပ်ဆိုးသော
အပင်တစ်ပင်။
ဆူးတက်များက
သူ့ လုံးပတ်ကို ဝန်းရံလျက်။
တုတ်ခိုင်နေသော
လုံးပတ်ကြောင့် သူ့မှာ
ဂုဏ်ယူမဆုံး
ဖြစ်နေပုံပေါ်သည်။
သူတစ်ပါး
ဒုက္ခရောက်နေသည်ကို
အရသာခံ
စောင့်ကြည့်နေသည်။

ချက်ချင်းပင် သိမ်ငယ်စိတ်
ဝင်သွားသည်။
ရှက်လည်း ရှက်သည်။
သူ့ကျ ဘာကြောင့်
ခံနိုင်ရည် ရှိရသလဲ။
'ငါက ကစ်ထွ
နေရောင်ခြည်က
ငါ့သူငယ်ချင်း။
ဒါနဲ့ မင်းတို
သူငယ်ချင်းကြီးရော
ပေါ်မလာတော့ပါလား'
သူပြောမှ သတိရမိသည်။
မိုး။ မိုး ဘယ်မှာလဲ။
ဘာကြောင့်
ရောက်မလာတာလဲ။
ပြီးခဲ့သောနှစ်ကို
သတိရမိသည်။
ချစ်သူမိုးက
ရောက်လာခဲ့ပုံများ။
အဲဒီတုန်းက
ငယ်သေးသည်။
ချစ်သူကြောင့် အရွက်များ
စိမ်းစိုခဲ့ရသည်။
အမြစ်များသည် မိုးချိန်
သောက်ကြ[illegible]
[illegible]
ပင်စည်များ[illegible]
အခ[illegible]
မိုးရေစက်များကို
စနစ်[illegible]
သို့လှောင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ သိမ်းဆည်းထားသမျှ အကုန်ထုတ်သုံးလိုက်ရပြီ။ ချစ်သူ မလာသည်လည်း ကြာပြီ။ ရေတစ်စက်ပင် မကျန်ချင်တော့။ သူဘာကြောင့် နောက်ကျနေရသလဲ။ အသံမလာ သတင်းမကြား၊ ပြင်းသော နေရောင်ခြည်များသာ သူ့အစား စေလွှတ်နေသလား။ ရက်စက်လိုက်လေခြင်း။

'ငါ တောင့်မခံနိုင်တော့ဘူး ထင်တယ်'

'ငါရောပဲ'

'နေရောင်ခြည်က ငါ့ကို ပိုပြီး အားနည်းစေတယ်၊ မောလိုက်တာ'

ညည်းတွားသံများသာ ပြင်းသထက် ပြင်းလာသည်။ ရှိနေသော အရွက်များက ရေတွက်၍ ရနေပြီ။ ပြောရင်းဆိုရင်း အရွက်တစ်ရွက်က ပြုတ်ထွက်သွားသည်။ မာသော မြေကြီးပေါ်သို့ ကျသွားသော အရွက်ကလေးမှာ နောက်ဆုံးအချိန်အထိ မူလပင်စည်ကို ငေးကြည့်လျက်။

'အားတင်းထားကြပါရင်၊ အားတင်းထားစမ်းပါ၊ တို့အသက်က ကြီးလှသေးတာမဟုတ်ဘူး။ သမီးကလေးတစ်ယောက် မွေးချင်သေးတယ်'

ပင်စည်မှ အသံတုန်တုန် ထွက်လာသည်။ ကျန်အစိတ်အပိုင်းများမှာ အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားကြသည်။ ဟုတ်သည်။

သမီးကလေး။ သမီးကလေးဆိုသော စကားကြောင့် သူတို့အာရုံတွင် တစ်ချက် လင်းလက်သွားသည်။ အလွန်လှပသော သမီးကလေးတစ်ယောက်တော့ မွေးလိုက်ချင်ကြသည်။ မနှစ်ကလည်း စိတ်ကူးယဉ်ခဲ့ဖူးသည်။ အားအင် မလုံလောက်ခဲ့။

သူတို့ ပြန်လည် အားတင်းထားကြသည်။ သမီးတစ်ယောက်ရဖို့ ကြိုးစားရဦးမည်။ အားလျှော့ထား၍ မဖြစ်။ အမြစ်များမှာ ရှိသမျှအင်အားများဖြင့် မြေလွှာကို ထိုးဖောက်လိုက်ကြသည်။ ရေဓာတ် အနည်းငယ်ကို ရခဲ့ပြီ။ သူ ကြိုးစားရှာသည်။

'ရှိတာလေးနဲ့ အစာချက်ကြပါဦးရှင်၊ ငေးငေးငိုင်ငိုင် မနေကြပါနဲ့။ နေရောင်ခြည်တွေကို အသုံးချလိုက်စမ်းပါ'

အရွက်ကလေးများမှာ လှုပ်ခတ်လာကြသည်။ နေရောင်ခြည်ကို ပူစရာမလို။ အားကောင်းကောင်းနှင့် ဖြာကျနေသော နေရောင်ခြည်ကို အသုံးချ၍ ကလိုရိုဖီးနှင့် အစာချက်တော့သည်။

ရှိသမျှနှင့် ရောင့်ရဲကာ အသက်ဆက်ကြသည်။ ဘေးပတ်ဝန်းကျင်မှ အပင်များမှ သေအံ့ဆဲဆဲ သူတို့ကို ငေးကြည့်လျက်။ ဘယ်တော့သေမလဲဟု စောင့်မျှော်ကြလျက်။ လုံးပတ်ကြီးသော ကစ်မှာ သူတို့ ရှန်းကုန်နေမှုများကို ဟားတိုက် ရယ်မောနေသည်။

သူတို့ ကံကောင်းသွားသည်။ နောက်နှစ်ရက်ခန့် ကြာပြီးနောက် မြောက်ဘက်ကမ်းမှ လျှပ်စီးလက်သည်ကို မြင်လိုက်ရသည်။ ပထမတွင် သူတို့ မယုံ။ ချစ်သူမိုးသည် အမှန်တကယ် ရောက်လာခဲ့ပြီလား။

'မိုးပြေးကြီးပါကွာ၊ အသုံးမကျပါဘူး'

ကစ်မှာ မလိုတမာအသံဖြင့် ပြောသည်။ သို့သော် မိုးက အမှန်တကယ် လာနေပြီ။ ပျော်ရွှင်မြူးထူးဖွယ် အသံများဖြင့် ပြေး၍ ရောက်လာသည်။ သူတို့ ပျော်ကြလေပြီ။ အမြစ်များမှာ အသင့်အနေအထားပြင်လျက်။

ချစ်သူမိုးမှာ အားပါးတရ သည်းချလိုက်သည်။ သစ်ရွက်များသည် မိုးစက်နှင့် က,ခုန်၍။ အမြစ်၊ ပင်စည်နှင့် အကိုင်းအခက်များမှာ ချက်ချင်းပင် အလုပ်ရှုပ်သွားသည်။

နောက်တစ်နေ့တွင် ရွက်နုများ ထွက်လာသည်။ အကိုင်းအခက်တို့တွင် စိမ်းနုရောင်ရှိသော အတက်ကလေးများ။ အမြစ်နှင့် ပင်စည်တို့မှာ ရပ်တန့်မသွား။ သမီးကလေးတစ်ယောက် ရရန်သာ အာရုံစိုက်နေကြလျက်။

သူတို့၏ မျှော်လင့်ချက်ကို ဘေးပတ်ဝန်းကျင်မှ သိသွားအခါ ရယ်သွမ်းသွေး၍ မဆုံးနိုင်တော့။ တိုးတိုးတစ်လှည့်၊ ကျယ်ကျယ် တစ်ခါ အတင်းစကား ဆိုကြသည်။

'တော်တော် ရူးမိုက်ပြီး ဆင်ခြင်တုံတရားမရှိတဲ့ အပင်ပဲ။ ကြားလို့မှ ကောင်းကြသေးရဲ့လား။ ပန်းအိုးနဲ့ မနေရဘဲ ခြံစည်းရိုးအပြင်မှာ အလေ့ကျပေါက်တဲ့ အရိုင်းပင်က သမီးတစ်ယောက် လိုချင်သတဲ့'

'မျိုးနွယ်က မြက်ရိုင်းသာသာလောက်ပဲရှိတာ။ ဘယ်လိုလုပ် ပန်းပွင့်နိုင်မလဲ'

'အေးလေ၊ ကိုယ့်ကိုယ်ကို အမြဲလို့ အမြဲမှန်းမသိ[illegible] ထားလိုက်စမ်းပါအေ[illegible] နောက်မှ ကိုယ့်ဘဝကိုယ် သိလာလိမ့်မယ်'

ပြောနေကြသမျှကို သူတို့ဝမ်းနည်းမနေကြ။ သူတို့ ဆက်လက် ကြိုးစားကြသည်။

နောက်ဆုံးတွင် သူတို့ ကြိုးစားမှုသည် အရာထင်ခဲ့လေပြီ။ ကိုယ်တိုင် အံ့ဩမိသည်။ ကံကြမ္မာသည် သူတို့ဘက် လှည့်လာခဲ့ပြီလား။ မျှော်လင့်တောင့်တနေသော အရာသည် ရောက်လာခဲ့ပြီ။ သူတို့မှာ ဝမ်းသာမဆုံး[illegible] အပင်တစ်ပင် ဖြစ်ရကျိုးနပ်ပြီ။ လောကကို အလှဆင်မည့် သမီးကလေးတစ်ယောက်ကို စတင် မွေးဖွားခဲ့နိုင်ပြီ။ ထိပ်ဖျားရှိ အရွက်နှစ်ရွက်ကြားမှ သန္ဓေသား သမီးကလေးကို သဘာဝတရားက လက်ဆောင်ပေးလိုက်ပြီ။ ဘဝတစ်လျှောက်လုံး ရုန်းကန်ကြိုးစားရသည်နှင့် ထိုက်တန်သော ဆုလာဘ်တစ်ခုပင်။

'ငါတို့ကွ၊ ငါတို့ လုပ်နိုင်ပြီ'

ကြုံးဝါးလိုက်သံများတွင် ကြွားဝါလိုသံများလည်း ပါနေသည်။ အမြုဘဝဟု စွပ်စွဲခဲ့ကြသည်ကို ချေဖျက်နိုင်ခဲ့ပြီ။ ဝမ်းမြောက်ဝမ်းသာဖြစ်မှုသည် အလိမ့်လိမ့်တက်လျက်။

'ကိုယ့်သမီးကိုလည်း ကိုယ်ကြည့်ပါဦး၊ အရွယ်က မရောက်သေးဘူး အပွင့်ဘဝနဲ့တောင် အိုစာကျနေပြီ။ ရုပ်က ရှုတ်တွနေတာပဲ'

ကစ်မှာ ပြောပြန်ပြီ။ ပြန်မပြောသာ။ သမီးလေးမှာ



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ်ပင် နုပျိုမှုများ ပျောက်နေသည်။ အင်္ဂကလေးမှာ တွန့်လိမ်နေလျက်။ ပွင့်ဖတ်နုက အရောင်ညစ်ညစ်။ တကယ်ဆို ဝါတောက်နေရမည်။ ဘာကြောင့်များပါလိမ့်ဟု စဉ်းစားနေရပြီ။ အာဟာရ မလုံလောက်လို့များလား။ ဒါမှမဟုတ် မွေးရာပါ မျိုးရိုးဗီဇကြောင့်လား။ ဤသို့ဆိုလျှင် ဝမ်းနည်းရလွန်း၍ ဆုံးမည်မထင်။ ကစ်မှာတော့ ဖီအားပေး၍ မဆုံး။ တစ်နေ့တစ်နေ့ သမီးကလေး ရုပ်ဆိုးကြောင်းသာ ဘေးပတ်ဝန်းကျင်ကို အော်ပြောနေမြဲ။

'မျိုးစေ့ မမှန် တော့ အပင်မသန်ရုံတင်မကဘူး၊ အပွင့်တောင် မသန့်စွမ်းတော့ဘူး။

'အဲသလောက် ရုပ်ဆိုးတဲ့ ပန်းမျိုးကို ငါ့တစ်သက် တွေ့ မတွေ့ဖူးပေါင်'

မခံချင်စိတ်ကြောင့် သူတို့မှာ ဒေါသ တဖျဉ်းဖျဉ်းဖြစ်နေကြလျက်။ နောက်ဆုံးတွင် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြသည်။ သူတို့ ညီညွတ်စွာ ဆုံးဖြတ်ချက်ချကြသည်။ သမီးကလေးအတွက် နှစ်ဆတိုး၍ အလုပ်လုပ်ကြမည်။

တစ်နေ့တစ်နေ့ အရွက်များမှာ ကြိုးစားကြလျက်။ သမီးကလေး၏ ဘေးနှစ်ဖက်တွင် ရှိနေသော အရွက်နှစ်ခုမှာ သမီးကလေးအတွက် ကိုယ်ရံတော်များအဖြစ် တာဝန်ယူကြသည်။ နုထွေးသော သမီးကလေး၏ ပွင့်ဖတ်များကို ကိုက်ဖျက်စားသောက်ချင်သော ပိုးကောင်များရန်မှ ကာကွယ်သည်။ သူတို့၏ သမီးကလေးကို မည်သူမျှထိသည်ကို မကြိုက်ချင်ကြ။

အမြစ်များမှာ မမောမပန်း အလုပ်လုပ်ဆုံးပင်။ ရေဓာတ်နှင့် မြေဆီဓာတ်ကို အချိုးကျ ရောစပ်၍ အာဟာရကို မပြတ် ပေးပို့နေသည်။ သမီးကလေးကို ချစ်စိတ်ဖြင့် အားလုံးမှာ မနားမနေ အလုပ်လုပ်ကြသည်။ သမီးကလေး အခြေအနေ နဂိုထက် ကောင်းလာသည်ကို တွေ့ကြရသောအခါ သူတို့မှာ အားတက်နေကြလျက်။

ပွင့်ဖတ်များက တဖြည်းဖြည်း အာထွက်လာကြပြီ။ အရောင်ညစ်ညစ် မဟုတ်တော့။ ရေဓာတ်ကို မပြတ်ရ၍လန်းဆန်းနေသည်။ ရိုးတံကလေးက စိမ်းစိုတောက်ပနေသည်။ အဝါရောင် ပန်းတစ်ပွင့်ဖြစ်တော့မည်။ ကစ်မှာတော့ တဖြည်းဖြည်း လှပလာသော သမီးကလေးကို ကြည့်၍ မျိုးစပ်ပိတ်သွားခဲ့သည်။ အရောင်နွမ်းနွမ်းနှင့် သူ့ပန်းများကို ရှက်၍ထင်သည်။ မျက်နှာကလေး ဝှက်၍သာ နေတော့သည်။

မကြာမီပင် သမီးကလေး ခေါင်းမော့လာနိုင်ပြီ။ နေရောင်ခြည်ဒဏ်ကို ခံနိုင်လာသည်။ အောက်မှ အစိတ်အပိုင်းများမှာ သမီးကလေးကို ပို၍ ချစ်မဝ ဖြစ်လာခဲ့ပြီ။

လသာသာ တစ်ညတွင် သမီးကလေး အရွယ်ရောက်သွားသည်။ ရှိသမျှ ပွင့်ဖတ်များက နေရာတကျ ပွင့်ထွက်လာကြပြီ။ လှပသော ပန်းတစ်ပွင့် အမှန်တကယ် ဖြစ်လာသည်။ မူလပင်စည်နှင့် အကိုင်းအခက်များမှာ သမီးကလေးကို အရိပ်တကြည့်ကြည့် စောင့်ကြည့်နေကြလျက်။

'မေ ဘယ်ရောက်နေလဲဟင်။ နောက်ပြီး မေက ဘာလဲဟင်'

ချိုသာသော သမီးလေး၏ ပထမဆုံး စကားသံကို ကြားသောအခါ သူတို့မှာ ရူးမတတ် ဝမ်းမြောက်နေကြသည်။ အကိုင်းအခက်တို့သည် ညပုံပြင်များကို ပြောပြကြသည်။ သမီးကလေးမှာ အံ့သြစွာ ငေးမောလျက်။ လရောင်အောက်တွင် သမီးကလေး၏ မျက်နှာမှာ လန်းဆန်းစွာ နုပျိုနေသည်။

နေ့ခင်းများတွင် လိပ်ပြာများသည် သမီးဘေးတွင် ဝိုင်းဝိုင်းလည်နေသောအခါ သူတို့မှာ ဂုဏ်ယူမဆုံးပင်။ ချစ်သမီးကြောင့် ဂုဏ်တက်ခဲ့ရပြီ။ ဘေးပတ်ဝန်းကျင်မှ ကြီးကြီးငယ်ငယ် သစ်ပင်များမှာ သူတို့ကို အားကျနေကြသည်။ သမီးကလေးကို မြတ်သော ပန်းကလေးတစ်ပွင့်ဟု သတ်မှတ်လာကြပြီ။

အမြစ်များသည် မြေလွှာတွင် ရှိရှိသမျှ အာဟာရဓာတ်များကို ထုတ်ယူနေသည်။ သမီးကလေး လှပနေစေရေးသည် သူတို့ ရည်မှန်းချက်ပင်။ အချို့အရွက်များ အစာမစားရပါ။

အလှဆုံး အချိန်သို့ ရောက်လာခဲ့ပြီ။ ပန်းပျို၏ ပွင့်ဖတ်များမှာ တက်နေရောင်အောက်တွင် တောက်ပနေကြသည်။ အဝါရောင် ပွင့်ဖတ်များမှာ ရွှေဝါရောင် အသွေးကဲ့သို့ ဖြစ်လာသည်။

ထိုနေ့မနက်တွင်ပင် ဖြစ်သည်။ သစ်စိမ်းရောင် ဖိနပ်တစ်ရန်သည် ပင်စည်နားသို့ ရောက်လာခဲ့သည်။ ခြံစည်းရိုး၏ အတွင်းဘက်မှ ဖိနပ်ပိုင်ရှင်သည် အပြင်ဘက်မှ ပန်းပွင့်ပျိုကို ငုံ့ကြည့်လျက်။

'ဒီလို အပင်မျိုးက ဒီလို ပန်းမျိုး ပွင့်တယ်ဆိုတာ မယုံနိုင်စရာဘဲ။ လှလိုက်တာ၊ ချစ်လေးကိုသာ ပေးပန်လိုက်ရင်တော့…'

လက်အစုံသည် ရိုးတံပေါ်သို့ ရောက်လာသည်။ သမီးကလေး အပါအဝင် အပင်၏ အစိတ်အပိုင်း အားလုံးမှာ အော်ဟစ်လိုက်ကြသည်။

မကြားရ။ ပန်းခူးသူမှာ ရိုးတံကို ချိုးချလိုက်သည်။ ပန်းပွင့်ပျိုမှာ သူ့လက်ထဲသို့ ရောက်သွားလေပြီ။ ကျန်ရစ်ခဲ့သော ရိုးတံအငုတ်ကလေးမှာ တဆတ်ဆတ်တုန်လျက်။ အားကုန်ညှစ်၍ အော်လိုက်သော ပန်းပွင့်ပျို၏ အော်သံကို နောက်ဆုံး ကြားလိုက်ရသည်။ သူတို့ အသည်းများမှာ ပေါက်ကွဲသွားလုမတတ်။

ရေတစ်ခွက်ပင် မလောင်းဘဲ၊ မြေဆီသြဇာ တစ်စက်ပင် မကျွေးဘဲ ပန်းကလေးကို သူ ခူးသွားခဲ့ပြီ။ စည်းချက်ကျကျ မြည်နေသော ဖိနပ်သံသည် အပင်နှင့် ဝေးသထက် ဝေးသွားသောအခါ သနားစဖွယ် အပင်မှာ ငိုယိုလျက်။

အပင်၏ အစိတ်အပိုင်းများ အားလုံးမှာ ထိုအချိန်မှစ၍ အလုပ်လုပ်ခြင်း မရှိကြတော့ပေ။

■

**နှေ၊ပင်လယ်ပြာ**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

၁။

'နှင်း×× ငွေရောင်ဖြူလွ××× တူစွသဏ္ဍာန်ပေ×××
ငွေရည်ပုလဲဥတို့××× စုကာဖျန်းလို့×××လန်းဆန်း
စိုပြည်××× နှင်းတွေဝေကျ××× ဆောင်းပေါ်မန္တ×××'

ဒီဇင်ဘာ အားကစားလဖြစ်တာက တစ်ကြောင်း၊ ဇန်နဝါရီ လွတ်လပ်ရေးနေ့ ပြေးပွဲပြိုင်ပွဲတွေက နောက်ဆက်တွဲလာဦးမှာတစ်ကြောင်းတို့ကြောင့် လမ်းတကာ၊ ရပ်ရွာတကာ၊ မြို့တကာ၊ စည်းအပြင် လွှင့်သွားသော ခြင်းလုံးကိုစောင့်ရင်း ကစားပွဲ ခေတ္တရပ်ခိုက် မာကျောကျယ်လောင်သော အသံတစ်သံထွက်လာသည်။ ပိုက်ခေါင်းကြိုးထိပ် ခုံအမြင့်မှာ ထိုင်နေသူ ဒိုင်လူကြီးက ကိုက်ထားသောဝီစီ(ခရာ)ကို ပါးစပ်က ဖြုတ်ရင်း...။

'ကျွန်တော် စိုက်တာ ဥက္ကဋ္ဌကြီး၊ ဘာဖြစ်လို့လဲ'

'ဩော် မင်းလက်ချက်ကိုး၊ ဒီမှာ ကြည့်ပါဦး'

ဥက္ကဋ္ဌကြီး အခေါ်ခံရသူကား ရိုက်ထားသော ငုတ်ကို လက်ညှိုးညွှန်ပြသည်။ ခုံအမြင့်ပေါ်က ဒိုင်လူကြီးရော၊ ဝိုင်းအုံ



# ချိုလေတဲ့ ချိုလေ ကောင်းကျိုးတွေများ

တိုင်းနယ်ပြည်နယ်တကာ အားကစားပြိုင်ပွဲတွေက ခြိမ့်ခြိမ့်သဲသဲ။ သူ့အထာနှင့်၊ သူ့အထွာနှင့် အုန်းခြိမ်းကြွေးညံ နဘန်ရိုက်ဟည်းလျက်တည်း။ လွတ်လပ်ရေးရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်းလူငယ်များ၏ ပိုက်ကျော်ခြင်းပြိုင်ပွဲကြီး။ တစ်သင်းနှင့်တစ်သင်း ဗိုလ်လုပွဲတက်ဖို့ အကြိတ်အနယ်အားပေးသော ပရိသတ်ကြီးကလည်း လမ်းလုံးပြည့်။

'ဟေ့ ဒီတိုင်ငုတ်ကို ဘယ်သူစိုက်သလဲကွ'

'တစ်ညဥ့်လုံး နိုးနိုးကြွားကြွား
တက်တက်ကြွကြွ ခေတ်ဩနေပါလျက်
ဘယ့်နှယ်ကြောင့် ကကျိုးကကျဲ
လူကလေး နည်းနည်းနှင့်
ရှက်စရာလိုလိုပါတကား

www.burmeseclassic.com

နေသောပရိသတ်ပါ ဘာကမှ မထူးခြားသလို အမူအရာများနှင့် ဥက္ကဋ္ဌကြီးကို ပြန်ကြည့်သည်။

'ဘာဖြစ်နေလို့လဲဗျ' ဒိုင်လူကြီးက အရေးမပါသည်ကို အရာလုပ်ရန်ကောဟူသော ပမာမခန့်ပုံ ပေါက်လာသည်။

ဥက္ကဋ္ဌကြီးက ပိုက်ကျော်ခြင်း ပိုက်ခေါင်းကြိုးတင်းအောင် ဆွဲထားသော တိုင်ငုတ်ကို ဆွဲလှုပ်ရင်း တိုင်ငုပ်ထိပ်မှာ ထိုးထိုးထောင်ထောင် ထွက်နေသော သစ်ရွက်ကလေးများကို ကိုင်ဆုပ်ပြသည်။ ဒေါသဖွဲ့ချည်ထားသောဥက္ကဋ္ဌကြီး၏အသံကား တုန်ယင်နေသည်။

'ဒီလမ်းမှာ နေ့နေ့မိုးမိုး ခိုစရာအရိပ်အာဝါသ မရှိလို့ အရိပ်အပင်ရအောင် ဘယ်လောက်ဆည်းဆည်းပူးပူး လုပ်ထားရသလဲ။ အခုမှ အားမွေးမယ် ကြံခါရှိသေး၊ အဲဒီ ပိတောက်ပင်ပေါက်ကို မင်းတို့မို့ ရက်ရက်စက်စက်ချိုးပြီး ဒီတိုင်ငုတ်လုပ်တယ်။ မသကာ လိုအပ်ရင် အခြားသစ်ဝါးရှာပေးမှာပေါ့။ ခုတော့… ကွာ။ ဟင်း…'

ဒီတော့မှ ပရိသတ်က ဟုတ်ပေသားပဲဟု ဥက္ကဋ္ဌကြီးကို ထောက်ခံမဲတွေ ပြိုဆင်းသွားသည်။ ခုံအမြင့်ပေါ်က ဝီစီခဲထားသော ပုဂ္ဂိုလ်ကမူ-

'ဥက္ကဋ္ဌကြီးတို့အလုပ်ကို ကျွန်တော်က အကောင်အထည်ဖော်ပေးရတာလေ။ မလုပ်နဲ့ဆို မလုပ်ဘဲနေရုံပေါ့၊ အနေသာကြီးဗျ။ ပြည်သူ့ကျန်းမာရေးအဆင့်အတန်း မြင့်မားဖို့ အားကစားနဲ့ မြှင့်တင်ဖို့ဆိုရင်တော့ ပိတောက်ပင်ကြီးလည်း လှဲသင့်လှဲရမယ်၊ ပိတောက်ကိုင်းဆိုတာတော့ စကားထဲ ထည့်ပြောမနေတော့ဘူး။ ကဲ ကစားသမားတွေ ပြန်စမယ်၊ နေရာယူ။ ရှီး… ရှီး… ရှီး…'

ဒိုင်လူကြီးက ဒိုင်လူကြီး ဝီပီ ဝီစီသံတုတ်၍ အနိုင်ပိုင်းလိုက်သောကြောင့် ဥက္ကဋ္ဌကြီးမှာ ကတုံးကေဆံပင်ထောင်မတတ် ဒေါသတွေထွက်ပြီး 'ကောင်းကွာ… ကောင်းကွာ'ဟု အံကြိတ်ပြောရင်း ကစားကွင်းအပါးမှ ဖိန့်ဖောင်းတိုက် ထွက်သွားလေ၏။

❑

၂။

ကျွန်တော်တို့ဆီမှာ ဒီဓလေ့၊ ဒီအမူအရာတွေ ပွားစည်းခဲ့သည်မှာ ကြာလှရော့မည်။ သမိုင်းကြောင်းလှန်ပြီး သုတေသနပင်ပြုသင့်လှသည်။

သိမီလိုက်သော လွန်ခဲ့သည့် အနှစ် သုံးဆယ်ကျော်ကိုပင် ပြန်ကောက်ရပေမည်။

ဟော ကြည့်ပါဦး။

ရန်ကုန်မြို့လယ်ကောင် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းမကြီးသည် ဒီဇင်ဘာ အားကစားလ တနင်္ဂနွေ မနက်ခင်း၏ ပြိုင်ဘက်ကင်း အားကစားကွင်းကြီး ဖြစ်နေပါတော့သည်။ ဒဗလျူဘောမှသည် ပြေးခုန်ပစ်ပြိုင်ပွဲများအထိ ဒီနေရာတစ်ဝိုက်မှာ ဝက်ဝက်ကွဲ စည်ကားမြဲ။

နို့နေပါဦး။ ဟိုးနိုး၊ ဘတ်စ်ကား၊ လိုင်းကား အမျိုးပေါင်းလေးဆယ်ကျော်နှင့် သုံးဘီး၊ လေးဘီး အငှားယာဉ်၊ ကိုယ်ပိုင်ကားများ၊ အနောက်မှ အရှေ့သို့ တစ်လမ်းမောင်း ဥဒဟိုသွားရာ ဤလမ်းမကြီးကား ထူးထွေဆန်းပြားစွာ ပြိုင်ဘက်ကင်း အားကစားကွင်းကြီး ဖြစ်နေတော့ရာ အထက်အဆိုပါ သယ်ယူပို့ဆောင်ရေး ယာဉ်ကြီး၊ ယာဉ်ငယ်အပေါင်းတို့သည် 'လိုရာခရီးကို အပြီးတိုင်ရောက်ဖို့' မြေကိုပင်လျှိုးသလော၊ မိုးကိုပင်ပျံသလော။ ထူးထွေတည့်အံ့ရသော ဖြစ်မနေပေဘူးလား။

မထူးလည်း မထူးထွေ၊ မအံ့လည်း မအံ့သြကြပါလေနှင့်။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းဖို့လိုသလို၊ ပြည်သူ့ကျန်းမာရေးအဆင့်အတန်း မြင့်မားဖို့ အားကစားနှင့် မြှင့်တင်ဖို့လိုပေပြီဖြစ်ရာ ကျန်ကဏ္ဍငယ်ကလေးတွေက နည်းနည်းစီ လျှော့သင့်လျှော့ရတော့ပေမပေါ့။ တစ်နှစ်တွင် ဒီတစ်လ၊ တစ်လတွင် လေးရက်တည်း၊ တစ်ရက်မှာမှ တစ်မနက်တည်းရယ် ဟာပဲဟာပဲလေ…။

လမ်းမကြီးတွေ အမြွာမြွာ အဖြာဖြာ မရေမတွက်နိုင်အောင် ပေါများလှသော ရန်ကုန်မြို့ကြီးမှာ လမ်းပိတ်အားကစားပွဲများ မာရှယ်လောလုပ်တာ မဆန်းလှသော်လည်း လမ်းပေါက်တစ်ပေါက်၊ မြစ်ကြောင်းတစ်ကြောင်းသာ ရှိသော အရပ်တစ်ခုမှာ ဝါးလုံးတန်းထိုး၊ အလံတိုင်စိုက်၍ မြစ်ကြောင်းပိတ် အားကစားကွင်းကြီးလုပ်ထားတာ အမြင်ဆန်းလှပေသည်။

နံနက်မိုးသောက်စမှာတော့ လှေပြိုင်ပွဲ။ သုံးတက်လှေ၊ ငါးတက်လှေ၊ ခုနစ်တက်လှေ၊ လောင်းလှေပြိုင်ပွဲများကို တသီတတန်းကြီး လုပ်ပြီးသကာလ လာ
တစ်မျိုး၊ အာဇာနည်မျိုး
ဟော့။ ရေကူးပြိုင်ပွဲတဲ့။
ပါသေးရဲ့၊ ယောက်ျားသား
ကြီးတွေချည်း ပြိုင်ကြ
နို့မဟုတ်လျှင် ဦးဝိစာရ
သားရေကူးကန် သွားမကြ
ရပါဘဲ ဗဟုသုတတွေ တ
လှေကြီး တိုးပေတော့

ကဲ ရေကူးပြိုင်ပွဲ
သတ်တော့ ပြီးပြီလား မ
နဲ့။ ဘဲဖမ်းပြိုင်ပွဲတဲ့။ လား—
လား ရေထဲလွှတ်ထားသော
ဘဲအုပ်ထဲက ဘဲတစ်ကောင်
ကောင်ကို ဘဲဖမ်းသူက အ
ဖမ်းရခြင်း ဖြစ်ပါသည်။
ရေကူးရေငုပ်လုပ်ပြီး ဖမ်း
တာ လွယ်သည် မထင်
နှင့်။ သို့နှင့် နေမွန်းတည့်

ကြည့်ပါဦး။ ဟိုဘ
ဝါးတားဂိတ်မှာလည်း သ
စက်လှေ၊ ချွန်း၊ သမ္ဗန်၊
ထောင်၊ အိုးလှေ၊ သစ်ဖောင်
တွေ အတိုးတိုးအကြိတ်ကြိတ်
ဒီဘက် ဝါးတားဂိတ်မှာလည်း
အလားတူ တကြိတ်ကြိတ်
ဤမြစ်ကြောင်းကနေ တစ်
တစ်ရွာဆီ ဆက်လက်ခ
ထွက်မည့် သင်္ဘော၊
သမ္ဗန်၊ တုံကင်း အစင်း
တို့ စုန်လည်း မစုန်သာ၊ ဆ
လည်း မဆန်အား။

ဟော အားကစားပွဲတွေ
တော့ ပြီးသွားပါပြီ။ ဘာ
ကျန်သေးတုံး။ သြော်
ပေးပွဲဆိုလား၊ မြစ်ရိုးကြောင်း
မှာ အသံချဲ့စက်သံက
ထောင်းလမောင်းထ,နေသည်
အောက်ပြည်အောက်သားပီ
ဆုပေးပွဲကို ကုန်းမြေ
မလုပ်၊ ရေမှာလုပ်သ
ဇက်ရေယာဉ်လိုသုံးနိုင်
ဝါးပိုးဝါးဖောင်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကိုနိုင်ကြောင်း၊ လှေကိုပိုင်ကြောင်း ပြရှာတာပလေ။

ဒီလိုနှင့် ညနေ နာရီပြန် နှစ်ချက်ထိုးမှပင် ကိစ္စအလုံးစုံ အစသတ်၊ ဂိတ်တံခါးဝါးတန်းများလှပ်ချေမှ သင်္ဘော၊ လှေ၊ သမ္ဗန်၊ တုံကင်းတို့'မြန်မာ့အားကစား ထမ္ဘာကို လွှမ်းစေကြောင်း' အကြိမ်ကြိမ် ဆုမွန်ကောင်းတောင်းပြီးသကာလ ကျေးဇူးတင်ဝမ်းမြောက်စွာ မိမိလိုရာ ဖြတ်သန်းနိုင်တော့သည် တမုံ့။

❑

၃။

'(*စောစောအိပ်လို့ စောစောထလို့ စောစော လမ်းလျှောက်ကြပါစို့*) ၂

'*ကိုယ်ခန္ဓာ သန့်စွမ်းစေဖို့xxx စိတ်နှလုံးရွှင်ပြုံးစေဖို့xxx သူငယ်ချင်းများနဲ့ ပျော်ဖို့ ရွှင်ဖို့ ကျန်းမာစေဖို့xxx*

'(*စောစောအိပ်လို့xxx စောစောထလို့xxx စောစော လမ်းလျှောက်ကြပါစို့*) ၂

'*တင်xxxတောင်၊ တင်xxxတောင်၊ တင်xxx တောင်*'

'အမှတ် ၁ ရပ်ကွက်ရှိ လုပ်သားပြည်သူများခင်ဗျား၊ အမှတ် ၁ ရပ်ကွက်ရှိ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား။

'မနက်ဖြန် တနင်္ဂနွေနေ့ဟာ ဒီဇင်ဘာ လူထုလှုပ်ရှားမှု အားကစားလရဲ့ ပထမ ရက်သတ္တပတ် ဖြစ်ပါတယ်။ မြို့လုံးကျွတ်လမ်းလျှောက်ပွဲကြီးမှာ ပါဝင်ဆင်နွှဲနိုင်ဖို့ အမှတ် ၁ ရပ်ကွက်ရှိ လုပ်သားပြည်သူများသည် မြို့နယ်ကောင်စီရုံးရှေ့မှာ နံနက် ၅ နာရီတိတိ အရောက်လာရောက်စုဝေးကြဖို့ ကျန်းမာရေး အကျိုးမျှော်လို့ နှိုးဆော်လိုက်ရပါတယ်ခင်ဗျား'

ဟော… ဒီအချိန်၊ ဒီလ၊ ဒီရာသီဆိုလျှင် သာယာလှစွာသော လူထုအကျိုးကိုလိုလားတောင့်တပါသော ဒီအသံလေးများကို ကြားရမြဲပါ။ မန်းတုန်အောင် လမ်းဆုံက ဟာစ်ချင်လှအောင် အလွန်အေးသောဆောင်းမှာ ကိုယ့်နည်းကိုယ့်ဟန်နှင့် အချမ်းဒဏ်ခံနိုင်အောင် လမ်းလျှောက်ကြဖို့ အားကစားဝတ်စုံတွေ၊ ဦးထုပ်လှလှတွေ၊ တုတ်ကောက်ချောချောတွေ ပြင်နှင့်ပြီးသား။ ကဲ သင်းတို့ဆော်ဩသံကိုကြားတော့ ဇာတ်သမားများ ဆိုင်းသံကြား၍ ဇာတ်ပိုးထ,သလို ပိုလို့သာ မရိုးမရွနှင့်ပေါ့။ ကိုင်း စောစောထ,ရဦးမှာ၊ စောစောပဲ အိပ်လိုက်ရအောင်။

'(*စောစောအိပ်လို့xxx စောစောထလို့xxx စောစော လမ်းလျှောက်ကြပါစို့*) ၂

'*တင်xxxတောင်၊ တင်xxxတောင်၊ တင်xxx တောင်*'

'အမှတ် ၁ ရပ်ကွက်ရှိ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား…'

ဟင် ဒုတိယအကျော့ နှိုးဆော်သံပါတကား။ ငါ့နယ် မှေးခနဲ အိပ်ပျော်မယ်ကြံခါရှိသေး။ ဩော် သင်းတို့လည်း အပြစ်မတင်သာဘူး။ ဘယ်လုပ်ငန်းမျိုးကိုမဆို ဒီလိုတက်ကြွသော၊ ဖျတ်လတ်သော၊ တာဝန်သိသော ဆော်ဩရေးမှူးများ အတန်တန်နှိုးဆော်နိုင်မှ အေးတိအေးစက်အချို့သူများအတွက် တန်ကာကျတယ်မဟုတ်လား။ အင်း… သန်းခေါင်ကြက်တောင် တွန်သံကြားပေါ့။ တစ်မှေးတော့ မှိတ်လိုက်ချေဦးမှ။

'*တင်xxxတောင်၊ တင်xxxတောင်၊ တင်xxx တောင်*'

(*စောစောအိပ်လို့xxx စောစောထလို့xxx စောစော လမ်းလျှောက်ကြပါစို့*) ၂

'အမှတ် ၁ ရပ်ကွက်ရှိ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား၊ အမှတ် ၁ ရပ်ကွက်ရှိ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား…'

လူထုလမ်းလျှောက်ပွဲမှာ မိမိက ရှေ့ဆုံးက နံပါတ်ဝမ်းတစ်ဂဏန်းတစ်ဖော်ဆွဲလို့။ မိမိနောက်မှာက လူတန်းကြီး။ ကင်းခြေများတစ်ကောင်လို နေ့တုံ့တုံ့။ မိမိတစ်ဦးတည်းသာ ပေါ့ပါးသွက်လက်စွာ တုတ်ကောက်ကို ဝှေ့ယမ်းလျက်။ 'ဟော့ လုပ်သားပြည်သူ၊ ဟော့ လုပ်သားပြည်သူ…' ခေါ်သံတစ်ခုကြောင့် နောက်ကို သမင်လည်ပြန်လှည့်အကြည့်။ ဟင်… အိပ်မက်ပါလား။ လမ်းက အခုထိ မလျှောက်ရသေး၊ အင်း… ခက်ကပြီ။

'*တင်xxxတောင်၊ တင်xxxတောင်၊ တင်xxx တောင်*'

(*စောစောအိပ်လို့xxx စောစောထလို့xxx စောစော လမ်းလျှောက်ကြပါစို့*) ၂

*ကိုယ်ခန္ဓာ သန့်စွမ်းစေဖို့xxx စိတ်နှလုံးရွှင်ပြုံးစေဖို့xxx သူငယ်ချင်းများနဲ့xxx*'

အင်း… သူငယ်ချင်းများနှင့်အတူ လမ်းလျှောက်ဖို့ အိပ်ပျော်အောင်အိပ်မှ ဖြစ်ချေတော့မည်။ အိပ်ပျော်သွားလည်း ဆော်ဩရေးမှူးကောင်လေးတွေ နှိုးချေမပေါ့။ မထူးပါဘူး။ စိတ်ချလက်ချပဲ အိပ်လိုက်တော့မယ်။

'*တင်xxxတောင်၊ တင်xxxတောင်၊ တင်xxx တောင်*'

(*စောစောအိပ်လို့xxx စောစောထလို့xxx စောစော လမ်းလျှောက်ကြပါစို့*) ၂

*ကိုယ်ခန္ဓာ သန့်စွမ်းစေဖို့xxx စိတ်နှလုံးရွှင်ပြုံးစေဖို့*'

နှင်းမှုန်ဖွေးဖွေး ဆောင်းအေးအေးတစ်ခုသော နံနက်ခင်းသစ်မှာ မြို့နယ်လုံးကျွတ် လူထုလမ်းလျှောက်ပွဲကြီး စတင်ဆင်နွှဲလို့လာပါပြီ။ အလို ဘယ့်နှာတုံး။ တစ်ညဉ့်လုံး နိုးနိုးကြွားကြွား တက်တက်ကြွကြွ ဆော်ဩနေပါလျက် ဘယ့်နှယ်ကြောင့် ကကျိုးကကျဲ လူကလေးနည်းနည်းနှင့် ရှက်စရာလိလိပါတကား။

တလွဲတော့ မထင်ပါနှင့်။ ဆော်ဩရေးမှူးများ၏ ထကြွနိုးကြားလှုံ့လဉဿာဟကြောင့် တစ်ရပ်ကွက်လုံးငါရော၊ သူပါ တစ်ညဉ့်လုံးထကြွနိုးကြားခဲ့ရလေသောကြောင့် ယခု အရုဏ်မိုးသောက် အလင်းရောက်တော့လေမှ နှစ်နှစ်ခြိုက်ခြိုက် မက်မက်စက်စက်ကြီး အိပ်စက်ကြရလေသောကြောင့် ပါတည်း။

■

**ကျော်ကုန်းညွှန့်မှူး**

www.burmeseclassic.com



## သိပ္ပံမောင်ဝ၏
# သူရိယသတင်းစာ
# စာပေဆောင်းပါးများ

**မြင့်ကြိုင်**

'မြန်မာစာပေ ဂုဏ်ထူးစာမေးပွဲအတွက် မြန်မာပြဇာတ်အကြောင်း စာတမ်းကို ရေးသည်ဖြစ်၍ ရှေးဟောင်းနှောင်းဖြစ် မြန်မာပြဇာတ် အမျိုးမျိုးတို့ကို အထူး လေ့လာသည်။ (နောင်သောအခါ ထိုစာတမ်းကို ပြုပြင်ချဲ့ထွင်၍ သူရိယ နေ့စဉ်သတင်းစာတွင် မြန်မာမှု ဆောင်းပါးကြီး တစ်ခန်းအနေဖြင့် သိပ္ပံကျောင်းသား မောင်မြသွင် အမည်ခံယူကာ ထည့်သွင်းသည်။)

**မြန်မာစာပေအကြောင်း** ခေါ် ဆောင်းပါးရှည်ကြီးကို သူရိယနေ့စဉ်သတင်းစာတွင်ရေးရာ ၁၉၂၈ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ ကြာသည်။ ဆောင်းပါးပေါင်း နောက်ဆက်တွဲများပါ ခုနှစ်ဆယ်ကျော်ကျော် ရှိသည်။ ထိုဆောင်းပါးရှည်ကြီးတွင်
(၁) ကာလပေါ် မြန်မာစာပေ၏ အခြေအနေ၊
(၂) ယင်းစာပေ တိုးတက်ပုံ၊ ဆုတ်ယုတ်ပုံ၊ ရပ်တည်ပုံ၊
(၃) ယင်းစာပေ တိုးတက်ရေးနှင့် စာဟောင်း စာကောင်းများကို ပြန်လည် ထုတ်ဖော်ရေးတို့မှာ အဓိက အရေးကြီး သုံးရပ်ဖြစ်သည်။

၁၉၃၀ ပြည့်နှစ်ထဲတွင် မြန်မာစာပေအကြောင်း ဆောင်းပါးရှည်ကြီး ပြီးဆုံးသွားသောအခါ သိပ္ပံကျောင်းသား မောင်မြသွင်သည် **မြန်မာမှု** ဆိုသော ဒုတိယဆောင်းပါးရှည်ကြီးကို
(က) မြန်မာရာဇဝင်၊
(ခ) မြန်မာစာဂုဏ်ထူး၊
(ဂ) ဦးပုည၊
(ဃ) မြန်မာပြဇာတ်၊
(င) ကျောက်စာ၊
(စ) မြန်မာပန်းချီ၊
(ဆ) မြန်မာစာပေသင်ကြားရေး
စသည်ဖြင့် အခန်းကြီးများ



www.burmeseclassic.com

www.burmeseclassic.com

ခွဲကာ ရေးသားပြန်ရာ ၁၉၃၂ ခုနှစ်အတွက် အထိသာ တွေ့ရ၍ မည်မျှ ဆက်လက်ကြာပြီးလျှင် မည်သည့်အခန်းတွင် နိဂုံးချုပ်သည်ကို ခြေရာကောက်၍ မရသေးချေ။' *(မြန်မာ့စွယ်စုံကျမ်း အတွဲ ၄ (၁၉၆၀ ပြည့်နှစ် ထုတ်ဝေ)။ စိန်တင်၊ ဦး၊ ဆောင်းပါး၊ ရေးသားသူ ဦးဝန်နှင့် ဦးသိန်းဟာန်၊ စာမျက်နှာ ၅၇-၆၂ မှ ကောက်နုတ်ပြချက် စာသားများ။)*

ဤသို့ဖြင့် စာရေးဆရာကြီး သိပ္ပံမောင်ဝ၏ မြန်မာပြဇာတ်၊ မြန်မာစာပေ၊ မြန်မာမှုဆိုင်ရာ ဆောင်းပါးများစွာကို သူရိယသတင်းစာတွင် ရေးဖြစ်ခဲ့သမျှ စူးစမ်းမှု ပြုလာစရာ ဖြစ်ပါသည်။ ဆရာကြီး ဦးဝန်နှင့် ဦးသိန်းဟာန်တို့၏ ၁၉၅၉-၆၀ ကာလက ရေးပြခဲ့သော မြန်မာ့စွယ်စုံကျမ်းလာ အထက်ပါ ကောက်နုတ်ပြ စာသားသုံးပိုဒ်သည်ပင် သိပ္ပံမောင်ဝ၏ သူရိယသတင်းစာပါ ဆောင်းပါးများအတွက် အထောက်အထား ရှားပါးချက် (ခြေရာကောက်၍ မရသေးချေ- စာသားအရ)ဟု ထင်မြင်စရာ ဖြစ်ပါသည်။ သိပ္ပံမောင်ဝ စာစုစာရင်းပြုစုသူ ကျွန်တော့်အဖို့ ထိုအချိန် ထိုကာလ(၁၉၇၃-၇၅)က ရန်ကုန်နှင့် မန္တလေးရှိ စာကြည့်တိုက်ကြီးများ၊ ပုဂ္ဂလိက စာစုသူများ၊ သတင်းစာ ဆရာကြီးများ (ဥပမာ- မြို့မဆရာဟိန်း၊ ဆရာ အောင်ဗလ၊ မြန်မာပြည် စာအုပ်တိုက်မှ ဦးကြီးခင်နှင့် ဦးမြင့်ဆွေ အပါအဝင်) အထိ သွားရောက်လေ့လာ စူးစမ်းရှာဖွေခဲ့ဖူးပါသည်။ အခြေအနေပေးသမျှ သိပ္ပံ မောင်ဝ ဆိုင်ရာစာစုအတွက် တတ်အားသမျှ စုဆောင်းစာရင်း တင်ပြနိုင်ခဲ့မှုသာ ရှိခဲ့ရပါသည်။ ယခုသော် အဆိုပါ စာစုစာရင်းရှိ စာမူ မူရင်းများကိုပင် ပြန်ရှာ၍မလွယ်၊ ပြန်ကူးရန် မတွေ့။ စာမူအားလုံးကို ပြန်တွေ့နိုင်ရေးမှာ အပြောင်းအရွှေ့ များပြားခဲ့ရသော စာကြည့်တိုက်ကြီးများ၊ ဌာနစိတ်များ၊ အပြောင်းများရသည့် စာနယ်ဇင်းဌာနခွဲများ အပါအဝင် ရှားပါး စာနယ်ဇင်းထားရှိမှုစနစ်နှင့် ဝန်ဆောင်မှု ညံ့ဖျင်းတတ်ခြင်းတို့လည်း အပြစ်တင်စရာ ဖြစ်စေမည်ထင်ပါသည်။

ဤတွင် သိပ္ပံမောင်ဝ၏ မြန်မာပြဇာတ်အကြောင်း(ဂုဏ်ထူးတန်းအတွက်) စာတမ်းကို သိပ္ပံမောင်ဝ စာစုတွင် ၃ပုဒ် (၂၇.၃.၁၉၃၁ မှ ၁၁.၄.၁၉၃၁)မျှသာ ရှာတွေ့ခဲ့ပြီးလည်း သိပ္ပံမောင်ဝ၏ စာပေယဉ်ကျေးမှု စာအုပ်တွင်မူ ၃ ပုဒ် (၂၇.၉.၁၉၃၀ မှ ၁၄.၁၀.၁၉၃၀)ကိုသာ မတူကွဲပြားစွာ ရှာဖွေ ပုံနှိပ်ဖော်ပြထားနိုင်ပါသည်။ သိပ္ပံမောင်ဝ၏ မြန်မာပြဇာတ်များ ဆောင်းပါးများ(သီးသန့်ပုံမနှိပ်ဖြစ်သေးသော စာတမ်းလား၊ ဖိုင်တွဲလေလား၊ ဆရာကြီး မင်းသုဝဏ်မှ တစ်ဆင့် ပုဂ္ဂိုလ်တစ်ဦးက ငှားယူသွားပြီး အင်္ဂလိပ်ဘာသာသို့ စိစစ်ဘာသာပြန် စာအုပ်ထုတ်ဝေခဲ့ဖူးသည်ဟူ၏။ သိပ္ပံမောင်ဝ၏ စာတမ်းမူရင်းကိုလည်း ပြန်လည် မပေးအပ်ရုံမျှမက ကျေးဇူးတင်စာ၊ ကျမ်းကိုးစာပင် မပြခဲ့သဖြင့် ဆရာ မင်းသုဝဏ် ဒေါသပုန် ထ,ခဲ့ကြောင်း ဆောင်းပါးတစ်ပုဒ်ဖြင့် ဖော်ထုတ်ခဲ့ဖူးပါသည်။ မည်သူ ဖြစ်နိုင်သည်ကို သိသာပါသော်ငြားလည်း အင်္ဂလိပ်ဘာသာပြန်သူကိုမူ ရှုတ်ချအပြစ်တင်စရာလူပါဟူ၍။)ဆုံးပါး ပျောက်ကွယ်ငြားလည်း သိပ္ပံမောင်ဝ၏ မြန်မာစာပေအကြောင်း ဆောင်းပါးပုဒ်ရေ ၇၀ မျှကိုမူ အများပြည်သူတို့ မြိုင်မြိုင်ကြီး ဖတ်နိုင်ပါပြီ မဟုတ်လော။

လူထုတိုက်ထုတ် သိပ္ပံမောင်ဝ၏ စာပေယဉ်ကျေးမှု စာအုပ်(၁၉၇၆)မှတစ်ဆင့် ရာပြည့်တိုက်ထုတ် စာပေယဉ်ကျေးမှုစာအုပ်(၂၀၀၆ ခုနှစ်ထုတ်)အရ မြန်မာစာပေအကြောင်း ဆောင်းပါး ၄၄ ပုဒ်(သိပ္ပံမောင်ဝ၏ မူရင်းရေးစာ စာရင်းအရ ပုဒ်ရေ ၄၇ ပုဒ်)ကို တခုတ်တရ လေ့လာစူးစမ်းနိုင်ပါပြီ။ သို့သော် ဆရာဇော်ဂျီ၏ ကျေးဇူးကြောင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်(U.C.L)၊ တိုက်ပိုင်အမှတ် BR ၄၄၆၇၆ နှင့်၄၄၆၇၇ လက်နှိပ်စက်ကော်ပီ စာအုပ် ၂ အုပ်မှာ ကျွန်တော် သိပ္ပံမောင်ဝစာစုစာရင်း ပြုစုစဉ်က ရည်ညွှန်းစာအုပ်ပီသစွာ ပြင်ပသို့ ငှားယူခွင့် လုံးဝမရှိသော ရှားပါး မြန်မာစာစု လက်နှိပ်ကော်ပီ စက္ကူ အဖြူအပါးလေး စာအုပ်ပါ။ သို့သော် မသမာသူ တစ်ဦးက ခိုးယူသွားပြီး ၂၀၀၇ ခုနှစ်

> သိပ္ပံမောင်ဝ၏
> စာတို့ကို
> ခြေရာခံရသည်မှာ
> ရှုပ်ထွေးပွေလီစရာ
> ဖြစ်ရပါသည်
> သို့သော်
> သူ့ကာလောင်
> သူ့ရေး စတိုင်(ဟာန်)နှင့်
> သူ့စာတို့ကို
> သေချာစွာ စူးစမ်းတတ်က
> လွယ်ကူစွာ
> မှတ်ချက်တပ်ပြ၍
> အလွယ်ကလေး
> ခွဲပြနိုင်ရလိမ့်မည်
> ထင်ပေသည်

www.burmeseclassic.com

ဩဂုတ်လမှာမှ စာအုပ်အဖြစ် ရိုက်ထုတ်ပြနိုင်ခဲ့မှုအတွက် အဆိုးလေလား၊ အကောင်းလေလား။ မိတ္ထူ လုံးဝ မလုပ်ပြနိုင်ပါသော စက္ကူဖြူအပါးလေး BR စာနှစ်အုပ်သည် မှုရင်းတစ်မျိုးတည်းကိုသာ ကွန်ပျူတာစာစီ၊ စာအုပ်ထုတ် (အုပ်ရေ ၁၀၀၀)နိုင်မှုကြောင့် ခိုးသွားသူနှင့် ပုံနှိပ်ထုတ်ဝေဖြစ်ခဲ့သူကိုပင် ကြဲဖန်ကျေးဖူးတင်စရာပါပင်။ (အဆိုပါ အခိုးခံ BR စာနှစ်အုပ်မှာ တရားဝင်လုံးချင်းစာအုပ်အဖြစ် ထွက်လာသောအခါ ဝမ်းသာအားရစွာဖြင့် ဆိုင်ရာစာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက် ဒီပလိုမာသင်တန်းသား အပါအဝင် မိမိတို့၏ဆရာတို့ကို ဖုန်းသတင်း၊ စာအုပ်သတင်းသာမက ရာပြည့် ကိုစိုးညွှန့်ကိုပါ မင်္ဂလာသတင်းပေးပို့ခဲ့ဖူးတာလည်း အမှန်ပါခင်ဗျာ၊ စကားချပ်။)

သို့သော် အဆိုပါ မြန်မာစာပေအကြောင်း ဆောင်းပါး(အခိုးခံရ BR ၄၄၆၇၆ နှင့် ၄၄၆၇၇ စာအုပ်တွင် စာပေဆောင်းပါးချည်း ပုဒ်ရေ ၅၀ သည် ဆောင်းပါးအမှတ်စဉ် ကွာဟချက်များကြောင့် ပြည့်စုံလုံလောက်သောစာမူများ မဟုတ်နိုင်သေးပါ(ဆရာဇော်ဂျီ၏ U.C.L ရှိ သုရိယသတင်းစာ များကိုသာ အဓိကထား လက်နှိပ်စက်ပွားယူထားခြင်းဟု သိထားခဲ့ရပါသည်)။ မည်သို့ဖြစ်စေ သုရိယသတင်းစာရှိ သိပ္ပံမောင်ဝ၏ မြန်မာပြဇာတ်ဆောင်းပါး၊ မြန်မာစာပေအကြောင်းဆောင်းပါးများသာမက မြန်မာအဘိဓာန်ဆောင်းပါး (အစောဆုံးအထောက်အထားအရ ၂၁၊ မတ် ၁၉၂၇ ကိုသာတွေ့ဖတ်နိုင်စရာဖြစ်ပါသည်။) စာရင်းအရ ၁၃ ပုဒ်အထိရှိထားသော်ငြား ဆယ်ပုဒ်တိတိကိုသာ ဖော်ထုတ်ဖတ်ရှုနိုင်သေးသည်။ ထို့အပြင် မြန်မာ့မှုကျောက်စာ၊ မြန်မာရာဇဝင်၊ မြန်မာစာဂုဏ်ထူး၊ အတ္ထုပ္ပတ္တိစာပေ စသည်ဖြင့်လည်း မှုကွဲများစွာ(ဥပမာ-ခေတ်စမ်းစာပေအထွေထွေ၊ လက်ရေးမူမှ စာအုပ်ထုတ်ဝေခဲ့မှုသည် သုရိယသတင်းစာမှ မှုရင်းဆောင်းပါးများကို စာအုပ်ထုတ်ဝေလာမှု၊ ဥပမာ-**စာပေယဉ်ကျေးမှု** စာအုပ်မျိုးတို့နှင့် ကွဲလွဲချက်တွေရှိနေပါပေသည်။) ပို၍ ထူးခြားသည်ဟု ထင်မြင်စရာမှာ မကြာသေးမီ (၂၀၁၄ ဩဂုတ်) ထုတ် စိတ်ကူးချိုချိုစာပေထုတ် မြန်မာစာနှင့် ခေတ်အဆက်ဆက် မြန်မာစာအုပ်လောက (ပထမပိုင်းတွင် သိပ္ပံမောင်ဝ၏ ရေးစာ ၁၃ ပုဒ်တိတိ ဖော်ပြပါရှိရာတွင် ရေးအဓိပ္ပာယ်နှင့် ယနေ့အဓိပ္ပာယ် စာမူမှာလည်း မှုရင်းရက်စွဲမပါရှိ။ တကယ်သိုလ် ပို့ချစာစဉ် ဆောင်းပါးများဟုသာ ပြထားသဖြင့် စာပေးစာယူပြဌာန်းစာအုပ်ထဲမှလေလား။ စဉ်းစားရ ခက်ခဲသကဲ့သို့ သိပ္ပံမောင်ဝရေးစာ ၁၃ ပုဒ်ကိုပင် ရက်စွဲအစဉ်အလိုက် ဘာကြောင့် မရိုက်ပြသင့်ပါသလဲဟုသာမေးပါရစေ။) စာအုပ်အထူကြီး(စာမျက်နှာပေါင်း ပထမပိုင်း ၁၆၃ မျက်နှာ၊ ဒုတိယပိုင်း ၃၄၉ မျက်နှာ၊ စာအုပ်တန်ဖိုး ၆၀၀၀ကျပ်)တွင် စာရေးဆရာ သိပ္ပံမောင်ဝ၏ မြန်မာစာပေအကြောင်း မှုရင်းဆောင်းပါးများ စွာအနက် ဆောင်းပါး ခေါင်းစဉ်ငယ် သီးသန့်မပေးခဲ့ငြားလည်း ယခုဆောင်းပါး ၁၃ ပုဒ်စလုံးသည် မြန်မာစာပေဆောင်းပါး အမည်လုံးဝမပါဘဲ သီးသန့်အမည်သစ်များပေးထားသည်ကိုလည်း တွေ့ရသည်။ မည်သည့်ပညာရှင်က အမည်သစ် တီထွင်ပေးအပ်ခဲ့ပါလိမ့်။ သိပ္ပံမောင်ဝ စာစုစာရင်းပြုစုခဲ့သူတစ်ဦးက သိချင်လိုစိတ်ရှိ၍သာ မေးမြန်းရေးစမ်းပြခြင်း ဖြစ်ပါသည်။

သိပ္ပံမောင်ဝ၏ စာတို့ကို ခြေရာခံရသည်မှာ ရှုပ်ထွေးပွေလီစရာ ဖြစ်ရပါသည်။ သို့သော် သူ့ကလောင် သူ့ရေးစတိုင်(ဟန်)နှင့် သူ့စာတို့ကို သေချာစွာစူးစမ်းတတ်က လွယ်ကူစွာ မှတ်ချက်တပ်ပြ၍ အလွယ်ကလေး ခွဲပြနိုင်ရလိမ့်မည် ထင်ပေသည်။ သိပ္ပံမောင်ဝ၏ ရေးစာများမှ...

'မောင်မြသွင်အား ဗုဒ္ဓဘာသာ အသင်းအကြောင်း ရေးပါဟု တိုက်တွန်းလိုက်ပါ၏။ သို့သော် များစွာ ရေးချင်ပုံမပေါ်။ သူက စာပေ ဝေဖန်သူသက်သက် ဖြစ်လေသည်။ Critic ဆို ပါတော့။ မောင်ဝကလည်း Novelist ဝတ္ထုဆရာ၊ တင်မောင်မြင့်ကတော့ လမ်းညွှန်ဆရာ Essayist သူ့နေရာနှင့် သူ့နေရာကို း'(၁.၈.၃၃)ဟု သော သဘောထားအရ ယနေ့အထိ ကလောင် ကွဲပေါင်း ၆၀ တိတိ ရှိသွားသူ ခေတ် စမ်းစာရေးဆရာကြီး သိပ္ပံမောင်ဝ (ဘီအေ၊ ဂုဏ်ထူးတန်း၊ I.C.S ဒုတိယ အတွင်းဝန် ရာထူးရှင်၊ ၁၈၉၉-၁၉၄၂) ၏ သုရိယသတင်းစာရှိ စာပေဆောင်း ပါး(အခန်းဆက် ဆောင်းပါး)များနှင့် ဆက်စပ်၍ စနစ်တကျနှင့် ပြည့်စုံစွာ ရှိလာစေကြောင်း အမှတ်တရ ရေးသား ဖော်ပြအပ်ပါသတည်း။ ။

■

**မြင့်ကြိုင်**

**ရည်ညွှန်းကိုးကားချက်**

(လုံးချင်းစာအုပ်များ)

၁။ စာပေယဉ်ကျေးမှု(ရာပြည့်တိုက်ထုတ် ၂၀၀၆- မေ)

၂။ မြန်မာစာပေအကြောင်း စာစုများ(ရှုဝံစာအုပ်တိုက် ၂၀၀၇-ဩဂုတ်)

၃။ မြန်မာစာနှင့် ခေတ်အဆက်ဆက် မြန်မာစာအုပ်လောက(စိတ်ကူးချိုချို၊ ၂၀၁၄-ဩဂုတ်)

၄။ သိပ္ပံမောင်ဝ စာစုစာရင်း (၁၉၇၅ စာကြည့်တိုက်ပညာဘွဲ့လွန်ဒီပလိုမာ ကျမ်းငယ်)

၅။ သိပ္ပံမောင်ဝနှင့် သူ၏စာစု (၁၉၉၅- ဇွန်၊ ဝါမိုးအောင် စာပေ ဖြန့်ချိ။)

ကျွန်တော် ကြည်ညိုလေးစားသော၊ ကျွန်တော့်အကြိုက်ဆုံး (Superlative Degree အရ Good, Better, Best ထက် ပိုအဆင့်မြင့်သည် မည်သော Excellent ခေါ် အကြိုက်တကာ့ အကြိုက်ဆုံးသဘော၊ မြန်မာဆန်ဆန် ပြန်ဆိုရလျှင် သောက်ကျိုးနည်းကြိုက်မိသော) စာရေးဆရာကြီး သိပ္ပံမောင်ဝ(၁၈၉၉-၁၉၄၂) သို့ စာဆိုတော်လ အမှတ်တရအဖြစ် ဤဆောင်းပါးဖြင့် ကန်တော့အပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ယနေ့
ထူးထူးခြားခြားပင်
တော်သလင်းလ၏
လပြည့်ခါနီးရက်
ဖြစ်ပေမဲ့ မီးပျက်ကာ
အပြင်ဘက်တွင်
မိုးတိမ်ကင်းစင်၍
လသာနေသောကြောင့်
အိမ်ရှေ့လမ်းပေါ်
ကလေးအုပ်စု ဆူညံစွာ
ဆော့ကစားနေကြသည်။
အစပိုင်းတော့
ဥညြမလည်း
ကလေးဗီဗီ
ရွှေယမင်းတို့နှင့်
လိပ်ဥဝှက်တမ်း
ကစားမိသေးသည်။

# အလေးမခိုး ရေမဝိုးတဲ့ တစ်ယောက်စာလေးတွေ

**ဋးဋးမွန်**



မကြာမီ အသွားစိန်
ပြန်လာချိန် နီးတာကို
သိတာမို့ ကစားပွဲ
ထွက်ပြီး ဘေးမှ
ထိုင်ကြည့်အားပါးတရ
ရယ်မောနေလိုက်သည်။
'ဟဲ့… ဥညြမ
ခေါ်မကြား
အော်မကြားနဲ့
နင့် အသွား မေးလှပြီ'
ပခုံးပုတ်ခေါ်လိုက်မှ
ကစားပွဲထဲ

ဖွဲရာမှ တအုန်းအုန်း
သဲသဲမဲမဲ ရှာချလိုက်သည့်မိုး
တိတ်ဆိတ်နေသော ပတ်ဝန်းကျင်
ဆန့်ကျင်ဘက် ဖိုမနှစ်ဦးတည်းရှိသည့်
အနေအထားက
မြင့်ဟန်နှင့် ခင်လေးအား
တဒင်္ဂ အမှောင်ကျသွားစေခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com

နစ်မြောနေသည့် ဥသြမ ထိတ်ခနဲ ဖြစ်မိသည်။

'ဟယ်တော် ဘယ်နှနာရီရှိပြီလဲ ဒေါ်လေး'

'ဆယ်နာရီကျော်ပြီအေ့၊ ညည်းတော့ အမေ့ တုတ်စာ မိဦးမှာပဲ'

ဥသြမ အပြေးအလွှား အိမ်ထဲဝင်လိုက်ရာ ထင်သည့်အတိုင်း အဘွားစိန်က ဝါးခြမ်းကိုင်ကာ အသင့်စောင့်နေလေသည်။

'လာခဲ့စမ်း၊ ခွေးဖြစ်မယ့်ကောင်မ။ ဒါလား မိန်းကလေး။ ကြက်ဖြစ်မယ့်ကောင်မ၊ အိပ်မပြန်ဘဲ လမ်းပေါ် အိပ်လိုက်ပါတော့လား၊ ကဲဟယ်…ကဲဟယ်'

ဒေါ်စိန်၏ ပြောပြောရိုက်ရိုက် ဝါးခြမ်းအမာက ဥသြမတင်ပါးပေါ် အဆက်မပြတ် ကျလေပြီ။

'ကြောက်ပါပြီ အဘွားရဲ့၊ နောက်ဆို သူတို့နဲ့ မ, ကစားတော့ပါဘူး။ ခုလည်း သမီးက ဘေးကနေ ထိုင်ကြည့်ရုံကြည့်တာပါ။ ဟီး… အဟီး…ဟီး ဟီး'

ဒေါ်စိန် ဆဲသံ ဆိုသံ၊ ဥသြမ အခေါင်ခြစ် ငိုသံတို့က ပတ်ဝန်းကျင်တစ်ခို ဆူညံပွက်လောရိုက်နေသည်။ ဥသြမ၏ အဒေါ်၊ ဦးလေးတွေ အနားမှာရှိသော်လည်း ဝင်မဆွဲကြ။ သူတို့အမေ၊ သူတို့ယောက္ခမ ဒေါ်စိန်က တားသူရှိလျှင် ပိုကဲ ပိုဆိုးတတ်တာ သူတို့ သိပြီးသား။

'တစ်ကောင်ကြွက်မ၊ မြွေစိမ်းမြီးနီမ။ ငါတို့မိသားစု ဖြောင်းဆန်အောင် မွှေတဲ့ ဂြိုဟ်ကောင်မ။ သွားသေတော့ သေတော့နော်။ ငါ့မျက်စိရှေ့နားရှိရင် ပိုနာလိမ့်မယ်ဆိုနေ'

ဥသြမက လက်ဖမိုးနှစ်ဖက်နှင့် မျက်ရည်ကို စုံပွတ်သုတ်ကာ သူ့အိပ်ရာဆီ သွားဖို့ ပြင်သည်။

'မစိန် မစိန် ပတ်ဝန်းကျင်ကြားလို့မကောင်း တော်ပါတော့အေ'

'ဘယ်သူလဲဟေ့၊ ဘယ်သူ ငါ့ကို အမိန့်လာပေးနေတာလဲ ဟင်'

ဒေါ်စိန် သိလျက်နှင့် မေးရင်း အိမ်အဝင်ပေါက်ဆီ လှည့်ကြည့်ရာ တစ်အိမ်ကျော်က အိမ်နီးချင်း ဒေါ်ပိုင်းကြည်ကိုအတွေ့ မဲ့ရွဲ့ပစ်လိုက်သည်။

'ကိုယ့်မြေးကိုယ် အမြင်မတော်လို့ ဆုံးမနေတာ တော်နဲ့ ဘာဆိုင်လို့လဲ။ ပတ်ဝန်းကျင် ကြားကောင်းစရာ မလိုဘူး။ ကျုပ်ကတော့ အောက်တန်းစားပီပီ ဆူဆူညံညံ ပွင့်ပွင့်လင်းလင်းပဲ။ အထက်တန်းစား ပညာတတ်တွေလို ကျိတ်ပုန်း မစုတ်တတ်ဘူး'

'ညည်းနဲ့တုပြီး ရန်ဖြစ်ဖို့လာတာ မဟုတ်ဘူးအေ့။ ငါတို့နဲ့ ဥသြမ ဆိုင်တယ် မဆိုင်ဘူးဆိုတာ ဟောဒီ တစ်ရပ်ကွက်လုံး အသိပဲလေ'

'အောင်မယ်လေး… အောင်မယ်လေး မပိုင်းကြည်၊ ခုမှ ဥသြမကို ဆိုင်သလေး ပိုင်သလေး လာမလုပ်စမ်းပါနဲ့။ ဒီကောင်မလေး နီတာရဲတုန်းက တော်ကိုယ်တိုင် ပြောခဲ့တဲ့စကား မေ့ပြီလား။ ပြန်ပြောရင် ညောင်မြစ်တူးပြီးသား ဖြစ်သွားမနော် ဟင်း…ဟင်း…ဟင်း'

'လာပါအမေရယ်။ အစကတည်းက သွားမပြောပါနဲ့ တားတာ ရကို မရဘူး။ သေချင်တာပဲ သွားကြပါစို့'

ဒေါ်ပိုင်းကြည်သမီး အလတ်မ ခင်ဌေးက မအေကို လက်ဆွဲခေါ်သည်။

'နေစမ်းပါအေ၊ ပြောစရာရှိတာ ပြောရဦးမယ်'

'မပြောနဲ့။ တော့် အသံကြားကို မကြားချင်ဘူး'

'မကြားချင်လည်း ပြောရမှာပဲ။ ညည်းမှာ မြေးတွေအများကြီး ရှိရက်နဲ့ ဒီကောင်မလေးကိုမှ ရက်ရက်စက်စက် ရိုက်တာ၊ နှိမ်တာ ရပ်တန်းကရပ်ပါ။ မရပ်ရင် ကလေးသူငယ် ညှဉ်းဆဲမှုနဲ့ ဆိုင်ရာကိုတိုင်မယ် သိလား'

'တိုင်လိုက်စမ်းပါ။ တိုင်ချင်ရာတိုင်လေ၊ မိစိန်တို့က မကြောက်ရေးချဘဲ'

'ကဲပါ အမေရယ်။ သွားကြပါစို့ ညဉ့်နက်လှပါပြီ။ လာ လာပါနော် အမေ'

နောက်ထပ် သမီး အငယ်ဆုံး ခင်ထွေးပါ ရောက်လာကာ မိခင် ဒေါ်ပိုင်းကြည်အား တစ်ဖက်စီ ဖွတ်အတင်း ဆွဲခေါ်သွားချိန် ဒေါ်စိန်က အော်ပြောလိုက်သေးသည်။

'ငွေလေး တစ်ပဲခြောက်ပြား ကိုင်နိုင်တာနဲ့ ငါ့ကို အာဏာပါဝါ လာပြမနေကြနဲ့ဟေ့။ ဥသြမကို ဟောဒီ တစ်လောကလုံး မိစိန်သာပိုင်တယ် မြဲမြဲမှတ်ထားကြပါ။ ငါဘယ်လိုလုပ်လုပ် နေသာသပ လေညှာက နေတတ်အောင်နေကြ'

ဒေါ်စိန်က နောက်ထပ် ဗျစ်တောက် ဗျစ်တောက် မြည်တွန်ရင်း ဥသြမအား သူ့အိပ်ရာကစောင်ကို တဖြန်းဖြန်း ရိုက်ခါနေသေးသည်။

ဒေါ်ပိုင်းကြည်နှင့် သမီးနှစ်ယောက် အိမ်ထဲ ဝင်လာတော့ သမီးအကြီးဆုံး ခင်လေးက ရွှေယမင်းတို့ မောင်နှမကို သရက်သီးစိတ် များ ကျွေးနေသည်။ ဒေါ်ပိုင်းကြည် ဆက်တီခုံပေါ် ဆောင့်အောင့် ထိုင်လိုက်ရာ ခင်လေးက…

'ဒေါ်စိန့်ကို သွားသွား မတားပါနဲ့ အမေရယ်။ ဥသြမလည်း ပိုနာသလို ကျွန်မတို့လည်း လူပုံအလယ် အရှက်ကွဲတာသာ အဖတ်တင်တာပါ။ အမေ မကြားချင် တရားခွေဖွင့် နာနေပေါ့'

'ငါလည်း ဒီလိုအတန်းအစားတွေနဲ့ ဘယ်ပတ်သက်ချင်ပါ့။ ငါ့ဝင်္ကြွေးများ ကြီးလိုက်တာ ဒီကောင်မ မိစိန် မသေမချင်း အသံနဲ့ နှိပ်စက်တာ ခံနေရဦးမှာပါလားနော်'

'တော်ပါတော့ အမေရယ်။ ကျွန်မ အိပ်ချေတော့မယ်။ အဖေနဲ့အမေတို့ဖို့ သရက်သီးစိတ်တွေ ရေခဲသေတ္တာထဲ ထားထားတယ်။ အဖေ့ကို ကျွေးလိုက်ပါ'

ခင်လေးက သရက်သီးစိတ်အချို့ ပန်းကန်နှင့်ခွဲယူ အိမ်ပေါ်တက်လာခဲ့သည်။ ခုတင်ပေါ်ထိုင် သရက်သီးစိတ် တမြုံ့မြုံ့ဝါးရင်း သူ့… ပင် သရက်သီးကြိုက်သည်… သရက်သီးပေးလို့ပါ… ရေမဆေးဘဲ စ…နှင့် ပွတ်…



www.burmeseclassic.com

www.burmeseclassic.com

သုတ်စားတတ်သော ဥသြမတို ပြေးမြင်သည်။ ခုလိုသရက်သီးတုံးချိန် တစ်လုံးရှစ်ရာ၊ တစ်ထောင်ဈေးနှင့် ဥသြမအဘွား ဝယ်ကျွေးမည်မဟုတ်တာတွေးပြီး ဥသြမကို သနားစိတ် ဝင်မိလေရဲ့။ ဘဝဆိုတာ မျက်လှည့်ပြသလို အချိန်မရွေး ပြောင်းလဲတတ်ကြောင်း ခင်လေးခမျာအသက် ၄၀ နားနီးမှ သိရသည်။ ဥသြမ လူ့ဘဝမှာ လူဖြစ်လာခြင်းအတွက် ခင်လေးကိုယ်တိုင်ကော ဥသြမအဖေမြင့်ဟန်ပါ အပြစ်ရှိသူများဟုနှစ်ယောက်စလုံး နားလည်ကြသည်။

ပြဿနာဖြစ်ခြင်းအစအဲဒီနေ့က မိုးတစိမ့်စိမ့် ရွာနေသည်။ ရန်ကုန်က နယုန်လအဝင်စပြီး တန်ဆောင်မုန်းလအထိ နေ့မစဲ ညမစဲ မိုးရွာတတ်တာ အဆန်းမဟုတ်ပါချေ။ လွန်ခဲ့သော ၃ ရက်ကမိုးရေနှင့် ခေါင်းလျှော်လိုက်မိသည့် ခင်လေးဆံပင် အုံထူထူမှာ ကောင်းကောင်းမခြောက်သေးတော့ အအေးဝတ်ကာ ဖျားချင်နေချိန်။ ရုံးဖျက်လေ့ မရှိသူမို့ အိမ်နေရတာ ခပ်ပျင်းပျင်းမို့ မနက်ပိုင်းဆေးသောက်ပြီး ရုံးလာခဲ့သည်။ နေ့ခင်းပိုင်းအရောက်ခေါင်းကိုက်ပြင်းထန် တစ်ကိုယ်လုံး တုန်ခိုက်လာရာအလုပ်တူလုပ်ဖက် ရီရီနွဲ့ကနာစေးခေါင်းကိုက်ပျောက်အောင် ဆေးတိုက်သည်။ ဆေးသောက်ပြီး မကြာမီနုံးခွေ အိပ်ငိုက်ပြန်တော့ အားလုံးက လက်မှတ်ထိုးခဲ့ကာ အိမ်ပြန်အနားယူဖို့ တိုက်တွန်းသည်။ ခင်လေးသည် လက်မှတ်ထိုး ထီးဆောင်းလို့ ရုံးအပြင်ထွက် ဆိုက်ကားစောင့်နေလိုက်သည်။

ထိုအချိန် အိမ်နီးချင်းမြင့်ဟန် သူ့အမေဒေါ်စိန်ကိုနေ့ခင်း ဈေးပို့အပြန်ကြုံရာ သူ့ဆိုက်ကားစီး အိမ်ပြန်မိသည်။ တစ်လမ်းလုံး မိုးစိုတာနှင့် အဖျားတက်နေတာလည်းရောလို့ အိမ်သော့ကို မြင့်ဟန်ဆီပေး တံခါးဖွင့်ခိုင်းရသည်။ ခင်လေးပုံစံ ဒယီးဒယိုင်ကြောင့် အကူအညီပေးရန် မြင့်ဟန်လည်း ခင်လေးအိပ်ခန်းတိုင် ဝင်လိုက်လာကာ အဝတ်အစားလဲဖို့ တိုက်တွန်းနေစဉ် ဖွဲရာမှ တအုန်းအုန်းသဲသဲမဲမဲ ရွာချလိုက်သည့်မိုး၊ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၊ ဆန့်ကျင်ဘက် ဖိုမနှစ်ဦးတည်းရှိသည့် အနေအထားက မြင့်ဟန်နှင့် ခင်လေးအား တဒင်္ဂ အမှောင်ကျသွားစေခဲ့သည်။

သူတို့နှစ်ယောက် သတိဝင်လာသောအချိန့်ကျ ခင်လေးက ရှက်ရွံ့ကြေကွဲစွာ ငိုရင်းဒီအဖြစ်သနစ်အား မည်သူ့ကိုမှ မပြောပြဘဲ ဒီဇာတ်လမ်းဒီမှာတင် တစ်ခန်းရပ်ဖို့တောင်းပန်တော့ မြင့်ဟန်လည်း ကျေကျေနပ်နပ်သဘောတူခဲ့လေသည်။ မြင့်ဟန်ကိုယ်တိုင်လည်း ပခုက္ကူဘက်မှ ရန်ကုန်တွင်အဆောင်နေရင်း ဖိနပ်အငှားချုပ်နေသည့် မိပေါက်ဆိုသော ကောင်မလေးကို စိတ်ဝင်စားနေသူဖြစ်သည်။ ညီအစ်မသုံးယောက်တည်း ယင်ဖိုပင် မသန်းဖူးသော ခင်လေး၊ အသက် ၄၀ ပြည့်ခါနီးအရွယ် ဗိုက်က တဖြည်းဖြည်း ပူလာရာ ကျန်းမာရေးအတွက် ဆေးစစ်ကြည့်ဖို့ ရုံးမှလူများ ဝိုင်းဝန်းပြောကြမှကြောက်လန့်တကြား စစ်ဆေးကြည့်မိရာ ဗိုက်ထဲကကလေးက လရင့်နေပြီတဲ့လေ။ ခင်လေးအတွက်အရှက်ကွဲလိုက်သည်မှာ ပြောစရာမရှိ။ ဆေးခန်းကို အတူလိုက်ပေးခဲ့သည့် ရုံးက လုပ်ဖော်ကိုင်ဖက် ချိုချို့မျက်နှာပင် မကြည့်ရဲတော့။

ဒီအကြောင်းကို သိရချိန် အမေ ဒေါ်ဝိုင်းကြည်မှာခေါက်ခနဲ သတိလစ် လဲကျသွားရာ မနည်း နှာနှပ်ယူလိုက်ရသည်။ ခင်လေးကိုပါးရိုက်လိုက်၊ ထုလိုက်၊ ဆွဲကုတ်လိုက် စိတ်ဖောက်ပြန်သလိုဖြစ်ရင်း ကလေးအဖေဘယ်သူဆိုတာ စစ်မေးလေတော့သည်။ အစက ခင်လေးဖြစ်ချင်ရာဖြစ် လုံးဝ ဖွင့်မပြောဘဲ အဖေ့ညီမရှိရာ ပဲခူးနားက ရွာလေးတွင် သွားမွေးရန်ဆုံးဖြတ်မိသည်။ သို့သော်အဖေကိုယ်တိုင်ကော ညီမနှစ်ယောက်ကပါ ကလေးကို မွေးလိုက မွေးနိုင်သော်လည်းဖအေမပေါ်သည့် ကလေးကိုမွေးမိပါက ပတ်ဝန်းကျင်အလယ်တစ်သက်လုံး အရှက်ရစရာဖြစ်ကြမည် ဆိုကြပြီးချော့တစ်ခါ၊ ခြောက်တစ်လှည့် မေးကြလေမှ တစ်အိမ်ခြားက ကုန်စိမ်းသည် ဒေါ်စိန့်သား ဆိုက်ကားသမား မြင့်ဟန်ဖြစ်ကြောင်း ပြောလေမှအားလုံး မျက်ဖြူ ဆိုက်ကြရတော့သည်။

တစ်ယောက်စကားတစ်ယောက်နား ပြောဆိုကြရာ ခင်လေး၏ ဖုံးဖိမရသည့်ဗိုက်ပြဿနာကို တစ်ရပ်ကွက်လုံး သိသွားလေတော့မြင့်ဟန်ကို စိတ်ဝင်စားသယောင် ဖြစ်နေသည့်မိပေါက်လည်း မြင့်ဟန်ကို ရွံရှာသော အကြည့်ဖြင့် နောက်ဆုတ်သွားလေပြီ။ ဒေါ်စိန့်အနေနှင့် မိန်းမသားချင်းကိုယ်ချင်းစာတာကြောင့် သားဖြစ်သူ မြင့်ဟန်ထက်ဆယ်နှစ်ကျော်ကြီးရုံမက ရုပ်ဆိုးဆိုး မာနကြီးကြီး ခင်လေးကို သူ့သားနှင့် လက်ထပ်လိုပါက ခွင့်ပြုမည်ဖြစ်ကြောင်းရပ်ကွက်မိဘများမှတစ်ဆင့်ပြောခိုင်းရာ ဒေါ်ဝိုင်းကြည်တစ်ယောက် ဆတ်ဆတ်ခါနာလို့ သူ့စိတ်ကြိုက် အလိုရှိရာ ပုံစံကိုသာ ရပ်မိရပ်ဖတို့မှ တစ်ဆင့် အရေးဆိုခဲ့သည်။

ဥသြမ မွေးပြီးပြီးချင်းနို့တစ်စက်မှ အတိုက်မခံအနီးနှင့်ပတ်ပြီး ဒေါ်စိန်တို့ဘက် ပေးလာတော့ ဒေါ်စိန်ဒေါ်ပွလိုက်သည့်ဖြစ်ခြင်း။ ကလေးအသက်ရှင်ဖို့ ပူစရာမလို သူ့သမီးမွေးတင်တတိယမြောက် ကလေးမွေးတာ တစ်လမပြည့်တတ်သေး။ ဥသြမကို မွေးတင်ဆီ ထိုးအပ်လိုက်သည်။ ထိုအချိန်မှစကာ ဥသြမတစ်ယောက်အဘွားဒေါ်စိန် မိသားစုလက်ထဲ ကြီးပြင်းခဲ့ရတော့သည်။

မုဆိုးမ ဒေါ်စိန်တွင်သမီးနှစ်ယောက်၊ သားနှစ်ယောက် ရှိပေမဲ့ အိမ်ထောင်ကျပြီးသူ သုံးယောက်မှာအိမ်မခွဲကြဘဲ ဒေါ်စိန့်ဆီသာ

www.burmeseclassic.com

ကပ်နေကြသဖြင့် အနံ့ရှစ်ပေ အကျယ်၊ အလျားပေ လေးဆယ်မျှသာရှိသော အိမ်ကျဉ်းကျဉ်းလေးက သားသမီး၊ ချွေးမ၊ သမက်၊ မြေးသားများနှင့် ကျပ်ညပ်နေသည်။ မြင့်ဟန်မှာ ဥသြမအမေကြောင့် လာဘ်ပိတ်သွားသလားမသိ၊ ခုအချိန် အသက်လေးဆယ်ကျော်အထိ အိမ်ထောင်မပြုဘဲ ဆိုက်ကားနင်းရင်း သမီးတစ်ယောက်ရှိ လူပျိုဘဝခံစားနေရပေသည်။ ဒေါ်စိန်က တစ်နေကုန်နီးပါး ကုန်စိမ်းရောင်းနေသဖြင့် ဥသြမက လစ်ရင် လစ်သလို ဟိုဘက်အိမ်မှ အဘွား ဒေါ်ဝိုင်းကြည်တို့ဘက် ကူးကာ ဝမ်းကွဲမောင်နှမများနှင့် ဆော့လိုက်၊ အဘွား ဒေါ်ဝိုင်းကြည် စိတ်လိုလက်ရ ရှိချိန်မျိုးမှာ ကျွေးတတ်သည့် မုန့်ပဲသရေစာ စားလိုက် ကြီးပြင်းလာခဲ့လေသည်။ ဥသြမ အဘွား ဒေါ်စိန် မရှိခိုက် ဟိုဘက်အိမ် သွားသွားနေသည့်ကိစ္စ မြင့်ဟန်၏ မွေးချင်းမောင်နှမများ သိပေမဲ့ ဥသြမကို သနားစိတ်ကြောင့် မသိဟန်ဆောင် ခွင့်လွှတ်နေကြရာ ဒေါ်စိန် မသိလိုက်တာများလေသည်။

ဥသြမနှင့် ပတ်သက်ပြီး ဒေါ်ဝိုင်းကြည်နှင့် ဒေါ်စိန်တို့အကြား မကြာခဏ ပြဿနာတက်တတ်သည်။ တစ်ခါတစ်ရံ ရယ်စရာကောင်းသကဲ့သို့၊ တစ်ခါတစ်ရံ မွေးချင်းမောင်နှမများ စိတ်ညစ်စိတ်ပျက်စရာ ကြုံကြရသည်။ ဥသြမ လေး၊ငါး၊ ခြောက်လသမီးရွယ် အဘွားဒေါ်စိန်က ဥသြမ၊ ဥသြမ ခေါ်သံအကြား ဒေါ်ဝိုင်းကြည်က ထိုနာမည် မမှည့်ဖို့ ရပ်ကွက်လူကြီးလွှတ်ကာ တားခိုင်းခဲ့သည်။ ထိုအခါ ဒေါ်စိန်က အရွဲ့တိုက်ကာ ရပ်ကွက်အတွင်း ဥသြမကို ချီပွေ့ လမ်းသလားရင်း ဟားတိုက်ရယ်မော စောင်းလိုက်၊ ချိတ်လိုက်လုပ်ရင်း ဥသြမနာမည် တွင်တွင်ခေါ်နေတော့သည်။ ဒေါ်စိန့်ကို ဘယ်သူမှ မတားရဲ၊ မပြောရဲကြပေ။ ဒေါ်စိန် ပွဲကြမ်းနေတာ မခံနိုင်လွန်းသဖြင့် ဒေါ်ဝိုင်းကြည် ယောကျ်ား ဦးဖေအောင် တောင်းပန်လွန်းမက တောင်းပန်မှ ဒေါ်စိန် ရပ်တန့်လိုက်တာကြောင့် ဥသြမ နာမည်နှင့်ပတ်သက်ပြီး ဒေါ်ဝိုင်းကြည်တို့ နှုတ်ပိတ်သွားရသည်။ ဒေါ်ဝိုင်းကြည်တို့က စီးပွားရေး ချောင်လည်ကြသူပီပီ မြေး ၅ ယောက် မွေးနေ့ရောက်တိုင်း ရပ်ကွက်အတွင်း ကလေးတစ်သိုက်ကို ကိတ်မုန့်ကျွေး၊ လက်ဖက်ရည်တိုက်၊ ခေါက်ဆွဲကြော်ကျွေးလေ့ ရှိတာမို့ ဒေါ်စိန်ကလည်း အားကျမခံ သူ့အင်အားရှိသလောက် ဥသြမ မွေးနေ့ ရောက်ပြီဆိုလျှင် ဒေါ်ဝိုင်းကြည် တစ်အိမ်သာ ချန်ထားပြီး လမ်းတစ်လျှောက် အိမ်နှစ်ဆယ်ခန့်ကို သာကူစေ့နှင့် ကန်စွန်းဥကို ထန်းလျက်နှင့်ကျို၊ အုန်းသီးခြစ်ထည့်ကာ ဝေငှလေ့ရှိရဲ့။

ခုဆို ဥသြမအသက် ဆယ့်သုံးနှစ်ပြည့်ကာ အပျိုဖော်ဝင်ခဲ့လေပြီ။ ဥသြမ ဒေါ်သူဇာတို့အိမ်မှာ ကြည့်နေကျ ကိုရီးယားဇာတ်လမ်းတွေထဲကလို အမေ့ရဲ့ ထွေးပိုက်ခွင့် မခံစားရလို့ အံကြိတ်ကြေကွဲ ခံစားရခြင်းမရှိ။ အဘွားဒေါ်စိန်ရဲ့ အဆူအဆဲ၊ အရိုက်အနှက်ခံရလည်း နာကျင်ထိခိုက်နေတာမျိုး လုံးဝ မစဉ်းစားမိ။ ကံကောင်းသည့် အချက်တစ်ခု ဥသြမမှာ ပိုင်ဆိုင်ထားသေးသည်။ အဖေမွေးချင်း မောင်နှမ၏ သားသမီးတွေ မကြာခဏ ကျန်းမာရေး မကောင်းတာမျိုးရှိပေမဲ့ ဥသြမက နာစေး၊ ချောင်းဆိုးကလွဲပြီး ကြီးကြီးမားမား ရောဂါ မခံစားဖူးပေ။ အလိုက်သင့် အဖေ့ဆွေမျိုး၊ အမေ့ဆွေမျိုး အသိုင်းအဝိုင်းကြား ကူးသန်းရင်း ပျော်ပျော်ရွှင်ရွှင် ကြီးပြင်းလာခဲ့သည်။ အဖေ ဆိုက်ကားနင်းရာမှ ပိုက်ဆံပိုပိုလျှံလျှံ ရလာသည့်အခါတွင် ဥသြမအတွက် ဂါဝန်၊ စကတ်၊ အင်္ကျီ တစ်မျိုးမျိုး ဝယ်ပေးတတ်ရဲ့။ အမေ ဒေါ်ခင်လေးက ဥသြမအတွက် မုန့်ဖိုး မကြာခဏ ပေးတတ်သလို၊ ဥသြမ အသက်ငါးနှစ်ပြည့်တွင် တန်ဖိုးကြီး ဇာဂါဝန်လှလှလေး မွေးနေ့လက်ဆောင် ပေးခဲ့ဖူးသည်။ ဒါကို အဘွားဒေါ်စိန် သိသွားတော့ အဲဒီဂါဝန်ကို အဘွားဒေါ်ဝိုင်းကြည် အိမ်ပေါက်ဝ ယူသွားကာ ဓားနှင့် နုပ်နုပ်စဉ်း ပြခဲ့တာမို့ နောက်ပိုင်း ဥသြမ အဝတ်အထည်ဆို မယူရဲတော့။

ဥသြမ ကျောင်းနေစအရွယ်မှာလည်း ကျောင်းနာမည်တစ်မျိုးပေးရန် ဆရာမက တိုက်တွန်းစဉ် အဘွားဒေါ်စိန်က ခပ်လွယ်လွယ်ပင် သန်းဆွေမြင့်ဟု ပေးလိုက်သည်။ ဒီနာမည်ကို အဘွား ဒေါ်ဝိုင်းကြည်က တော... သည်။ အောက်တန်းကျ... သည်ဆိုကာ သူတို့ ဖော်... မေး ရွေးချယ်ထားသော မြို့... စုစ်ဆိုသည့် နာမည်ပြောင်းပေးဖို့ ကျောင်းအထိ လာရောက် တောင်းဆိုပြန်ရာ အဘွားဒေါ်စိန်က ရပ်ကွက်တွင်း ပွက်လောရိုက်အောင် စောင်းပါချိတ်ပါလေပြီ။ အဘွားဒေါ်စိန်ကဲ့သို့ နှုတ်ရွေး... ဝံ့သည့် အဘွားဒေါ်ဝိုင်းကြည်တို့ မိသားစုမှာ အသာ ကျုံ့နေကြရင်း ဥသြမကျောင်းနာမည် သန်းဆွေမြင့်ကိုသာ လက်ခံခဲ့ရတော့သည်သာ။

'ဥသြမ ဒီကိုလာခဲ့'

ဒေါ်ဝိုင်းကြည့် ... မကောင်းလို့ ဒေါ်စိန်မရှိခိုက် ပြုစုပေးနေသော ဥသြမ ထွေးခံဆေးပြီး ထွက်အလာ အမေ ဒေါ်ခင်လေး ခေါ်သံကြောင့် ထွေးခံပိုက်လို့ ထွေးခန်းထိုင်ခုံပေါ် ထိုင်ချလိုက်သည်။

'ညည်းလည်း အပျိုဖြစ်လာပြီ ဥသြမ။ ညည်းအဘွား ဒေါ်စိန့်အိမ်မှာ လူတွေ ပြွတ်သိပ်နေတာ ငါတို့အိမ် လာနေပါလား။ ငါနဲ့အတူအိပ်... အမေ့ကို ပြောပြပေးမယ်။ ပြီးရင် ရွှေယမင်းတို့လို ကျူ... လည်း တက်ရမယ်။ အဝတ်အစားကောင်းတွေရယ်... ညည်းဖို့ ဆွဲကြိုးနဲ့ လက်စွပ်လည်း လုပ်ထားပြီးပြီ... ဆယ်တန်းအောင်ရင် နောက်ထပ် ဟန်းချိန်းပါ လုပ်ပေးမယ်'

'ရပါတယ်အမေ ... မဝတ်ရရင် နေပါစေ၊ အဘွား ဒေါ်စိန်တို့နဲ့ပဲ နေမယ်'

www.burmeseclassic.com

www.burmeseclassic.com

'ညည်းအပေါ် ဒေါ်စိန် ဘာကောင်းတာလည်း မဟုတ်ဘဲ တွယ်ကပ်မနေပါနဲ့အေ။ ငါနဲ့နေရင် သူတို့ဆီမှာထက် အဆင့်တန်းမြင့်မြင့် နေရမှာလေ။ စဉ်းစားကြည့်ပါဦး'

'ဟင့်အင်းအမေ။ သမီး အဘွားစိန်တို့နဲ့ နေရတာ ပျော်ပါတယ်'

'နေဦး ဥသြမ။ ငါ့စကားကို အိမ်ရောက်ရင် သေသေချာချာစဉ်းစား။ တစ်ခါတစ မကြည့်နဲ့။ ညည်းဘဝ ကောင်းစားအောင် ဒေါ်စိန်တို့မိသားစုက စွမ်းဆောင်ပေးနိုင်မှာ မဟုတ်ပါဘူးအေ။ ငါလည်း အသက်အရွယ်ရလာတော့ ငါ့သမီးနဲ့ အတူတူနေချင်တာပေါ့။ ဒေါ်စိန်တို့ မိသားစုက တစ်ရပ်ကွက်လုံးရဲ့ ခိုင်းဖတ်၊ ညည်းဘွားအေလည်း ကုန်စိမ်းသည်ဘဝနဲ့ ဆင်းရဲလာတာ။ ငါ့ဆီလာနေရင် ညည်းအဘွား ဒေါ်စိန်ကို ကျေးဇူးဆပ်ရာ ရောက်ပါတယ်'

'တော်ပါပြီ အမေရယ်။ သမီးကို အဘွားစိန်က ဆူဆဲရိုက်နှက်နေပေမဲ့ သူ့စိတ်ထဲက မပါတာကိုသိလို့ သမီး စိတ်မနာပါဘူး။ သမီး အခုလိုပဲ အမေတို့အိမ်ကို အဘွားစိန်မသိအောင် ခဏခဏလာပြီး အဖေ့အိမ်မှာပဲ နေပါရစေနော် အမေ'

ဥသြမက ခါးခါးသီးသီး ငြင်းဆန်နေတာကြောင့် ခင်လေးလည်း ရှေ့မဆက်သာတော့။ နောက်မှ ဖြည်းဖြည်းနားချဖို့ ကြံစည်ကာ ငြိမ်နေလိုက်တော့သည်။ ဒီလိုနှင့် ဥသြမပင် ထူးထူးချွန်ချွန် မဟုတ်သည့်တိုင် တစ်နှစ်တစ်တန်း အောင်လာတာ ခုဆို ဆယ်တန်းရောက်ခဲ့ပြီ။ ဆယ်တန်းဖြေဖို့ ၃ လကျော်အလိုတွင် ဒေါ်စိန် ပင်ပန်းလွန်းသည့်ဒဏ်ကြောင့် အိပ်ရာထဲ လဲလေရာ ဥသြမမှာ ကျောင်းမတက်နိုင်။ အဒေါ် ဒေါ်မွေးတင်နှင့်အတူ အဘွားစိန် ဈေးရောင်းနေကျနေရာ ဈေးထွက်ရောင်းရလေသည်။ တစ်လခန့်ကြာတော့ ဒေါ်မွေးတင်က မိခင်ကို ပြုစုရတာကြောင့်ရော၊ ကလေးပုစုခရုတွေကြောင့်ပါ ဥသြမ တစ်ယောက်တည်း ဈေးရောင်းရသည်။ ဆယ်တန်းကျောင်းသူ ကျောင်းသားများ စာမေးပွဲဖြေပြီးလေမှ ဥသြမ စာမေးပွဲ မဖြေလိုက်ရတာကို ဒေါ်ဝိုင်းကြည်တို့ သိသွားပြီး သမီးဖြစ်သူ တောင်းပန်ချက်ကြောင့် ဥသြမကို အိမ်ခေါ်မယ်။ နောက်နှစ် ဆယ်တန်းဖြေဖို့ ခုကတည်းက ကျူရှင်တက်ရန် စည်းရုံးမယ့် စိတ်ကူးအကြံနှင့် ဥသြမရှိရာ ဈေးကို သားအမိနှစ်ယောက် ထွက်ခဲ့ကြသည်။

'လာနော်…လာထား။ ဘိုစားပဲတွေ လတ်လတ်ဆတ်ဆတ် ဟောဒီမှာ ရှိနိုင်တယ်။ ပန်းပွင့်ကြီးတွေလည်း တစ်ပွင့်ငါးရာနဲ့ ဒစ်စကောင့် ချထားပါပြီ။ ယူလေ အန်တီ။ ခရမ်းချဉ်သီးက အစိတ်သား သုံးရာပါ။ အလေးလား ပြည့်ပါတယ် အန်တီရဲ့။ ဥသြမတို့က တစ်ယောက်တည်းစားတာမှ မဟုတ်ဘဲ သံသရာကြွေး အတင်မခံပါဘူးနော်။ မဟုတ်တာ၊ မမှန်တာဆို လျှာပေါ် မြက်ပေါက်ပါစေ လုံးဝ လုံးဝ ရှောင်ပြီးသား။ ဒီမှာ အစ်ကိုကြီး ချဉ်ပေါင်ညွန့်၊ ဘူးညွန့်တွေ၊ ကင်းပုံသီးတွေက သမီးတို့ ခြံထွက်စစ်စစ်တွေပါ။ ဥသြမ အစ်ကို အစ်မတွေက ခြံစိုက်၊ ဥသြမက ခြံထွက်သီးနှံတွေ ရောင်းပါတယ်။ အန်တီပေးတာ ငါးထောင်တန်နော်။ ခုနစ်ရာငါးဆယ်ကျလို့ တစ်၊ နှစ်၊ သုံး လေးထောင့်နှစ်ရာငါးဆယ် အမ်းငွေပါ။ ကျေးဇူးနော် အန်တီ၊ နောက်လည်း သမီးဆီ အားပေးပါနော်'

ဥသြမက သူ့ဘွားအေ ဒေါ်စိန့်လက်ဖြစ် ဈေးအထပ်ထပ် ရစ်နေသော ဖျင်ကြမ်းအလွယ် ပိုက်ဆံအိတ် သေးသေးလေးကို ခါးကြားညှပ်၊ လုံချည်ဘေးစောင်းကျအောင် ဝတ်ကာ ဝါရင့်ကုန်စိမ်းသည်ကြီးလို ပါးစပ်က ဟုတ်တာရော၊ မဟုတ်တာပါ စုံနေအောင် ပြောရင်း တစ်ခါတစ်ရံ လက်ခုပ်တီးရင်း အသံစာစာအော်ပြီး ဈေးဝယ်ခေါ်လိုက်၊ ဝယ်သူလာလျှင် ချိန်ပေးလိုက်နှင့် အဆက်မပြတ် လှုပ်ရှားနေလေရဲ့။ ဒေါ်ဝိုင်းကြည် တစ်ယောက် ဥသြမဆီ လှမ်းမျှော်ကြည့်ရင်း သမီး ဖြစ်သူ ခင်လေးမျက်နှာနှင့် ဒေါ်စိန့် ခန္ဓာကိုယ် ပေါင်းစပ်ထားသည်ဟု အတွေးရောက်သည်။ ခင်လေးဘက် ငဲ့ကြည့်လိုက်တော့ မျက်ရည်ဝဲနေသော မျက်လုံးအစုံ ဥသြမဆီ စူးစိုက်ကြည့်နေပုံက ကြေကွဲနေဟန် အထင်းသား ပေါ်လွင်နေရာ ဒေါ်ဝိုင်းကြည် တစ်သက် ပထမဆုံးအကြိမ် သမီးကြီး ခင်လေးအပေါ် ရက်စက်ခဲ့သမျှ နောင်တရမိလိုက်သည်။

'အမေ ပြန်ကြရအောင်'

ခင်လေးက လက်မောင်းကို ဆွဲရင်း ပြောလေမှ ဒေါ်ဝိုင်းကြည် အသိဝင်လာသည်။

ဥသြမကို မိမိတို့ဘက်ပါအောင် ဘယ်လိုမှ စွမ်းဆောင်နိုင်တော့မည် မဟုတ်မှန်း ဒေါ်ဝိုင်းကြည် သဘောပေါက်သလို ခင်လေးလည်း နားလည်သွားဟန် တူလေသည်။ အသက်ရှစ်ဆယ်ကျော်ခါစ မိခင်နှင့် ခြောက်ဆယ်နီးပါး ဇရာအို သားအမိနှစ်ဦးသည် နေကွေးလေးလံသော ခြေလှမ်းများဖြင့် ဥသြမကို ကျောခိုင်းလိုက်စဉ် သူတို့နောက်ပါးသို့ ဥသြမ အသံစာစာက ထက်ကြပ်လိုက်လာသလိုပါပေ။

'ဒီမှာ လာထား ဝယ်ထား၊ လျှာပေါ် စွဲလမ်းသွားစေတဲ့ ခြံထွက်သီးနှံစစ်စစ်တွေနော်။ ခဝဲသီးက တစ်တောင့် သုံးရာပါ၊ နှစ်တောင့်ဆို ငါးရာနဲ့ယူပါ အဘွား။ ဒါက တောင်တွင်းနယ်ထွက် ဝါးပိုးမျှစ်ပေါ့။ မမြတ်ပါဘူး အစ်မရယ်၊ တစ်ပိဿာ အပေါ်မှ ငါးဆယ်တစ်ရာပဲ ရတာပါ။ ဒီမှာ ဝယ်ထား ဝယ်ထား တစ်ယောက်စာပဲနော်။ တစ်ယောက်စာ။ မိုးချုပ်ရင် ဈေးသိမ်းတော့မှ မဝယ်လိုက်ရလို့ နောင်တမရကြနဲ့နော်။ အလေးမခိုး ရေမထိုးတဲ့ တစ်ယောက်စာလေးတွေ။ တစ်ယောက်စာလေးတွေ'။ ■

**စူးစူးမွန်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စီးနင်းလိုက်ပါလာသော
အဝေးပြေးကားကြီး မကွေးမြို့ နယ်နိမိတ်
အတွင်းသို့ ချင်းနင်းဝင်ရောက်လာသည့်အခါ
ကျွန်တော့်စိတ်တွေ အတိတ်တစ်နေရာသို့
လွင့်မျောရောက်ရှိသွားပါသည်။
ကျောင်းနေဖက် သူငယ်ချင်းများနှင့်အတူ
ကာလတိုလေးတစ်ခုအတွင်း ခင်မင်ရင်းနှီးခဲ့သူ
ကိုပေါက်ကျော်ကို သတိရလာမိပါသည်။
ထိုစဉ်က မကွေးမြို့ သိင်္ဂါရပ်ကွက်ထဲရှိ
သူငယ်ချင်းတစ်ယောက်အိမ်တွင် နေထိုင်ရင်း
ကျွန်တော် ကျောင်းတက်ခဲ့ရသည်။
မှတ်မှတ်ရရ ရှစ်လေးလုံး အရေးတော်ပုံ
မတိုင်မီ တစ်နှစ်အကြိုကာလ ဖြစ်ပါသည်။
ရပ်ကွက်ကုန်းအဆင်း လမ်းမကြီး
တစ်နေရာရှိ ကိုကြီးအောင်၏
စာအုပ်အငှားဆိုင်ကလေးတွင် ကျွန်တော်တို့
ကျောင်းသွားကျောင်းပြန်
ပုံမှန်ခိုလှုံခဲ့ကြသည်။ ကိုကြီးအောင်က
စာအုပ်အငှားဆိုင်နှင့်အတူ ကွမ်းယာခုံကလေးပါ
တွဲလျက် ဖွင့်လှစ်ထားသည်။ သူ့ဆိုင်နှင့်
မျက်နှာချင်းဆိုင် လမ်းမကြီးအရှေ့ဘက်တွင်
ဆိုက်ကားဂိတ်ကလေး ရှိသည်။ ထိုဂိတ်က
ဆိုက်ကားဆရာအားလုံးသည် ကိုကြီးအောင်၏
ကွမ်းမိတ်ဆွေတွေ ဖြစ်ကြသည်။
ထိုအထဲတွင် ကျွန်တော်တို့၏
ဇာတ်လိုက်ကျော်ကြီး ကိုပေါက်ကျော်လည်း
ပါဝင်သည်။ ကိုပေါက်ကျော်က
မကွေးမြို့ဇာတိ မဟုတ်။ မကွေးမြို့မှ
ရေနံချောင်းသို့အထွက် ဒေါင်းနေနှင့်
လေး,ငါးမိုင်အကွာရှိ တဲကြီးကုန်းရွာသား
ဖြစ်ပါသည်။ သူ မြို့ပေါ်ရောက်မလာမီ
ရှေ့ပိုင်းဘဝဖြစ်စဉ်ကို ကျွန်တော်တို့
မသိကြပါ။ တဖြည်းဖြည်း သိလာရသော
သူ့အကြောင်း အပိုင်းအစတွေကို ဆက်စပ်
ရုပ်လုံးဖော်ကြည့်ရခြင်း ဖြစ်သည်။
သိင်္ဂါမြောက်ဖျား
ကုန်းမြင့်ပိုင်းကိုကျော်ကာ
လမ်းသစ်တွေ ဖောက်လုပ်ပြီး
နောက်ပိုင်းတွင် အိုးအိမ်သစ်တွေပါ
ပေါ်ပေါက်လာသည်။ ထိုအထဲတွင်
မျက်စိလည်လမ်းမှားကာ သိင်္ဂါသားနှင့်
အိမ်ထောင်ကျသော ကိုပေါက်ကျော်၏
အဒေါ်ဖြစ်သူ ဒေါ်ခင်မြအိမ်လည်း



www.burmeseclassic.com

www.burmeseclassic.com

အပါအဝင် ဖြစ်သည်။ ဒေါ်ခင်မြက အိမ်ရှေ့တွင် ကုန်စုံဆိုင်ကလေး ဖွင့်ထားပြီး သူ့ယောကျ်ား ဦးခင်သောင်းက ပွဲရုံတစ်ခုတွင် အလုပ်လုပ်သည်။ ကိုပေါက်ကျော် မိန်းမခိုးလာပြီး သူ့အဒေါ်အိမ်သို့ လာရောက်ခိုလှုံရာမှ ရွာမပြန်ဖြစ်တော့ဘဲ မြို့ပေါ်မှာပဲ လုပ်ကိုင်စားသောက်နေခဲ့ခြင်း ဖြစ်ပါသည်။ သားသမီးမထွန်းကားသော ဒေါ်ခင်မြအဖို့လည်း ကိုပေါက်ကျော်တို့ လင်မယားရောက်လာခြင်းဖြင့် လက်တိုလက်တောင်း အဖော်ကောင်း ရရှိသွားပါသည်။

ထိုစဉ်က ကိုပေါက်ကျော် အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး သူခိုးလာသူ မနွယ်နွယ်ဝင်းက သူ့ထက်ဆယ်နှစ်တိတိ ငယ်ကြောင်း သိရသည်။ ကိုပေါက်ကျော်သည် အရပ်အမောင်း ခပ်ပြတ်ပြတ်၊ အသားညိုညို၊ တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်ရှိသည်။ သွက်လက်ပေါ့ပါးစွာ လုပ်ကိုင်လှုပ်ရှားတတ်သည်။ အပေါင်းအသင်း ဆံ့သည်။ လက်သမားပညာ တတ်သည်။ လက်သမားအလုပ် ပါးရှားသည့်အခါ ဆိုက်ကား အငှားနင်းသည်။ ရံဖန်ရံခါ လက်သမားနှင့် ဆိုက်ကားအလုပ်တွေပစ်ပြီး ကမ်းနားလမ်းဘက်ရှိ ဦးကြင်တုတ် ပွဲရုံကိုရောက်ချင် ရောက်နေတတ်သည်။ သူက ကတ္တားချိန်၊ အိတ်သွင်း အိတ်ချုပ် ပွဲရုံအလုပ်တွေမှာလည်း ကျွမ်းကျင်ပြန်ပါသတဲ့။ သေစာရှင်စာလောက်သာ ပညာတတ်ရှာသော ကိုပေါက်ကျော်၏

ယောကျ်ားပီပီ
တည်ကြည်သူ
မှတ်လို့
ယုံလိုက်မိတာ
နောက်မှ
နှမချင်း
မစာနာတတ်တဲ့
ခွေးသူတောင်းစား
ဖြစ်နေမှန်း
သိတယ်
သပြေရင်သူ
ကြည်ကြည်ကို
ဘယ်လို
မိန်းမစားမျိုး
မှတ်လို့လဲ
နောက်ကို
သပြေရင်မှာ
ခြေလာချကြည့်
တော့ဇက်
အပြတ်ပဲ
ဆိုတာ
မှတ်ထား

စွမ်းဆောင်ရည်ကား လက်လုပ်လက်စား မြို့အလုပ်သမားတွေပင် လိုက်မမီချင်။

ထိုသို့သော ကိုပေါက်ကျော်သည် နေဝင်ရီတရော အချိန်များတွင် ယောကျ်ားပီပီ ယမကာရီဝေ စီးထွေထွေလေးလည်း ပုံမှန် ထုဆစ်တတ်ပါသည်။ တစ်နေ့တော့ ယမကာတွင်သာမက (ကညာ ခွင်ပါ လက်စောင်းထက်လေသလားဟု သံသယဖြစ်ဖွယ် ကြုံလာရပါသည်။ ထိုနေ့က ကိုကြီးအောင့် ဆိုင်တွင် ကျွန်တော်တို့အုပ်စု ကျောင်းသွားရန် စုရပ်လုပ်နေချိန် ဆိုက်ကားပေါ် ပြန်ရောက်နေသော ကိုပေါက်ကျော်ကလည်း ကွမ်းယာ လာဝယ်နေချိန် အတူရှိနေကြသည်။

'ကိုကျော်ပေါက် - ကိုကျော်ပေါက်။ သုံးဘီးခဏ ရပ်ပါဦး၊ ခဏလေး'

လမ်းပေါ် ဖြတ်မောင်းသွားသည့် သုံးဘီးဆိုင်ကယ်ပေါ်မှ ခပ်စူးစူး အမျိုးသမီးတစ်ယောက်အသံ လွင့်စဉ်ကျလာသည်။ ကိုပေါက်ကျော် နာမည်ကို အတည့်မဟုတ်ဘဲ ပြောင်းပြန် ခေါ်သံကြောင့် ကျွန်တော်တို့ မျက်စိလည်သွားကြပါသည်။ ကိုပေါက်ကျော်က 'ဟေ'ဟု တစ်လုံးတည်း ရေရွတ်ကာ အထိတ်တလန့် လှည့်ကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းတွင် ရပ်သွားသော သုံးဘီးဆိုင်ကယ်ပေါ်မှ အမျိုးသမီးတစ်ယောက် အပြေးအလွှားဆင်းလာသည်။ သူက ကိုပေါက်ကျော်နှင့် မျက်နှာချင်းဆိုင် ခါးထောက်ရပ်လိုက်ပြီး မီးဝင်းဝင်းတောက်မျက်လုံးများနှင့် စူးစူးရဲရဲ ကြည့်သည်။

'မှတ်မိပါတယ်နော် ကိုကျော်ပေါက်၊ ဟောဒီမျက်နှာကို သေသေချာချာ ကြည့်ထား'

'ဟင်၊ ဘာ ဘာ'

'ခုမှ ဝက်နာကြီးလို ဘာဘာ လုပ်ပြမနေနဲ့၊ ဟွန်း၊ တော့်ကို ယောကျ်ားပီပီ တည်ကြည်သူမှတ်လို့ ယုံလိုက်မိတာ။ နောက်မှ နှမချင်း မစာနာတတ်တဲ့ ခွေးသူတောင်းစား ဖြစ်နေမှန်း သိတယ်။ သပြေရင်သူ ကြည်ကြည်ကို ဘယ်လို မိန်းမစားမျိုး မှတ်လို့လဲ။ နောက်ကို သပြေရင်မှာ ခြေလာချကြည့် တော့်ဇက် အပြတ်ပဲဆိုတာ မှတ်ထား၊ ဖြန်း ဖြန်း'

မြန်လိုက်သည့်လက်။ ကိုပေါက်ကျော် ဇက်ပင် လည်ထွက်သွားသည်။

'ရိုက်လိုက်တာတောင် လက်ရွံ့တယ်၊ ထွီ'

အမျိုးသမီးက ဆောင့်ကြီးအောင့်ကြီးဖြင့် ထဘီစွန်တောင်ဆွဲကာ သုံးဘီးဆီ ပြန်ထွက်သွားသည်။ ကိုပေါက်ကျော်မှာ မတုန်မလှုပ် ကျောက်ရုပ်။

'ဟား၊ တော်တော်နောက်တဲ့ ကိုပေါက်ပါလား ကျွတ်'

ကျွန်တော်တို့အားလုံး ရှုပ်ထွေး ကြောင်ငေးနေမိကြသည်။ ကိုပေါက်ကျော်က ကိုကျော်ပေါက်တဲ့။ ဘယ်လိုကြီးပါလိမ့်။ မမျှော်မလင့် မုန်တိုင်းတစ်ခု ဝင်မွှေသွားသလို တွေ့မြင် ကြားသိလိုက်သမျှ ယားကျိကျိကြီးပါကလား။ ကိုယ့်ဆရာက ဘာမှ မဖြစ်သလို ကွမ်းယာထုပ်ကို ယူကာ နှုတ်ဆက်ထွက်ခွာသွားပါသည်။ ကိုကြီးအောင်က ကျွန်တော်တို့ကို ကြည့်ပြီး ပါးစပ်ပိတ်လျက် တအုအုရယ်နေသည်။

'ရှုပ်ရတဲ့အထဲဗျာ၊ ရယ်ချင်လည်း သွားဖြဲရယ်စမ်းပါ'

'ဘာရှုပ်ရမှာလဲ၊ မင်းတို့က ဒီတစ်ယောက် ကြုံသေးတာ။ ငါကြုံခဲ့တာ သုံးယောက်တိတိရှိပြီ။ ဒီတစ်ယောက်နဲ့ ပေါင်းရင် လေးယောက်တောင်ကျ



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ရဲ့လား ကိုကြီးအောင်ရာ၊ ဘာတွေလဲ'

'နာမည်ခေါ်တော့လည်း ပြောင်းပြန်ကြီး၊ ကိုပေါက်ကျော် ညည်းသွားပုံက ကျော်ပေါက်ဆိုပြီး နောက်တစ်ယောက် ရှိနေသလိုလို'

'အေး၊ ပထမဆုံး ငါကြုံရတာ မိန်းမနှစ်ယောက်ပူးကြီးဗျာ။ ဈေးကြီးမြောက်ဘက် အလယ်ပေါက်တည့်တည့်မှာ တစ်လနီးပါးတောင်ရှိတော့မယ်။ အဲဒီ မိန်းမနှစ်ယောက်ကလည်း တောကနေ ဈေးဝယ်တက်လာကြပုံ ဒီဇိုင်းတွေနဲ့၊ ကိုပေါက်ကျော်က အဲဒီအလယ်ပေါက်ဆီ လူစီးနှစ်ယောက် လာအပို့ ငါကလည်း ကွမ်းသီးကွမ်းရွက်တွေ ဝယ်ပြီးအထွက်၊ လောကစာပေတွေ ဝင်ပြီး စာအုပ်သစ်တွေ ယူဖို့တောင် မေ့သွားတဲ့အထိကွာ'

'မိန်းမနှစ်ယောက်က အတူတူလား'

'မတူလို့ တွယ်ကြတာပေါ့။ သုံးပွင့်ဆိုင် ဂုန်းခနဲဆိုင်မိပုံမျိုး။ ချိန်းထားရင်တောင် ဒီလောက်တိုက်ဆိုင်မယ်မထင်ဘူး။ တစ်ယောက်က ဒီနေ့တွေ့တဲ့ မိန်းမအရွယ်လောက်ပဲ့။ နောက်တစ်ယောက်က ပိုငယ်တယ်၊ ပိုချောတယ်ကွာ။ တောက် မိန်းမတွေဟာ နှာခေါင်းသာမပါရင် ဘာညာဆိုတဲ့ စကားတောင် ယုံစားရမလိုကြီး'

'ခင်ဗျားရဲ့ ဆန္ဒစွဲတွေ မှတ်ချက်တွေ ကြားဝင်မပါနဲ့ဗျာ။ အညာခံရတယ်ဆိုတာ မသိလို့ပေါ့'

'ဟုတ်တယ်၊ အပိုမယွင်း လိုတိုရှင်းပြော၊ ကျောင်းချိန်နီးနေပြီ'

'ခွေးကောင်တွေ ပြောလည်း ပြောပြရသေးတယ်။ အဲဒီမိန်းမနှစ်ယောက်လုံး တောင်းပလုံးတွေ ကိုယ်စီနဲ့ အလယ်ပေါက်က ထွက်အလာ ကိုပေါက်ကျော်ကို မြင်လိုက်တာနဲ့ တောင်းပလုံးတွေ အောက်ချပြီး စောစောက မိန်းမလို အပြေးအလွှားကြိမ်းဝါး ရန်တွေ့လိုက်ကြတာများ အဲ၊ နာမည်ခေါ်လိုက်ကြတာလည်း ကိုကျော်ပေါက်ချည်းပဲ။ တော် နေနိုင်လှချည့်လား၊ သူများသားသမီးကို ဟင်းရွက်ကန်စွန်းရွက် မှတ်နေလား၊ ဘူးသီးခရမ်းသီး မှတ်နေလားပေါ့ကွာ။ စုံစေ့နေတာပဲ'

'ခင်ဗျားဟာက သီးနှံတွေချည်းပါလား'

'ချီးတဲ့မှ သူတို့ရန်တွေ့ပုံတွေ အကုန်မှတ်မိပါ့မလား။ ပေါက်လွယ်အောင် ပြောနေတာ။ ကိုပေါက်ကျော်များ ကျီးနှစ်ကောင်ကြားက ဇီးကွက်လို အီးပေါက်သံတောင် မထွက်နိုင်ဘူး။ အဲဒီကနေ မိန်းမနှစ်ယောက် ပြန်တည်ကြတော့တာဟော့။ ဒါ နင့်လင်လား၊ ငါ့လင်လား။ နင်သာ လင်ခိုး၊ ငါတို့အမျိုးမှာ ဒါမျိုးမရှိဘူးဟော့ ပေါ့ကွာ။ ဟား ဟား။ ဈေးအလယ်ပေါက်မှာ အုတ်အော်သောင်းတင်းကြီး၊ လူတွေကလည်း အုံခဲလို့။ အဲဒီအချိန်မှာ ကိုယ့်ဆရာ ဘာလုပ်တယ်မှတ်လဲ။ လူတွေ ပိတ်မိနေတဲ့ကြားက မယားနှစ်ယောက်ကိုထားပြီး သူ့ဆိုက်ကားပေါ်တက် ဒုန်းမြင်းတစ်ကောင်လို ကျုံးနင်းပြေးတော့တာပဲ'

'ကျွန်တော်တို့ စဉ်းစားမရတာက ကိုကျော်ပေါက်ဆိုတဲ့ နာမည်ဗျ၊ မျက်နှာချင်းဆိုင် ခေါ်ကြတာဆိုတော့ လူမှားတာလည်း မဖြစ်နိုင်ဘူး'

'နေကြဦး၊ တစ်ယောက်ကျန်သေးတယ်။ အဲဒါကမှ ရှုပ်ရတဲ့အထဲ ဆူးလှည်းကြီးမောင်းဝင်လာသလိုပဲ။ အဲဒီတစ်ယောက်က တစ်ပတ်လောက်ပဲ ကြာသေးတာ။ ကိုပေါက်ကျော် ဆိုက်ကားခေါ်ပြီး ငါဈေးကို ပြေးတယ်ကွာ။ စံပြလမ်းဆုံ အကွေ့နားမှာ ဘွားခနဲ ဆုံမိတာ။ ကောင်မလေးက တော်တော်ငယ်သေးတယ်။ တကယ့်ကို တခမ်းတနား အလန်းဇယားလေးကွာ။ အခု သူ့အခေါ်အိမ်က မိန်းမထက်တောင် ငယ်ဦးမယ်။ တောပိုင်းက ဂျမ်းဂဲ ဒီဇိုင်း မဟုတ်ဘူးနော်။ သူလေးကျတော့ နာမည်ခေါ်တာ အတည့်ဖြစ်ပြန်ရောကွ။ အစ်ကိုပေါက်ကျော်တဲ့။ ကိုပေါက်ကျော်ကလည်း နှင်းပိုက်လို့ ပြန်ခေါ်တယ်'

'ဟင်၊ အံ့ဖွယ်သုတတွေချည်းပါလား'

'ငါကွာ ဒီအကြောင်းတွေ ပြောချင်နေတာ လျှာကိုယားလို့။ ခုမှ မင်းတို့နဲ့ တိုက်ဆိုင်ပြီး ရင်ဖွင့်ရတာ။ နှင်းပိုက်ဆိုတဲ့ ချာတိတ်မကတခြား မိန်းမတွေလို ရန်စွယ်နဲ့ငေါငေါ မဟုတ်ဘူး။ သူ့အပေါ် ရက်စက်စိမ်းကားလိုက်လေခြင်းဆိုပြီး ငိုတာကွာ၊ ငါတောင် ကြားထဲက တော်တော် စိတ်မကောင်းဖြစ်သွားတယ်။ ကိုယ့်ဆရာကတော့ အသည်းမာမာပဲ။ နင်နဲ့ငါ ဘာမှမပတ်သက်တော့ဘူး။ အခု ငါလည်း အိမ်ထောင်ကျနေပြီ။ နင်ရွေးချယ်ခဲ့တဲ့လမ်း နင်ဆက်လျှောက်ပေတော့ဆိုပြီး ထားပစ်ခဲ့တာ။ တစ်ချက်ကလေးတောင် ပြန်လှည့်မကြည့်ဘူးကွာ'

'ဘာပဲဖြစ်ဖြစ် ဒီလူဟာ မရိုးသားဘူးဗျ၊ မိန်းမတွေအပေါ် ကျောရရုံကြံပြီး ဖျက်ဆီးနေတာဖြစ်မယ်'

'ဟုတ်တယ်၊ ပေါက်ကျော်နဲ့ ကျော်ပေါက် နာမည်ရှေ့နောက်လှန်ပြီး ဖောက်ပြန်ခဲ့တာတွေ ဖြစ်မှာပေါ့။ ဒီလို လူယုတ်မာမျိုးရောက်လာတာ ရပ်ကွက် နာတယ် ကိုကြီးအောင်ရာ။ အဲဒါ ဘယ်လိုလုပ်ကြမလဲ'

'အကျိုးအကြောင်း သိရအောင် အရင်ရှင်းရဦးမယ်လေ။ သူကိုယ်တိုင်က ပြောလာအောင် ငါ ဖန်တီးပေးမယ်။ တစ်ရက်လောက် ဆိုင်စောစောပိတ်ပြီး ဆိုင်ထဲမှာပဲ လွတ်လွတ်လပ်လပ် ရှင်းကြတာပေါ့။ အသောက်သမားကို ယမကာနဲ့ မျှားရင် ဘွားခနဲ ပေါ်လာမှာပဲ။ ထန်းရည်မူး ကျွဲခိုးပေါ်လေ။ မင်းတို့အားမယ့်ည စီစဉ်လိုက်မယ်၊ ဒိတ်ပေးကြ'

'မနက်ဖြန်ည စီစဉ်ဗျာ၊ အချိန်ကြာကြီး ဆွဲမထားချင်ဘူး'

❑

နောက်တစ်နေ့ ညကိုးနာရီအချိန်တွင် ကိုကြီးအောင် အစီအစဉ်အတိုင်း ကျွန်တော်တို့ တွေ့ဆုံခဲ့ကြသည်။ ကိုကြီးအောင်နှင့် ကိုပေါက်ကျော်တို့ နှစ်ယောက်က ခွက်လှည့်သောက်ကြပြီး

www.burmeseclassic.com

ကျွန်တော်တို့အုပ်စုက အမြည်းဝင်စားကြသည်။ အပြင်မှ ယမကာအခံ ပါလာသော ကိုပေါက်ကျော်မှာ သိပ်မကြာမီ ရေချိန်အတော်တက်သွားပါသည်။

'ကိုပေါက်ကျော်က မိန်းမတွေ တော်တော်စွံတာပဲ။ ဆေးကောင်းဝါးကောင်းလေး နည်းပညာလေးများရှိရင် ကျွန်တော်တို့ကို မျှဝေပါဦးဗျာ'

'ဟား ဟား၊ သိပ်အထင်မကြီးလိုက်နဲ့ဦး၊ ကြည်ကြည်ဆိုတဲ့မိန်းမ လက်သံပြောင်သွားတာ အားလုံး ရှေ့တင်ပဲဟာ။ အဲဒီနေ့က ထမင်းတောင် ကောင်းကောင်း မဝါးနိုင်အောင် ခံလိုက်ရတာ'

'ဒါက နောက်ပြောသနာလေ၊ အစွံထုတ်နိုင်တာ အမိကပဲ။ ဈေးကြီးအလယ်ပေါက်မှာ ခုန်ပေါက်ရန်တွေ့ကြတဲ့ နှစ်ယောက်ဗျာ၊ နောက် စံပြရုံ လမ်းဆုံနားမှာတွေ့တဲ့ ငယ်ငယ်ချောချောလေးဗျာ၊ ကဲ'

'စံပြရုံနားမှာ ဆုံမိတဲ့ နှင်းပိုက်ကတော့ ကျွန်တော်နဲ့ ပတ်သက်ခဲ့တာ အမှန်ပါ။ ကျန်တဲ့ မိန်းမတွေက လူမှားကြတာဗျ၊ အဟင်း ဟင်း'

ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြသည်။

'ကိုကျော်ပေါက်လို့ နာမည်ပြောင်းပြန်ခေါ်ပြီး မျက်နှာချင်းဆိုင်ကြီး တွေ့ကြတာလေ၊ ဒါ လူမှားတာလားဗျ'

'အေးကွာ၊ ညီလေးတို့ သဘောပေါက်အောင် အစ်ကို ပြောပြပါ့မယ်။ ဈေးကြီး အလယ်ပေါက်မှာ ဆုံမိကြတဲ့ မိန်းမနှစ်ယောက်ကို သိတယ်။ အကြီးမနာမည်က မသင်းတဲ့၊ အငယ်မက ခင်ထွေး။ ဟိုနေ့က တွေ့တဲ့ ကြည်ကြည်ဆိုတာကိုတော့ အစ်ကို လုံးဝ မမြင်ဖူး မသိဖူးသူပါ။ သူက ကိုကျော်ပေါက်လို့ ခေါ်လိုက်မှ စ,သိတာပဲ။ ကျော်ပေါက်ဆိုတာ အစ်ကိုရဲ့ ညီလေ'

'ဟင်၊ ဘယ်လိုကြီးလဲ'

'ဒီလိုလေ၊ ကျော်ပေါက်က ရိုးရိုးညီ မဟုတ်ဘူး။ မွေးတဲ့ အမေကိုယ်တိုင် ခွဲမရအောင် အမြွှာတတ်တဲ့ အမြွှာညီအစ်ကိုပါ။ ဒီကြားထဲ အဖေက ရွှတ်တွတ်တွတ်နဲ့ အစ်ကို့ကို ပေါက်ကျော်၊ ညီကို ကျော်ပေါက်ဆိုပြီး လုပ်ချလိုက်တာ တစ်ရွာလုံး နှုတ်ကျိုးကုန်ရော။ ပြင်လို့မရတော့ဘူး။ အခု ဒီမှာရှိတဲ့ ဒေါ်လေးခင်မြဆိုတာ အမေ့ရဲ့ ညီမအရင်း။ ကိုယ်တို့ အမြွှာ နှစ်ကောင်လုံး သူ့လက်ပေါ် ကြီးလာကြတာ။ အစ်ကိုပြောတာ သံသယရှိခဲ့ရင် ဒေါ်လေးဆီ ကိုယ်တိုင် မေးကြည့်နိုင်ပါတယ်'

'သူကရော ကိုပေါက်ကျော်တို့ကို ခွဲခြားနိုင်လား'

'သူလည်း ရုတ်တရက်ဆို မခွဲနိုင်ဘူး။ အမူအကျင့်ကို စောင့်ကြည့်ပြီးမှ ခွဲနိုင်တာ။ ပြီးတော့ မိန်းမရှုပ်လွန်းတဲ့ ကျော်ပေါက်ကို ဒေါ်လေးက လုံးဝလက်မခံဘူး။ ကိုယ့်ကိုသာ လက်ခံတာ။ အစ်ကိုတို့ နှစ်ယောက်လုံး အဖေ့အမွေ အဖြစ် လက်သမားပညာ တတ်ကြတယ်။ ကျော်ပေါက်က လူသာပွေတာ လက်သမားပညာ အစ်ကို့ထက်သာတယ်။ တပည့်လက်သားလည်း မွေးနိုင်တယ်။ အလုပ်ရှာ တော်တယ်။ အင်တိုင်းကြီးရွာမှာ ကျောင်းသွားဆောက်ရင်း မသင်းနဲ့ ယူတယ်။ ရွာတောင် ပြန်မလာဘူး။ နောက် သပြေရင်ရွာမှာ အိမ်နှစ်လုံးသွားဆောက်ရင်း သပြေရင်ရွာသူ ခင်ထွေးနဲ့ ကြိုက်ပြီး ယူပြန်တယ်။ ခက်တာက ဘယ်မိန်းမကိုမှ ကြာကြာ မပေါင်းဘူး။ ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့တာပဲ။ မိန်းမတွေကလည်း ဒီကောင်များဆို ရှေ့နောက် မစုံမမြန်းဘဲ တန်းကျကြသကွ။ အဲဒါပဲ သူပစ်ခဲ့သမျှ မိန်းမတွေက အစ်ကိုနဲ့တွေ့ရင် ကျော်ပေါက်မှတ်ပြီး တွယ်ကြတော့တာပါပဲ။ ရှင်းပြလို့ကို မရကြတာ'

'သူတို့က ခွဲမရအောင် တူတဲ့ အမြွှာဆိုတာ မသိကြဘူးလား'

'ဒေါင်းနေ အနီးတစ်ဝိုက်က သိကြပါတယ်။ ရွာစဉ်တွေ ခြားသွားရင် မသိကြတော့ဘူး။ ကိုယ်ကလည်း ကျော်ပေါက်နဲ့တွဲပြီး ဘယ်ရွာမှ မလိုက်ခဲ့ဖူးဘူး။ ကိုယ်တစ်ယောက်တည်းတောင် ရွာတွေကို ရှောင်တယ်။ ကျော်ပေါက်မှတ်ပြီး ခေါင်းဖြတ်ခံရမှာစိုးလို့။ မိန်းမနဲ့ ပတ်သက်ရင် ကျော်ပေါက် အကျင့်အကြံတွေကို အစ်ကို မကြိုက်ဘူး။ အရင်က တော်တော် ပြောခဲ့ဖူးတယ်။ ပြောလည်း မောတာ အဖတ်တင်တယ်။ ခွေးမြီးကောက် ကျည်တောက်စွပ်ပါပဲကွာ'

'အဲဒီ ကိုကျော်ပေါက်က အခု ဘယ်ရောက်နေလဲ'

'ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိတော့ပါဘူး။ ကိုယ် မိန်းမခိုးပြီး ဒေါ်လေးအိမ် ရောက်မလာခင် လေး,ငါးလလောက်ကတည်းက ဆိုပါတော့။ မိဘတွေ ရှေ့ဆင့်နောက်ဆင့် ဆုံးပြီး နောက်ပိုင်း ခုချိန်အထိ မမြင် မတွေ့ရတော့ဘူး။ ကြည်ကြည်ဆိုတဲ့ မိန်းမတော လာကြမ်းသွားမှ ဒီကောင် သက်ရှင်ထင်ရှား ရှုပ်နေတုန်းပါလားလို့ တွေးမိတာ။ အဲဒီ ကြည်ကြည်ဆိုတဲ့ မိန်းမကို ပစ်ထားခဲ့တာ သိပ်မကြာလောက်သေးဘူးထင်တယ်။ ဒါဆိုရင် နောက်တစ်ယောက်တွေ့ပြီး နှစ်ပါးသွားနေမှာ သေချာတယ်။ ရောက်လေရာ အိမ်ထောင်ကျပါစေဆိုတဲ့ ကောင်။ ဒီကောင်မျိုး အသက်ရှည်ဖို့ မလွယ်ပါဘူး။ တစ်နေ့နေ့ ဇက်ပြတ်သေနိုင်တယ်'

'ဒါဆို ကိုပေါက်ကျော်တို့ ညီအစ်ကိုနှစ်ယောက် အဆက်အသွယ် မရှိကြတော့ဘူးပေါ့'

'အရင်က သူ ဘယ်ရွာရောက်နေနေ သတင်းရရင် လူကြုံသမျှ နှုတ်နဲ့ရော စာနဲ့ပါ အစ်ကိုဆက်သွယ်တယ်။ လောကကြီးမှာ ဒီညီအစ်ကို နှစ်ယောက်တည်း ရှိတော့တာမဟုတ်လား။ ကိုယ်က သံယောဇဉ်ကြီးတယ်။ ဒီကောင်ကတော့ သူရှုပ်ခဲ့သမျှ မိန်းမတွေမပြောနဲ့ ညီအစ်ကိုချင်းတောင် သံယောဇဉ် ကင်းလိုက်တာများ ဘယ်လောက် ဆက်သွယ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

သွယ် တစ်ကြိမ်တစ်ခါမှကို အရေးမလုပ်ခဲ့ဘူး။ တို့နှစ်ယောက်လုံး အသက်နဲ့ကိုယ် မြဲနေသရွေ့ ကံမကုန်ကြသေးရင် တစ်နေ့နေ့တော့ ပြန်ဆုံ ကြိမ့်မယ်လို့ပဲ သဘောထားလိုက်တော့တယ်ကွာ'

'ဒါဖြင့် နှင်းပိုက်ဆိုတဲ့ အမိုက်စားလေးကရော။ သူကတော့ ကိုပေါက်ကျော်နာမည်ကို အတည့်ခေါ်တာပဲ။ ခင်ဗျားညီ ကိုကျော်ပေါက်နဲ့ မပတ်သက်ဘူးထင်တယ်။ သူ့ငိုတာကြည့်ပြီး ဏျုပ်တောင် တော်တော်သနားမိတယ်'

'အဟင်း ဟင်း၊ ကျွန်တော်လည်း သနားခဲ့ဖူးတာပဲ ကိုအောင်ရ။ သူက ကံသာကြီးသူ၊ ရုပ်ကလေးလှသလောက် အကျင့်စာရိတ္တ တော်တော်ဆိုးတယ်။ မိဘတွေက သိပ်ဆင်းရဲရှာတယ်၊ ဒါကြောင့် အဖော်ကောင်းတွေ့ပြီး မြို့ပေါ်တက် အလုပ်လုပ်တယ်။ ဈေးကြီးနားက ကုန်စုံဆိုင်ကြီး တစ်ဆိုင်မှာ အလုပ်လုပ်နေရင်း နောက်တော့ တည်းခိုခန်းပေါ် ရောက်သွားတော့တာပါပဲ။ တစ်ခါ အဖမ်းခံလိုက်ရလို့ သူ့မိဘတွေ မျက်နှာထောက်ပြီး ကျွန်တော်ကိုယ်တိုင် လိုက်ကူညီခဲ့ရတယ်။ ငွေကုန်ခံပြီး လိုက်ရတာနော်။ ပြီးတော့ ရွာကို ပြန်ခေါ်လာပြီး တရားဝင် လက်ထပ်ယူလိုက်တယ်ဗျာ။ ဘယ်လောက် ကောင်းအောင်ထားထား နွားကျခံကယ်ရကျိုး မနပ်ပါဘူး။ သူ့အကြောင်းသိတဲ့ ကောင်တွေက ဒိတ်လုပ်ခေါ်ရင် ကျွန်တော်မသိအောင် လိုက်တယ်။ ကံသာကြီးက မိဘတွေဆီ အလည်ခဏဆိုပြီး သွားလိုက်တာ မြို့ပေါ်ပြန်တက် ခွေးဖာတ်ခင်းရင်း ဒုတိယအကြိမ် အချုပ်ထဲ ရောက်သွားပြန်ရော။ ဒါပေမဲ့ နောက်ဆုံးအကြိမ်အဖြစ် ကယ်ထုတ်ပေးပြီး မိဘတွေဆီ ပြန်အပ်လိုက်တယ်ဗျာ။ ကျွန်တော့်မှာ ကံသီလို့ ကုရာနတ္ထိ ဆေးမရှိရောဂါ ကျန်မနေခဲ့တာ။ အကြောင်းမသိရင် သူ့အသက်အရွယ်လေးနဲ့ မျက်ရည်တွေကြည့်ပြီး ကြွေလောက်တာပေါ့။ ကျွမ်းပစ်သွားမယ် ကိုအောင်ရေ၊ မလွယ်ဘူး'

ကိုကြီးအောင်နှင့် ကျွန်တော်တို့ ဆက်ပြောစရာစကားမရှိကြတော့ပါ။ မမြင်မတွေ့ဖူးကြသည့် သူ့အမြွာညီ ကိုကျော်ပေါက်ဆိုသူကိုသာ စိတ်ကူးထဲတွင် မှန်းမျှော်ပုံဖော်ကြည့်ရင်း ငြေနပ်လိုက်ကြရသည်။ ထိုစဉ်က ကျွန်တော်တို့ နိုင်ငံတော်၏ မိုးကောင်းကင်သည် သမိုင်းဝင် ရှစ်လေးလုံး မုန်တိုင်းကြီး ကဆုန်စိုင်းရန် တာစူနေချိန်ဖြစ်ပါသည်။ ကိုပေါက်ကျော်နှင့် မိန်းမများ ပဟေဠိကို အဖြေညှိပြီး သိပ်မကြာမီ ထိုမုန်တိုင်းကြီး ကျရောက်လာပါသည်။ တစ်နိုင်ငံလုံး ကျောင်းတွေပိတ်လိုက်သဖြင့် အမြန်ပြန်လာရန် ကျွန်တော့်အိမ်က လှမ်းမှာသည်။ ရတ်တရက် မပြန်ဖြစ်ခဲ့။ တစ်မြို့လုံး ထကြွလာသော သပိတ်စစ်ကြောင်းတွေထဲတွင် ကျွန်တော်တို့လည်း တက်ကြွစွာ ပါဝင်နေခဲ့ကြသည်။

အထိုင်သပိတ်စခန်းတွေ ပေါ်ပေါက်လာတော့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ပါတီရုံးဟောင်း သပိတ်စခန်းဆီ ကျွန်တော်တို့အုပ်စု နေ့စဉ်သွားရောက်ကြသည်။ ထိုသပိတ်စခန်းသည် မြို့ပေါ်တွင် အကြီးဆုံးဖြစ်ပြီး ကျောင်းသားအများစု ပါဝင်ကြပါသည်။ ဦးဆောင် လှုပ်ရှားနေသူက အာဂန္တုဘုန်းကြီးတစ်ပါးနှင့် ပညာတတ်လူလတ်ပိုင်းများ ဖြစ်ကြသည်။ ထိုအထဲတွင် ကျွန်တော်တို့၏ ဇာတ်လိုက်ကျော်ကြီး ကိုပေါက်ကျော်ကို တက်ကြွထက်သန်သော အမာခံရဲဘော်အဖြစ် တွေ့လိုက်ရပါသည်။

'ကိုယ့်ညီတို့ နေ့စဉ်လာရောက်အားဖြည့်ကြတာ ဂုဏ်ယူတယ်ဟေ့။ အဓိကကျတဲ့ အင်အားစုက ကျောင်းသားတွေပဲ။ သပ်လျှိုဖြိုခွဲဖို့ ချောင်းနေတဲ့ လက်ကိုင်တုတ်တွေ နေရာတိုင်းမှာ ရှိတယ်။ သတိမလစ်ကြနဲ့'

ကိုပေါက်ကျော်ကား အိမ်မပြန်စတမ်း သပိတ်စခန်းမှာပဲ အထိုင်ချနေသည်။ ရံဖန်ရံခါ သူ့မိန်းမ မနွယ်နွယ်ဝင်း လိုက်လာတတ်ပါသည်။

'ရုတ်ရုတ်သဲသဲတွေထဲ လိုက်လိုက်မလာစမ်းနဲ့။ အိမ်မှာပဲ ဒေါ်လေးတို့နဲ့ အတူနေစမ်းပါကွာ။ အခြေအနေတွေက ဘာမှန်းသိတာ မဟုတ်ဘူး'

ဤသို့ဖြင့် သဲရေကျ မဟုတ်သည့် သွေးမြေကျနေ့သို့ ဆိုက်ရောက်လာသည်။ ထိုနေ့က နေဝင်မိုးချုပ်ချိန်အထိ သပိတ်စခန်းထဲတွင် ကျွန်တော်တို့ ရှိနေကြသည်။ ရေဒီယိုမှ ထုတ်လွှင့်နေသော အရေးပေါ် ကြေညာချက်တွေနှင့် စစ်ချီသီချင်းတွေကို အထိတ်တလန့် နားထောင်နေမိကြသည်။ တဖွဲဖွဲ စုဝေးရောက်ရှိလာကြသော ကျောင်းသားထုကြီးမှာ ဗိုလ်ချုပ်လမ်းမကြီးပေါ်အထိ ပြည့်လျှံနေပါသည်။ စက်တင်ဘာ ၁၈ရက်နေ့၊ ၁၆း၀၀ နာရီတွင် စစ်တပ်က နောက်တစ်ချီ အာဏာသိမ်းလိုက်ကြပြန်လေပြီ။ ညအမှောင်ထုကြီး ရောက်လာချိန်အထိ အော်ဟစ်ဆူပွက်နေသော လူအုပ်ကြီးထဲတွင် ကျွန်တော်တို့ ပိတ်မိနေသည်။ ကိုပေါက်ကျော်က ကျွန်တော်တို့ကို လိုက်ရှာပြီး တွေ့သည်။

'ညီလေးတို့ အိမ်ပြန်ကြရင် ကောင်းမယ်။ ဒီနေ့ည စစ်တပ်က လာသိမ်းနိုင်တယ်လို့ ဟိုဆရာတွေက ပြောတယ်။ တကယ် လာပစ်ရင် အကုန်သေမှာပဲကွ'

'ကိုပေါက်ကျော်ကရော'

'အခြေအနေကြည့်ရင်း နေလိုက်ဦးမယ်။ မင်းတို့သာ ရအောင်ထွက်ပြီး ပြန်ကြပါကွာ'

ညပ်သိပ်နေသော လူအုပ်ကြီးကို ခဲခဲယဉ်းယဉ်း ဖောက်ထွက်ကြရသည်။ ကိုးနာရီခန့်တွင် ကျွန်တော်တို့အုပ်စု အပြင် ရောက်သွားကြသည်။ သို့သော် လမ်းတိုင်း၊ ရပ်ကွက်တိုင်းမှာ ဝင်ထွက်မရအောင် ပိတ်ဆို့ထားကြသဖြင့် အော်ဟစ် တောင်းပန်ရင်း ဖြတ်ကျော်နေကြရသည်။ ကျွန်တော်တို့ ရင်

www.burmeseclassic.com

ကွက်ထိပ်နား အရောက်တွင် ဗိုလ်ချုပ်လမ်းဘက်ဆီမှ သေနတ်သံတွေ ကြားလိုက်ရသည်။ ဗျောက်အိုးတွေ အတွဲလိုက် ဖောက်နေသည့်ပမာ အတော်ကြာအောင် ပစ်ခတ်နေသည်။ သပိတ်စခန်းနှင့် လမ်းမကြီးပေါ်မှ လူတွေ ဘာဖြစ်ကုန်ကြပြီလဲ။ ကျွန်တော်တို့ ဘုရားတ,လိုက်မိကြသည်။

နောက်တစ်နေ့ မနက်တွင် လူကြီးတွေ မသိအောင် ခိုးထွက်ခဲ့ကြပြီး မြို့ထဲက အခြေအနေတွေ လှည့်ပတ်ကြည့်ကြသည်။ တစ်မြို့လုံး စစ်သားတွေ သောင်းကျန်းနေကြသည်။ လမ်းဆုံလမ်းခွတိုင်းတွင် စိတ်ထင်သလို စစ်ဆေး ရိုက်နှက်ကန်ကျောက်နေကြသည်။ ကျွန်တော်တို့ ကွေ့ပတ် ရှောင်တိမ်းသွားကြရသည်။ ပါတီရုံး သပိတ်စခန်းရှေ့တွင် သဲအိတ်တွေ ကာရံပြီး စစ်သားတွေ စောင့်နေတာ မြင်ကြရသည်။ ကျည်ပေါက်တွေ ဗရပွဖြင့် တုံးလုံးပက်လက် သေဆုံးနေကြသည့် အလောင်းတွေကို လမ်းမတွေပေါ် နေရာအနှံ့တွင် တွေ့ကြရပါသည်။ အားလုံးပင် လူငယ် လူရွယ်ပိုင်းတွေချည်း။ တခြားလူတွေနည်းတူ ကျွန်တော်တို့လည်း ကြာကြာမကြည့်ရဲကြပါ။

'အလောင်းတွေကို အကုန်မသိမ်းဘဲ တမင်ချန်ပြီး ပြထားတာ'

လူတစ်ယောက် ပြောသွားသံ ကြားလိုက်ရသည်။ ထိုအလောင်းတွေမှာ ပစ်သတ်ခံရသည့် နေရာအတိုင်း ရှိနေပုံရသည်။ လမ်းဘေးတိုက်နံရံတွေမှာပင် ကျည်ပေါက်ရာတွေ ဖွေးဖွေးလှုပ်နေသည်။

'ပြန်ကြရအောင်ကွာ၊ ငါတော့ ခေါင်းတွေ မူးနောက်လာပြီ'

သူငယ်ချင်းတစ်ယောက်က မချိတင်ကဲ ပြောလိုက်သည်။ အပြန်တွင် လမ်းမကြီးကို ရှောင်ကာ ခရစ်ယာန်ဘုရားကျောင်းလမ်းထဲ ချိုးဝင်လိုက်ကြသည်။ ဒီတော့မှ ကျွန်တော်တို့အားလုံး အသက်မရှူနိုင်အောင် တုန်ချည့်သွားကြပါသည်။

'ဟာ၊ ကိုပေါက်ကျော်'

အမှန်ပင် ကျွန်တော်တို့ ဓာတ်လိုက်ကြီး ကိုပေါက်ကျော် ဖြစ်ပါသည်။ ဧရာမ သွေးကွက်ကြီးပေါ်တွင် ခြေကားရား လက်ကားရား ဦးခေါင်းပိုင်းနှင့် ခန္ဓာကိုယ်ပိုင်းသာမက ခြေသလုံးတွေ လွှက်မောင်းလက်ဖျံတွေပါ မကျန် ကျည်ဆန်ရာတွေ ဆန်ခါပေါက်ကျလျက်။

❑

မကွေး ကားကွင်းကြီးထဲရောက်တော့ ခရီးသည်အများစုနှင့်အတူ ကျွန်တော်ပါ ရောဆင်းလိုက်သည်။ လက်မှတ်ယူစဉ်က မြစ်အနောက်ဘက် ဓာတ်မြို့ကလေးအထိ ဖြစ်သော်လည်း ကျောင်းနေဖက်သူငယ်ချင်း ကျော်ဇင်ဦးကို သတိရလာတာကြောင့် ဆင်းလိုက်ခြင်း ဖြစ်သည်။ မြို့တွင်းပြေး သုံးဘီးဆိုင်ကယ်ဖြင့် သိဂီါထဲသွားလျှင် မိနစ်ပိုင်းလောက်ပဲ ကြာမည်။ ကျောင်းပြီးကတည်းက မိဘလက်ငုတ် လုပ်ငန်းတွေထဲ ခြေစုံပစ် ဝင်နေခဲ့သည့် ကျော်ဇင်ဦးနှင့် ဝေးနေခဲ့တာ အတော်ကြာပြီ။ အလုပ်တာဝန်ဖြင့် ကျွန်တော် နယ်မပြောင်းမီ နောက်ဆုံး တွေ့ခဲ့တာပင် လေးနှစ်ကျော် ငါးနှစ်နီးပါး ရှိလေပြီ။

တကြော်ကြော် အော်ဟစ် လူခွယ်နေကြသော သုံးဘီး ဆိုင်ကယ်တွေဆီ ကျောပိုးအိတ်ကို ကောက်လွယ်ကာ လျှောက်သွားလိုက်စဉ် ဖျတ်ခနဲ မြင်လိုက်ရသည့် မျက်နှာတစ်ခုကြောင့် ခြေလှမ်းတွေ ပျက်ယိုင်သွားသည်။ ရှစ်လေးလုံး ကာလက သေနတ်ကျည်ဆန်ရာ ဗရပွဖြင့် ကျဆုံးခဲ့ရှာသော ကိုပေါက်ကျော် တစ်ယောက် သေရွာမှ ပြန်ထလာလေသလားဟုပင် ထင်မှတ်လိုက်မိသည်။ကိုပေါက်ကျော် ရှိနေရင်လည်း အသက်အရွယ် ပြောင်းလဲမှုအောက်တွင် ဒီပုံစံပဲ ရှိနေလိမ့်မည်ထင်သည်။ ဘာပဲဖြစ်ဖြစ် ဒဏ္ဍာရီထဲက ဓာတ်ကောင်တစ်ကောင်ကို အမှတ်မထင် အရှင်လတ်လတ် တွေ့မြင်ခွင့်ရလိုက်သလို ရင်သပ်ရှုမောတအံ့တသြ ဖြစ်သွားပါသည်။ ကြိုတုန်းကြုံခိုက် နှုတ်ဆက် မိတ်ဖွဲ့ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ အနည်းငယ် ကျော်လွန်သွားသော သူတို့နောက်သို့ ခပ်သုတ်သုတ် အမီလိုက်ရသည်။

'ကိုကျော်ပေါက်၊ ကိုကျော်ပေါက်မဟုတ်လားဟင်'

သူက ချာခနဲလှည့်ပြီး မျက်မှောင်ကြုတ် ကြည့်သည်။ ဘယ်နှယောက်မြောက်မှန်း မသိနိုင်သည့် သူ့ဘေးမှ အသားဖြူဖြူပြည့်ပြည့် အမျိုးသမီးကပါ မျက်လုံးပြူးကြည့်ပါသည်။ ဟား၊ ဒါ ကိုပေါက်ကျော့် မိန်းမ မနွယ်နွယ်ဝင်းပါလား။ ကျွန်တော် သေသေချာချာကြီး မှတ်မိသည်။ သူက ကျွန်တော့်ကို မမှတ်မိတာလည်း အံ့သြစရာ ကောင်းလှသည်။ ဘယ်လိုတွေ ဖြစ်ကုန်ပါလိမ့်။

'ငါက ကျော်ပေါက်မဟုတ်ဘူး။ ပေါက်ကျော်ကွ။ မင်းက ကျော်ပေါက်ကို သိလို့လား၊ သူဆုံးခဲ့တာ ကြာပြီလေ'

'ဗျာ၊ ကျွန်တော်သိတာက...'

ပြောသင့်မပြောသင့် ကျွန်တော် စဉ်းစားချိန်ဆနေစဉ် သူက အမျိုးသမီးလက်ကို ဆွဲကာ ကားဂိတ်တစ်ခုဆီ ဆက်လျှောက်သွားသည်။ မမေ့နိုင်သေးသည့် အကြောင်းအရာတစ်ခုက ကျွန်တော့် ခေါင်းထဲ ပြေးဝင်ခုန်ပေါက်နေသည်။ သေနတ်ကျည်ဆန်ပေါက်တွေ ဗရပွဖြင့် ခြေကားရား လက်ကားရား သေဆုံးနေသည့် ကိုပေါက်ကျော့် အလောင်းကို မြင်ယောင်မိရင်း မချိတင်ကဲ ခံစားလိုက်ရပါသည်။

'ကျွတ်၊ လူယုတ်မာတွေ အသက်ရှည်တယ်ဆိုတာ တကယ်ပါပဲလား။ ခင်ဗျားဟာ ကိုကျော်ပေါက်မှ ကိုကျော်ပေါက်အစစ်။ ကိုပေါက်ကျော်ဆိုရင် ကျော်ကို ခွေးချီသွားတောင် မှတ်မိတယ်ဗျ၊ သိလား' ■

ဖူးသစ်မော်



www.burmeseclassic.com

www.burmeseclassic.com




ဇန်နဝါရီ ၂၀၁၅

www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာလေးကို ခြေချမိတော့လည်း
ခြေရာဟောင်းလေးတွေကို သန့် လွမ်းနေမိ
ပြန်ရဲ့။ ဒီနေရာ၊ ဒီအခန်းလေးကို သန့်
ခွဲခွာချင်လို့မှ မဟုတ်ဘဲ။ တစ်စုံတစ်ရာ
ပြောင်းလဲမှုမရှိသည့်အခန်းကို သန့်
ငေးကြည့်နေရင်း ရင်ထဲ လှိုက်ဖိုမှုများက
ပြည့်သိပ်လာလေသည်။ ထိုင်နေကျ သန့်
ခုံလေးကိုငေးကြည့်ရင်း တစ်ချိန်က
ပေလူကျင့်ခန်းစာအုပ်ပုံတွေကြား
ခေါင်းမဖော်နိုင်အောင် အလုပ်များခဲ့သော
သန့်ပုံရိပ်ကိုပါ ပြန်လည်
မြင်ယောင်လာမိပြန်သည်။
☐

မေမေ့ကို ကျေးဇူးဆပ်သည့်အနေနှင့်
မေမေ့အလိုကျ ဤကျောင်းဆရာမအလုပ်ကို
မြတ်နိုးစွာလက်ခံရင်းမှသည်

# ကိုင်းဖျားကျေးငှက် လွမ်းရေးမိ

မေမွန်ငြား



မှတ် ၁၀၄၊ ဇန်နဝါရီ ၂၀၁၆

ရုပ်စုံမဂ္ဂဇင်း

၂၀၁၆ ဇန်နဝါရီ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ၂၀၇

www.burmeseclassic.com

www.burmeseclassic.com

ပုံစံကျဘာဝလေးထဲမှာ သန့် ပျော်ပျော်ကြီး ပျော်ဝင်ခဲ့တာ ဆယ်စုနှစ်နှစ်ခုကျော်ပြီး လက်ငါးချောင်းပင် စွန်းခဲ့ပါချေပြီ။ ဘဝတစ်ခုလုံးကို နှစ်မြှုပ်ပြီး ကလေးတွေနှင့် တစ်သားတည်းဖြစ်အောင် သက်ဆုံးတိုင်နေမည်ဟု သန့် သန္နိဋ္ဌာန် ချထားခဲ့သည်။ ဤကျောင်းတော်ကို စတင်ခြေချခဲ့ရသည့်နေ့ရက်ကို လည်း သန့် အမှတ်ရမိသေးသည်။

ကျောင်းအုပ်ဆရာမကြီးထံ ဝင်ရောက်သတင်းပို့ပြီး လိုအပ်သည်များကို ကျောင်းစာရေးလေး ကိုမြင့်နိုင်ဆီ၌ ဖြည့်စွက်ရန် ဆားဗစ်ဘွတ်ခ်ရယ်၊ အပြောင်းအရွှေ့အမိန့်စာရယ် သန့် ပေးလိုက်တော့ ကိုမြင့်နိုင်က သန့်ကို နှစ်လိုဖွယ် ပြုံးပြရင်း စကားဆိုသည်။

'ဆရာမ လုပ်သက်က မနည်းဘူးဘဲ။ ဆရာမက အသက်ငယ်ငယ်ကတည်းက အလုပ်ဝင်လုပ်ထားတာဆိုတော့ လည်း လုပ်သက်များနေတာပေါ့'

သန့်ကလည်း သူ့အပြုံးနှင့် သူ့ပြောဆိုပုံလေး သဘောကျ၍-

'ဟုတ်ပါတယ်၊ ဆရာမက အသက်နှစ်ဆယ်လောက်ကတည်းက အလုပ်ဝင်ခဲ့တာလေ'

ဟု ပြန်ပြောမိသည်။

ဤကျောင်း၌ အလုပ်စတင်ဝင်ရောက်ကြောင်း နေ့ရက်၊ အချိန်အတိအကျ အစီရင်ခံစာရေးပြီး လက်မှတ်ထိုးနေသော သန့်ကို စာရေးလေးက ပြုံးပြုံးကြည့်နေပြန်သည်။ သူကြည့်ရတာ သန့်ကို တစ်ခုခုပြောချင်နေပုံရသည်။ သန့်ကပဲ စတင်လမ်းခင်းပေးလိုက်ပါသည်။

> လူတွေက
> ပြောကြသည်
> ၅၂၈ မေတ္တာသည်
> အလွန်
> အေးမြသည်တဲ့
> သန့် ငြင်းဆိုပါရစေ
> မေတ္တာဆိုတာ
> ခံယူသူနှင့်
> ပေးဆပ်သူ ဆိုပြီး
> ဘက်နှစ်ဖက်
> ရှိသည်
> ခံယူသူ
> တစ်ယောက်၏
> ဘက်က
> ကြည့်မည်ဆိုလျှင်
> ၅၂၈ မေတ္တာစစ်ကို
> ရရှိပါက
> သူ့အဖို့ ဘဝမှာ
> အလွန်အေးချမ်း
> သာယာပြီး
> ပျော်ရွှင်စရာ
> အားလုံး
> ပိုင်ဆိုင်ရပါမည်

'ပြောစရာတွေများ ရှိသေးလား။ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်'

အဲဒီတော့ စာရေးလေးက ပျာပျာသလဲ-(

'ဘာမှ ထွေထွေထူးထူး ပြောစရာ မရှိပါဘူး။ ဟိုလေ.... ဟိုဒင်း...'

စကားစ,ကို ရပ်ပြီး ပြောဖို့ အားနာနေဟန်ကြောင့် သန့်မှာ သိချင်စိတ် ပိုမိုပြင်းပြလာရသည်။

'ပြောမှသာ ပြောပါ၊ အားနာစရာ မလိုပါဘူး။ လုပ်ဖော်ကိုင်ဖက်တွေပဲဟာ'

'ဒီလိုပါ ဆရာမ၊ အခု ဆရာမဝင်တဲ့ လူစားနေရာက ဒေါ်မြင့်မြင့်လှိုင်နေရာပါ။ အခု ဒေါ်မြင့်မြင့်လှိုင်က သူ့သမီးရှိတဲ့ အမေရိကားသွားဖို့ ဘာခံစားခွင့်မှမယူဘဲ အလုပ်ထွက်သွားတာ။ အဲ... ဒေါ်မြင့်မြင့်လှိုင်ကလည်း ဒီနေရာကိုဝင်တော့ သူ ဝင်တဲ့နေရာက ဒေါ်သင်းသင်းအေးနေရာပါပဲ။ ဒေါ်သင်းသင်းအေးကလည်း သူ့ခင်ပွန်း အင်ဂျင်နီယာ မြစ်ကြီးနား ပြောင်းရတော့ လိုက်သွားတာလေ။ အိမ်ထောင်ကျ ခါစ,ဆိုတော့ မခွဲနိုင်၊ မခွာနိုင်ပေါ့။ သူလည်းပဲ အလုပ်က အပြီးထွက်သွားခဲ့တာလေ'

သူ ပြောနေတာကို နားထောင်ရင်း သန့် ရယ်ချင်ပက်ကျိ ဖြစ်သွားသည်။

'ဩော် ဟုတ်လား၊ ကိုမြင့်နိုင်က ဆရာမကိုလည်း ဒီနေရာမှာ လူစားဝင်လာတဲ့သူဆိုတော့ နေရာမမြဲဘူးလို့ ပြောချင်တာလား'

သန့်အမေးကို စာရေးလေး ကိုမြင့်နိုင်က မဆိုင်းမတွ ချက်ချင်း ပြန်ဖြေသည်။

'ဟုတ်တယ် ဟုတ်တယ် ဆရာမ။ ဆရာမလည်း အကြောင်းတစ်ခုခုကြောင့် ထွက်သွားဖြစ်မှာစိုးလို့ ကြိုပြောပြထားတယ်။ ဒီကျောင်းမှာက တော်ရုံတန်ရုံ လစ်လပ်တဲ့နေရာ မပေါ်တတ်ဘူးလေ။ ပေါ်လာတဲ့အခါလည်း ဒီတစ်နေရာတည်းမှာ အဲဒီလို ဖြစ်နေလို့'

သန့်က ခေါင်းကို ကမန်းကတမ်း ခါယမ်းလိုက်ပြီး-

'စိတ်ချ ကိုမြင့်နိုင် ဆရာမ အသက်ခြောက်ဆယ်ရောက်လို့ သက်ပြည့်ပင်စင်ယူတော့မှာပဲ ဒီကျောင်းက ထွက်မှာ။ စိတ်ပူမနေပါနဲ့'

ဟု ပြုံးပြုံးရယ်ရယ် ပြန်ပြောလိုက်သည်။

'ဟုတ်ကဲ့ပါ ဆရာမ၊ ကျွန်တော်လည်း ဘယ်လိုအကြောင်းနဲ့မှ ဆရာမ မထွက်သွားဖို့ ဆုတောင်းပေးနေပါ့မယ်'

အခုတော့ စာရေးလေး ကိုမြင့်နိုင်လည်း မရှိတော့။ သူ ကြိုတင် နိမိတ်ဖတ်ခဲ့တာ မှန်နေပြီဆိုတာလည်း သူ သိမသွားခဲ့။ သူ့မိဘများရှိရာ မြို့ကလေးဆီသို့ ပြောင်းရွှေ့သွားသော ကိုမြင့်နိုင်တစ်ယောက် သန့်အဖြစ်ကို သိခဲ့လျှင် ဘယ်လိုပြောမလဲဆိုတာ သန့် ကြားချင်လိုက်တာ။

❑

'ဟယ် သန့် ဘယ်တုန်းက ရောက်နေတာလဲ'

အချိန်ပြောင်းခေါင်းလောင်းတီးသံနှင့်အတူ ခိုင်၏ အသံစာစာကလေးက သန့်ကို ပုတ်နှိုးလိုက်သည်။

'အခုပဲ ခိုင်'

မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်နေသည့် သန့်ကို ခိုင်က အကဲခတ်နေစဉ် အခန်းထဲသို့ ဆရာ ဦးချစ်ဦး၊ ဆရာ ဦးမြင့်မောင်နှင့် ဆရာမ ဒေါ်ထွေးထွေးရီတို့ ရောက်လာကြကာ သန့်ကပဲ အရင် နှုတ်ဆက်စကားဆိုရသည်။

'ဆရာတို့၊ ဆရာမတို့ နေကောင်းကြတယ်နော်'

'ကောင်းပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာမ'

သန့်က ဝယ်လာသည့် အကြော်စုံ ပူပူနွေးနွေးကို ဆော်ကာထဲက ပန်းကန်ပြား များထုတ်ယူကာ ခိုင်နှင့်အတူ လှယ်ထည့်ပြင်ဆင်ပြီး အားလုံးရှေ့မှာ ချထားသည်။ စာသင်ခန်းထဲ၌ ကျန်နေသေးသည့် ဆရာ၊ ဆရာမ ခြောက်ဦးအတွက်ကိုလည်း သပ်သပ်ရပ်ရပ် ဖယ်ထားလိုက်သည်။ ဒီနေရာလေးကို သန့် ရောက်ရှိသည့်အခါတိုင်း သန့်၏ ထုပ်ဖော်ကိုင်ဖက်များအတွက် သန့် မမေ့မလျော့ လုပ်နေကျ စေတနာပြယုဂ်တစ်ခုပါ။ ဒီအခန်းထဲမှာ ရှစ်တန်းသင်သည့် ဆရာ၊ ဆရာမအားလုံး ဆယ်ယောက်တိတိ ရှိသည်။ အားလုံးက ဝါရင့်၊ သမ္မာရင့် ဆရာ၊ ဆရာမကြီးတွေပါပဲ။ မျက်နှာချင်းဆိုင် ထိုင်မိကြသောအခါ အသက်အကြီးဆုံး ဆရာမ ဒေါ်ထွေးထွေးရီက စကား စတင်ပြောသည်။

'သန့် အခုမှပဲ ဆရာမလည်း သိရတာ။ သန့်တို့လေးကျောင်းပြောင်းသွားတော့ သူ့အဒေါ်က ဆရာမကို လာနှုတ်ဆက်တယ်လေ။ သူက သန့်တူလေး အဖေရဲ့ညီမတဲ့။ သန့်က အမေဘက်က တော်တယ်ဆိုတဲ့အကြောင်းလေ'

ရုတ်တရက် မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် သန့် တုန်တုန်ယင်ယင် ဖြစ်သွားသည်။

'ဟင် ကောင်း ကျောင်းပြောင်းသွားပြီ'

သန့်၏ တအံ့တသြပြောလိုက်သည့် စကားကြောင့် အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ခိုင်ကပဲ-

'သန့် မသိသေးဘူးလား၊ ခိုင်က သန့် သိတယ်ထင်နေတာ။ စောစောက သန့်မျက်နှာမကောင်းတာ အဲဒီအကြောင်းသိလို့ ဝမ်းနည်းနေသလားလို့ ခိုင်က'

ခိုင် စကားမဆုံးခင်မှာဘဲ ရုတ်တရက် ထ,ရပ်လိုက်တော့ အားလုံး အကြည့်တွေက သန့်ကို စိုးရိမ်တကြီးနှင့်။

'သန့်'

ခိုင်က တစ်ခုခုပြောမည်ဟန်ပြင်စဉ် သန့်က လက်ကာပြပြီး-

'သန့် ဆရာမကြီးဆီ သွားလိုက်ဦးမယ်၊ သန့် ပြန်လာခဲ့မယ်နော်'

အားလုံးက သန့်ကို ငေးကြည့်ရင်း စကားတစ်လုံးမျှ မဆိုနိုင်ကြတော့ပေ။ သန့်နှင့်အတူ ထပ်တူထပ်မျှ ခံစားပေးနိုင်သော ခိုင်ပင်လျှင် ငေးရီရီ ကျန်နေခဲ့ပြီလေ။

❑

အမှန်တကယ် သန့်ဟာ သံယောဇဉ်ကြီးလွန်းသူတစ်ယောက်ပါ။ ပြီးတော့လည်း ထိလွယ်၊ ရှလွယ်၊ ကြေကွဲလွယ်သည့် အသည်းနှလုံးကိုလည်း ပိုင်ဆိုင်ထားသူရယ်ပါ။ ငယ်စဉ်ကတည်းက အထီးကျန်စွာနေလာခဲ့ရသူမို့လည်း သန့်နှင့် ပတ်သက်လာသမျှ အားလုံးကိုလည်း သန့် အစွဲအလမ်းကြီးစွာ ခံစားတတ်သည်။ ကြောင်လေး၊ ခွေးလေးကအစ သန့် နက်နက်ရှိုင်းရှိုင်း ခင်တွယ်တတ်တာကိုး။ သန့်က ငြိမ်ငြိမ်အေးအေးနေတတ်သည်။ တခြားကလေးတွေလို စပ်စပ်စုစု၊ ခပ်ဆော့ဆော့မနေတတ်။ ရွယ်တူတွေနှင့် ရင်းနှီးကျွမ်းဝင်မှုလည်း မရှိ။ သူတို့ လက်လက်ထ, ဆော့နေတာကြည့်ပြီးတော့လည်း သန့် အားမကျတတ်။ သန့်က ဖေဖေ့ စာကြည့်ခန်းလေးထဲမှာနေပြီး အရုပ်ပါသည့် စာအုပ်ကို ကြည့်ချင်ကြည့်နေတတ်သလို အဲဒီအရုပ်လေးတွေနှင့်တူအောင် ပုံတူရုပ်လေးတွေ ဆွဲချင်ဆွဲနေတတ်သည်။ သန့် ငယ်ဘဝကို ထိုသို့ဖြတ်သန်းခဲ့သည်။

သန့်မှာ မောင်နှမ လေးယောက်ရှိသည်။ အားလုံး အိမ်ထောင်ခွဲသွားကြပြီ။ အိမ်မှာ သန့်က ဖေဖေနှင့် အနေများသည်။ မေမေကတော့ သားသမီးတွေဆီ အလှည့်ကျကူးချည်သန်းချည်နှင့် အိမ်မကပ်လှ။ သန့်မှာသာ ပျို့မျစ်နုနယ်သည့်အရွယ်တစ်လျှောက်လုံးမှာလည်း အထီးကျန်စွာ ဖြတ်သန်းနေရဆဲပါ။ ဖေဖေကလည်း သမီးထွေးလေး သန့်ကို အကြင်နာပိုကာ ဂရုတစိုက်ရှိလှပါသည်။ သန့်က သိပ်လိမ္မာတာပဲဟု ဆွေမျိုးတွေက ချီးကျူးရသည်အထိ သန့် အနေအထိုင်ကျစ်လျစ်ခဲ့သည်။ ဖေဖေ့အစီအမံဖြင့် ကျောင်းဆရာမအလုပ်ကို လက်ခံလိုက်ချိန်မှာ ဖေဖေ၏ ပီတိအပြုံးက သန့်ဘဝတစ်လျှောက်လုံးအတွက် ခွန်အားတစ်ရပ် ဖြစ်စေခဲ့တာ အမှန်ပါပဲ။

'သမီး ဒီကျောင်းဆရာမအလုပ်ကို လက်ခံပေးတဲ့အတွက် ဖေဖေ အင်မတန်ဝမ်းသာပါတယ်။ ကလေးတွေကို အသိနဲ့ အလင်း ဝေမျှပေးတဲ့ဒီအလုပ်ကို ဖေဖေ့သားတွေ၊ သမီးတွေ ဘယ်သူကမှ ဖေဖေ့အလိုကျ မလုပ်နိုင်ခဲ့ကြဘူး။ အခုတော့ ဖေဖေ့သမီးအထွေးဆုံးလေးက ဖေဖေ့ဆန္ဒတွေကို ဖြည့်ဆည်းပေးလို့ ဖေဖေ ဝမ်းသာတယ် သမီး။ ကျေးဇူးလည်း တင်ပါတယ်ကွယ်။ ကျောင်းဆရာဆိုတာ နိုင်ငံ့ခေါင်းဆောင်ကြီးတွေ၊ နိုင်ငံအတွက် အကျိုးပြုလုပ်ငန်းတွေ လုပ်ကိုင်ကြမယ့် သားကောင်းသမီးရတနာတွေကို မွေးထုတ်ပေးနိုင်သူမို့ ဖေဖေ့သမီးလည်း အဲဒီလို နိုင်ငံ့သားကောင်းတွေကို ထုဆစ်ပုံဖော်ပေးနိုင်မယ့်သူတစ်ယောက်လို့ ဖေဖေ ဂုဏ်ယူချင်ပါတယ် သမီးရယ်'

သန့်ရင်ထဲ နက်နက်ကြီးတိုးဝင်သွားသည့် ဖေဖေ့စကားကို သန့် ဘယ်တော့မှ မမေ့နိုင်တော့။ ထိုသို့ဖြင့် ဖေဖေ နှစ်သက်သောအလုပ်၊ သန့် မြတ်နိုးရပါသော အလုပ်ထဲ သန့်ဘဝတစ်ခုလုံး မြုပ်နှံဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။ ထို့နောက် သန့် အလုပ်ဝင်တော့ ဖေဖေက တစ်မြေ၊ သန့်က တစ်မြို့ ဝေးကွာ၍ သွားကြသည်။

ဖေဖေ ဆုံးတော့ သန့် မီရုံလေးပါ။ မီရုံဆိုတာက သန့် အဝေးတစ်နေရာဆီက အပြေးကလေးလာရတာကိုး။ သမီးထွေးကို စောင့်မျှော်နေသည့် ဖေဖေ့အပြုံးကလေး တစ်ချက်သာ သန့် နောက်ဆုံး မြင်ခွင့်ရလိုက်သည်။ ဖေဖေ သန့်ကို စိတ်ချထားခဲ့ပြီပေါ့နော်။ သန့်၏ ရွှေတောင်ကြီး ပြိုလဲခဲ့ချေပြီ။ ဖေဖေ ကောင်းရာသုဂတိသို့ ရောက်ရှိပါစေ။

❑

ဖေဖေ မရှိသည့်နောက်ပိုင်း၌ သန့် အိမ်ထောင်တစ်



www.burmeseclassic.com

www.burmeseclassic.com

ကို မေမေ့အစီအမံဖြင့် တည်ဆောက်လိုက်မှ မေမေ စိတ်အေးသွားပုံရသည်။ သိပ်မကြာပါဘူး။ သန့်ကို စိတ်ချလက်ချထားခဲ့ပြီး မေမေ ထွက်ခွာသွားချိန်မှာတော့ သန့်ဘဝ ငယ်တုန်းကလိုပဲ အထီးကျန် ခြင်းဘဝထဲ ရောက်ခဲ့ရပြန်သည်။ ဖေဖေ လိုလားသော ဘဝရပ်တည်မှုနှင့် အနာဂတ် အသီးအပွင့်များကို ပြုစုပျိုးထောင်ရင်း ဖေဖေ့ကျေးဇူးကို ဆပ်ခွင့်ကြုံပေမဲ့ မေမေ တောင့်တအပ်သော မိသားစုဘဝကလေးကိုတော့ သန့် မဖန်တီးနိုင်ခဲ့။ ဒါကလည်း မေမေ သိမသွားခဲ့သော သန့်ကိုယ်တိုင် ဖန်တီးချက်ပါပဲလေ။ မေမေ့ကို နှစ်ပြီး ပြုစုခဲ့ရသော သန့်မှာ မေမေ့အပေါ် တာဝန်ကျေခဲ့သည်ဟု မဆိုနိုင်ပေမဲ့ မေမေ့ဆီက ကူးစက်ပြီး နှစ်ရှည်လများ အဆုတ်ဝေဒနာ ခံစားနေခဲ့ရခြင်းကိုတော့ မေမေ သိမသွားခဲ့ပေ။ မေမေ့အပေါ် သန့် ချစ်ခင်ကြင်နာစွာ ပြုစုစောင့်ရှောက်ခြင်းကြောင့် ရရှိလာသည့် လက်ဆောင်ဟု သန့် ကျေကျေနပ်နပ်ကြီး ခံယူပါသည်။ မေမေ သန့်ကို ခွင့်လွှတ်လိုက်ပါတော့။ သန့်မှာ သိတတ် လွန်းသည့် တာဝန် တွေက သိပ်များသည်။ ကျောင်းတစ်ဖက်၊ နယ်မှာရောက်နေသည့် ကိုယ့်ဘဝလက်တွဲဖော်ကလည်း အနားမှာ မရှိပြန်လေတော့ အိမ်ထောင့်တာဝန်ကို ဦးစီးရတာတစ်ဖက်၊ မေမေ့ဝေဒနာအတွက် ဆေးခန်းပြရ၊ ပြုစုစောင့်ရှောက်ရတာတစ်ဖက်မို့ သန့် စိတ်မအား၊ လူမနားရပါဘူး။ ဒါကြောင့်မို့လည်း သန့်ကိုယ်တိုင် မိသားစုဘဝကို ဖန်တီးဖို့ လက်ကာနေမိတာ သန့်အပြစ်ပဲဟု ဆိုပါလျှင် သန့် ရဲရဲကြီး ရင်ကော့ခံယူပါမည်။

သန့်ဘဝခရီးအဆန်မှာ အထီးကျန်စွာ စီးမျောနေတုန်း မမျှော်လင့်ဘဲ သန့်ဘဝထဲကို ဖွတ်ကိုးဝင်ရောက်လာသူကတော့ သန့်၏ တူတော်မောင်လေးပါပဲ။ သန့်နှင့် အထက်အောက် အစ်မတို့ မိသားစုမှာ မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ တာဝန်ဖြင့် ခြေဆန့်နေရချိန်ဖြစ်၍ တစ်ဦးတည်းသောသားကို ပညာထူးချွန်စေချင်သည်။ ထိုအခါ နာမည်ရ၊ အောင်ချက်ကောင်းသောကျောင်း၊ အသင်အပြကောင်းသောကျောင်း၊ စည်းလုံးညီညွတ်မှုအစဉ်အလာကြီးသောကျောင်းမှာ တာဝန်ကျနေသော သန့်ကို အားကိုးတကြီး အကူအညီတောင်းခံလာကြသည်။

'သန့်ရေ မင်းတူလေးကို ပညာထူးချွန်အောင် လမ်းညွှန်စောင့်ရှောက်ပေးပါနော်။ မမ စိတ်ချပါရစေ'

အစ်မတစ်ယောက်၏ မျှော်လင့်ချက်ရောင်ခြည်တွေ သန်းနေသည့်မျက်ဝန်း။ ဖွင့်ဖောက်လိုက်သည့် သူ၏ ရည်ရွယ်ချက်စကားသံတို့က သန့်ကို နှုတ်ပိတ်စေခဲ့သည်။

'ညီမလေး သန့်၊ သန့်က ဆရာမကောင်းတစ်ယောက်ပါ။ သန့်ရဲ့နူးညံ့ပျော့ပျောင်းတဲ့စိတ်နေစိတ်ထားနဲ့ စာအသင်အပြကောင်းတာတွေကြောင့် ကိုကိုကြီးတော့ သားကို သန့်ဆီမှာ ယုံယုံကြည်ကြည် အပ်နှံခဲ့ပြီနော်'

မမ ခင်ပွန်း ကိုကိုကြီး စကားကလည်း သန့်ကို ချည်ပြီးတုပ်နှောင်ပြီးသားမို့ သန့်ဘဝထဲ တူလေး ကောင်းထက်နိုင် ရောက်လာခဲ့ရပါသည်။ သန့်တို့အားလုံး၏ ကောင်းပေါ့။ ကောင်းဟာ အလွန် လိမ္မာပါသည်။ အသားဖြူဖြူဆွတ်ဆွတ်၊ မျက်ခုံးထူထူနက်နက် သူငယ်တန်းကျောင်းသားလေး ကောင်းကို ဆရာ၊ ဆရာမ အားလုံး ချစ်ခင်ကြသည်။ အသံက တိုးတိတ်ညင်သာပေမဲ့ စာအရာမှာကတော့ ထူးချွန်ထက်မြက်သည့်ဆရာကြီးတစ်ဆူလိုပါပဲ။ အတန်းစဉ်တိုင်း ပထမဆုနေရာက ဘယ်တော့မှ ကျဆင်းမသွားခဲ့။ မျဉ်းလေးကြောင်းစာအုပ်၌ လက်ရေးအလှ လေ့ကျင့်ခြင်းများစွာဖြင့် သန့် လေ့ကျင့်ပေးနေတော့ ကောင်းမှာ ဆရာ၊ ဆရာမများ၏ နှစ်သက်သော လက်ရေးဝိုင်းဝိုင်းစက်စက် ပီပီသသကို ပိုင်ဆိုင်လာသည်။ နောက်ပြီး ဉာဏ်ရည်မြင့်သော ကောင်းက သင်္ချာအတွက်ကိုလည်း စိတ်ဝင်စားလွန်းတော့ သင်္ချာဘာသာရပ်ကိုလည်း အထူးပိုင်နိုင်လာသည်။

ကျောပိုးအိတ်ကလေး လွယ်ကာ သန့် နောက်က အတူတကွ အမြဲတမ်း ကပ်ပါလာသော ကောင်းကို ကျောင်းက မရင်းနှီးသည့် ဆရာ၊ ဆရာမများက သန့်၏ သားတစ်ယောက်ဟု ထင်ကြသည်။ ဆရာ၊ ဆရာမ နားနေခန်းထဲမှာ ကောင်းနှင့်အတူ သန့်တို့ ထမင်း အတူတူစားကြသည်။ မုန့်စျေးတန်းထဲမှာ ကောင်း ကြိုက်တတ်သော မုန့်များ လိုက်ဝယ်ပေးပြီး ကောင်းကို အတန်းသို့ အရောက်ပို့ပေးတာတွေအားလုံးကြည့်ပြီး သန့်သားလေးကောင်း ပေါ့။ သန့်ကလည်း နဂိုကမှ စကားနည်းသူဆိုတော့ အပြုံးကလေးနှင့်ပဲ တုံ့ပြန်တာက သူတို့ ထင်မြင်ယူဆချက်ကို ထောက်ခံနေသယောင်ယောင် ပေါ့။ တကယ်ပဲ သန့်စိတ်ထဲမှာ ကောင်းကို သန့်၏ ကိုယ်ပွားလေး၊ သန့်သွေးသားလေးဟု လက်ခံထားတာလေ။ နွေရာသီကျောင်းပိတ်ရက်ရှည်များတွင် ကောင်းကို မမတို့ လာခေါ်ကြသည်။ တစ်နှစ်ပတ်လုံး သန့်နှင့်အတူတူ နေလာတော့ ကောင်း မရှိသောနေ့ရက်များသည် သန့်ရင်ထဲ ဟာတာတာဖြစ်ရသည်။ တစ်နေ့လုံး နေမထိထိုင်မသာ ဖြစ်ခဲ့ရတာ နှစ်ပေါင်းပင် မနည်းတော့ပါချေ။

❑

နယ်ပေါင်းစုံပြောင်းနေရသည့် ကောင်းဖေဖေကတော့ ကောင်းကို သန့်လက်ထဲ စိတ်ချလက်ချရှိနေကြသည်။ ကောင်းကလည်း အတန်းကြီးလာသည်နှင့်အမျှ ဉာဏ်ရည်သွေးက မယုံနိုင်အောင် မြင့်မားလှသည်။ သန့်ကတော့ မြန်မာဘာသာရပ် သင်ပြသည်။ သန့်နှင့် အလွန်ရင်းနှီးပြီး ညီအစ်မ ချစ်ခင်စွာ နေလာခဲ့ကြသည့် ခိုင်(ခ) ဒေါ်ခိုင်ခိုင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

လည်း ကောင်းကို သန့် နည်းတူ ချစ်ခင်သည်။ အပျိုကြီးမို့လည်း ကျောင်းဆင်းချိန်မှာ သူ့အိမ်၌ ကျူရှင် တစ်နိုင်တစ်ပိုင်ပေးသည်။ ခိုင်က သင်္ချာဘာသာပြဆရာမ။ ကောင်းကို ကျောင်းဆင်းသည်နှင့် သူနှင့်တစ်ပါတည်း ထည့်လိုက်ရသည်။ ကောင်း ခုနစ်တန်း ရောက်ချိန်မှာ ခိုင်က ခုနစ်တန်း သင်္ချာဘာသာ ရပ်သင်ပြရသည်။ နောက်ပြီး ခိုင်က ပြောင်သလိုလို နောက်သလိုလို-

'သန့် ယူ့သားက သင်္ချာ ပါရဂူလေ။ အဲဒါကြောင့် အတန်းထဲက ကလေးအားလုံး သူ့ကို ဆရာကြီးတင်ထားကြတာ။ အဲဒါကြောင့် ယူ့သားကို ခိုင်နဲ့ ထည့်လိုက်ပါလား။ သူ့ကို ဆရာတင်ချင်လို့လေ'

ခိုင်က ကောင်းကို သင်္ချာဘာသာရပ်၌ ပိုမို၍ ထူးချွန်ထက်မြက်စေချင်သည်။ ဤသို့ဖြင့် ခိုင့်အိမ်သို့ ကျောင်းဆင်းပြီးအခါတိုင်း ကောင်းကိုထည့်ပေးလိုက်ရသည်။ ရုံးဆင်းလာမည့် သန့်၏ကိုကို့ကိုတောင် ဒီလောက်မမျှော်မိပါပေ။ ခိုင့်အိမ်မှ ပြန်လာမည့် ကောင်းကို မျှော်ရတာ သန့်တစ်ယောက် လည်ပင်းညောင်ရေအိုးကို ဖြစ်လို့လေ။ ကိုကိုကလည်း ကောင်းကို ချစ်ပါသည်။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များမှာ ကိုကိုက သန့်တို့ အိမ်နှင့်နီးသည့် အောင်ဆန်းပန်းခြံသို့ ကောင်းကို စက်ဘီးကယ်ရီယာမှာ တင်ပြီး လိုက်ပို့ပေးတတ်သည်။ ကောင်းနှင့် ကိုကို့ကို ကြည့်ပြီး သန့်စိတ်ထဲ မိသားစုဘဝအစစ်လေးဟု ထင်မှတ်နေခဲ့သည်။ ကိုကိုကတော့ ကောင်း လပတ်စာမေးပွဲများမှာ ပထမရသည့် အခါ ကောင်း လိုချင်တာ တစ်ခုခုကို အမြဲတမ်းလုပ်ဆောင်ပေးလေ့ရှိသည်။ သန့်တို့ဘဝထဲက ကောင်းကို သန့်တို့ ဇနီးမောင်နှံနှစ်ယောက်စလုံး ကြည်နူးမှုများ အပြည့်အဝပေးခဲ့သည်။

ထို တစ် ည နေ ခင်း ကလေးကို တော့ သန့် ကောင်းကောင်းကြီး မှတ်မိနေပါသည်။ အဲဒီနေ့က ကောင်း ပထမဆုရတော့ ကိုကိုက ကောင်းကို ထုံးစံအတိုင်း လိုချင်သည့် ဆန္ဒကို တောင်းခံသည်။ ကောင်းက အခြားဘာမှ မလိုချင်ပါဘူးတဲ့။ အောင်ဆန်းပန်းခြံထဲ သန့်ပါ လိုက်ပါပြီး ပျော်ပွဲစားထွက်မည်တဲ့လေ။ အိုး... ချစ်စရာကောင်းလိုက်သည့် ကောင်း။ သန့်ကိုပါဝင်အောင် တောင်းဆိုလိုက်ပုံက သန့်ရင်ကို ဖျပ်ဖျပ်လူး ဝမ်းသာရင်ခုန်စေသည်။ ဒီအခွင့်အရေးကို ပေးရမှာပေါ့ ကောင်းရယ်။

စားသောက်ဖွယ်ရာ တစ်ခြင်းအပြည့်ထည့်ကာ သန့်တို့ မိသားစု အောင်ဆန်းပန်းခြံဆီသို့ ထွက်လာကြသည်။ အခင်းခင်းပြီး စားဖွယ်ရာများ စီစီရီရီ ချနေတုန်း ကောင်းက ဟိုဟာစားမည်၊ ဒီဟာစားမည်နှင့် သန့်ကို ချွဲနွဲ့နေသည်။ စားသောက်ပြီးတော့ ပန်းခြံထဲပြေးလွှားဆော့ကစားတော့တာပဲ။ ကိုကိုနှင့် သန့်ကတော့ ပန်းခြံတစ်ဝိုက် ဟိုလျှောက်၊ ဒီလျှောက် စကားတပြောပြော။

ထိုအခိုက် ကိုကို ပြောလိုက်သည့်စကားတစ်ခွန်းက သန့်ကို အံ့သြသွားစေသည်။

'သန့်ရေ ဒီအောင်ဆန်းပန်းခြံထဲမှာ ဗိုလ်ချုပ်ရုပ်တုတစ်ခု ရှိတယ်တဲ့၊ သိလား'

'ဘယ်က ဗိုလ်ချုပ်လဲ ဟင် ကိုကို'

သန့်က ချက်ချင်းမေးလိုက်တော့ ကိုကိုလည်း မဆိုင်းမတွ ပြန်ဖြေသည်။

'ကိုယ်တို့ရဲ့ တစ်ဦးတည်းသော လူထုခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပေါ့'

'ဟင် ဟုတ်လား ဘယ်နားမှာလဲ။ သွားကြည့်ရအောင်လေ'

သန့်က သွားမည်တကဲကဲလုပ်နေတော့ ကိုကိုက ဗိုလ်ချုပ်ကြေးရုပ်တုကို လွယ်လင့်တကူ ရှာဖွေ၍ မတွေ့ရှိနိုင်။ ချုံနွယ်ပိတ်ပေါင်းများစွာ ဖုံးကွယ်နေပြီဖြစ်ကြောင်း ပြောပြသည်။ သို့သော် အောင်ဆန်းပန်းခြံ၌ ဗိုလ်ချုပ်ကြေးရုပ်တုရှိကြောင်းကို ကိုကို့မိတ်ဆွေကဗျာဆရာ မောင်ခိုင်မာက ပြောပြဖူးသည်။ တစ်နေ့မှာတော့ အင်းစိန်ဆေးရုံနားမှာနေသော ကဗျာဆရာကြီး တင်မိုးကို ကဗျာ မောင်ခိုင်မာနှင့် ပန်းချီဆရာ ယဉ်မင်းပိုက်တို့က ဦးဆောင်ခေါ်ဆောင်လာကြပြီး ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ကာ ကွယ်ပျောက်နေသော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို ပြသခဲ့ဖူးကြောင်း ပြောပြသည်။

ရင်ထဲ နာကျင်စွာ ခံစားလိုက်ရသော ခံစားချက်ဝေဒနာကို ဖော်ပြနိုင်ဖို့ သန့်မစွမ်းသာ။

အပြန်လမ်းတစ်လျှောက် သန့်စိတ်ထဲ ကြေကွဲနေမိသည်။ သန့်က ခံစားလွယ်တာကိုးလေ။ တစ်နေ့နေ့ တစ်ချိန်ချိန် ဗိုလ်ချုပ်ကြေးရုပ်တုကို ပြန်လည်ဖော်ထုတ်နိုင်ကြပါစေ။ ထိုအချိန်ရောက်လျှင် သန့်လည်း ဗိုလ်ချုပ်ရုပ်တုကြီးကို လေးစားစွာ ဦးညွှတ်ဖို့ လာရောက်ဦးမည်ဟု သန္နိဋ္ဌာန်ချမိပါသည်။

❑

သန့်စိတ်ထဲတွင် ကောင်းဟာ ကလေးတစ်ယောက်သာရှိသေးသည်ဟု ထင်မြင်နေမိသည်။ ဒါပေမဲ့ ကောင်းက ခုနစ်တန်းလောက်ကတည်းက ရက်တတ်နေခဲ့သည်။ သန့် ရေချိုးပေးနေကျပေမဲ့ ကောင်းက သူ့ဘာသာသူ ချိုးဖို့ တောင်းဆိုလာတတ်သည်။

'ကောင်းဘာသာ ချိုးလို့ ရပါပြီ။ အန်တီကလည်း'

အခါတိုင်း ရှင်မတောင် သနပ်ခါးတုံးစစ်စစ်ကို သန့်က ကျောက်ပျဉ်အပြည့် ပျစ်ပျစ်နှစ်နှစ်လေးရအောင် သွေးပြီး ကောင်း၏ မျက်နှာပြင်၊ နားရွက်၊ လည်ပင်းမကျန် လိမ်းပေးပြီး ပါးကွက်ဝိုင်းဝိုင်းလေးနှစ်ကွက်ကို ပါးပြင်နှစ်ဖက်မှာ တင်ပေးသည်။ ကောင်းကလည်း ငြိမ်ခံတတ်သည်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ သူ့မျက်နှာ သိပ်မကောင်း။ ရွှင်ရွှင်ပျပျ မရှိလှ။ သန့်ကတော့ အလိုက်ကန်းဆိုးမသိ၊ လိမ်းပေးမြဲ၊ လိမ်းပေးဆဲပေါ့။

အဲဒါတွေ အားလုံး ကျောင်းပိတ်ရက်ရှည်ကြ



www.burmeseclassic.com

www.burmeseclassic.com


"သား/သမီးတို့ အပေါ်ထိန်းသိမ်းရခက်နေသော မိဘများ အတွက်"

- ပညာရေး အာရုံမစိုက်ပဲ ဂိမ်း နှင့် အင်တာနက် အပေါ်သာ အာရုံစိုက်နေသော
- အရွယ်မတိုင်သေးပဲ အချစ်ရေးကိစ္စတွင်သာ အရှုးအမူး ဖြစ်နေသော
- မိဘ ဘာပြောပြော အကောင်းမမြင်ပဲ ကန့်လန့်တိုက် ထင်ရာစိုင်းလွှတိုက်နေသော
- စာမေးပွဲနီးလာသော်လည်း စာကို အားကြိုးမာန်တက် မကြိုးစားချင်ဖြစ်နေသော
- အချိန်မှန် အိမ်မပြန်ပဲ အပေါင်းအသင်းနှင့်လေနေပြီး ခေတ်လွန်ဖြစ်နေသော
- မိဘ သဘောမတူမှန်းသိသော်လည်း ထိုသူကိုမှ တန်းတန်းစွဲ ချစ်ခင်နေသော

စသည့် ထိန်းသိမ်းရခက်နေသော သား/သမီး တို့ကိစ္စများအတွက်

**ဆရာမ ထက်ငွေးစန္ဒီ** LL.B, LL.M, DBL, DML

(အမျိုးသမီးသီးသန့် လက္ခဏာဗေဒင်ဆရာ အစီအရင်)

တိုက်- 40 G-2 ဦးဝိစာရလမ်းမပေါ်၊ 41 ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ၊

Ph: 09 5164326, 09 73106180, 09 43094806



**aperture**

Advertising photo studio / Digital photo lab & framing

◈ စီးပွားရေးကြော်ငြာဓါတ်ပုံများ ◈ ကျောက်မျက်ရတနာများ ◈ လူသုံးကုန်ပစ္စည်းများ ◈ အဆောက်အဦးများ ◈ ဟိုတယ်ကြီးများ၏အတွင်းအပြင်အလှဆင်ဖွဲ့စည်းမှု ဓါတ်ပုံများ ◈ ဖော်ဒယ်ဓါတ်ပုံများ ◈ ဖက်ရှင်အလှဓါတ်ပုံများ ◈ မင်္ဂလာဆောင်နှင့်ညှိကြိုဓါတ်ပုံနှင့်မင်္ဂလာညစ်ပွဲဓါတ်ပုံများ ◈ အခြားသောအမှတ်တရဓါတ်ပုံများ ◈ ဓါတ်ပုံ *Album* ပြုလုပ်ပေးခြင်း ◈ **4x6 to 12x18 Size** အထိဓါတ်ပုံကူးပေးခြင်း ◈ ***Hand Phone & Tablets*** အမျိုးမျိုးမှ ဓါတ်ပုံထုတ်ပေးခြင်းနှင့်ကော်ဖီခွက်ပေါ်တွင်အမှတ်တရပုံများရိုက်နှိပ်ပေးခြင်း ◈ ခေတ်မှီလှပသေသပ်သောရေစိုခံဓါတ်ပုံဘောင်အမျိုးမျိုးကိုလူကြီးမင်းတို့စိတ်တိုင်းကျ ပြုလုပ်ဆောင်ရွက်ပေးနေပါသည်။

**မိသားစု အမှတ်တရ ဓါတ်ပုံများ၊ ကလေးဓါတ်ပုံများ၊**

**သက်ကြီးရွယ်အိုဘိုးဘွားဓါတ်ပုံများကို**

**အိမ်တိုင်ရာရောက် ရိုက်ကူးပေးပါသည်။**

No.169 (C.1), 36th Street (Middle), Kyauktada Tsp, Yangon.

09-73024327, 09-73024328, 09-73041734, 09-73041735. Ext:112,126


www.burmeseclassic.com

www.burmeseclassic.com


# နုနုရည်အင်းဝ

ပြုံး၍လည်းကန်တော့ခံတော်မူပါ

ရယ်၍လည်းကန်တော့ခံတော်မူပါ




ထွက်ပြီ

စာပေ

တိုက်(၁၃၃)၊ မြေညီထပ်၊ လမ်း(၄၀)အောက်၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၃၉၈၂၂၀၊ ၀၉ ၈၆၁၀၇၄၀၊

E-mail : zabutalu@gmail.com


www.burmeseclassic.com

www.burmeseclassic.com

ကောင်းကို မမ လာခေါ်သည့် အခါမှ အဖြစ်မှန်များကို မမ မှတစ်ဆင့် သန့် ကြားရ သည်။

'သန့်ရေ ငါ့ညီမက လည်း 'အ'ရန်ကောကွယ်။ ညီမရဲ့တူတော်မောင်က အရွယ်ကလေး ရလာပြီလေ။ သနပ်ခါးလိမ်းရတာ ရှက်လို့ တဲ့။ ကောင်းသူငယ်ချင်းတွေ ကလည်း ပိုးဟပ်ဖြူမလေး ဆိုပြီး သူ့ကို စနောက်ကျ တော့ ပိုဆိုးတာပေါ့ကွယ်'

'မမကလည်း သန့်က ကောင်းကို ကျောင်းသွားတဲ့ အခါတော့ တစ်ခါမှ သနပ် ခါးလိမ်းမပေးပါဘူး။ အိမ်မှာ နေတဲ့အခါပဲ အေးပါစေဆိုပြီး လိမ်းပေးတာပါ'

ကောင်းက သန့်တို့ ဇနီး မောင်နှံနှင့်သာ စကားနည်း ပေမဲ့ သူ့အမေ လာသည့်အခါ တွင်တော့ အိပ်ရာထဲမှာ တစ် ညလုံး တိုးတိုးလေး အီနေ တတ်တာ မိုးလင်းပေါက်မျှ ပါပဲ။ သန့်မှာလည်း သူတို့ သားအမိ စကားသံကို သဲကွဲ စွာ မကြားရပေမဲ့ မအိပ်မနေ ကြားရနိုး နားစွင့်နေမိတာကို လည်း သန့်ကိုယ်သန့် အံ့သြ မဆုံးနိုင်အောင်ပါပဲ။

ကောင်းမှာ ချစ်စရာ ကောင်းသည့် အလေ့အကျင့် စရိုက်ကောင်းများစွာ ရှိသည်။ သန့် မီးဖိုချောင်ထဲမှာ တကုပ် ကုပ် ချက်ပြုတ်နေပြီဆိုလျှင် ကောင်းမှာ မနေနိုင်တော့။ ဝင်လိုက်၊ ထွက်လိုက် လုပ်နေ တတ်သည်။

'အန်တီ သား ကြက် သွန်နွှာပေးမယ်နော်'

'ဒီချဉ်ပေါင်ကို သား ခြွေလိုက်တော့မယ်နော်' ဟု

ဥပစ
ပေးဆပ်သူ
ဘက်က
ကြည့်သောအခါ
မေတ္တာများများ
ပေးလျှင်
များများ
ပူလောင်လေလေ
ဖြစ်ရသည်
မေတ္တာပေးမှတော့
စေတနာပါမည်
ထိုစေတနာကို
အလေး
မထားခဲ့ပါလျှင်
မေတ္တာ
ပေးအပ်သူအဖို့
ဝေဒနာဖြစ်ပြီး
ပူလောင်ရမှာ
မလွဲ

ဆိုပြီး ကူလုပ်ပေးတတ်သည်။ ထမင်းစားပြီးသည့်အခါတိုင်း လည်း စားပြီးသား ပန်းကန် အားလုံး သိမ်းကျုံးဆေးတော့ တာပါပဲ။ ဘယ်လိုတားတား မရ။ အလွန်အလိုက်သိသည့် ကောင်းပါပဲ။ ရှိသေးသည်။ သန့် အဝတ်တွေစိမ်ပြီး လျှော် ဖွပ်တော့လည်း ကောင်း ကူ လျှော်ချင်ပြန်သည်။ သန့်က မစင်ပါဘူးဆိုသည့် အပြော ကြောင့် ကောင်း မလုပ်ရဲ။ ဒါပေမဲ့ လျှော်ပြီးသား အဝတ် ကိုတော့ လှန်းဖြစ်အောင်

လှန်းပေးသည်။ ကောင်း၏ ထူထူထဲထဲ ဂျင်းဘောင်းဘီ နှင့် ဂျင်းအင်္ကျီကိုတော့ သန့် မညှစ်နိုင်။ ထိုအခါ ကိုကိုက ပဲ ကောင်း၏ ဂျင်းထည်များ ကို လျှော်ဖွပ်ပေးသည်။ သူ့ ရင်ဘတ်ထဲမှာလည်း ကောင်း ရှိနေပြီ ထင်သည်။

သန့်တို့ဘဝထဲမှာ ကောင်းက တဖြည်းဖြည်း နေရာယူလာသည်။ သန့်အနေ နှင့် ကောင်းသည် ကိုယ့်သွေး သား၊ တူအရင်းလည်းဖြစ်၊ ငယ်စဉ်ကတည်းက လက် ပွန်းတတီး ရင်ဝယ်သားတစ် ယောက်လို ပြုစုစောင့်ရှောက် လာရသည်ဆိုတော့ သံယော ဇဉ် အထပ်ထပ် တွယ်နေမိ တာ မဆန်းပါဘူး။ ဒါပေမဲ့ ဘဝဆိုတာ အမြဲတမ်း တစ် သမတ်တည်း ရှိမနေဘူးဆို တာ သန့် တစ်နေ့မှာ သိလိုက် ရသည်။

❑

ထိုတစ်နေ့။ အဲဒီနေ့က ကိုကို့ မေမေ ဆုံးသည်။ စိတ် ကောင်းရှိပြီး သန့်ကို သမီး ပမာ ချစ်ခင်သူမို့ ဝမ်းနည်းရ ပါသည်။ တစ်ဦးတည်း ကျန် ရစ်ခဲ့သော ကိုကို့ဖေဖေကို သန့်တို့အိမ်မှာ ခေါ်ထားလိုက် ရသည်။ ကိုကို့ဖေဖေက အေး ချမ်းသည်။ ဝန်ထမ်းများဖြစ် ကြသော သားနှင့် ချွေးမ အပေါ် နားလည်သိတတ်စွာ နေထိုင်ပေးသူမို့ သန့်အတွက် ကရိကထမများလှ။ ဝတ္ထုရေး ထက်သာလွန်သော စေတနာ တရားဖြင့် သန့်တို့ ဇနီးမောင် နှံနှစ်ယောက်စလုံး ကိုကို့ဖေဖေ အပေါ်ဂရုတစိုက်ရှိပေမဲ့ ဇရာ၊ ဗျာဓိ၊ မရဏလမ်းစဉ်အတိုင်း ကိုကို့ဖေဖေတစ်ယောက်

ကျောက်ကပ်ဝေဒနာဖြင့် အိပ်ရာ ထဲ လဲပြိုခဲ့သည်။ ကိုကိုနှင့် သန့် ခွင့်တစ်လှည့်စီယူပြီး ပြုစုကြပေမဲ့ ဝေဒနာပျောက် ကင်းမှုက ရှည်ကြာလှသည်။ နောက်ဆုံး သန့်မှာ ခွင့်ရက် တွေက ကုန်ပြီမို့ လစာမဲ့ ခွင့် ယူရသည်။

သန့် တစ်ခုစဉ်းစားမိ လာသည်။ သက်ကြီးရွယ်အို တစ်ယောက်၏ ဆည်းဆာနေ ဝင်ချိန်သည် အထီးကျန်နေ ခြင်းကို ရင်ဆိုင်ဖို့ ကြောက် ကြခြင်းကိုပါပဲ။ ကိုကို့ဖေဖေ သည် သူ့မျက်စိရှေ့က သန့် သော်လည်းကောင်း၊ ကိုကို သော်လည်းကောင်း ပျောက် သွားမှာကို အလွန်စိုးရိမ်နေ တတ်သည်။ သူ့အနားမှာ ထိုင် စကားပြောနေတာဖြစ် ဖြစ်၊ တစ်ခုခု လုပ်ကိုင်ပေးနေ တာဖြစ်ဖြစ် လက်ကိုဆွဲယူပြီး သူ့လက်ဖြင့် ခပ်တင်းတင်း လေး ဆုပ်ကိုင်ထားတတ် သည်။ သန့် သဘောပေါက် ပြီ။

သန့် ဆုံးဖြတ်ချက်ချ လိုက်သည်။ သန့် အလုပ်မှ ထွက်တော့မည်။ ကျေးဇူးရှင် မိဘဖြစ်ဖြစ်၊ ယောက္ခမဖြစ် ဖြစ် သန့် နောက်ဆုံးအချိန်ထိ လက်ဆုပ် မဖြေချင်တော့ပါ ဘူး။ ကိုကိုနှင့် အကြိတ် အနယ် ဆွေးနွေးရသည်။ ကိုကို လိုက်လျောပါသည်။ ဒီလိုနည်းဖြင့် သန့် အင်မတန် မြတ်နိုးရပါသော ကျောင်း သင်ခန်းစာကို ကျောခိုင်းပစ် ဖို့အခြေအနေ ဖြစ်လာသည်။ တစ်ခုတော့ ရှိသည်။ သန့်၏ လုပ်သက်မှာ နှစ်အတော်ကြာ မြင့်နေပြီဖြစ်၍ ဆေးဝါးစရိတ် လျှော်ကြေးထားသော ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုက အကြံပေးလာတော့ သန့်မှာ ကျောင်းအုပ်ဆရာမကြီးထံ အကြံဉာဏ်တောင်းခံရသည်။ ဆရာမကြီး၏ ထောက်ခံမှု၊ အားပေးမှုကြောင့် သန့် ဆေးပင်စင်တင်ဖြစ်သည်။ ဤသို့ဖြင့် ကိုကို့ဖေဖေ အနားမှာပဲ မပြတ်တမ်း ပြုစုစောင့်ရှောက်ဖြစ်သွားသည်။ ကျောင်းကိုတော့ တစ်ပတ်တစ်ခါလောက်သွားပြီး ပင်စင်ကိစ္စများ လုပ်ဆောင်ရသည်။

ကောင်းတစ်ယောက်ကတော့ သန့် မပါဘဲ ကျောင်းတက်နေရရာ တစ်မျိုးလေးဖြစ်နေပုံပါပဲ။ မျက်နှာလည်း မကောင်းလှ။

'ကောင်းရေ ဒီနေ့ ငါးဟင်းထည့်ပေးလိုက်တယ်။ အရိုးကိုတော့ သေသေချာချာ ထွင်ပြီးမှ စားနော်။ ကြက်မောက်သီးလည်း ထည့်ထားပေးတယ်။ မုန့်စားဆောင်မဆင်းနဲ့တော့။ ရော့… ဒီမှာ ကားခ။ ကျောပိုးအိတ်နောက်ကျောက အိတ်ထဲမှာ ထည့်ထားတယ်၊ ယူရတာလွယ်အောင်လို့။ ဦးထုပ်လည်း မေ့ကျန်နေခဲ့ ဦးမယ်နော်။ ကျောင်းရောက်တာနဲ့ ချွတ်ပြီး စာအုပ်ထည့်တဲ့ လက်ဆွဲအိတ်ထဲမှာ ချက်ချင်းထည့်လိုက်နော် ကောင်း'

မှာတမ်းရှည်ကြီး မှာနေသည့် သန့်ကို ကိုကိုက ပြုံးစိစိကြည့်နေသည်။ ဒီခေတ်ကလေးတွေခမျာ စာအုပ်အထုပ်ကြီးတွေကို ကျောပိုးအိတ် မဆံ့၍ နောက်ထပ်အိတ်အပိုတစ်ခုထဲ ထည့်ဆွဲကြရသည်။ ခါတိုင်း သန့်က ကောင်းအိတ်အပိုကို ဆွဲနေကျလေ။ သန့်မှာ ကောင်းကိုလည်း စိတ်မချနိုင်၊ ကိုကို့အတွက် ထမင်းဘူး စီစဉ်ရ၊ ဝတ်ဖို့ အဝတ်အစားမကျန်ထိုး၊ ဖိနပ်အဆုံး ပြင်ဆင်ပေးရသည်။ ကိုကို့ဖေဖေကတော့ မနက်ခင်းတစ်ပိုင်း သန့် လှုပ်ရှားမှုကို မျက်စိတစ်ဆုံး လိုက်ကြည့်နေတတ်သည်။ ကောင်းက အိမ်မှ စောစောထွက်ပြီး ကိုကိုကတော့ နည်းနည်းနောက်ကျမှ ထွက်သည်။ သူတို့နှစ်ယောက်ထွက်သွားပြီးမှ သန့်လည်း ကိုကို့ဖေဖေအနား ရောက်သည်။ အားနာအပြုံးနှင့် ကြည့်နေတတ်သော ကိုကို့ဖေဖေကို သန့် ဆက်ပြီး ပြုစုရပြန်သည်။ နံနက်စောစောကတည်းက အဆက်မပြတ် ဖယ်ဆက်သလို ပြုဖွယ်အလုပ်များလုပ်လာရတော့ တစ်ခါတစ်ရံ လူနာဘေးနားမှာ ခွေခွေကလေး သန့် မှေးတတ်လာသည်။ သန့်နှင့်အတူ ကိုကို့ဖေဖေလည်း တစ်ရေးတစ်မော အိပ်စက်တတ်၏။ ဒါပေမဲ့ သန့်ကို ဆုပ်ကိုင်ထားသော လက်ဆုပ်က ဘယ်တော့မှ မဖြေ။ အားကိုးအားထားပေါ့။

❑

ပျင်းရိလေးတွဲ့စွာဖြင့် နွေရာသီကျောင်းပိတ်ရက်ရှည်ကြီး ကုန်ဆုံးသွားခဲ့ရပါသည်။ မိုးလေးလည်း တစ်ပြိုက်နှစ်ပြိုက်ရွာသွန်းထားတော့ အပင်တွေက စိမ်းစိမ်းစိုစို ဖြစ်လာသည်။ ကျောင်းဖွင့်ချိန် သင်္ကေတလေးပေါ့။ ကောင်းတို့သားအမိလည်း ကျောင်းဖွင့်အမီ ရောက်လာကြပေါ့။ ဒီတစ်နွေမှာ ကောင်း အရမ်းထွားလာသည်။ အသံကလည်း ခပ်အေအေလေးဖြစ်လို့။ မမကတော့ စကားအဆန်းပြောလာသည်။

'သန့် ငါ့ညီမနယ် ကိုယ့်တူလေး ၁၀ တန်းဖြေပြီးတဲ့အထိတောင် မစောင့်နိုင်ဘူးနော်၊ အလုပ်တောင်ထွက်ပြီး ယောက္ခမပြုစုရေးတာဝန်ကြီးနေသပေါ့ ဟုတ်လား'

သန့် အံ့သြသွားတယ်။ မမဟာ သံယောဇဉ်ကင်းသူတစ်ယောက်ဟု သန့် သိထားပေမဲ့ အခုလို အတွဲ့ဆန်သော စကားပြောလိမ့်မည်ဟု သန့် ထင်မှတ်မထားခဲ့။ ဖေဖေ ဆုံးပါးသွားစဉ်ကလည်း မမ အိမ်မှာ ရှိမနေခဲ့သလို မေမေ လောကကြီးက အပြီးတိုင် ခွဲခွာသွားတုန်းကလည်း အဝေးရောက် မမက ပြန်မလာနိုင်ပါချေ။ ဇရာ၊ ဗျာဓိ၊ မရဏနှင့် ယှဉ်တွဲနေထိုင်လာရသော သူအို၊ သူနာတို့၏ နေဝင်ချိန်စောင့်စားနေသည့် ပုံရိပ်တွေက မမအတွက် အပျင်းပြေရုပ်ရှင်ကားတစ်ကားကြည့်နေရသလို ခံစားမှုမျိုး ထင်ပါရဲ့။ နှင့်နှင့်သီးသီး မခံစားတတ်တာက မမရဲ့ ပင်ကိုစရိုက်ပါပဲလေ။ မိဘနှစ်ပါး စုံစုံလင်လင်နှင့် ကြယ်စုံလစုံဘဝကို ပိုင်ဆိုင်ထားသည့် ကောင်း၊ အပိုဆုတစ်ခုအနေနှင့် အဒေါ်တစ်ယောက်၏ မိဘနှင့်မခြား ရင်ခွင်နွေးကမ္ဘာလေးထဲမှာ လုံလုံခြုံခြုံ ရှိနေသော ကောင်းအတွက် အဘယ်သို့သော အရာများကို ထပ်ပြီး ပိုင်ဆိုင်ချင်ပါသေးသလဲဟု သန့် မမကို မေးချင်ပါသည်။ သန့် မေးချိန်ပင် မရလိုက်။ မမက နောက်ထပ်စကား အသစ်အဆန်းတစ်ခု ပြောပြန်သည်။

'ဩော် ဒါနဲ့ မိုးမိုးလတ်တို့ မိသားစုအကြောင်း ညီမကြားပြီးပြီလား'

'ဟင့်အင်း'

'အခု သူတို့ မန္တလေးက ရန်ကုန်ကို ပြောင်းလာကြပြီ။ ဘောက်ထော်ဘက်မှာ ခြံနဲ့ တိုက် ဝယ်လိုက်တယ်။ ကောင်းလိုက်တဲ့ အိမ်ဟယ်။ အပျံစားပဲတဲ့။ မမလည်း ကောင်းနဲ့ ဒီညနေ သွားလည်မလို့လေ။ ငါ့ညီမ လိုက်ဦးမလား။ မလိုက်ရင် မမနဲ့ ကောင်း တစ်ည သွားအိပ်လိုက်မယ်။ မိုးမိုးလတ်ကလည်း တဖွဖွ ခေါ်နေတာ'

'သန့် မလိုက်တော့ဘူး မမ'

သန့် အသံတိမ်တိမ်နှင့် ဒီစကားလောက်ပဲ ပြောနိုင်သည်။

မိုးမိုးလတ်ဆိုတာက သန့်တို့နှင့် ညီအစ်မတစ်ဝမ်းကွဲတော်စပ်သူ။ သူ့အမျိုးသားက မိုးကုတ်က ကျောက်တွင်းသူဌေး။ မိသားစုကို မန္တလေးက လူမလိုင်အသိုင်းအဝိုင်းကြားမှာ အဆင့်အတန်းမြင့်မြင့်၊ အထက်တန်းကျကျ ထားနိုင်သူတစ်ယောက်ပေါ့။ အခုတော့ ရန်ကုန်ကို ပြောင်းလာကြပြီတဲ့။ သူတို့မှာလည်း သားတစ်ယောက်၊ သမီးတစ်ယောက်သာ ရှိသည်။ သန့်တို့ကတော့ ဆင်ခြေဖုံးရပ်ကွက်မှာ နေကြတာလေ။ သန့်တို့ ဇနီးမောင်နှံနှစ်ဦးစလုံးက ရိုးရိုးသားသား နေကြပြီး ပပလွှားလွှားမရှိ။ တစ်သက်လုံး အလုပ်ကို တာဝန်သိသိထမ်းဆောင်လာကြသည့် ဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com

သမားဆိုတော့ ဘယ်မှာ ပိုပိုလျှံလျှံ ရှိနိုင်ပါ့မလဲ။ ကိုကိုနှင့် သန့်ဆိုတာ လူချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့၊ ကိုယ်ကျန်းမာဖို့ပဲ ဦးစားပေး စဉ်းစားနေကြတာလေ။ တစ်လတစ်လ ကိုကို့ရုံးကရသည့် ဝေစု ဆန်၊ ဆီ၊ သကြားနှင့် သန့်ကျောင်းကရသည့် ဝေစုတို့ စုပေါင်းပြီး လောက်ငအောင် သုံးကြသည်။ တစ်ခါတစ်ရံတော့ ပိုလျှံတာလေးစုပြီး ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းခဲ့ကြသူတွေပါ။

ကောင်းကို သန့်တို့နှင့် အတူနေပြီး ကျောင်းတက်စေပေမဲ့ မမတို့ ဇနီးမောင်နှံက ကောင်းတာဝန်ကို ယူဖို့ မေ့လျော့နေကြသလားပဲ။ သန့်တို့ဇနီးမောင်နှံနှစ်ယောက်စလုံး ဝန်ထမ်းဖြစ်ကြပြီး အသုံးကို ချင့်ချိန်သုံးစွဲနေကြရတာကိုလည်း မသိကျိုးကျွန်ပြုနိုင်ကြသည်။ ကောင်းဖေဖေက အရာရှိကြီးတစ်ယောက်ပါ။ သန့်ကလည်း တွက်ချက်မနေပါဘူး။ ကောင်းတာဝန်အားလုံး သန့်တာဝန်ဟု ထင်မှတ်ထားသူတစ်ယောက်ပါ။ သန့်တို့မှာ သားသမီးမရှိတာလေး တစ်ခုလေးနှင့် မမ အတွက်တွေ အတွက် ဖြည့်ဆည်းဖို့များ ဖြစ်နေသလားလို့ အတွေးခါးခါးတွေ ဝင်လာမိသည့်အခါတိုင်း သန့် ခေါင်းခါယမ်းပြီး ထုတ်ပစ်လိုက်စမြဲပါ။ အခုလည်း မမကတော့ မိုးမိုးလတ်အကြောင်း စကားလမ်းကြောင်းသွယ်ဖောက်နေပြန်ပြီ။ မမစကားကြောင့် သန့်ရင်ထဲ လှိုက်ဖိုသွားသည်။ မမမှာ ရည်ရွယ်ချက်တစ်ခုခု ရှိနေပြီလား တွေးထင်မိရုံနှင့် သန့်ရင်ထဲ ကျင်ခနဲ ဖြစ်ကာ နာလာသည်။ ငါ ဘာတွေတွေးနေမိပါလိမ့်ဟု ဖြေတွေးလိုက်မှ သန့် နေသာထိုင်သာ ရှိလာပါသည်။

❑

ကောင်းတစ်ယောက် ဒီနှစ် ရှစ်တန်းတက်ပြီး ကောင်းနှင့်အတူ သန့် နေထိုင်ခဲ့ဖူးသော ဆရာများ နားနေခန်းထဲသို့ ဝင်ခဲ့ရာ အားလုံးက နွေးနွေးထွေးထွေး ကြိုဆိုကြပါသည်။ ခိုင်ကတော့ ကျောင်းသားတွေ လက်ခံနေသည်။ ထုံးစံအတိုင်း အလှည့်ကျစနစ်ဆိုတော့ ဒီနှစ် ခိုင်က ၈ တန်း(အေ)အတန်းပိုင်ဆရာမပေါ့။ သင်နေကျ သင်္ချာဘာသာရပ်ကို ဆက်လက်သင်ရမည်တဲ့။ ဒါကြောင့်မို့ သန့်လည်း ကောင်းကို ခိုင့်ဆီမှာပဲ အပ်လိုက်သည်။

‘ခိုင် ခါတိုင်းလိုပဲ ကျောင်းဆင်းရင် ကောင်းကို ခေါ်သွားပါနော်။ သန့်ကတော့ ပင်စင်ကိစ္စနဲ့ တနင်္လာနေ့တိုင်း လာနေရမှာပဲ။ အဲဒီတော့မှ တွေ့ကြရအောင်နော်။ ကောင်းကိုလည်း ခိုင့်လက်ထဲ တစ်ခါတည်း အပ်လိုက်ပြီနော်။ မလိမ္မာတာ၊ အချိုးမပြေတာရှိရင် သန့်ကို ပြော။ ဆုံးမစရာရှိရင်လည်း အားမနာနဲ့။ ရိုက်စရာရှိရင်လည်း ရိုက်သာရိုက်၊ မကျိုးမကန်းရင် ပြီးရော’

ရယ်ကျဲကျဲ ပြောနေသော သန့်ကို ခိုင်က မျက်စောင်းထိုးပြီး သန့်လက်မောင်းကို လိမ်ဆွဲလိုက်သည်။

‘သင်္ချာပါရဂူကို များပြောဆိုဆုံးမဖို့ သူကပဲ ပြောရသေးတယ်လို့’

နှစ်ဦးသား ရယ်မောလိုက်ကြသည်။ ရင်ထဲမှာ ပေါ့ပါးလန်းရွှင်သွားတာပါပဲ။ သန့်ကတော့ ပင်စင်မကျမချင်း ကျောင်းကို သွားဖြစ်နေသည်။ သန့် ထိုသို့တစ်ပတ် တစ်ရက်ထွက်တိုင်း သန့်တို့ အိမ်နားမှ ကိုကို့ဖေဖေ၏ မွေးမိတ်ဆွေ ဦးကျော်သာဆိုသူက ကိုကို့ဖေဖေအနားမှာ ကူညီစောင့်ရှောက်ပေးသည်။ သန့်ကလည်း လက်ဖက်သုပ်၊ ထန်းလျက်ခဲ၊ ကော်ဖီကရား၊ ရေနွေးဓာတ်ဘူး စသည်တို့ကို စုံစုံလင်လင် ပြင်ဆင်ပေးခဲ့သည်။

တဖြည်းဖြည်း ပထမနှစ်ဝက် စာမေးပွဲဖြေဆိုချိန် နီးကပ်လာပြီမို့ ကောင်း စာကို ဖိလုပ်နေသည်။ သန့်ကတော့ ကိုကို့ဖေဖေကို ပြုစုလိုက်၊ ကောင်းနှင့်အတူ စာတွေဝိုင်းကျက်လိုက်နှင့် အချိန်ကုန်လို့ကုန်မှန်းမသိ ဖြစ်ခဲ့ရသည်။

ဒီအပတ် တနင်္လာနေ့မှာ သန့် ကျောင်းသို့ မသွားဖြစ်ခဲ့။ သန့် မလာဖြစ်တဲ့ အကြောင်း ခိုင့်ဆီ စာရေးပြီး ကောင်းနှင့် ပေးလိုက်ရသေးသည်။ ကျောင်းမသွားဖြစ်ခြင်းက ကိုကို့ဖေဖေ ဝေဒနာကြောင့် အမောဖောက်လာလို့ပါပဲ။ အခြေအနေက သိပ်မကောင်းတော့။ ဆရာဝန်ကို နေ့တိုင်း အိမ်ပင့်ရသည်။ အစာမဝင်တော့ ဆေးသက်သာ ရှိတော့သည် ထင်ပါရဲ့။ ဦးကျော်သာလည်း သန့်နှင့်အတူ တစ်နေကုန်နေပေးလာသည်။ သူ့အတွက် စားသောက်ဖို့တာဝန် သန့် ယူရသည်။ သန့် အပန်းမကြီးပါချေ။ စိတ်ပင်ပန်းတာပဲ ရှိသည်။ နေ့လား၊ ညလားဖြစ်နေချိန်မို့ ဦးကျော်သာ တရားစာတွေ မနားတမ်း ရွတ်ဖတ်ပေးနေသည်။ ကိုကို့ဖေဖေ တော့ မျက်လုံးပင် မဖွင့်နိုင်တော့ပေ။ မီးစာကုန် ဆီခန်းတော့မည် ထင်ပါရဲ့။

ဒီကြားထဲ ကောင်းကို သန့် သိပ်ပြီး ဂရုမစိုက်ဖြစ်။ တစ်ညနေ ကျောင်းဆင်းချိန် နောက်ကျနေသည့် ကောင်းကို မျှော်နေတုန်း ကိုယ်တော်ချောက မျက်နှာ မသာမယာနှင့် ပြန်လာသည်။

‘ကောင်း ဘာဖြစ်လို့လဲ။ နေကောင်းရဲ့လား မှန်းစမ်း’

သန့် ပါးနှင့် သူ့ပါးကို ထိကပ်လိုက်သည်။ အေးစက်နေသည့် ပုံမှန်အထိအတွေ့ကြောင့် ကောင်း နေကောင်းပါသည်။ ဤသို့ဆိုလျှင် ကောင်း အဘယ်ကြောင့် မျက်နှာမကောင်းသနည်း။

‘ကောင်း ကျောင်းမှာ တစ်ခုခု ဖြစ်လာသလား။ အန်တီ့ကို မှန်မှန်ပြောစမ်း’

‘ဘာမှမဖြစ်ပါဘူး။ ဒီလိုပါပဲ။ သင်္ချာဆရာမက အန်တီ့ကို စာပေးလိုက်တယ်’

ကောင်းက သူ့ကျောပိုးအိတ်ထဲက ခိုင် ပေးလိုက်သည့် စာကို ထုတ်ပေးသည်။ ခိုင့်စာထဲမှာတော့ သန့်ကိုပြောစရာရှိသည်။ ကျောင်းကို ခဏဖြစ်ဖြစ်လာခဲ့ဖို့အကြောင်း ရေးထားသည်။ ဧကန္တ ပင်စင်ကိစ္စများ ထူးခြားလေပြီ ထင်ပါရဲ့။ မနက်ဖြန် ကျောင်းသို့ ခဏတစ်ဖြုတ်လောက်တော့ သွားမည်ဟု သန့် ဆုံးဖြတ်လိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

'ဟင် နှစ်ပတ်တောင်ရှိပြီ။ ခိုင်က အတူတူ ခေါ်မသွားဘူးလား'

သန့် အလန့်တကြား ပြောလိုက်သည့် အသံက အနည်းငယ်ကျယ်သွားသည်။ ခိုင်ပြောပုံအရ ကောင်းသည် ခိုင်နှင့်အတူ ခိုင့်အိမ်သို့ လိုက်ပါနေကျဆိုပေမဲ့ လွန်ခဲ့သော နှစ်ပတ်မှစ၍ အဘိုးအခြေအနေမကောင်း၍ ခိုင်နှင့်အတူ မလိုက်ဘဲ အိမ်ကိုပဲ ပြန်လာရမည်ဟု ပြောထားသောကြောင့် ခိုင်က ခွင့်ပြုလိုက်သည်။ သို့သော် အတန်းဖော်များက ကောင်းကို တီဗွီဂိမ်းဆိုင်မှာ နေ့စဉ်ရက်ဆက်တွေ့နေရသည့်အကြောင်း ခိုင့်ကို လာပြောကြပေမဲ့ ခိုင် မယုံကြည်ခဲ့ပေ။ နေ့စဉ်ရက်ဆက်ဆိုသလို လူပြောသူပြောများလာ၍ ခိုင်တစ်ယောက် မနေသာတော့။ ကောင်း ကစားနေသည့် တီဗွီဂိမ်းဆိုင်မှာ ခိုင်ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လိုက်တော့မှ ယုံကြည်ရတော့သည်။ ကောင်းကို မေးတော့ မြဲစိစိနှင့်တဲ့။ နောက်ဆုံး ခပ်ကြမ်းကြမ်းမေးတော့မှ 'ပျင်းလို့ဆော့တာ'ဟု ဖြေသည်။ ထို့ကြောင့် သန့်ကို စာမေးပွဲမဖြေခင် အချိန်မှီ စာရေးခေါ်လိုက်ရခြင်းဖြစ်သည်ဟု ခိုင်ပြောပြတော့ သန့်အဖို့ ဘာပြောကောင်းမလဲ၊ မဖြစ်စဖူး ဒေါသတွေဖြင့် ဆူပွက်နေမိသည်။ အိမ်ပြန်ရောက်တော့ ကိုကို့ဖေဖေ အနှောင့်အယှက်ဖြစ်မည်စိုး၍ ကောင်းကို အိမ်အောက်သို့ခေါ်ချပြီး စစ်မေးရသည်။

'ကောင်း ခိုင်ပြောသလို သချာသွားမတက်ဘဲ တီဗွီဂိမ်း သွားဆော့တယ်ဆို အမှန်ပဲလား'

'ဟုတ်'

သန့် အသားတဆတ်ဆတ် တုန်လာသည်။

'နှစ်ဝက်စာမေးပွဲ ဒီလောက်နီးနေတာ ဘာဖြစ်လို့ သွားဆော့ရတာလဲ။ ပိုက်ဆံကကော ဘယ်က ရသလဲ' ဟု သန့် မေးပြန်တော့-

'ပျင်းလို့ဆော့တာ၊ ပိုက်ဆံက မေမေ ပေးသွားတယ်၊ ငါးထောင်'

ကြည့်စမ်းပါဦး၊ သန့်ကတော့ စည်းကမ်းလေးနှင့် လိုလေသေးမရှိအောင်ထားလျက် သားနှင့် မမက လက်လွတ်စပယ်လုပ်တာ။ သားလေးမို့ မုန့်ဖိုးပေးချင်လည်း သန့်ကို အသိပေးထားပေါ့။ ဒါလေးပဲဆိုသည့် အကြောင်းပြချက်အနောက်မှာ အန္တရာယ်တွေ ကပ်ငြိလိုက်ပါတတ်တာ မမ မသိတာ သန့် စိတ်ပျက်မိပါသည်။ ရှူငယ်တွေအတွက် လိုအပ်သော ငွေကြေးထက် ပိုနေသော ငွေကြေးသည် ခြေလှမ်းမှားဖို့ အစ,ပဲ မဟုတ်ပါလား။ ယခုအဖြစ်ကိုပဲ ကြည့်တော့။ ကောင်းက ရှစ်တန်းမို့ ငွေငါးထောင်ကို အစ ပထမ သုံးစွဲတတ်သွားပြီ မဟုတ်လား။ နောင်သော အခါဆိုသည့် အတွေးများ ဆန့်ထွက်လိုက်သောအခါ သန့် သွေးပူလာတော့သည်။ ကောင်းကို မှတ်လောက်သားလောက်တော့ ဆုံးမမှ ဖြစ်မည်။

'ဒါဆို စာမေးပွဲ ဒီလောက်နီးနေတာ သချာမတက်ဘဲ ဂိမ်းသွားဆော့တာရယ်၊ ဘိုးဘိုးနေမကောင်းလို့ အန်တီက အိမ်ပြန်လာဖို့ မှာခဲ့တယ်ဆိုပြီး ဆရာမကို လိမ်ပြောတာရယ် အပြစ်ရှိလား၊ မရှိဘူးလား ကောင်း ပြောစမ်းပါဦး'

ကောင်းက မဆိုင်းမတွ ဖြေပါသည်။

'အပြစ်ရှိပါတယ်'

မဆိုင်းမတွ ဖြေလိုက်တဲ့ ကောင်း။ မျက်နှာထားကတော့ ခပ်တည်တည်ကြီး။ သန့် အာခေါင်တွေ ခြောက်လာသည်။ မထင်မှတ်ထားသောအကွက်မှ ဂိုးပေါက်ထဲ ပြေးဝင်လာသည့် ဘောလုံးတစ်လုံးလိုပါပဲ။ ကြောင်ကြည့်နေမိသည်။ မတ်တတ်ရပ်နိုင်စွမ်းမရှိတော့။ ထိုင်ခုံမှာ အသာအယာထိုင်လိုက်ရသည်။ သန့် ဘယ်လိုလုပ်ရမလဲ။ ကောင်းကို ဘယ်လိုအပြစ်မျိုး ပေးရမလဲ။ ခေါင်းထဲမှာ မေးခွန်းတွေ အုံခဲနေသည်။

'ဒါဆို အန်တီ ဂိမ်းဆော့တဲ့ ကောင်းလက်ကို ရိုက်မယ်နော်'

'ဟုတ်'

ကောင်းလည်း ငိုသံပါနှင့် ဖြေသည်။ သန့်လည်း ရင်ထဲ ဆို့နင့်နေသည်။ တစ်ခါမှ မရိုက်ခဲ့ရသည့် ကောင်း။ သန့် ဘယ်လိုလုပ်ရပါ့။ လက်ဖြင့်တောင် မရွယ်ဖူးသည့် သန့်က အခုတော့ သန့် ဘယ်လိုပုံစံမျိုးနှင့် ဆုံးမရမှာလဲ။

'သွား ဟိုမှာ ချိတ်ထားတဲ့ အဝတ်တိုင်းပေတံ သွားယူခဲ့'

ကြံရာမရသည့်အဆုံး တစ်ကိုက်သာသာရှိသော အဝတ်တိုင်းသစ်သားပေတံကို ယူခိုင်းပြီး ကောင်းလက်ဖဝါးအား ဖြန့်စေသည်။ ပြီးတော့-

'အန်တီ ရိုက်မယ်နော်'

သန့်က ငိုသံပါပါ မျက်ရည်လဲ့လဲ့ဖြင့်...။

'ရိုက်'

ကောင်းက ငိုသံပါပါဖြင့် မျက်နှာလွှဲကာ ပြောသည်။

'အန်တီ ရိုက်မှာနော်'

ထပ်ဆင့်ပြောမိပြန်သည်။ သန့် ငိုသံက ပိုပါလာသည်။

'ရိုက်'

ကောင်းလည်း မျက်ရည်ဝဲဖြာကျလာပြီ။ တဆတ်ဆတ်တုန်နေသည့် ကောင်းလက်ဖဝါးလေးကိုကြည့်ပြီး သန့် ဝမ်းနည်းလာသည်။ ဒါပေမဲ့ ဆုံးမတာပဲလေ။ မုန်းလို့မှ မဟုတ်တာ။ ကဲ မတတ်နိုင်တော့။ ဒေါသကြောင့်ရော၊ ဝမ်းနည်းမှုကြောင့်ပါလား မသိနိုင်အောင် သန့်၏ တုန်ယင်နေသော လက်က ကောင်း၏ ဖြန့်ထားသော လက်ဖဝါးနုနုလေးကို ပေတံဖြင့် ဆင့်ကာဆင့်ကာ ဘယ်နှချက်မှန်းမသိ ရိုက်နေမိတော့၏။ ရဲရဲနီတွတ်သွားသော ကောင်း၏ လက်ဖဝါးလေးကိုကြည့်ပြီး သန့် ရင်ထဲ ရှူးနစ်အောင် နာကျင်သွားပါသည်။ ကောင်းခမျာလည်း နာလွန်းသည်ထင့်။ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျကာ အသံတိတ်ငိုရှိုက်နေတော့သည်။ ထိုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကိုကို ရုံးမှ ပြန်ရောက်လာသည်မို့ အခြေအနေတစ်ရပ်ကို ရုတ်



www.burmeseclassic.com

www.burmeseclassic.com

ခြည်းနားလည်စွာဖြင့် ကောင်းအား ဆွဲငင်ခေါ်ယူပြီး သူ့ရင်ခွင်ထဲထည့်ကာ ချော့မော့ပြောဆိုနေသည်။

'ဘာလို့ ဆိုးချင်ရတာလဲ ကောင်းရယ်'

သန့်၏ နှလုံးသားတစ်နေရာမှာ ကောင်းနှင့်ပတ်သက်ပြီး ကြေကွဲရသည့် ဝေဒနာကို ပထမဦးစွာ ခံစားလိုက်ရခြင်းပါပဲ။ နောက်ထပ် ဒီလိုဝေဒနာကို မခံစားပါရစေနှင့်ဟု သန့် ဆုတောင်းပေမဲ့ ဆုတောင်းမပြည့်ခဲ့တာ ထိုအချိန်အခါကတည်းက သိခဲ့မည်ဆိုလျှင် သန့်တစ်ယောက်တော့ ထိုနေရာမှာပဲ တစ်စုံတစ်ရာ ဖြစ်သွားမည်မှာ မလွဲဧကန်ပါပဲ။

ပေးဆပ်ခြင်း၏ရလဒ်များလေလားကွယ်။

❑

လူတွေက ပြောကြသည်။ ၅၂၈ မေတ္တာသည် အလွန်အေးမြသည်တဲ့။ သန့် ငြင်းဆိုပါရစေ။ မေတ္တာဆိုတာ ခံယူသူနှင့် ပေးဆပ်သူဆိုပြီး ဘက်နှစ်ဖက်ရှိသည်။ ခံယူသူတစ်ယောက်၏ဘက်က ကြည့်မည်ဆိုလျှင် ၅၂၈ မေတ္တာစစ်ကို ရရှိပါက သူ့အဖို့ ဘဝမှာ အလွန်အေးချမ်းသာယာပြီး ပျော်ရွှင်စရာအားလုံး ပိုင်ဆိုင်ရပါမည်။ နောက်တစ်ဖက်က ၅၂၈ ပေးဆပ်သူဘက်ကကြည့်သောအခါ မေတ္တာများများပေးလျှင် များများပူလောင်လေလေ ဖြစ်ရသည်။ မေတ္တာပေးမှုတော့ စေတနာပါမည်။ ထိုစေတနာကို အလေးမထားခဲ့ပါလျှင် မေတ္တာပေးအပ်သူအဖို့ ဝေဒနာဖြစ်ပြီး ပူလောင်ရမှာ

သန့်ဘဝထဲ
မှေးမှိတ်ခိုနားဖို့
မခေါ်မဖိတ်ဘဲ
ငှက်ကလေး
တစ်ကောင်လို
နားခိုလာသည်
ပြီးတော့
စိမ်းလွင်
စိုပြည်သည့်
အကိုင်းအသစ်
ဆီသို့
နှုတ်မဆက်ဘဲ
ပြန်ထွက်သွား
လေတော့
သန့် ရင်ထဲ
ဆတ်ဆတ်လူးခါ
ကျန်ရစ်ခဲ့သလို
ရင်ထဲမှာ
ဒဏ်ရာဒဏ်ချက်
တွေနှင့်
သွေးစိမ်းရှင်ရှင်
ကျကာ
ကျန်ရစ်ခဲ့ရပြီလေ

မလွဲ။

သန့်လည်း ဤသို့ မမျှော်လင့်ဘဲ ကြုံလာရတော့ ရင်ထဲက အပူတွေ အဘယ်မျှ လောင်မြိုက်သွားသလဲ မသိဘူး။ နောက်တစ်နေ့ သန့် အပြင်းဖျားပါတော့သည်။ ကောင်းကို ရိုက်မိ၍ စိတ်မကောင်းတာလည်း ပါမှာပေါ့။ သန့် ဖျားတော့ ကိုကိုတစ်ယောက် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ ခွင့်ယူလိုက်ရသည်အထိ ဖြစ်ရသည်။ ကောင်းဝေယျာဝစ္စ၊ ဖေဖေ လူနာပြုစုရေးကိစ္စများစွာ လုံးလည်ချာလပတ်ယမ်းနေသည့် ကိုကို့ကိုကြည့်ပြီး သန့် မနေနိုင်တော့ဘဲ တစ်ရက်သာ ဖျားလိုက်ရပါတော့သည်။ ဪ... ၅၂၈ မေတ္တာ၏ အလျားအနံနှင့် အသွားအပြန်ကို သန့် တစ်နံတစ်လျား စဉ်းစားနေမိပါသည်။

❑

နွေရာသီကျောင်းပိတ်ရက်ရှည်ပိတ်မှ သန့်တို့ဆီ လာတတ်သော မမတစ်ယောက် သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ ပေါက်ချလာသည်။

'သူ့အဖေက သားကို သတိရလို့တဲ့'

ပြောပြီး ကောင်းကို ခေါ်သွားလေရဲ့။ သန့်က ကောင်းတစ်ယောက် တီတီကိမ်းဆော့၍ ရိုက်ဆုံးမမိကြောင်း ပြောပြတော့ မမက ချက်ချင်းပဲ-

'ဆုံးမရမှာပေါ့၊ ဆုံးမရမှာပေါ့'တဲ့။

မမပြောပုံက သန့်စိတ်ထဲ ကသိကအောက်နှင့် တစ်မျိုးကြီးဖြစ်သွားခဲ့သည်။ သန့် သက်ပြင်းချလိုက်မိသည်။

ထို သီတင်းကျွတ်ကျောင်းပိတ်ရက်လေးတစ်ရက်မှာပဲ ကိုကို့ဖေဖေ ဆုံးပါးသွားခဲ့သည်။ သန့်စိတ်ထဲမှာတော့ ကောင်းတစ်ယောက် ရှိမနေတာ တစ်မျိုးကောင်းတာပဲဟု တွေးမိသည်။ ကောင်းက ငယ်သေးတယ် မဟုတ်လား။ အနိစ္စသဘောကို ချောက်ချောက်ချားချား မတွေ့မမြင်စေချင်တာ သန့်၏ ကောင်းအပေါ်ထားသည့် စေတနာအရင်းခံပါပဲ။ ကိုကို့ဖေဖေ မြေကျ ရက်လည်ပြီးသွားတော့ သန့်လည်း နုံးခွေချည့်ကျန်ခဲ့သည်။ သန့် ဆေးခန်းသွားပြီး အားဆေးပုလင်းတွေ၊ ဘာတွေ ချိတ်လိုက်ရသေးသည်။ ကောင်းကို လွမ်းသော စိတ်၊ ကိုကို့ဖေဖေကို တမ်းတသောစိတ်အားလုံး ပြေပျောက်စေဖို့ ရုံးပိတ်ရက်တစ်ရက်၌ ကိုကိုက သန့်ကို အင်းလျားကန်ပေါင် ခေါ်သွားခဲ့သည်။ ခြင်းတောင်းတစ်ခုထဲ သန့် ကြိုက်တတ်သည့်စားစရာတွေ ထည့်ပြီး ယူလားယူရဲ့။ တစ်နေ့လုံး ချစ်သူစုံတွဲ အရောင်အသွေးစွာ မြင်တွေ့နေရတော့လည်း သန့်စိတ်က ခဏတာ ရွှင်လန်းငြိမ်းအေးသွားခဲ့သည်။ ငယ်မူပြန်စိတ်တွေတောင် ဖြစ်သွားသလိုပဲ။ အင်းလျားကန်ရေပြင်ကို ရှပ်တိုက်ပြေးဆော့ကစားပြီး သန့်ဆီ တိုးဝင်လာသည့် လေပြည်အေးတွေကို သန့် ရှူရှိုက်ရင်း စိတ်အညစ်အကြေးတွေ ပြေပျောက်သွားသလို ခံစားရသည်။

သန့်နှင့် ကိုကို ဘဝနှစ်ပေါင်းစပ်လာသည့်အခါ သန့်၏ရင်ထဲရောက်အောင် ကိုကို ဝင်ကြည့်ဖူးသလို၊ ကိုကို့အနက်ရှိုင်းဆုံး နှလုံးသားကိုလည်း သန့် လည်ပတ်ခဲ့ဖူးပါသည်။ အေးရှလာသည့်အခါတိုင်း သန့်ကို နွေးထွေးနိုင်စေသလို၊ သန့် ပူလောင်လာသောအခါတိုင်းမှာလည်း ကိုကိုက သန့်ကို အေးမြခဲ့သူပါ။ သန့်တို့နှစ်ယောက် ကြမ်းရိုင်းခါးသီးသော ဘဝများကို ရင်ဆိုင်တွေ့ကြုံရသောအခါများမှာ ဘယ်တော့မှ လက်တွဲမဖြုတ်ဘဲ အမြဲ



www.burmeseclassic.com

www.burmeseclassic.com

များဖြင့် တစ်ယောက်ကို တစ်ယောက် အားပေးနှစ်သိမ့်လျှောက်လှမ်းလာခဲ့ကြတာပါပဲ။ သန့်ငိုလျှင် သူ မျက်ရည်တို့သုတ်ပေးသလို သူ မပြုံးပျော်သည့်အခါလည်း သန့်က လူရွှင်တော်တစ်ယောက်လို ပျော်အောင် သန့် လုပ်နိုင်ခဲ့တာပါပဲ။ ဘာပဲဖြစ်ဖြစ် သန့်ကိုကို့,ကို ကျေးဇူးတင်ပါသည်။ သန့်ဘဝတစ်ခုလုံးကို အမိုးကြီးကြီး၊ အကာလုံလုံ ထားပေးခဲ့လို့လေ။

သီတင်းကျွတ် ကျောင်းဖွင့်ရက်ကို လက်ချိုးရေတွက်ရင်း ကောင်း ပြန်လာမည့်ရက်ကို မျှော်နေမိသည်။ လာလုလုငေးပါပဲ။ ထိုအချိန်က ဖုန်းဆိုတာ ရှားပါးပစ္စည်းတစ်ခုမို့ မမတို့ဆီ သန့် ဆက်သွယ်ဖို့ ခက်ခဲ၏။ ဘာလိုလိုနှင့် ကျောင်းဖွင့်တာ တစ်ပတ်ရှိသွားပြီ။ သန့် မနေနိုင်တော့။ ဂနာမငြိမ်တော့ပါပေ။ သန့် ပင်စင်ကိစ္စကရှိသေးရာ ကျောင်းကိုတော့ သွားရပေဦးမည်။ အခု လို ဆို တော့ ကောင်းအတွက်လည်း ခွင့်တိုင်ရမှာပေါ့။ ကောင်းတို့ ဘာတွေဖြစ်နေကြပါလိမ့် ဆိုသော ဝေဒနာမြားချက်တန်းလန်းနှင့် သန့် ကျောင်းဆီ ထွက်လာခဲ့သည်။

❑

'ဟင် ကောင်း ကျောင်းပြောင်းသွားပြီ'

သန့်၏ တအံ့တသြပြောလိုက်သည့် စကားကြောင့် အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ခိုင်ကပဲ-

'သန့် မသိသေးဘူးလား၊ ခိုင်က သန့် သိတယ်ထင်နေတာ။ စောစောက သန့်မျက်နှာမကောင်းတာ အဲဒီအကြောင်းသိလို့ ဝမ်းနည်းနေသလားလို့ ခိုင်က'

ခိုင် စကားမဆုံးခင်မှာဘဲ ရုတ်တရက် ထ,ရပ်လိုက်တော့ အားလုံး အကြည့်တွေက သန့်ကို စိုးရိမ်တကြီးနှင့်။

'သန့်'

ခိုင်က တစ်ခုခုပြောမည်ဟန်ပြင်စဉ် သန့်က လက်ကာပြပြီး-

'သန့် ဆရာမကြီးဆီ သွားလိုက်ဦးမယ်နော်'

အားလုံးက သန့်ကို ငေးကြည့်ရင်း စကားတစ်လုံးမျှ မဆိုနိုင်ကြတော့ပေ။ သန့်နှင့်အတူ ထပ်တူထပ်မျှ ခံစားပေးနိုင်သော ခိုင်ပင်လျှင် ငေးရီရီ ကျန်နေခဲ့ပြီလေ။

ဆရာမကြီး ရုံးခန်း၌ မည်သူမျှ မရှိနေခဲ့၍ တော်သေးသည်။ အမြင်အာရုံ ဝေဝေဝါးဝါးဖြင့် ထိုင်ချလိုက်မိသည်။

'ဘြော် ဆရာမ'

ဆရာမကြီးက သန့်မျက်နှာရိပ်ကဲကြည့်ပြီး ရိပ်မိပုံရသည်။ သန့်နှင့် ကောင်း သံယောဇဉ်တွေကို ဆရာမကြီးနှင့်တကွ အခြား ဆရာ၊ ဆရာမအားလုံး သိထားကြသည်။

'ဟို ဆရာမ တူ ကောင်းထက်နိုင်ရဲ့ အဖေဘက်က အဒေါ်ဆိုလား။ အဲဒါ သူတို့အိမ်နားက ကျောင်းမှာပဲ ထားတော့မယ်ဆိုပြီး ကျောင်းထုတ်သွားတာပဲ။ ဆရာမမှာလည်း ယောက္ခမ လူနာတစ်ဖက်နဲ့ဆိုတော့ တာဝန်များမှာစိုးလို့တဲ့။ သူ့အဖေခွင့်ပြုချက်နဲ့ သူတို့အိမ်မှာထားမယ်ဆိုပြီး ကျောင်းထုတ်သွားတာလေ။ ကလေးမိဘများကတော့ အဝေးမှာဆိုတော့ မလာနိုင်ဘူးတဲ့။ ကလေးရဲ့ အဖေကတော့ ဆရာမကြီးဆီ စာတစ်စောင်ရေးလာပါတယ်'

'ဩော် ဟုတ်ကဲ့'

သန့်ကတော့ ဒီလောက်ပဲ ပြောနိုင်သည်။ ဆရာမကြီးက ဆက်ပြောပြန်သည်။

'အေးလေ သူလည်း အဒေါ်ဆိုတော့ ဆရာမကြီးလည်း ဘာမှ မပြောလိုတော့ပါဘူး။ ဆရာမရဲ့ တူလေး အပေါ်ထားတဲ့ မေတ္တာကိုလည်း သိပါတယ်။ အဲဒီအဒေါ်က ကျောင်းမှာ လိုအပ်နေတဲ့ စာရေးခုံနဲ့ ကုလားထိုင်အစုံ ငါးဆယ်အတွက် ငွေလှူသွားသေးတယ်'

'ဟုတ်ကဲ့'

သန့်ရင်ထဲမှာ စကားတွေ အများကြီးရှိနေသည်။ ဒါပေမဲ့ စကားလုံးအဖြစ်ထွက်မလာခဲ့။ လည်ချောင်းဝမှာတင် တစ်ဆို့နေသည်။ သို့သော် ကောင်း နေသည့်လိပ်စာကိုတော့ ဆရာမကြီးဆီက တောင်းယူခဲ့သည်။ ဆရာမကြီးနှင့် ပင်စင်ကိစ္စများပြောဆိုပြီး သန့် ကျောင်းတော်ကြီးဆီက ထွက်လာခဲ့သည်။ ခိုင်တို့ မျှော်နေမည်ဆိုတာ သိလျက်နှင့် ပြန်မလှည့်ချင်တော့။

မမတစ်ယောက် သန့်အပေါ် လုပ်ရက်သည်။ ကောင်းအပေါ်ထားခဲ့သည့် သန့်၏သံယောဇဉ် အမြစ်တွယ်နေတာကို ဒီလိုပဲ တိခနဲ နုတ်ပစ်ကြသည်။ သန့်၏ ဖြူစင်မေတ္တာကို အရောင်ဆိုးလိုက်ကြသည်။ ညီအစ်မအရင်းအပေါ် သူစိမ်းဆန်လိုက်ပုံများ သန့်အသည်းတွေ တစ်စစီ ပွဲကျသွားသလို ခံစားရတာ မမ သိရဲ့လား။ ပြည့်စုံသည့် မိုးမိုးလတ်တို့အိမ်မှာ မမနှင့်ကောင်း တစ်ညအိပ်သွားကတည်းက သန့် ရင်လေးနေမိသည်။ မိုးမိုးလတ်မှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိနေသည်ဆိုတော့ ကောင်းအတွက် အဖော်ရသည်ဟု မမ အကြောင်းပြလေမလား။ သန့်ကရော ဘာတွေပြောရမလဲ။

မငြိမ်မသက် စိတ်မှန်တိုင်းအရှေ့နှင့်အတူ သန့်တစ်ယောက် ကောင်းရှိရာသို့ ရောက်လာခဲ့သည်။ ကျောင်းချိန်မို့ ကောင်းကို မတွေ့ရပေ။ ကြီးကျယ်ခမ်းနားထည်ဝါသည့် အိမ်ကြီးအတွင်း ခြေချမိသည့် သန့်မှာ အံ့သြတုန်လှုပ်သွားရသည်။ ဧည့်ခန်းဆိုဖာပေါ်တွင် မိန့်မိန့်ကြီး ထိုင်နေသော မမကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ မမတစ်ယောက်တည်းရှိနေတာမို့ သန့်လည်း ရင်ထဲ တင်းကျပ်နေသော စကားလုံးများကို သွန်ချမိပါတော့သည်။

'မမ သန့်ကိုတောင် အကြောင်းမကြားနိုင်လောက်အောင် ကောင်းကို ဘာဖြစ်လို့ ကျောင်းထုတ်လိုက်ရတာလဲ။ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ။ ဘာမကျေနပ်စရာ ရှိလို့လဲ။ သူစိမ်းတွေကျနေတာပဲ ဟင် ပြောပါဦး၊ ဘာဖြစ်လို့လဲ'

သန့်က ပြောလည်းပြော မျက်ရည်တွေကလည်း ဘယ်ကဘယ်လို စီးကျလာမှန်းမသိ။ ပါးပြင်တစ်ခုလုံး ရွှဲရွှဲစိုလို့။



www.burmeseclassic.com

www.burmeseclassic.com

မမကတော့ အေးအေးဆေးဆေးပါပဲ။ တည်တည်ငြိမ်ငြိမ် ပြန်ဖြေလိုက်သည့် စကားကတော့ မွှေးပါ့။

'အေး သန့်ရေ ပြောပြမယ်။ အစိကကတော့ သူ့အဖေပဲ။ သူ့သားလေး ဂိမ်းဆော့တာကို သန့် ရိုက်လိုက်တဲ့အကြောင်း မမ ပြောပြလိုက်တော့ သူ့အဖေက တော်တော် စိတ်ဆိုးသွားတယ်။ ကောင်းက ယောကျ်ားလေးလည်း ဖြစ်တယ်။ ကလေးစိတ်သာသာလေးကို သန့်က ချုပ်ချယ်ကန့်သတ်မှုတွေ များလွန်းတော့ နောက်ပိုင်း သန့်နဲ့ ဆက်နေရင် ကောင်းစိတ်တွေ သိမ်ငယ်သွားမှာစိုးလို့တဲ့။ အဲဒါကြောင့် ကျောင်းလည်း ပြောင်း၊ အိမ်လည်းပြောင်းလိုက်ရတာပဲ။ သန့်ကို အကြောင်းမကြားတာ သန့်မှာလည်း လူမမာယောကျ္ာမကြီး အလုပ်နဲ့ ရှုပ်နေတော့ မပြောဖြစ်တာလေ'

သန့်ရင်ထဲ မြားအစင်းပေါင်းများစွာ စူးနစ်ခဲ့ပြီလေ။ သွေးစိမ်းရှင်ရှင်ကျရပြီ။ မမကလည်း သူ့သဘောထားကို ထပ်ပြီး ထုတ်ဖော်ပြောပြပြန်သည်။ သူကတော့ သန့် အလုပ်ထွက်တာ လုံးဝမကျေနပ်။ သန့် မရှိသည့်ကျောင်းမှာ ကောင်းကို ဆယ်တန်းအထိ ဆက်မထားနိုင်တာလည်း ပါသည်။ နောက်ပြီး အခုနေသည့် မိုးမိုးလတ်တို့အိမ်မှာ ကားနှစ်စီးရှိကြောင်း၊ တစ်စီးက ကျောင်းပို့၊ ကျောင်းကြိုအတွက် ဖြစ်သည်။ တကယ်တော့ ကောင်းတစ်ယောက်တည်း ဘတ်စ်ကား တိုးစီးနေရတာလည်း မကြည့်ရက်ကြောင်း၊ မိုးမိုးလတ်၏ သမီးကြီးနှင့် သားငယ်တို့က ကောင်းကို အလွန်ချစ်ခင်လှကြောင်း မမ အားရပါးရ ပြောပြသည်။

'ဒီအိမ်မှာ ဖုန်း သုံးလုံးတောင်ရှိတော့ ကောင်း သူ့အဖေနဲ့ အမြဲတမ်း ဖုန်းပြောလို့ရတာပေါ့။ ကွန်ပျူတာ၊ ဂိမ်းစက်တွေက တစ်ယောက်တစ်လုံး ထားပေးထားတာဆိုတော့ ငါ့ညီမရယ် ကောင်းအတွက် ဘာလိုသေးလို့လဲ။ ကောင်းအတွက် သန့်လည်း တာဝန်ပေါ့သွားတာပေါ့ ဟုတ်ဖူးလား'

မိဘတစ်ယောက်၏ မေတ္တာစကားများ ဖြစ်သည်။ နားထောင်၍ အလွန်ကောင်းပါသည်။ မိဘဟူသည် သားရွှေအိုးထမ်းလာတာမြင်ချင်ကြပေမပေါ့။ မပြည့်စုံသည့် သန့်တို့ ဇနီးမောင်နှံ၏ မေတ္တာတရားကတော့ ငွေကြေးသံ ... ချွင်ချွင်အောက်မှာ ပြားပြားဝပ် မှေးမှိန်ခဲ့ရပြီကော။ သန့်တို့ ဖြူစင်မေတ္တာကလည်း ဘာမျှမဟုတ်တော့သလိုပဲ မမ၏ စိတ်ခံစားမှုမှာ ပျောက်ကွယ်ခဲ့ပြီ။ သန့်ပြောစရာစကား ဆွံ့ပါးကုန်ပြီ။ နောက်ဆုံးပိတ် မမပြောလိုက်သည့်စကားကြောင့် သန့် မျက်ရည်ခန်းခြောက်ခဲ့ရပါသည်။ ပြောစရာစကား မရှိတော့သည့် သန့်အဖို့-

'ကောင်းပါတယ်၊ အားလုံးကောင်းပါတယ်၊ သန့် ပြန်မယ်'

ငေါက်ခနဲ ထ,ရပ်ပြီး နှုတ်ဆက်ကာ ချာခနဲ လှည့်ထွက်လာသည်။ သန့် ပိုင်ဆိုင်ထားသည့် အဖြူရောင်မေတ္တာတွေကို အတ္တများပြည့်နှက်ပြီး အရောင်ဆိုးတတ်သည့် မမ၏ ရှေ့မှောက်မှာ သန့် ဒူးမထောက်၊ လက်မမြှောက်ချင်ဘူး။ နေရစ်ခဲ့ကြပေတော့။ သန့်နောက်ကျောကိုကြည့်ပြီး မမ ရယ်မောနေမှာ သေချာသည်။ အိမ်ရောက်တော့မှ တင်းထားသမျှစိတ်ကို ဖြေလျှော့ချလိုက်သည်။ ထိုအခါကျမှ သန့်တစ်ယောက် အသံထွက်ညံပွက်နေအောင် အားပါးတရ ငိုနေမိတော့သည်။

ဝမ်းနှင့်လွယ်မွေးထားတာ မဟုတ်တော့လည်း ဘယ်လို သားမည်နိုင်ပါ့မလဲ နော် ကောင်း။

❑

ဘယ့်နှယ် သန့်ဘဝထဲ မေးမိုတ်ခိုနားဖို့ မခေါ်မဖိတ်ဘဲ ငှက်ကလေးတစ်ကောင်လို နားခိုလာသည်။ ပြီးတော့ စိမ်းလွင်စိုပြည်သည့် အကိုင်းအသစ်ဆီသို့ နှုတ်မဆက်ဘဲ ပြန်ထွက်သွားလေတော့ သန့်ရင်ထဲ ဆတ်ဆတ်လူးပ်ခါ ကျန်ရစ်ခဲ့သလို ရင်ထဲမှာ ဒဏ်ရာဒဏ်ချက်တွေနှင့် သွေးစိမ်းရှင်ရှင်ကျကာ ကျန်ရစ်ခဲ့ရပြီလေ။ နှလုံးသားကြီးသူတွေသာ ခွင့်လွှတ်နိုင်သည် ဆိုတော့လည်း သန့် ကျေကျေနပ်နပ်ကြီး ခွင့်လွှတ်ပါသည်။ သို့ပါသော်လည်း သန့်ဘဝတစ်ခုလုံး ပေးဆပ်ခဲ့ရတာမို့ ဘယ်တော့မှ မေ့နိုင်မည်မဟုတ်တာကတော့ သေချာပါသည်။

ဓာတ်ပေါင်းသောအခါ သန့်ရင်ထဲမှာ ဟာလာဟင်းလင်း…။ ■

**မေရွှန်အေး**


**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com


နမော ဗုဒ္ဓါယ သိဒ္ဓမ်

ဓမ္မာသုရိယ

သက်န်းတိုက်

[illegible]

မသုမွန်

အမှတ်(၁၅)၊ ကွက်သစ်လမ်း၊ ကျီတော်ရပ်ကွက်(ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အမှတ်(၂၈၊ ခအေ)၊ မြေညီ၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း (၀၁) ၂၀၂၇၄၆၊ ၀၉၄၂၀၀၂၇၃၁၆၊ ၀၉၉၇၆၂၃၂၂၆၉



ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ



နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597


www.burmeseclassic.com

www.burmeseclassic.com

ရှုမဝ

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၁၄၊ ဇန်နဝါရီ၊ ၂၀၁၆

ဒီလအဖို့ အရေးအသားတိုးတက်တဲ့ စာမူတချို့ တွေ့ရပေမဲ့ အကြောင်းအရာရွေးချယ်မှုနဲ့ တင်ပြပုံတွေမှာတော့ ဆန်းသစ်မှု အားနည်းနေပါသေးတယ်။ သမားရိုးကျဖွဲ့လေ့ရှိတဲ့ အကြောင်းအရာတွေအပြင် လတ်တလောအခြေအနေတွေအပေါ် အခြေခံတဲ့ အကြောင်းအရာတွေကိုပင် ရေးဖွဲ့နိုင်ကြဖို့ မျှော်လင့်ပါတယ်။

၁။ *ကြယ်တွေလင်းတဲ့ ကောင်းကင်ဆိုတာ ကျုပ်တို့ကမ္ဘာနဲ့ အဝေးကြီးမှာ*

**ဥညြ(ချယ်ရီမြေ)**

အရေးအသားပြေပြစ်တဲ့စာမူ ဖြစ်ပါတယ်။ သူဌေးအိမ်က ခွေးကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့လူတစ်ယောက်ရဲ့ ခံစားချက်ကို ရေးဖွဲ့တာဖြစ်ပြီး ရိုးစင်းလွန်းလှပါတယ်။

၂။ *ငါ့ရဲ့ညတွေ အရင်အတိုင်း ပေး*

**ကိုဂျီးအဲ**

အရေးအသားမှာ ကိုယ်ပိုင်ဟန်ရှိပေမဲ့ ဇာတ်ကြောင်းပြောသူနေရာကို ရောထွေးပြီး ရေးဖွဲ့မှုတချို့ရှိနေပါတယ်။ ပြောချင်တာကို ပြည့်ပြည့်ဝဝ မပြောနိုင်ခဲ့တဲ့စာမူလည်း ဖြစ်ပါတယ်။

၃။ *မေတ္တာညွှန်းသောနှလုံးသား*

**ပိုပိုအောင်(ဝန်းသို)**

ရိုးစင်းလှတဲ့ ချစ်မေတ္တာဖွဲ့ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်ပါတယ်။

၄။ *ဒီဇင်ဘာလ ခရစ်စမတ်ညနှင့် ဟင်းတစ်ခွက်*

**ကြူငှက်**

အစီရင်ခံစာဆန်ဆန် အစပျိုးထားပြီး နောက်ပိုင်းမှာ ရေးခဲ့တဲ့အကြောင်းအရာကို ရေးဖွဲ့ထားပေမဲ့ စာပိုဒ်မခွဲဘဲ ရေးဖွဲ့ထားတာမို့ ဆွဲဆောင်မှုအားနည်းလှပါတယ်။

၅။ *နေရာချင်းတော့ မလဲနိုင်ပါ*

၆။ *မေ့အချစ်မျှားရှူး*

**ကိုပန်းစကား**

စာမူနှစ်ပုဒ်စလုံးဟာ အရေးအသားရှိကြပြီး အကြောင်းအရာ ရိုးစင်းလွန်းနေပါတယ်။

၇။ *နောက်ကွယ်မှ*

၈။ *အနှားကွပ်မရှိတဲ့တောင်း*

**ဝေဟိဏ်း(ကောလင်း)**

သမားရိုးကျအကြောင်းအရာနဲ့ တင်ပြပုံအရေးအသားများ ဖြစ်ပါတယ်။ ဇာတ်နာအောင် ပုံသေနည်းနဲ့ ရေးဖွဲ့တာမျိုးလည်း တွေ့ရပါတယ်။

၉။ *ပြောချင်ပေမယ့်*

**ငြိမ်းသွင်စိုး**

အရေးအသားပြေပြစ်ပေမဲ့ ဇာတ်သိမ်းပိုင်းကို ကောင်းကောင်းမွန်မွန် မကိုင်တွယ်နိုင်ခဲ့ပါဘူး။

၁၀။ *စံပယ်တွေရဲ့ လွမ်းပုံပြင်*

**ယုကျော့်မိုး**

ရိုးစင်းလှတဲ့ဇာတ်လှည့်ကို အခြေခံထားတာဖြစ်ပါတယ်။

၁၁။ *အဖြည့်ခံ ညဈေး*

**မင်းမာန်**

အရေးအသားကောင်းပေမဲ့ စာမူက တိုလွန်းပြီး ပြောချင်တာကို ဖုက်ထားလွန်းတာမို့ မပီပြင်ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

၁၂။ *ကြမ္မာဆိုး၏သားကောင်*

**သဲပို**

အချက်အလက်အမှားအယွင်းတွေ ပါဝင်နေတဲ့ ဇာတ်နာအောင် ဖန်တီးထားတဲ့ စာမူဖြစ်ပါတယ်။

၁၃။ *မြူနှင်းဖုံးသောချစ်ခြင်း*

**နေညီမလေး**

အရေးအသားအားနည်းမှုရှိနေတဲ့ သာမန်အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၄။ *ထွက်ပေါက်မဲ့နှလုံးသား*

**ထွန်းတေဇ**

အရေးအသားပြေပြစ်ပေမဲ့ အဆုံးသတ်အားနည်းသွားတဲ့ စာမူဖြစ်ပါတယ်။ ဇာတ်ကောင်ကိုယ်စား စာရေးဆရာက ဖွင့်ဝင်ပြောတဲ့အတွက်လည်း အားနည်းသွားရပါတယ်။

၁၅။ *လမင်းရဲ့ကြယ်စင်*

**ပြုံးနွဲ့နွဲ့ဝါ**

အရေးအသား ပြေပြစ်ပေမဲ့ ထုံးစံအတိုင်း အဆုံးပိုင်းတွေမှာ စာရေးသူလိုချင်သလို ဇာတ်ကို ဖန်တီးယူထားမှန်းသိသာစေတဲ့ အားနည်းချက်ရှိနေပါတယ်။

၁၆။ *ငြိတွယ်*

**ရွှေပိုးအိမ်(ပဲခူး)**

လူဇာတ်ကောင်နဲ့ ကြောင်ဇာတ်ကောင်ကို ပူးတွဲရေးဖွဲ့ထားတာဖြစ်ပြီး အရေးအသားမကျွမ်းကျင်သေးတဲ့အတွက် စာမူကောင်းတစ်ပုဒ် ဖြစ်မလာပါဘူး။

၁၇။ *ကျွန်တော်နှင့် ယုံကြည်ခြင်းနဂ္ဂတစ်*

**မင်းမူပိုင်**

စကားပြေ၊ စကားပြော ရောထွေးနေတဲ့ အချစ်ဝတ္ထုတစ်ပုဒ်သာ ဖြစ်ပါတယ်။

၁၈။ *ဟန်းဖုန်း-ဆန်းဖုန်း*

**ထွန်းအောင်ရင်(မော်ဘီ)**

လတ်တလောဖြစ်ရပ်ကို အခြေခံထားပေမဲ့ အရေးအသားအားနည်းချက်ကြောင့် ဇာတ်ကွမလာပါဘူး။

၁၉။ *ဦးခေါင်းနှင့်တဏှာသိုလ်*

**ခေတ်ကျော်စွာ(ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

ဆောင်းပါးဆန်ဆန် ရေးဖွဲ့ထားတဲ့စာမူတစ်ပုဒ်ဖြစ်ပြီး အရေးအသားအားနည်းလွန်းလှပါတယ်။ စာများများ ဖတ်ပါဦး။

ဆရာဦးဝင်းငြိမ်းထံ ထပ်မံတင်ပြလိုက်တဲ့စာမူတွေကတော့-

**ဇေမိုးသောက်(တောင်တွင်း)** ရဲ့ ***အဖူးစိမ်းလေးများ*** အရေးအသားအားနည်းချက်တချို့ ရှိနေပေမဲ့ ရေးခဲကြတဲ့ အကြောင်းအရာတချို့ကို အခြေခံရေးဖွဲ့ထားတာမို့ တင်ပြလိုက်ပါတယ်။ **အေထူးအောင်** ရဲ့ ***မိုးသည်းည*** အကြောင်းအရာအားဖြင့် ရိုးစင်းပေမဲ့ အရေးအသားနိုင်နင်းတဲ့စာမူတစ်ပုဒ်ပါ။ **ဝင်းထိန်တောက်(မုံရွာ)** ရဲ့ *ကြက်ကတွန်ရင်တွန် မတွန်ရင် ခွပ်မှာ* အချက်အလက်ကို အခြေခံပေမဲ့ အရေးအသားကြောင့် ဆွဲဆောင်မှုရှိတဲ့ စာမူတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ **နွဲ့လှဲ့လှဲ့ဖြူ (မြစ်ကြီးနား)**ရဲ့ ***ကိုယ်ချင်းစာ နာတတ်ရင်ဖြင့်*** မှာတော့ အရေးအသားရိုးစင်းပေမဲ့ လက်ရှိအခြေအနေတချို့ကို ပွင့်ပွင့်လင်းလင်းရေးဖွဲ့ပြထားတာ ဖြစ်ပါတယ်။ **တောမြင့်မြေ(ကျွန်းလှယဉ်)**ရဲ့ ***စစ်မဖြစ်ရာမြေ*** က အကြောင်းအရာရော အရေးအသားပါ ဟန်ချက်ညီတဲ့စာမူဖြစ်ပါတယ်။ **ထက်ရှား** ရဲ့ ***မျိုးရိုးဝှက်သီကွာ*** က ဇာတ်သိမ်းမှာ ပုံသေနည်းဆန်ပေမဲ့ အရေးအဖွဲ့ ပြေပြစ်လှပါတယ်။

❑

**ဇန်နဝါရီလအတွက် ဆရာမ မသီတာ(စမ်းချောင်း) က ဆန်ခါတင် ၆ ပုဒ် ရွေးပြီး တင်ပေးလိုက်ပါတယ်။ ပထမဆုံးဖတ်ဖြစ်တဲ့ဝတ္ထုက ဆရာမ နွှေးလှဲ့လှဲ့ဖြူ(မြစ်ကြီးနား) ရဲ့ *ကိုယ်ချင်းစာ‥နာတတ်ရင်ဖြင့်* ဝတ္ထုဖြစ်ပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲနေတဲ့ သားတစ်ယောက်ရဲ့အမေနေရာက ခံစားရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ စာရေးပုံ သေသပ်ပါတယ်။ ဒါပေမဲ့ ဝတ္ထုရဲ့ အင်္ဂါရပ်ဖြစ်တဲ့ အနိမ့်အမြင့် အတက်အကျ မရှိဖြစ်နေတာကြောင့် ကျွန်တော် မသုံးဖြစ်ပါ။**

ဒုတိယတစ်ပုဒ်ကတော့ ဆရာမ ဇေမိုးသောက်(တောင်တွင်း)ရဲ့ *အဖူးစိမ်းလေးများ* ဖြစ်ပါတယ်။ ချစ်တဲ့သူက တပ်မတော်သားတစ်ဦးဖြစ်ပြီး ပြည်နယ်များမှာ တိုက်ပွဲဝင်နေရတဲ့ ချစ်သူရဲ့ဒုက္ခတွေကို ရေးဖွဲ့ထားတာပါ။ တပ်မတော်သားတစ်ယောက်ရဲ့ ချစ်သူအဖြစ် တစ်ဆင့်ပြောပြနေခြင်း ဖြစ်ပါတယ်။ ပီပြင်မှု မရှိပါဘူး။

ဆရာမ ဝင်းထိန်တောက်(မုံရွာ)ရဲ့ *ကြက်က တွန်ရင်တွန် မတွန်ရင် ခွပ်မှာ* ဝတ္ထုက ကြက်သွန်နီစိုက်ပျိုးရေးအကြောင်း ဗဟုသုတများစွာနဲ့ ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဇာတ်လမ်းဇာတ်ကွက်ထက် ကြက်သွန်နီစိုက်ပျိုးရေးဗဟုသုတများက လွှမ်းမိုးနေပါတယ်။ ဝတ္ထုတစ်ပုဒ်မှာ သုတကဲရင် ရသပျက်စီးပါတယ်။ လိုအပ်သလောက်သာ ဗဟုသုတကို ဖြည့်စွက်သင့်ပါတယ်။

ဒါကြောင့် ကျွန်ုပ်သုံးပုဒ်ဖြစ်တဲ့ ဆရာ ထက်ရှားရဲ့ *မျိုးရိုးဝှက်သီကွာ*(ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ဒီဝတ္ထုက တိုင်းရင်းသားမျိုးနွယ်တို့အကြောင်း ရေးဖွဲ့တာဖြစ်ပေမဲ့ ဝတ္ထုအသွားအလာက တိုင်းရင်းသားဟန်မပေါက် မြေပြန့်က ဝတ္ထုမျိုးလိုပဲ ခံစားရပါတယ်။) ဆရာ အေထူးအောင်(အဏ္ဏဝါ)ရဲ့ *မိုးသည်းည* နဲ့ ဆရာ တောမြင့်မြေ(ကျွန်းလှယဉ်)ရဲ့ *စစ်မဖြစ်ရာမြေ* တို့ကို ရွှေအသစ်ဝတ္ထုတိုများအဖြစ် ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



တာပြန်ချိန် ... ပေါက လေယာဉ်
ဖြတ်ကျော်သွားပြီဆိုရင် ဒေါ်မြတင်ရဲ့ဒေါသက အိမ်အဖီ သွပ်ပြားတွေ
တဒိုင်းဒိုင်းနဲ့ ရောက်ရောက်သွားတယ်။ ကောင်းကင်က သူ့လမ်း
အေးအေးဆေးဆေး ပျံသန်းနေတဲ့ လေယာဉ်ပျံကို ဒေါ်မြတင် မုန်းတီးနေ
တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးရှိပြီ။ အတူနေ သားကြီး ကိုမြင့်မောင်
ဒေါ်မြတင်အနားမှာ ပစ်လို့ရတာမှန်သမျှ ဘာပစ္စည်းမှ မထားရဲ
ဒေါ်မြတင်ကလည်း ပစ်လို့ရတာမှန်သမျှ တန်ဖိုးကြီးတယ်၊ ...
ရွေးမနေအားဘူး။ သူ မုန်းတီးနေတဲ့လေယာဉ်ပျံသံ ကြားပြီဆိုရ



www.burmeseclassic.com

www.burmeseclassic.com



# တောမြို့မြေ စစ်မဖြစ်ရာမြေ

အမှတ် ၁၁၄၊ ဇန်နဝါရီ၊ ၂၀၁၆

လှမ်းပစ်လေ့တာရယ်။ ရေ[illegible]
လေး, ငါး,ဆယ်လုံးလောက် ကွဲပြီ။
'လေယာဉ်ပျံထိ ရောက်အောင်
အမေ မပစ်နိုင်ပါဘူး။ အမေပစ်တာ အဖီက
သွပ်ချပ်တွေပဲ မှန်တာ။ သွပ်ချပ်တွေပဲ
ပိန်ရှုံ့ပေါက်ပြဲကုန်တာမို့ မပစ်ပါနဲ့ အမေရယ်' လို့
သားကြီး ကိုမြင့်မောင် ဘယ်လိုပဲတားတား
ဒေါ်မြတင် နားမထောင်ဘူး။ လေယာဉ်ပျံက



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြတင်အတွက် ရန်သူငါးပါးထက် ပိုနေတာဆိုတော့ အသံရော ရုပ်ပါ မကြားချင် မမြင်ချင်လောက်အောင် မုန်းတီးနေတာ။ ဒီကြားထဲ ဒေါ်မြတင်က စိတ်မူမမှန်တော့ တစ်ခါတစ်ရံ ဆဲလားဆိုလားပဲ။

ဒေါ်မြတင် စိတ်မူမမှန်ဘူးဆိုတာ ဘာကြောသေးလို့လဲ။ လေယာဉ်ပျံ မုန်းတာနဲ့ ဖွားဖက်တော်လို့ ပြောလို့ရတယ်။ ပန်းတွေ ဝေနေအောင် ပန်ပြီး က,ခုန်နေတာလည်း မဟုတ်၊ ထင်မိထင်ရာ ကြမ်းမိကြမ်းရာလုပ်နေတာလည်း မဟုတ်ဆိုတော့ကာ အရူးတစ်ယောက်ပါလို့ ထင်စရာအကြောင်းမရှိဘူးလေ။ အဲသူ စွဲစွဲမြဲမြဲ လုပ်တာကတော့ လေယာဉ်ပျံသံကြားရင် တွေ့ကရာနဲ့ လှမ်းပစ်တာရယ်၊ ဆယ်အိမ်ကျော်လောက်ဝေးတဲ့ သူ့သားငယ် ခင်ဆောင့်အိမ်ကို ညာလက်က တောင်ဝှေးကိုကိုင် ဘယ်လက်က ဆေးလိပ်ခွက်နဲ့ပြောင်းဖူးဆေးလိပ်ကို ကိုင်ပြီး ခင်ဆောင် မတွေ့မချင်း တစ်နေကုန် ခေါက်တုံ့ခေါက်ပြန် သွားနေတော့တာ။ ခြံစည်းရိုး သတ်သတ်မှတ်မှတ် ခတ်ထားတာမရှိတဲ့ တောရွာအိမ်ဝိုင်းတွေဆိုတော့ တစ်အိမ်ပြီးတစ်အိမ် အိမ်ကြိုအိမ်ကြားက ကူးသွားရုံပဲ။

ခင်ဆောင့်အိမ်ရောက်ပြီဆိုရင် 'သားလူလေး ငဆောင်'လို့ ဒေါ်မြတင် ခေါ်လိုက်ပြီး စားပွဲပေါ်ကို ဆေးလိပ်ခွက်နဲ့ ဆေးလိပ်တိုတင်၊ တောင်ဝှေးကို စားပွဲကို မှီပြီး တန်းလျားပေါ် ထိုင်ကာ အလုပ်လုပ်နေတဲ့ သူ့သား ခင်ဆောင်ကို တစိမ့်စိမ့်ကြည့်နေတော့တာ။ စားပွဲပေါ်က စားစရာရှိတာလည်း ဘာတစ်ခုမှ တို့မကြည့်ဘူး။ ရေနွေးကရားအိုးတို့ မီးခြစ်ဆိုတာ ကောက်ကို မကိုင်တာရယ်။ ခင်ဆောင်ကို ကျန်တဲ့ သားသမီး သုံးယောက်ထက် ဒေါ်မြတင် ပိုချစ်ရတာကလည်း ခင်ဆောင် မတ်တတ်ပြေးမှာ ယောကျ်ား ကိုရွှေပေါ် ဆုံးတယ်လေ။ ဖခင်မျက်နှာကိုတောင် ခင်ဆောင် ကောင်းကောင်းမမှတ်မိဘူး။ ဖတဆိုးလေးဆိုသော အသိက ခင်ဆောင့်အပေါ် ဒေါ်မြတင် ပိုချစ်ရတဲ့အကြောင်းရင်းပါပဲ။

❑

ကိုရွှေပေါ် ဆုံးတော့ ဒေါ်မြတင် အသက်က ရှိလှမှ လေးဆယ်ပေါ့။ ချစ်လို့ အကောင်းဆုံးအချိန်ပဲ ရှိပါသေးတယ်။ အသည်းချင်း ထပ်ပြီး ဘဝတစ်ခုကို မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုတဲ့ ကတိတွေနဲ့ ဒိုးတူပေါင်ဖက် ရုန်းကန်ခဲ့ရတာမို့ ဒေါ်မြတင်ခမျာ မပဋ္ဌာလို အပူမီးက ရင်ထဲ လောင်ကျွမ်းခဲ့ရပါတယ်။ ဒါပေမဲ့ အကြီးသုံးယောက်ရဲ့ 'သားတို့ သမီးတို့ ဘယ်သူ့ကို အားကိုးပြီး နေရတော့မှာလဲ'ဆိုတဲ့ မချိတင်ကဲ ငိုကြွေးသံတွေက ဒေါ်မြတင်ကို မြေမလူးစေခဲ့တာပါ။ ပါးပြင်ပေါ်က မျက်ရည်ဥတွေလောက်ပဲ ကိုရွှေပေါ်ကို ချစ်တဲ့အကြောင်း လောကကို သက်သေပြခဲ့ပါတယ်။ သောကမီးကို မညာတမ်း ရင်ဖွင့်ပြလိုက်ရင် သားသမီးသုံးယောက်ရဲ့ဝေဒနာက မီးလောင်ရာလေပင့်သွားနိုင်တာမို့ ဒေါ်မြတင်ခမျာ မိမိရဲ့အပူမီးကို ရင်ထဲမှာပဲ ကြိတ်မှိတ်မျိုသိပ်ထားနေမိတာပေါ့။

အလောင်းစင်ဘေးမှာ ဟိုပြေး၊ ဒီပြေး ကစားနေတဲ့ သားငယ် ခင်ဆောင်ကို ကြည့်ပြီး ဖတဆိုးသားလေး ဆိုတဲ့ အသိက ဝမ်းနည်းမှုတွေ ဖြစ်နေပေမဲ့ အကြီးသုံးယောက်ရဲ့ ပူဆွေးငိုကြွေးသံတွေက ဒေါ်မြတင်အဖို့ အားမာန်တွေ ဖြစ်စေခဲ့တယ်။ ကံတရားအရ နေမင်းကြီး ကွယ်ပျောက်သွားပေမဲ့ ဘဝဟာ အမှောင်ကြီး သက်သက်ကျန်နေတာမဟုတ်ဘဲ လမင်းကြီးရဲ့ အေးမြတဲ့ အလင်းရောင် ပေးစွမ်းနိုင်သေးတယ်ဆိုတာကို ဒေါ်မြတင် သက်သေပြဖို့ သတ္တိတွေ၊ မာန်တွေက နှလုံးသည်းပွတ်ထိ ဖွတ်တိုးဝင်နေတာပေါ့။ 'ထမ်းပိုးလေး ပေါက် တစ်ပေါက်မရွှေ့'ခဲ့ဘဲ လက်ကြောတင်းခဲ့သူမို့ တောနေ တောထိုင်ဘဝ ရုပ်တည်မှုကို နည်းနည်းလေးမှ မစိုးရိမ် မပူပန်ခဲ့ဘူး။ တစ်ခါမှ မျှော်လင့်မထားခဲ့တဲ့ စွန့်လွှတ်ခွဲခွာခြင်းက ဒေါ်မြတင်ကို နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့လေပြီ။ ဒီလင်၊ ဒီသား၊ ဒီသမီးတွေနဲ့ မိသားစုဟာ သက်ဆုံးတိုင် ခိုင်ခိုင်မြဲမြဲ တည်ရှိလိမ့်မယ်လို့ တွေးထင်မှုတွေကို ချစ်လင် ကိုရွှေပေါ် သေဆုံးခြင်းက မတည်မြဲသော အနိစ္စသဘောအဖြစ် ဒေါ်မြတင် လက်တွေ့ ခံစားလိုက်ရပြီး မိမိဘဝထဲက နောက်ထပ် ဘယ်သူခွဲထွက်သွားမည်နည်းဆိုတဲ့အတွေးများဝင်လာတိုင်း ဒေါ်မြတင်အဖို့ အိပ်ပျက်ညတွေ မကြာမကြာရောက်ရောက်လာတတ်တယ်။ အဲဒီလို အိပ်မပျော်တဲ့ညများမှာ မီးခွက်လေးထွန်းပြီး သားသမီးလေးယောက်ရဲ့ မျက်နှာလေးကို ငုံ့ကြည့်လိုက်၊ ဆံစလေးများ သပ်ပေးလိုက်၊ ငုတ်တုတ်ထိုင်ပြီး ဆေးလိပ်သောက်လိုက်နဲ့ မိုးလင်းသွားတတ်တယ်။

သားကြီး မြင့်မောင်က တက္ကသိုလ် ဆက်မတက်ဘဲ အမေ့ကိုယ်စား ယာလုပ်ငန်းကို ဦးစီးလုပ်ဖို့ ပြောပေမဲ့ ဒေါ်မြတင် လက်မခံဘူး။ ကိုရွှေပေါ် တဖွဖွပြောခဲ့တဲ့ 'ငါ့သားသမီးတွေ မိဘလက်ငုတ်လက်ရင်းအမွေ မပေးဘူးကွ၊ ပညာအမွေပေးပြီး စာရေးစာချီဖြစ်အောင် ငါထားမယ်'ဆိုတဲ့ စကားက ဒေါ်မြတင်နားထဲက မထွက်။ ယာလုပ်ငန်းဆိုတာ နွားနဲ့အတူ ဖက်ပြီး ရုန်းကန်နိုင်မှ တော်ကာကြတာမို့ သားသမီးလေးယောက်လုံးကို ထွန်တုံးပေါ် မတက်စေချင်၊ ယာမြေကို မနင်းခိုင်းရက်။

သားကြီး မြင့်မောင်က တက္ကသိုလ်ကျောင်း တက်ရတယ်ဆိုပေမဲ့ မြို့နဲ့ရွာက ခွေးတစ်ဟောင်သာသာလောက် ဝေးတာဆိုတော့ ကျောင်းမသွားခင်နဲ့ ကျောင်းပြန်ချိန်တွေမှာ ထယ်ကိုင်ထွန်ကိုင် ထွက်ပေးပါတယ်။ အကြီးသားသမီး သုံးယောက်က ဖခင် ကိုရွှေပေါ်နဲ့ လက်ပွန်းတတီး နေခဲ့ရတာမို့ ဖခင်ရဲ့ တန်ဖိုး အနှစ်ကို သိရှိနေခဲ့တာကြောင့် မိခင်အပေါ် နားလည်မှုတွေ အပြည့်အဝ ရှိ[illegible]တယ်။ မိခင်တစ်ယောက်ရဲ့ တာဝန်တင်မက [illegible] ဖခင်တာ



www.burmeseclassic.com

www.burmeseclassic.com

ဝန်ပါ ပူးတွဲရှန်းကန်နေရတဲ့ အမေ့အပေါ်ကို ငဲ့ညှာတတ် သိနေတာကိုက လိမ္မာတဲ့ သားသမီးအဖြစ် သက်သေပြနေကြသလိုပါပဲ။

အငယ်ဆုံးသား ခင်ဆောင်ကတော့ မိသားစုငါးယောက်ထဲမှာ ကံအထူးဆုံးလို့ ပြောရမှာပေါ့။ အငယ်မ ငွေမှုံနဲ့တောင် အသက်ကဆယ်နှစ်ကျော်ကျော်လောက်ကွာတာ။ အဖေသေလေးဆိုတဲ့ အသိတွေနဲ့ မိသားစုကဝိုင်းချစ်တာမို့ အငယ်ဆုံး၊ အထွေးဆုံး အခွင့်အရေးတွေထက် ပိုပြီး ရနေတော့တာ။ မဏီစည်သူမင်းရဲ့ လက်ညှိုးက ခင်ဆောင့်လက်ဆီရောက်နေတာလို့ကို ပြောလို့ရတယ်။

❑

သားကြီး ကိုမြင့်မောင်ဘွဲ့ရတော့ ရွာမှာတင် လုပ်အားပေး ကျောင်းဆရာလုပ်ရင်း တောင်သူလုပ်ငန်းကိုဦးစီးလုပ်ကိုင်ပေးလို့ ဒေါ်မြတင် တာဝန်တစ်ဝက် ပေါ့သွားတယ်။ အစ်ကိုကြီး အဖအရာဆိုတဲ့ အတွေးမျိုးနဲ့ ကိုမြင့်မောင်ကလည်း ညီငယ်၊ ညီမငယ်တွေအပေါ်မှာ ကြင်ကြင်နာနာနဲ့ ဆိုဆုံးမတတ်သလို သူကိုယ်တိုင်ကလည်း ရှေ့ဆောင်လမ်းပြနိုင်သူဖြစ်အောင် ကြိုးစားတယ်။ ညီမနှစ်ယောက်က နည်းပညာတက္ကသိုလ်ကနေ B.E ဘွဲ့တွေ ရခဲ့ပေမဲ့ အငယ်ဆုံး ခင်ဆောင်ကတော့ ရှစ်တန်းမှာ တဖုန်းဖုန်းကျပြီး ကျောင်းထွက်လိုက်ရတယ်။ အကြီးသုံးယောက် လိမ္မာသလောက် အငယ်ဆုံး ခင်ဆောင်ကတော့ အလိုလိုက်ခြင်း ခံရလို့ အမိုက်ဘက်ကို နည်းနည်းပါသွားတယ်။ ဒေါ်မြတင်က သူ့သားငယ်ကို မိုက်တယ်လို့ထင်ကို မထင်တာ။ 'ပညာပါရမီမှ မပါတာ'လို့ပဲ အမြဲတွေးတယ်။ ခင်ဆောင်မှာလည်း ကောင်းကွက်တွေ အများကြီးရှိတယ်။ ခင်ဆောင်မှားတာ လုပ်လာပြီဆိုရင် အရင်ဆုံး အမေကို 'ချစ်မေကြီး'လို့ခေါ် ပြေးကာဖက်ပြီး အားရပါးရ နမ်းတော့တာပဲ။ ဒီတော့ ဒေါ်မြတင် သူ့သားငယ်ကို ဘယ်တော့မှ အပြစ်မပြောဘူး။ 'ကလေးပဲ ဒီလောက်တော့ ရှိမှာပေါ့'ဆိုတာနဲ့ ခွင့်လွှတ်လိုက်တာရယ်။ အစ်ကိုတွေ၊ အစ်မတွေက ဘယ်လောက်ဆူဆူ၊ ဘယ်လောက်ကြိမ်းကြိမ်း လက်တုံ့ပြန်ဖို့ နေနေသာသာ ပြန်ကို မော့မကြည့်တာဆိုတော့ ခင်ဆောင်အပေါ် သည်းသည်းလှုပ် ချစ်နေကြတာပေါ့။ အမေ့ရဲ့မေတ္တာ၊ အစ်ကိုအစ်မတွေရဲ့ စေတနာကို နားလည်နေတာမို့ ပြန်လှန်ဖို့၊ ပြန်စော်ကားဖို့ဆိုတာ ခင်ဆောင် မစဉ်းစားဘူး။ ကွယ်ရာမှာ ထင်ရာလုပ်ခဲ့ပေမဲ့ အစ်ကို အစ်မတွေရဲ့စကားကို ရှေ့မှာ အမြဲ နားထောင်တယ်။ ရွာထဲမှာတော့ မိုက်ကယ်ခင်ဆောင်၊ နှစ်တစ်ခင်ဆောင်ဆိုပြီး ဘွဲ့ထူးတွေ ချီးမြှင့်ခံထားရတာဆိုတော့ အစ်မနှစ်ယောက်ကို ရည်းစားစကား ပြောဝံ့တဲ့ ကာလသား ရွာထဲမှာ တစ်ယောက်မှကို မရှိတာရယ်။

ခင်ဆောင် အရက်မူးပြီး အိမ်ပြန်လာတော့ ကိုမြင့်မောင်က 'ညီလေး အခုလို အရက်မူးလာတော့ အမေစိတ်ဆင်းရဲတာပေါ့ ကွာ။ အရက်သောက်တာကို ဘုရားရဟန်းလည်း မကြိုက်ဘူး။ ဆရာသမားလည်း မကြိုက်ဘူး။ မိဘတွေကလည်း မကြိုက်ဘူး။ အစ်ကိုအစ်မတွေနဲ့ ပတ်ဝန်းကျင်လည်း မကြိုက်ဘူး။ ဘယ်သူမှ မကြိုက်တဲ့အရက်ကို ညီလေး နောက် မသောက်ပါနဲ့။ ညီလေး အရက်သောက်လာရင် အမေက အဓိက စိတ်ဆင်းရဲတာမို့ပါ။ အမေဟာ အသက်ကြီးပြီ'လို့ ဆုံးမပြီးကတည်းက အိမ်ကိုအရက်မူးပြီး ခင်ဆောင် ပြန်မလာတော့ဘူး။ တစ်ခါတစ်ရံ သောက်မိရင်တောင် အိမ်တစ်အိမ် ဝင်အိပ်ပြီး အမူးပြေမှ အိမ်ပြန်လာတယ်။ အဲဒီလို ခင်ဆောင့်ဘက်ကလည်း ကောင်းတာလေးတွေရှိနေတော့ ခင်ဆောင်ဘာတွေပဲ လုပ်လာလုပ်လာ အမေနဲ့ အစ်ကိုတွေ အစ်မတွေက လိုက်ဖြေရှင်းပေးနေတာရယ်။

သမီးနှစ်ယောက် အလုပ်ရလို့ ရန်ကုန်သွားဖို့ အထုပ်အပိုးပြင်တော့ ဒေါ်မြတင် မျက်ရည်လေး စမ်းစမ်းစမ်းစမ်းနဲ့ မိမိရင်ခွင်ကနေ သမီးနှစ်ယောက် ခွဲထွက်သွားပြီဆိုတဲ့ အသိက ဒေါ်မြတင့်ရင်ထဲ ဝမ်းနည်းမှုတွေ တလိမ့်လိမ့် တက်လာတော့တာ။ ဒါကိုသိတဲ့ ခင်ဆောင်က 'အမေ့သမီးတွေ အမေ့ကို ခွဲထွက်သွားတယ်၊ သားက အမေ့ကို ချစ်လွန်းလို့ ဘယ်တော့မှ အမေ့ရင်ခွင်ကနေ ခွဲထွက်မသွားဘူး၊ စိတ်ချနော် ချစ်မေကြီး'လို့ ချော့လိုက်တော့ မျက်ရည်တွေကြားက ခင်ဆောင့်မျက်နှာကို သေချာကြည့်ပြီး ကလေးတစ်ယောက်လို သိမ်းကျုံးဖက်ထားလိုက်တာ ကျစ်ကျစ်ပါလို့။

ခင်ဆောင် အိမ်ထောင်ကျတော့မှ ဒေါ်မြတင် အခက်ကြုံတော့တာ။ မိမိရဲ့ မိသားစုမှာ သားကြီးမြင့်မောင်ရဲ့အစီအမံ အထိန်းအကွပ်တွေနဲ့ နေလာခဲ့တာဆိုတော့ မိရိုးဖလာ ထုံးစံအတိုင်း သားကြီး ခွဲထွက်ပါလို့ ဒေါ်မြတင် မဆုံးဖြတ်နိုင်။ မိမိရဲ့ဆည်းဆာအချိန်ကိုလည်း သားကြီး မြင့်မောင်ရဲ့ လက်ထဲမှာပဲ စိတ်အချရဆုံးဆိုတော့ သားငယ် ခင်ဆောင်ကို 'မင်း ခွဲထွက်ပါလို့' ပြောရမှာလည်း အသက်မကချစ်ခဲ့ရတဲ့ ဖတာဆိုးသားလေးမို့ ဒေါ်မြတင် မပြောရက်။ နေ့ရှိသရွေ့ စိတ်အူခြာပေါက် နေမိတယ်။ စိတ်အူခြာပေါက်တိုင်း ဆေးလိပ်တွေပဲ ဒေါ်မြတင် ဖိသောက်နေမိတယ်။ သမီးတွေက သူတို့နဲ့နေဖို့ ခေါ်ပေမဲ့ ရန်ကုန်လို မြို့ကြီးမှာ ဒေါ်မြတင်လို တောသူတစ်ယောက်အနေနဲ့ အထိုင်ကျဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အလည်သွားတဲ့ ရက်ပိုင်းလေးတောင် မနည်း ပျော်အောင်နေခဲ့ရတာဆိုတော့ တစ်သက်လုံးနေဖို့ကို ဒေါ်မြတင် မစဉ်းစားတာရယ်။

မိခင် စိတ်ချမ်းသာအောင် ကိုမြင့်မောင်က စိတ်ရှည်လက်ရှည်ပြုစုပေးနိုင်တာကို သိတဲ့ ခင်ဆောင်က



www.burmeseclassic.com

www.burmeseclassic.com

'ချစ်မေကြီး တလင်းလုပ်တဲ့ အနောက်ပိုင်းကို သား ခွဲနေတော့မယ်။ သား ခွဲသွားလို့ အမေ စိတ်မဆင်းရဲပါနဲ့။ တစ်ရွာတည်း၊ တစ်ပိုင်းတည်းပဲ အကြီးအိမ်နေနေ၊ သားအိမ်နေနေ အမေ စိတ်ချမ်းသာတဲ့အိမ် နေပေါ့'လို့ ပြောလိုက်တယ်။ ဒေါ်မြတင်ကပဲ အနောက်ပိုင်းထဲကို အိမ်တစ်လုံး၊ ပဲမော်တိုက်တစ်လုံး၊ တုံကင်တွင်းတစ်တွင်း တူးပေးလိုက်တယ်။ ခင်ဆောင်ကတော့ တက်ကစီးနေရှာပဲလေ။

သူ ပိုင်တဲ့မြေတွေကိုတော့ သူ စီးပွားရေးအနေနဲ့ သားကြီး ကိုမြင့်မောင် ဦးစီးလုပ်နေပေမဲ့ သားငယ် ခင်ဆောင်မှာတော့ မင်္ဂလာဆောင်တုန်းက တင်ပေးလိုက်တဲ့ မြေနှစ်ဧကလေး လုပ်နေရရှာတယ်။

ဒါကို ဒေါ်မြတင် နေ့ရှိသရွေ့ စိတ်မချမ်းမြေ့ဖြစ်နေတယ်။ နောက်ဆုံး သူပိုင်ဆိုင်တဲ့ မြေတွေကို ခွဲဝေပေးဖို့ ဆုံးဖြတ်လိုက်ပြီး လေးပုံပုံကာ ခင်ဆောင်ကို အကောင်းဆုံး၊ သီးနှံအထွက်ဆုံး ပေတစ်ရာ အနောက်ဘက်က မြေတွေကို ပေးလိုက်တယ်။ သမီးနှစ်ယောက်ကလည်း သူတို့ရတဲ့ မြေတွေကို သီးစားခနဲ့ တစ်ဝက်စီ ပေးလိုက်လို့ ခင်ဆောင်လည်း နှစ်ယောက်စာ ရတယ်လို့ ဆိုရမှာပေါ့။ ဒီတော့မှ ဒေါ်မြတင်လည်း နွားအိုကြီးလွတ် သဘောမျိုးနဲ့ ဥပုသ်စောင့်လိုက်၊ မြေးတွေ ထိန်းလိုက်၊ သားငယ်အိမ်သွားလိုက်နဲ့ အချိန်ကုန်တော့တာ။ သမီးနှစ်ယောက်နဲ့ ဝေးနေရတယ်ဆိုပေမဲ့ သမီးတွေအစား မြေးတွေရနေလို့ ဒေါ်မြတင် စိတ်ချမ်းမြေ့နေမိတယ်။

❑

သတင်းဆိုးက ရွာပေါ်ပျံ့သွားကတည်းက ပေတစ်ရာ အနောက်ဘက်ကို ဒေါ်မြတင် အပြေးအလွှား သွားတော့တာ။ တိုင်တွေ၊ အလံတွေ သတ်မှတ်ရိုက်နေတာကို ကြည့်နေတဲ့ ကျွန်းလှယဉ်သူ၊ ကျွန်းလှယဉ်သားတွေရဲ့ မျက်နှာတွေဟာ ဒေါ်မြတင်လို ဝမ်းနည်းပက်လက်ဖြစ်လို့။ ဘယ်သူ ဘာပြောနိုင်မှာလည်း စီမံချက်ရဲ့အောက်မှာ ခေါင်းငုံ့ခံနေရရှာပါပဲ။ ဘိုးဘေးတွေရဲ့ သွေးနဲ့ ရင်းခဲ့တဲ့မြေ။ မိမိတို့ရဲ့ ချွေးစက်များနဲ့ ရင်းခဲ့ရတဲ့မြေ။ မိမိတို့ရဲ့ ဘဝနဲ့ မိမိမျိုးဆက်တို့ရဲ့ အနာဂတ်ကို တည်ဆောက်ပေးတဲ့မြေ။ ခုတော့ လေယာဉ်ပျံကွင်း စီမံချက် ဆိုတာကြီးက ဝါးမျိုနေပြီ။ ကြေကွဲဝမ်းနည်းစွာနဲ့ ပေတစ်ရာဘေးမှာ ငုတ်တုတ်ထိုင်ကြည့်ပြီး နေဝင်မှပဲ ရွာဘက်ကို ပြန်လာကြတော့တယ်။

တစ်ညလုံး အိပ်မပျော်ကြတာ တစ်ရွာလုံးပဲ။ တစ်ရွာလုံးထဲမှာ ဧကအများဆုံး အသိမ်းခံရတာက ဒေါ်မြတင်ဖြစ်နေတော့ သောကအများဆုံးကလည်း သူက ထိပ်ဆုံးကပေါ့။ ဒီမြေတွေပိုင်ဖို့ ဒေါ်မြတင်တို့ လင်မယားနှစ်ယောက် နွားနဲ့အတူ ဖက်ရုန်းခဲ့ရတာ။ သူတို့ ခန္ဓာကိုယ်ကထွက်တဲ့ ချွေးစက်ပေါင်း ပင်လယ်တမျှနဲ့ ရင်းခဲ့ရတာ။ ဒီမြေတွေကပဲ သူ့သားသမီးသုံးယောက်ကို ပညာတတ်ကြီးဖြစ်အောင် ထားနိုင်ခဲ့တာ။ သူ့မျိုးဆက်တွေဖြစ်တဲ့ ခင်ဆောင့်သားသမီးတွေကိုလည်း ပညာတတ်ကြီးဖြစ်အောင် ဒီမြေတွေကပဲ တည်ဆောက်ပေးလိမ့်မယ်လို့ သူယုံကြည်ခဲ့တာ။ ဒီအကြောင်းတွေ စဉ်းစားမိလေ ဆေးလိပ်ကို ဖွာတ်ဖွာလေပဲ။

မနက်လင်းပြီဆိုတာနဲ့ ပေတစ်ရာ အနောက်ဘက် ဒေါ်မြတင် ထွက်ကြည့်တာက နေ့တိုင်းပဲ။ ရိတ်သိမ်းချိန်ကျနေတဲ့ သီးနှံတွေကို စက်ကြီးတွေနဲ့ ဖျက်ဆီးနေတာကို ဒေါ်မြတင် မြင်လိုက်ရတော့ ရင်ဘတ်ကို လက်နဲ့ ဖိထားမိတယ်။ အဲဒီအချိန်မှာပဲ အရှေ့ကနေ အနောက်ကို လေယာဉ်ပျံတစ်စင်းက ပျံသွားတယ်။ လေယာဉ်ပျံကို လက်ညှိုးထိုးပြီး 'သင်းကြောင့် ငါ့သားလေး မွဲတာ' လို့ ရင်ထဲက တလှိုက်လှိုက်တက်လာတဲ့ မကျေနပ်မှုတွေနဲ့ ဒေါ်မြတင် အော်ပြောလိုက်တယ်။ ရွာဘက်ကို ပြန်လာရင်လည်း တစ်လမ်းလုံး ကောင်းကင်ကို လက်ညှိုးထိုးကာ 'သင်းကြောင့် ငါ့သားလေး မွဲတာ'လို့ တတွတ်တွတ်နဲ့ ပြောလာခဲ့တာ အိမ်ရောက်တဲ့ထိပဲ။

အဲဒီကတည်းက လေယာဉ်ပျံကို ဒေါ်မြတင် မုန်းတီးသွားသလို စိတ်ကလည်း မူမမှန်တော့ဘူးရယ်။

❑

ဒေါ်မြတင် ရူးသွားတာကို ရွာထဲကလူတွေ မအံ့သြကြဘူး။ သူတို့အားလုံးလည်း ရူးချင်ချင် ဖြစ်နေတာဆိုတော့ ကာ ဒေါ်မြတင် ရူးသွားတာ အဆန်းတကြယ် ရယ်လို့ မထင်ကြဘူး။ ဒါပေမဲ့ သားသမီးလေးယောက်မှာတော့ အသက်ကြီးမှ ရူးရတဲ့ မိခင်အတွက် စိတ်ဆင်းရဲကြရတယ်။ သမီးတွေက ရန်ကုန်ထိ ခေါ်ကုပေမဲ့ အစွဲကြီးပြီးဖြစ်တာမို့ မပျောက်ပါဘူး။ မပျောက်မယ့်အတူတူ ရွာပြန်ခေါ်လာပြီး မသေခင် စိတ်ချမ်းသာသလို နေပါစေဆိုတဲ့ သဘောနဲ့ ဒေါ်မြတင် စိတ်ကြိုက်နေခိုင်းတော့တာပဲ။

ပြောင်းဖူးဖက် ဆေးလိပ်ကြီး တဖွားဖွားသောက်ပြီး သူ့သား ခင်ဆောင့်အိမ်ကို နေပူမိုးရွာမရှောင် ခေါက်တုံ့ခေါက်ပြန် ကူးနေတော့တာ။ ခင်ဆောင့်အိမ် ဒေါ်မြတင် သွားတိုင်း ခင်ဆောင်ကို မတွေ့တာက များတယ်။ လုပ်ကိုင်စားစရာ မြေမရှိတော့ ကျပန်းအလုပ် လျှောက်လုပ်နေရတာမို့ အိမ်မှာ ခင်ဆောင် အမြဲ မရှိဘူး။ သီးနှံတွေထပ်ပြီး ရိတ်သိမ်းချိန်ကျမှ လေယာဉ်ပျံကွင်း ဖောက်တော့ ငွေမပေါ်တဲ့အပြင် ကြွေးတွေတင်နေလို့ နွားတစ်ရှဉ်း ထုတ်ရောင်း ဆပ်လိုက်ရတယ်။ ခင်ဆောင်ခမျာ တောင်သူကြီးဆိုတဲ့ ဂုဏ်ထူးကနေ ကျပန်းအလုပ်သမားအဆင့်ကို လျှောကျသွားသလို မိန်းမဖြစ်သူကလည်း ပဲငါးပိတောင်းလေးစက်ဘီးကယ်ရီယာခုံပေါ် တင်ပြီး ရွာတကာ လည်ရောင်းနေရတယ်။ ကလေးတွေကိုတော့ အိမ်မှာဖြစ်သလို ထား ခဲ့တာပေါ့။ ဝတ္တရားအဖြစ်သာ ကျောင်းပြေးရတဲ့ ကလေးတွေ ဆိုတော့လည်း



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့လမ်းပေါ်က ဖုန်တွေကြားမှာပဲ အချိန်ကုန်တာပေါ့လေ။ အပေါင်းအသင်းနဲ့ တွေ့ကြုံလွန်းမှ တစ်ခါတစ်ရံ သောက်တတ်တဲ့ ခင်ဆောင်က ခုတော့ နေ့တိုင်းလိုလို သောက်တတ်နေပြီ။

ဒါတွေကို နိစ္စဓူဝ မြင်တွေ့နေရတဲ့ ဒေါ်မြတင်အဖို့ နေမြင့်လွန်းလို့ အရှုးရင့်သွားသလိုပဲ။ လေယာဉ်ကွင်းကြီးလည်း ဖောက်လို့ ပြီးသွားပြီ။ လေယာဉ်ကွင်းသစ် ဖွင့်ပွဲကြီးငါးရက်အလိုမှာ ဒေါ်မြတင်အိမ်ကို ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေ ကျေးရွာ အရန်မီးသတ်အဖွဲ့တွေခြံရံပြီး ရ.ဝ.တ ဥက္ကဋ္ဌ ရောက်လာတယ်။ လေယာဉ်ကွင်းသစ်ဖွင့်မယ့်ရက်အတွင်းမှာ မီးရေး၊ ထင်းရေး မဖြစ်အောင်ရယ်၊ ရူးတဲ့သူတွေ ဖွင့်ပွဲနေရာကို မလာနိုင်အောင်ရယ် တာဝန်အရ ဒေါ်မြတင်ကို သံကြိုးလာခတ်တယ်ဆိုတဲ့အကြောင်း ဥက္ကဋ္ဌပြောလိုက်တော့ ကိုမြင့်မောင်မျက်နှာငယ်သွားတယ်။ သူ့မိခင်အတွက် အစစအရာရာ သူ တာဝန်ယူပါတယ်။ သံကြိုးတော့ မခတ်ပါနဲ့လို့ ကိုမြင့်မောင် တောင်းပန်ပေမဲ့ ဥက္ကဋ္ဌကလည်း တာဝန်အရ လုပ်ရတာပါလို့ ပြန်ပြောလိုက်တယ်။ ကိုမြင့်မောင် အမျိုးမျိုး တောင်းပန်ပေမဲ့ ဥက္ကဋ္ဌကလည်း အလျှော့မပေးဘဲ ဒေါ်မြတင်ကို သံကြိုးခတ်ဖို့ ဇွတ်ပြောနေတယ်။ အဲဒီအချိန်မှာပဲ ဓားရှည်တစ်လက်ကိုင်ပြီး 'ငါ့အမေကို သံကြိုးခတ်ဝံ့တဲ့ကောင် ခတ်စမ်း၊ အကုန်သတ်ပစ်မယ်၊ ဘယ်ကောင်မှ အရှင်မထားဘူးကွ၊ ခင်ဆောင်တဲ့ဟေ့'လို့ အော်ကြီးဟစ်ကျယ်ပြောရင်း အိမ်ဝိုင်းထဲ ဝင်လာတယ်။ ဥက္ကဋ္ဌနဲ့အဖွဲ့လည်း နည်းနည်းနောက်တွန့်သွားတာပေါ့။ ခင်ဆောင်က ဥက္ကဋ္ဌရှေ့ လက်တစ်ကမ်းကျော်ကျော်က ရပ်ပြီး ဓားရှည်ကို ရှေ့ထုတ်ကာ 'ခင်ဗျား ကျုပ် ဝိုင်းထဲက ခု ထွက်သွား၊ ကျုပ်အမေကို လက်ဖျားနဲ့ မတို့နဲ့။ တို့တဲ့ကောင် အကုန်သတ်ပစ်မှာ'လို့လည်း ပြောလိုက်ရော ဥက္ကဋ္ဌက ခါးကြားမှာပါတဲ့ စက်နဲ့ ကြောက်အားလန့်အား ဆက်တော့တာပဲ။

ကိုမြင့်မောင်က ဥက္ကဋ္ဌနဲ့ အဖွဲ့ကို တောင်းပန်လိုက်၊ ညီလေး ခင်ဆောင်ကို ချော့လိုက်နဲ့ ဗျာများနေတယ်။ အိမ်ရှေ့မှာ ရှုပ်ရှုပ်ဖြစ်နေတာကို အိမ်ထဲက ဒေါ်မြတင် ကြည့်နေရှာတယ်။ အခြေအနေက လုံးလားထွေးလားနဲ့ သတ်ပုတ်တဲ့အဆင့်ထိ ရောက်လာတော့ အများနဲ့တစ်ယောက်မို့ ခင်ဆောင် သွေးအိုင်ထဲ လဲကျသွားတယ်။ 'ငါ့သားကို မထိနဲ့ မီးပွင့်သွားမယ်'လို့ အော်ရင်း အိမ်ရှေ့ကို ပြေးအထွက် တန်လျားစွန်းနဲ့ တိုက်မိပြီး ဒေါ်မြတင် လဲကျသွားတယ်။ သားကြီး ကိုမြင့်မောင်က မိခင်ကို ပြေးထူပေမဲ့ ဒေါ်မြတင်က လက်နဲ့ တွန်းလိုက်လို့ ကိုမြင့်မောင် နောက်ကို လန်သွားတယ်။ ကိုမြင့်မောင်က 'အမေ... အမေ သတိထားပါ'လို့ ပြောရင်း ဒေါ်မြတင်ကို ပွေ့ထားလိုက်တယ်။ အဲဒီအချိန်မှာပဲ ကားတစ်စီးနဲ့ ရဲတွေ ရောက်လာပြီး သွေးအိုင်ထဲ လဲနေတဲ့ ခင်ဆောင်ကို လက်ထိတ်ခတ်ကာ ကားပေါ် တင်ခေါ်သွားတယ်။ ကိုမြင့်မောင် ပွေ့ထားတဲ့ကြားက အတင်းရုန်းထွက်ပြီး 'ဟေ့ကောင် ငါ့သားကို ထားခဲ့'ဟု အော်ပြောကာ ဒေါ်မြတင် ကားနောက်ကို ပြေးလိုက်သွားရင်း လဲကျသွားတယ်။

❑

ဒေါ်မြတင် မျက်လုံးပြန်မှိတ်သွားတယ်။ မိခင်ရဲ့ ဝေဒနာကို ကြည့်ပြီး သမီးနှစ်ယောက်ကလည်း မျက်ရည်ကျလို့။ ခေါင်းရင်းက ဖွင့်ထားတဲ့ ပရိတ်ကြီးခွေက ကုန်သွားလို့ အစကနေ ကိုမြင့်မောင် ပြန်ဖွင့်နေတယ်။

တန်းလျားစွန်းနဲ့ တိုက်မိတာက နံရိုးနှစ်ချောင်းကျိုးပြီး အတွင်းက ကလီစာကိုထိတော့ သေလောက်တဲ့ဒဏ်ရာ ဖြစ်သွားတာပေါ့။ သေဖို့အတွက် ခံစားနေရတဲ့ မိခင်ကို မောင်နှမသုံးယောက်ကြည့်ပြီး စိတ်ဆင်းရဲနေလို့ ဘာမှ မပြောနိုင်ဘူး။

အိမ်ရှေ့စားပွဲမှာ ရပ်မိရပ်ဖ လူကြီးလေးငါးယောက် စကားပြောရင်း ရေနွေးသောက်နေကြရာမှ တစ်ယောက်က ကိုမြင့်မောင်ကို လှမ်းခေါ်ပြီး 'မြင့်မောင် မင်းအမေက သေချိန်ကျပြီ၊ မသေသေးတာက ဖောတစ်ခုကပ်နေလို့။ ဒီတော့ မင်းက အမေ ဘာပြောချင်လဲ ပြောလေလို့ လမ်းကြောင်းပေး၊ သူကပ်နေတဲ့ဖော ပြောပြီးရင် မင်းအမေ အသက်ထွက်သွားလိမ့်မယ်။ ဒီအတိုင်းကြီး ဝေဒနာ ခံစားနေရတာက သူ့အတွက်လည်း မကောင်းဘူး'လို့ ပြောလိုက်တော့ ကိုမြင့်မောင်က 'အမေ ဘာပြောချင်လဲ သားကို ပြောလေ'ဟု ဒေါ်မြတင် မျက်နှာနား ကပ်ပြီး တိုးတိုးလေး ပြောလိုက်တယ်။ ဒေါ်မြတင် မျက်လုံးမှေးထားရာမှ ဖြည်းဖြည်းလေး ဖွင့်လာတယ်။ သားနဲ့သမီးနှစ်ယောက်ကို ကြည့်ပြီး အားယူကာ ပါးစပ်က ပြောမယ်အလုပ် ဇက်ကျိုးကျသွားတယ်။ အကြီးမ ရွှေမုံက 'အမေရေ'လို့ ငိုကြွေးပြီး ဒေါ်မြတင်ရင်ဘတ်ပေါ် မျက်နှာမှောက် ငိုချလိုက်တယ်။ အငယ်မ ငွေမုံကတော့ ဒေါ်မြတင် ခြေရင်းဘက် ခုတင်ပေါင်ကို ခေါင်းတိုက်ပြီး ငိုနေလေရဲ့။ တစ်ဘဝမှာ တစ်ခါပြီးဆုံးသွားပြီလေ။

ညဟာ ညဉ့်နက်လာပြီ။ ကျွန်းလှယာဉ်ရွာကလေးကတော့ တုတ်တုတ်မျှမလှုပ်။ သက်ဝင်မှုတွေ ကင်းမဲ့နေပေမဲ့ ပေတစ်ရာ အနောက်ဘက် လေယာဉ်ပျံကွင်းသစ် ဖွင့်ပွဲကြီးကတော့ နိုင်ငံကျော် တီးဝိုင်းတွေနဲ့ ကြက်ပျံမကျ စည်ကားနေတယ်။ တီးဝိုင်းက သီဆိုလိုက်တဲ့ '*ဒီကမ္ဘာမှ စစ်- စစ်မဖြစ်ရာ မြေ××× တစ်နေရာရာတော့ ရှိရမယ် လေ××× ထာဝရငြိမ်းချမ်းမှု ရှာကာ တူပျော်နေ××× သဘာဝရဲ့ ရင်သွေးငယ်တွေ*' ဆိုတဲ့ သီချင်းသံက ဒေါ်မြတင် အိမ်ပေါ်ကနေ ကျွန်းလှယာဉ် ရွာလေးကို အတင်းအဓမ္မ ဖြတ်ကျော်နေလေရဲ့။

■

**တောမြင့်မြေ**

(ကျွန်းလှယာဉ်)

www.burmeseclassic.com


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ချင်းတောင်တန်းကြီး
၏ တောခေါင်ခေါင်
တစ်နေရာက
တိုးရိမ်းကျေးရွာသည်
ဦးခွီရှိန်း၏ ဇာတိချက်
ကြွေမွေးရပ်မြေ၊
ဤရွာမှာ မွေးပြီး
ဤရွာမှာပဲ ကြီးပြင်းခဲ့သူ။
မောပီတောင်တန်းကြီးကို
နောက်ခံပြုထားသည့်
သူတို့ရွာ၏
ပတ်ဝန်းကျင်တွင်
တောင်ယာစိုက်ခင်းများ၊
စိမ်းလန်းသော
တောအုပ်ကြီးများ၊
ထင်းရှူးတောများ၊
တောင်စလေပ်ပင်များဖြင့်
သဘာဝအတိုင်း
လှပတည်ရှိနေပြီး
ကျေးငှက်သာရဲ့
ကောင်းများလည်း
မပါများသည့်ကာလ
ဖြစ်သည်။ အိမ်ခြေ
၅၀ ကျော်ရှိပြီး
ထိုဒေသ၏
ချင်းရိုးရာဓလေ့ကို
အသက်နှင့်တမျှ
ထိန်းသိမ်း
စောင့်ရှောက်သည့်
ချင်းလူမျိုး
(မွှင်းမျိုးနွယ်စု)များ
နေထိုင်ပြီး
တောင်ယာလုပ်ကိုင်ခြင်း၊
အမဲလိုက်ခြင်းများဖြင့်
အသက်မွေးဝမ်းကျောင်း
ပြုကြရသည်။
ရိုးရာနတ်
ကိုးကွယ်ကြပြီး
အဓိကစီးပွားရေး
လုပ်ငန်းမှာ နွားနောက်
မွေးမြူရေးဖြစ်သည်။
မြို့ပေါ်သို့ ဈေးဝယ်
ထွက်လိုပါက ရွာမှ
မိုင် ၄၀ ကွာဝေးသည့်
မင်းတပ်မြို့သို့
ခြေလျင်ဖြင့် တစ်ရက်ခရီး
သွားရောက်နိုင်သည်။
ရှေး ပဝေသဏီကတည်းက
ဘိုးဘွားဘီဘင်
အဆက်ဆက်
ထိန်းသိမ်းကျင့်
သုံးလာခဲ့သည့်
ရိုးရာဓလေ့များအနက်
မျိုးနွယ်စုတစ်စု၏
မျိုးဆက်ရှင်သန်
ပြန့်ပွားရေးသည်
မဖြစ်မနေ လိုက်နာ
စောင့်ထိန်းရမည့်
လက်ဆင့်ကမ်း
တာဝန်တစ်ရပ်ဖြစ်သည်။
ထိုတာဝန်ကို ကျေပွန်ဖို့

# ထက်ရှား

အမှတ် ၃၁၄၊ ဇန်နဝါရီ၊ ၂၀၁၆



www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့ဘဝမှာ အခက်အခဲပေါင်းများစွာဖြင့် ရင်ဆိုင်နေရသူတွေရှိသလို အတိတ်ဘဝက ကုသိုလ်ကံကို ယိုးမယ်ဖွဲ့ရင်း နာမည်ဆိုးနှင့် မျိုးဆက်ပြတ်စာရင်းသွင်းခံထားရသူတွေလည်း ဒုနှင့်ဒေး ရှိခဲ့သည်။

'အမေကြီး ခေါင်ရည်ဘယ်နှဘူး ရပြီလဲ'

အကောင်လိုက်ပြုတ်ထားသည့် (ရစ်)သားများကို မျှင်နေသော ဦးခွီရှိန်းမှ ခေါင်အိုးထဲမှ ခေါင်ရည်ထုတ်ယူနေသည့် သူ့မဟေသီ ဒေါ်စိမ်းကို လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

'အခု နှစ်ဘူးပြည့်လုပြီ၊ လေးဘူးဆိုရင် ရပြီ မဟုတ်လား အဖေကြီး'

ဒေါ်စိမ်းက ခေါင်ရည်များပြည့်နေပြီဖြစ်သော ဘူးသီးခြောက်ရေဘူး၏အဝကို ပြောင်းဖူးရိုးအပိုင်းလေးနှင့် ဆို့လိုက်ရင်း ပြန်ဖြေသည်။

'ငါးဘူးလောက်တော့ လုပ်ကွာ၊ ဝဝလင်လင် သောက်ရတာပေါ့၊ ငါ့သူငယ်ချင်းက နှစ်ချို့ခေါင်ရည်ဆို အရမ်းကြိုက်တာ။ ခပ်သွက်သွက်လေးလုပ်နော်၊ တို့တစ်တွေ မမှောင်ခင် အိမ်က ထွက်မှ ဖြစ်မယ်'

'ဆန္ဒမစောပါနဲ့ရှင်၊ ခေါင်ရည်ထုတ်တယ်ဆိုတာ စိတ်ရှည်မှ ခပ်ပြင်းပြင်းလေး သောက်ရမှာ။ အခု နေဝင်ဖို့ လက်ခုပ်တစ်ဖောင်တောင် လိုပါသေးတယ်တော်၊ ဒါနဲ့ ဒီည သွားမယ့်ကိစ္စ ရှင့်သူငယ်ချင်းကို သေချာပြောပြခဲ့ပါတယ်နော်'

'ပြောခဲ့ပါ့ဗျာ၊ ဒါပေမဲ့

တောင်းပန်ပါတယ်
သူငယ်ချင်းရာ
မင်းလည်း
သိတဲ့အတိုင်းပဲ
အခု ငါ့ဘဝက
မျိုးပြုတ်တော့မှာ
ငါ့မျိုးဆက်ကို
ကယ်တင်
ပေးပါကွာ
မင်းရဲ့
သမီးလေးကို
ငါတို့ထုံးစံအတိုင်း
နွားနောက်
၆ ကောင်
(အဲ)
မဟုတ်ဘူး
၂ ဆပေးမယ်
၁၂ ကောင်နဲ့
တင်တောင်းပါ့မယ်
သူငယ်ချင်းရာ. . .
နော်'

ဘာကိစ္စဆိုတာကိုတော့ ထည့်မပြောခဲ့ဘူး။ ငါနဲ့ ဒီကောင်က ဘာကိစ္စဖြစ်ဖြစ် အမြဲတမ်း လျှို့ဝှက်နေကျဆိုတော့ ကိစ္စမရှိဘူး။ ဘာပဲပြောပြော ငါ့သူငယ်ချင်းကတို့ရဲ့ အခက်အခဲကို သေချာပေါက်ကူညီမှာပါကွ၊ ဒီကောင့်စိတ်ဓာတ်ကို နင်လည်း သိတာပဲ'

'အေးလေ ရှင့်ဆန္ဒအောင်မြင်ဖို့သာ အရေးကြီးပါတယ်။ ဘာကြောင့်လဲတော့ မသိဘူး၊ ဒီနေ့ တစ်ညနေလုံး ကျွန်မ မျက်ခုံးတွေ လှုပ်နေလို့၊ မကောင်းတဲ့ကိစ္စ တစ်ခုခုများ…'

'ဟေ့ မဟုတ်ကဟုတ်က ဘာတွေလျှောက်တွေးနေတာလဲ၊ အားလုံး အဆင်ပြေသွားမှာပါကွ၊ ဒါနဲ့ တို့သားလေးကိုလည်း မမြင်မိပါလား'

'ထုံးစံအတိုင်း တောလည်သွားပါတယ်ရှင်၊ မိုးချုပ်မှ ပြန်ရောက်မှာ၊ ဘာလဲ သားလေးကိုပါ ခေါ်သွားချင်လို့လား'

'အေးပေါ့ သူ့အတွက် မိန်းမသွားတောင်းမယ့်ကိစ္စပဲ၊ ရှိလို့ခေါ်သွားရင်တော့ မမှားဘူးပေါ့'

မျိုးဆက်ပြန့်ပွားပေးမည့် သားတော်မောင်အတွက် ချွေးမ သွားတောင်းပေးရမည်ဖြစ်၍ လင်မယားနှစ်ဦးသားမှာ မကြာခင် တော်စပ်လာကြမည့် ခမည်းခမက်လောင်းများဖို့ စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေကြခြင်းပင်။

မျိုးဆက် ရှင်သန်ရေးဆိုသည့် ငြင်းဆန်ပြီး မျက်ကွယ်ပြု၍မရသော ရိုးရာဓလေ့ထုံးစံကြောင့် ဦးခွီရှိန်း သောကပွေခဲ့ရသည်မှာ အချိန်ကာလတွေ မနည်းတော့ပေ။ မျိုးရိုးဂုဏ်သိက္ခာကို အလေးထားသည့် သူ့မိဘတွေကိုယ်တိုင်က အမျိုးကောင်းသမီး အစိမ်းနှင့် အိမ်ထောင်ချပေးခဲ့တာ၊ 'သမီးကို လိုချင်က အမေကိုကြည့်' ဆိုသည့်အတိုင်း မောင်နှမ ၇ ယောက်ရှိသော ချွေးမလေးကိုမှ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ သမီးကြီးကို မွေးဖွားခဲ့ပြီးနောက် သားလေး မွေးဖွားခဲ့ရာ မျိုးဆက်ရှင်သန်ရေးအတွက် သားယောကျ်ားလေး လိုချင်သော သူ့ဆန္ဒတွေ ပြည့်ဝခဲ့သည်ဟု ဆိုနိုင်သော်လည်း ယခုချိန်အထိ 'အားပါးပါး၊ အားပါးပါး' ဟူသည့် စကားနှစ်လုံးသာ ပြောတတ်သည့် ရွှေအလေး ဖြစ်နေရာ စားရက်တော့ကြုပါရဲ့၊ ကိုယ်စားရမည့် အသားတုံးကြီးမှာ သဲတရှပ်ရှပ်နှင့် ဆိုသကဲ့သို့ ဖြစ်ရရှာသည်။

နောက်ထပ်ယောကျ်ားလေးတွေ အများကြီးမွေးပေးပါ့မယ် ဆိုပြီး ကတိတွေ အထပ်ထပ်ပေးနေသည့် သူ့မဟေသီပင် နောက်ဆုံးတော့ ပါးစပ်ပိတ်ထားရပြီ။ သမီးကြီးတောင် အိမ်ထောင်ပြုလို့ သားလေးနှစ်ယောက်ရနေပြီ၊ သူတို့လင်မယား၏ သားသမီးထပ်မံမွေးဖွားရေး မျှော်လင့်ချက်တွေသည် သဲထဲရေသွန် ဖြစ်ခဲ့ရသည်။ သမီးက မွေးသည့် မြေးယောကျ်ားလေးနှစ်ယောက်သည် သူ၏မျိုးဆက် မှန်သော်လည်း ဓလေ့ထုံးစံအရမျိုးမတူတော့ပေ။ အခြားမျိုးနွယ်တစ်ခုနှင့် အကြောင်းပါသွားသည့် သူ့သမီးသည် ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်သည့် နေ့မှစ၍ သတို့သမီး၏ မျိုးနွယ်စုစာရင်းမှ အပြီးအပိုင်ထုတ်နုတ်ပြီး သတို့သား၏ မျိုးနွယ်စုစာရင်းတွင် အတည်တကျ ရေးသွင်းထားရလေသည်။

ထိုကဲ့သို့ မျိုးဆက်ပြန့်ပွားမည့် သားယောကျ်ားလေးမှာ 'ရွှေအ'ဖြစ်နေသောအခါ အလိုလိုနေရင်း ဦးခွီရှိန်းတစ်ယောက် မျိုးဆက်ပြတ်



www.burmeseclassic.com

www.burmeseclassic.com

ရတော့မည်၊ ဒီတစ်သက် ကလေးမရနိုင်တော့ဘူးဟု အတိအလင်း သိရှိနားလည်သွားပြီးသည့်နောက်ပိုင်း မျိုးဆက်ပြတ်စာရင်း သွင်းခံရဖို့ အသင့်ပြင်ဆင်ခဲ့သည်။ (အဲဒီ) မျိုးဆက်ကိစ္စကိုလည်း ဦးနှောက်ထဲက ထုတ်ပစ်လိုက်ပြီး ဘဝကို ပျော်သလိုနေထိုင်ရင်း မေ့တေ့တေ့တောင် ဖြစ်နေပါပြီ။

အစ်ကိုဝမ်းကွဲဖြစ်သူမှ ဝက်ဝံတစ်ကောင်ရ၍ဆိုပြီး ရွာလုံးကျွတ်ကို ဧည့်ခံကျွေးမွေးသည့်ပွဲမှာ အဲဒီကိစ္စ ပြန်ပေါ်လာတာ။ ထုံးစံအတိုင်း ခေါင်ရည်တွေမူးပြီး အချင်းချင်း စကားများလာကြသည်။ တစ်ဦးနှင့်တစ်ဦး ငြင်းခုံလာကြသည်။ နဂိုကတည်းက ရန်စရှိခဲ့သော လောမန်က အနာပေါင်းကို တုတ်နှင့်ဆွသဖြင့် နပန်းလုံးကြရင်း အိမ်တိုင်နှင့်ဆောင့်မိ၍ သွေးနှဖူးပြိုလာသည်။ နဖူးကဒဏ်ရာကို ကြိတ်မှိတ် မျိုသိပ်နိုင်သော်လည်း လောမန် ပြောလိုက်သည့်စကားတစ်ခွန်းက သွေးနှလုံးသားအထိ စူးရှနာကျင်စေသည်။ 'ဟော့ကောင် ခွီရှိန်း မင်း ဘာသာမင်း နွားနောက် ဘယ်နှကောင်ပဲရှိရှိ မွေးထားတာက 'ရွှေအ'ဆိုမှာတော့ မင်းဘဝကြီးက ပြီးသွားပြီ၊ မင်းမျိုးပြုတ်ပြီ အားပါးပါးရဲ့ ဟား … ဟား … ဟား'ဟူသည့် လှောင်သံသည် သွေးနားစည်ထဲသို့ သံရည်ပူများ လောင်းချထားလေသလားဟု ထင်မိသည်။

❑

သူ့သား 'ရွှေအ'

ဟော့ကောင်
ခွီရှိန်း
ငါ ဒေါသ
ထွက်လာပြီနော်
ငါ့ ပလိုင်းထဲက
ဓားခွဲမထုတ်ခင်
ငါ့အိမ်ကနေ
အခုထွက်သွား
ထွီ… အော့
မင်း
ကျွေးထား
သမျှတွေကို
အာခေါင်
လက်ညှိုးနှိုက်ပြီး
အကုန်
ပြန်အန်
ထုတ်ပစ်မယ်ဟော့

အကြောင်း လေးနက်စွာ စဉ်းစားရင်း ရွာတောင်ပိုင်းက သူ၏ ငယ်သူငယ်ချင်းဖြစ်သူ ဦးရွှေနိုင်းထံ အကူအညီတောင်းရန် ဆုံးဖြတ်လိုက်သည်။ သူ့သူငယ်ချင်းတွင် အိမ်ထောင်မပြုသေးသည့် အငယ်ဆုံး သမီးလေးတစ်ယောက် ကျန်နေသေးသည် မဟုတ်ပါလား။

'ခေါင်ရည် ၅ ဘူးတော့ ပြည့်သွားပြီ အဖေကြီးရေ၊ ရှင့် ရစ်သားသုပ်ကော ရပြီလား'

'ရပါပြီဟာ၊ ကဲ အားလုံး အဆင်သင့် ဖြစ်ရင်လည်း သွားကြစို့ဟေ့၊ ဟို သူကြီးကိုလည်းဝင်ခေါ်ရဦးမှာ မဟုတ်လား'

ဒေါ်စိမ်းက အသားသုပ်ထုပ်နှင့် ခေါင်ရည်ဘူးတွေကို ပလိုင်းတောင်းထဲထည့်ပြီး ကြိုးသိုင်းထမ်းလိုက်သည်။ နေဝင်သွားပြီဖြစ်သဖြင့် တိုးရိမ်းရွာ တစ်ခုလုံး မှောင်အတိကျသွားသည်။ ဦးခွီရှိန်းတို့လင်မယားသည် ရွာသူကြီးကို ဝင်ခေါ်ပြီး ဦးရွှေနိုင်း၏နေအိမ်သို့ ထင်းရှူးဆီ မီးတုတ်လေးများကိုယ်စီဖြင့် ချီတက်လာကြသည်။

'ရောက်လာပြီလား သူငယ်ချင်း၊ ဟော သူကြီးလည်း ပါလာသကိုး၊ အိမ်ထဲ ဝင်ကြပါဗျာ'

ဦးရွှေနိုင်းက ဝမ်းသာစွာဖြင့် ကြိုဆိုရှာသည်။ ဒေါ်စိမ်းက ယူလာသော အသားသုပ်များကို ပန်းကန် ၃ ချပ် ငှားပြီး လှယ်ထည့်နေသလို ဦးခွီရှိန်းက ဘူးထဲမှ ခေါင်ရည်များကို မတ်ခွက် ၃ လုံးထဲသို့ ငှဲ့ထည့်လိုက်သည်။

'ကဲ ရွှေနိုင်းကြီး မင်းဆီကို အကူအညီတစ်ခု တောင်းချင်လို့ အခုလို လာခဲ့ရတာပါ။ ငါ့ကို ကူညီပေးပါကွာနော်'

'မင်းကတော့ လုပ်ပြီ၊ သူငယ်ချင်း အချင်းချင်းကြားမှာ ဒါတွေ မလိုပါဘူးကွ၊ ငါ တတ်နိုင်တဲ့ကိစ္စဆိုရင် တစ်ခု မဟုတ်ဘူး၊ နှစ်ခုလည်း ကူညီနိုင်ပါတယ်ကွ။ နေ့လယ်တုန်းက ဘာကိစ္စလဲလို့မေးတော့လည်း မပြောဘူး။ မင်းရဲ့ လျှို့ဝှက်တတ်တဲ့ အကျင့်က ခုချိန်ထိ မပျောက်သေးဘဲကိုး ဟား…ဟား…ဟား…'

'ပြောမှာပေါ့ သူငယ်ချင်းရယ်၊ ထုံးစံအတိုင်း အရင်ဆုံး သုံးဆောင်လိုက်ကြပါဦး'

(ရိုးရာဓလေ့အရ ပထမဦးစွာ သူတို့မိသားစုအားလုံးကို အသားသုပ်ခွဲ့ကျွေးပြီးသည်နှင့် ခေါင်ရည်တိုက်ရသည်။ စားသောက်သည့်ကိစ္စတွေ ပြီးမြောက်အောင်မြင်မှသာလျှင် မိမိလိုချင်သော စကားကို ဖွင့်ပြောရလေသည်။)

'အေ့ အရသာကတော့ ကောင်းမှကောင်းပဲဟေ့၊ ရစ်သားသုပ်နဲ့ ခေါင်ရည်က ဘယ်လိုလိုက်ဖက်မှန်းကို မသိဘူး၊ ခုလို ကျွေးမွေးတဲ့အတွက် ကျေးဇူးနော် သူငယ်ချင်း၊ ဒါနဲ့ မင်း လိုချင်တဲ့ အကူအညီက…'

'ငါကိုယ်တိုင် ပြောရမှာ အားနာလို့ သူကြီးကို ခေါ်လာတာ၊ သူကြီးကပဲ ပြောပြပါလိမ့်မယ် သူငယ်ချင်း'

ဦးခွီရှိန်းက သူကြီးကို မေးငေါ့ပြရင်း ပြောသည်။ အားလုံး၏ အကြည့်တွေသည် ရွာသူကြီးထံသို့ စုပြုံရောက်ရှိသွားကြသည်။ သူကြီးမှာ ခေါင်ရည်တစ်ကျိုက်မော့ချလိုက်ပြီးနောက်-

'ဒီလိုပါ ကိုရွှေနိုင်းရဲ့ သမီးအငယ်မလေးနဲ့ ဒီကသားလေးကို လက်ထပ်ခွင့် ပြုပေးဖို့ပါ'ဟု ပြောလိုက်သည်။

'ဘာဗျ၊ ဘာပြောလိုက်တယ်သူကြီး၊ ဟော့ကောင် ခွီရှိန်း မင်း မင်းက ဘာဖြ



www.burmeseclassic.com

www.burmeseclassic.com

လို့…'

'တောင်းပန်ပါတယ် သူငယ်ချင်းရာ၊ မင်းလည်း သိတဲ့အတိုင်းပဲ။ အခု ငါ့ဘဝက မျိုးပြုတ်တော့မှာ။ ငါ့မျိုးဆက်ကို ကယ်တင်ပေးပါကွာ၊ မင်းရဲ့ သမီးလေးကို ငါတို့ ထုံးစံအတိုင်း နွားနောက် ၆ ကောင်(အဲ) မဟုတ်ဘူး ၂ ဆ ပေးမယ်။ ၁၂ ကောင်နဲ့ တင်တောင်းပါ့မယ် သူငယ်ချင်းရာ…နော်'

'တော်စမ်းဟေ့ကောင် အမျိုးကောင်း ငါ့သမီးနုနုထွတ်ထွတ်လေးကို မင်းရဲ့သား ရွှေအနဲ့ ပေးစားရမယ် ဟုတ်လား၊ စဉ်းစဉ်းစားစားလည်း လုပ်ပါကွာ၊ ဒီလို တောင်းရမ်းတဲ့ အဆင့်ကို မပြောနဲ့၊ မင်းရဲ့ စိတ်ကူးထဲမှာတောင် ထည့်မတွေးသင့်ဘူး။ မင်းဘာသာမင်း မျိုးပြုတ်တဲ့ ကိစ္စ၊ ဘာဖြစ်လို့များ ငါ့သမီးကို ဒုက္ခပေးရတာလဲ ကွ…ဟင်'

'စိတ်မဆိုးပါနဲ့ကွာ၊ မင်းသမီးလေးကို နွားနောက် ဘယ်နှကောင်နဲ့ တင်တောင်းရမှာလဲ၊ မင်းစိတ်ကြိုက်ဖြစ်ရစေမယ်၊ အကောင် ၂၀ လား၊ ၃၀ လား'

'တော်တော့လို့ ပြောနေတာပါနော်၊ အကောင် ၃၀ မကလို့ ၃၀၀ ပေးပေး၊ ငါ မပေးစားနိုင်ဘူးကွ ရှင်းပြီလား'

'မင်းရဲ့သမီးလေးကို ပြည့်ပြည့်စုံစုံထားမှာ…'

'ဟေ့ကောင် ခွီရှိန်း ငါ ဒေါသထွက်လာပြီနော်၊ ငါ့ပလိုင်းထဲက ဓားဆွဲမထုတ်ခင် ငါ့အိမ်ကနေ အခုထွက်သွား၊ ထွီ…အော့ မင်း ကျွေး

ဘွားဘွားက
ခေါ်ခိုင်းလိုက်တာ
မောင်မောင်လေး
စကားပြော
တတ်ပြီတဲ့
ဟု ပြောသည်
အပျော်လွန်ပြီး
အသက်ရှူတောင်
ရပ်သွားပြီလား
ဟု ထင်မိသည်
'ငါ့မြေးလေး
စကား
ပြောတတ်ပြီဟေ့
အောင်ပြီကွ
အောင်ပြီ'
ဆိုပြီး
အပြန်လမ်း
တစ်လျှောက်
ကြွားလုံး
ထုတ်လာလိုက်တာ
အိမ်ပြန်ရောက်တဲ့
အထိပဲ

ထားသမျှတွေကို အာခေါင်လက်ညှိုးနှိုက်ပြီး အကုန် ပြန်အန်ထုတ်ပစ်မယ်ဟေ့၊ ပြီးတော့ တစ်ခါတည်း မင်းကို ပြောလိုက်မယ်၊ ဒီနေ့ဒီရက်ကစပြီး မင်းနဲ့ငါ သူငယ်ချင်းအဖြစ်မှ သေခန်းပြတ်ပြီ…ဒါပဲ'

❑

ဦးခွီရှိန်းတစ်ယောက် ဝမ်းနည်းစိတ်၊ ရှက်စိတ်တွေနှင့်အတူ အိမ်တွင်းပုန်းနေသည်မှာ သီတင်းတစ်ပတ်ပင် ပြည့်ရော့မည်။ သူ့သူငယ်ချင်း၏ အော်ငေါက်သံတွေက နားထဲမှာ ပဲ့တင်ထပ်နေဆဲ။ 'အေးလေ၊ သူ့ဘက်ကကြည့်တော့လည်း အားလုံးဟာ အမှန်တွေပဲကိုး။ သူ့သမီး အမျိုးကောင်းလေးကို ရွှေအနဲ့ လက်ထပ်ပေးချင်ခဲ့တဲ့ ငါသာလျှင် မှားတာ'ဟု ဖြေသိမ့်နိုင်သော်လည်း သူ့မဟေသီကတော့ ထိုသို့မဟုတ်၊ 'တောက် ကြီးကျယ်ခမ်းနား လိုက်ကြတာ၊ သူ့သမီးက ရွှေနဲ့ ကွပ်ထားတာမို့လို့လား၊ တန်ရာတန်ကြေးနဲ့ တင်တောင်းတာကိုမှ လက်မခံလည်း နေပစေပေါ့။ နွားနောက်အကောင်ရေ များများနဲ့သာ တင်တောင်းနိုင်လို့ကတော့ ဒီနယ်တစ်ဝိုက်မှာ မိန်းကလေးတွေ ပေါလွန်းလို့၊ ရှင် စောင့်ကြည့်နေပါ။ ကျွန်မတို့ရဲ့ ချွေးမလေးကို မရ၊ ရအောင် ရှာပြမယ်'

သူ့သား ရွှေအဆိုသည့်ကောင်ကလည်း စိတ်တိုင်းကျလှသည့်သားတစ်ယောက်တော့ မဟုတ်ချေ။ သူ့ ခန္ဓာကိုယ်ကြီးမှ အားမနာ အိမ်အလုပ်နှင့်ပတ်သက်လာရင် ဘာတစ်ခုမျှ ကူညီဖော်မရဘူး။ အရွယ်ကဖြင့် လူပျိုကြီးတောင်ဖြစ်တော့မည်။ မိန်းကလေးတွေအကြောင်း စိတ်ဝင်စားရကောင်းမှန်းလည်း မသိဘူး။ နေ့ရှိသရွေ့ တောထဲသွားပြီး ငှက်ထောင်ဖမ်းဖို့၊ ချောင်းထဲသွားပြီး ငါးရှာ၊ ဖားရှာဖို့လောက်ပဲ အာရုံရှိတာ။ နံနက်မိုးလင်းပြီဆိုတာနှင့် မအေလုပ်သူ အဆင်သင့်ချက်ပြုတ်ထားတာကိုစား၊ နေ့လယ်စာအတွက် ထုပ်၊ သူ့လက်စွဲတော် ညောင်စေးအိုးကိုဆွဲပြီး တောနက်ထဲဝင်သွားလိုက်တာ ညမိုးစုံးစုံးချုပ်မှ အိမ်ပြန်ရောက်သည်။

တချို့ မုဆိုးကြီးတွေကတော့ အဲဒီတောကြီးထဲကို တစ်ယောက်တည်း သိပ်မသွားစေနဲ့၊ တောကောင်ကြီး(ကျား)ရှိတယ်လို့ပြောကြသည်။ ထမင်းထုပ် သွားရင်လည်း အသားဟင်း၊ ငါးဟင်းတွေ ထုပ်မသွားရဘူး။ ပြီးတော့ အဲဒီနေရာမှာ မီးလည်းမမွေးရဘူး။ တောင်ကောင်ကြီး၏ အန္တရာယ်ကအရမ်းကြီးသည့်အကြောင်း ကြားဖူးနားဝရှိ၍ သူ့သားကိုလည်း အဲဒီတောထဲ မသွားဖို့ ခြောက်တစ်ခါ၊ ချော့တစ်လှည့် ပြောဆိုပြီးပြီ။ သားတော်မောင်က နားမထောင်ဘူး။ 'တခြားနေရာတွေမှာ အဲဒီလောက် ငှက်မရနိုင်ဘူး။ သွားမှာပဲ'ဆိုသည့် သဘောတားလို့မရသည့်အဆုံး ဒီ အဖေကပဲ လက်လျှော့ပေးလိုက်ရသည်။

❑

'ဘယ်လိုလဲ အဖေကြီးရဲ့၊ ကျွန်မ အစွမ်းအစကို ယုံပြီမို့လား၊ ကျွန်မ စေ့စပ်ခဲ့တဲ့ ကောင်မလေးက တို့သားနဲ့ဆိုရွှေနဲ့မြ၊ နေနဲ့လ ပဲ။ ရွှေအမလေးဆိုပေမဲ့ ရုပ်ကလေးကမဆိုးဘူးရယ်။ အိမ်မှုကိစ္စလည်း နိုင်တယ်။ အဲဒီထက်ပိုပြီး သဘောကျစရာကောင်းတာက တို့သားလေးလိုမဟုတ်ဘဲ တစ်ဖက် လိင်ယောကျာ်းလေးတွေအပေါ်မှာ စိတ်ဝင်စားမှုရှိတာပဲ။ တင်တောင်းရမယ့်စရိတ်ကိုလည်း ကြည့်ဦးလေ။ နွားနောက် ၆ ကောင်ကို ၂ ကောင် လျှော့ပေးမှာဆိုတော့ ၄ ကောင်



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်ရင် ရပြီ။ ပြီးတော့ ကျွန်မဒေါ်လေးမှာလိုက်တဲ့ စကားတစ်ခွန်းက ဘယ်လောက်အားရှိစရာကောင်းလဲလို့။ ရွှေအ အချင်းချင်း ဆိုပေမဲ့ လူကောင်းတစ်ယောက်ကို မွေးဖွားသန့်စင်နိုင်ပါသတဲ့ ရှင်'

ဒုံလာကျေးရွာသို့ သတို့သမီးရှာပုံတော်ဖွင့်သွားသည့် သူ့မဟေသီက နောက်တစ်ရက် ညနေကျမှ ပြန်ပေါ်တော်မူလာသည်။ ကံကောင်းခြင်းလက်ဆောင်တွေ ယူဆောင်လာပေးသည့် သူ့မဟေသီကို ကျေးဇူးတင်ရလွန်းသဖြင့် ဦးတောင်ကုန်းချလိုက်ချင်သည်။ စေ့စပ်တောင်းရမ်းသည့်ကိစ္စတွေအားလုံးကို ဒုံလာရွာမှာ ရှိသည့်(သူ့ဒေါ်လေး)အဘွားဒေါ်ပိုင်ကပဲ အကုန်ကျခံပြီးတာဝန်ယူဆောင်ရွက်ပေးသည်။ ရင်ထဲက ဆန္ဒအမှန်ကို ဖွင့်ဟဝန်ခံကြကြေးဆိုလျှင် သူလည်း အမျိုးကောင်းချေးမလေးကိုပဲ လိုချင်ခဲ့သည်ပေါ့။ သို့ပေမဲ့လည်း အခြေအနေနှင့် အချိန်အခါအရ အရိုးများသည်၊ ချေးခါးသည်လုပ်၍ မရတော့ပေ။ ရွှေအမလေး မကလို့ ဘာကြီးပဲဖြစ်နေပါစေ အရေးကြီးသည်မှာ သူ့မျိုးဆက် ရှင်သန်ရေးအတွက် သားယောကျ်ားလေးတစ်ယောက် မွေးဖွားပေးနိုင်ရင် ရပြီ။

❑

*ဟိုတောင်ဆီ တိမ်ညို ညို[×××]ပြို[ကျ]မှာစိုးပါလို့ ရွှေမိုးရယ်××× ငိုပါနဲ့ဆို×××*

မောပီ တောင်ဘက်ခြမ်းဆီမှ တိမ်မည်းလုံးကြီးတွေ အလိပ်လိုက်တက်လာသောအခါ ကောင်းကင်ကြီးကို မော့ကြည့်ရင်း ဦးခွီရှိန်းက သီချင်းတစ်ပိုင်းတစ်စကို ညည်းညူလိုက်သည်။ ထို့နောက် ကလေးအဝတ်များထည့်ထားသော ရေပုံးကိုဆွဲလျက် ရွာလယ်က စမ်းချောင်းဘက်သို့ ချီတက်လာခဲ့သည်။ မိုးရွာ၍ မဖြစ်သေးပေ။ သူ့မြေးလေး၏ အဝတ်တွေလျှော်ဖွပ်ပြီး ခြောက်အောင်လှန်းရဦးမည်။ လူကသာ အဝတ်တွေလျှော်နေတာ သူ့စိတ်တွေကတော့ အိမ်ကိုရောက်နေသည်။ ဘွားအေဖြစ်သူက တောင်ယာသွားသဖြင့် အိမ်ကမြေးလေးကို ဂရုတစိုက် ထိန်းသိမ်းပေးမည့်သူ မရှိချေ။ ကလေးအမေဖြစ်သည့် ချေးမလေးကိုယ်တိုင်ကလည်း စိတ်မထင်ရင်မထင်သလို ကလေးကို ပစ်စလက်ခတ် ထားတတ်တာမျိုးဆိုတော့ စိတ်ချလက်ချနှင့် အချိန်အကြာကြီး လွှတ်ထားလို့ မရဘူး။ ကလေးနို့တိုက်ပြီးရင် သူ့တာဝန်ကျေပြီဟု ယူဆထားသည့် သူ့ချေးမကို အပြစ်ပြောရမှာလည်း မဟုတ်၊ နားလည်မှုပေးရသည်။ အကယ်၍များ ချေးမလေးအနေနှင့် ကိုယ်လက်အင်္ဂါပြည့်စုံတဲ့ သားယောကျ်ားလေး မွေးဖွားပေးတာကိုပဲ ကျေးဇူးတင်ကြပါဟု ပြောလာခဲ့ပါက ပြန်ချေပနိုင်မည့် စကားလုံး မရှိချေ။ သူ့အချစ်တော် မြေးလေးက အခု ၁ နှစ်ခွဲရှိနေပြီ။ အမူးသမားတစ်ယောက် လမ်းလျှောက်သလိုမျိုး ယိုင်တိယိုင်ထိုးနှင့် လမ်းလျှောက် တတ်စပြုနေပြီဖြစ်သဖြင့် အိပ်ရာနိုးသည်နှင့်လိုက်ထိန်းနေရပြီ။ မတော်တဆများ ထိမိခိုက်မိလို့ ကလေးတစ်ခုခုဖြစ်ပါက ဒီအဘိုး၏ မျှော်လင့်ချက်တွေ ရေစုန်မျောမှာ။

ငိုတစ်လှည့် ရယ်တစ်လှည့်နှင့် ဖြတ်ကျော်လာခဲ့ရသည့် တစ်နှစ်ခွဲဆိုသည့် အချိန်ကာလကြီးကို ဦးခွီရှိန်း စိတ်ထဲမှာ ၁၀ နှစ်လောက်ရှိမည်ဟုထင်မိသည်။ ပထမက သားအတွက် ချေးမရ၍ ပျော်ရသည်။ ထို့နောက် ချေးမလေးမှာ ကိုယ်လေးလက်ဝန်ဖြစ်လာသဖြင့် မျှော်လင့်ချက်တွေ ရှင်သန်လာခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ချေးမလေး မီးဖွားသည့်နေ့ကျမှ တောင်ယက်ထောင်ဖမ်းသွားသည့် သူ့သားရွှေအ,က တောကောင်ကြီးလက်ချက်နှင့် ပျောက်ဆုံးသွားခဲ့သည်။ ကျွမ်းကျင်သည့် မုဆိုးကြီးတွေခေါ်ပြီး ခြေရာခံလိုက်သွားခဲ့ပေမဲ့ သား၏ ခန္ဓာကိုယ်အစား သူ့ပလိုင်းတောင်းလေးသာ ပြန်ရခဲ့သည်။ နောက်ဆုံးတော့ ဝမ်းနည်းမှု၊ ဆုံးရှုံးမှုတွေကို ဥပေက္ခာပြုထားပြီး မွေးဖွားလာမည့် မြေးလေးဆီသို့သာ မျှော်လင့်ချက်တွေအားလုံး ပုံအောထားလိုက်ရတော့သည်။

'ဗျို့ ဘိုးဘိုးကြီး လျှော်ထားကွ၊ လျှော်ထား'

တကုပ်ကုပ်နှင့် အဝတ်လျှော်နေသော ဦးခွီရှိန်းမှာ ရုတ်တရက် နောက်ကျောဆီက ထွက်လာသည့် အသံကြောင့် အတွေးစ,ပြတ်သွားသည်။

'ဟာ ရွှေနိုင်းကြီး၊ မင်း ဘယ်ကနေပေါ်လာတာလဲ။ မတွေ့ရတာ ဘယ်လောက်ကြာသွားပြီလဲကွာ'

'တောင်ယာက ပြန်လာတာ၊ မတွေ့တာကြာဆို ငါက တောင်ယာမှာနေတာ တစ်နှစ်တောင်ကျော်နေပြီ၊ မင်းနဲ့ကိစ္စဖြစ်ပြီးကတည်းကဆိုပါတော့ကွာ၊ မင်းတို့မိသားစုကိစ္စတွေလည်း အကုန်ကြားပါတယ်။ မင်းမျှော်လင့်တောင့်တခဲ့တဲ့အတိုင်း မျိုးဆက်လေး မွေးဖွားလာတဲ့အတွက် ဂုဏ်ယူရပေမဲ့ ဆုံးပါးသွားတဲ့ မင်းရဲ့သားလေးတော့ တကယ်စိတ်မကောင်းပါဘူး သူငယ်ချင်းရာ။ အဲဒီတုန်းက မင်းဆီလာမလို့ပါပဲ။ ငါတို့နှစ်ယောက်က မခေါ်မပြောတဲ့ ကာလကြီးဆိုတော့ ငါလည်း မတတ်နိုင်ခဲ့ဘူး။ ငါ့ကို နားလည်ပေးပါကွာနော်'

'ရပါတယ် သူငယ်ချင်းရာ၊ အရင်ကကိစ္စတွေကို မေ့ပစ်ပြီး အခု ပြန်ခေါ်ရင် ဖြစ်တာပဲ မဟုတ်လား'

'ဟော့ကောင် မင်းတကယ်ပြောနေတာလားကွ၊ ဒါဆို ညနေကျရင် မင်း အိမ်ကိုလာခဲ့မယ်လေ၊ မင်းရဲ့မြေးလေးကို လာကြည့်ရင်းနဲ့ တစ်ခါတည်း အသားသုပ်နဲ့ ခေါင်ရည်လည်း စီစဉ်ခဲ့မယ်။ တို့နှစ်ယောက် ပြန်ခေါ်တဲ့ အထိမ်းအမှတ်ပွဲလေးပေါ့ကွာ၊ မကောင်းဘူးလား'

'အဲဒီလိုဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ သူငယ်ချင်းရာ ဟား…ဟား…ဟား'

'ဟော့ကောင် ရေထဲ[…]



www.burmeseclassic.com

www.burmeseclassic.com

အချိန်အကြာကြီးလည်း လုပ်မနေနဲ့ဦး၊ အသက်က ၆၀ ပြည့်လုပြီ။ မြေးလေးအတွက်ဆိုပေမဲ့ မင်းကိုယ်တိုင် ကျန်းမာနေမှ ကလေးကို ပြုစု ပျိုးထောင်နိုင်မှာနော်'

ပြန်လည်ထွက်ခွာသွားသည့်သူငယ်ချင်း၏ကျောပြင်ကိုလှမ်းကြည့်ရင်း 'ငါ့မြေးလေး လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ဆိုရင် ဘာမဆို ငါ လုပ်နိုင်တယ်သူငယ်ချင်း' ဟု တီးတိုးရေရွတ်လိုက်သည်။ တစ်နေ့တခြား အရွယ်ရောက်လာသည့် သူ့မြေးလေး၏ အပြုံးမျက်နှာသည် ပင်ပန်းမှုတွေကို အရည်ပျော်ကျစေသည်။ သူ့အတွက် ခွန်အားတွေ ဖြစ်စေခဲ့သည်လေ။ နာမည်ကိုလည်း သူ့စိတ်တိုင်းကျ အတိတ်နိမိတ်ကို ယူပြီး 'ရှိန်းအွမ်' ဟု မှည့်ထားသည်။ အဓိပ္ပာယ်မှာ ရှင်သန်တည်ရှိသော ဖြစ်သည်။ ရွာထဲက အိမ်တွေကို ကလေးခေါ်သွားပြီး ကြွားပြရသည်မှာလည်း အိမ်ပေါက်စေ့ဖြစ်နေပြီ။ 'ဒီကောင် မျိုးပြုတ်တော့မှာ' ဆိုပြီး ရစရာမရှိအောင် ဆဲဆိုခဲ့သည့် လောမန်တို့အိမ်ရှေ့သွားပြီး 'ဟော့ကောင် လောမန် ငါ ယောက်ျားလေး မွေးထားပြီကွ၊ မျိုးမပြုတ်တော့ဘူး။ ယုံလားတော့ မသိဘူး။ မယုံရင် လာကြည့်လှည့်၊ ပြုံးခံနေတာပဲကွ ဟား…ဟား…ဟား' ဆိုပြီး သွားရမ်းလိုက်တာ ဟိုက အလိုလို ပါးစပ်ပိတ်သွားရော။ တစ်နေ့မှာတော့ ဒုံလာရွာက ဒေါ်လေးတစ်ယောက် ဆိုင်းမဆင့် ဗုံမဆင့် ပေါက်ချလာပြီး ရောက်ရောက်ချင်း

မေးလိုက်တဲ့ မေးခွန်းမှာ 'ကလေး စကားပြောတတ်ပြီလား' တဲ့။

'ပုံမှန်အားဖြင့် ကလေးရဲ့ အသက်တစ်နှစ်စွန်းလာပြီဆိုတာနဲ့ အနူး(အမေ)၊ အပါး(အဖေ)လောက်တော့ ခေါ်တတ်နေရမှာ။ အခု နင်တို့ဟာက တစ်နှစ်ခွဲတောင် ရှိနေပြီ။ ဘာမှ မထူးခြားသေးဘူး။ စကားမပြောတတ်တဲ့ သူ့အမေနဲ့ချည်း လွှတ်မထားကြနဲ့။ တော်ကြာ သူ့မိဘတွေလိုဖြစ်သွားရင် နင်တို့ ကြိုးစားခဲ့သမျှတွေအားလုံး ရေပြင်ပေါ် အရုပ်ရေးသလို ဖြစ်သွားလိမ့်မယ်။ နင်တို့ သိထားရမှာက ဒီကလေးဟာ လူကောင်းတစ်ယောက် ဖြစ်လာနိုင်သလို 'ရွှေအ' လည်း ဖြစ်လာနိုင်တယ်၊ မမေ့ကြနဲ့' တဲ့။

ဟုတ်သားပဲ။ ကလေး၏ဝေယျာဝစ္စတွေ လုံးပန်းနေရတာနှင့် အရေးကြီးသည့် အချက်ကို မေ့နေလိုက်ကြတာ အရင်လို ကလေးထိန်းရုံနှင့်တော့ မဖြစ်တော့ဘူး။ ကိုယ်ထိန်းတဲ့အလှည့်မှာ စကားပြောပါသင်ပေးဖို့ သူ့မဟေသီနှင့် တိုင်ပင်ရလိမ့်ဦးမည်။ အရေးထဲ မြေးလေးက တစ်မှောင့်၊ ကိုတေမိများ ဝင်စားသလား အောက်မေ့ရသည်။ သင်ပေးသည့်သူတွေက လျှာထွက်တော့မည်။ တစ်ခွန်းမျှကို မဟ,သေး။ တစ်ခါတလေများ ကိုယ့်အဘိုးကို သံသယပွားအောင် လုပ်သည့် ကောင်လေးဆိုပြီး ပါးနုနုလေးကို စိတ်ရှိလက်ရှိဆွဲ ဆိတ်ပစ်လိုက်ချင်တာများ အူကို ယားနေတာပဲ။

မြေးလေးအိပ်ပျော်နေခိုက်(အဲဒီ)တေမိကိစ္စတိုင်ပင်ရန်ဆိုပြီး သူငယ်ချင်း ရွှေနိုင်းဆီကို သွားလည်တာ စကားဝိုင်းတောင် မစ,ရသေးဘူး။ အိမ်ဘေးမှ ကလေးမလေး အပြေးရောက်လာပြီး 'ဘွားဘွားက ခေါ်ခိုင်းလိုက်တာ၊ မောင်မောင်လေး စကားပြောတတ်ပြီတဲ့' ဟု ပြောသည်။ အပျော်လွန်ပြီး အသက်ရှူတောင်ရပ်သွားပြီလားဟု ထင်မိသည်။ 'ငါ့မြေးလေး စကားပြောတတ်ပြီဟေ့၊ အောင်ပြီကွ အောင်ပြီ' ဆိုပြီး အပြန်လမ်းတစ်လျှောက် ကြွားလုံးထုတ်လာလိုက်တာ အိမ်ပြန်ရောက်တဲ့အထိပဲ။ သူ့သူငယ်ချင်းအပြင် အချို့သော စပ်စုချင်သူများလည်း မယုံသင်္ကာသော မျက်လုံးများဖြင့် တန်းစီလိုက်ပါလာကြရာ ဧည့်သည်တွေနှင့် တရုန်းရုန်း ဖြစ်နေတော့သည်။

❑

'ငါ့မြေးလေး စကားပြောတတ်ပြီ ဟုတ်လား အမေကြီး၊ ဘာတွေပြောတာလဲဟင်၊ အနူးလား၊ အပါးလား'

'ကျွန်မ ကြားတာကတော့ အပါးလို့ ထင်တာပဲ။ သေချာအောင် ထပ်ပြောကြည့်ခိုင်းပါ့မယ်'

'အေးအေး ဒါနဲ့ ကလေးဆိုတဲ့မျိုးက အနူးကိုပဲ အရင်ခေါ်တတ်ကြတာဆို၊ ကဲပါလေ ဘယ်သူ့ကိုပဲ ခေါ်ခေါ်၊ ခေါ်ရင်ပြီးတာပဲ။ မြန်မြန်လေး ထပ်ခေါ်ခိုင်းကြည့်ပါဦး'

ဒေါ်စိမ်းက မြေးလေးကို ချော့မော့ပြီး မေးနေပြန်သည်။

'ငါ့မြေးလေးက လိမ္မာပါတယ်ကွယ်၊ အပါးလို့ ထပ်ပြောကြည့်ပါဦး၊ သြော် မြေးလေးကလည်း ပြောတတ်ရဲ့သားနဲ့ အိုက်တင်ခံနေပြန်ပြီ။ ဘိုးဘိုးကို ပြောလိုက်စမ်း။ အနူး၊ အပါး'

ကလေးကို ဝိုင်းအုံကြည့်နေသော ကိုစပ်စု၊ မစပ်စုများမှာ အသက်ရှူသံပင် မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လို့။ မြေးလေးထံမှ ထွက်ပေါ်လာမည့် စကားသံကို နားစွင့်နေသည့် ဘိုးအေဖြစ်သူ၏ ရင်ဘတ်ထဲမှာတော့ ရင်ခုန်သံတွေက ဗုန်းဒိုင်းကြဲနေဆဲ။ ဟော ကလေးနှုတ်ခမ်းဝက စကားသံထွက်လာပါပြီ။ တစ်ခွန်းတည်း မဟုတ်ဘူး။ နှစ်ခွန်းတောင်မှ။

'အားပါးပါး၊ အားပါးပါး'

ဦးခ္ခိရှိန်းမှာ အရုပ်ကြိုးပြတ် မေ့လဲကျသွားသည်။ ဘွားအေဖြစ်သူမှာတော့ 'မှားမှားနေတယ် မြေးလေးရဲ့၊ အားပါးပါး မဟုတ်ဘူးလေ၊ အနူး၊ အပါး။ နောက်တစ်ခေါက် ပြန်ခေါ်ကြည့်ပါဦးလို့ အဟင့်… အဟင့်' ဟု ငိုသံကြီးစွက်ပြီး ချော့မြှူနေတုန်း ရွှေဧည့်သည် အချို့မှာတော့ လှောင်ပြောင်သော အပြုံးကိုယ်စီဖြင့် လာရာလမ်းဆီသို့ တရွေ့ရွေ့။ မောပီတောင်ဘက်ခြမ်းဆီက ညို့တက်လာသော မိုးသားများက အငြိုးနှင့် ရွာချရန် ဟန်ပြင်နေဆဲ။ ■

ထက်ရှား



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အထူးဆောင်း

(အတ္တဝါ)

## မိုးသည်းည

အပြင်ဘက်တွင်
မိုးများ ပြင်းထန်စွာ
ရွာသွန်းနေသည်။
လျှပ်စီးများ
ဖျတ်ခနဲ ဖျတ်ခနဲ
လက်လိုက်လျှင်
အမှောင်ကျနေသော
ပတ်ဝန်းကျင်က
ဝင်းခနဲဝင်းခနဲ
ဖြစ်သွားသည်။
မိုးခြိမ်းသံများကလည်း
တဂျုံးဂျုံး
တဂိုမ်းဂိုမ်းဖြင့်
ကောင်းကင်ပြင်တွင်
မင်းမူနေသည်။
ပတ်ဝန်းကျင်တွင်
ရေများ
ဖွေးဖွေးလှုပ်လျက်
ရှိသည်။
ယိုင်နဲ့နဲ့တဲအိမ်လေး၏
ခနိမိုးများသည်
မိုးဒဏ်ကို
ခံနိုင်ဟန်မတူပါ။

ရိုးတံနှင့် အရွက်များကြား
ဟဟလာပြီး
မိုးပေါက်များက
ကြမ်းပြင်ပေါ်သို့
တစက်စက်
ကျလာသည်။
တိတ်ဆိတ်နေသော
မိသားစုလေးသည်
လှုပ်လှုပ်ရွရွ
ဖြစ်လာသည်။
အလတ်ကောင်၏
စာကြည့်စားပွဲလေးပေါ်မှ
မီးခွက်သည်
အရောင်အတော်လေး
ကျဆင်းနေပြီ ဖြစ်သည်။
'ဖေကြီး ရေနံဆီကုန်ပြီ
ထင်တယ်'
ဦးသန်းမြ ငေါက်ခနဲ
ထ,ထိုင်လိုက်သည်။
ဟုတ်သည်။
မီးခွက်အလင်းရောင်က
သိပ်ပြီး ဟန်မကျတော့။

အမှတ် ၃၁၄၊ ဇန်နဝါရီ၊ ၂၀၁၆



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ရေနံဆီသွားဝယ်ပေးရတော့မည်။ ဤအချိန်ဆိုလျှင် ရွာထဲရှိ မိသိန်းတင်တို့ဆိုင် ပိတ်မည်မဟုတ်သေး။ သို့သော် မိုးက သည်းလွန်းနေသည်။ မိုးသည်းသည်ကို အကြောင်းပြ၍လည်း မဖြစ်။ အလတ်ကောင် မနက်ဖြန်တွင် စာမေးပွဲရှိသည်။ ထို့ကြောင့် ယနေ့ညအတွက် ရေနံဆီသည် လိုအပ်ပေလိမ့်မည်။ တစ်နေ့ကုန် ပန်းရန်အလုပ်ကို သွားနေသောကြောင့် ယနေ့ဖို့ ရေနံဆီဝယ်ရန် သတိမရခဲ့။ အိမ်ပြန် ရောက်သောအခါတွင်လည်း ကလေးသုံးယောက်အဖို့ ထမင်းဟင်းတို့ကို ချက်ပြုတ်ရသည်နှင့် သတိမရ။ ယခု ရေနံဆီ ပြတ်သောအခါတွင်မှ ပြဿနာက စပြီ။

'အဖေ ဒီမှာရေတွေ စိုကုန်ပြီ'

အငယ်ကောင်၏ စူးစူးဝါးဝါး အော်သံကြောင့် ဦးသန်းမြ သတိထားကြည့်လိုက်သည်။ ခေါင်ချုပ်နားလောက်က ရေများ တရစပ်ယိုနေသည်။ လောလောဆယ် အရေးကြီးသည်က ဤကိစ္စဖြစ်သည်။ အိမ်ထဲရှိ ပလတ်စတစ်အိတ် အဟောင်းများကို ဟိုလှန့်သည်လော အမြန်ရှာရသည်။ ရလာသည်တို့ကို ခေါင်ချုပ်နားတွင် ညှပ်၍ ထိုးထည့်ရသည်။ အနည်းငယ် အယိုရပ်သွားသည် ထင်၏။ အငယ်ကောင်လည်း နေရာပြောင်း၍ အိပ်နေပြီ။ ထို့ကြောင့် ဒုတိယလုပ်ငန်းကို စတင်ရန် ဦးသန်းမြ ပြင်ဆင်ရသည်။ သူ့တွင် ဓာတ်မီးမရှိ၊ မီးအိမ်မရှိပါ။ လည်ရှည်ဖိနပ်လည်း မရှိပါ။

'အဖေ မြန်မြန်ပြန်လာခဲ့မယ်နော်'

သားလတ်ကို မှာခဲ့ပြီး ဦးသန်းမြ ထွက်လာခဲ့သည်။ တစ်ချက်တစ်ချက် လင်းလာသော လျှပ်စီးကပင် သူ၏ လမ်းပြသဖွယ် ဖြစ်နေသည်။ လယ်ကွက်၏ ကန်သင်းရိုးအတိုင်း သူ လျှောက်လာခဲ့သည်။ ထိကရုံးပင်များက မျက်ခနဲနေအောင် ခြေဖဝါးကို လာထိုးသည်။ ကြမ်းတမ်းသော သူ့ခြေထောက်အတွက် ထိကရုံးပင်၏နာကျင်မှုသည် ဖြုတ်ကိုက်သလောက်ပင်မရှိ။

မိုးသည် သူထွက်လာခါမှ ပို၍ပင် သည်းလာသလိုလို သူထင်မိသည်။ မိုးကာဖတ်ကို ကိုယ်တွင် ပတ်ထားသော်လည်း အောက်ပိုင်းတစ်ခြမ်းလုံးတော့ စိုရွှဲနေပြီဖြစ်သည်။ သွားရမည့် ခရီးက ၂မိုင်ခန့် ရှိသည်မို့ ခြေလှမ်းတို့ကို သုတ်ခြေတင်လိုက်ရသည်။ မိုးသည်းညတွင် ဖားအော်သံများကား အဆက်မပြတ် ဆူညံနေသည်။

တစ်ခါတစ်ရံတွင် မိုးပေါက်များက မျက်နှာတည့်တည့်ကို လာစဉ်သည်။ စပ်ခနဲ စပ်ခနဲ ခံစားလိုက်ရသည်။ မျက်နှာပေါ်ရှိ ရေစက်များကို လက်နှင့် သုတ်ပစ်ရသည်။ သို့မှသာ ရှေ့သွားလမ်းကို မြင်နိုင်မည်ဖြစ်၏။ ရွှံ့ဗွက်များက လျှပ်စီးမလက်သောအခါတွင် လူကို ချော်လဲစေသည်။ ထိုသို့လဲကျတိုင်း ဦးသန်းမြ ပြန်လည်ထသည်။ မတ်တတ်ရပ်သည်။ ဖြစ်နိုင်လျှင် လျှပ်စီးကို ဆက်တိုက်လက်နေစေချင်သည်။ သို့သော် လျှပ်စီးက တော်တော်ကြာမှ တစ်ခါ လက်သည်မို့ မိုးကောင်းကင်ဘက် လှည့်ပြီး ပျစ်ပျစ်နှစ်နှစ် တောက်ခေါက်ပစ်လိုက်သည်။ ရင်ထဲတွင်လည်း နည်းနည်းသက်သာရာရသွားသည်။ သူ့ကိုယ်၏ အနောက်ခြမ်းတွင် ရွှံ့ဗွက်များ ပလဲနေသည်။ သူ မမှုပါ။ မိုးစက်များက အလိုအလျောက် ပြန်ဆေးချလိမ့်မည် သူ ထင်ပြီးသားဖြစ်သည်။

ရေနံဆီဝယ်ရန် ယူလာသည့် ပိုက်ဆံကို ပလတ်စတစ်အိတ်နှင့် သေသေချာချာ ထုပ်ခဲ့သောကြောင့် ဦးသန်းမြ အနည်းငယ် စိတ်အေးသွားသည်။ သို့မဟုတ်လျှင် အဆင်ပြေမည်မဟုတ်။ ရွာထဲက မိသိန်းတင်က ပိုက်ဆံ ရေစိုလျှင် လုံးဝ လက်မခံတတ်။ ယခုတော့ တစ်ရန် အေးသွားပြီဖြစ်သည်။

ဖျတ်ခနဲ လျှပ်စီးတစ်ချက် လက်သွားစဉ် မြင်လိုက်ရသော မြင်ကွင်းကြောင့် ဦးသန်းမြ ကြောက်ဒူးအနည်းငယ် တုန်သွားသည်။ သူနှင့် ဝါးတစ်ပြန်စာလောက်အကွာ ကန်သင်းရိုးပေါ်တွင် ကန့်လန့်ဆန့်နေသည့် အမည်းရောင်ပြောင်ချောချော သတ္တဝါတစ်ကောင်။ သူ၏ ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားသည်။ အခြေအနေကို သေချာစွာ သိရှိရန် နောက်ထပ်တစ်ကြိမ် လျှပ်စီးအလက်ကို စောင့်နေလိုက်သည်။ သူထင်ထားသည်နှင့် ကွက်တိပင် ဖြစ်သည်။ သတ္တဝါသည် စင်စစ် မြွေဟောက်တစ်ကောင်ဖြစ်ကြောင်း သူ၏ အတွေ့အကြုံအရ ချက်ချင်းသိရှိလိုက်သည်။

ဤလမ်းကို သူ သွား၍ မဖြစ်။ မြွေကို ကြောက်၍ဆိုသည်ထက် ရေနံဆီဝယ်ခြင်း ခရီးမပေါက်ခဲ့လျှင် အလတ်ကောင် စာမေးပွဲဖြေရန် ခက်ခဲမည်ကို ဦးသန်းမြ ပို၍ စိုးရိမ်သည်။ ထို့ကြောင့် လယ်ကွက်၏ တစ်ဖက်ကန်သင်းရိုးမှ ပတ်ပြီး သွားရန်ပြင်ရသည်။ သွားနေကျ မဟုတ်သည်မို့ အခြေအနေကို ဂရုစိုက်နေရသည်။ မြက်ပင်များကလည်း ပိုထူနေသည်။ သို့သော် မြွေဟောက်လမ်းနှင့် ယှဉ်လျှင်ကား အများကြီးသာသည်ဟု သူထင်မိသည်။

လယ်ကွက်က တစ်ကေခန့် ကျယ်သည်မို့ အတော်လေး ပတ်လိုက်ရသည်။ နောက်ထပ် တစ်ဖြောင့်ချိုးလျှင် ပထမလာရာ လမ်းရိုးလမ်းစဉ်အတိုင်း ဖြစ်တော့မည်ဟု သိရှိရ၍ သူစိတ်ထဲတွင် ကျိတ်ပြီး ကျေနပ်သွားသည်။ ကွင်းပြင်၏ နေရာအနှံ့တွင် လူဟူ၍ သူတစ်ယောက်သာ ရှိသည်ကို ဦးသန်းမြ သိသည်။ ထို့ကြောင့် အဖွင်းပြေရန် အလို့ငှာသော်လည်းကောင်း၊ အဖော်တစ်ယောက်ရရန် သော်လည်းကောင်း ပါးစပ်ထဲရှိ သီချင်းစာသားဟောင်းအချို့ကို ညည်းတွားလိုက်သည်။ လမ်းခရီးတွင် ကြုံရသော အရာမှန်သမျှသည် သူ့အတွက် ဒုက္ခသဖွယ် ဖြစ်မနေပါ။

လျှပ်စီးလက်ခြင်း အစိပ်ကျဲသွားသည်မို့ အနည်းငယ်တော့ သတိထားရသည်။ မှန်းရင်းမှန်းရင်း လျှောက်ရသည်။ ကန်သင်းရိုးပေါ် ချိုး တစ်နေရာအရောက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်ကို တစ်စုံတစ်ခု လှမ်းဆွဲသလို ခံစားလိုက်ရသည်။ သီချင်းစာသားများ နေရာတွင် 'ပလုံ'ဟူသော အသံက အစားထိုး ဝင်ရောက်လာသည်။ အသက်ရှူ၍ မရတော့။ သတိတစ်ချက် ဝင်လာမှ သူ၏ လက်တို့ကို စကြာသဖွယ် လှုပ်ရှားလိုက်သည်။ တစ်ယောက်ထည်း ရုန်းရင်းဆန်ခတ် ဖြစ်နေသည်ကို မိုးခြိမ်းသံမှလွဲ၍ မည်သူမျှ မသိလိုက်ကြ။ သူ၏ ခြေထောက်ကို အားပြု၍ မြေသားနံရံတစ်ခုကို ကန်ထားလိုက်သည်။ သူ၏ ခေါင်း ပေါ်လာသည်။ အသက်ရှူ၍ ရလာသည်။ ဤလမ်းကို စ,လျှောက်လာကတည်းက စိတ်တွင် ထင့်နေမိသေးသည်။ ယခုကဲ့သို့ ရေတွင်းပျက် ရှိနေမည်ကိုလည်း လုံးဝ မခန့်မှန်းမိ။ အံကို တင်းတင်းကြိတ်ထားလျက် ရေတွင်းပျက်၏ ပေါင်ကို လက်ဖြင့် လှမ်းလိုက်သည်။ မြက်ရှည်အချို့က အတော်ပင် အထောက်အကူဖြစ်သည်။ အားကိုသုံးပြီး ရေတွင်းပေါင်ပေါ်သို့ ပြန်တက်လိုက်ရသည်။ တစ်ကိုယ်လုံးကို ဖုတ်ဖက်ခါလိုက်သည်။ သက်ပြင်းရှည်ကြီး တစ်ခုကို အီခနဲ ဆွဲချလိုက်သည်။ ထိုစဉ် ခြေသလုံးနားမှ ဖျဉ်းခနဲ ဖြစ်သွားပြီး မျက်လုံးများပင် ပြာသွားသည်။ ကံကောင်းသည်ဟု ဆိုရမည်။ လျှပ်စီးက အချိန်သင့်ပင် မီးထိုးပေးသကဲ့သို့ ဖြစ်သွားသည်။ ခြေသလုံးတွင် အားရပါးရ ခဲနေသော ကင်းခြေများကို လက်ဖြင့် ကုတ်ထုတ်ပစ်လိုက်ရသည်။ စိတ်ထဲတွင်တော့ ကင်းမြီးကောက်ကို တောင့်တမိလိုက်သည်။ သူသည် ကင်းမြီးကောက်ပြီး၏။ ကင်းခြေများကိုမူ မပြီး။ ထို့ကြောင့် ခြေထောက်တစ်ချောင်းလုံး ထုံကျဉ်ပြီး နာလာသည်ကို အားပြုပြီး လမ်းဆက်လျှောက်ရသည်။ လူက မပါချင်သော်လည်း စိတ်က ပါနေသေး၏။

မလှမ်းမကမ်းတွင် မီးရောင်ဖျော့တော့တော့ကို လှမ်းမြင်နေရသည်။ ဦးသန်းမြ မျှော်လင့်ခဲ့ရသော ရွာကို ရောက်ပေတော့မည်။ ထို့ကြောင့် နာကျင်နေသော ခြေထောက်ကပင် ခြေလှမ်းများကို မြန်မြန်လျှောက်ရန် အားပေးသလိုလို ဖြစ်လာသည်။ မူလလမ်းရိုးနေရာသို့ ပြန်ရောက်သွားသည့်အတွက်လည်း စိတ်အေးခဲ့ရသည်။ တောနက်ကြီးထဲတွင် လမ်းလျှောက်နေသော လူတစ်ယောက် ရွံဝံကြယ်ကို တွေ့၍ ဝမ်းသာသလိုမျိုး ခံစားလိုက်ရသည်။ မိုးကမူ အဆက်မပြတ် ရွာနေဆဲ။

ရွာထဲသို့ ဝင်ရောက်လိုက်သည်နှင့် အဆက်မပြတ် ကြားနေရသော အသံက ခွေးဟောင်သံများ။ ရွာက ခွေးများသည် သူ့ကို သူစိမ်းဆန်လွန်းသည်မှာ မဆန်း။ မိုးကာအပတ်နှင့် ဖိုသီဖတ်သီ ဖြစ်နေသော သူ့ပုံစံကပင် ခွေးတို့အတွက် ပါးစပ်ယားစရာ။ ရွာထဲသို့ ရောက်သည်နှင့် ခြေထောက်၏ နာကျင်မှုက ပိုမို ပြင်းထန်လာသည်။ လယ်ကွက်ထဲတွင် ရွံ့ဗွက်နင်းခဲ့စဉ်က မသိသာသော်လည်း ရွာ၏ ကျောက်ခဲလမ်းကမူ သူ့အတွက် နာကျင်မှုကို ဖော်ပြနေသယောင်ယောင် သတိပေးသကဲ့သို့ ရှိနေသည်။

ကံကောင်းသည်ဟုပင် ဆိုရတော့မည်။ မိသိန်းတင်၏ ဆိုင်တွင် မီးရောင်တလက်လက်ကို မြင်နေရဆဲ။ ဟောင်ဖွာဟောင်ဖွာ အသံတစာစာကို ကြားလိုက်ရသည်။ သေချာပေါက်ပင် မိသိန်းတင်၏ အကြွေးတောင်းသံ ဖြစ်နေသည်။ ဆိုင်ထဲသို့ ကုပ်ချည့်ကုပ်ချည့်ဖြင့် ခပ်တည်တည် ဝင်လိုက်သည်။ ခါးကြားတွင် ညှပ်ထားသော ကြွပ်ကြွပ်အိတ် ပတ်ထားသည့် ပိုက်ဆံတစ်ရွက်ကို တယုတယ ဆွဲထုတ်ပြီး မိသိန်းတင်ကို ပေးလိုက်သည်။

'ပုလင်းမပါဘူးလား'

မိသိန်းတင် ပြောမှ သတိရသည်။ အိမ်က အလောတကြီးဖြင့် ထွက်လာသောကြောင့် ပုလင်း ပါမလာခဲ့။

'နင် အဆင်ပြေသလို ကြည့်ထည့်ဟာ'

အရေးတကြီး စဉ်းစားမနေတော့ဘဲ ခပ်မြန်မြန်သာ ပြောလိုက်သည်။ 'ကျွတ်'ဟု တစ်ချက်ညည်းပြီး ခြေထောက် ပွတ်သပ်သည်ကို မိသိန်းတင် မြင်သွားသည်ထင်၏။ သူ့ဆိုင်က ဘက်ထရီမီးကလည်း ကင်းကိုက်ထားသည့် နေရာကို မြင်စွမ်းစေရန် လင်းသာသောကြောင့် ရေးကြီးသုတ်ပျာဖြင့် ဦးသန်းမြင့်ကို မေးသည်။

'ဟဲ့ဟဲ့ ရှင့်ခြေထောက်က ဘာဖြစ်တာတုံး၊ ရောင်ကိုင်းလို့ပါလား'

ဦးသန်းမြကမူ ဘာမျှ မဖြစ်သလို လေသံဖြင့်…

'ကင်းထိုးလို့ဟေ့… ဘာမှတော့ မဟုတ်ပါဘူး'

သူကသာ ဘာမျှမဖြစ်သလို နေသည်။ မိသိန်းတင်ကတော့ ပါးစပ်က ပွစိပွစိဖြင့် ရေရွတ်နေသည်။ ပြီးမှ ကြက်သွန်နီကို ယူလာပြီး ကင်းထိုးသည့် နေရာကို အုံ၍ ပတ်တီးစုတ်ကို ပတ်ပေးလိုက်သည်။ မိသိန်းတင်က စကားပြောရာတွင်သာ အာကြမ်းလျှာကြမ်းနိုင်သည်။ လူတစ်ဖက်သားကိုကား ကူညီတတ်သည်။ ဦးသန်းမြ၏ ခြေထောက်လည်း ကြက်သွန်နီ၏ တန်ခိုးဖြင့် အနည်းငယ်မျှ သက်သာသွားသည်။

'ရော့ ရော့ လည်ရှည်လည်း ယူသွားချေဦး၊ မြွေပါးကင်းပါးနဲ့ မနက်ကျ ပြန်ယူခဲ့နော်၊ ပုလင်းလည်းယူခဲ့'

'အေးပါ မိသိန်းတင်ရယ်၊ ငါသွားပြီ သိလား'

ပြန်လှည့်လာ၍ သူ့ဆိုင်နှင့် တော်တော်လှမ်းကာမှ သတိရလိုက်သည်။ မိသိန်းတင်ကို ကျေးဇူးတင်ကြောင်း မပြောခဲ့မိ။ ရေနံဆီဝယ်၍ ပိုသော ပိုက်ဆံကို အလတ်ကောင် အိပ်ငိုက်ပြေစေရန် အချဉ်ထုပ်လေး ဝယ်လာလိုက်သည်။ လည်ရှည်ဖိနပ်၏ တဗွက်ဗွက်သံသည် ရွာနှင့် အတော်လေး လှမ်းခဲ့ပြီဖြစ်သည်။ သေချာ သတိထားပါမှ မိုးသည် မသည်းရွာတော့။ ဖြောက်ဖြောက်အဆင့်သာ ရှိတော့သည်။ မိုးခြိမ်းသံ မပါသော လျှပ်စီး

www.burmeseclassic.com

www.burmeseclassic.com

တို့ကမူ တဖျပ်ဖျပ် ခတ်နေဆဲ။ အပြန်လမ်းတွင်မူ အင်မတန် အဆင်ပြေချောမွေ့သွားသည်။ မိသိန်းတင်၏ ဖိနပ်ကျေးဇူးလည်း ပါပေသည်။

ကန်သင်းပေါင်တို့ပေါ်တွင် ချော်ကျသည်မျိုး မရှိတော့။ အမည်းရောင်သတ္တဝါများ၏ရန်ကိုလည်း မှုစရာမလိုတော့ပေ။ ထို့ကြောင့် တဲအိမ်ရှိရာသို့ ဦးသန်းမြ ရှော့ရှော့ရှူရှူပြန်ရောက်သွားသည်။ မီးခွက်၏အလင်းရောင်သည် အနက်ရောင်ညထဲတွင် ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ အငယ်ကောင်ကမူ တခေါခေါ် အိပ်မောကျနေဆဲ။ အလတ်ကောင် အိပ်ပျော်သွားမည်ကို ဦးသန်းမြ စိုးရိမ်မိသည်။ သို့သော် တဲအိမ်ထောင့်မှ စာအံသံကို တီးတိုးကြားလိုက်ရသည်။ သူ့ရင်ထဲတွင် ချိသွားပြီး ဝမ်းသာရာ ဘက်သို့ ပြောင်းသွားသည်။

'သားစောင့်နေတာ ကြာပြီလား'

'ခုနမှ မီးသေသွားတာ အဖေ၊ အဲဒါ အိပ်မပျော်အောင် ကဗျာတွေ ပြန်အံနေတာ'

ဦးသန်းမြ ပြုံးလိုက်သည်။ မီးခွက် မထွန်းရသေးသောကြောင့် သူ့အပြုံးကို မည်သူမျှ မမြင်ပါ။ ရေနံဆီပုလင်းအဝကို မီးခွက်အဝနှင့် လက်မှန်း၍ ထည့်လိုက်သည်။ မကြာမီပင် မှောင်မိုက်နေသော ညကို ထိုးဖောက်ရန် အလင်းရောင်တစ်ခုပေါ်ပေါက်လာသည်။ ဖျော့တော့တော့ မီးရောင်ပင် ဖြစ်လင့်ကစား ထရံနားတွင် ကပ်ထားသည့် ရွှေရောင်ဆု တံဆိပ်လေးကိုမူ လက်ခနဲ မြင်တွေ့နိုင်စွမ်းသာသည်။

ဦးသန်းမြ အိပ်ရာဘက်သို့ ဦးတည်လိုက်သည်။ ထို့နောက် ဆုတံဆိပ်လေးကို တစိမ့်စိမ့်ကြည့်ပြီး မျက်ဝန်းအစုံကို ပိတ်လိုက်သည်။ ကင်းကိုက်ထားသောနေရာမှ ဒဏ်ရာကို သူ သတိမရချေ။ မိုးသံ တဖြောက်ဖြောက်နှင့် အတူ အလတ်ကောင်၏ စာအံသံက ပြိုင်တူ ထွက်ပေါ်နေဆဲ။ ■

**အေထူးအောင်၊အဏ္ဏဝါ၊**

## ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ
## ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့အထိ

(၁) ဥသြ(ချယ်ရီမြေ) *နောက်ဆုံးနွေ့သည်* ၊ပြင်ဦးလွင်၊
(၂) ဝင်းတင်(ရွှေရောင်မြေ) *ပန်းတစ်ပွင့်၏ဒိုင်ယာရီ* ၊မွန်၊
(၃) ရဲစွမ်းနေ *မီးလျှံမြစ်* ၊ပျော်ဘွယ်၊
(၄) ကိုငယ်မင်း *လောကီ* ၊နေပြည်တော်၊
(၅) ရဲရင့်လုံ(ဆေး/မန်း) *လှုင်ပင်* ၊စစ်ကိုင်း၊
(၆) ပတ္တမြားနီနီ *ရင်တွင်းစကား* ၊ရန်ကုန်၊
(၇) မောင်ဗလ *ကိုလံဘတ်စ်* ၊ရန်ကုန်၊
(၈) ကိုဂျီးအဲ *ကြွေဖို့လား၊ ခြွေလို့လား* ၊မုံရွာ၊
(၉) နေနန်းအိမ်(တောင်တွင်း)
*ဖေဖေ စာမေးပွဲအောင်သည့်နေ့* ၊E-mail၊
(၁၀) ညို့ပြင်းရှု *မရှာပါနဲ့တော့ မိုးရယ်* ၊မန္တလေး၊
(၁၁) ကျင်ကိုချန် *မိုးခါးရေ* ၊ရန်ကုန်၊
(၁၂) အထွန်း(တမာမြေ)
*ရင်ခွင်မဲ့ မျက်ရည်စက်များ* ၊ရန်ကုန်၊
(၁၃) နော်ဖြိုးဝေဦး *အဝတ်ဆုတ်ကလေး* ၊တောင်ငူ၊
(၁၄) ပန်းသွန်းခြယ်(ကော့မှူး)
*ငှက်ကလေး သီတဲ့တေး* ၊ရန်ကုန်၊
(၁၅) ကဗျာ *သက်နှနှလုံးသား* ၊ရန်ကုန်၊
(၁၆) မောင်ညွှန့်မာ
*အရေးပိုင်နှင့်အရေးပိုင်၏သား*
၊ကျောက်ပန်းတောင်း၊
(၁၇) စာဘဏ္ဍာမြဝင်း(ပခုက္ကူ)
*ပုတီးအေအီး၊ စာအုပ်ဂျေအီးနှင့် ရှယ်ကြီးမောင်မှူး*
၊ပခုက္ကူ၊
(၁၈) ညို့ပြင်းရှု *အတွင်းတိမ်* ၊မန္တလေး၊
(၁၉) ဥသြ(ချယ်ရီမြေ) *သူတို့* ၊ပြင်ဦးလွင်၊
(၂၀) ဥသြ(ချယ်ရီမြေ) *ပုဆိုးများ* ၊ပြင်ဦးလွင်၊
(၂၁) သင်းအောင်သန်း *ဂန္ဓဝင်ကိုလွမ်းပြေ*
၊နေပြည်တော်၊
(၂၂) ငြိမ်းချမ်းဇော် *သရုပ်ဆောင်* ၊ရန်ကုန်၊
(၂၃) နေမင်းနွယ် *သူတို့အတွက် နားခိုရာ* ၊စစ်ကိုင်း၊
(၂၄) နေမင်းနွယ် *ကမ္ဘာမြေထု သက်သေပြုလို့* ၊စစ်ကိုင်း၊

*အေးမြတ်မြတ်ချို ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လှကြာစမ်း ဗျာတို့ လွတ်လပ်တယ်...

**ဆူးငှက်**

အမှတ် ၃၁၄၊ ဇန်နဝါရီ ၂၀၁၆

ရုပ်စုံမဂ္ဂဇင်း

အ ခန်း ဆက် ဝ တ္ထု ရှည်

၁။

'ရွှေတညာ...၊
ဖျော်ဖြေဘွဲ့ကြော့ မြန်မြေချာဝယ်...၊
လွှန်သာတွေလို့ ဖန်ရွှေစာငယ်၊
မှုရာပိုဖွဲ့၊ ဆိုယောင်မှား...'

ရွှေတညာအလွှမ်းဘွဲ့ ယိုးဒယားကို တီးခတ်နေသည့် သူ့လက်သံက မြန်မာသီချင်းကြီး အရိုးအသားကို ကျွမ်းကျင်နိုင်နင်းခဲ့ကြောင်း သိသာနေသည်။ ရှေးဆရာ့ဆရာကြီးတွေလို လက်ညှိုး တစ်ချောင်းတည်းနှင့် ပတ္တလားတီးခတ်တာမျိုး မဟုတ်ဘဲ လက်ဆယ်ချောင်း အတို့အခတ်လေးတွေ မသိသာ ပါသည်။ သို့ပေသည့် မူရင်းအသံကို



www.burmeseclassic.com

www.burmeseclassic.com

မထိခိုက်စေလိုတာကြောင့် အဖိအဖော့လေးတွေကို သတိထားနေ၏။ သူ့ဆရာက စန္ဒရား ဆရာရိုက်။ စန္ဒရား ဆရာရိုက်ဆိုတာ အခု ဆိုင်းတန်း နေပြည်တော်အသံထွက် ရုပ်ရှင်ရုံတီးဝိုင်းက ခေါင်းဆောင်ဆရာ။ မဟာဂီတသီချင်းကြီးတွေကျွမ်းကျင်နှံ့စပ်သူ။ သူက ဆရာရိုက်၏လက်ထောက်။ ရုပ်ရှင်တီးဝိုင်းမှာ တစ်နေ့ ခုနစ်ကျပ်ရပေမင့် သူက တစ်ပြားမှမရသည့် အခုအပျော်တမ်း တီးဝိုင်းမှာပဲ ပျော်သည်။ ဒါ့ကြောင့်ခုနစ်ကျပ်စား လက်ထောက် စန္ဒရားဆရာရာထူး စွန့်ပြီး ဒီမှာနေသည်။ နေသည်ဆိုတာက နေ့မှာပင်မဟုတ်။ သူ့အာစရိအလုပ်လောဘကြီးသလောက် ဖွဲ့နပဲကပ်လိုက်နိုင်သူမို့ အိမ်မှာပဲစား၊ အိမ်မှာပဲ အိပ်သည်။

ဟော… အခုလည်း တစ်နေ့လုံး တီးမှုတ် တီးလုံးတိုက်နေတာကိုပဲ ဓာတ်မီးများ ထွန်းချိန်၊ နားကြပြီ အောက်မေ့တာ။ မှိန်ပျပျ မီးရောင်အောက် သူ့အာစရိ တကုပ်ကုပ် ရေးချွတ်နေတာ ဘေးက ဆေးလိပ်တဖွာဖွာနှင့် အလိုက်တသိ စောင့်နေကတည်းက သူတို့လုပ်ငန်း လက်စမသတ်သေးမှန်း သတိထားမိသည်။ ဒါဆိုရင် အဘကို ထမင်းစား မခေါ်နဲ့ဦး။ သားသမီးတွေက အဘ၊ ဘဘလို့ အညာဓလေ့အတိုင်း ခေါ်ကြတဲ့၊ သူ အပါအဝင် တီးဝိုင်းအဖွဲ့သားအားလုံးက အာစရိဒါမှမဟုတ် မာစတာလို့ ခေါ်ကြတဲ့ ဖခင်ဖြစ်သူက သူ့အလုပ်ချာန်ဝင်နေချိန် ထမင်းစားခေါ်တာပင် မကြိုက်။ ထင်သည့်အတိုင်းပါပဲလေ။ ၄၀ ဝပ် မီးလုံးမှိန်မှိန် အလင်းရောင်အောက်တကုပ်ကုပ် ရေးချွတ်နေတဲ့ စာရွက်လေးကိုကိုင်ပြီး အဘထ,လိုက်တာနှင့် သူက ဆေးလိပ်လေး ပြာခံခွက်ထဲ ထိုးထည့်ပြီး စန္ဒရားခုံ ထိုင်သည်။ ထိုင့်ပုံက သူ့ဟန်ပန်အတိုင်းခပ်စောင်းစောင်း၊ ဒီလိုခပ်စောင်းစောင်း အနေအထားနှင့်စန္ဒရားခလုတ်တွေကို ငုံ့ကြည့်နေသည်။ စာရွက်လေး ကိုင်ရင်းအဘက သူ့နေရာ ခုတင်ကြီးပေါ် တင်ပါးလွှဲထိုင်ကာ နှာရိုးပေါ် လျှောကျလာသည့် မျက်မှန်ကို မ,တင်ကာ…

'အေးမောင်… ရွှေတညာ လုပ်စမ်းကွာ'ဟု အပြော၊ ခေါင်းလေး ဆတ်ခနဲညိတ်၍ သွယ်လျလျနှင့် တော်ပြေရှည်သော လက်ချောင်းများက စန္ဒရားခလုတ်တွေပေါ် ဝဲပျံကျသွားပုံမှာ နူညက်သော စန္ဒရားသံထွက်လာလို့သာ သူ့လက်တွေနှင့်စန္ဒရားခလုတ် ထိတွေ့သွားမှန်း သိရလောက်အောင် သိမ်မွေ့နေသည်။ သူ့အာစရိ ခိုင်းလာတာနှင့်ပြေးသွားသောလက်ကွက်တွေက အတောမသတ်။

*'စံစံပယ်၊ သည်ဝယ်သာခု*
*ညာညီရွှယ်၊ ဘုံလယ်ဘွေယ်မှာ*
*စံစံပယ်၊ သည်ဝယ်သာခု*
*ညာညီရွှယ်၊ ဘုံလယ်ဘွေယ်မှာ…'*

ဒီတော့ အဘက စန္ဒရားခုံဘေးသို့ ခုတင်ပေါ်မှဆင်း၍ တိုးကပ်ရင်း… 'နေဦး၊ နေဦး…အေးမောင်ရ၊ အစကပြန်တီးဦး'ဟု ခိုင်းမှ စန္ဒရားလက်ကွက်ပေါ်က လက်ကိုရုပ်ပြီး ခဏနားကာ ခေါင်းလေးကိုငဲ့ပြီး ခပ်ဖွဖွလေး ပြန်တို့သည်။

*'ရွှေတညာ… ဖျော်ဖြေဘွေကြော့၊*
*မြန်မြေချာဝယ်၊ လွှန်သာတွေလို့*
*ဖန်ရွှေစာငယ်…၊ မူရာပိုဖွဲ့*
*ဆိုယောင်မှား…'*

သူ့နှုတ်က သီချင်းစာသားကို ဖွဖွရွရွ ရွတ်သည်။ ထို့နောက် စ,တီးသော ပထမအပိုဒ်ကို ထပ်ကျော့သည်။ သူ့အာစရိ အဘက ခေါင်းလေးညိတ်၍ 'ဆိုယောင်မှား'၏ နောက်ဆုံးအလုံး 'ဒေါင်'ကို မချမီ၊ လက်ထဲက စာရွက်လေးကိုသူ့ရှေ့ထိုးပေးရင်း 'ဒါလေး…ဆက်တီး'ဟုခိုင်းသည်။ သူကခေါင်းဆတ်ပြသည်။ ထို့နောက် ပဲတီပင်ပေါက်လေးတွေ ယိမ်းကနေသလို ညီညွတ်လှပ၊ အချိုးကျ မြင့်တက်၊ နိမ့်သက် လှိုင်းပမာသော ဂီတသင်္ကေတတွေကိုကြည့်ရင်း စောစောက လက်ညှိုးကိုသာ အားပြုကာ ကျန်လက်ရှစ်ချောင်းက ဟန်မျှပြပြီးမထိတထိဖြစ်ရာက လက်ဆယ်ချောင်းစလုံး ပိုင်နိုင်စွာ လှုပ်ရှားတီးခတ်တော့သည်။ အဘက မျက်မှန်အောက်ရှိ စူးရှသောသူ့မျက်လုံးတွေကို မီးမှိန်မှိန်မှာပင် ဂီတသင်္ကေတတွေဆီတောက်တောက်ပပ ပို့လွှတ်သည်။

ဒီတစ်ခါ စန္ဒရားသံက စောစောကနှင့် မတူ။ စောစောကဂန္ထဝင်ဟန် မြန်မာဆန်ဆန်။ အခု အဖိ အဖော့ အဖွ အပြေးတွေနှင့် ဂျပ်ဇ်တေးသွား…။ ဆက်တီး၊ ဆက်တီးဟူသော အဘအသံကို ခေါင်းဆတ်နာခံရင်း နောက်တစ်ပိုဒ် ကျော့ပြန်တော့မြန်မာအသွားနှင့် ဂျပ်ဇ်အသွား အပြန်အလှန် ရက်ဖောက်သွား။

သီချင်းတေးသွား ဆုံးသွားပြန်တော့ အဘက 'ရွှေတညာပထမပိုဒ်စတီးပြီး ဒါဆက်တီး၊ နောက်တစ်ခေါက်ကွာ'လို့ဆိုတော့ သူလိုက်နာသည်။ နှစ်ခေါက်…၊ သုံးခေါက်…။

'နားကြဦးစို့၊ မနက် မောင်ဘသင်တို့လာမှ ဝိုင်းစုံလေးလုပ်လိုက်ကြရအောင်'ဆိုမှ အဘကို ထမင်းစားခေါ်ဝံ့သည်။ အဘက သူ့ခုတင်ခေါင်းရင်းက ဆေးပေါ့လိပ်တိုလေး မီးညှိရင်း 'အေးမောင်…တစ်ခါတည်း စားသွား'ဟု ဆိုတော့တပည့်ဖြစ်သူက 'အာစရိ…ကျွန်တော် အောင်ခိုင်နဲ့မှ စားမယ်'ဟု ဆိုကာ အိမ်ပြင်ထွက်၏။

ခပ်လှမ်းလှမ်း ဘူတာရုံဆီက မီးရထားတွဲ ရှန့်တိန့်လုပ်သံမှလွဲပြီး ဒီနေ့ည လူခြေတိတ်နေသည်။ အနောက်နားတစ်ပြအကွာလောက်က ပါရမောင့်ရုံဘက်ဆီက မြင်းရထားသံနှင့် လူသံအချို့ ခပ်သဲ့သဲ့ကြားရ၏။ အဘကို ထမင်းခူးပေးပြီး 'မောင်အောင်ခိုင်နဲ့ မောင်အေးမောင်၊ ညဉ့်မနက်ကြစေနဲ့နော်။ ခေတ်ကြီးက ကောင်းတာမဟုတ်ဘူး'ဟု လှမ်းသတိပေးသည်။

အမေသန်း ဘုရားဝတ်တက်ပြီးလို့ အမျှဝေကာ ထုလိုက်သော ကြေးစည်သံလေးက တဝေဝေလွင့်ပျံလာသည်။

❑

၂။

'မိတ္ထီလာကို ကရင်သိမ်းပြီ…



www.burmeseclassic.com

www.burmeseclassic.com

မေမြို့ကလည်း ကရင့်လက် ကျလုလုဖြစ်နေပြီတဲ့…’

သည်နေ့မနက် တရုတ်တန်းနှင့် ၂၈ လမ်းထောင့်က လင်းရောင်ခြည်ကဖေးမှာ တိုင်းချစ်သတင်းစာကို အလု အယက်ဖတ်ကြရင်း ကြားရသည့်သတင်းတွေ အလန့်တကြား ပြောကြသည်။ ကိုအေးမောင်နှင့်လိုက်လာသော မောင်အောင်ခိုင်က သည်သတင်းကို သူ့အဘနှင့် အမေသန်းဆီ ပြန်ပြောမယ်ဟုဆိုကာ အိမ်သို့ ပြန်ပြေးသည်။ လူကြီးတွေက မောင်အောင်ခိုင်ကို ‘ဟေ့…အာစရိကို ချက်ချင်းမပြောနဲ့နော်၊ အမေသန်းကိုပဲ တိုးတိုးပြောပြ’ဟု လှမ်းမှာနေ၏။ မိတ္ထီလာမှာက အမေသန်း မိဘများ၊ မောင်နှမများ ရှိသည်။

သည်သတင်းကိုတော့ မနက်တိုင် လက်ဖက်ရည်ဆိုင်မှာ သတင်းစာဖတ်ရင်း ခေတ်ကို မျက်ခြည်မပြတ်သော လူငယ်တွေအဖို့ မျှော်လင့်ထားမိကြပြီသား။ သို့သော် သည်လောက်မြန်မယ်တော့ မထင်မိ။ လွတ်လပ်ရေးရပြီးခါမှ မကြာခင် အချင်းချင်း သဘောထားကွဲလွဲမှုက ဖုံးမရဖိမရ။ မနှစ်က မတ်လ ၂၈ ရက်မှာပဲ ကွန်မြူနစ်က တောခိုသတဲ့။ ဖမ်းသတဲ့ ဆီးသတဲ့။ ဟော…တစ်နှစ်မှ မပြည့်မီ သည်နှစ် ဖေဖော်ဝါရီ ရှိသေး၊ ကေအင်ဒီအို ကရင်တွေရဲ့ လှုပ်ရှားမှုက မြန်ဆန်လာသည်။ ရန်ကုန်မှာက မငြိမ်သက်တာ ကြာပြီ။ သည်အထက်ပိုင်းထိ မငြိမ်သက်မှု မြန်မြန်ကူးစက်လာမည် မထင်။ လက်ဖက်ရည်ဆိုင်မှာ သည်နေ့မှ လူစုံနေသည်။ လူစုံတက်စုံ လာကြတာက အာစရိက သူ့အိမ်မှာ သီချင်းတိုက်ဖို့ ခေါ်ထား၍ ဖြစ်သည်။ ကိုတင်မောင်က အစောဆုံး ဈေးကားနှင့် မြစ်သားက လာသည်။ သူက ပြန်မှာမဟုတ်။ တရုတ်တန်း ကိုအေးမောင်အိမ်မှာ တစ်ပတ်လောက် နေဦးမှာတဲ့။ ဂေါ်ချီဟုခေါ်သော ကိုချိုကြီးကလည်း စက်ဘီးလေးနှင့် ရောက်လာသည်။ ကိုသိန်းတန်က ကုသိနာရုံဘုရားအနီး ရှမ်းစုဘက်က လာသည်။ ကျောက်မဲက ကိုဘမောင်ကလည်း ပြီးခဲ့သည့် ဥပုသ်ကတည်းက ရောက်နေပြီး သင်္ကြန်ပြီးမှ ပြန်မတဲ့။

အာစရိအိမ်မှာ အိမ်တော်ရာ ကိုအေးမောင်နှင့် မောင်ကံတို့က တွေ့ရာ ခေါင်းထိုးအိပ်ပြီး နေသည်။ ဆိုက်ဂိုက်များသော ကိုဘသင်ကတော့ ဓားတန်းအုပ်စုနှင့်မှ လာမည်ထင်သည်။ လောလောဆယ် အိမ်တော်ရာ ကိုအေးမောင်ကတော့ အာစရိလက်စွဲ။ သူက ဆိုင်းတန်းနေပြည်တော် အသံထွက် ရုပ်ရှင်ရုံတီးဝိုင်းက ထွက်လာပြီးကတည်းက မပြန်တော့။ ဓားတန်းကိုသန့်နှင့် အာစရိဆီမှာ စန္ဒရားကို စနစ်တကျ ပြန်တက်သည်။ သူ့ကို စချင်ပြောင်ချင်သူတွေက မျက်လုံးတစ်ဖက်သာ အားကောင်းရှာသောကြောင့် ‘တိမ်တစ်လုံး အေးမောင်’လို့ ခေါ်သူခေါ်၊ ‘ရွှဲအေးမောင်’ဟု ခေါ်သူကခေါ်၊ ‘ချောက်အေးမောင်’ဟု ခေါ်သူခေါ်ပေါ့။ သို့သော် စန္ဒရားကို လက်ဆယ်ချောင်းနှင့် တီးခတ်ရာတွင် ကျွမ်းကျင်လှတာမို့ မြှောက်ချင်သည့်အခါ ‘ကော့အေးမောင်’ဟုခေါ်ကာ အာပတ်ဖြေကြသည်။

ခဏနေတော့ ဓားတန်းက ကိုဘဒင်တို့၊ ကိုဘငွေတို့၊ သံဖြူတန်း ကိုလှဒင်တို့နှင့်အတူ ကိုဘသင် ရောက်လာသည်။ သူက ထုံးစံအတိုင်း ဆံပင်ကို ဘယ်ရီကလိန်းနှင့် အပိဖိုးပြီး အကွက်စိပ် ဟာဝေယံရှပ်ကို အပြင်ထုတ်ဝတ်ကာ ခဲသားရင့်ရောင် ဘောင်းဘီတိုနှင့်မို့ ဘိုကပြားတစ်ယောက်အလား အောက်မေ့ရသည်။ သူတို့လာတော့ သတင်းက ပိုစုံလာသည်။ မြို့ထဲမှာလည်း ‘စီ၊ ဒီ၊ စီ’ အဖွဲ့တွေ ဖွဲ့နေပြီတဲ့ဟု ဆိုကြသည်။ ဂေါ်ချီခေါ် ကိုချိုကြီးက ‘စီဒီစီ’ဆိုတာ ဘာလဲဟု မေးသောအခါ ကိုဘသင်က ပိုလိုစီးကရက်ကို ဟန်ပါပါခဲရင်း…‘အူပဲ့ ဂေါ်ချီရာ၊ City Defence Committee ပေါ့ကွ’ဟု ဘိုသံပီပီနှင့် ပြန်ဖြေသည်။ မြစ်သားကိုတင်မောင်က ‘မြို့ပြ ကာကွယ်ရေး ကော်မတီလေဗျာ’ဟု ဝင်ထောက်သည်။ ပြောကြဆိုကြရင်း ကိုဘသက် ရောက်လာသည်။ သူက အဖွဲ့ထဲမှာ အသက်အကြီးဆုံး။ အရင်ကတော့ သည်နားက ရှေ့တော်ပြေးဝင်းထဲမှာ နေသော်လည်း စစ်ကြီးပြီးကတည်းက မဟာသကျသီဟဘုရား မြောက်မုခ်အနီး ပြောင်းရွှေ့နေထိုင်သည်။ သူက ဘူတာသို့ ကုန်လာပို့သော မြင်းလှည်းအကြုံနှင့် လိုက်လာတာဟု ဆိုသည်။ ကိုဘသက်က ခရီးရောက်မဆိုက်…

‘ကိုကိုတို့ အာစရိက သီချင်းတိုက်မယ်ဆိုတာ အသစ်လားကွဲ့’ဟု မေးသည်။ ကိုဘသက်က သူ့ထက် ဘယ်လောက် ငယ်ပါစေ တစ်ဖက်သားကို ‘ကိုကို’ဟုပဲ ခေါ်ဆိုသုံးနှုန်း၏။ လက်ဖက်ရည်ဆိုင် စားပွဲခုံကို လက်ချောင်းလေးတွေနှင့် စန္ဒရားတီးသလို လှုပ်ရှားနေရင်း အိမ်တော်ရာ ကိုအေးမောင်က ‘ဟုတ်တယ် ဘကြီးသက်၊ ရွှေတညာယိုးဒယားနဲ့စတဲ့ သီချင်းလေ’ဟု ဖြေသည်။ ကိုဘသက်က ‘သြော်…အိမ်း…၊ အိမ်း၊ ကိုကို့နှယ် အဲဒါ သီချင်းသစ်မှ မဟုတ်မင့်ဟာ။ တို့များ နေသူရိန်ရုံပွဲတုန်းက မောင်သိန်းတန်ဆိုတဲ့ သီချင်းပဲဟာ၊ ဘာတဲ့…’ဟု ပြောရင်း စဉ်းစားတော့ လက်ဖက်ရည်ခွက်ကို မ,ရင်းတန်းလန်း ကိုသိန်းတန်က…‘လှကြစမ်းဗျာတို့ လွတ်လပ်တယ်’ဟု သံနေသံထားနှင့် ဆိုပြသည်။

ကိုဘသက်က အိမ်တော်ရာကိုအေးမောင်ဘက် လှည့်ပြီး…

‘အေးလေကွယ်…။ ကိုကို မမှတ်မိဘူးလား။ မှတ်မှတ်ရရ တို့များ စစ်ကိုင်းတောင်က ပြန်လာတဲ့နှစ် ၁၉၄၅ခုနှစ် မဟုတ်လား။ ဒီဇင်ဘာလကုန် ချမ်းချမ်းစီးစီး’ (ကိုဘသင်က ဒီဇင်ဘာ၂၉ ရက်လေ ဘကြီးသက်ဟု ဝင်ထောက်သည်။)။ ကိုဘသက်က ရေနွေးကြမ်းတစ်ခွက် ငှဲ့ရင်း ‘အဲ့ဒီတုန်းက ကိုဖူးအုံ့က ဗိုန်းမောင်းသံနဲ့ အိုလံပစ်သီချင်းဆိုတော့ ဟန်ရေးပြရတဲ့ စစ်ကိုင်းက ကိုလှမောင်နဲ့ ကိုဘသိန်းတို့များ ဆောင်းတွင်းကြီး ပုဆိုးခါးတောင်းကျိုက်ပြီး အပေါ်ပိုင်း တုံးလုံးချွတ်နဲ့ ချွေးများထွက်လို့’ဟု တသောသောရယ်ရင်း ပြောသည်။

ကိုအေးမောင်က ‘ဟာ ဘကြီးသက်ကလည်း အဲဒါ ရှေ့ပိုင်း ကရဝိက်သမြူးဇစ်အဖွဲ့ရဲ့ ဧည့်ခံတွေလေ။ ကျွန်တော် မတီးရတော့ ပွဲခင်းပြင်ဘက် ဈေးတန်းထဲ ရောက်နေတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က နောက်ပိုင်း ခရီးသည်ကြီး ပြဇာတ်ရောက်မှ ညှင်းသွဲ့သွဲ့ တီးဝိုင်းနဲ့ ဇာတ်ပို့တီးနေရတာ'ဟု သတိတရပြောသည်။ ဆက်ပြီး ကိုအေးမောင်က 'အာစရိ မနေ့ကပြောတာ အရင်ကတော့ ဝိုင်းကမစုံတော့ စကိုးလ်အတိုင်းပဲ တီးကြတာ။ အခု အဲယားရော၊ စထရင်းတွေရောအတွက် အရိမ့်လုပ်ထားတာတဲ့'ဟု ဆိုသောအခါ ကိုဘဒင်က 'မောင်အေးမောင်ရယ် တစ်ဝိုင်းလုံး တံတွေးတွေ စဉ်ကုန်ပါပြီကွယ်'ဟု သောသည်။

အားလုံး ရယ်ကြပြီးသောအခါ ကိုဘငွေက 'ကိုင်း ကိုင်း…အာစရိရှေ့မရောက်ခင် စောစောက သတင်းလေးတွေ ဆက်ကြဦးစို့'ဟု ဆိုကာ တစ်ဝိုင်းလုံး ကြည့်ပြီး 'ဟော့… မောင်အေးမောင်တို့၊ မောင်ချိုကြီးတို့ မင်းတို့အာစရိရှေ့မှာ စစ်သတင်းတွေ မပြောမိစေနဲ့ဦးနော်။ ဒီမှာတင် ပြီးစီးအောင် ပြောပြီး လက်စသတ်ကြ'ဟု လှမ်းပြောသည်။ ကိုတင်မောင်က…'ကိုဘသင်ရဲ့၊ စောစောကပြောတဲ့ စီဒီစီဆိုတဲ့အကြောင်း ပြောပါဦးဗျ'ဟုဆိုသည်။ ကိုဘသက်က ရေနွေးကြမ်းတစ်ခွက် ထပ်ငှဲ့ကာ…'သြော…၊ အိမ်း…၊ အိမ်း…။ တို့များ ဝါးတန်းဘက်လည်း မနက်က အဲဒီအဖွဲ့ ဖွဲ့ကြသတဲ့။ မြို့ပြကာကွယ်ရေးအဖွဲ့တဲ့။ ဈေးချိုက အကျိုးဆောင်အဖွဲ့တွေရယ်၊ မြို့မိမြို့ဖတွေရယ်၊ ကျောင်းသားတွေရယ် ပါကြဆိုလား'ဟု ပြောတော့ ကိုလှဒင်က 'ဟုတ်သဗျ ကိုဘသက်ရ။ ကျုပ်တို့သံဖြူတန်းက ဈေးအကျိုးဆောင်တွေကို မြူနီစီပယ် လူကြီးတွေက ဖွဲ့ခိုင်းတာ။ သူတို့ ဦးဆောင်မှုအောက် ဖွဲ့ရမှာတဲ့'ဟု ဝင်ထောက်သည်။

တရုတ်တန်း လမ်းမပေါ်မှာတော့ ကုန်တင်မြင်းလှည်းနှင့် ကုန်ရုံသို့ ကုန်တိုက်ပို့လာကြသော နွားလှည်းတွေ ပုံမှန်မပျက် သွားလာဆဲဖြစ်သည်။ လက်ဖက်ရည်ဆိုင်ထဲ ပါဆယ်လာဆွဲသော လူငယ်လူလတ် တချို့က ကိုဘသက်တို့ စကားဝိုင်းဆီ ငဲ့စောင်းကြည့်ကာ နားစွင့်သည်။ အရှေ့နား တစ်ပြခန့် အကွာရှိ သန္တွန ဟိန္ဒူဘုရားကျောင်းဆီက ဘုရားချော့ ကြေးနရီထိုးမောင်းသံတွေကြားနေရ၏။ တစ်ခါတစ်ရံ ထိုဘုရားကျောင်းဆီသို့ မင်္ဂလာဦး လာရောက်ကန်တော့ကြသော မင်္ဂလာအခမ်းအနား၏ ဘင်ခရာသံတွေလည်း ကြားရတတ်သည်။ အခုတလော လမ်းမတွေပေါ် ခေါင်းလောင်းဘဲလ်သံ တတင်တင်နှင့် ဦးခေါင်းလုံးလုံး ဆိုက်ကားတွေလည်း တွေ့ရ၏။

တရုတ်တန်းလမ်းမပေါ်မှ ၂၈ လမ်းဘက် ချိုးသွားသော ဆိုက်ကားတစ်စင်းကို ကြည့်ရင်း ကိုဘသက်က 'သြော…၊ အိမ်း…၊ အိမ်း…၊ ထောင့်သုံးရာပြည့် အရေးတော်ပုံက အင်္ဂလိပ်ခေတ်ရထားတွေကို အပြုတ်တိုက်နိုင်ပြီး တို့ဗမာများလုပ်ကိုင်စားသောက်စရာ ဆိုက်ကားဆိုတာ ပေါ်လာတာတော့ ကောင်းသကွဲ့။ သို့ပေသည့် တိုင်းပြည် မငြိမ်မသက်ဖြစ်တော့ တောသားတွေ တော်တော်များများ ဘေးလွတ်လိုလွတ်ငြား မြို့ပေါ်ဖြစ်သလို တဲထိုးနေကြရင်း ခပ်လွယ်လွယ် ဆိုက်ကားနင်းစားကြတော့ အန္တရာယ်တော့ အများသားကွဲ့။ မနေ့ကပဲ တို့များ ကျောက်သွေးတန်းက ရွှေမောင်းတိုက်ရှေ့မှာ ဆိုက်ကားက ဂျစ်ကားရှေ့ အတင်းဝင်ဖြတ်လို့ တိုက်ကြပါလေရောလား။ တို့တော့ စီးဝံ့ပေါင်ကွယ်'ဟု ပြောသည်။ ကိုဘငွေက သက်ပြင်းရှည်ကြီးချပြီး၊ 'ဒုက္ခရောက်ကြပြီ၊ အင်း…၊ စစ်ကြီးမှာလည်း တစ်မြို့လုံး စိစိညက်ညက်ကြေပြီး ဒုက္ခရောက်ကြပြီ။ စစ်ကြီးကြောင့် ကျုပ်တို့မင်းသမီး မမြရင်လည်း ဆုံးခဲ့ပြီ။ ရွှာစား စိန်ဗေဒါကြီးလည်း စစ်ကြီးမှာ ဆေးဝါးမရှိလို့ ရောဂါကျွမ်းပြီး ဆုံးရပြန်ပြီ။ စစ်ကြီးအတွင်း ပင်ပန်းဆင်းရဲခံ နိုင်ငံရေးလုပ်လို့ ယွန်းတန်းက ဦးမှင်သား မောင်ဗဟိန်းလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးခဲ့ရပြီ။ စစ်ကြီးပြီးလို့ အေးပြီလားအောက်မေ့ရတယ်။ မလိုတမာနဲ့ ယုတ်မာပက်စက်ကြလို့ ဗိုလ်ချုပ်တို့၊ ဆရာကြီးရာဇက်တို့ အာဇာနည် ၉ ဦးလည်း ဆုံးရပြန်ပြီ။ လွတ်လပ်ရေး ရပြန်တော့လည်း မကြာပါဘူး ကွဲကြပြိုကြပြန် လို့ ပစ်ကြခတ်ကြ၊ ဖမ်းကြ ဆီးကြ၊ ပြေးကြလွှားကြ။ လာပြန်ပြီ ဒီစစ်။ သခင်ကိုယ်တော်မှိုင်းကြီးလည်း သူ့တပည့်တွေ မနိုင်တော့ဘူး ထင်ပါ့'ဟု ညည်းပြော ပြောသည်။ အားလုံးက ငြိမ်သက်သွားသည်။

စကားဝိုင်းကောင်းနေဆဲ မောင်အောင်ခိုင်တစ်ယောက် လက်ဖက်ရည်ဆိုင်သို့ ခပ်သုတ်သုတ် ရောက်လာပြန်၏။ အားလုံးက မောင်အောင်ခိုင်ကို 'ဘာလဲ၊ မင်းဖားသားကြီး တို့များအာစရိက ခေါ်ခိုင်းလိုက်လို့လား'ဟု မေးတော့ 'ဟုတ်ဘူးဗျ၊ အဘက ရေးတုန်း ချွတ်တုန်း။ ကျုပ်ကိုတောင်မှ အိမ်မှာ စာအုပ်နဲ့ခဲတံ ကုန်သွားလို့ ဈေးချိုတိုက်တန်းကြီးက ဦးစမူသား ကိုစုဆိုင်ကို စက်ဘီးနဲ့လွှတ်ပြီး ဝယ်ခိုင်းသေးတယ်'ဟု အမောတကော ဖြေသည်။ ကိုဘသက်က 'ကိုကိုရယ် ဈေးချိုဘက်သွားမှန်းသိရင် ၂၈ လမ်း ကြက်တိုက်ကမျက်ကြည်လင်း မျက်စဉ်းဆေးလေး မှာလိုက်သေးသပ'ဟု ဆိုသည်။ အိမ်တော်ရာအေးမောင် အနားကပ်၍ ဝင်ထိုင်ရင်း မောင်အောင်ခိုင်က 'အရေးကြီးတာ ပြောမလို့ဗျ၊ အမေသန်းကို မိတ္ထီလာအကြောင်း တိုးတိုးပြောပြလိုက်တယ်'ဟု ဆိုတော့ 'အေး… အမေသန်းက ဘာပြောလဲ'ဟု မေးကြရပြန်သည်။

မောင်အောင်ခိုင်က သွားနှုတ်ခမ်းလေးစုပြီး လက်ညှိုးလေးနှင့် တား၍ 'အမေသန်းက မှာလိုက်တယ်။ မောင်အေးမောင်တို့ ပြောလိုက်၊ မင်းတို့အာစရိရှေ့မှာ မပြောရစ်ကြနဲ့တဲ့။ ပြီးတော့ အမေသန်းက ဈေးချိုသွား ဆိုင်ဖွင့်ခါနီး ဘိုးရိပ်ကို ဘီစကွတ်တွေပေးရင်း ပြောသေးတယ်။ ငါက ကိုဘရင်အတွက် ပူတာ၊ ကိုဘရင်ရော မိတ္ထီလာမှာ ရှိလားမသိဘူး။ ကိုကိုသက်တော့ သိမှာလို့ တစ်ယောက်တည်း ပြောနေသဗျ'ဟု ခပ်တိုးတိုး ဆိုသည်။ အားလုံးလိုလိုက အမေသန်းပြောသော ကိုဘရင်ဆိုတာ မသိ၊ မကြားဖူး။ ဒါကြောင့် ကိုဘသက်ကို လှမ်းကြည့်ကြသည်။ ကိုဘသက်က ပခုံးဖက် ဆတ်ခနဲ ကျုံ့သွားကာ 'မောင်အောင်ခိုင်၊ ကိုဖိုးရ… မင်းကို အရေးကြီးတာ ပြောမလို့ မေ့သွားတာ။ စိတ်တိုလိုက်



www.burmeseclassic.com

www.burmeseclassic.com

မြို့ဂုဏ်ရောင်ရုံမှာ တစ်လိမ်နှစ်လိမ် ပြနေပြီလား။ မင်းသိလား မောင်တင်မောင် ခင်နှင်းရီလေ'ဟု ဆိုတော့ 'အဲဒါတော့ သိဘူးဗျ။ မစိုးရိမ်မှာ ကုလားကားအသစ် လဲပြီ။ ၁၂ နာရီပွဲ သွားကြည့်မှာ'ဟု ခပ်သွက်သွက် ပြန်ပြောသည်။ ကိုဘသက်က 'ကိုင်း… ကိုင်း… ငွေရှင်းရအောင် ခေါ်ပါကွယ်။ ကိုကိုတို့အာစရိလည်း စောင့်နေရော့မယ်။ တို့များ သွားကြဦးစို့'ဟု ပြောကာ ဘေးက စားပွဲပေါ်တင်ထားသည့် အိန္ဒိယဖြစ် သူ့တယောကို ယူသည်။ ကိုဘသင်က လက်ဖက်ရည်ဖိုး ကျသင့်ငွေရှင်းပြီး နဂါးဆေးပေါ့လိပ် ၁၀ လိပ်ကို သူ့အာစရိအတွက် ယူခဲ့သည်။ ကိုသိန်းတန်က လက်ကျန်လက်ဖက်ရည်ဖင်ကပ်ကို ဝွတ်ခနဲ မော့သောက်ပြီး 'လှကြစမ်းဗျာတို့ လွတ်လပ်တယ်'ဟု မေးရိုက် မေးဝဲသံနှင့် သီဆိုကာ ရှေ့မှခပ်သွက်သွက် ထွက်သွားတော့သည်။

❑

၃။

'ဟဲ့…မတင်ကြည်လေး၊ ကလေးတွေကို ပဲလှော်ကြော်လေး သုပ်ကျွေးပါဟဲ့။ ကြက်သွန်လေးနဲ့ ပူဒီနာလေးလည်း ထည့်ဦး'

အိပ်ခန်းထဲရှိ ဘေးမကြီးက အိမ်ထဲလှသံသူသံ ကြားတာနှင့် လှမ်းအော်သည်။ ဘေးကြီးနှင့် ဘေးမကြီးက အသက် ၉၀ ကျော်ပြီ။ အဘက သူ့မြေး။ သူ့မြေးကို ချစ်လိုက်ပုံများ အသက် ၄၀ အရွယ်ကို ကလေးလေးဟု ထင်ဆဲ။ သူ့မြေး၏ အပေါင်းအသင်းများ အိမ်မှာစုပြီး တီးကြမှုတ်ကြလျှင် ဘေးကြီးရော ဘေးမကြီးရောက ပီတိဖြစ်လို့မဆုံး။ သြော်… ဟုတ်ရှာပေမည်။ သူ့မြေးကလည်း လူမမည်အရွယ်က မအေဆုံးတော့ သမက်မုဆိုးဖိုနှင့် မိတဆိုး ကျန်ရစ်ကတည်းက အဘိုးအဘွားပဲ အဖေအမေနေရာမှာ မြေးကို သားလို စောင့်ရှောက်ကြသည်။ သည်ကြားထဲ မြေး၏အဖေ သူတို့သမက်နောက်အိုးအိမ် ထူပြန်တော့ မြေးလေးကိုပဲ ရင်ခွင်ပိုက်မလွှတ် ခေါ်ထားလိုက်သည်။ သည်တုန်းက မြေးက နှစ်ယောက်။ မကြာမီ မြေးအငယ်က ၁၃ နှစ်သားမှာပင် ဆုံးပြန်သည်။ ထို့ကြောင့် တစ်ဦးတည်း ကျန်ရစ်သော အခု မြေးကို အလိုလိုက်သည်။ စက်ဘီးဆို စက်ဘီး၊ မယ်ဒလင်ဆို မယ်ဒလင်၊ ဘင်ဂျိုဆို ဘင်ဂျို၊ ဆရာကြီး ဦးရာဇတ်၏ ဗဟိုအမျိုးသားကျောင်းမှာ ကျောင်းထားပေးသော်လည်း သူတို့မြေးက ဂီတကိုပဲ ဝါသနာပါနေသည်။

အရင်ကတော့ သူတို့မြေးကို အလိုလိုက်နိုင်တာပေါ့။ တရုတ်တန်းနောက်ဖေး ရှေ့တော်ပြေးဝင်းမြောက်ပေါက်၊ ၂၈ လမ်းပေါ်က အစ်ခွက် ယွန်းထည်ကုန်သည် ဦးရိပ်၊ ဒေါ်လေး ဆိုရင် တစ်မြို့လုံး မသိသူမရှိ။ ဈေးချို အယ်လ်ရုံထဲမှာလည်း ယွန်းထည်ဆိုင်ကြီး ဖွင့်ထားသည်။ မဦးဆိုသော သမီးလေး တစ်ယောက်ပဲ ထွန်းကားပြီး ပန်းထိမ်ဆရာ ကိုညီနှင့် အိမ်ထောင်ကျသည်။ ကိုညီနှင့်မဦးက သားနှစ်ယောက် ထွန်းကားပြီး သားတွေအရွယ်မရောက်မီ မဦးက ဆုံး၏။ ဒါကြောင့် အဘိုးအဘွားကပဲ တာဝန်ယူသည်။ မကြာမီ မြေးအငယ်ဆုံးသည်။ မြေးအကြီးက အဘိုးအဘွားအသည်းပေါ့။ လိုလေသေးမရှိ။ ကြွယ်ဝသော ဥစ္စာစနေတွေမှန်သမျှ တစ်ဦးတည်းသော မြေးအတွက်ပဲ ရည်ရွယ်ခဲ့သည်။ မြေးလေးက ထူးချွန်သည်။ သူထူးချွန်ပုံက အဆန်း။ ကျောင်းစာအပေါ် ဟုတ်တိပတ်တိ စိတ်မဝင်စားပေမင့် ဗဟုသုတအရာ သူက နှံ့စပ်သည်။ အတန်းကြီးများနှင့် ယှဉ်ပြောနိုင်သည်။ အထူးသဖြင့် ဂီတနှင့် ပတ်သက်လျှင်မူ အိမ်နီးချင်းဖြစ်သော ရွှာစားကြီး စိန်ဗေဒါကပင် ချီးကျူး အသိမှတ်ပြုသည်။ အဘိုးအဘွားက မြေးကို စိတ်မချ။ အဘိုးအဘွား လက်ငုတ်စီးပွားရေးကိုပဲ တစ်စိုက်မတ်မတ် ဖောက်ချစေချင်သည်။ မြေးက စိတ်မဝင်စား။ ဆိုလိုက်တီးလိုက်၊ ရေးလိုက်ချွတ်လိုက်၊ ဖတ်လိုက်မှတ်လိုက်။ ဒါကြောင့် အရွယ်ရောက်တာနှင့် မိတ္ထီလာက ကျောင်းလာတက်သော ဆရာဖြစ်သင်ကျောင်းသူ မသန်းနှင့် အိမ်ထောင်ရက်သား ချထားပေးခဲ့သည်။ စီးပွားထူထောင်ပေးခဲ့သည်။

ဒါပေသိ ဇနီးဖြစ်သူကိုပဲ ဈေးချိုထဲက ဆိုင်ကို ဈေးလိုက်ပို့ပြီးတာနှင့် သူတို့မြေးက ထုံးစံအတိုင်း ဆိုလိုက်တီးလိုက်၊ ရေးလိုက် ချွတ်လိုက်၊ ဖတ်လိုက် မှတ်လိုက်။ ဒီလိုနှင့် သားသမီးတွေသာ ပွားစီးလာတာ၊ သူ့ဝါသနာ မစွန့်။ အဘိုးနှင့် အဘွားလုပ်သူက မငြိုငြင်။ မြေးအနှစ်မို့ မြေးသာမက မြေးအပေါင်းသင်းတွေထိ အလိုလိုက်သည်။ အိမ်မှာ စားလိုက်ကြ၊ သောက်လိုက်ကြ၊ ဝင်လိုက်ကြ ထွက်လိုက်ကြ တရုန်းရုန်း။ သြော်…အဘိုးအဘွား ဥစ္စာပစ္စည်းရှိတုန်း အိမ်ကြီးရခိုင်ဖြစ်တုန်းတော့ ကိစ္စမရှိ၊ မသိသာ။ စစ်ကြီးကြောင့် အရင်က အိမ်ကြီး မီးလောင်ပြာကျပြီး အခု မြေစိုက်အိမ်လေးပဲ အစားထိုးနိုင်သည်။ စီးပွားရေးလည်း ပျက်ပြီး အဘိုးအဘွားက အသက်ကြီးတော့ အရင်လို မရှာဖွေနိုင်တော့။ ရှိပစ္စည်းတွေပဲ ထုခွဲရောင်းချ စားသောက်နေကြရတာ ကုန်ပြီ။

အခုလည်း ကြည့်လေ။ ဘေးမကြီးက အသက် ၉၀ အရွယ် အိပ်ရာထဲပေမင့် သူ့မြေး အပေါင်းအသင်း တပည့်တပန်းလေး အသံကြားတာနှင့် ကျွေးချင် မွေးချင်နေသည်။ ပဲလှော်ကြမ်းလေး သုပ်ဦးတဲ့။ ဒါတောင် အိမ်မှာ ဟောလစ်၊ မိုင်လို၊ ကော်ဖီတွေ မရှိတော့တာ သိလို့သာ။ နို့မို့ ဟောလစ်ဖျော်ဦး၊ ကော်ဖီလေး မိုင်လိုလေး ဖျော်တိုက်ဦးနှင့် ဧည့်ဝတ်ကျေချင်သေးသည်။ ဘေးမကြီးသာမဟုတ် သူ့မြေး အဘကလည်း ဘာထူးမှာလဲ။ အိမ်မှာ ရှိသလား မရှိသလား မသိ။ သမီးရေ… မတင်ကြည်ရေ… ဘာလေးလုပ်လိုက်ဦး၊ ဘာလေး ဝယ်လိုက်ပါဦးနှင့် ခိုင်းတတ်သည်။ အမေသန်းနှင့် အမေနှင့်သမီး ခေါင်းချင်းဆိုင်ပြီး သိမ်းဆည်း ခန့်ခွဲထားရသည့် ငွေစလေးတွေထဲက အဆင်ပြေအောင် အဘ စိတ်ချမ်းသာအောင် စီစဉ်ရသည်။ ပြီးခဲ့သည့် အဖိတ်နေ့ကပဲ ကြည့်လေ။ အဘက သူတို့အသင်းတိုက်ကအပြန် အိမ်ရောက်တာနှင့် 'ပဲ



www.burmeseclassic.com

www.burmeseclassic.com




မတင်ကြည်ရေ၊ ညည်းတို့ဈေးဖိုးထဲက အဘကို ၈ ကျပ်ပေးစမ်း။ စီလမ်း ဝိုက်အဝေးတိုက်မှာ 'ငှက်'ဆိုတဲ့ စာအုပ်တွေ့တာ ဝယ်ချင်လို့'ဟု ဆိုတော့ 'အဘ ဈေးဖိုးက တစ်ဆယ်ပဲ ကျန်တော့တာနော်'ဟု ပြန်ပြောမိသည်။ '၈ ကျပ်သာ ပေးပါအေ၊ ညည်းတို့ဈေးဖိုးက ၂ ကျပ်ဆို လောက်တာပဲ'တဲ့။ အဘက အဲ့သည်လို။ (ထို ငှက်ဆိုသော စာအုပ်ထဲက အချက်အလက်တွေနှင့် *မန်ဒါလီ* ဟူသည့်သီချင်းကို စစ်ကြီးမတိုင်မီက လေဘာတီ မမြရင်အတွက် ရေးစပ်ပေးခဲ့တာ မှတ်မိနေသည်။) *(ပုံ-၁နှင့် ပုံ-၂)*

မနှစ်ကလည်း ဘာထူးမှာလဲ။ အမေသန်းက အိမ်လေးကတ်သစ်မိုးဖို့ စုထားတဲ့ ငွေထဲက အဘရယ်လေ စာတိုက်တန်းဘက်က ဘုန်းကြီးတွေထိုင်တဲ့ ခုံလိုမျိုး ခုံကြီးတစ်လုံး ငွေနှစ်ဆယ်နဲ့ ဝယ်လာပြီး အိမ်ကို မနိုင်မနင်း ထမ်းလာတာ။ အိမ်ရောက်တာနဲ့ မောကြီးပန်းကြီး ခုံကြီးချပြီး၊ ဟဲ့ တင်ကြည်၊ တင်ရီ၊ မအေး၊ အောင်ခိုင်တို့ လာကြစမ်း။ အငယ်တွေရောခေါ်ခဲ့ဆိုပြီး ဟောဒီခုံကို ကြည့်ကြ။ ခုံဆိုတာ ထိုင်ဖို့ မဟုတ်လား။ ထိုင်မယ့်ခုံမှာ အောက်က ခြေလေးချောင်းက အဓိက ကျတယ်။ ဒီ အောက်ခြေတွေ တောင့်တင်းမှ၊ ခိုင်မှ၊ မြဲ စရွေးကောင်းမှ၊ ခုံက ခိုင်မှာမဟုတ်လား။ ဒီခုံကိုကြည့်ကြစမ်း ထိုင်ရမယ့် နေရာက အကျယ်ကြီး။ ဒါပေမဲ့ အောက်က ခြေလေးချောင်းက ခနော်ခနဲ့ သေးသေးလေး။ အလွန်ရှိလှ နှ ပတ်လည်သာသာပေါ့။ အရေးကြီးတဲ့ နေရာကိုတော့ တော သလို လျော့သလိုလုပ်ထားပြီး လက်တင်မယ့် နေရာမှာ ခြောက်တစ်ပြားကြီး နှစ်ပြားထပ်ပြီး အခံ့အညား လုပ်ထား လိုက်တော့ အဲလို အဆင်မပြေတာမျိုး မဖြစ်ပေ့စေနဲ့။ ဒါကို သားတို့ သမီးတို့ပြချင်လို့ အဘ ဝယ်လာတာ တဲ့။ အဘက အဲ့လို ထူးဆန်းသည်။ သည်မြေးနှင့် သည်အဘိုးအဘွား စီးပွားရေး အဆင်ပြေသည့်အချိန်ကတော့ အံကိုက်ပေ ဒါပေသိ အဘကို အသက် ၉၀ အရွယ် သူ့အဘိုးအဘွားတွေ ချစ်တာထက်၊ အမေသန်းရော သားသမီးတွေကရော ချစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၈)၊ အဋ္ဌဝီ ဗိလမ်းကာ
ဓိုက်အဝေး ကုန်တိုက်

သည်။ သည်တော့ အာဘအပေါင်းအသင်း၊ တပည့်တပန်းတွေအတွက် အိမ်မှာ ရှိတာလေးတွေနှင့် ပဲလှော်ကြော်သုပ်လေး စီစဉ်ပေးရမည်။

အိပ်ခန်းလေးထဲ အာဘခုတင်ကြီးပေါ် စုထိုင်ကြပြီး ကိုအေးမောင်က စန္ဒရားခုံမှာထိုင်၊ မောင်ကံက တယောထိုး၊ ကိုဘသင်က ဒဘယ်ဗေ့တီး၊ ကိုသိန်းတန်က သီချင်းဆို၊ ကျန်သူတွေက ဆိုက်ဆိုဖုန်း၊ ကလယ်ရီနက်၊ ထရန်ပက်၊ ထရန်ဘုန်းများနှင့် သီချင်းတစ်ပုဒ်ကို ဆိုလို့တီးလို့။ ဒီလိုကျတော့ ပျော်စရာပါပေ။ ပဲလှော်ကြော်သုပ်ရင်း သီချင်းသံထဲမှာ နားစွင့်မျောဝင်သွား၊ အာဘ၏ ထူးဆန်းသည့် စာသားတွေကိုလည်း သတိထားမိ။

*'အမောက်ကလေး ကွေးကောက်*
*ရှေ့နောက် ထုံးတယ်*
*အဟုတ်အမြင် မဆုံးပေါင်၊ ဗမာလုံမယ်၊*
*ဟိုးရှေးခေတ်ဝယ်၊ သုံးဆယ်ထုံးတယ်*



ပုံ(၂)

*ကျွမ်းပြုခဲ့တယ်၊ ရဝေရှင်မယ်...' တဲ့။*

❑

၄။

*'ယဉ်တစ်ကိုယ်၊ ပါးကျပ်တိုပဲ*
*ဆိုးလက်သည်း၊ လက်သည်း*
*ရဲ...နီမြန်း၊ နီမြန်း...*
*ပန်းနွယ်ကော့သွယ်၊*
*စင်အောင် နှုတ်လို့သာပေး*
*ရေး...မင်ရေး...၊ မင်ရေး*
*ကွေး... ကောက်ကွေး မျက်ခုံး သုံးရက်လနှယ်...*
*အမကြီးတို့ရဲ့ နေ့ဥရုပ်*
*ကြံဖန်ထင်သလို၊ လှကြစမ်းဗျာတို့ လွတ်လပ်တယ်...'*

မနေ့ကတော့ တီးလုံးတီးကွက်ကိုပဲ အဓိကထား၍ တိုက်သည်။ အထူးသဖြင့် အိမ်တော်ရာ အေးမောင်၏ စန္ဒရား၊ ဂျပ်စ်ဒယ်ဘယ်လ်ဘော့စ် ကိုဘသင်၊ ဆိုက်ဆိုဖုန်း မြစ်သားကိုတင်မောင်၊ ကလယ်ရီနက်စမောလ် သိန်းမောင်၊ တယောမောင်ကံ၊ ဆလိုက်ဆိုက်ဆို ချိုကြီးနှင့် တာပလာ ကိုလှဒင်တို့က တေးသွားနှင့် တူရိယာ အဝင်အထွက်တို့ကို တိုက်သည်။ အာစရိက တယော၊ တယောလတ်၊ တယောကြီးတို့ အုပ်စုနှင့် အားဖြည့်လိုသည်။ တီးလုံးတိုက်နေစဉ်အတွင်း အာစရိမျက်လုံးများက မှော်လင့်ချက်တစ်ခုစီအထိ တွေးဆရောက်ရှိ စိတ်ကူးနေတာ မျက်ဝန်းလက်လက်များက ပြနေ၏။ ကိုဘသင်တစ်ယောက် လင်းရောင်ခြည်ကဖေးက ယူလာသော နဂါးဆေးပေါ့လိပ်တွေမှာ အာစရိတစ်ယောက်တည်းနှင့် ကုန်လုပြီ။ တစ်ခါတစ်ရံ ဆေးလိပ်မီး ငြိမ်းနေတာကိုပင် သတိမထားမိဘဲ ကောက်ဖွာနေပြီး နောက်မှ မီးမပါမှန်း သတိရကာ သူ့ ရိုတင်စင် ဓာတ်မီးခြစ်နှင့် မီးကောက်ညှိသည်။

သီချင်း၏ ပထမပိုဒ်မှာက ရွှေတညာယိုးဒယား၏ နရီအသွားမှာ ကိုအေးမောင်၏ ပီပြင်သော လက်ကွက်နှင့် ကိုလှဒင်၏ တာပလာ အဆို့အပိတ်များက ခံညားနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယပိုဒ် ရောက်တာနှင့် ဂျပ်စ်အသွားဝင်လာကာ ကိုဘသင်၏ ဒယ်ဘယ်လ်ဖေ့၊ ကိုအေးမောင်၏ ကော့ဒ်များနှင့် ဘိုဆန်သွက်လက်လာသည်။ နောက်အပိုဒ်ကျ စုံစည်းလေးနှင့် မြန်မာဆန်လာပြန်ရော။ ဒီအပိုဒ်လေး၏ မြန်မာသံတွေမှာ ကိုဘသက်က ပတ္တလားလေးနှင့် ဝင်ဆော့ချင်တယ်ဟု ဆိုသည်။

'အိမ်း…၊ ဒီအပိုဒ်မှာ ဝါးပတ္တလား အကွက်ကျဲလေးနဲ့ ဆော့ကြည့်လိုက်ရအောင်'ဟု ညီလို တပည့်လို ဖြစ်နေသော အာစရိကို လှမ်းပြောတော့ အာစရိက ဆေးလိပ်မီးခိုးတွေကြားက စူးရှရှအကြည့်နှင့် သဘောကျ နှစ်ခြိုက်ကြောင်း ခေါင်းညိတ်ပြသည်။

နောက်ဆုံးအပိုဒ်မှာက ဘိုသွားနှင့် မြန်မာသွား အရောအယှက် လေး။ တီးလုံးတေးသွားတိုက်တာ အတော်အသားကျသွားမှ အာစရိက သူ့လက်စွဲ အဆိုတော် ကိုသိန်းတန်ကို စာသားပေးကာ သီဆိုစေသည်။ တီးလုံးက နားစွဲသွားပြီမို့ ကိုသိန်းတန်၏ အဆိုက သိပ်မခဲယဉ်းတော့။ စကားလုံးအဖြတ်အတောက်လေး တချို့ပဲ အာစရိကပြင်သည်။ အာစရိက ကိုသိန်းတန်ကို 'မောင်သိန်းတန် အရတော့ တက်ထားကွ၊ ပြီးမှ မောင်ဗစိန်ကို ပြန်တက်ပေးလိုက်။ ဒီသီချင်းက သူ့နဲ့မှ ပိုလိုက်တာ'ဟု ပြောသည်။

'ကိုင်း… အေး…၊ အေး…၊ ဒီနေ့တော့ တော်လောက်ပါပြီ။ လောလောဆယ် ကာလကြီးက ကောင်းတာ မဟုတ်တော့ ဆိုတီးနေကြလို့ မဖြစ်သေးဘူး။ နောက်များမှ ကိုသန့်နဲ့ ညှိပြီး အသင်းတိုက်မှာ ဝိုင်းနဲ့တိုက်ကြတာပေါ့။ တယောတွေ လိုသေးတယ်။ တယောကော့တက် တစ်ဖွဲ့လောက် လိုတယ်။ ကိုင်းပါ၊ နောက်များမှပေါ့'ဟု အာစရိပြောတော့ ခေတ်ကာလ အခြေအနေပေါ် အသိမပေးခဲ့ကြပေမင့် အာစရိက အမြဲ နားမျက်စိ ဖွင့်ထားတာမို့ သူ့ကို ဘယ်သူမှ ဖုံးထားဖိထားလို့ မရဘူးဆိုတဲ့သဘော အချင်းချင်းကြည့်မိကြသည်။ ကိုယ့်တူရိယာပစ္စည်းလေးတွေ ကိုယ်သိမ်းဆည်း၍ ပြန်ကြမယ်ပြင်တော့ 'ဟော…၊ ပြန်ကြမှာလား၊ ဒီက ပဲလှော်ကြော်လေး သုပ်မလို့'ဟု လှမ်းပြောနေသည့် အာစရိ သမီးကြီးကို 'နေ…နေ… မတင်ကြည်ရေ..၊ ရပြီ၊ ရပြီ…။ ပြန်ကြမှာ မလုပ်နဲ့တော့'ဟု ကိုဘသင်က လှမ်းပြောသည်။

လူငယ်များက သွက်သွက်လက်လက်နှင့် ထွက်သွားကြတော့မှ အာစရိက တယောကို အိတ်ထဲထည့်နေသော ကိုဘသက် နားကပ်ပြီး 'ကောင်လေးတွေ ပြန်ပါစေ။ နေရစ်ပါဦး၊ ဒီမှာ ထမင်းစားပါ။ တိုင်ပင်စရာရှိလို့'ဟု တိုးတိုးပြောသည်။ ကိုဘသက်က 'ဩော…၊ အိမ်း…၊ အိမ်း…'ဟု ခေါင်းညိတ်ကာ ဆေးလိပ်လေးကောက်၍ မီးညှိသည်။ အာစရိ သမီးကြီးက မီးဖိုထဲကနေ သူ့အဘကို လှမ်းကြည့်သည်။ အတွင်းခန်းထဲက ဘေးကြီး ဘိုးရိပ်က ချောင်းသံပေးရင်း သူ့မြစ်ဆီ အကြမ်းအိုး လှမ်းတောင်းသည်။ ဘေးမကြီးဒေါ်လေးက 'အသံမကြားကြတော့ဘူး၊ ကလေးတွေပြန်သွားကြပြီလား'ဟု လှမ်းမေးသည်။ မြစ်မ မတင်ကြည်က 'ပြန်ကြပြီ၊ ဘကြီးသက်တော့ ရှိသေးတယ်' ဟု ဆိုတော့ 'ထမင်းစားသွား မောင်ဘသက်'ဟု လှမ်းပြောနေသည်။ ကိုဘသက် မကြားတော့။

မြစ်မလေး မတင်ကြည်က 'အဘနဲ့ နှစ်ယောက်သား အပြင်ထွက်သွားကြပြီ။ လင်းရောင်ခြည် သွားကြတာနေမှာ' ဟု သူ့ဘေးမကြီးကို လှမ်းပြောနေသည်။ ၂၈ လမ်းပေါ်က ဖြတ်သွားသော ဘူတာပြန် မြင်းလှည်းတစ်စီးပေါ်က အချင်းချင်း အပြန်အလှန် ဆူဆူညံညံ ပြောသွားကြသော စကားသံတွေထဲမှာ မေမြို့ကို ကရင်က သိမ်းသွားပြီဆိုတာ ပီပီသသကြားလိုက်ရသည်။ မတင်ကြည်က သူ့ဘေးကြီးအတွက် ရေနွေးကြမ်း ဖောက်ပေးရင်း လမ်းဘက်လှမ်းကြည့်မိသည်။ သူ့အဘတို့ဘေးမှာ မြင်းလှည်းဖြတ်သွားတာမို့ ကြားမှာလေလား စိုးရိမ်စိတ်တွေ ပိုသည်။ စောစောကတော့ အိမ်မှာ လူစုံတက်စုံ သူတို့အာစရိနှင့် ဆိုကြ၊ တီးကြမို့ ထိုကိစ္စမေ့ပျောက်သယောင် ရှိသော်လည်း အခု စိုးရိမ်မှု ပိုရပြန်သည်။ မနက်ကလည်း အမေသန်းက ဈေးမသွားမီ ချီတုံချတုံ။ ဈေးချိုထဲမှာလည်း ဈေးထွက်ကြသူတွေ နည်းကုန်ပြီ။ ဆိုင်ပိတ်ပြီး အိမ်မှာပဲနေကြ၊ အခြေအနေ စောင့်ကြည့်နေကြသူ များသတဲ့။ အရောင်းအဝယ်က မဖြစ်တော့သလောက် ပျက်နေပြီတဲ့။ အဘနှင့် အိမ်က အဘိုးကြီး အဘွားကြီးတွေကိုလည်း စိတ်မချဘူးတဲ့။ လူကြီးတွေ မျက်စိမျက်နှာ ပျက်နေကြတာ ရိပ်မိကြလို့လားမသိ။ မောင်တွေ၊ ညီမတွေက အိမ်နောက်မှာ မနက်ကတည်းက အရုပ်ပုံတွေဆွဲကာ ငြိမ်နေကြသည်။ ထမင်းဆာပြီဟုပင် မပူဆာကြသေး။ မောင်အောင်ခိုင်က သူ့အစ်မတွေ၊ သူ့ညီတွေကို စက်သေနတ်ပုံတွေ၊ အမြောက်ပုံ၊ လေယာဉ်ပုံတွေ ဆွဲပြနေတာတဲ့။

❑

လင်းရောင်ခြည် ကဖေးရောက်တော့ အာစရိက ဆေးလိပ်ချည်း ဖွာနေသည်။ တစ်စုံတစ်ရာ စဉ်းစားနေပုံမျိုး။ ကိုဘသက်က သူ့ညီလို၊ တပည့်လို ဖြစ်နေသော အာစရိကို 'နေကောင်းရဲ့လား၊ ကိုကို ပြောချင်တာ ရှိတယ်ဆို'ဟု သတိပေးမှ အာစရိက အတွေးက ပြန်ရောက်လာပုံရသည်။ ထို့နောက် ရှေ့မှ လက်ဖက်ရည်ခွက်ကို မ၍ တစ်ငုံသောက်ပြီး…

'ကရင်က အနီးစခန်း လေယာဉ်ကွင်းကနေ မေမြို့သိမ်းပြီဆိုတော့ စစ်မျက်နှာက ဒီတစ်ဖက် မဟုတ်ဘူးဗျ။ (အကြမ်းပန်းကန်ထဲက ရေနွေးကြမ်းလက်ကျန်ကို လက်ညှိုးလေးနှင့် တို့၍ စားပွဲပေါ်ရေးပြသည်) ဟောဒါက မန္တလေး။ စစ်ဌာနချုပ်က နန်းတွင်းထဲမှာ ရှိတာ။ မန္တလေးသိမ်းဖို့အတွက် မေမြို့က စစ်ကူမလာနိုင်အောင် ဖြတ်ထားရမှာ။ တစ်ပြိုင်နက်နောက်ထပ် အရေးပါတဲ့ မန္တလေးအောက်က မိတ္ထီလာလို စစ်တပ်ရှိတဲ့ မြို့ကို သိမ်းပြီးမှ အပေါ်အောက် ညှပ်တိုက်လို့ရမှာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ ဒါကြောင့် မနေ့ကတည်းက မိတ္ထီလာကို လက်ဦးယူထားတာဗျ'ဟု မြေပုံဆွဲပြရင်း ပြောတော့ ကိုဘသက် အံ့အားသင့်နေသည်။

ကိုဘသက်က 'ဪ... အိမ်း အိမ်း...၊ ကိုကိုက သိပြီးပြီကိုး'ဟုပဲ ပြောသည်။ အာစရိက နှုတ်ခမ်းတွန့်ရုံ ပြုံးကာ 'ဪ... မသိလို့ မဖြစ်ဘူးလေ။ ပုန်းနေတာကိုရှာမှ အဓိပ္ပာယ်ရှိမှာပေါ့ဗျ။ ဒီတစ်ခါ အရင်ကလို မိုးပေါ်က လာစရာတော့ မရှိဘူး။ မြေပေါ်ကပဲ လာမှာဆိုတော့ မြစ်လည်းကူးလာနိုင်တာပေါ့ဗျာ'ဟု ဆက်ပြော၏။ ကိုဘသက်က အာစရိကို ပြုံး၍ကြည့်ရင်း စိတ်ထဲက သူ့ကို ဘာမှ ဖုံးဖိထားလို့မရ၊ အကင်းပါးတယ်ဟု သုံးသပ်နေသည်။ အာစရိရှေ့က လက်ဖက်ရည်ခွက်မှာ အေး၍ပင် အပေါ်လွှာခန်းနေပြီ။ ဒီလိုဖွယ်ဖွယ်ရာရာပြောပြီး အာစရိအသံ ဆိတ်သွားပြန်သည်။ ဆေးလိပ်တိုတစ်ချက်နှစ်ချက်ဖွာ၏။ အတန်ကြာမှ 'မောင်ဘရင်မန္တလေးရောက်နေပြီ'ဟု တိုးတိုးလေးပြောတော့ ကိုဘသက်မှာ နဖူးကြောတွေ ထောင်သွားမတတ် အံ့အားသင့်သွားသည်။ 'အလိုကွယ်၊ ဟုတ်ပါ့မလား၊ ကိုကို့ကို ဘယ်သူပြောပါလိမ့်' ဟု ကိုဘသက်က မယုံသလို တအံ့တသြ မေးသည်။ အာစရိက လက်ဖက်ရည်ခွက်ကို ခပ်တွေတွေ စိုက်ကြည့်ပြီး 'ဟုတ်တယ်၊ မနှစ်က မိတ္ထီလာကနေ ရှောင်နေပြီး ထီးလှိုင်ဘက်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ပုန်းနေတာ။ ပြီးခဲ့တဲ့ ဥပုသ်ထွက်က အဲဒီဘက်လည်း အခြေအနေမကောင်းတော့ ရွာဘုန်းကြီးက အလှူအတွက် ဈေးချိုတိုက်တန်းကြီးက ဖွာဇူလာနန်ကျိ ပန်းကန်ဆိုင်ကို ဈေးလာဝယ်တုန်း ကပ်လိုက်လာပြီး ရှောင်ထွက်လာတာ။ ဒါနဲ့ ခင်မကန်တိုက်က ဦးနန္ဒိယကျောင်းကို ပို့ထားလိုက်တယ်။ မသန်းကိုတောင် အသိမပေးဘူး'ဟု တိုးတိုးတိတ်တိတ်ပြောသည်။ ကိုဘသက်က သက်ပြင်းချသည်။ 'ဪ... မသန်းကဖြင့် သူ့အိမ်သား မသိအောင် သားသမီးတွေရော၊ အပေါင်းအသင်းတွေရော ဖုံးလိုက်ဖိလိုက်ရတာ။ သူကလည်း သူ့ဇနီးမသိရအောင် စိတ်မဆင်းရဲရအောင် သိုလိုက်ဝှက်လိုက်ရတာ'ဟူ၍ တွေးမိရင်း စိတ်မကောင်းဖြစ်ကာ ဆေးပေါ့လိပ်ချည်း တွန်းဖွာနေတော့သည်။

နှစ်ဦးသားမှာ လက်ဖက်ရည်ခွက်တွေကိုယ်စီ ရှေ့မှာချပြီး ကိုယ့်အတွေးနှင့်ကိုယ် နှုတ်ဆိတ်နေကြ၏။ အတန်မျှ နှုတ်ဆိတ်နေမှုကို စတင်ဖောက်ဖျက်လိုက်သူက ကိုဘသက်ဖြစ်သည်။

'ဪ အိမ်း...၊ မောင်ဘရင်က ခင်မကန်တိုက်မှာဆိုတော့ ပိုက်ကျုံးမှာရှိတဲ့ သူ့ရဲဘော်တွေနဲ့ အချိတ်အဆက်ရှိကြမှာပေါ့'ဟူသော စကားကို အာစရိက တွေးတွေးဆဆဖြင့် 'မရှိကြတော့ဘူးလေ။ မနှစ်ကတည်းက သွားကြပြီ။ တချို့က တံတားဦးဘက်၊ တချို့ မုံရွာ အရာတော်ဘက်၊ တချို့လည်း မတ္တရာဘက်။ ဒါပေမဲ့ အခုလို အစိုးရ အလုပ်ရှုပ်နေတဲ့ အချိန်ဆိုတော့ သူတို့အချင်းချင်း ပြန်ဆက်သွယ်မိကြမှာ။ အင်း...

ကာလကြီး ပျက်နေပုံက ဘယ်တော့များမှ အေးအေးဆေးဆေးရှိပါ့မလဲ မသိပါဘူးဗျာ။ အလုပ်လေး လုပ်မယ်ကြံလိုက်ကာလပျက်လိုက်နဲ့၊ သမင်မွေးရင်း ကျားစားရင်းပါပဲ'ဟု ပြောသည်။ ကိုဘသက်က စိတ်ပျက်သည့်အမူအရာဖြင့် ကျွတ်ခနဲတစ်ချက် စုတ်သပ်ကာ ခေါင်းယမ်းနေသည်။ လက်ဖက်ရည်ဆိုင်ထောင့် စားပွဲမှာ ထိုင်နေကြသည့် စာတိုက်တန်းဘက်က လူငယ်အုပ်စုက အနီးစခန်း၊ ကျောက်တောင်၊ ဘုရားတောင်၊ ချင်းချောင်းတောင်ဘက်တွေမှာ တိုက်ပွဲတွေ ပြင်းထန်နေပုံ ပြောရင်း ငြင်းခုံနေကြသည်။

ဒီကနေ့ မြို့ထဲမှာတော့ သိသိသာသာ ထူးခြားနေသည်။ အားလုံးလိုလိုက အန္တရာယ်တစ်ခုအတွက် စိုးရိမ်စိတ်ဖြင့် ရင်ဆိုင်ကြရန် ပြင်ဆင်နေကြပုံမျိုး ဖြစ်သည်။ လက်ဖက်ရည်ဆိုင်အတွင်း နောက်မှ ဝင်လာသော လူငယ်တစ်ဦးက ဈေးချိုမှာ ဆိုင်တွေပိတ်နေကြသည်ဟု ဆို၏။ တရုတ်တန်း လမ်းမကြီးပေါ်မှာတော့ အခါတိုင်း ရက်တွေကထက် အသွားအလာပိုများသလို ထင်ရသည်။ အားလုံးက ပြေးပြေးလွှားလွှား၊ သွက်သွက်လက်လက်။ မြင်းခြံဘက်မှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်တဲ့။ ဒီနေ့ ဂေါဝိန်မှာ ပြည်ကူးတို့ ဆိုက်တော့ ပြောနေကြတယ် ဟူသော သတင်းစကားကိုလည်း လမ်းပေါ်က ချယ်ဂါရီ ဆွဲသွားသည့် ဂါလီဝါလားတွေ အချင်းချင်း ပြောသွားကြ၏။ ခဏနေတော့ ဆိုင်သို့ မောင်အောင်နိုင်လိုက်လာသည်။ သူ့အဘကို စိတ်မချလို့ဖြစ်မည်။ မောင်အောင်နိုင်က ကိုဘသက်ဘေးသို့ ခုံလေးဆွဲကာ ယူထိုင်ပြီး မမတင်ကြည်တို့ ဈေးချိုလိုက်သွားကြတယ်ဟု မပွင့်တပွင့်ပြော၏။

အာစရိကတော့ ဆေးလိပ်လေးဖွာရင်း အေးတိအေးစက်။ သူက မြစ်အင်္ကျီလက်ပေါ်ကျလာသည့် ဆေးလိပ်မီးဖွားတွေ ခါချရင်း အပေါ်ရည်တင်းနေသော အေးစက်စက် လက်ဖက်ရည်ကို တစ်ငုံ သောက်သည်။ အခုဖြင့် စောစောက စကားတွေ သူပြောခဲ့ပါလေသလား အောက်မေ့ရလောက်အောင် အာရုံပြောင်းနေပုံမျိုး။ ဘူတာထဲက ကုန်တွဲတွေ ဆွဲသွားသည့် ရေနွေးငွေ့ စက်ခေါင်းတစ်လုံးက အသံအက်အက်ဖြင့် ဥသြဆွဲသည်။ ကိုဘသက်က အာစရိကို ခပ်ငေးငေးကြည့်ရင်း...

'ကိုကို့ သားကြီး မောင်မောင့်ကို ပြန်လွှတ်လိုက်ရမလား'ဟု မေးတော့၊ 'အခု သူ့ကို ဘာခိုင်းထားလဲဗျ'ဟု အာစရိက မေးခွန်းဖြင့် တုံ့ပြန်၏။ 'ရေငယ်ဘုန်းကြီးကျောင်းက အပ်ထားတဲ့ ဓမ္မစကြာ ဟောတော်မူခန်း ပန်းချီကားကို ဆေးဖြည့်ခိုင်းထားတယ်။ ဒီနှစ်သင်္ကြန်မှာ ရေသဘင်ကားတွေ လက်ခံပြီး သူ့ခိုင်းမလားလို့ အောက်မေ့ထားတာ။ သင်္ကြန်မှ ဖြစ်ပါဦးမလား မသိဘူး'ဟု ညည်းပြောပြောရင်း ကိုဘသက်က မီးသေနေသော ဆေးလိပ်ကို မီးညှိသည်။ မောင်အောင်နိုင်က 'ကျွန်တော် အိမ်ပြန်ဦးမယ်။ အိမ်မှာ လူမရှိဘူး'ဟုဆိုကာ လှစ်ခနဲ ပြန်ထွက်သွားပြန်သည်။ သူ့ဘေးမကြီးကခိုင်းလို့ သူ့အဘကို လာကြည့်တာ နေမှာပေါ့။ အာစရိက သူ့သားကို

www.burmeseclassic.com

'အေး…ပြန်နှင့်။ တို့နှစ်ယောက် ခဏနေမှ ပြန်လာမယ်။ အဘိုးနဲ့ အဘွားကို ထမင်းကျွေးထားဦး'ဟု လှမ်းမှာသည်။ ထို့နောက် ကိုဘသက်ဘက်လှည့်ပြီး…

'မောင်မောင့်ကိုတော့ ခေါ်ထားဦးဗျာ။ အိမ်က စစ်လမ်းကြောင်းကျတော့ ခင်မကန်တိုက်ထဲ ရွှေ့မလား၊ အနောက်ပြင် စကုတိုက်ထဲ ပြောင်းရမလား စဉ်းစားနေတာ။ ဒီတစ်ခါတော့ ဝါးချက် မင်းရွာအထိ မပြေးရလောက်ပါဘူး'ဟုပြောတော့ 'သြော… မပြေးရလောက်ပါဘူးကွယ်' ဟု ကိုဘသက်က တွေးတွေးဆဆ ပြောသည်။ အရှေ့ဘက် မင်္ဂလာတံခါးဆီမှ လော်ရီကားကြီးတွေ ခပ်ပြင်းပြင်း မောင်းသွားသံတွေ ဆူဆူညံညံကြားလိုက်ရ၏။

❑

၅။

*'ဝါရွှေညိုနီ…၊ ဟိုအနောက်တိုင်းဆီဝယ်…*
*ပလက်တီနမ်ဘလွှန်း…၊ ရောင်စုံခြယ်၊*
*မြန်မာလုံမယ်…၊ မင်ညိုပိတုန်း ရောင်ခြယ်*
*သွယ်သွယ်ပျော့ပျောင်း…၊ ယဉ်ကေဆံသီနွယ်…'*

ဓားတန်းဝင်း၊ မြို့မတိုက်အတွင်း၌ အိမ်တော်ရာ ကိုအေးမောင်နှင့် ကိုဘသင်ကို ကိုသန့်က သူ့အကော်ဒီယံဖြင့် တေးသွားကော့ဒ် အတွဲအစပ်များကို ပြန်တက်ပေးနေသည်။ အနားမှာ ကိုသိန်းတန်က ကိုဗစိန်ကို သီချင်းသွား ချပေးနေ၏။ ပထမအပိုဒ် မြန်မာသံ ရွှေတညာအသွားနှင့် ယခုအပိုဒ် အကူးစည်းဝါး ချောမွေ့စေဖို့ သူတို့အာစရိ ၂၈ လမ်းအိမ်မှာ ချပေးခဲ့တာကို သေချာ ပြန်လေ့ကျင့်နေကြရသည်။ ကိုသန့်၏ အကော်ဒီယံ အရှုံ့အရှိုက်၊ အဖြတ်အတောက်များကြောင့် ဘိုသွားက ပို၍ လှပကြွတက်လာသည်။

*'အနက်ရောင်တစ်မျိုးနဲ့ ဒွိမယ်*
*ဒေါက်ချာမြင်းမိုရ် ကြီးငယ်၊*
*အိုးစည် ခေတ်မီသုံးတယ်…၊*
*ဗျာပါဆံကေသွယ်…၊ ဆောင်ဆောင်ဖွေထဲ ဆီဝယ်*
*စွန်တောင်ကိုဆွဲ၊ မှုယာတော်တွေကြွယ်…'*

သီချင်းကတော့ အတော်ညက်နေပြီ။ ဒါပေမင့် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာသော အခြေအနေကြောင့် စိတ်သွားတိုင်း ကိုယ်မပါ။ စိုးရိမ်ဗျာပါရ များနေကြ၏။ သူတို့ အာစရိအတွက်လည်း ပူပင်နေကြသည်။ အမေသန်းကတော့ တစ်နေ့ကပဲ ပြောင်းဖို့ရွှေ့ဖို့ ပြင်နေပြီတဲ့။ ကိုသန့်တို့ကတော့ ဝင်းထဲကတိုက်မှာပဲ နေကြမှာတဲ့။ ဘာပဲပြောပြော ဓားတန်းဝင်းက လုံခြုံသည်။ အာစရိအိမ်မှာ ညဥ့်အိပ်ညဥ့်နေ အိမ်သားလိုဖြစ်နေသည့် ကိုအေးမောင်က အာစရိတို့ ပြောင်းလျှင် သူ့မိဘအိမ်ဖြစ်သော အိမ်တော်ရာ အရှေ့မြောက်ထောင့် ပေပင်လက်ကြားကို ပြန်ပြောင်းမည်။

မနက်လင်းတာနှင့် တရုတ်တန်း ၂၈ လမ်း အာစရိတို့အိမ်မှာစုချင်စု၊ ဒါမှမဟုတ် ဓားတန်းဝင်း အလင်းတိုက်မှာစုဖြစ်နေတာမို့ ဒီနေ့လည်း မြို့ထဲ ရုတ်ရုတ်သဲသဲ ဖြစ်နေသော်လည်း အချိန်တန်တော့ စုမိကြခြင်းဖြစ်သည်။ စုမိကြတာနှင့် သတင်းလေးတွေ ဖလှယ်ကြ၊ ပြောကြဆိုကြ၊ ငြင်းကြ ခုံကြပြီးတာနှင့် စန္ဒရားခုံ ထိုင်သူထိုင်၊ တယောပြား မေးအောက်ညှပ်သူညှပ်၊ ဆိုက်ဆိုဖုန်း လျှာခင်တပ်သူတပ်၊ ဗုံ… ပတ်စာကပ်သူကပ်နှင့် မဆိုရမတီးရ မနေနိုင်ကြတော့ တိုက်လက်စသီချင်းကိုပဲ အာရုံ စုစည်းမိသွားကြခြင်း ဖြစ်၏။ ကိုသန့်က သီချင်းတိုက်ပြီးတော့ အကော်ဒီယံကို ပခုံးပေါ်မှ ဖြုတ်ပြီး 'မောင်အေးမောင် တို့အာစရိက ဒီသီချင်းကို ဆီမီးဆင် ဖိုနီပုံ လုပ်ချင်ပုံပေါ်တယ်။ မြန်မာသံစည်းဝါးနဲ့ လက်ကွက်ကတော့ မောင်အေးမောင်က ဆရာရိုက် တပည့်ဆိုတော့ ပြောစရာမလိုပါဘူးကွယ်။ ဂျပ်စ်နဲ့ ကော့ဒ်တွေမှာ မောင်အေးမောင်ရော၊ မောင်ဘသင်ရော ဂရုစိုက်ကြ။ ဘာတဲ့၊ ခင်ဗျားတို့ အာစရိက ပြောတယ်ဆို တယောကော့တက် တစ်ဖွဲ့လောက် လိုချင်တယ်ဆိုတာ။ ဟုတ်မှာပေါ့။ သူက သူ့ပန်းချီကား အရောင်စုံစုံနဲ့ သဘာဝကျကျ ပီပြင်စေဖို့က ဆေးခွက်ဆေးရောင်တွေ အများကြီး လိုတာမဟုတ်လား။ ဆေးရောင်မစုံရင် ဘယ်ပီပြင်ပါ့မလဲ'ဟု ပြောပြသည်။

ကိုသိန်းတန်က သူ့အာစရိ လက်ရေးနှင့် သီချင်းစာရွက်လေးကို ခေါက်ကာ အင်္ကျီအပေါ်အိတ်ထဲ ထည့်ရင်း 'အာစရိက စစ်ကြီးပြီးလို့ မန္တလေးပြန်အရောက်၊ မြို့မကို ပြန်ဖွဲ့တော့ အသင်းသား လူငယ်လေးတွေ မွေးချင်တာနဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးဆိုတဲ့ တာဝန်တွေတောင် မယူခဲ့ဘူးလေ။ သာမန်အလုပ်အမှုဆောင်ထဲပဲ ပါခဲ့တာ။ ကိုဗစိန် မှတ်မိမလားမသိဘူး။ အဲဒီတုန်းက သင်းလုံးကျွတ် အစည်းအဝေးကို ယူနီဗာဆယ်ကိတ်မုန့်တိုက်မှာ လုပ်တာလေ။ (ကိုဗစိန်က မှတ်မှတ်ရရ ၁၉၄၇ ခုနှစ် ဧပြီလ ၂၇ ရက်နေ့ဗျဟု ဝင်ထောက်သလို၊ ကိုဘသင်ကလည်း လက်ဖက်ရည်ရယ်၊ ကိတ်မုန့်ရယ်၊ ငှက်ပျောသီးရယ်၊ သစ်ကြားသီးရယ် ဧည့်ခံတယ်လေဟု ဖြည့်စွက်သည်။) အဲဒီမှာ မန်းညွန့် ဦးမောင်လေးက ယာယီဥက္ကဋ္ဌ တာဝန်ယူပြီး အသင်းသားအားလုံး ဆန္ဒနဲ့ အမှုဆောင် ပြန်ဖွဲ့ကြတော့ ရတနာပုံ ဦးအေးမောင်က ဥက္ကဋ္ဌ၊ ကျွန်တော်တို့ ဝါးတန်း ဦးအေးမောင်နဲ့ ကိုဘဒင်က ဒုဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး ကိုရင်လေးတို့ တာဝန်ယူကြပြီး အာစရိက အမှုဆောင်အနေနဲ့ အသင်းသားသစ်တွေ လက်ခံ၊ သင်တန်းတွေပေးနဲ့ အရှိန်လေး ရလာမယ်ကြံသေးဗျာ၊ အခုတော့…' ပြောရင်း ကိုသိန်းတန့်အသံက ဆို့နစ်သွားသည်။

'အံမယ်…၊ အဲဒီနေ့မှာတင် အသင်းသားသစ်တွေ စာရင်းပေးကြတာ အယောက် ၃၀ ကျော် မဟုတ်လား။ အခု မောင်ပေါ်တို့၊ မောင်ဘိုခင်တို့ ပါလာတာလေ။ စနစ်ကျအောင် အသင်းဝင်ကြေး ၅ ကျပ်၊ လစဉ်ကြေး ၁ ကျပ်ကောက်ပြီး မေလ ၁၅ ရက်နေ့ သင်တန်း စ,ဖွင့်တာပဲ။ ခင်ဗျားတို့ အာစရိက ညတိုင်း ၇ နာရီက ၈ နာရီအထိ မြူးဇစ်နတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com

တူရိယာ တီးမှုတ်ပုံတွေ စနစ်တကျ သင်တာလေ။ သူ့မှာ ပင်ပန်းရမှန်းမသိ ကျေနပ်နေတာ။ ဒီလိုသာ အရှိန်မပျက် တိုးတက်သွားရင် ရုပ်လုံးပေါ်တော့မယ် ကိုသန့်ရေလို့ အမြဲ ပြောသဗျ။ ဒါပေမဲ့ဗျာ၊ တချို့ လူကြီးတွေကလည်း ခက်ပါ တယ်။ အယူအဆ၊ အစွဲအလမ်း ကြီးလွန်းတော့'ဟု ကိုသန့်က လည်း နှိုင်းနှိုင်းဆဆ ပြန်ပြောသည်။ ကိုအေးမောင်ကတော့ ဘာမှမပြော။ စန္ဒရားခုံမှာ ခပ်ငိုင်ငိုင်နှင့် သူ့မူပိုင်ဟန် ခပ်စောင်း စောင်းလေး ထိုင်နေသည်။ ကိုသန့်က ဆက်၍… 'ဂီတဆို တာ နိုင်ငံတကာ ဘာသာစကားဗျ။ ဂီတဆိုတာ အဆို၊ အတီး ဆိုတဲ့ နှစ်ဖက်သွား ဂီတမျှလောက်နဲ့ နှစ်သိမ့်ရောင့်ရဲဖို့မှ မဟုတ်တာ။ ကမ္ဘာကကို နားလည်တဲ့ မြန်မာ့ဂီတအမျိုးအစား ဖြစ်ရမှာပေါ့ဗျ။ ဒါကြောင့်လည်း အသင်း စ,ဖွဲ့ကတည်းက မြန်မာသီချင်းကြီးများ ဆည်းပူးပြန့်ပွားရေးကို အမှတ် ၁ မှာ ထားခဲ့ပြီး အမှတ်စဉ် ၄ မှာ ကမ္ဘာ့ခေတ်မီ တူရိယာဝိုင်းကြီး ဖြစ်မြောက်ရေးလို့ ထည့်သွင်းခဲ့တာကိုးဗျ။ ဆိုလိုတာက မြန်မာ သီချင်းကြီးနဲ့တင် ရပ်မနေဖို့ဘဲ။ အမှတ်စဉ် ၄ ရောက်ဖို့က ကြားမှာ ကမ္ဘာသုံး တူရိယာတွေကို လေ့လာသင်ကြား တတ် မြောက်ရမယ်ဗျာ။ ဘယ်လို တတ်မြောက်ရမလဲ၊ သညာသိ သဘောမဟုတ်ဘဲ ပညာသိ စနစ်တကျဖြစ်အောင် မြူးဇစ်နုတ် အမှတ်အသားပညာနှင့် တူရိယာပညာကို ဆည်းပူးလေ့လာရန် လို့ ထည့်ထားခဲ့ကြတာ။ ဒါကြောင့် ခင်ဗျားတို့ အာစရိက အဆိုအတီး မည်ကာ မတ္တ၊ သီချင်းစပ်တာလောက်နဲ့ တင်းတိမ် ချင်တာ မဟုတ်ဘူးဗျ။ သူက ရည်ရွယ်ချက်ကြီးကြီး ရှိတယ်။ အခုသီချင်းမှာကို သူ့ရည်ရွယ်ချက်ကို စမ်းသပ်ကြည့်ထားတာ လေ။ လူကြီးတွေပြောတဲ့ မြန်မာသံကို ဆန့်ကျင်မှုနဲ့ ပေါင်းစပ် တာ'ဟု ရှည်ရှည်လျားလျား ပြောသည်။

ကိုသိန်းတန်က ခေါင်းလေးငိုက်စိုက်ကျပြီး 'အာစရိက ရှေ့က ပြေးပါရဲ့။ ဘာတဲ့ အိတ်ပေါက်နဲ့ ဖားကောက်ဆိုလား၊ သမင်မွေးရင်း ကျားစားရင်းဆိုလား။ ဖားသားကြီးဆိုတဲ့ သီချင်းလို ချစ်ဖွယ်ကြီး တရားမချို့ပေါင် သနားဖို့ကောင်း ဆိုသလို ဖြစ်နေပြီ။ အာစရိလည်း သနား၊ ကိုယ့်ကိုယ်ကို လည်း သနား။ ဒီကြားထဲ စစ်ဖြစ်လို့ ပြေးကြ လွှားကြရဦးမှာ။ အာစရိ ညည်းသလိုသာ ညည်းလိုက်ချင်တော့တယ်။ ဩော် …ကရုဏာ၊ ကရုဏာ'ဟု အရွှန်းဖောက်သည်။

ခဏနေတော့ ဈေးချိုဘက်က လူအုပ်အသံတွေ ကြား လာရသည်။ လူသံတွေကြားမှ အသံချဲ့စက်ဖြင့် အော်နေသော အသံက တဖြည်းဖြည်း ပီပြင်လာသည်။ 'မန္တလေးမြို့ကြီး ရန်သူ့လက်သို့ တစ်လက်မမျှ မကျစေရ' တဲ့။ ဆက်လက်၍ အစိုးရက မန္တလေးမြို့ကြီး ကြံ့ကြံ့ခံ၊ တာဝန်ယူ စောင့်ရှောက်မ တဲ့။ ဤသို့ ကြွေးကြော် အော်ဟစ်နေသော ဂျစ်ကားဘေးမှာပင် အထုပ်အပိုးတွေနှင့် ပြေးဖို့ ပြင်နေသော လူအုပ်အသံက အသံ ချဲ့စက်အသံကို ဖုံးလွှမ်းသွားသည်။ ကိုသန့်က အားလုံး ကိုယ့် အိမ်ပြန်ပြီး အခြေအနေအရ စီစဉ်စရာရှိတာများ စီစဉ်ကြပါ။ သူ့ဝင်းထဲက အဆောက်အဦများမှာလည်း ပုန်းခိုလို့ရပါတယ်။ တော်ရုံတန်ရုံ လက်နက်များဒဏ်ကို ကာကွယ်နိုင်ပါတယ်ဟု ပြောသည်။ အသင်းတိုက်အတွင်းရှိ တူရိယာပစ္စည်းများကို ဘေးလွတ်မည့် နေရာများ၌ စနစ်တကျ ထားသိုခဲ့ကြပြီး အသင်းတိုက် တံခါးကို သော့ခတ်ကာ လူအုပ်ကြားမှ ကိုယ့်အိမ် ကိုယ့်ရာဆီ ပြန်ခဲ့ကြသည်။

ကျောက်သွေးတန်းနှင့် လက်ဆည်ကန်ဘက်မှာ C.D.C စာလုံး လက်ပတ်များနှင့် ကျောင်းသားများ၊ အရပ်သားများက မြို့လူထုကို မကြောက်ကြဖို့၊ မစိုးရိမ်ကြဖို့ အော်ဟစ် ပြောဟော နေကြသည်။ မန္တလေး ယူနီဗာစီတီကောလိပ်ကိုလည်း ခေတ္တ ပိတ်လိုက်ပြီတဲ့။ ကျောင်းအုပ်ကြီး ဓေယျာမောင်ဦးကိုလေးက အဆောင်နေ နယ်ကကျောင်းသူ ကျောင်းသားတွေကို မိမိနေရပ် သို့ အုပ်ထိန်းသူများနှင့် ပြန်ကြဖို့ ပြောသတဲ့။ မြို့ထဲမှာတော့ သတင်းက စုံနေသည်။ ရန်ကုန်မှာလည်း အင်းစိန်ဘက်မှာထိ တိုက်ပွဲတွေ ပြင်းထန်နေကြောင်း သတင်းစာများက သတင်း ပေးသည်။ ရန်ကုန် အစိုးရဟုပင် ပြောင်လှောင်နေကြပြီ။

မိတ္ထီလာကို သိမ်းပိုက်ထားသော ကရင့်တပ်က မြစ်သား၊ ကျောက်ဆည်မှတစ်ဆင့် မြစ်ငယ်ဘက် ဦးတည်နေသတဲ့။ မြစ်ငယ်တံတားမှာ စစ်ရဲတပ်၊ စစ်ဝန်ထမ်းတပ်နှင့် အမရပူရမှ ရဲဘော်ဖြူအဖွဲ့တို့က ပူးပေါင်းကာ ခုခံဖို့ ပြင်ဆင်နေသည်။ မြစ်ငယ်တံတားကို ရှေ့တန်းအနေနှင့် ထိန်းသိမ်းထားပြီး ပင်မ စစ်ကြောင်းက တံခွန်တိုင်မှာ ထိုင်ထားသတဲ့။ ကိုအေးမောင် တို့၊ ကိုဘသင်တို့၊ ကိုသိန်းတန်တို့က အိမ်သို့ မပြန်ကြသေးဘဲ ဝင်းလိုက်ရုပ်ရှင်ရုံရှေ့က အောင်ဇေယျာ လက်ဖက်ရည်ဆိုင်ရှိ သတင်းထောက်ဝိုင်းသို့ ဝင်ပြီး စနည်းနာကြသည်။ မြို့မ အသင်းသား တစ်ဦးလည်းဖြစ်၊ ပန်းချီဆရာလည်းဖြစ်သူ ကိုအေးကျော်၏ ဆိုင်ဖြစ်သည်။ ဒီဆိုင်မှာ သတင်းထောက် တွေစုံသည်။ တောင်ဘက် ၃ တိုက်ကျော်လောက်မှာ လူထု သတင်းစာတိုက် ရှိသည်။ တောင်ဘက် တစ်ပြအကွာ တော်ဝင် ရုပ်ရှင်ရုံရှေ့မှာ ဗဟိုရ်စည် သတင်းစာတိုက်ရှိသည်။ အရှေ့ တောင်ဘက် တစ်ပြမှာက တိုင်းချစ်သတင်းစာ၊ အနောက် မြောက်ဘက် ၄ ပြအကွာမှာ မြန်မာ့လမ်းစဉ် သတင်းစာ။ ထို့ကြောင့် ဗဟိုချက်မ အောင်ဇေယျာ လက်ဖက်ရည်ဆိုင်မှာက သတင်းထောက်တွေ၊ အယ်ဒီတာတွေ စုံ၏။ ထိုမျှမက ပန်းချီ ဆရာတွေ၊ ဂီတဆရာတွေလည်း တူရာစုကြသည်။

လောလောဆယ် မေမြို့ဘက်မှာတော့ တိုက်ပွဲတွေ ပြင်းထန်နေသတဲ့ ။ မေမြို့ စစ်မျက်နှာမှာက ဘီအိုင်တပ်နှင့် အရပ်သား မျိုးချစ်တပ်သားများ ပူးပေါင်းကြသတဲ့။ ရေငယ် ဘီအိုင်တပ်ဌာနချုပ်၌ အရပ်သားထဲက ဆရာဝန် ဦးဘရှင်နှင့် ဦးစောဘိုးအောင်တို့က ဝင်ရောက်၍ ဆေးဘက်ဆိုင်ရာများ ကူညီပေးသည်။ သံတောင်ဘက်မှာက ရှမ်းအမျိုးသား ဦးကျောက်ခမ်းတို့က ရိက္ခာ လှူနေသတဲ့။ ညောင်ကားယား သဲကျင်းအနီး၊ ကျောက်သေတ္တာတောင်ပေါ်မှာ ဗိုလ်ကြီးခင်မောင်

www.burmeseclassic.com

တပ်က ထိုင်ထားသတဲ့။ ညောင်နီမှာလည်း ဗိုလ်ကြီးတင်ဦး တပ်ခွဲက နေရာယူပြီး ဘီအီးတပ်နှင့် ဆက်သွယ်မှု ရနေပြီတဲ့။ အောင်ဇေယျာမှာက သတင်းတွေစုံသည်။ အချို့ သတင်းစာတွေကတော့ ရပ်နားဖို့ ပြင်ဆင်နေပြီ။ လူထုသတင်းစာက အတတ်နိုင်ဆုံး သတင်းစာ ထုတ်ဝေသွားမှာတဲ့။ အယ်ဒီတာကိုချစ်ညိုကို လူထုဦးလှက 'ကိုဘသိန်းရာ… တိုက်ပွဲတွေဖြစ်နေတဲ့အချိန်မှာ သတင်းစာဆရာကလည်း စစ်သားပဲဗျ၊ ဗီယက်နမ်တွေ ပြင်သစ်ကို တော်လှန်ပြီး လွတ်လပ်ရေး တိုက်ယူတဲ့ နေရာမှာ ဟန္နွိုင်းမြို့က 'ညံဇံ' သတင်းစာကြီးက တစ်ရက်မှ မပိတ်ဘူးတဲ့။ စစ်ပွဲ ပြီးဆုံးချိန်ထိအောင် သတင်းမှန်တွေကို ပြည်သူလူထုဆီ အရောက်ပို့ပေးခဲ့လို့ ပြည်သူတွေ သတင်းမှန်ရပြီး အားကြိုး မာန်တက်ခဲ့ကြရတာပေါ့'ဟု ပြောကြောင်း ကြားခဲ့ရသည်။ ကိုဘသိန်း၏ ကလောင်နာမည်က ချစ်ညိုမို့ သူ့ကို ကိုချစ်ညိုဟုလည်း ခေါ်ကြသည်။ သူက နာမည်ကျော် လက်ဝှေ့သမား ကျားဘညိမ်း၏ ညီဖြစ်၏။ လတ်တလောမှာတော့ နန်းတွင်းထဲမှာ ဗိုလ်မှူးကြင်၏ တပ်က အခိုင်အမာ တပ်စွဲထားသတဲ့။

အောင်ဇေယျာလက်ဖက်ရည်ဆိုင်မှာ တချို့ သတင်းထောက်တွေက မော်တော်ဆိုင်ကယ်နှင့် မေမြို့သို့ စွန့်စွန့်စားစား တက်ပြီး သတင်းယူကြမတဲ့။ ဒါပေမဲ့ အခြေအနေတွေက ဘာမှန်းမသိရ။ ယခုအချိန် ရန်သူ မိတ်ဆွေမကွဲပြား။ နှစ်ဖက်စလုံးက ကိုယ့်ရန်သူချည်း ထင်မြင်နေကာ သတင်းထောက်ကိုလည်း လွတ်ငြိမ်းခွင့်မပေးမှာ သေချာသလောက်မို့ ကြံတိုင်းမမြောက် ဖြစ်ကြရသည်။ ကရင့်တပ်နှင့်အတူ မနှစ်ကမှ တောခိုကာ ဖ·ဆ·ပ·လ အစိုးရကို လက်နက်ကိုင် တော်လှန်ခဲ့သည့် ကွန်မြူနစ်ပါတီ၏ တပ်များလည်း ပါဝင်လာသည်။ ဖ·ဆ·ပ·လ အစိုးရက မတရားသင်းအဖြစ် ဗမာပြည် ကွန်မြူနစ် ပါတီကို ကြေညာလိုက်သောအခါ လွတ်လပ်ရေးတိုက်ပွဲကာလတစ်လျှောက်လုံး၊ အထူးသဖြင့် ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် ရှေ့တန်းက ရှပ်ရှပ်ချွံချွံဦးဆောင်ပါဝင်ခဲ့သော ကွန်မြူနစ်ရဲဘော်များ မြေအောက်သို့ ပုန်းလျှိုးကြရပြီး ယခုအခါ ကရင့်တပ်နှင့်အတူ လက်နက်စွဲကိုင်လာကြတော့ အားလုံးထွေးရောယှက်တင် အစိုးမရဖြစ်နေကြသော ကာလဖြစ်၏။

မန္တလေးမြို့ လူထုကတော့ ဆိုးရွားလှသော ဂျပန်ခေတ်ကို သုံးနှစ်သုံးမိုး ဖြတ်သန်းကြရပြီး မြို့ကလည်း ပြာပုံဘဝမှာ အဆုံးရှုံးကြီး ဆုံးရှုံးခဲ့ကာ စိတ်ဓာတ်ပျက်ပြားမှုတွေ မနည်းပြန်ထိန်းရင်း ပြန်လည်တည်ဆောက်ရေး နာလန်ထူစအချိန်၌ ယခုလို ပြည်တွင်းစစ်မီးတောက်လောင်ပြန်တော့ စိတ်အပျက်ကြီး ပျက်နေကြ၏။ ပျက်ပြားသော စိတ်ဓာတ်တွေမှာ တောကြောင်တွေ မင်းမူလာမှာလည်း စိုးရသည်။ မတတ်သာသည့် အဆုံး ရသည့်အချိန် စိတ်ပျော်ရွှင်မှုလေးကို အမိအရ ဆုပ်ကိုင်သည့် သဘောဖြင့် သတင်းထောက်များက အောင်ဇေယျာမှာ ဖိနပ်မျှမပါ၊ မပြေးရုံတစ်မည် ရောက်လာသူ မြို့မအဆိုတော် ကိုသိန်းတန်ကို လုပ်စမ်းပါဦး သိန်းတန်ရ၊ မင်း အာစရိ သီချင်းတစ်ပုဒ်လောက်ဟု ဝိုင်း၍ တောင်းဆိုကြတော့…

*'ဝါရွှေညိုနီ၊ ဟိုအနောက်တိုင်းဆီဝယ်…*
*ပလက်တီနမ်ဘ++လွန်း ၊ ရောင်စုံခြယ်…*
*မြန်မာလုံမယ်၊ မင်ညိုပိတုန်းရောင်ခြယ်…*
*သွယ်သွယ်ပျော့ပျောင်း၊ ယဉ်ကေဆံသီနွယ်…*
*အနက်ရောင်တစ်မျိုးနဲ့၊ ဒို့မယ်…*
*ကြက်တောင်… ဆံရစ်ဆံပတ်ထုံးတယ်၊*
*ဒေါက်ချာ မြင်းမိုရ်ကြီးငယ်…၊*
*အိုးစည်ခေတ်မီသုံးတယ်…*
*ဗျာပါဆံကေသွယ်…၊ ဆောင်ဆောင်ဗွေထဲဆီဝယ်…၊*
*စွန်တောင်ကိုဆွဲ၊ မှုယာတော်တွေကြွယ်…'*

ဟု သံနေသံထားနှင့် သီဆိုပြတော့ သတင်းထောက် ကိုဘကွန်းက…

'ဟ… ဒါက ပုဂံခေတ်ကတည်းက ရှိခဲ့တဲ့ မြန်မာအမျိုးသမီးတွေရဲ့ ဆံထုံး ထုံးနည်းတွေပဲကွယ့်။ မင်းအာစရိက ပညာရှိပါပေတယ်ကွယ်'ဟု ချီးမွမ်းစကား ဆိုသည်။ သတင်းထောက်များနှင့် တပူးတွဲတွဲ ပေါင်းကာ တဝါးဝါး တဟားဟားနှင့် ဟာသတွေ ပြောတတ်သော ဥယျာဉ်တန်းသား တက္ကသိုလ်ကျောင်းသား မောင်စိန်မြင့်က 'ကိုသိန်းတန်ရ၊ ပလက်တီနမ် ဘလွန်းဆိုတာ အနောက်နိုင်ငံက ဘိုမတွေရဲ့ အဝါရောင်၊ ရွှေရောင်၊ အညိုရောင်၊ အနီရောင် ခေါင်းလုံးတွေနဲ့တူတဲ့ ဆံပင်ပုံစံတွေကိုပြောတာဗျ။ မင်းသမီး ဘတ်တီဂရေဘယ်လ်တို့၊ အဲလစ်စမစ်တို့၊ ဗာဂျင်နီယာမေယိုတို့ ထားတဲ့ ဆံပင်လုံးလုံးတွေကို ပြောတာ'ဟု ရှင်းပြသည်။ ကိုဘကွန်းက 'မောင်သိန်းတန်ရေ၊ မင်းတို့အာစရိ နှံ့စပ်သလို၊ ငါတို့မောင်စိန်မြင့်လေးကလည်း နှံ့စပ်ပါတယ်ကွယ်'ဟု အရွှန်းဖောက်တော့ ပွဲကျသွားကြ၏။

မြို့ထဲမှာ တုန်လှုပ်ချောက်ချားမှုက နာရီနှင့်အမျှ မြင့်တက်လာ၏။ ထို့ကြောင့် သတင်းထောက် အသီးသီးသည်လည်း အရေးကြီးသတင်းများ ရယူနိုင်ရန် လက်ဖက်ရည်ဝိုင်းကို လက်စသိမ်း၍ သတင်းစာတိုက် အသီးသီးသို့ ပြန်ကြသည်။ အောင်ဇေယျာဆိုင်ကလည်း ဆိုင်ကိုသိမ်းကာ တံခါးပိတ်လိုက်သည်။ ကိုဘသင်နှင့် ကိုအေးမောင်တို့က ဈေးချိုဘက် ခြေဦးလှည့်သည်။ ကိုသိန်းတန်က ညွန့်ပေါင်း ဈေးဘက်ကနေ ဝက်စုကိုဖြတ်ပြီး ဘုရားကြီး ကုသိန္နာရုံဘက် သွားမှာတဲ့။

C.D.C အဖွဲ့တွေက အသံချဲ့စက်များဖြင့် မြို့ထဲတစ်ပြဝင်တစ်ပြထွက် ကြေညာချက်တွေ ထုတ်ပြန်နေသည်။

'… မြို့မိ မြို့ဖများ ခင်ဗျား…

… မြို့မိ မြို့ဖများ ခင်ဗျား…

❑

*(ဆက်လက်ဖော်ပြပါမည်)*

■ ဆူးငှက်